မဲခေါင်ဒေသတွင်းရှိ လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက်
မြေနှင့် သဘာဝသယံဇာတရင်းမြစ်များရယူအသုံးစွဲနိုင်မှု
တန်းတူညီမျှရေးနှင့် လုံခြုံခိုင်မာရေးတို့အတွက် ရည်ညွှန်းပါသည်။

MRLG
MEKONG REGION LAND GOVERNANCE

မတ်လ ၂၀၁၈



# မြန်မာနိုင်ငံရှိ
# ရိုးရာမြေလုပ်ပိုင်ခွင့်အား
# မှတ်တမ်းပြုစုခြင်း လမ်းညွှန်စာအုပ်


ဒုတိယအကြိမ်



မဲခေါင်ဒေသမြေယာစီမံအုပ်ချုပ်မှုစီမံကိန်း

# မြန်မာနိုင်ငံရှိ ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းလမ်းညွှန်စာအုပ်

Celine Allaverdian ၊ Julia Fogerite ၊ Natalia Scurrah နှင့် Si Thu Htike San တို့မှ ရေးသားပြုစုပြီး၊ MRLG ၏ လေ့လာသင်ယူရေးနှင့် မိတ်ဖက်ဖွဲ့စည်းရေးအစီအစဉ်မှ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသည့် တောင်သူလယ်သမားနှင့် မြေယာလုပ်သားများသမဂ္ဂ (FLU)၊ ဓနု မျိုးဆက်အဖွဲ့၏ (DCGC)၊ Point ၊ ကချင်လူငယ်အဖွဲ့ (KYO) ၊ တအောင်းကျောင်းသားလူငယ်များအဖွဲ့ (TSYU) တို့နှင့် ပူးပေါင်းတင်ဆက်ပါသည်။ ထို့အပြင် ဤလမ်းညွှန်စာအုပ် ဖြစ်မြောက်ရေးအတွက် အဓိကကျသော ကနဦးအခန်းကဏ္ဍများတွင် ပါဝင်ဦးဆောင်ခဲ့သည့် Kirsten Ewers၊ ကွင်းဆင်း လက်တွေ့စမ်းသပ်ခြင်း၊ ဘာသာပြန်ခြင်း၊ ပုံနှိပ်ခြင်းတို့တွင်ပါဝင် အားဖြည့်ခဲ့ပါသော ကိုရတနာသန်းထိုက်၊ ကိုအောင်တင်မိုးနှင့် ကိုထက်ကျော်အောင်တို့အားလည်းကောင်း၊ ကိုမျိုးသန့်၊ ကိုဝင်းရှိန်းမြတ်နှင့် မငယ်ငယ်တို့၏ လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်ဆောင်ရွက်ခဲ့မှုများအတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။



## အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်

| | | |
|---|---|---|
| Celine Allaverdian | : | allaverdian@gret.org |
| Julia Fogerite | : | julia.fogerite@gmail.com |
| Natalia Scurrah | : | nscurrah@gmail.com |
| Si Thu Htike San | : | sithudoh@gmail.com |

Ms. Kirsten Ewers ၏ ကနဦးကူညီပံ့ပိုးမှုဖြင့်

**Suggested citation:**

Allaverdian, C., Fogerite, J. Scurrah N. and Si Thu  Htike San  (2017). Documenting Customary Tenure in Myanmar. A guidebook. MRLG guidebook #1. Vientiane & Yangon: Mekong Region Land Governance.

This work is licensed under a Creative Commons Attribution-NonCommercial-ShareAlike 4.0 International License

# မာတိကာ


သရုပ်ဖော်ပုံများစာရင်း ၅
ဇယားကွက်များစာရင်း ၆
အတိုကောက်စာလုံးများစာရင်း ၇
မိတ်ဆက်အကျဉ်းချုပ် ၈

1 မိတ်ဆက်နိဒါန်း ၁၀

ဤလမ်းညွှန်စာအုပ် ပေါ်ပေါက်လာပုံ ၁၀
ဤလမ်းညွှန်စာအုပ်အား အသုံးပြုပုံ ၁၂

2 မြန်မာနိုင်ငံရှိ ရိုးရာမြေလုပ်ပိုင်ခွင့် အသိအမှတ်ပြုခံရရေးအတွက် ဥပဒေပိုင်းဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ ၁၈

၂-၁ ဓလေ့ထုံးတမ်းအရ ကျင့်သုံးလျှက်ရှိသည့် စည်းမျဉ်းများ၏ သမိုင်းနောက်ခံ ၁၅
၂-၂ လက်ရှိဥပဒေမူဘောင်အတွင်းမှ ရိုးရာမြေလုပ်ပိုင်ခွင့် ၁၈
၂-၃ အမျိုးမျိုးသော မြေယာအသုံးပြုမှုအမျိုးအစားများအတွက် ရယူနိုင်သည့် တရားဝင်အသိအမှတ်ပြုမှုများ ၃၀
၂-၄ ရိုးရာဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုအား အသိအမှတ်ပြုခံရရေး
ပိုမိုကောင်းမွန်လာနိုင်ရေးအတွက် အခွင့်အလမ်းများ ၃၂
အမျိုးသားအဆင့် မြေယာအသုံးချရေး မူဝါဒ (၂၀၁၆) ၃၂
ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ ၃၅
အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်UNDRIP ၃၆

3 ရိုးရာမြေလုပ်ပိုင်ခွင့်မှတ်တမ်းပြုစုခြင်း – လေ့လာသုံးသပ်ချက်နှင့် ချဉ်းကပ်နည်းများ ၃၈

၃-၁ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အတွက် အခြေခံစည်းမျဉ်းများ ၃၈
မှတ်တမ်းပြုစုခြင်းဆိုင်ရာ ချဉ်းကပ်မှုအတွက် အခြေခံစည်းမျဉ်းများ ၃၈
အရည်အသွေးပြည့်မီသည့် အချက်အလက်များရရှိရေး အခြေခံစည်းမျဉ်းများ ၄၂
သုတေသနလုပ်ငန်းများရှိ ကျင့်ဝတ်ပိုင်းဆိုင်ရာ စည်းမျဉ်းများ ၄၅
၃-၂ ရိုးရာမြေလုပ်ပိုင်ခွင့်၏ အခြေခံအယူအဆများ ၄၆
မြေယာသည် ရှုထောင့်ပေါင်းစုံအား လွှမ်းခြုံထားသည် ၄၆
လုပ်ပိုင်ခွင့်နှင့် မတူကွဲပြားသည့် အခွင့်အရေးများ ၄၇
ဓလေ့ထုံးတမ်းစနစ်များမှ မတူညီသည့် အခွင့်အရေးပိုင်ဆိုင်သူ အမျိုးအစားများ ၄၈
လုပ်ပိုင်ခွင့်နှင့် စီမံခန့်ခွဲမှုပုံစံအမျိုးမျိုး ၄၉
ရိုးရာမြေလုပ်ပိုင်ခွင့်ရှိ စီမံခန့်ခွဲမှု၏ အခန်းကဏ္ဍ ၅၀
ရိုးရာမြေလုပ်ပိုင်ခွင့်အောက်ရှိ လုပ်ပိုင်ခွင့် အစီအမံ အမျိုးမျိုး ၅၂
ရိုးရာမဟုတ်သောနှင့် ရိုးရာမြေလုပ်ပိုင်ခွင့်တို့ ပူးတွဲတည်ရှိမှုများ ၅၂
ရိုးရာမြေလုပ်ပိုင်ခွင့်အတွင်း ပြောင်းလဲလာမှုများ ၅၃
မြန်မာနိုင်ငံအတွင်းမှ ရိုးရာမြေလုပ်ပိုင်ခွင့် အမျိုးမျိုး ၅၄

4 မှတ်တမ်းပြုစုခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်းအဆင့် ၅၅

ကြိုတင်ပြင်ဆင်ခြင်းအဆင့်ရှိ အဓိကလုပ်ငန်းစဉ်များအား သုံးသပ်ချက် ၅၅

လုပ်ငန်းစဉ် (၁) - CSO ကူညီပံ့ပိုးသူများအား လေ့ကျင့်သင်ကြားပေးခြင်း ၅၇

လုပ်ငန်းစဉ် (၂) - ဦးတည်ရည်ရွယ်ထားသည့် နယ်မြေနှင့်ပတ်သက်၍ ရှိရင်းစွဲ အချက်အလက်များ စုဆောင်းခြင်း ၅၇

လုပ်ငန်းစဉ် (၃) - မှတ်တမ်းပြုစုရေးဆိုင်ရာ ရည်ရွယ်ချက်များအား ရှင်းလင်းတိကျစွာ သတ်မှတ်ခြင်း ၅၉

ဥပဒေနှင့် မူဂါဒများအတွက် အထောက်အထားအခြေပြု စည်းရုံးတောင်းဆိုမှုများ ၆၀

မူဂါဒ သို့မဟုတ် ဥပဒေရေးဆွဲမှုများ ၆၀

ရိုးရာမြေလုပ်ပိုင်ခွင့်များ အသိအမှတ်ပြုခံရရေးအတွက် စည်းရုံးတောင်းဆိုမှု ၆၁

ရပ်ရွာလူထု၏ မြေယာနှင့် သယံဇာတစီမံခန့်ခွဲမှုများအား ခိုင်မာအားကောင်းစေခြင်း ၆၅

မှတ်တမ်းပြုစုခြင်းဆိုင်ရာ ရည်ရွယ်ချက်များအား ရှင်းလင်းတိကျစေခြင်း သုံးသပ်ချက် ၆၇

လုပ်ငန်းစဉ် (၄) - မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် ပါဝင်မည့်သူများအား ဖော်ထုတ်သတ်မှတ်ခြင်း ၆၈

အစိုးရပိုင်းမှ ပါဝင်ပတ်သက်မှု ၇၀

လုပ်ငန်းစဉ် (၅) - ရပ်ရွာလူထုနှင့် ဆွေးနွေးညှိနှိုင်းပွဲများ ကျင်းပပြုလုပ်ခြင်း ၇၀

ပေါ်ပေါက်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများနှင့် ၎င်းတို့အား မည်သို့လျှော့ချနိုင်မည် သို့မဟုတ် ထိခိုက်မှု လျော့ပါး စေနိုင်မည်တို့ကို ကြိုတင်ဆန်းစစ်ထားပါ ၇၂

အငြင်းပွားမှုများအား ထိခိုက်မှုလျော့ပါးစေနိုင်မည့် နည်းဗျူဟာတစ်ရပ် ရေးဆွဲခြင်း ၇၃

နှောင်ဖွဲ့မှုကင်း၍ ကြိုတင်ချပြ အသိပေးထားပြီး သဘောတူညီချက်ရယူသည့် (FPIC) လုပ်ငန်းစဉ် ၈၀

ကျေးရွာအတွင်း နယ်မြေရွေးချယ်ခြင်းနှင့် ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့်သူများအား ဖော်ထုတ်သတ်မှတ်ခြင်း ၈၂

လုပ်ငန်းစဉ် (၆) - ရပ်ရွာအတွင်းကူညီပံပိုးမည့်သူများအား သင်တန်းပေးခြင်းနှင့် ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်း ပြုစုခြင်းဆိုင်ရာ လေ့လာမှုများအား ဒီဇိုင်းရေးဆွဲခြင်း ၈၄

လုပ်ငန်းစဉ် (၇) - မှတ်တမ်းပြုစုခြင်းဆိုင်ရာ ဒီဇိုင်းရေးဆွဲထားမှုကို ရပ်ရွာအတွင်းမှ အကျိုးသက်ဆိုင်သူများအား ချပြပြီး အကြံဉာဏ်ရယူခြင်း ၈၄

5 သင်တန်းပေးခြင်း ၈၅

၅-၁ မှတ်တမ်းပြုစုမှုဆိုင်ရာ "ကျွမ်းကျင်ပုဂ္ဂိုလ်များ"အဖြစ် ပဏာမ လေ့ကျင့်သင်ကြားပေးခြင်း ၈၇

၅-၂ ဒေသခံ CSO များမှ မှတ်တမ်းပြုစုရေး ပံ့ပိုးကူညီသူများအား လေ့ကျင့်သင်ကြားပေးခြင်း ၈၉

၅-၃ ရပ်ရွာအတွင်း ကူညီပံ့ပိုးပေးမည့်သူများအား လေ့ကျင့်သင်ကြားပေးခြင်း ၈၉

6 ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်း ၉၄

၆-၁ ရိုးရာမြေလုပ်ပိုင်ခွင့်၏ အဓိကအစိတ်အပိုင်းများအား မိတ်ဆက်တင်ပြခြင်း ၉၅

ရိုးရာမြေလုပ်ပိုင်ခွင့်မှ အဓိကအစိတ်အပိုင်းများ ၁၀၀

၆-၂ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များ၏ အဓိကအစိတ်အပိုင်းအများအား မှတ်တမ်းပြုစုခြင်း ၁၀၁

ကျေးရွာနှင့်ပတ်သက်သည့် အခြေခံ သတင်းအချက်အလက်များ ၁၀၂

ဒေသ၏ နောက်ခံရာဇဝင် ၁၀၃

မြေအသုံးချမှုနှင့် မြေယာစီမံခန့်ခွဲမှု ၁၀၅

ရင်းမြစ်များလုပ်ပိုင်ခွင့်နှင့် လွှဲပြောင်းပေးပိုင်ခွင့် ၁၀၉

အဖွဲ့အစည်းများ ၁၁၁

# မာတိကာ


ရိုးရာဓလေ့အရ ပဋိပက္ခဖြေရှင်းနည်းများ ၁၁၂
သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၁၅
မြေယာကဏ္ဍရှိ ယဉ်ကျေးမှုဆိုင်ရာဆက်နွယ်မှုများ - စားသောက်ပွဲများ၊ ပွဲတော်များ၊ ဇာတ်လမ်း ပုံပြင်များ၊ ပန်းချီ၊ အက၊ တေးသီချင်း ၁၁၈
၆-၃ ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်း၏ လုပ်ငန်းအဆင့်များ ၁၂၀
၆-၄ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် မည်သူတို့ ပါဝင်သင့်သနည်း ၁၂၂
ကျေးရွာခေါင်းဆောင်များ ၁၂၂
မတူကွဲပြားသည့် ရှုမြင်ပုံများနှင့် အထူးကျွမ်းကျင်မှု ဗဟုသုတများ ၁၂၂
ဘေးဒုက္ခခံစားရလွယ်သူများအဖွဲ့ ၁၂၃
ကျား/မ ခွင့်တူညီမျှမှုဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ ၁၂၄
၆-၅ ရိုးရာမြေလုပ်ပိုင်ခွင့် စနစ်များအား မှတ်တမ်းပြုစုခြင်းအတွက် နည်းလမ်းများနှင့် အသုံးချကိရိယာများ ၁၂၇
မြေပုံရေးဆွဲခြင်း ၁၂၇
ဦးတည်အုပ်စုအလိုက် ဆွေးနွေးမှုများ ၁၃၉
တစ်ဦးချင်းအလိုက် တွေ့ဆုံမေးမြန်းမှုများ ၁၄၀
အိမ်ထောင်စုအလိုက် တွေ့ဆုံမေးမြန်းမှုများ ၁၄၁
လက်တွေ့ကွင်းဆင်း စူးစမ်းလေ့လာခြင်း ၁၄၂
၆-၆ ရုပ်/သံ အချက်အလက်များ ၁၄၃
၆-၇ မှတ်တမ်းပြုစုထိန်းသိမ်းထားခြင်း ၁၄၄
၆-၈ အချက်အလက်များ စုစည်းခြင်း ၁၄၅
၆-၉ သတင်းအချက်အလက်များအား စိစစ်အတည်ပြုခြင်း ၁၄၅

**7 တွေ့ရှိချက်များအား ဆက်သွယ်ပြန်ကြားခြင်း၊ ဒေသခံလူထုအား ထိတွေ့ဆက်ဆံခြင်းနှင့် စုပေါင်းလုပ်ဆောင်မှုလုပ်ငန်းများ ၁၄၆**

၇-၁ သတင်းအချက်အလက်များအား စုစည်းရေးသားခြင်း ၁၄၆
၇-၂ ရရှိလာသည့်ရလဒ်များကို ကျေးရွာလူထုအား တင်ပြခြင်း၊ ဖြန့်ဖြူးခြင်းနှင့် လက်တွေ့လုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း ၁၅၁
အချက်အလက်များပိုင်ဆိုင်မှု ၁၅၁
၇-၃ လက်တွေ့လုပ်ငန်းဖော်ဆောင်မှု ၁၅၃
စည်းရုံးတောင်းဆိုမှု ၁၅၃
မြေလုပ်ပိုင်ခွင့်အား ကာကွယ်နိုင်ရေး ၁၅၃
ဒေသခံအစုအဖွဲ့မှ မြေအသုံးချမှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း ၁၅၃

**8 နောက်ဆက်တွဲဖော်ပြချက်များ ၁၅၄**

နောက်ဆက်တွဲ ၁ - အသုံးဝင်နိုင်သော ရင်းမြစ်များ ၁၅၄
နောက်ဆက်တွဲ ၂ - အကျိုးသက်ဆိုင်သူများ စိစစ်သုံးသပ်ချက် ၁၅၆
နောက်ဆက်တွဲ ၃ - မှတ်တမ်းပြုစုခြင်း လုပ်ငန်းဒီဇိုင်း ၁၅၇
နောက်ဆက်တွဲ ၄ - အခြေခံ မေးခွန်းများ စာရင်း ၁၅၈
နောက်ဆက်တွဲ ၅ - အစီရင်ခံစာတွင် ပါဝင်သင့်သည့် အကြောင်းအရာများ နမူနာ ၁၇၇

# သရုပ်ဖော်ပုံများစာရင်း


| | | |
|---|---|---|
| ပုံ ၁ - | "PAR မဟုတ်တော့ ဘာတွေလဲ?" | ၃၉ |
| ပုံ ၂ - | လက်တွေ့လုပ်ငန်း သုတေသန စက်ဝန်း | ၄၁ |
| ပုံ ၃ - | စုဖွဲ့ဖြစ်တည်နေသော အခွင့်အရေးများ | ၄၇ |
| ပုံ ၄ - | အဆင့်အတန်းအလိုက် စုဖွဲ့ဖြစ်တည်နေသည့် အခွင့်အရေးများ | ၄၈ |
| ပုံ ၅ - | ရပ်ရွာလူထုများနှင့် ဆွေးနွေးပွဲများတွင် အထောက်အကူဖြစ်စေရန်အတွက် Google Earth မှ မြေပုံများကို ပရိုဂျက်တာဖြင့် ပိတ်ကားပေါ်တွင် ထိုးပြထားခြင်း သို့မဟုတ် ပုံနှိပ်ထုတ်ထားခြင်းတို့ ပြုလုပ်နိုင်ပါသည်။ | ၅၈ |
| ပုံ ၆ - | စမတ်ဖုန်းများအတွင်းရှိ Google Map နည်းပညာသည် မိမိရောက်ရှိနေသည့် တည်နေရာအား Google Earth အပါအဝင် မြေပုံပေါ်တွင် ရှာဖွေနိုင်ရန်အတွက် "ပင်အပ်ထောက်၍ အမှတ်အသားပြုခြင်း" ကို ဆောင်ရွက်နိုင်ပါသည်။ | ၅၈ |
| ပုံ ၇ - | အောင်မြင်သော စည်းရုံးတောင်းဆိုမှုတွင် ပါဝင်သည့် အဓိကကျသော ကဏ္ဍများ | ၆၀ |
| ပုံ ၈ - | ဘေးအန္တရာယ်ဖြစ်နိုင်ခြေများအား အကဲဖြတ်ဆန်းစစ် ရာတွင် အဓိကကျသည့် သတ်မှတ်ချက်များ | ၇၂ |
| ပုံ ၉ - | ရိုးရာဓလေ့ မြေယာလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းဆိုင်ရာသင်တန်းများ | ၈၆ |
| ပုံ ၁၀ - | ရိုးရာမြေလုပ်ပိုင်ခွင့်များ မှတ်တမ်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ | ၈၆ |
| ပုံ ၁၁ - | ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့်သူများအတွက် မတူညီသော လုပ်ငန်းဆောင်ရွက်ပုံနှင့် သင်တန်းပေးမည့်ပုံစံများ | ၉၀ |
| ပုံ ၁၂ - | ရိုးရာမြေလုပ်ပိုင်ခွင့်၏အဓိကအစိတ်အပိုင်းများ | ၉၅ |
| ပုံ ၁၃ - | အချိန်ကာလအလိုက်ပြောင်းလဲလာသော မြေအသုံးချမှုပုံစံများကိုပြသထားသည့် မြေကွက်ပုံနမူနာ (source: E. Le Gal, N. Molinier – Analysis diagnosis, region of Wolayta/Damot Gale. CNEARC 2009) | ၁၀၅ |
| ပုံ ၁၄ - | တောင်သူလယ်သမားနှင့် မြေယာလုပ်သားများ သမဂ္ဂ (FLU) မှ ဆောင်ရွက်ခဲ့သည့် ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်မှ မြေအသုံးချမှုပြမြေပုံ | ၁၀၉ |
| ပုံ ၁၅ - | လူမှုရေးအခြေပြမြေပုံ နမူနာ | ၁၁၂ |
| ပုံ ၁၆ - | အိမ်ထောင်စုအလိုက် စီးပွားရေး အခြေပြ မြေပုံ | ၁၁၇ |
| ပုံ ၁၇ - | ဒေသခံများ၏ အရင်းအမြစ်မျှဝေသုံးစွဲမှုပြ မြေပုံ | ၁၃၆ |
| ပုံ ၁၈ - | သတင်းအချက်အလက် စီးဆင်းမှု | ၁၄၈ |

# ဇယားကွက်များစာရင်း


ဇယား ၁ - အမြဲတမ်းသစ်တောနယ်မြေ(PFE) အတွင်းရှိ သစ်တောအမျိုးအစားများ ၂၀

ဇယား ၂ - မြေယာအသုံးပြုမှုအမျိုးအစားများအလိုက် မြေယာပိုင်ဆိုင်မှုအခွင့်အရေးများ ၃၁

ဇယား ၃ - ရိုးရာမြေလုပ်ပိုင်ခွင့် အသိအမှတ်ပြုခံရရေးအတွက် ပေးလေ့ရှိသည့် ချေပချက်များ ၆၂

ဇယား ၄ - ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းတွင် ရည်ရွယ်ချက်နှင့် အဓိကလုပ်ဆောင်ချက်များ ကွဲပြားကြပုံကို ပြသနေသည့် ဥပမာများ ၆၇

ဇယား ၅ - ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေများနှင့် ၎င်းတို့အား လျှော့ချပေးနိုင်မည့် သို့မဟုတ် ထိခိုက်မှု လျော့ပါးစေနိုင်မည့် ဥပမာများ ၇၈

ဇယား ၆ - ပုံမှန်အသုံးပြုလေ့ရှိသည့် လူထုပူးပေါင်းပါဝင်သော မြေပုံရေးဆွဲမှု အမျိုးအစားများ ၁၃၆

ဇယား ၇ - တွေ့ရှိချက်များအား ဆက်သွယ်ပြန်ကြားမှု နည်းလမ်းနမူနာများ ၁၄၈

# အတိုကောက်စာလုံးများစာရင်း

| | |
|---|---|
| CF | ဒေသအစုအဖွဲ့ပိုင် သစ်တော |
| CFI | ဒေသအစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ ညွှန်ကြားချက်များ (CFI) |
| CSO | အရပ်ဘက် လူမှု အဖွဲ့အစည်း |
| ECDF | တိုင်းရင်းသားလူထု ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ် |
| EIA | သဘာဝပတ်ဝန်းကျင်ဆိုင်ရာစစ်တမ်းကောက်ယူမှု |
| FPIC | အနှောင်အဖွဲ့ကင်း၍ ကြိုတင်ချပြအသိပေးထားပြီး သဘောတူညီချက်ရယူခြင်း |
| GIS | ပထဝီမြေပြင် သတင်းအချက်အလက် စနစ် |
| GPS | ကမ္ဘာအနှံ့ တည်နေရာရှာဖွေမှု စနစ် |
| IDP | ပြည်တွင်းတွင် နေရပ်ရွှေ့ပြောင်းခံရသူများ |
| KEAN | ကယားပြည်နယ် မြေယာအခွင့်အရေး လှုပ်ရှားမှုကွန်ယက် (KEAN) |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်း |
| MRLG | မဲခေါင်ဒေသ မြေယာစီမံအုပ်ချုပ်မှု |
| PAR | လက်တွေ့လုပ်ငန်းဖြင့် လူထုပူးပေါင်းပါဝင်သည့် သုတေသန |
| PFE | အမြဲတမ်း သစ်တော နယ်မြေ |
| LUC | မြေယာ အသုံးပြုခွင့်လက်မှတ် |
| MIMU | မြန်မာနိုင်ငံ သတင်းအချက်အလက် စီမံခန့်ခွဲမှုအဖွဲ့ |
| MONREC | သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NLUP | အမျိုးသားအဆင့် မြေအသုံးချရေး မူဝါဒ |
| VFV | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း |
| VGGT | လုပ်ပိုင်ခွင့် စီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာကျင့်သုံးအပ်သည့် လမ်းညွှန်ချက်များ |
| UNDRIP | ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေငြာစာတမ်း |

# မိတ်ဆက်အကျဉ်းချုပ်

အရပ်ဖက်လူမှုအဖွဲ့အစည်းများအနေဖြင့် ရိုးရာမြေလုပ်ပိုင်ခွင့်အား သက်ဆိုင်ရာဒေသအဆင့်တွင် မှတ်တမ်းပြုစုနိုင်ရေးအတွက် လိုအပ်နေသော သီအိုရီပိုင်းသာမက လက်တွေ့ကျင့်သုံးနိုင်သည့် ရင်းမြစ်များကို ဤလမ်းညွှန်စာအုပ်၌ စုစည်းဖော်ပြပေးထားပါသည်။ ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်သည် မြေယာနှင့်ပတ်သက်၍ ဒေသခံတို့၏ သိမြင်နားလည်မှုမြှင့်တင်ပေးခြင်းဖြင့် မြေနှင့် သဘာဝသယံဇာတများ စီမံခန့်ခွဲမှုဆိုင်ရာ နယ်မြေတွင်းပြဿနာများအား ဖြေရှင်းပေးနိုင်ခြင်းကဲ့သို့ ပုံစံအမျိုးမျိုးဖြင့် အသုံးဝင်နေနိုင်ပါသည်။ ထို့အပြင် ပြင်ပမှအကျိုးစီးပွားများယှဉ်ပြိုင်လာခြင်းကြောင့် ဒေသခံတို့၏မြေယာအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန်ကိုလည်း ပံ့ပိုးပေးနိုင်ပါသည်။ ရိုးရာမြေလုပ်ပိုင်ခွင့်များအား ဒေသခံအဆင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် နိုင်ငံတော်အဆင့်တို့တွင် အသိအမှတ်ပြုခံရရေးအတွက် တင်ပြတောင်းဆိုရာတွင်လည်း သက်သေအထောက်အထားများအဖြစ် အထောက်အကူ ဖြစ်စေပါသည်။ မတူကွဲပြားမှုအမျိုးမျိုးရှိနေသည့် ဓလေ့ထုံးတမ်းအရ သတ်မှတ်ထားသည့်အခွင့်အရေးများ အသိအမှတ်ပြုခံရရေးအတွက် ဆောင်ရွက်လာမည့်  အစိုးရ၏ စီမံကိန်းလုပ်ငန်းစဉ်များတွင် ဒေသခံလူထုတို့ကိုယ်တိုင် မိမိတို့၏အခက်အခဲများ တင်ပြထည့်သွင်းလာနိုင်စေပါသည်။

ဤလမ်းညွှန်စာအုပ်အား ရေးသားပြုစုရာတွင်လည်း ရိုးရာမြေလုပ်ပိုင်ခွင့်ကို လက်တွေ့ မှတ်တမ်းပြုစုနေသည့် အဖွဲ့များ၏ အတွေ့အကြုံများ၊ ၎င်းတို့နှင့် တွေ့ဆုံမေးမြန်းမှုများအပေါ်တွင် အခြေခံထားပါသည်။ မူဝါဒနှင့် ဥပဒေတို့အား လွှမ်းမိုးနိုင်ရေး၊ မြေသိမ်းဆည်းခံရမှုများမှကာကွယ်နိုင်ရေး၊ ဒေသခံလူထုပိုင် သယံဇာတရင်းမြစ်များ စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု မြှင့်တင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် မှတ်တမ်းပြုစုခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ MRLG အနေဖြင့်လည်း CSO ရှစ်ဖွဲ့နှင့် ပူးပေါင်း၍ စမ်းသပ်စီမံကိန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ကြသည့် အဖွဲ့အစည်းများ၏ အတွေ့အကြုံများ၊ အကြံပြုချက်များနှင့် ရရှိခဲ့သည့် သင်ခန်းစာများကိုလည်း ဤလမ်းညွှန်စာအုပ်တွင် ထည့်သွင်းပေးထားပါသည်။

ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များကို မြန်မာနိုင်ငံအနှံ့အပြားတွင် အထူးသဖြင့် တိုင်းရင်းသားလူမျိုးများ၏ ဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးနေကြသော်ငြား သယံဇာတရင်းမြစ်များ သုံးစွဲခြင်းနှင့်ဆက်စပ်နေသည့် အခွင့်အရေးများအား အသိအမှတ်ပြုခံရရေးမှာမူ လယ်ယာမြေဥပဒေနှင့် သစ်တောဥပဒေများရှိ ကန့်သတ်ချက်များကြောင့် ဥပဒေကြောင်းအရ စိန်ခေါ်မှုပေါင်း မြောက်များစွာနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ထိုအချက်များကြောင့်လည်း အစိုးရနှင့် ကူးသန်းရောင်းဝယ်ရေး အကျိုးစီးပွားများကြောင့် မြေသိမ်းဆည်းမှုများ၏ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားခဲ့ရသည်၊ ခံစားနေရဆဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဓလေ့ထုံးတမ်းအရ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသောမြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေသတ်မှတ်ချက်များအရ ရင်းနှီးမြှုပ်နှံသူများထံသို့ လုပ်ပိုင်ခွင့်ချထားပေးနိုင်သည့်အခြေအနေများ ရှိနေသောကြောင့်ဖြစ်သည်။ မည်သို့ဆိုစေ အမျိုးသားအဆင့်မြေအသုံးချရေးမူဝါဒ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ ကုလသမဂ္ဂမှ ထုတ်ပြန်ထားသည့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေး ကြေငြာစာတမ်း (UNDRIP) စသည်ဖြင့် ရိုးရာမြေလုပ်ပိုင်ခွင့်အား ပိုမိုအသိအမှတ်ပြုခံရနိုင်မည့် အခွင့်အလမ်းများလည်း ရှိနေပါသေးသည်။

ယခုအဆိုပြု တင်ပြထားသည့် မှတ်တမ်းပြုစုရေး ချဉ်းကပ်မှုများတွင် လူထုကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ခြင်း၊ အားလုံးပါဝင်ခြင်း၊ ပြောင်းလွယ်ပြင်လွယ်ရှိခြင်း၊ လုပ်ငန်းစဉ်အလိုက် အသေးစိတ်ဖော်ပြထား

ခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း စသည့်အခြေခံစည်းမျဉ်းများ ပါဝင်နေပါသည်။ အချက်အလက်ပိုင်ဆိုင်မှုကဲ့သို့ အရေးပါသည့် အကြောင်းအရာများအတွက်ကိုလည်း ပံ့ပိုးဖြေရှင်းပေးထားပါသည်။ ထို့အပြင် အရည်အသွေး ပြည့်ဝသည့် သတင်းအချက်အလက်များ ရရှိစေရန်အတွက် ရှုထောင့်သုံးမျိုးမှ ချိန်ထိုးသုံးသပ်ခြင်း၊ ဘက်လိုက်မှုများ ရှိနေတတ်သည်ကို ကြိုတင်သိရှိထားခြင်း၊ သုတေသနမေးခွန်းများအား ဆွေးနွေးမှုမေးခွန်းများ အဖြစ် ပြောင်းလဲခြင်း၊ လက်တွေ့လုပ်ငန်းဖြင့် လူထုပူးပေါင်းပါဝင်သည့် သုတေသနလုပ်ငန်း (PAR) အသုံးချကိရိယာများ အသုံးပြုထားခြင်းနှင့် ဒေသခံများ၏ နေ့စဉ်လုပ်ငန်းများတွင် ဝင်ရောက်ပါဝင်ခြင်း စသည်တို့အတွက် လိုက်နာသင့်သည့်စည်းကမ်းသတ်မှတ်ချက်များကိုလည်း ဤလမ်းညွှန်စာအုပ်တွင် ထည့်သွင်းပေးထားပါသည်။ မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်အတွင်း လိုက်နာရမည့် ကျင့်ဝတ်များ ဖြစ်သော လွတ်လပ်သော သဘောဆန္ဒအလျောက်သာ ပါဝင်စေခြင်း၊ "ထိခိုက်နစ်နာမှု မရှိစေခြင်း"၊ အမည် ထုတ်ဖော်ပြောဆိုမှု မပြုခြင်း၊ လျှို့ဝှက်ထားပေးခြင်းနှင့် ဘက်မလိုက်ဘဲ ကြားနေရပ်တည်ခြင်းတို့ကိုလည်း ရှင်းလင်းတင်ဆက် ပေးထားပါသည်။

ရိုးရာမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ အရေးပါသည့် အဓိပ္ပါယ်သတ်မှတ်ချက်များနှင့် အယူအဆများကို ရှင်းလင်းမိတ်ဆက်ပြီးသည့်အခါတွင် ဒေသခံလူထုနှင့် လက်တွေ့ကွင်းဆင်းလုပ်ငန်းများ မဆောင်ရွက်မီ မှတ်တမ်းပြုစုခြင်းလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ထားရမည့် လုပ်ငန်းအဆင့်တစ်ခုချင်းစီကို ဤလမ်းညွှန်စာအုပ်တွင် အကြံပြုတင်ပြပေးထားပါသည်။ သို့မှသာ လက်တွေ့မြေပြင်တွင် ထိရှလွယ်သည့်ပြဿနာများ ကြုံတွေ့လာရသည့်တိုင် လုပ်ငန်းစဉ်တစ်ခုလုံးကို အောင်မြင်ချောမွေ့စွာ အပြီးသတ်နိုင်ပေမည်။ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းအဆင့်များကြောင့် ရပ်ရွာအတွင်းကူညီပံ့ပိုးသူများအား သင်တန်းပေးလေ့ကျင့်မှုများမှတစ်ဆင့် သက်ဆိုင်ရာ ကျေးရွာလူထုနှင့် ပူးပေါင်း၍ မှတ်တမ်းပြုစုခြင်းလုပ်ငန်း ရည်ရွယ်ချက်များ သတ်မှတ်ခြင်း၊ အဓိက ပါဝင်သင့်သူများအား ဖော်ထုတ်သတ်မှတ်ခြင်းတို့ ဆောင်ရွက်နိုင်စေမည်။ ထို့အပြင် ဘေးဖြစ်နိုင်ချေ အကဲဖြတ်ဆန်းစစ်ချက်၊ ပဋိပက္ခလျှော့ပါးရေးနည်းဗျူဟာ ရေးဆွဲသတ်မှတ်ခြင်းနှင့် အနှောင်အဖွဲ့ကင်း၍ ကြိုတင်ချပြ အသိပေးထားပြီး သဘောတူညီချက်ရရှိမှု (FPIC)တို့ အပါအဝင် ကျေးရွာလူထုအား ချပြသည့် ညှိနှိုင်းအစည်းအဝေးများကိုလည်း ကျင်းပနိုင်စေပါသည်။ ထို့နောက်တွင်မူ မှတ်တမ်းပြုစုထားသင့်သည့် အဓိကအစိတ်အပိုင်းများအား ဆက်လက်မိတ်ဆက်ပေးသွားပါမည်။

လုပ်ငန်းစဉ်၏တစ်စိတ်တစ်ဒေသအဖြစ် မှတ်တမ်းပြုစုရမည့် အဓိကအစိတ်အပိုင်းများကိုလည်း ဤလမ်းညွှန်စာအုပ်တွင် မိတ်ဆက်ထည့်သွင်းပေးထားပါသည်။ ၎င်းတို့မှာ ကျေးရွာ၏ အခြေခံ သတင်းအချက်အလက်များ၊ ဒေသသမိုင်းကြောင်း၊ မြေအသုံးချမှုနှင့် မြေစီမံခန့်ခွဲမှု၊ သယံဇာတလုပ်ပိုင်ခွင့်နှင့် လွှဲပြောင်းပေးပိုင်ခွင့်များ၊ အဖွဲ့အစည်းများ၊ ပဋိပက္ခဖြေရှင်းရေး၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မြေယာကဏ္ဍတွင် ယဉ်ကျေးမှုဓလေ့ လွှမ်းမိုးမှုများ စသည်တို့ဖြစ်သည်။ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အတွင်း ပြဿနာများအား မည်သို့ဖြေရှင်းရည်ညွှန်းနိုင်မည်တို့ကို စူးစမ်းလေ့လာနိုင်ရန်အတွက် ဖော်ပြပါ အစိတ်အပိုင်းတစ်ခုချင်းစီအား အသေးစိတ်တင်ပြပေးထားပါသည်။ လုပ်ငန်းစဉ်အတွင်း ပါဝင်သင့်သည့်ပုဂ္ဂိုလ်များ (ဘေးဒုက္ခခံစားလွယ်သူများနှင့် ကျား/မ ခွင့်တူရေးရာကိစ္စရပ်များအပါအဝင်)နှင့် အသုံးပြုရမည့် နည်းလမ်းများနှင့် ကိရိယာများအတွက် အကျယ်တဝင့် ရှင်းလင်းချက် (မြေပုံရေးဆွဲခြင်း၊ ဦးတည်အုပ်စုအလိုက် ဆွေးနွေးမှုများ၊ တွေ့ဆုံမေးမြန်းမှုများ၊ ကွင်းဆင်းလေ့လာမှုများ) များကိုလည်း ဤလမ်းညွှန်စာအုပ်တွင် အကြံပြုတင်ပြပေးထားပါသည်။ နောက်ဆုံးအနေဖြင့် အချက်အလက်များအား မည်သို့စီမံခန့်ခွဲသင့်သည်နှင့် စည်းရုံးတောင်းဆိုမှု၊ လူထုအားဖြန့်ဖြူးရေး သို့မဟုတ် စုပေါင်းလုပ်ဆောင်မှု စသည့် ရည်ရွယ်ချက်များ အပေါ် မူတည်၍ တွေ့ရှိချက်များအား မည်သို့ဆက်သွယ်ပြန်ကြားသင့်ကြောင်းကို လက်တွေ့ကျသည့် အကြံပြုချက်များ ထည့်သွင်းပေးထားပါသည်။



# မိတ်ဆက်နိဒါန်း

## ဤလမ်းညွှန်စာအုပ် ပေါ်ပေါက်လာပုံ

မြန်မာနိုင်ငံရှိ ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုရေးကို လွန်ခဲ့သည့်နှစ်များအတွင်းဂယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO)၊ ဒေသခံ ကျေးရွာလူထုများနှင့် အလှူရှင်များက စိတ်ဂင်စားလာကြသည်။ မြန်မာနိုင်ငံ တစ်ပှမ်းလုံးရှိ ဒေသအများအပြားတွင် ၎င်းတို့၏မြေယာများနှင့် သဘာဂသယံဇာတများအား စီမံခန့်ခွဲရန်အတွက် ရိုးရာဓလေ့ စည်းမျဉ်းများနှင့် အစီအမံများရှိထားတတ်ကြသည်။ မြန်မာနိုင်ငံနယ်နိမိတ်၏ ထက်ဂက်နီးပါးခန့်တွင် တိုင်းရင်းသားမျိုးနွယ်စုများနေထိုင်လျှက်ရှိပြီး ၎င်းတို့၏မြေနှင့်သစ်တောများကို ရိုးရာဓလေ့စည်းမျဉ်းများ၊ အစီအမံများဖြင့် စီမံခန့်ခွဲလျှက်ရှိကြသည်။

သို့သော် အဆိုပါ ရိုးရာမြေလုပ်ပိုင်ခွင့် စနစ်များကို မူဝါဒချမှတ်သူများ၊ အာဏာပိုင်အဖွဲ့အစည်းများနှင့် မြေယာအရေး ဆောင်ရွက်နေကြသူများက အပြည့်အဝ နားလည်ထားကြသည် မဟုတ်ပေ။ ထို့အပြင် အဆိုပါစနစ်များအား လက်ရှိဥပဒေမူဘောင်များတွင် အသိအမှတ်ပြုထားခြင်း၊ ကာကွယ်ပေးထားခြင်းလည်း မရှိပေ။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကဲ့သို့ ဥပဒေများကြောင့် ဒေသခံတို့၏မြေများအား အစိုးရမှသော်လည်းကောင်း၊ စီးပွားရေးအကျိုးအမြတ်အတွက် သော်လည်းကောင်း "အသိမ်းအဆည်းခံရခြင်း" အန္တရာယ်များနှင့် ရင်ဆိုင်နေရလျှက်ရှိသည်။

၂၀၁၆ ခုနှစ်အစောပိုင်းတွင် အတည်ပြုခဲ့သည့် အမျိုးသားအဆင့် မြေယာအသုံးချရေးမူဝါဒတွင် ရွှေ့ပြောင်းတောင်ယာအပါအဝင် ရိုးရာမြေလုပ်ပိုင်ခွင့်အား အသိအမှတ်ပြုထားသည့် ပြဋ္ဌာန်းချက်အမြောက်အမြားကို ထည့်သွင်းထားရာ ရိုးရာဓလေ့အရ မြေယာလုပ်ကိုင်နိုင်သည့်အခွင့်အရေးများအား ပိုမိုအသိအမှတ်ပြုခံရရေး အတွက် အခွင့်အလမ်းတစ်ရပ်အဖြစ် ရှုမြင်နိုင်ပါသည်။ သို့သော် အသစ်ထွက်ပေါ်လာမည့် မြေယာဥပဒေမှသည် လက်တွေ့ဖော်ဆောင်ကျင့်သုံးမည့် အစိုးရလုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များအား ပြန်လည်သုံးသပ်မှုများအထိ အနာဂတ် ဥပဒေမူဘောင်များတွင် ရိုးရာမြေလုပ်ပိုင်ခွင့်အား မည်သို့ အသိအမှတ်ပြုပေးသွားမည်ဟူသော အချက်ကမူ ရှင်းလင်းပြတ်သားမှုမရှိသေးပေ။ ဤအတောအတွင်း တိုင်းရင်းသားအဖွဲ့များကလည်း မြေယာမူဝါဒများကို ရေးဆွဲပြုစုလျှက်ရှိနေပြီး ၎င်းတို့၏ မြေယာမူဝါဒများသည် ဒေသခံတို့၏ ဓလေ့ထုံးတမ်းစနစ်များအပေါ်တွင် အခြေခံရေးဆွဲထားကြသည်။ အဆိုပါ မြေယာမူဝါဒများသည် မြေယာစီမံခန့်ခွဲမှုအား အခြားနည်းလမ်းတစ်ခုဖြင့် ကျင့်သုံးသွားနိုင်ရေးကို အဆိုပြု ထားသည့် နိုင်ငံရေးလက်နက်များဖြစ်သကဲ့သို့ ရိုးရာဓလေ့အရ စီမံခန့်ခွဲလျှက်ရှိသည့် မြေများအား တရားဝင် အသိအမှတ်ပြုပေးထားခြင်းများကြောင့် လက်တွေ့ဆန်သော အသုံးချလက်နက်များလည်း ဖြစ်ပါသည်။

မြေယာများ အသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အတွက် စည်းမျဉ်းများနှင့် အစီအမံများအား မှတ်တမ်းပြုစုခြင်း၊ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်အောက်ရှိ အများပိုင်မြေများနှင့် သဘာဝသယံဇာတများအား မြေပုံညွှန်းရေးဆွဲခြင်း၊ မြေနှင့်လူတို့၏ ယဉ်ကျေးမှုဆိုင်ရာ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာနှင့် သက်မွေးလုပ်ငန်း ဆက်စပ်မှုများအတွက် အထောက်အထားမှတ်တမ်းများ ပံ့ပိုးခြင်းတို့သည် အလွှာအသီးသီးတွင် အရေးပါနေသည်သာ ဖြစ်သည်။ ထို့အပြင် ၎င်းတို့၏ မြေယာအခွင့်အရေးများအား ပြင်ပမှဝင်ရောက်လာကြမည့် အခြားသော အကျိုးစီးပွား ရှာဖွေသူများလက်မှ ကာကွယ်နိုင်ရေးအတွက်ကိုလည်း ဤလုပ်ငန်းစဉ်က အသုံးဝင်နေမည်သာဖြစ်သည်။ ပုံစံအမျိုးမျိုးဖြင့် တည်ရှိနေသည့် ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များ၏ အထောက်အထားအမျိုးမျိုးကို ကောက်ယူ စုဆောင်းထားခြင်းဖြင့် ဒေသခံလူထု၊ CSO များနှင့် ရွေးကောက်ခံထားရသူများအနေဖြင့် နယ်မြေခံဒေသ၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် နိုင်ငံတော်အဆင့်တို့တွင် ဓလေ့ထုံးတမ်းအရ မြေယာအခွင့်အရေးများအား အသိအမှတ်ပြုခံရရေးအတွက် ကြိုးပမ်းမှုများကိုလည်း အထောက်အကူဖြစ်စေပါသည်။ ထို့အပြင် ဓလေ့ထုံးတမ်း အခွင့်အရေးများအား နိုင်ငံတော်အစိုးရဘက်မှ အသိအမှတ်ပြုလာမည့် လုပ်ငန်းစီမံကိန်းများအတွက်ကိုလည်း ဒေသခံများ သတိပြုစောင့်ကြည့်လာစေပါသည်။ နောက်ဆုံးအချက်အနေဖြင့် တင်ပြရလျှင် မှတ်တမ်းပြုစုခြင်းမှ ရရှိလာသည့် သင်ခန်းစာများသည် ပုံစံမျိုးစုံဖြင့် တည်ရှိနေသည့် ရိုးရာမြေလုပ်ပိုင်ခွင့်များအား အကာအကွယ်ပေးနိုင်မည့်၊ အသိအမှတ်ပြုပေးနိုင်မည့် အစိုးရလုပ်ငန်းစဉ်များကိုလည်း ဖန်တီးပေးလာနိုင်ပါသည်။

မူဝါဒနှင့် ဥပဒေများအား ပြင်ဆင်နိုင်ရန်၊ မြေသိမ်းခံရမှုများမှကာကွယ်ရန်၊ သယံဇာတရင်းမြစ်များအား ဒေသခံပြည်သူများမှစီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ပိုမိုကောင်းမွန်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းကို လက်တွေ့ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ၊ ၎င်းတို့၏ အတွေ့အကြုံများအပေါ်အခြေခံ၍ ဤလမ်းညွှန်စာအုပ်ကို ရေးဆွဲပြုစုထားခြင်းဖြစ်ပါသည်။ MRLG ကိုယ်တိုင်သည်လည်း CSO ရစ်ဖွဲ့နှင့်အတူ စမ်းသပ်စီမံကိန်းများ ပြုလုပ်ခဲ့ပါသည်။ ၎င်းတို့၏ အတွေ့အကြုံများ၊ အကြံပြုချက်များနှင့် ရရှိခဲ့သည့် သင်ခန်းစာများကိုလည်း ဤလမ်းညွှန်စာအုပ်တွင် ထည့်သွင်းပေးထားပါသည်။

## ဤလမ်းညွှန်စာအုပ်အား အသုံးပြုပုံ

အရပ်ဘက်လူမှုအဖွဲ့အစည်းများ(CSO)နှင့် ဒေသခံလူထုတို့အနေဖြင့် ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုရေးကို ဆောင်ရွက်ရာတွင် ၎င်းတို့၏ ဦးတည်ချက်များနှင့် ဒေသအခြေအနေတို့အပေါ် မူတည်၍ လုပ်ငန်းစဉ်တစ်ခုလုံးအား လိုက်လျောညီထွေ ပြင်ဆင်သုံးစွဲနိုင်သော လုပ်ငန်းမူဘောင်တစ်ခုကို ဤလမ်းညွှန်စာအုပ်တွင် တင်ဆက်ပေးထားပါသည်။ ဤလမ်းညွှန်စာအုပ်အား NGO ဝန်ထမ်းများ၊ ပညာရှင်များ၊ ဘာသာရေးအဖွဲ့အစည်း၊ ရပ်ရွာအကြီးအကဲများနှင့် အခြားသော အရပ်ဘက် လူမှုအဖွဲ့အစည်း အသီးသီးမှ အသုံးပြုနိုင်ကြပါသည်။

မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်များကို ကနဦးစတင်ရေးဆွဲ၍ ပံ့ပိုးအကောင်အထည်ဖော်မည့် "CSO ပံ့ပိုးသူများ" အတွက် ရည်ရွယ်ရေးဆွဲထားသည့် လမ်းညွှန်စာအုပ်ဖြစ်ပါသည်။ ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းကို ကူညီပံ့ပိုးနိုင်ရန် လေ့ကျင့်သင်ကြားပေးထားသည့် ဒေသခံများကိုမူ "ရပ်ရွာအတွင်း ပံ့ပိုးသူများ"ဟု ရည်ညွှန်းထားပါသည်။

ရိုးရာမြေလုပ်ပိုင်ခွင့်မှတ်တမ်းပြုစုရေးအတွက် အသုံးပြုရမည့် နည်းလမ်းများကို ပုံသေသတ်မှတ်ထားခြင်းထက် ပြောင်းလွယ်ပြင်လွယ်ရှိသည့် နည်းလမ်းများကိုသာ ဤလမ်းညွှန်စာအုပ်မှ အကြံပြု တင်ပြထားပေးပါသည်။ အချိန်ကာလနှင့် ရယူသုံးစွဲနိုင်သည့် ရင်းမြစ်များအနေအထား၊ ကူညီပံ့ပိုးသူများမှ ဒေသခံလူထုနှင့်အတူ သတ်မှတ်ဖော်ထုတ်ထားသည့် မှတ်တမ်းပြုစုခြင်းဆိုင်ရာ ဦးတည်ချက်များအပေါ် မူတည်၍ ဦးစားပေးခေါင်းစဉ်များ၊ မေးခွန်းများနှင့် အသုံးချကိရိယာများကို ရွေးချယ်နိုင်စေရန် တင်ဆက်ပေးထားခြင်းဖြစ်ရာ ဤလမ်းညွှန်စာအုပ်သည် စားသောက်ဆိုင်များရှိ "နှစ်သက်ရာ ရွေးချယ်မှာယူနိုင်သည့် ဟင်းလျာများစာရင်း" ဟုပင် တင်စားနိုင်ပါသည်။ ဤလမ်းညွှန်စာအုပ်တွင် ထိုကဲ့သို့ ရွေးချယ်ခွင့်အမျိုးမျိုးကို တင်ပြပေးထားရုံသာမက CSO နှင့် ရပ်ရွာအတွင်း ကူညီပံ့ပိုးသူများအတွက် မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်တစ်လျှောက်လုံးရှိ လုပ်ငန်းအဆင့်တိုင်းတွင် အထောက်အပံ့ဖြစ်စေမည့် လမ်းညွှန်ချက်များ၊ မေးခွန်းများနှင့် အသုံးချကိရိယာများကိုလည်း ပံ့ပိုးပေးထားပါသည်။ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အား မိမိတို့လိုအပ်ချက်များနှင့်ကိုက်ညီစေရန် လိုက်လျောညီထွေ ပြုပြင်ရာတွင် CSO နှင့် ရပ်ရွာအတွင်း ကူညီပံ့ပိုးသူများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေသည်။ မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်များသတ်မှတ်ခြင်းနှင့် မည်သို့ဆောင်ရွက်ရမည်ကို ဆုံးဖြတ်ရာတို့တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေခြင်းကြောင့် ဒေသခံကျေးရွာလူထုသည် မှတ်တမ်းပြုစုမှုလုပ်ငန်းစဉ် တစ်ခုလုံးနှင့် ထွက်ရှိလာသည့်ရလဒ်များအပေါ် ထိန်းချုပ်ခွင့်၊ ပိုင်ဆိုင်ခွင့်များ ရရှိစေပါသည်။ ဤအချက်များကြောင့်လည်း ဒေသခံကျေးရွာလူထုများ လုပ်ပိုင်ခွင့်ရရှိလာရေးနှင့် လေ့လာသင်ယူမှုတို့ကိုလည်း ပိုမိုခိုင်မာစေပါသည်။

ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုလိုသည့် CSO အဖွဲ့ဖြစ်ပါက လုပ်ငန်းစဉ်တစ်လျှောက်လုံးရှိ လုပ်ငန်းအဆင့်အသီးသီးအား သဘောပေါက်နားလည်စေရန်နှင့် အဆင့်တိုင်း၌ ချမှတ်ရမည့်ဆုံးဖြတ်ချက်များအား သိရှိနိုင်ရန်အတွက် ဤလမ်းညွှန်စာအုပ်တစ်အုပ်လုံးအား ကြေညက်စွာ ဖတ်ရှုထားသင့်ပါသည်။

အခန်း - ၄ တွင် ဖော်ပြထားသကဲ့သို့ပင် ဤလမ်းညွှန်စာအုပ်ပါ လုပ်ငန်းအဆင့်တိုင်းတွင် CSO ပံ့ပိုးသူများအား ဆင့်ပွားပို့ချနိုင်ရန်အတွက် ဆရာဖြစ်သင်တန်း[1]များကို MRLG နှင့် အခြားစိတ်ပါဝင်စားသည့် မိတ်ဖက်အဖွဲ့အစည်းများက တာဝန်ယူစီစဉ်ပေးသွားမည်ဖြစ်သည်။ ထို့အပြင် ဒေသခံကျေးရွာများအတွင်း ရိုးရာမြေလုပ်ပိုင်ခွင့်များအား မှတ်တမ်းပြုစုခြင်း ဆောင်ရွက်ကြမည့် ရပ်ရွာအတွင်း ကူညီပံ့ပိုးသူများအား လေ့ကျင့်သင်ကြားပေးရာတွင်လည်း ဤလမ်းညွှန်စာအုပ်ကို အသုံးပြုသွားနိုင်ပါသည်။ ထို့ကြောင့်လည်း မြေယာနှင့် သယံဇာတရင်းမြစ်များဆိုင်ရာ စနစ်များအား မှတ်တမ်းပြုစုခြင်းကို

[1] CSO နှင့် ရပ်ရွာအတွင်း ကူညီပံ့ပိုးသူများအား လေ့ကျင့်သင်ကြားသည့်အခါတွင် အသုံးပြုနိုင်မည့် ToT ပစ္စည်းများကိုလည်း ဖန်တီးပြုစုသွားရန် ပြင်ဆင်လျက်ရှိပါသည်။

စိတ်ဝင်စားသည့်၊ လမ်းညွှန်စာအုပ်တွင် အကြံပြုထားသော နည်းလမ်းများအား အတူတကွလေ့လာသင်ယူလိုပြီး ဆက်လက်တိုးတက်စေလိုသည့် ရပ်ရွာလူထုများအတွက် လက်တွေ့ကျင့်သုံးနိုင်စွမ်းကိုလည်း ဤလမ်းညွှန်စာအုပ်က ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ ဤလမ်းညွှန်စာအုပ်ပါ နည်းလမ်းများကို အမျိုးမျိုးသော အခြေအနေများတွင် လိုက်နာကျင့်သုံးနိုင်ရေးအတွက်ကိုလည်း ဆက်လက်မွမ်းမံရပါဦးမည်။

လေ့ကျင့်သင်တန်းပေးခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ လက်တွေ့ဖော်ဆောင်ခြင်းနှင့် ထွက်ရှိလာသည့်ရလဒ်များအား ဝေမျှပေးခြင်းတို့အပါအဝင် ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်၏ အရေးပါသည့် ကဏ္ဍများနှင့် ကဏ္ဍတစ်ခုခြင်းရှိ လုပ်ငန်းအဆင့်များကို ပုံ ၁ တွင် ဖော်ပြပေးထားပါသည်။ အဆိုပါ လုပ်ငန်းအဆင့်များအား မည်သူမှဆောင်ရွက်သင့်သည်၊ မည်သည့်လုပ်ငန်းများ ဖြစ်သင့်သည်နှင့် မည်သူတို့ ပါဝင်ရမည် စသည်တို့ကိုလည်း ထည့်သွင်းဖော်ပြပေးထားပါသည်။

လေ့ကျင့်သင်ကြားပေးသည့်ကဏ္ဍနှင့် သင်တန်းပေးမှုလုပ်ငန်းစဉ်များအတွက် အသေးစိတ်အချက်အလက်များကို အခန်း ၅ တွင် ကြည့်ပါ။



ရပ်ရွာလူထုအား ကနဦးချပြ ဆွေးနွေးမှုအစည်းအဝေးများ အပါအဝင် ကြိုတင်ပြင်ဆင်မှုကဏ္ဍအတွက် လမ်းညွှန်ချက်နှင့် အသေးစိတ်အချက်အလက်များအတွက် အခန်း ၄ ကို ကြည့်ပါ။

မှတ်တမ်းပြုစုခြင်းလုပ်ငန်း ဒီဇိုင်းရေးဆွဲခြင်းနှင့် လက်တွေ့ဖော်ဆောင်ခြင်းတို့အတွက် လမ်းညွှန်ချက်နှင့် အသေးစိတ်အချက် အလက်များအတွက် အခန်း ၅ နှင့် ၆ ကို ကြည့်ပါ။

ထွက်ရှိလာသည့်ရလဒ်များအား စုစည်းရေးသားခြင်း၊ ရလဒ်များအား ဝေမျှခြင်းနှင့် မှတ်တမ်းပြုစုခြင်းဆိုင်ရာ တွေ့ရှိချက်များအား အသုံးပြုခြင်းတို့နှင့် စပ်လျဉ်းသည့် လမ်းညွှန်ချက်နှင့် အသေးစိတ်အချက်အလက်များအတွက်ကိုမူ အခန်း ၇ ကို ကြည့်ပါ။

မြန်မာနိုင်ငံရှိရိုးရာမြေလုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် လက်ရှိ ဥပဒေအခြေအနေများအား လေ့လာသုံးသပ်ချက်ကို အခန်း ၂ တွင် ဖော်ပြပေးထားပြီး အခန်း ၃ တွင်မူ ရိုးရာမြေ လုပ်ပိုင်ခွင့်ဆိုင်ရာ သဘောထားအမြင်များနှင့် လက်တွေ့လုပ်ငန်းဖြင့် လူထုပူးပေါင်းပါဝင်သည့် သုတေသနလုပ်ငန်းများ၏ အခြေခံစည်းမျဉ်းများနှင့် ချဉ်းကပ်နည်းများကို မိတ်ဆက်တင်ပြပေးထားပါသည်။

[2] ရည်ရွယ်ချက်များနှင့်ပတ်သက်၍ အားလုံးမှသဘောတူညီခြင်း၊ ရွေးချယ်ထားသောကျေးရွာများမှလည်း သဘောတူညီကြောင်း ပြောကြားပြီးဖြစ်ခြင်း၊ လုပ်ငန်းစဉ်အား ကူညီပံ့ပိုးရန်အတွက် အဆိုပါကျေးရွာများမှ ကိုယ်စားလှယ်များအား ရွေးချယ်ပြီးဖြစ်ခြင်းစသည့် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်၏ ကြိုတင်ပြင်ဆင်သည့်အဆင့်ပြီးဆုံးသွားသည့်အခါတွင် ဤသင်တန်းကို ပြုလုပ်သွားမည် ဖြစ်သည်။

## မှတ်တမ်းပြုစုမှုလုပ်ငန်းစဉ်တစ်ခုလုံး၏ လုပ်ငန်းအဆင့်များ

| လုပ်ငန်းကာလ | လုပ်ငန်းအဆင့် | မည်သူမှဆောင်ရွက်မည် | ပူးပေါင်းဆောင်ရွက်မည့်သူများ |
| --- | --- | --- | --- |
| လေ့ကျင့်ပေး | CSO မှ မှတ်တမ်းပြုစုရေး ကူညီပံ့ပိုးသူများအား လေ့ကျင့်ပေး | မှတ်တမ်းပြုစုရေး ကျွမ်းကျင်သူများ<br>(လမ်းညွှန်စာအုပ်အတွက် MRLG မှ<br>လေ့ကျင့်ပေးထားသူများ) | |
| ပြင်ဆင် | ရှိရင်းစွဲ သတင်းအချက်အလက်များမှတစ်ဆင့် ဦးတည်ရည်ရွယ်ထားသည့်<br>နယ်မြေဒေသအား လေ့လာဆန်းစစ်ခြင်း | လိုအပ်ပါက မှတ်တမ်းပြုစုရေး<br>ကျွမ်းကျင်သူမှ နည်းပညာပံ့ပိုးထားသည့်<br>CSO ကူညီပံ့ပိုးသူများ | CSO ၊ ဒေသခံအာဏာပိုင်၊ အဓိက ဆွေးနွေးဖက်များ |
| | မှတ်တမ်းပြုစုမှုဆိုင်ရာ ရည်ရွယ်ချက်(များ)အား ရှင်းလင်းတိကျစွာသတ်မှတ် | | ထိခိုက်လွယ်သည့်အုပ်စုများအပါအဝင် ရပ်ရွာအတွင်းရှိ<br>အမျိုးအစားအုပ်စု အသီးသီးမှ အဖွဲ့ဝင်များ<br>ရွေးချယ်ဖော်ထုတ်<br>အနီးဝန်းကျင်ကျေးရွာများမှ ကိုယ်စားလှယ်များ |
| | မှတ်တမ်းပြုစုမှုလုပ်ငန်းစဉ်တွင် ပါဝင်မည့်သူများအား သတ်မှတ်ရွေးချယ် | | |
| | ရပ်ရွာအတွင်း ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပခြင်း<br>- ရည်ရွယ်ချက်များအား သဘောပေါက် လက်ခံလာ<br>- မှတ်တမ်းပြုစုရာတွင် ကြုံတွေ့နိုင်သည့်အခက်အခဲများ ဖော်ထုတ်<br>- ရပ်ရွာအတွင်းမှ FPIC ရယူ ကျေးရွာနယ်မြေရွေးချယ်၊<br>- ကူညီပံ့ပိုးမည့်သူများ ဖော်ထုတ်သတ်မှတ် | | |
| | ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့်သူများအား လေ့ကျင့်သင်ကြားပေးခြင်း | CSO ကူညီပံ့ပိုးသူများ | လိုအပ်ပါက မှတ်တမ်းပြုစုမှု ကျွမ်းကျင်သူကိုယ်တိုင် |
| | မှတ်တမ်းပြုစုဆောင်ရွက်မှုပုံစံဒီဇိုင်း<br>- မှတ်တမ်းပြုစုမှုဆိုင်ရာ ရည်ရွယ်ချက်များ အပြီးသတ်ရေးဆွဲ<br>- မှတ်တမ်း ပြုစုရမည့် အဓိကကဏ္ဍများနှင့် မေးခွန်းပုံစံများ ရွေးချယ်<br>- ကဏ္ဍ တစ်ခုချင်း အသုံးပြုရမည့် နည်းလမ်း/အသုံးချ<br>ကိရိယာများရွေးချယ်<br>- မှတ်တမ်းပြုစုမှုကဏ္ဍ တစ်ခုချင်းတွင် ပါဝင်ရမည့်သူ များ ဖော်ထုတ်<br>- မှတ်တမ်းပြုစုမှုလုပ်ငန်းအစီအစဉ်နှင့် အချိန်ကာလတို့ ရေးဆွဲပြုစု | လိုအပ်ပါက မှတ်တမ်းပြုစုရေး<br>ကျွမ်းကျင်သူမှ နည်းပညာ ပံ့ပိုးထားသည့်<br>CSO ကူညီပံ့ပိုးသူများ + ရပ်ရွာအတွင်း<br>ကူညီပံ့ပိုးသူများ | ရပ်ရွာအတွင်းရှိ ကျွမ်းကျင်သူများထံမှ အကြံပြုချက်<br>များကိုလည်း သင့်လျော်သလို ထည့်သွင်းသွားမည် |
| မှတ်တမ်းပြုစု | မှတ်တမ်းပြုစုခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်မှု<br>- အတည်ပြုရေးဆွဲထားသည့် ပုံစံဒီဇိုင်းအလိုက် PAR မှတ်တမ်းပြုစု ခြင်းကို<br>အကောင်အထည်ဖော်ဆောင်ရွက်<br>- တွေ့ရှိချက်များအား ရပ်ရွာလူထုနှင့် ပူးပေါင်းစိစစ်<br>- တွေ့ရှိလာသည့် အခက်အခဲများအား ဖြေရှင်းနိုင်မည့်နည်းလမ်းများအား<br>ရပ်ရွာလူထုနှင့် ပူးပေါင်းရှာဖွေ | လိုအပ်ပါက မှတ်တမ်းပြုစုရေး<br>ကျွမ်းကျင်သူမှ နည်းပညာပံ့ပိုးထားသည့်<br>CSO ကူညီပံ့ပိုးသူများ<br>+ ရပ်ရွာအတွင်း ကူညီပံ့ပိုးသူများ | ရပ်ရွာလူထု၏ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်မှု<br>(ထိခိုက်လွယ်သည့် အုပ်စုများ အပါအဝင်<br>ရွေးချယ်ဖော်ထုတ်ထားသည့် အမျိုးအစားအုပ်စု<br>အသီးသီး) |
| မျှဝေ | လေ့လာတွေ့ရှိချက်များအား စုစည်း မျှဝေ<br>- အချက်အလက် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ သဘောတူညီချက်ရယူ<br>(မည်သည်တို့ကို ဝေမျှမည်/မဝေမျှပါ နှင့် မည်သို့ဝေမျှမည်)<br>- ရေးသားမှုလုပ်ငန်း စတင်<br>- ရေးသားပြီးသည်များကို ဖြန့်ဝေ | လိုအပ်ပါက မှတ်တမ်းပြုစုရေး<br>ကျွမ်းကျင်သူမှ နည်းပညာပံ့ပိုးထားသည့်<br>CSO ကူညီပံ့ပိုးသူများ<br>+ ရပ်ရွာအတွင်း ကူညီပံ့ပိုးသူများ | ထိခိုက်လွယ်သည့်အုပ်စုများ၊ ပတ်ဝန်းကျင်ရှိ<br>ကျေးရွာများ၊ ဒေသခံအာဏာပိုင်များနှင့် ဆုံးဖြတ်<br>ချက်ချမှတ်မည့်သူများအပါအဝင် မှတ်တမ်းပြုစုမှု<br>လုပ်ငန်းစဉ်များအလိုက် အဓိက အကျိုး<br>သက်ဆိုင်သူများအားလုံး |



# မြန်မာနိုင်ငံရှိရိုးရာမြေလုပ်ကိုင်မှုအသိအမှတ်ပြုခံရရေးအတွက် ဥပဒေပိုင်းဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ

## ၂ - ၁ ဓလေ့ထုံးတမ်းအရ ကျင့်သုံးလျက်ရှိသော စည်းမျဉ်းများ သမိုင်းနောက်ခံ

မြန်မာနိုင်ငံရှိ မြေယာအများစုမှာ ရိုးရာဓလေ့အရ သို့မဟုတ် တရားဝင်မဟုတ်သော ပိုင်ဆိုင်မှုအစီအမံများ၏ အောက်တွင်သာ တည်ရှိနေကြသည်။ အထူးသဖြင့် ရွှေ့ပြောင်းတောင်ယာစနစ်အား သမိုင်းကြောင်းချီ၍ လက်ခံကျင့်သုံးနေကြဆဲဖြစ်သည့် တောင်ပေါ်ဒေသများတွင် အများဆုံးတွေ့ရပြီး အင်္ဂလိပ်ခေတ် ကျင့်သုံးခဲ့သည့်စနစ်များနှင့် အစိုးရ၏ မြေယာစီမံခန့်ခွဲမှုစနစ်များကို ပူးတွဲကျင့်သုံးမှု အားအနည်းဆုံး ဖြစ်သည်။ ဗဟိုပြည်ထောင်စုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်မရှိဘဲ ကိုယ်ပိုင်စနစ်များဖြင့်သာ စီမံအုပ်ချုပ်လျှက်ရှိသည့် နယ်မြေဒေသများတွင် ရိုးရာဓလေ့ ထုံးတမ်းစနစ်များကိုသာ ဆက်လက် ကျင့်သုံးနေကြဆဲဖြစ်သည်။ အဆိုပါဓလေ့ ထုံးတမ်းများမှာ တရားဝင် ရေးသားပြဌာန်းထားသည့်

ဥပဒေများထက် ရိုးရာဓလေ့များအပေါ်တွင်သာ အခြေခံထားကြသည်ဖြစ်ရာ မြေယာအား မည်သို့အသုံးပြုရမည်၊ မြေယာအသုံးပြုမှုဆိုင်ရာ ဆုံးဖြတ်ချက်များအား မည်သို့ချမှတ်ရမည်တို့နှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြတ်သားစွာ ချမှတ်ထားကြသည်။

အင်္ဂလိပ်ခေတ်၌ မြေယာစီမံခန့်ခွဲမှုများကို ရိုးရာဓလေ့ထုံးတမ်းအရ တင်မြှောက်ထားသည့် ခေါင်းဆောင်များမှတစ်ဆင့် သွယ်ဝိုက်သောနည်းဖြင့် ပြုလုပ်တတ်ကြသည်။ ထိုကဲ့သို့ တစ်ဆင့်ခံစီမံခန့်ခွဲမှုပုံစံများသည် ဓလေ့ထုံးတမ်းစနစ်များကို နည်းလမ်းတစ်မျိုးဖြင့် အသိအမှတ်ပြုထားတတ်ကြသည်။ မြန်မာနိုင်ငံအတွင်း ချင်းဂိုသေသတိုင်း အထူးအုပ်ချုပ်ရေးဥပဒေ ၁၈၉၆ နှင့် ကချင်တောင်တန်းဒေသ အုပ်ချုပ်ရေးဥပဒေ ၁၈၉၅ တို့သည် အစိုးရမှကျင့်သုံးနေသော စနစ်များနှင့် မတူကွဲပြားသည့် ဓလေ့ထုံးတမ်းစနစ်များ မည်သို့ ပူးတွဲ ကျင့်သုံးကြသည်တို့အတွက် အကောင်းဆုံး သာဓကများပင်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း တောင်ပေါ်ဒေသနှင့် နယ်စပ်ဒေသများတွင် အင်္ဂလိပ်ခေတ်နောက်ပိုင်းတွင်လည်း ရိုးရာဓလေ့ ထုံးတမ်းစနစ်များကို ဆက်လက်ကျင့်သုံးလျှက်ပင် ရှိနေကြသည်။

မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများ၌ ရေရှည်တည်တံ့ပြီး၊ ခွင့်တူညီမျှမှုရှိသည့် တိုးတက်ကြွယ်ဝမှုများ ရှိလာစေရေးအတွက် ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုစနစ်များအား ကာကွယ်ပေးနိုင်ရေးသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျှက်ရှိနေကြောင်းကို မကြာသေးမီသောနှစ်များအတွင်းက ပိုမို၍ အသိအမှတ်ပြု လက်ခံလာကြသည်။ အမျိုးသားအဆင့် မြေယာအသုံးချရေးမူဝါဒတွင် ရိုးရာဓလေ့အရ မြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုနိုင်ရေးအတွက် အခြေခံမူများ ထည့်သွင်းလာသည့်တိုင် အစိုးရဘက်မှ အသိအမှတ်ပြုမှုများမှာ နည်းပါးနေသေးသည်။ ရိုးရာဓလေ့အတိုင်း လက်ခံကျင့်သုံးနေသည့် မြေယာနှင့် သယံဇာတစီမံခန့်ခွဲမှုတို့အား အသိအမှတ်ပြုရေးသည် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု ယူဆသူများရှိသကဲ့သို့ နိုင်ငံတော်၏အချုပ်အခြာအာဏာအတွက် ခြိမ်းခြောက်မှုဟု သုံးသပ်သူများလည်း ရှိနေကြပြန်သည်။ မည်သို့ဆိုစေ နိုင်ငံအတွင်းရှိ မတူကွဲပြားသည့် လူမျိုးစုများ၏ အကျိုးစီးပွားကို ရှေးရှု၍ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် အားပြိုင်မှုများဖြေလျှော့ခြင်းတို့ကို နှစ်ဖက်စလုံးမှ ကြိုးပမ်းဖော်ဆောင်သွားကြရေးသည် မဖြစ်မနေ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များပင်ဖြစ်သည်။

## ၂ - ၂ လက်ရှိဥပဒေမူဘောင်အတွင်းရှိ ရိုးရာမြေလုပ်ပိုင်ခွင့်

ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ တရားဝင်အသိအမှတ်ပြုမှု မရှိထားခြင်းကြောင့် နယ်မြေဒေသအများစုသည် အစိုးရ၏ မြေယာသိမ်းဆည်းမှုများနှင့် စီးပွားရေးလုပ်ငန်းများ၏ ခြိမ်းခြောက်မှု အန္တရာယ်များနှင့် ရင်ဆိုင်နေရသည်။ နိုင်ငံ၏ပွင့်လင်းလာမှုနှင့်အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် မြင့်မားလာခြင်းကလည်း စိုက်ပျိုးရေးကဏ္ဍနှင့် အခြားသော သယံဇာတထုတ်ယူရေး စီမံကိန်းကြီးများ အကောင်အထည်ဖော်နိုင်ရေးတို့အတွက် ကုမ္ပဏီများမှ မြေယာများလျှောက်ထားရယူခြင်းကို မျက်နှာသာပေးလျှက်ရှိနေသည်။ ရိုးရာမြေလုပ်ပိုင်ခွင့်ကိုသာ ထိန်းသိမ်းလာခဲ့ကြသည့် တိုင်းရင်းသားတို့၏ မြေယာများမှာ လက်ရှိတည်ဆဲ ဥပဒေစနစ်များတွင် တိတိကျကျ အသိအမှတ်ပြုထားခြင်းမရှိသဖြင့် လက်လွှတ်ဆုံးရှုံးရမည့် အခြေအနေများနှင့် ရင်ဆိုင်နေရသည်။ ဥပမာဆောင်ရလျှင် ရွှေ့ပြောင်းတောင်ယာစနစ်များကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ်သော်လည်းကောင်း သို့မဟုတ် သစ်တောနယ်မြေအဖြစ်သော်လည်းကောင်း မြေအမျိုးအစား မှားယွင်းစွာခွဲခြားသတ်မှတ်ခံထားရသည်။

### ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် မြေယာနှင့် သဘာဝသယံဇာတပစ္စည်းအားလုံး၏ ပင်ရင်း ပိုင်ရှင်ဖြစ်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားပြီး တစ်ဖက်တွင်လည်း ပုဂ္ဂလိက ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ကိုလည်း

အသိအမှတ်ပြုထားပေးသည်။ ဗြိတိသျှကိုလိုနီထံမှ လွတ်လပ်ရေးမရရှိမီ တစ်နှစ်က ပြဋ္ဌာန်းခဲ့သည့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်လည်း နိုင်ငံတော်သည် မြေအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟု ထည့်သွင်းဖော်ပြထားသည်။ လွတ်လပ်ရေး ရရှိပြီးသည့် အခါတွင်မူ နိုင်ငံတော်အစိုးရသည် မြေယာအားလုံးကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခဲ့ပြီး ၁၉၅၃ မြေယာများအား နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေဖြင့် မြေယာများပြန်လည်ခွဲဝေပေးခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၃၇ သည် ဌာနေတိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ မြေယာဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်မပြုထားခြင်းပင် ဖြစ်သည်ဟု မြန်မာနိုင်ငံမှ အဖွဲ့အစည်းအချို့က ဖွင့်ဆိုလျှက်ရှိသည်။ ထို့အပြင် မြေယာအားလုံးကို အစိုးရမှသာ ပိုင်ဆိုင်ခွင့်ရှိသည်ဟုလည်း အချို့က မှားယွင်းစွာ အဓိပ္ပါယ် ဖွင့်ဆိုနိုင်ကြသည်။ မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်မှာ နိုင်ငံတော် သို့မဟုတ် ပြည်သူလူထုဖြစ်သည်ဟူသော အချက်ကို နိုင်ငံအများအပြားက အတည်ပြု ပြဋ္ဌာန်းထားလေ့ရှိပြီး ထို့အတွက်ကြောင့်လည်း မြေယာလုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာ မပေါ်ပေါက်ခဲ့ကြပါ။ "နိုင်ငံတော်" နှင့် "နိုင်ငံတော်အစိုးရ" ဟူသော စကားရပ်နှစ်ခုအကြားတွင် နားလည်မှု ရောထွေးခြင်းကြောင့်သာ ဤပြဿနာမျိုး ပေါ်ပေါက်နေရခြင်း ဖြစ်သည်ဟု ဖွင့်ဆိုနိုင်ပါသည်။ မြေယာနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုတို့နှင့်ပတ်သက်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေမှစတင်ပြီး ပြင်ဆင်ရမည့် အချက်များစွာ ရှိနေသည်မှာ မှန်သော်ငြား အခြားသော မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်တို့အား ပြုပြင်ရေးဆွဲခြင်းဖြင့်လည်း ဦးစားပေးပြဿနာများကို ဖြေရှင်းပေးသွားနိုင်ပါသည်။

> ၃၇။ နိုင်ငံတော်သည် -
>
> (က) နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။
>
> (ဂ) နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်။

## လယ်ယာမြေဥပဒေ(၂၀၁၂)

> (၃) (က) လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ ဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများကို ဆိုသည်။

လယ်ယာမြေဥပဒေအရ တောင်သူလယ်သမားများသည် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် လျှောက်ထားရယူခြင်းဖြင့် လယ်ယာမြေပေါ်တွင် စိုက်ပျိုးလုပ်ကိုင်ခွင့်ကို ရရှိကြမည်ဖြစ်သည်။ လယ်သမားတစ်ဦးချင်းအနေဖြင့် အဆိုပါ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ(၇) ဟု ညွှန်းဆိုကြသည်)ကို အသုံးပြု၍ လယ်ယာမြေကို ဂယ်ယူခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးကမ်းခြင်းတို့ ပြုလုပ်နိုင်ပေသည်။ ခြုံငုံသုံးသပ်ရမည်ဆိုလျှင် ဤဥပဒေသည် မြေပြန့်ပိုင်းဒေသရှိ ပုဂ္ဂလိကပိုင် မြေယာစနစ်များအတွက်ကိုသာ အသုံးပြု နိုင်ပေသည်။ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇) ထုတ်ပေးမှုကိုလေ့လာကြည့်လျှင်လည်း တောင်ပေါ်ဒေသများထက် မြေပြန့်ဒေသများတွင်သာ ကျယ်ကျယ်ပြန့်ပြန့်နှင့် စည်းစနစ်ကျကျ လုပ်ကိုင်ခဲ့ကြသည်ကို တွေ့ရပါသည်။ ထို့အပြင် လယ်ယာမြေမှတ်ပုံတင်သည့်လုပ်ငန်းစဉ်မှာလည်း တစ်ဦးချင်း၏ ပုဂ္ဂလိက ပိုင်ဆိုင်မှုကိုသာ ခွင့်ပြုပေးထားသည်။ ရိုးရာဓလေ့ထုံးတမ်းအရ ကျင့်သုံးလာသည့် မြေယာစီမံ အုပ်ချုပ်မှုစနစ်များကို ဤဥပဒေတွင် ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။ တောင်ပေါ်ဒေသအချို့ရှိ လေ့ကားထစ် စပါးစိုက်ခင်းများကိုသာ ပုံစံ - ၇ များ အဓိကထား



ထုတ်ပေးခဲ့ပြီး အခြားသော ဓလေ့ထုံးတမ်း အရ စီမံခန့်ခွဲလျှက်ရှိသည့် မြေအမျိုးအစား အားလုံးကိုမူ အသိအမှတ်ပြုထားခြင်း မရှိသေးပေ။ အမြဲတမ်း တောင်ယာများနှင့်လှော်ကြံမျိုးများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးခြင်းဖြစ်စဉ်၏ ကြားခံ အဆင့်တစ်ခုအနေဖြင့် ပုံစံ - ၁၀၅ ထုတ်ပေးနိုင်မည့် အခြေအနေမျိုးကိုသာ အကောင်းဆုံးအဖြစ် မြင်တွေ့နေရသည်။

အခြားသော ပြဿနာကြီးတစ်ခုမှာ LUC အရ အသိအမှတ်ပြုပေးထားသည့် မြေယာလုပ်ပိုင်ခွင့်တွင် အသုံးပြုခွင့် များနှင့်ပတ်သက်၍ ထိန်းချုပ်ကန့်သတ်ထားသည့်အချက်များ ပါဝင်နေသည်။ သာဓကထုတ်ပြရလျှင် ပုံစံ(၇) အတွင်းတွင် "ဃ။ ခိုင်လုံသော အကြောင်းပြချက် မရှိဘဲ လယ်ယာမြေကိုလုပ်ထားခြင်း မပြုရ"ဟူ၍ အတိအလင်း ထည့်သွင်းပြဌာန်းပေး ထားသည်။ ဤအချက်သည် ရွှေ့ပြောင်းတောင်ယာများအတွက် အခက်အခဲတစ်ခုဖြစ်လာနိုင်ပါသည်။ ထို့အပြင် "ဓ။ လယ် ယာမြေကို မူလစိုက်ပျိုးလျှက်ရှိသော ရာသီသီးနှံအမျိုးအစားမှ နှစ်ရှည်ပင်အမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲ စိုက်ပျိုးခြင်းမပြုရ"ဟုလည်း ထည့်သွင်းဖော်ပြထားသေးသည်။

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ(၂၀၁၂)

မြေရိုင်းဆိုသည်မှာ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်းမရှိသော မြေကိုဆိုလိုပြီး၊ မြေလွတ်၊ မြေလပ်ဆိုသည် မှာ စိုက်ပျိုးလုပ်ကိုင်ခဲ့သော်လည်း စွန့်လွှတ်ထားသော မြေကိုဆိုလိုသည်။ ( ပုဒ်မ ၂ (င ၊ စ))

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတွင် ဖွင့်ဆိုထားသော "မြေလွတ်" နှင့် "မြေလပ်" သတ်မှတ် ချက်များအရ ရိုးရာဓလေ့အရ မြေယာပိုင်ဆိုင်မှု အထူးသဖြင့် ရွှေ့ပြောင်းတောင်ယာများမှာ သိမ်းဆည်းခံရမည့် အန္တရာယ် များနှင့် အကြီးအကျယ် ရင်ဆိုင်နေရသည်။ အလှည့်ကျ အနားပေး တောင်ယာစနစ်အရ လုပ်ထားသည့်မြေများမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတွင် ပါရှိသော ဖွင့်ဆိုချက်များအရ "မြေလွတ်" နှင့် အသုံးပြုခြင်းမရှိသော မြေများ ဟု မှတ်ယူနိုင်သည်ဖြစ်ရာ ပုဂ္ဂလိကတစ်ဦးချင်းပိုင်ဆိုင်မှုအဖြစ်သို့ တရားဝင် လွှဲပြောင်းပေးခံရနိုင်သည်။ ပြည်တွင်း၌ ရွှေ့ ပြောင်းနေရာချထား ခံရသူများ (IDPs) အနေဖြင့်လည်း နောင်တစ်ချိန်တွင် ပင်ရင်းနေရပ်သို့ ပြန်လည် အခြေချသည့်အခါ၌ ၎င်းတို့၏မြေယာများကို မြေလွတ်အဖြစ် သတ်မှတ်ပြီး အခြားသူများအား ခွဲဝေချထားပေးပြီးသည့်အဖြစ်မျိုးဖြင့်လည်း ရင်ဆိုင် ရနိုင်သောကြောင့် ဤဥပဒေသည် ၎င်းတို့အတွက် ပြဿနာများ ထပ်မံ ပေါ်ပေါက်နေဦးမည်ဖြစ်သည်။

> အခန်း (၁)၊ ပုဒ်မ ၂ (င)
>
> မြေလွတ်၊ မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူ လုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော၊ စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကိုဆိုသည်။

အခန်း (၁)၊ ပုဒ်မ ၂ (စ)

မြေရိုင်းဆိုသည်မှာ သစ်ပင်ဝါးပင် သို့မဟုတ်ချုံနွယ်များပေါက်ရောက်လျက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီအနေအထားအရ မြေမျက်နှာပြင်ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်းမရှိသောမြေဖြစ်သည့် မြေရိုင်းနှင့်တောရိုင်း မြေများကိုဆိုလိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓါတ်သတတ္တု တူးဖော်ခြင်းလုပ်ငန်း၊ အစိုးရကခွင့်ပြုထားသော ဥပဒေ နှင့် ညီညွတ်သည့် အခြားလုပ်ငန်းများလုပ်ကိုင်ရန် အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေ နှင့် အင်းအိုင်မြေများလည်း ပါဝင်သည်။

မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေသည် စီးပွားရေးလုပ်ငန်းရှင်များအား မြေယာများ ခွဲဝေချထားပေးနိုင်ရန် ဖန်တီးရေးဆွဲထားသည်ဖြစ်ရာ အကောင်အထည်ပေါ်လာသည့်အခါတွင် ကျေးလက်နေ တောင်သူလယ်သမားများအဖို့ အတိဒုက္ခနှင့် ကြုံတွေ့ကြရဦးမည်ဖြစ်သည်။ ပုဂ္ဂလိက ကုမ္ပဏီများသို့ အများဆုံး ခွဲဝေချထားပေးနိုင်သည့်ပမာဏမှာ ဧက ၅၀,၀၀၀ ဖြစ်နေချိန်တွင် ကျေးလက်နေ တောင်သူလယ်သမားများအား ခွင့်ပြုပေးမည့် အမြင့်ဆုံးပမာဏမှာ ၅၀ ဧကသာရှိသည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ ကုမ္ပဏီများသို့ ခွင့်ပြုပေးခဲ့သည့် မြေယာပမာဏ စုစုပေါင်းမှာ ဧက သုံးသန်းခန့်ရှိမည်ဟု ခန့်မှန်းရပြီး ၎င်းတို့အနက် ဧကတစ်သန်းခန့်မျှကိုသာ အမှန်တစ်ကယ် အသုံးပြုလုပ်ကိုင်လျက်ရှိကြသည်။

အခန်း ၄၊ ပုဒ်မ ၁၀ (က) (၁)

နှစ်ရှည်ပင်ဖြစ်ပါက တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီးသည့်ဧက၏ ၇၅ ရာခိုင်နှုန်းကို အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပြီး ဖြစ်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက် မပိုစေဘဲ စုစုပေါင်းဧက ၅၀၀၀၀ အထိ အကြိမ်ကြိမ် ခွင့်ပြုနိုင်သည်။ နိုင်ငံတော်အကျိုးအလို့ငှာ ခွင့်ပြုသင့်သောလုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၅၀၀၀ ထက်ပို၍ အမှန်တကယ် စိုက်ပျိုးနိုင်မည့် ဧကအား ခွင့်ပြုနိုင်သည်။

အခန်း ၄၊ ပုဒ်မ ၁၀ (က) (၂)

ဥယျာဉ်ခြံသီးနှံဖြစ်ပါက ဧက ၃၀၀၀ ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။

အခန်း ၄၊ ပုဒ်မ ၁၀ (က) (၃)

စက်မှုကုန်ကြမ်း ရာသီသီးနှံဖြစ်ပါက တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားသည့်ဧကကို ၇၅ ရာခိုင်နှုန်း အပြည့်အဝ လုပ်ကိုင် ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၅၀၀၀ ထက် မပိုစေဘဲ စုစုပေါင်း ဧက ၅၀၀၀၀ အထိ အကြိမ်ကြိမ် ခွင့်ပြုနိုင်သည်။ နိုင်ငံတော်အကျိုးအလို့ငှာ ခွင့်ပြုသင့်သောလုပ်ငန်း ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၅၀၀၀ ထက်ပို၍ ခွင့်ပြုနိုင်သည်။

အခန်း ၄၊ ပုဒ်မ ၁၀ (က) (၄)

ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် ၅၀ ဧကထက် မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည်။

ခွင့်ပြုချထားပေးသော မြေဧရိယာများတွင် ဒေသခံများမှ ပိုင်ဆိုင်လုပ်ကိုင်လျှက်ရှိသည့် မြေယာများကို ထည့်သွင်းတွက်ချက်ခြင်းမပြုရဟူသော ပြဌာန်းချက်မျိုးကိုလည်း မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေးဥပဒေတွင် ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေးဥပဒေအရ ခွင့်ပြုချထားပေးသည့် မြေဧရိယာတွင် ဒေသခံများ၏ မြေယာများ မှားယွင်းစွာပါဝင်သွားခဲ့မိပါက ကုမ္ပဏီများနှင့် ဒေသခံတို့အကြား ပေါ်ပေါက်လာမည့် အငြင်းပွားမှုများအား ဖြေရှင်းပေးရန်၊ မကျေနပ်ချက်များအား ညှိနှိုင်းပေးနိုင်ရန်တို့အတွက် အနှောင်အဖွဲ့ကင်းသည့် တရားဝင်ဖြေရှင်းပေးနိုင်အမည့် ယန္တရားများကိုလည်း ထည့်သွင်းထားခြင်း မရှိပေ။

> အခန်း ၈၊ ပုဒ်မ ၂၅ (က)
>
> မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူက လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဒေသခံတောင်သူ လယ်သမားများနှင့် အငြင်းပွားခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများ ပြုလုပ်ခံရကြောင်း တင်ပြလာလျှင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဦးစွာ ညှိနှိုင်းပေးရမည်။
>
> အခန်း ၈၊ ပုဒ်မ ၂၅ (ခ)
>
> မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးသော မြေဧရိယာ အပေါ်တွင် ယခင်ကတည်းက လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးမြေများပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့် ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ယင်းတို့၏ ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရမည်။
>
> အခန်း ၈၊ ပုဒ်မ ၂၅ (ဂ)
>
> မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးသော မြေဧရိယာ အပေါ်တွင် ယခင်ကတည်းက လုပ်ကိုင်ခွင့်ရရှိထားပြီးသော တောင်သူလယ်သမားများ ရှိပါက ၎င်း တို့နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရမည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများသည် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန မှ ဦးဆောင်မှုဖြင့် ဝန်ကြီးဌာနများအချင်းချင်း ဖွဲ့စည်းထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီမှ စီမံခန့်ခွဲလျက်ရှိသည်။ ထိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းများ၊ ဓါတ်သတ္တု တူးဖော်ခြင်း လုပ်ငန်းများနှင့် တရားဝင်ခွင့်ပြုထားသော အခြားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းများကို ပြည်နယ်နှင့် တိုင်းအသီးသီးရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

မည်သူမှ မည်ကဲ့သို့ကြီးကြပ်ရမည်ကို တိကျသော အချက်အလက်ဖော်ပြထားခြင်းမရှိဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေသည် ဗဟို ကော်မတီအား လုပ်ပိုင်ခွင့်အာဏာများစွာ ပေးထားသကဲ့သို့ ဖြစ်နေသည်။

## သစ်တောဥပဒေ(၁၉၉၂)၊ သစ်တောနည်းဥပဒေများ(၁၉၉၅)နှင့် အစုအဖွဲ့ပိုင် သစ်တောများဆိုင်ရာ ညွှန်ကြားချက်များ(၁၉၉၅၊၂၀၁၆ တွင် ပြန်လည်ပြင်ဆင်သည်)

မြန်မာနိုင်ငံ၏ စုစုပေါင်း မြေယာပမာဏအနက် ၃၀%ခန့်ကို သစ်တောမြေဟု သတ်မှတ်ထားပြီး သဘာဝ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) ၏ စီမံခန့်ခွဲမှုအောက်တွင် တည်ရှိနေပါသည်။ အဆိုပါ သစ်တောမြေကို အမြဲတမ်းသစ်တောနယ်မြေ(PFE)၏ တစ်စိတ်တစ်ပိုင်းအဖြစ်လည်း မှတ်ယူထားသည့်အပြင် ကြိုးပြင်

ကာကွယ်တော၊ သစ်တောကြိုးဝိုင်းများ သို့မဟုတ် သဘာဝနယ်မြေများအဖြစ် အမျိုးအစား ခွဲခြားသတ်မှတ်ထားသည်။ ကြိုးပြင်တောများကို သစ်ထုတ်လုပ်ရေးအတွက် အသုံးပြု လျက်ရှိပြီး သစ်တောကြိုးဝိုင်းများကိုမူ ပြည်တွင်းအသုံးပြုမှုများအတွက် ခွဲဝေချထားပေးသည်။ သဘာဝ နယ်မြေများကိုမူ ပြုစုထိန်းသိမ်းမှုအတွက် အထူးကြပ်မတ်၍ ကာကွယ်ပေးလျက်ရှိသည်။

ဇယား ၁ - အမြဲတမ်းသစ်တောနယ်မြေ(PFE) အတွင်းရှိ သစ်တောအမျိုးအစားများ

| အမျိုးအစား တရားဝင်ခွဲခြား သတ်မှတ်မှု | ဧရိယာ (စတုရန်းကီလိုမီတာ) | တစ်နိုင်ငံလုံးရှိ မြေဧရိယာ၏ ရာခိုင်နှုန်း |
|---|---|---|
| သဘာဝသစ်တောနယ်မြေ (PA) | 38,906 | 5.75 |
| ကြိုးပြင်ကာကွယ်တော (RF) | 120,236 | 18.0 |
| ကြိုးဝိုင်းတော (PPF) | 47,492 | 6.05 |
| အမြဲတမ်းသစ်တောနယ်မြေ ဧရိယာ စုစုပေါင်း (PFE) | 206,634 | 29.80 |

*ရင်းမြစ် - စီမံကိန်းရေးဆွဲရေးနှင့် စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ။ မြန်မာနိုင်ငံ ဇီဝမျိုးကွဲများဆိုင်ရာ အမျိုးသားအဆင့် နည်းဗျူဟာ*

ဤကဲ့သို့ သစ်တောစီမံခန့်ခွဲမှုစနစ်များမှာ သစ်ထုတ်လုပ်ရေးနှင့် ထိန်းသိမ်းရေးတို့အတွက် သစ်တောများအား နိုင်ငံတော်မှသာ ပိုင်ဆိုင်သည်ဟူသော အယူအဆများအပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်။ သစ်တောကြိုးဝိုင်းပြင်ပတွင် ပေါက်ရောက်နေသည့် သစ်ပင်များသည်လည်း MONREC ၏ စီမံခန့်ခွဲမှုအောက်တွင်သာ ရှိနေသည်။ ကျွန်းသစ်အပါအဝင် ကန့်သတ်ထားသည့် သစ်တောထွက်ကုန်များကို အစိုးရ၏ခွင့်ပြုချက်ဖြင့်သာ ထုတ်ယူသုံးစွဲခွင့်ရှိသည်။

အမြဲတမ်းသစ်တောနယ်မြေဆိုသည်မှာ စီမံအုပ်ချုပ်မှုဆိုင်ရာ အမျိုးအစား ခွဲခြားသတ်မှတ်မှုတစ်ခုသာဖြစ်ပြီး သစ်တောနယ်မြေပြင်ပတွင်လည်း သစ်ပင်များ ပေါက်ရောက်လျက်ရှိသည့်အပြင် စိုက်ပျိုးမှုဧရိယာများကိုလည်း ထိုနယ်မြေအတွင်း၌ပင် တွေ့ရှိနိုင်ပေသည်။ ရိုးရာဓလေ့အရ စီမံခန့်ခွဲလျက်ရှိသည့် မြေယာများ အထူးသဖြင့် ရွှေ့ပြောင်းတောင်ယာများ၊ ဘာသာရေးယုံကြည်မှုအရ အထွတ်အမြတ်ထားသည့် သစ်တောများနှင့် ကျေးရွာမှစီမံခန့်ခွဲလျက်ရှိသည့် သစ်တောများမှာလည်း အမြဲတမ်းသစ်တောနယ်မြေအတွင်းမှာပင် ကျရောက်နေပေသည်။ အိမ်မြေ ၅၀ နှင့်အထက်ရှိပြီး ဒေသတစ်ခုတွင် သမိုင်းကြောင်းချီ၍ နေထိုင်လာခဲ့ကြသည့် ကျေးရွာများအနေဖြင့် ကျေးရွာမြေဂရန်များ လျှောက်ထားရယူနိုင်သည်ဟု ၂၀၁၃ ခုနှစ်တွင် အစိုးရက တရားဝင်ကြေငြာချက်တစ်ရပ် ထုတ်ပြန်ပေးခဲ့သည်။ အဆိုပါ ကျေးရွာများအတွင်းရှိ အမြဲတမ်း လယ်ယာမြေများကိုလည်း သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးမည်ဖြစ်ရာ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်များကိုလည်း လျှောက်ထားရယူနိုင်ကြတော့မည်ဖြစ်သည်။ ရွှေ့ပြောင်းတောင်ယာများမှာမူ သစ်တောကြိုးဝိုင်း ဧရိယာအတွင်းတွင်သာ ဆက်လက်တည်ရှိနေဦးမည်ဖြစ်ရာ အစုအဖွဲ့ပိုင်သစ်တော ထူထောင်ခွင့်လက်မှတ်အားဖြင့် အသိအမှတ်ပြုခံရနိုင်ရေးအတွက် စိုက်ပျိုးမှု ရောနှောသစ်တောများအဖြစ် ပြောင်းလဲသင့်သည်ဟု အစိုးရဘက်မှ အကြံပြုတိုက်တွန်းထားသည်။

တည်ဆဲပြည်တွင်းဥပဒေများအရ သစ်တောဧရိယာအတွင်း၌ ကျေးရွာအစုအဖွဲ့ပိုင်အဖြစ် အသိအမှတ်ပြုခံရနိုင်ရေးအတွက် လျှောက်ထားရာတွင် အများစုအသုံးပြုနေကြသည့်နည်းလမ်းမှာ ၁၉၉၅ ခုနှစ်အတွင်းက ထုတ်ပြန်ခဲ့သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ ညွှန်ကြားချက်များ (CFI) ပင်ဖြစ်သည်။ CFI အရ ကျေးရွာအစုအဖွဲ့များသည် သက်တမ်းအားဖြင့် နှစ် ၃၀ ရှိပြီး ထပ်မံ၍သက်တမ်းတိုးနိုင်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ်များကို လျှောက်ထားရယူနိုင်ကြမည်ဖြစ်သည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအဖြစ် လျှောက်ထားမှုများမှာ ၂၀၁၆ ခုနှစ်တွင် ၈၄၀ အထိရှိလာပြီး ပမာဏအားဖြင့် ၈၃၂၀၄ ဟက်တာဖြစ်သည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော

(CF) တည်ထောင်မှုကို အားပေးသည့်အနေဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်းဆိုင်ရာ ညွှန်ကြားချက်များကို ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပြီး ဥပဒေကြောင်းအရ အသိအမှတ်ပြုမှုများ ပိုမိုခိုင်မာလာစေရေးအတွက် ထပ်မံထည့်သွင်းနိုင်ရန် သစ်တောဥပဒေ ပြင်ဆင်ချက်ကို စောင့်ဆိုင်းလျှက်ရှိသည်။ ပြန်လည်ပြင်ဆင်ရေးဆွဲမည့် ဥပဒေအသစ်တွင် အဓိကပြောင်းလဲမှုများအနက်မှ တစ်ခုအဖြစ် အစုအဖွဲ့ပိုင် သစ်တောများနှင့် ဆက်စပ်နေသည့် အစုအဖွဲ့ပိုင်လုပ်ငန်းများ တည်ထောင်ခြင်းကို ခွင့်ပြုမှုလည်း ပါဝင်လာမည်ဖြစ်သည်။ ကျေးလက်ဒေသ သက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သစ်တောထွက်ကုန်များ၏ စီးပွားရေးအရ အရေးပါပုံကို အသိအမှတ်ပြုခွင့်ပြုလာရေး အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများအားဖြင့် အထောက်အကူပြုနိုင်ရေးတို့အတွက် ဤပြောင်းလဲမှုများ ကို ရည်ရွယ်ထားခြင်းဖြစ်သည်။

သစ်တောများအား ရိုးရာဓလေ့အတိုင်း စီမံခန့်ခွဲရေးကိုမူ CF တွင် အသိအမှတ်ပြုထည့်သွင်းထားခြင်း မရှိပေ။ အချို့သော ကျေးရွာအစုအဖွဲ့များ အတွက်မူ ၎င်းတို့၏ သစ်တောများအား သိမ်းဆည်းခံရခြင်း၊ သစ်ထုတ်ယူသွားခြင်းတို့မှ ကာကွယ်ရာတွင် ဤနည်းလမ်းက အသုံးဝင်ကြောင်း တွေ့ရသည်။ သို့သော် ရိုးရာဓလေ့အရ မြေယာထိန်းသိမ်းမှုစနစ် အားကောင်းသည့် နေရာများတွင်မူ CF သည် လက်ရှိကျင့်သုံးနေဆဲဖြစ်သော စနစ်များနှင့်ကွဲလွဲနေခြင်းများကြောင့် ရေရှည်တည်တံ့သည့် သစ်တောစီမံခန့်ခွဲမှုများကို ယုတ်လျော့စေသည်ဟုလည်း ယူဆထားကြသည်။ ရွှေ့ပြောင်းတောင်ယာများ ပျောက်ကွယ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ရွှေ့ပြောင်းတောင်ယာများအပေါ်တွင် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနေခြင်းများကြောင့် CF သည် ရိုးရာဓလေ့အရ မြေယာပိုင်ဆိုင်မှုစနစ်များနှင့် ကျေးလက်ဒေသ သက်မွေးဝမ်းကျောင်း ပြဿနာများကိုလည်း ထပ်မံဖန်တီးလာနိုင်သည်ဟုလည်း ဝေဖန်နေကြသည်။

မိမိတို့၏ သစ်တောပိုင်ဆိုင်မှုများကို ကာကွယ်ရာတွင် CF သည် အသုံး တည့်သည့် နည်းလမ်းတစ်ခု ဖြစ်သည်ဟု ယုံမှတ်ထားသူများရှိနေကြသော်ငြား ရိုးရာဓလေ့အရ သစ်တောများအား ထိန်းသိမ်းနိုင်ရေးအတွက် ထိရောက်သော အသိအမှတ်ပြုမှုများ အမှန်တစ်ကယ်ရရှိလာမည့် ထိရောက်သော ယန္တရားတစ်ခု ပေါ်ပေါက်လာရေးအတွက်ကိုမူ လိုအပ်ချက်များ



ရှိနေပါသေးသည်။ CF လုပ်ပိုင်ခွင့်လက်မှတ်များကို သစ်တောအား သုံးစွဲကြမည့် အဖွဲ့များသို့ ထုတ်ပေးထားခြင်း ဖြစ်သည်။ အဆိုပါ အဖွဲ့များ၏ ဖွဲ့စည်းတည်ဆောက်ပုံမှာ ရိုးရာမြေ အသုံးချမှု စနစ်များတွင်ပါရှိသော သစ်တောများအား မည်သူမှ ထုတ်ယူ သုံးစွဲနိုင်သည်၊ မည်သူက စီမံခန့်ခွဲခွင့်ရှိသည်ဆိုသော စည်းကမ်းသတ်မှတ်ချက်များနှင့်မူ ကိုက်ညီခြင်း မရှိပေ။ ထို့အပြင် CF အတွင်း ထည့်သွင်းရေးဆွဲထားသည့် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များရှိ ဖွဲ့စည်းတည်ဆောက်ပုံမှာလည်း ရိုးရာဓလေ့အရ ကျင့်သုံးသည့်စနစ်များတွင် ပါရှိသော သစ်တောစီမံခန့်ခွဲမှု အမျိုးမျိုးနှင့် ကွဲလွဲနေပြန်သည်။ တင်းကျပ်စွာ ကာကွယ်ထိန်းသိမ်းမှုများ၊ ရေဝေရေလဲဒေသ ကာကွယ်ထိန်းသိမ်းမှုများ၊ ဘာသာရေးအရ အသုံးပြုမှု၊ ရေရှည်တည်တံ့သည့် ထုတ်ယူသုံးစွဲမှု စသည်တို့ အပါအဝင် ရည်ရွယ်ချက်အမျိုးမျိုးအတွက် အမျိုးမျိုးသော သစ်တောစီမံခန့်ခွဲမှုများအား အသိအမှတ်ပြုခံရနိုင်ရေးအတွက် လိုက်လျောညီထွေ ပြုပြင်သတ်မှတ်နိုင်ခြင်းအားဖြင့် ဓလေ့ထုံးတမ်းအရ သစ်တောပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲမှုစနစ်များ အသိအမှတ်ပြုနိုင်မည့် CF ၏ အသုံးဝင်မှုများ ပိုမိုကောင်းမွန်လာနိုင်ပေမည်။

(၁၈) အသုံးပြုသူများအဖွဲ့၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည် -

(က) သစ်တောမရှိသည့် နေရာများတွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊
(ခ) သစ်တောများရှိ၍ သဘာဝနည်းဖြင့် ပြုစုပျိုးထောင်သင့်သည့် နေရာများတွင် သဘာဝနည်းဖြင့် ပြန်လည်ပြုစုပျိုးထောင်ခြင်း၊
(ဂ) မီးကာကွယ်ခြင်း၊
(ဃ) သစ်တောစိုက်ခင်းများ / သဘာဝတောများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် လိုအပ်သော ပြုစုပျိုးထောင်မှုများ ပြုလုပ်ခြင်း၊
(င) သစ်ပင်များကို ထိခိုက်ပျက်စီးစေသည့် စည်းကမ်းမဲ့ကိုင်းဖြတ်ခြင်း၊ လှဲခြင်း၊ အဆီထုတ်ခြင်း၊ သင်းသတ်ခြင်း၊ အခွံခွာခြင်း စသည်တို့မှ ကာကွယ်ခြင်း၊
(စ) သတ္တုတူးဖော်ခြင်း၊ ကျောက်၊ မြေနှင့် သဲတို့ တူးယူခြင်းတို့မှ ကာကွယ်ခြင်း၊
(ဆ) အခြားမြေ အသုံးချမှုများ ကျူးကျော်ဝင်ရောက်ခြင်းမှ ကာကွယ်ခြင်း၊
(ဇ) သစ်တောထွက်ပစ္စည်းများကို အလေအလွင့်မရှိစေရန် ထုတ်ယူ၍ စည်းကမ်းချက်များနှင့်အညီ သုံးစွဲခြင်း၊
(ဈ) ရေမြေတိုက်စားမှုနှင့် သဘာဝဂေဟနီးကျင် ပျက်စီးယိုယွင်းစေမှုတို့မှ ကာကွယ်ခြင်း၊
(ည) သစ်တောစိုက်ခင်း၊ ပထမခုတ်ပတ်ကာလ နောက်ပိုင်းမှစ၍ သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိမိတို့၏ အစီအစဉ်ဖြင့် မြေပြုပြင်ခြင်း၊ သစ်စေ့စုဆောင်းခြင်း၊ ပျိုးထောင်ခြင်း၊ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း၊
(ဋ) အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်တွင် ဖော်ပြပါရှိသည့် ပြဌာန်းချက်များကို တိကျစွာ အကောင်အထည်ဖော်ခြင်း၊

(၁၉) တားမြစ်သောလုပ်ငန်းများ - အသုံးပြုသူများအဖွဲ့၏ မည်သည့်အဖွဲ့ဝင်မျှ အောက်ဖော်ပြပါ လုပ်ငန်းတို့ကို လုပ်ကိုင်ခြင်းမပြုရ -

(က) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအတွက် ခွင့်ပြုမြေကို အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်၌ ဖော်ပြထားသည့် ကိစ္စများမှလွဲ၍ အခြားကိစ္စရပ်များ/လုပ်ငန်းများအတွက် သုံးစွဲခြင်း၊
(ခ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောကို အမွေဆက်ခံခြင်းမှတစ်ပါး ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် လွှဲပြောင်းပေးခြင်း၊
(ဂ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအတွင်း သတ္တုတူးဖော်ခြင်းကဲ့သို့သော သစ်တောပျက်စီးပြုန်းတီးစေသည့် လုပ်ငန်းများ လုပ်ကိုင်ခြင်း၊
(ဃ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောကာကွယ်ထိန်းသိမ်းရေးအတွက် မဟုတ်သော အိမ်များ၊ အဆောက်အဦများ သို့မဟုတ် တဲများ ဆောက်ခြင်း၊
(င) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအတွက် ခွင့်ပြုမြေကို သီးနှံသစ်တော ရောနှောခြင်းမှအပ ဥယျာဉ်ပြုလုပ်ခြင်း၊ သို့မဟုတ် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း၊

ဦးစံသိန်းနှင့် Mr. Diepart JC တို့၏ သုတေသန အစီရင်ခံစာတွင် မမြိတမ်းသစ်တောမဟုတ်သောနယ်မြေနှင့် မြေရှိင်းတို့၏ အားပြိုင်မှုအား အောက်ပါအတိုင်း တွေ့ရှိရပါသည်။

အမြဲတမ်းသစ်တောနယ်မြေအတွင်း ကျရောက်ခြင်းမရှိသည့် သစ်တောမြေများကို ကြိုးပိုင်းတောဟု ခေါ်ဝေါ်

သုံးစွဲကြပြီး သို့မဟုတ် တစ်ခါတရံတွင် အမျိုးအစားသတ်မှတ်ထားခြင်းမရှိသောသစ်တော၊ တောရိုင်းမြေ သို့မဟုတ် မြေလွတ်မြေရိုင်းဟုလည်း သတ်မှတ်တတ်ကြသည်။ ထိုကဲ့သို့သော မြေအမျိုးအစားများသည် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အထူးသဖြင့် သစ်တောဦးစီးဌာန၏ စီမံခန့်ခွဲမှုအောက်သို့ ရောက်ရှိလာသည်။ ၁၉၉၂ ခုနှစ်တွင် အတည်ပြုပြဌာန်းခဲ့သည့် သစ်တောဥပဒေအရ အဆိုပါမြေအမျိုးအစားကို "အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော" သစ်တောမြေများဟု သတ်မှတ်ထားကြသည်။ ထိုသို့သတ်မှတ်ခဲ့ခြင်းကြောင့်လည်း ကြိုးပိုင်းတောဟု သတ်မှတ်မထားသော်ငြား၊ ကြိုးပြင်ကာကွယ်တော သို့မဟုတ် သဘာဝသစ်တောနယ်မြေဟု မကြေငြာထားသော်ငြားလည်း သစ်တောမြေ မှန်သမျှကို သိမ်းကျုံးထည့်သွင်းထားခြင်းဖြစ်သည်။ ပုံသေသတ်မှတ်ထားသော မြေအမျိုးအစားလည်း ဖြစ်ပေသည်။ သို့သော် အမှန်တစ်ကယ် မြေပြင်၌မူ အလှည့်ကျအနားပေးတောင်ယာစနစ်၏ စိုက်ပျိုးနေဆဲ မြေများသည်လည်း ပါဝင်သွားခဲ့သည်။ ကြိုးပိုင်းတောများသည် ၁၉၉၂ သစ်တောဥပဒေတွင် အကျုံးဝင်နေသကဲ့သို့ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေတွင်လည်း မြေလွတ်မြေရိုင်းဟူ၍ ထည့်သွင်းသတ်မှတ်ထားရာ (သစ်တောများပေါက်ရောက်သည်ဖြစ်စေ မပေါက်ရောက်သည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးထားခြင်း မရှိသော မြေသစ်များ၊ တောရိုင်းမြေများကို မြေလွတ်မြေရိုင်းဟုခေါ်သည်။ [ပုဒ်မ ၂(စ)]) ကြိုးပိုင်းသစ်တောများအား စီရင်ဆုံးဖြတ်ပိုင်ခွင့်ဆိုင်ရာ စီမံခန့်ခွဲမှုများသည် ပြဿနာပေါင်းများစွာကို ဆောင်ကြဉ်းလာခဲ့ပေသည်။

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၆)

၂၀၁၆ ခုနှစ်တွင်ထုတ်ပြန်သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသည် ၂၀၁၂ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ၂၀၁၂ နိုင်ငံခြားသားရင်နှီးမြှုပ်နှံမှုဥပဒေနစ်ရပ်ကို ပေါင်းစည်းပြဌာန်းလိုက်ခြင်းဖြစ်ပါသည်။ စီမံကိန်းအားလုံးသည် (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်း/နည်းဥပဒေ၏ ပုဒ်မ ၂၂၆)ကို အားလုံး လေးစားလိုက်နာရမည်ဖြစ်သည်။ သို့သော်ရင်းနှီးမြှုပ်နှံမှု အားလုံးအတွက် MIC မှ ခွင့်ပြုချက်မလိုပါ။ ခွင့်ပြုချက်ရရှိရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က (MIC) မှ ဆုံးဖြတ်ပြီး အကြီးစားစီမံကိန်းများ သဘာဝပတ်ဝန်းကျင်နှင့် လူ့အသိုင်းအဝိုင်းကို အထိအခိုက်များသည့် စီမံကိန်းများသည် စီမံကိန်းလုပ်ခွင့်ရရန် MICမှ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်သည်။ ဤအခြေအနေတွင် ရင်းနှီးမြှုပ်နှံသူသည် MIC သို့ စီးမံကိန်းလုပ်ခွင့်လျှောက်လွှာ(Proposal) တင်ရမည်ဖြစ်သည်။ MIC သည် ခွင့်ပြုချက်ပေးနိုင်သလို စီမံကိန်းအခြေအနေပေါ်ကြည့်ပြီး ပယ်ဖျက်နိုင်သည်။ MIC မှယခုအချိန်ထိ လျှောက်လွှာများပယ်ဖျက်ခြင်း မရှိသေးသော်လည်း အများစုမှ "ကန့်ကွက်ချက်မရှိ"သည့်စာကို ရရှိပြီး ဥပဒေအရ လိုအပ်သော ခွင့်ပြုချက်အပြည့်အစုံ (Full permit) မဟုတ်ပါ။ အခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း MIC မှ ခွင့်ပြုမိန့်ပေးသည်။ ခွင့်ပြုမိန့်ရပြီဆိုလျှင် ရင်းနှီးမြှုပ်နှံသူများမှ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်မှု(EIA) သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လေးစားလိုက်နာမှုလက်မှတ်(ECC) လုပ်ထုံးလုပ်နည်းများကို ပြုလုပ်ရမည်ဖြစ်သည်။

အခန်း( ၁၀)　ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားသတ်မှတ်ခြင်း

ပုဒ်မ ၄၁ (ဂ) နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိခိုက်စေသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ

အခန်း (၁၆)　ရင်းနှီးမြှုပ်နှံသူများ၏လုပ်ငန်းတာဝန်ဝတ္တရားများ

ပုဒ်မ ၆၅ (က) နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်း၊ အစဉ်အလာ၊ ရိုးရာယဉ်ကျေးမှုတို့ကို လေးစားလိုက်နာရမည်။

ပုဒ်မ ၇၁ ရင်းနှီးမြှုပ်နှံသူသည် ၄င်းရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ရာတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားအလိုက် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီကျန်းမာရေးဆိုင်ရာ ဆန်းစစ်ချက်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုဆန်းစစ်ချက်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်တို့ကို ဆောင်ရွက်ရမည်။



ဤဥပဒေတွင် အာနည်းချက် အများအပြားရှိသော်လည်း ဤဥပဒေ၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်ဖြစ်သည်။ ဖြည့်စွတ်ပြောရပါလျှင် တာဝန်ရှိသူများမှ ဥပဒေတွင်ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေအရလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရန် အားနည်းနေသေးသည်။ သို့သော် ဒေသခံ ဌာနေတိုင်းရင်းသားများအတွက် အသုံးဝင်မည့် ဤဥပဒေတွင်ဖော်ပြထားသော ပုဒ်မအချို့ကို ဖော်ပြလိုက်ပါသည်။ ၎င်း ပုဒ်မများတွင် ဌာနေတိုင်းရင်းသားများ ရိုးရာဓလေ့၊ ယဉ်ကျေးမှုများကို လည်း စဉ်းစားရန် နှင့် လူနှင့် ပတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်မှုများကို ရင်းနှီးမြှုပ်နှံသူများဖက်မှ ပြုလုပ်ရမည့်ဟုလည်း ဖော်ပြထားသည်။

## တရားဝင်မြေအမျိုးအစားများ၊ ပြဌာန်းခွင့်နှင့် အခွင့်အာဏာများ

မြန်မာနိုင်ငံတွင် သက်ဆိုင်ရာဌာနများ၏ စီမံအုပ်ချုပ်ပိုင်ခွင့်အလိုက် မြေအမျိုးအစား ၂၂ မျိုး သတ်မှတ်ထားပါသည်။ ၎င်းမြေအမျိုးအစားများကို ကြည့်လျှင်အဓိကအားဖြင့် အုပ်စု သုံးစု တွေ့ရှိနိုင်မည်ဖြစ်သည်။


- စိုက်ပျိုးရေးမြေ ( လယ်မြေ၊ ယာမြေ၊ မြေနုကျွန်းမြေ၊ ဥယာဉ်ခြံမြေ၊ ရွှေ့ပြောင်းတောင်ယာမြေ)
- သစ်တောမြေနှင့် အခြားဟင်းသီးဟင်းရွက်မြေ ( ကန့်သတ်နေမြေ၊ ကြိုးဝိုင်းသစ်တော၊ ကြိုးပြင်သစ်တော နှင့် မြေလပ်၊ မြေလွတ်၊ မြေရိုင်းမြေများ)
- စိုက်ပျိုး၍ ရသည့်မြေ သို့မဟုတ် စိုက်ပျိုး၍ မရသည့်မြေများ အားလုံးပါဝင်သတ်မှတ်ထားသည်။

အဓိကဖြစ်သော ဝန်ကြီးဌာနသုံးခုမှ မြေယာအသုံးပြုမှုပေါ်တွင် တိုက်ရိုက်စီရင်ပိုင်ခွင့်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOALI)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ပြည်ထဲရေး ဝန်ကြီးဌာနတို့ ဖြစ်သည်။

သို့သော် ဦးစံသိန်းနှင့် Mr. Diepart JC ၏ သုတေသနအစီရင်ခံစာ (2018) တွင်ဖော်ပြချက်အရ၊ မြန်မာနိုင်ငံတွင် မြေယာအမျိုးအစားခွဲရာတွင် အခက်အခဲ ဖြစ်ပေါ်စေသည့် အကြောင်းပြချက်သုံးခုရှိသည်။

- နိုင်ငံအတွင်ယခုလက်ရှိဥပဒေမူဘောင်ထဲမှ မြေအမျိုးမျိုးခွဲခြားရာတွင် မကြာခဏဆိုသလို ညှိဖျင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုကြသည်။
- မြေယာခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းတို့နှင့်ဆက်စပ်၍ဥပဒေဟောင်းများနှင့် ရှုပ်ထွေးသည့် ဥပဒေများလည်း ရှိသည်။ ထိုကိစ္စရပ်များကြောင့် မြေအရင်းအမြစ် စီမံခန့်ခွဲရန်အတွက် ခက်ခက်ပြီး ရှုပ်ထွေးစေပါသည်။
- အစိုးရမှ ထုတ်ပြန်ထားသည့်မြေပုံများနှင့် မြေပြင်တွင် ဒေသခံများအသုံးပြုသည့်မြေမှာ ကြီးမားစွာ ခြားနား မှုများရှိနေသည်။

## မြေယာအသုံးပြုမှုနှင့် တာဝန်ရှိအဖွဲ့အစည်းများ



## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

လယ်ယာမြေဆိုင်ရာမူဝါဒ၊ မြေယာအသုံးချမှုအစီစဉ်၊ ရေအရင်းအမြစ်များနှင့် ဆည်မြောင်းတို့အပါအဝင် မြေယာစီမံအုပ်ချုပ်မှုအတွက် MOALI သည် အဓိကအရေးပါသော ဝန်ကြီးဌာနဖြစ်သည်။ MOALI အောက်တွင် မြေယာစီမံအုပ်ချုပ်ခြင်းတာဝန်များယူထားသည့် ဦးစီးဌာနသုံးခုရှိပြီး ၎င်းတို့မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (DALMS)၊ ဆည်မြောင်းဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ဖြစ်သည်။

## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

DALMS ( ယခင်-ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)သည် မြေယာမှတ်ပုံတင်ခြင်းများအား ထိန်းသိမ်းရန်နှင့် မြေယာပိုင်ဆိုင်မှုပြမြေပုံများအား ထိန်းသိမ်းရန် တာဝန်ရှိသည်။ DALMS သည်လယ်ယာမြေအမျိုးအစား(၈)မျိုးအတွက် စီမံဆုံးဖြတ်ပိုင်ခွင့်ရှိပြီး အဆိုပါမြေများအတွက် မြေအသုံးပြုခွင့်လက်မှတ်(ပုံစံ-၇) ကိုလျှောက်ထားနိုင်သည်။ DALMS ၏ လုပ်ပိုင်ခွင့်အောက်တွင် အကျုံးဝင်သော မြေအမျိုးအစားဥပမာများမှာ-

၁။ လယ်မြေ( စပါးမြေ)

လယ်မြေဆိုသည်မှာ သဘာဝအရသော်လည်းကောင်း၊ လူတို့ဖန်တီးထားသော နည်းလမ်းအရသော်လည်းကောင်း၊ စိုက်ပျိုးရေးရယူပြီး ရေထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ထားသည့် စပါးသီးနှံ စိုက်ပျိုးသောမြေဖြစ်သည်။

၂။ ယာမြေ

ရာသီအလိုက်သီးနှံများအား စိုက်ပျိုးနိုင်ရန် မိုးရေကိုအဓိကအားထားနေရသော မြေ။

၃။ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်

ရေတို ဟင်းသီးဟင်းရွက်များအား စိုက်ပျိုးသောမြေ။ ဥပမာ - နံနံပင်

၄။ ကိုင်းကျွန်းမြေ

ရာသီအလိုက် ရေလွှမ်းမိုးခံရပြီး စိုက်ပျိုးရေးအတွက် အသုံးပြုသောမြေ။

၅။ တောင်ယာမြေ

မိုးရေအပေါ် အဓိကမှီခိုအားထားရပြီး ရာသီအလိုက် သီးနှံများစိုက်ပျိုးသော မြေ၊ တောင်ယာမြေကို DALMS မှ အမျိုးအစားနှစ်မျိုးခွဲခြားသတ်မှတ်ထားသည်။ (၁) အမြဲအတည်တကျ လုပ်ကိုင်စားသောက်နေသည့်တောင်ယာနှင့် အမြဲအတည်တကျမရှိဘဲ အလှည့်ကျ တောင်ယာမြေတို့ဖြစ်သည်။ အကယ်၍ မြေကို လှေ ကားထစ်စိုက်ပျိုးခြင်း သို့မဟုတ် အမြဲထွန်ယက်စိုက်ပျိုးနေလျှင် ၎င်းမြေသည် မြေအမျိုးအစား (၁) အောက်တွင် ပါရှိပြီး မြေအသုံးချမှုမှတ်ပုံတင် ပြုလုပ်နိုင်သည်။ သို့သော် ရွှေ့ပြောင်းတောင်ယာခလေ့ ရိုးရာမြေယာပိုင်ဆိုင်မှု အခွင့်အရေးကို ၂၀၁၂ မြေယာဥပဒေတွင် တရားဝင်သတ်မှတ်ထားခြင်းမရှိပါ။

၆။ နှစ်ရှည်သီးနှံမြေ

ရာဘာပင်၊ ဆီအုန်းပင်စသဖြင့် ရေရှည်စီပွားရေးအလို့ငှာ စိုက်ပျိုးကြသောမြေ။

၇။ ဓနိမြေ

ဓနိပင်များစိုက်ပျိုးထားသော/ပေါက်ရောက်နေသော မြေဖြစ်ပြီး ဒီရေလိုင်းများနှင့် ကြုံတွေ့ရသည်။

၈။ ဥယျာဉ်ခြံမြေ

ရေရှည် သစ်သီးပင်များစိုက်ပျိုးမြေ၊ ဥပမာ - သရက်ပင်နှင့် လိမ္မော်ပင်။

## ဆည်မြောင်းဦးစီးဌာန

ဆည်မြောင်းဦးစီဌာနသည် ဆည်/ရေကာတာများ၊ ဆည်မြောင်း/တူးမြောင်းများအား ကြီးကြပ်ကွပ်ကဲသည်။

ဆည်/ရေကာတာများနှင့် ဆည်မြောင်း/တူးမြောင်းများမြေ

စိုက်ပျိုးရေးဆိုင်ရာဆည်/ ရေကာတာများနှင့် ဆည် မြောင်း/တူးမြောင်းများအတွက် အသုံးပြုသောမြေ။

## ငါးလုပ်ငန်းဦးစီးဌာန

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးကန်များအား ကြီးကြပ်စောင့်ကြည့်ခြင်းပြုလုပ်သည်။

၁။ ငါးမွေးကန်မြေ

ဥပဒေအရ ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်ခွင့်ပြုသောမြေ ဂ. ၂၅ကေ(၁ ကေ၏ လေးပုံတစ်ပုံ ထက်ပိုကျယ်သော ငါးကန်မြေဖြစ်ပြီး ငါးနှင့်ပုစွန်များမွေးမြူသည့်မြေ။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC)

ယခင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနနှင့် သတ္တုတွင်းဦးစီးဌာနတို့ကို ပေါင်းစည်းပြီး ယခု MONREC ဟုခေါ်သည်။ MORNEC အောက်တွင် မြေယာစီမံအုပ်ချုပ်ရေးအတွက် အဓိက ကဏ္ဍကြီးနှစ်ရပ်ရှိသည်။

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တော၊

(၂) သတ္တုတွင်းတို့ဖြစ်သည်။

MOENEC ၏ သစ်တောဦးစီးဌာနနှင့် သတ္တုတွင်းဦးစီးဌာနတို့သည် မတူညီသောမြေအမျိုးအစားများအပေါ် စီမံပိုင်ခွင့်အာဏာရှိသည်။

## သစ်တောဦးစီးဌာန

သစ်တောဟုတ်မှတ်ချက်အောက်ရှိ ဧရိယာများတွင် သစ်တောဦးစီးဌာနက အဓိကတာဝန်ရှိသည်။

၁။ သစ်တောကာကွယ်ထိန်းသိမ်းရေးနယ်မြေ(PA)

ဇီဝမျိုးကွဲများ(ရှားပါးအပင်များနှင့် တိရိစ္ဆာန်များ)အား ထိန်းသိမ်း ကာကွယ်ပေးထားသည့် သစ်တောနယ်မြေဖြစ်သည်။ ဤတင်းကျပ်သော ထိန်းသိမ်းကာကွယ်ခြင်းအမျိုးအစားတွင် အမျိုးသားဥယျာဉ်များ၊ သဘာဝနှင့်တောရိုင်းတိရိစ္ဆာန်များ ထိန်းသိမ်းနယ်မြေနှင့် အခြားအကာကွယ် ထိန်းသိမ်းရေး နယ်မြေများ ပါဝင်သည်။ ဤနယ်မြေများတွင် ကာကွယ်ထိန်းသိမ်းရေး ရည်ရွယ်ချက်မှအပ အခြားရည်ရွယ်ချက်များခြင့် အရင်းအမြစ်များ အသုံးပြုခွင့် လုံးဝမရှိပါ။ (ဥပမာ - အင်းလေးကန်)

၂။ ကြိုးဝိုင်းသစ်တော(RF)

သစ်တောထုတ်ကုန်ထုတ်လုပ်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကာကွယ်ထိန်းသိမ်းထားသည့် သစ်တောမြေဖြစ်သည်။ ရေဝေရေလဲ ဒေသများစီမံခန့်ခွဲရန်၊ စီးပွားရေးဆိုင်ရာ သစ်လုပ်ငန်းများအား စီမံခန့်ခွဲရန်နှင့် ကျေးရွာများ သစ်အသုံးပြုနိုင်ရန်အတွက် စီမံခန့်ခွဲရန် ရည်ရွယ်ပြီး ကြိုးဝိုင်းသစ် တောဧရိယာတွင် ပါဝင်သည်။

၃။ ကြိုးပြင်ကာကွယ်တော(PFF)

ကြိုးဝိုင်းသစ်တောမဟုတ်သည့် ဧရိယာများတွင် သစ်ပင်များအားကာကွယ် ထိန်းသိမ်းရန်နှင့် ထိုဧရိယာများတွင် မြေအသုံးပြုမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရန်အတွက် ဤသစ်တောမြေ အမျိုးအစားသည် သစ်တောထိန်းသိမ်းရေး အခြားနည်းလမ်းတစ်ရပ်ဖြစ်သည်။ အခြားစကားလုံးများဖြင့် ဖော်ပြရမည် ဆိုပါလျှင် သစ်တောမြေများတွင် သစ်တောပြုန်းတီးမှု မဖြစ်ပေါ်စေရန် ချက်ချင်းကာကွယ်ပေးခြင်းပင်ဖြစ်သည်။ ဤ PFF သစ်တောမြေ အမျိုးအစားတွင် စီးပွားဖြစ်သစ်ထုတ်လုပ်မှု ပြုလုပ်နိုင်ခြေရှိသော်လည်း PFF သည် သစ်တောကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်သည်။ ဒေသစုအဖွဲ့ပိုင်သစ်များကိုလည်း ဤ PFF ဧရိယာ များတွင်တွေ့ရသည်။

## သတ္တုတွင်းဝန်ကြီးဌာန

သတ္တုတွင်းဦးစီးဌာနသည် သတ္တုတွင်းမြေများအား ကြီးကြပ်ကပ်ကဲသည်။

သတ္တုတွင်းမြေ - သတ္တုတူးဖော်ရေးမြေ။

ဥပမာ- သတ္တုတွင်းထိန်းသိမ်းမြေ၊ ကျောက်မျက်မြေနှင့် အခြားသတ္တု  အရင်းအမြစ်များ။

## ပြည်ထဲရေးဝန်ကြီးဌာန

အမှန်အားဖြင့် ပြည်ထောင်စုအစိုးရ၏ စီမံဆုံးချက်အောက်တွင်ရှိသော မြေအားလုံးကို စီမံဆုံးဖြတ်ပိုင်ခွင့် ပြည်ထဲရေးဝန်ကြီးဌာနတွင် ရှိသည်ဟုဆိုနိုင်သည်။ ဘုန်းကြီးကျောင်းမြေသတ်မှတ်ခြင်း(မြေခွန်များအပေါ် မမူတည်ပါ)၊ ကျေးရွာ(သို့မဟုတ်) မြို့ပြရှိ လူနေထိုင်ရာမြေကို တရားဝင်အသိအမှတ်ပြုခြင်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း အငှါးချထားမှုများအတွက် ရရှိသည့် ငွေကြေးကို စီမံခန့်ခွဲခြင်းနှင့် အများပြည်သူပိုင် သစ်တောမြေများအား ရပ်ရွာဓလေ့ထုံးတမ်းအလိုက် အသုံးပြုခွင့်ကို အသိအမှတ်ပြုခြင်းတို့ကို ပြည်ထဲရေးဝန်ကြီးဌာနက ပြုလုပ်သည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ထွေ/အုပ်)

အထွေထွေအုပ်ချုပ်ရေးဦးစီဌာနအနေဖြင့် နိုင်ငံအတွင်းရှိ သစ်တောမဟုတ်သော၊ လယ်ယာမြေမဟုတ်သော မြေများအား စီမံအုပ်ချုပ်ခွင့်နှင့် ခန့်ခွဲခွင့်ရှိသည်။ GAD ၏လုပ်ပိုင်ခွင့်အတွင်းကျရောက်သော မြေအမျိုးအစားချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| ကျေးရွာ/မြို့မြေ | - | လူနေထိုင်မှုနှင့် အဆောက်အအုံများအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စီမံအုပ်ချုပ်သောမြေ။ |
| ကျေးရွာဘုံမြေ | - | ကျေးရွာတစ်ရွာလုံးက ဘုံမြေအဖြစ်အသုံးပြုနိုင်သော အထူးမြေဖြစ်သည်။<br>ဥပမာ - သင်္ချိုင်းမြေ၊ ဘောလုံးကွင်း၊ တစ်ရွာလုံးအသုံးပြုသော ရေကန်။ |
| စားကျက်မြေ | - | တိရိစ္ဆာန်များအတွက် စားကျက်မြေအဖြစ်အသုံးပြုသည့်မြေ။ |
| သာသနာ့မြေ | - | ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာ စသဖြင့် ဘာသာရေးအတွက်ရည်ရွယ်ပြီး သာသနာရေးဦးစီဌာနက အကြံပြုထောက်ခံသောမြေ။ |

## အခြားသော အစိုးရစီမံအုပ်ချုပ်သည့်မြေ

အထက်ပါဖော်ပြချက်များအတွင် မပါဝင်သော မြေများအား အခြားသော အစိုးရဌာနများက နေရာယူထား သည်။

ဥပမာအားဖြင့် - မီးရထားလမ်းများ၊ လမ်းများနှင့် မီးတိုင်စိုက်ထူထားသော ဧရိယာ။



## ၂ - ၃ အမျိုးမျိုးသော မြေယာအသုံးပြုမှု အမျိုးအစားများအတွက် ရယူနိုင်သည့် တရားဝင် အသိအမှတ်ပြုမှုများ

တည်ရှိဆဲ ဥပဒေကြောင်းများအရ နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့သော မြေယာအသုံးပြုမှုအမျိုးအစားများကို တရားဝင်အသိအမှတ်ပြုနိုင်သည်ကို အောက်ပါဇယားတွင် အကျဉ်းချုပ်ဖော်ပြပေးထားပါသည်။ ရိုးရာမြေအသုံးချမှုစနစ်များသည် အမျိုးမျိုးသော မြေယာအသုံးပြုမှုအမျိုးအစားများကို ပေါင်းစပ်ကျင့်သုံး နေကြခြင်းဖြစ်သည်။ လက်ရှိကျင့်သုံးနေသည့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးလုပ်ငန်းစဉ်များမှာ အချို့သော မြေယာအသုံးပြုမှုအမျိုးအစားများကိုသာ အသိအမှတ်ပြုပေးထားသည်ဖြစ်ရာ ရိုးရာမြေ အသုံးချမှုစနစ်များကို ခွဲခြားကန့်သတ်ထားသကဲ့သို့ ဖြစ်နေသည်။

ဇယား ၂ - မြေယာအသုံးပြုမှုအမျိုးအစားများအလိုက် မြေယာပိုင်ဆိုင်မှုအခွင့်အရေးများ

| မြေယာအသုံးပြုမှု အမျိုးအစားများ | မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်နိုင်သည့် ပုံစံ | ဆက်စပ်နေသည့် ဥပဒေ/မူဝါဒများ | အသိအမှတ်ပြုပေးထားသည့် အခွင့်အရေးများ |
|---|---|---|---|
| အမြဲတမ်း လယ်ယာ (လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေနှင့် မြေနုကျွန်း မြေတို့ ပါဝင်သည်) | ၂၀၁၄ ခုနှစ်မှစ၍ ပုံစံ - ၇ ကို ပြောင်းလဲကျင့်သုံး ၂၀၁၄ မတိုင်မီက ပုံစံ - ၁၀၅ သို့မဟုတ် သီးနှံခွန် ပြေစာများ၊ လယ်သမား၏ စိုက်ဘဏ်စာအုပ် …… | လယ်ယာမြေဥပဒေ | ၂၀၁၄ ခုနှစ်မှစ၍ ရောင်းချခွင့်၊ အငှားချထားခွင့်တို့ ပါဝင်သည့် ပုဂ္ဂလိကပိုင်ဆိုင်မှုကို အပြည့်အဝ ရရှိလာ။ သို့သော် သီးနှံအမျိုးအစား ရွေးချယ်စိုက်ပျိုးခွင့် (နှစ်ရှည်သီးနှံသို့ ပြောင်းလဲ စိုက်ပျိုးမည်ဆိုပါက ခွင့်ပြုချက် ရရှိရန်လိုအပ်၊ အစရှိသည့် …) အပါအဝင် ကန့်သတ်မှုအချို့ ရှိနေဆဲဖြစ်သည်။ |
| စားကျက်မြေ | | | |
| ရွှေ့ပြောင်းတောင်ယာ/ တောင်ယာ | တရားဝင် အသိအမှတ် ပြုထားခြင်း မရှိသေး | အမျိုးသားအဆင့် မြေယာအသုံးချရေး မူဝါဒ | ပိုင်ဆိုင်ခွင့် သို့မဟုတ် သုံးစွဲခွင့် အထူးသဖြင့် လုပ်မြေများအတွက် အခွင့်အရေးများ အသိအမှတ်ပြု ထားခြင်း မရှိသေးပေ။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် သို့မဟုတ် သစ်တောမြေဧရိယာ အဖြစ် အမျိုးအစားခွဲခြား သတ်မှတ်ထားသည်။ |

| | | | |
|---|---|---|---|
| သစ်တော | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ် | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း ဆိုင်ရာ ညွှန်ကြားချက်များ၊ ၁၉၉၂ သစ်တောဥပဒေ၊ ၁၉၉၅ သစ်တောနည်းဥပဒေ | အုပ်ချုပ်လုပ်ကိုင်မှု စနစ်များအရ နှစ် ၃၀ ထုတ်ယူသုံးစွဲခွင့် ကျေးရွာတွင် အသုံးပြုရန်အတွက် ထင်းခုတ်ယူသုံးစွဲခွင့်အား ခွင့်ပြုထားနိုင်သည် သို့သော် တွေ့ရှိမှု နည်းပါးသည် |
| ကုန်းတွင်းပိုင်းနှင့် ကမ်းခြေအနီး ရေလုပ်ငန်းများ | ပူးတွဲစီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီချက်များ | အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေချိုငါးလုပ်ငန်းဥပဒေ | ရပ်ရွာအခြေပြု ရေလုပ်သား အဖွဲ့များအနေဖြင့် တရားဝင် အသိအမှတ်ပြုမှု လျှောက်ထား ရယူနိုင်ပြီး အစိုးရနှင့် ပူးတွဲစီမံ ခန့်ခွဲပိုင်ခွင့်ရှိသည်။ ကုန်းတွင်း ပိုင်းတွင် ရေချိုငါးဖမ်းလုပ်ငန်း များနှင့် ကမ်းရိုးတန်းဒေသများ အတွက်ကိုမူ ကမ်းနီးငါးဖမ်း လုပ်ငန်းများ (ကမ်းခြေမှ ၂၀ ကီလိုမီတာဟု သတ်မှတ်ပေး ထားသည်) ဤအစီအစဉ်တွင် အကျုံးဝင်ပါသည်။ |

## ၂ - ၄ ရိုးရာဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုအား အသိအမှတ်ပြုခံရရေး ပိုမိုကောင်းမွန်လာနိုင်ရေးအတွက် အခွင့်အလမ်းများ

### အမျိုးသားအဆင့် မြေယာအသုံးချရေး မူဝါဒ (၂၀၁၆)

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် မြေယာအသုံးချရေးမူဝါဒ (NLUP) အား ရေးဆွဲအတည်ပြုနိုင်ခဲ့ခြင်းသည် ထူးခြား ကြီးမားသည့် အောင်မြင်မှုတစ်ခုပင်ဖြစ်သည်။ ရိုးရာဓလေ့အရ မြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုသည့် အဓိကပြဌာန်းချက် များ အဆိုပါမူဝါဒတွင် ပါဝင်လာသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရအသစ်လက်ထက်တွင် မြေယာပြဿနာ များအား ဖြေရှင်းရေး၊ မြေယာပိုင်ဆိုင်မှုများ ပိုမိုခိုင်မာရေး၊ တိုင်းရင်းသားအဖွဲ့များနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့ အတွက် ခိုင်မာသောကတိကဝတ်များ ပြဌာန်းလာခဲ့သည်။ သို့သော် အဆိုပါ ပြုပြင်ပြောင်းလဲမှုများအား မည်သို့အကောင် အထည်ဖော်မည်ဆိုသည့် အချက်မှာမူ သေချာရေရာမှု မရှိသေးပေ။ အထူးသဖြင့် အမျိုးသားအဆင့် မြေယာမူဝါဒတွင် ထည့်သွင်း ပြဌာန်းထားသော ရိုးရာမြေလုပ်ပိုင်ခွင့်များအား တရားဝင် အသိအမှတ်ပြုနိုင်ရေးအတွက် မြေဥပဒေ အသစ်တွင် မည်သို့အသေးစိတ်ရေးဆွဲပြဌာန်းမည် သို့မဟုတ် လက်တွေ့အကောင်အထည်ဖော်ကျင့်သုံး သွားမည်တို့နှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားမှုများ မရှိသေးပေ။

"ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ" ဟူသော ဝေါဟာရအား ၎င်းနှင့်သက်ဆိုင်သည့် နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာနှင့် ဥပဒေကြောင်းအရ အဓိပ္ပါယ်ဖွင့်ဆိုချက်များဖြင့် ရှင်းလင်း ပြတ်သားစွာ သတ်မှတ်ဖွင့်ဆိုထားခြင်း မရှိသော်ငြား NLUP တွင် အောက်ပါအတိုင်း ထည့်သွင်းပြဋ္ဌာန်းပေးထားသည် -

- မြန်မာနိုင်ငံအစိုးရသည် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးသွားမည်။
- ရိုးရာမြေအသုံးချမှု မြေပုံညွှန်းများ ရေးဆွဲပြုစုသွားမည်။
- ရိုးရာဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲလျက်ရှိသည့် မြေများကို အဆင့်အတန်း ပြန်လည်ခွဲခြား သတ်မှတ်ပေးသွားမည်
- ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများကို အတိအလင်းကာကွယ်ပေးသွားမည်။
- ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်နေသော မြေယာများအပါအဝင် ရိုးရာမြေအသုံးချမှု အခွင့်အရေး များကို တရားဝင်မှတ်ပုံတင်ခွင့်ပြုသွားမည်။
- ရိုးရာမြေလုပ်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများအား ဖြေရှင်းပေးနိုင်မည့် လုပ်ငန်းစဉ်များကိုလည်း အနာဂါတ်တွင် ရေးဆွဲပြဋ္ဌာန်းမည့် မြေဥပဒေအသစ်တွင် ထည့်သွင်းသတ်မှတ်ပေးသွားမည်။
- တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာမြေအသုံးချမှု အခွင့်အရေးများအား တရားဝင် အသိအမှတ်ပြုပေးခြင်းနှင့် ကာကွယ်ပေးထားခြင်း ရှိမရှိကို စောင့်ကြည့်စစ်ဆေးသွားမည်။
- ရိုးရာမြေအသုံးချမှုအခွင့်အရေးများအား တရားဝင်အသိအမှတ်ပြုရေးနှင့် အကာအကွယ်ပေးမှုများအတွက် လျော်ကန်သင့်မြတ်သည့် လုပ်ငန်းစဉ်များအား ရွေးချယ်သတ်မှတ်နိုင်ရန် သုတေသန လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ပံ့ပိုးပေးသွားမည်။

ဗဟိုမှဦးစီးကွပ်ကဲ၍ စီမံခန့်ခွဲမှုစနစ်မျိုးကိုသာ အလေးပေးထားခြင်း၊ ရှင်းလင်းပြတ်သားမှုမရှိသော စကားလုံးဖွဲ့ထုံးများအပြင် မြေယာသိမ်းဆည်းနိုင်ရေးလုပ်ငန်းစဉ်များကိုသာ ဦးစားပေးဆောင်ရွက်နေခြင်း အစရှိသည့် စိန်ခေါ်မှုများ ရှိနေသော်ငြား NLUP သည် ရိုးရာမြေလုပ်ပိုင်ခွင့်အား ပိုမို အသိအမှတ်ပြု ခံရနိုင်ရေးအတွက် စည်းရုံးတောင်းဆိုနိုင်ရန် အခွင့်အလမ်းတစ်ခုအဖြစ်လည်း တည်ရှိနေပါသည်။



## ရိုးရာဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ NLUP ထဲတွင် ဖော်ပြထားသည့် အဓိက ပြဋ္ဌာန်းချက်များ

အပိုင်း (၁) ရည်ရွယ်ချက်နှင့် အခြေခံမူများ

အခန်း (၁) ရည်ရွယ်ချက်များ

၆။ (ဂ) တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများကို အသိအမှတ်ပြုပြီး ကာကွယ်ပေးရန်၊

အခန်း(၂) လမ်းညွှန်မူများ

၇။ (ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ ကိုယ်ပိုင်လုပ်ကိုင်ခွင့်နှင့် စုပေါင်းလုပ်ကိုင်ခွင့်တို့ကို အသိအမှတ်ပြု ကာကွယ်ပေးရန်။

အခန်း (၃) အခြေခံမူများ

၇။ (က) ပြည်သူများ အထူးသဖြင့် လုပ်ကွက်ငယ်တောင်သူလယ်သမားများ၊ ဆင်းရဲသားများ၊ တိုင်းရင်းသားလူမျိုးများနှင့် အမျိုးသမီးများ၏ မြေလုပ်ပိုင်ခွင့်ကို ဒေသခံအဖွဲ့အစည်းများက အသိအမှတ်ပြုထားသည့်အပေါ် ဥပဒေအရအသိအမှတ်ပြုပြီး ကာကွယ်ပေးရန်၊

အခန်း (၃) တစ်သီးပုဂ္ဂလလျှောက်ထား၍ မြေအသုံးချမှုပြောင်းလဲခြင်း

၂၉။ တစ်သီးပုဂ္ဂလများအတွက် အဆိုပြု မြေအသုံးချမှုပြောင်းလဲခြင်းကြောင့် ယင်းပတ်ဝန်းကျင်ရှိ မြေအသုံးချလျက်ရှိသူများအပေါ် သက်ရောက်နိုင်သည့် အကျိုးထိခိုက်မှုများကို အကာအကွယ်ပေးနိုင်ရေးအတွက် အောက်ပါတို့ကိုဆောင်ရွက်ရန် သတ်မှတ်ရမည် -

(ဃ) အလှည့်ကျအနားပေးစနစ်ဖြင့်စိုက်ပျိုးသော ရွှေ့ပြောင်းတောင်ယာများနှင့် မိရိုးဖလာနည်းဖြင့် စိုက်ပျိုးသည့်မြေများကို အကာအကွယ်ပေးခြင်း၊

အပိုင်း (၈) တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချမှု အခွင့်အရေးများ

၆၄။ တိုင်းရင်းသားလူမျိုးစုတို့၏ ရိုးရာမြေအသုံးချမှု အလေ့အကျင့်များကို သိရှိလိုက်နာကျင့်သုံးရေးအတွက်လည်းကောင်း၊ ရိုးရာမြေအသုံးချမှုအခွင့်အရေး အပြည့်အဝရရှိရေးအတွက်လည်းကောင်း၊ ယင်းအခွင့်အရေးကို ကာကွယ်နိုင်ရေးအတွက်လည်းကောင်း၊ ဘက်မလိုက်သော အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို အသင့်အသုံးပြုနိုင်ရေးအတွက်လည်းကောင်း ရိုးရာမြေအသုံးချမှုစနစ်ကို အမျိုးသား မြေဥပဒေ၌ ပြဋ္ဌာန်းပေးရမည်။

၆၈။ တိုင်းရင်းသားလူမျိုးစုများ ရိုးရာထုံးတမ်းစဉ်လာအရ လုပ်ကိုင်လျက်ရှိသောမြေများသည် သစ်တောမြေ သို့မဟုတ် လယ်ယာမြေ သို့မဟုတ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတို့တွင် အကျုံးဝင်လျက်ရှိပါက မြေအမျိုးအစားနှင့် မြေအတန်းအစားများ ပွင့်လင်းမြင်သာစွာသတ်မှတ်၍ မှတ်ပုံတင်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ အကာအကွယ်ပေးခြင်းတို့ကို အကျိုးသက်ဆိုင်သူများ ပါဝင်သည့် လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုများ၏ အသုံးချလျက်ရှိသည့် မြေများကို မှတ်ပုံတင်ခြင်း၊ မြေအမျိုးအစားပြန်လည်သတ်မှတ်ခြင်းမပြုရသေးမီ အများပြည်သူ အကျိုးစီးပွားအလို့ငှာ ဆောင်ရွက်သည့်လုပ်ငန်းများမှအပ အခြား မြေအသုံးချခွင့်ပြုခြင်းအား ယာယီအားဖြင့် ဆိုင်းငံ့ထားရမည်။

၇၃။ အမျိုးသား မြေဥပဒေသစ်တွင် တိုင်းရင်းသားလူမျိုးစု မြေအသုံးချမှုအခွင့်အရေးများနှင့် သက်ဆိုင်သော အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရေးအတွက် ရိုးရာတိုင်းရင်းသား အငြင်းပွားမှု ဖြေရှင်းရေး လက်တွေ့လုပ်ထုံးလုပ်နည်းများကို သတ်မှတ်နိုင်ရန် အမျိုးသားမြေဥပဒေသစ်တွင် ပါဝင်စေရမည့်ပြင် အငြင်းပွားမှုဖြေရှင်းရာတွင် တိုင်းရင်းသားလူမျိုးစုအတွင်း လူအများက လေးစား၍ ဩဇာတိက္ကမရှိသူများကို ပါဝင်ဆုံးဖြတ်ခွင့်ရှိစေရမည်။

၇၄။ မတရားသိမ်းဆည်းခံရခြင်းကြောင့်ဖြစ်စေ၊ စစ်ဘေးစစ်ဒဏ်ကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ သို့မဟုတ် အခြားအကြောင်းကြောင့်ဖြစ်စေ မိမိနေထိုင်လုပ်ကိုင်သောမြေကို စွန့်ခွာသွားရသော တိုင်းရင်းသားများ မိမိနေရပ်ဒေသသို့ ပြန်လည်အခြေချနေထိုင်လိုပါက နိုင်ငံတကာတွင် ကျင့်သုံး နေသော အကောင်းဆုံးလုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေးစံများနှင့်အညီ လုံလောက်သည့် မြေလုပ်ပိုင်ခွင့်နှင့် နေထိုင်ခွင့်တို့ရရှိစေရန် စနစ်တကျ စီမံဆောင်ရွက်ပေးရမည်။

## ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်းစဉ်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် လက်ရှိကျင်းပနေသော နိုင်ငံရေးဆွေးနွေးပွဲများသည်လည်း ရိုးရာမြေအသုံးချမှု အသိအမှတ်ပြုခံရရေးအတွက် စည်းရုံးတောင်းဆိုနိုင်မည့် အခြားသော အခွင့်အလမ်း များကို ပေါ်ပေါက်စေပါသည်။ မြန်မာနိုင်ငံအတွင်း ဆယ်စုနှစ်များစွာစစ်ပွဲများဖြစ်ပေါ်စေသည့် အခြေခံ အကြောင်းတရားများတွင် သဘာဝသယံဇာတများနှင့် မြေယာပိုင်ဆိုင်မှုအပေါ် ပဋိပက္ခအငြင်းပွားမှုများကြောင့် မကျေနပ်ချက်များ ပေါ်ပေါက်လာရခြင်းကလည်း တစ်ခုအပါအဝင်ဖြစ်သည်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး အတွက် ၂၀၁၅ ခုနှစ်အတွင်းက ရေးဆွဲခဲ့သည့် နိုင်ငံရေးဆွေးနွေးပွဲများမူဘောင်တွင် အဓိကအကြောင်းအရာ ငါးရပ် ပါဝင်ထည့်သွင်း ထားသည်။ ၎င်းတို့အနက် မြေယာနှင့် သယံဇာတများကိစ္စရပ်သည်လည်း တစ်ခု အပါအဝင်ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်၏ ရှေ့လုပ်ငန်းစဉ်များ မည်သို့ဆက်ဖြစ်ဦးမည်မှာ မသေချာသေးသော်ငြား မြေယာကိစ္စကမူ ခေါင်းစဉ်တစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေဦးမည်ပင် ဖြစ်သည်။

အချို့သော တိုင်းရင်းသားအစုအဖွဲ့များကလည်း ရိုးရာမြေအသုံးချမှုကို အသိအမှတ်ပြုထားသည့် ၎င်းတို့ ကိုယ်ပိုင် မြေယာမူဝါဒများကို ရေးဆွဲလျက်ရှိကြသည်။ မြေအသုံးချမှုစနစ်များကို လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာလူထုကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုများ၊ သုတေသနလုပ်ငန်းများအား အသုံးပြု၍ အဆိုပါမြေယာမူဝါဒများအား ရေးဆွဲပြုစုနေကြခြင်းဖြစ်သည်။ မြေယာစီမံခန့်ခွဲမှုများတွင် တိုက်ရိုက်ပါဝင် ပတ်သက်နေသည့် မူဝါဒများရှိသကဲ့သို့ ရိုးရာမြေအသုံးချမှုကို အသိအမှတ်ပြုနိုင်ရေးအတွက် စမ်းသပ်မှုများအဖြစ် တွေ့ရှိရသည်။ ဤကဲ့သို့ မူဝါဒများ ရေးဆွဲခြင်းဖြင့် မြေယာအား မည်သို့စီမံခန့်ခွဲမည်၊ ရိုးရာမြေအသုံးချမှုကို မည်သို့ အသိအမှတ်ပြုမည် စသည်တို့နှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးက ရေရှည်မျှော်မှန်းချက်များ ချမှတ်လျက်ရှိကြသည်။ အဆိုပါ ရေးဆွဲထားပြီးသည့်မူဝါဒများအပေါ် အခြေခံ၍ မြေယာစီမံခန့်ခွဲမှုများတွင် မည်သည့်ပြောင်းလဲမှုများ ထည့်သွင်းသင့်သည်ကို စည်းရုံးတောင်းဆိုရန်အတွက် အရန်သင့် ဖြစ်နေနိုင်ပေမည်။

## အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် UNDRIP

စေ့စပ်ညှိနှိုင်းမှုများအား နှစ် (၂၀)ခန့် ပြုလုပ်ပြီးသည့်နောက် ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများဆိုင်ရာ ကြေငြာစာတမ်း(UNDRIP)ကို ၂၀၀၇ တွင် စတင်ကျင့်သုံးခဲ့သည်။ "အလိုက်သင့် ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းသွားမည်" ဟူသော ညွှန်းဆိုချက်ဖြင့် မြန်မာနိုင်ငံအစိုးရသည်လည်း အခြားသောနိုင်ငံများနည်းတူ UNDRIP အား ထောက်ခံ ခဲ့သည်။ သို့သော် ဌာနေတိုင်းရင်းသားများမှ ၎င်းတို့စိတ်တိုင်းကျရွေးချယ်ထားမှုများအား တရားဝင် အသိအမှတ်ပြုပေးခြင်းကဲ့သို့သော အခွင့်အရေးမျိုးကိုမူ မြန်မာနိုင်ငံအစိုးရက ပေးအပ်ထားခြင်း မရှိသေးပေ။ "ဌာနေတိုင်းရင်းသား"ဟူသည့် အသုံးအနှုန်းကိုပင် မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက် နားလည်ခြင်း၊ အသုံးပြုခြင်း မရှိကြသေးပေ။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအတွက် စည်းရုံးတောင်းဆိုနေကြသည့် အဖွဲ့အစည်းများလောက်ကသာ အသုံးပြုလျက်ရှိသည်။

UNDRIP ကြေငြာစာတမ်းတွင် ဌာနေတိုင်းရင်းသားများ၏ တစ်ဦးချင်းအလိုက်၊ အစုအဖွဲ့အလိုက် အခွင့်အရေးများအပြင် ယဉ်ကျေးမှု၊ သီးခြားဖြစ်တည်မှု၊ ဘာသာစကား၊ အလုပ်အကိုင် အခွင့်အလမ်း၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားသော အကြောင်းအရာများကိုပါ ထည့်သွင်းပြဋ္ဌာန်းထားသည်။ ကြေငြာစာတမ်းအတွင်းမှ အရေးပါသည့်ပုဒ်မများကို အောက်တွင် ဖော်ပြပေးထားပါသည် -

- ပုဒ်မ ၂၆ တွင် ဖော်ပြချက် - "ဌာနေတိုင်းရင်းသားများသည် ၎င်းတို့ မျိုးရိုးစဉ်ဆက်အလိုက် ပိုင်ဆိုင်ခဲ့သည့် နေထိုင်ခဲ့သည့် သို့တည်းမဟုတ် အသုံးပြုခဲ့သည့် သို့မဟုတ် ရယူလုပ်ကိုင်ခဲ့ကြသည့် မြေယာ၊ နယ်မြေပိုင်နက်များနှင့် သယံဇာတများအား ရပိုင်ခွင့်ရှိသည်"
- ပုဒ်မ ၁၀ တွင် ဖော်ပြချက် - "ဌာနေတိုင်းရင်းသားများအား ၎င်းတို့၏ မြေယာ သို့မဟုတ် ပိုင်နက်နယ်မြေအတွင်းမှ ဖိအားပေးနှင်ထုတ်ခြင်း မပြုရ။ သက်ဆိုင်ရာ ဌာနေတိုင်းရင်းသား များအား နှောင်ဖွဲ့မှုကင်းစွာဖြင့် ကြိုတင်ချပြ အသိပေးထားခြင်း၊ သဘောတူညီချက် ရယူထားခြင်း(FPIC) မရှိသေးသည့်ကိစ္စမျိုးတွင် ၎င်းတို့အား ရွှေ့ပြောင်းနေရာချထားပေးခြင်း မပြုရ။ သဘောတူညီချက် ရယူရာတွင်လည်း တရားမျှတသည့် လျော်ကြေးစနစ်များအပြင် ဖြစ်နိုင်မည်ဆိုပါက ၎င်းတို့၏ ဇာတိမြေသို့ ပြန်လည်အခြေချခြင်းကိုလည်း ခွင့်ပြုသည်ဆိုသော အချက်များ ပါဝင်ရမည်"။
- ပုဒ်မ ၁၁ တွင် ဖော်ပြချက် - "နှောင်ဖွဲ့မှုကင်း၍ ကြိုတင်ချပြအသိပေးထားပြီး သဘောတူညီချက် မပါရှိဘဲ သို့မဟုတ် ၎င်းတို့၏ ဥပဒေများ၊ ဓလေ့များနှင့် ထုံးစံများကို ချိုးဖောက်ပြီး ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ၊ အသိဉာဏ်ဆိုင်ရာ၊ ဘာသာရေးဆိုင်ရာနှင့် ကိုးကွယ်ယုံကြည်မှု ဆိုင်ရာ ပစ္စည်းများအား ယူဆောင်သွားခြင်းခံရသည့်အခါမျိုးတွင် နိုင်ငံတော်အစိုးရများသည် မြေနေရာ အစားထိုးပေးခြင်းအပါအဝင် အကျိုးရှိထိရောက်သည့် ယန္တရားများအသုံးပြု၍ ကြေလည်အောင် ဖြေရှင်းခြင်းကို ကာယကံရှင် ဌာနေတိုင်းရင်းသားများနှင့် ပူးပေါင်းလက်တွဲပြီး ဖော်ဆောင်ပေးရမည်"။
- ပုဒ်မ ၁၉ တွင်လည်း လိုအပ်ချက်တစ်ရပ်အဖြစ် "ဌာနေတိုင်းရင်းသားများအား ထိခိုက်လာနိုင်သည့် ဥပဒေရေးဆွဲမှု၊ စီမံအုပ်ချုပ်မှုများ ပြဋ္ဌာန်းခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ မဆောင်ရွက်မီ သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားများထံမှ နှောင်ဖွဲ့မှုကင်းပြီး ကြိုတင်အသိပေး ထားချက်များဖြင့် သဘောတူညီမှုများ ရယူနိုင်ရေးအတွက် နိုင်ငံတော်အစိုးရများသည် သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားများအား ကိုယ်စားပြုထားသည့်

အဖွဲ့အစည်းများမှတစ်ဆင့် စစ်မှန်သောစေတနာဖြင့် ဆွေးနွေးညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရမည်" ဟုလည်း ဖော်ပြပေးထားသည်။

- ဌာနေတိုင်းရင်းသားများ၏ မိရိုးဖလာမြေများ "လွတ်လပ်သော၊ ကြိုတင်၍ ချပြအသိပေးပြီး သဘောတူညီချက်ရယူမှု မပါရှိဘဲ သိမ်းဆည်းခံရခြင်း၊ လုယူခံရခြင်း၊ နေရာယူခံရခြင်း၊ အသုံးပြုခံရခြင်း သို့မဟုတ် ဖျက်ဆီးခံရခြင်း"တို့ကို ပြန်လည်ဖြေရှင်းကုစားပေးမှုကို ရပိုင်ခွင့်ရှိသည်ဟုလည်း ပုဒ်မ ၂၈ တွင် ပြဋ္ဌာန်းပေးထားပါသည်။
- ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏မြေယာများအတွက် ဦးစားပေးလုပ်ငန်းများနှင့် သို့မဟုတ် စီမံကိန်းဗျူဟာများကို ရေးဆွဲပိုင်ခွင့်ရှိသည်ဟု ပုဒ်မ ၃၂ တွင် ပြဋ္ဌာန်းပေးထား ပါသည်။ ထို့အပြင် ဌာနေတိုင်းရင်းသားများ၏ မြေယာများ သို့မဟုတ် နယ်မြေပိုင်နက်များကို ထိခိုက်လာနိုင်သည့် မည်သည့်စီမံကိန်းမျိုးမဆို ခွင့်မပြုမီ နိုင်ငံတော် အစိုးရများသည် ဌာနေ တိုင်းရင်းသားများထံမှ FPIC ကို ရယူရမည်ဟုလည်း ဖော်ပြပေးထားသည်။

ဤကြေငြာစာတမ်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေအရကြည့်လျှင် ဥပဒေပိုင်းဆိုင်ရာ ချည်နှောင်မှု မဟုတ်သော်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် တစ်စုံတစ်ရာသော ဦးတည်ချက်ပန်းတိုင်များဆီသို့ လျှောက်လှမ်းနိုင်စေရေးအတွက် ကတိကဝတ်များဖော်ဆောင်မှုကိုဖြစ်စေသော တွန်းအားပေးမှုများ ရှိနေပါသည်။





# ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်း လေ့လာသုံးသပ်ချက်နှင့် ချဉ်းကပ်နည်းများ

## ၃ – ၁ မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်အတွက် အခြေခံစည်းမျဉ်းများ

### မှတ်တမ်းပြုစုခြင်း ချဉ်းကပ်မှုအတွက် အခြေခံစည်းမျဉ်းများ


ဒေသခံလူထု ပူးပေါင်းပါဝင်ခြင်း - ဒေသခံလူထု ပူးပေါင်းပါဝင်ရေးကို ရှေးရှုလုပ်ဆောင်သည့် သုတေသနလုပ်ငန်းများသည်ပင် ပူးပေါင်းပါဝင်မှုဆိုင်ရာ အခြေခံသတ်မှတ်ချက်များနှင့် လွဲချော်သွားခဲ့သည်များ ရှိတတ်ကြပါသည်။ များသောအားဖြင့် သုတေသနပညာရှင်များသည် ဒေသတစ်ခုမှ အချက်အလက်များကို ၎င်းတို့ကိုယ်တိုင်ကောက်ယူပြီး ၎င်းတို့ကိုယ်တိုင် ခွဲခြမ်းစိစစ်ကာ သုံးသပ်ချက်နှင့် အကြံပြုချက်များကိုသာ ဒေသခံလူထုသို့ ပြန်လည်တင်ပြခြင်းမျိုး ပြုလုပ်တတ်ကြသည်။ ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာလူထုသို့ပြန်လည်ဝေမျှခြင်းမပြုဘဲ ပညာရှင်

အသိုင်းအဝိုင်း၊ အစိုးရ၊ NGO များ၊ အလှူရှင်များနှင့်သာ ဆက်သွယ်ပြောဆိုရေးကိုသာ အလေးပေးတတ်ကြသည့် သုတေသန ပညာရှင်များလည်း ရှိတတ်ပါသည်။ ထိုကဲ့သို့သော သုတေသနလုပ်ငန်းပုံစံမျိုးသည် အကြောင်းအရာ တစ်ခုအား ထဲထဲဝင်ဝင် စူးစမ်းလေ့လာသည့်အခါမျိုးတွင် အသုံးဝင်သည်ဆိုသော်ငြား ဒေသခံလူထု၏ အသိပညာနှင့်အချိန်တို့ကိုအသုံးချခဲ့သော် လည်း ၎င်းတို့အတွက် တုန့်ပြန်ပေးဆပ်မှုတစ်စုံတရာမရှိသဖြင့် ဦးနှောက်ဖောက်စားမှုသက်သက်ဟု ဝေဖန်ခံရလေ့ရှိသည်။

ထို့အတွက် အစားထိုးနည်းလမ်းတစ်ရပ်အဖြစ် ဆောင်ရွက်နိုင်သည့် သုတေသနလုပ်ငန်းတစ်ခုမှာ ဒေသခံလူထု အတွက် ၎င်းတို့ကိုယ်တိုင်မှ ဦးဆောင်ပြုလုပ်ခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့ချဉ်းကပ်မှုမျိုးကို လက်တွေ့လုပ်ငန်းဖြင့် လူထုပူး ပေါင်းပါဝင်သည့် သုတေသနလုပ်ငန်း(PAR)ဟု ခေါ်ဝေါ်လေ့ရှိပြီး ထိုကဲ့သို့ သုတေသနလုပ်ငန်းမျိုး ဖန်တီးရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည့် လမ်းညွှန်ချက် အများအပြားကိုလည်း ထည့်သွင်းပေးထားပါသည်။ (အသုံးဝင်နိုင်သောရင်း မြစ်များဟူသော နောက်ဆက်တွဲ ဖော်ပြချက်များကို ကြည့်ပါ)

PAR တစ်ခုအား ဖော်ဆောင်ရာတွင် ဒေသခံလူထုသည် ၎င်းတို့သိရှိထားသမျှကို ထုတ်လုပ်ပေးရုံ သက်သက်မျှ သာမဟုတ်ဘဲ စူးစမ်းဖော်ထုတ်လျက်ရှိသော ပြဿနာများအား ဖြေရှင်းရာတွင် အဆိုပါ ဗဟုသုတများကိုအသုံးပြုလျက် သုတေသနလုပ်ငန်းစဉ်တစ်ခုလုံးအား ဒီဇိုင်းရေးဆွဲသည့်အဆင့်မှာ ကတည်းကပင် တက်ကြွသည့်အခန်းကဏ္ဍမှ ပါဝင်ပတ် သက်လျက်ရှိသည်။ သုတေသနလုပ်ငန်း အစီအစဉ်တစ်ခုလုံးအား ပုံကြမ်းဖော်ဆောင်သည့်အဆင့်၌ပင် ပါဝင်နေခြင်းဖြင့် လုပ်ငန်းစဉ်တစ်ခုလုံးနှင့် ထွက်ရှိလာသည့် ရလဒ်များအပေါ်တွင် ဒေသခံလူထုမှ ထိန်းချုပ်နိုင်စွမ်းနှင့် ပိုင်ဆိုင်မှုတို့ကို ခိုင်မာစေပါသည်။ ဤကဲ့သို့ ချဉ်းကပ်လုပ်ဆောင်သည့် သုတေသနလုပ်ငန်းမျိုးသည် ဒေသခံများထံမှ လိုအပ်သည့် သတင်း အချက်အလက်များ ရရှိရုံအတွက်သာမဟုတ်ပေ။ စုပေါင်းလေ့လာသင်ယူခြင်းအတွက် အခွင့်အလမ်းများ ဖန်တီးခြင်းပင် ဖြစ်ပြီး ဤအနှစ်သာရသာ မပါရှိပါက မည်သို့မျှအောင်မြင်နိုင်မည်မဟုတ်ပေ။ ထို့အပြင် ဒေသအတွင်းရှိ အရေးကြီးပြဿနာ များအား ဒေသခံလူထုကိုယ်တိုင် ဆွေးနွေးတိုင်ပင်မှုများ ပိုမိုပြုလုပ်လာစေခြင်းအားဖြင့် အပြုသဘောဆောင်သည့် ပြောင်းလဲ မှုများပေါ်ပေါက်လာစေရန် ၎င်းတို့၏ သုံးသပ်တွေ့ရှိချက်များ အပေါ် အခြေခံ၍ လိုအပ်သည်များကို ဖော်ဆောင်နိုင်လာကြ မည်ဖြစ်သည်။

သုတေသနလုပ်ငန်းနှင့်ပတ်သက်၍ ဒီဇိုင်းရေးဆွဲခြင်း၊ ထွက်ရှိလာသည့်ရလဒ်များအား စိစစ်သုံးသပ်ခြင်း၊ မည်သို့ တုန့်ပြန်ဆောင်ရွက်ရမည်တို့ကို သတ်မှတ်ခြင်း စသည့်လုပ်ငန်းများအတွက် ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရေးအတွက် ဒေသခံကျေးရွာများကိုယ်တိုင် လုပ်တတ်ကိုင်တတ်ရှိလာစေရန် ရည်ရွယ်ထားသည့် လုပ်ငန်းစဉ်လည်းဖြစ်ပါသည်။ ဒေသခံ ရွာသားများနှင့် လုပ်ငန်းစဉ်အားပံ့ပိုးကူညီခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် လမ်းညွှန်ချက်များ ပံ့ပိုးပေးမည့် CSO သို့မဟုတ် သုတေသနပညာရှင်တို့အကြား တန်းတူညီမျှသည့်မိ တ်ဖက်ဆောင်ရွက်မှုကိုလည်း အားကောင်းစေပါ သည်။ ထို့အပြင် နယ်မြေခံရွာသားများအနေဖြင့် လည်း ၎င်းတို့၏ ကိုယ်ပိုင်ဗဟုသုတနှင့် စွမ်းဆောင် ရည်တို့အပေါ်တွင်လည်း မိမိကိုယ်ကို ယုံကြည်မှုများ ခိုင်မာစေပါသည်။ ဤကဲ့သို့ပုံမှန်ဆောင်ရွက်သွားခြ င်းဖြင့် ၎င်းတို့၏စည်းရုံးတောင်းဆိုမှုစွမ်းရည်ကိုလည်း ပိုမိုကောင်းမွန်စေပါသည်။




ပုံ (၁) - "PAR မဟုတ်တော့ ဘာတွေလဲ?"
*Source:jenrwelch.com*

ဤချဉ်းကပ်မှုကိုအသုံးပြုမည်ဆိုပါက ဒေသခံလူထုသည် အောက်ပါလုပ်ငန်းများတွင် မဖြစ်မနေ ပါဝင်ဖို့ လိုပါသည်

- မှတ်တမ်းပြုစုခြင်း၏ ရည်ရွယ်ချက်များ သတ်မှတ်ခြင်းနှင့် သုတေသနလုပ်ငန်းအား ဒီဇိုင်းရေးဆွဲခြင်း၊
- အုပ်စုဖွဲ့ဆွေးနွေးမှုအမျိုးမျိုးတွင် ပူးပေါင်းပါဝင်ခြင်း၊
- ထွက်ရှိလာသည့်ရလဒ်များအား ဆွေးနွေးတိုင်ပင်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း၊
- လေ့လာတွေ့ရှိခဲ့သည့် ပြဿနာများအား ဖြေရှင်းနိုင်ရန်အတွက် လိုအပ်သောလုပ်ငန်းစဉ်များ ဖော်ထုတ် သတ်မှတ်ခြင်း၊

ယခုချဉ်းကပ်နည်းအား ပိုမိုထိရောက်စေရန်အတွက် ဒေသခံကျေးရွာသားများအား ကူညီပံ့ပိုးသူများအဖြစ် လေ့ကျင့်သင်ကြားပေးထားရမည် (အခန်း ၅ ကို ကြည့်ပါ)။ ရပ်ရွာအတွင်း ကူညီပံ့ပိုးသူများ၏ အဓိကတာဝန်မှာ နယ်မြေအတွင်းမှ အုပ်စုအမျိုးမျိုးကို အတူတကွစုစည်းပြီးလျှင် မှတ်တမ်းပြုစုခြင်း၏ ရည်ရွယ်ချက်များနှင့် ဦးတည်ချက်များအား သဘောပေါက်လက်ခံလာစေရန်၊ ဆွေးနွေးတိုင်ပင်ခြင်း၊ ပူးပေါင်းသုံးသပ်ခြင်းနှင့် လေ့လာသင်ယူခြင်းတို့ကို မြှင့်တင်ပေးရန်ပင်ဖြစ်သည်။ ဤအချက်များသည် သတင်းအချက်အလက်များ ကောက်ယူခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ထက် အဆများစွာ ကျော်လွန်သွားကြပြီဖြစ်သည်။ အုပ်စုဖွဲ့ ဆွေးနွေးမှုများကိုလည်း နည်းလမ်းတစ်ခုအဖြစ် ထည့်သွင်းထားရခြင်းမှာ နယ်ခံကျေးရွာသားများအတွက် ၎င်းတို့၏လက်ရှိအခြေအနေအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ မြင်တွေ့လိုသည့် ပြောင်းလဲမှုများနှင့် ထိုပြောင်းလဲမှုများအား လက်တွေ့ကျကျ မည်သို့ဖော်ဆောင်နိုင်မည်တို့အတွက် ဂန်းကျင်တစ်ခု ဖန်တီးပေးထားခြင်းပင်ဖြစ်သည်။

## အားလုံးပါဝင်ခြင်း

မှတ်တမ်းပြုစုခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ဒေသခံများအနက်မှ မြေယာနှင့် သယံဇာတများအကြောင်းကို ကျွမ်းကျင်သူများသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေသည်မှာ မှန်သော်ငြား ၎င်းတို့ချည်းကိုသာ အားကိုးမနေသင့်ပေ။ ဒေသအတွင်းမှ မတူကွဲပြားလျှက်ရှိသူများ အားလုံးကို ထည့်သွင်းထားရမည်။ အားလုံးပါဝင်သည့် လုပ်ငန်းစဉ်တစ်ရပ်ဆိုသည်မှာ အုပ်စုအမျိုးမျိုး၏ အကျိုးစီးပွားများ၊ ဦးစားပေးအရာများနှင့် စိုးရိမ်ပူပန်မှုများအားလုံးကို မှန်ကန်တိကျစွာ ကိုယ်စားပြုနိုင်ခြင်းပင်ဖြစ်သည်။ မတူကွဲပြားသည့် ဆွေးနွေးဖက်အုပ်စုများထားရှိခြင်းဖြင့် ဒေသခံများအကြား သတင်းအချက်အလက်များ ဝေမျှနိုင်သည့် အခွင့်အရေးကိုလည်းရရှိစေပါသည်။ ဥပမာပြရလျှင် သက်ကြီးရွယ်အိုများအား ဓလေ့ဟောင်းများနှင့်ဒဏ္ဍာရီဇာတ်လမ်းများကို မျိုးဆက်သစ်လူငယ်များသို့ ပြောပြစေခြင်းသည် အကျိုးရှိသည့်လုပ်ရပ်တစ်ခုပင်ဖြစ်သည်။ တိုင်းရင်းသားမျိုးနွယ်စုငယ်များ (ကျေးရွာအတွင်းတွင်တစ်စုထက် ပို၍ ရှိနေနိုင်သည်)၊ ရွှေ့ပြောင်းလုပ်သား၊ ဆင်းရဲနွမ်းပါးသူ၊ မြေယာမဲ့၊ အမျိုးသမီး၊ လူငယ်နှင့် သက်ကြီးရွယ်အိုတို့ကဲ့သို့ ပူးပေါင်းပါဝင်နိုင်ရေးအတွက် သီးသန့်ဖိတ်ခေါ်ရမည့် အုပ်စုများလည်း ရှိနေနိုင်ပါသေးသည်။ အဆိုပါအုပ်စုများကို ကြိုတင်ဖော်ထုတ်ထားပြီးလျှင် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် ထည့်သွင်းနိုင်ရေးအတွက် တိကျရှင်းလင်းသည့် ဗျူဟာတစ်ရပ်ကိုလည်း ကြိုတင်ရေးဆွဲထားသင့်သည်။ ဘေးဒုက္ခခံစားလွယ်သည့် အုပ်စုများအား သတ်မှတ်ဖော်ထုတ်ရေး၊ ထည့်သွင်းနိုင်ရေးတို့နှင့် ပတ်သက်သည့်အချက်များကို အခန်း ၆ တွင် ဖော်ပြပေးထားပါသည်။ ထိုအုပ်စုများသည် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အား ပိုမိုပီပြင်လာစေပါသည်။

## ပြောင်းလွယ်ပြင်လွယ်ရှိခြင်းနှင့် အကြိမ်ကြိမ်ပြင်ဆင်နိုင်ခြင်း

မှတ်တမ်းပြုစုခြင်းလုပ်ငန်းတွင် ပါဝင်နေကြသူများအနေဖြင့် ဤလုပ်ငန်းစဉ်အကြောင်း ပိုမိုသိရှိလာပြီး ၎င်းတို့အတွက် မည်မျှအရေးပါသည်ကို သဘောပေါက်နားလည်မှု မြင့်မားလာသည်နှင့်အမျှ သုတေသနလုပ်ငန်း၏ ဦးတည်ချက်များသည်လည်း ပြောင်းလဲလာလာနိုင်သည်။ လုပ်ငန်းစဉ်တစ် လျှောက်လုံးတွင် မေးခွန်းအသစ်များလည်း ထပ်ခါထပ်ခါ ပေါ်ပေါက်လာနိုင်ရာ သုတေသနလုပ်ငန်းသည်လည်း အစပိုင်းတွင် မစဉ်းစားမိခဲ့သည့် လမ်းကြောင်းအသစ်များဆီသို့လည်း

ဦးတည်သွားနိုင်ပါသည်။ လက်တွေ့လုပ်ငန်းအခြေပြု သုတေသနလုပ်ငန်းတစ်ခု၏ သံသရာစက်ဝန်းလည်ပတ်နေသည့် သဘာဝကို ဤအချက်က ထင်ဟပ်နေပါသည်။ ဒေသအနေအထားပေါ် မူတည်၍ ကာလအပိုင်းအခြားအလိုက် စိစစ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ အနာဂါတ်၌ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်များနှင့် လက်တွေ့ကျင့်သုံးမှုတို့အား အစီအစဉ်ရေးဆွဲခြင်း စသည့် လုပ်ငန်းများ ပါဝင်နေပါသည်။ မှတ်တမ်း ပြုစုခြင်းလုပ်ငန်းစဉ်သည် လက်တွေ့ကျင့်သုံးမှု အတွက် လေ့လာသင်ယူခြင်းနှင့် လက်တွေ့ကျင့်သုံးမှုမှ ပြန်လည်သင်ယူခြင်းတို့ ပါဝင်နေပါသည်။




ပုံ (၂) - လက်တွေ့လုပ်ငန်း သုတေသန စက်ဝန်း

*Source: https://theweedsandthewilderness.wordpress.com/2013/12/05/action-research/*

## ပွင့်လင်းမြင်သာမှုရှိခြင်း

ယုံကြည်မှုတည်ဆောက်ရေးနှင့် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အပေါ် နားလည်မှုလွဲမှားခြင်းမှ ရှောင်ရှားနိုင်ရေး တို့အတွက် မှတ်တမ်းပြုစုခြင်း၏ ရည်ရွယ်ချက်များနှင့်လုပ်ငန်း စဉ်တို့သည် ရှင်းလင်းတိကျ ပြီး ပွင့်လင်းမြင်သာမှုရှိရမည်။ အစီအစဉ်ရေးဆွဲခြင်းဆိုင်ရာအစည်းအဝေးများ ကျင်းပရသည့် ကြိုတင်ပြင်ဆင်ခြင်းအဆင့်နှင့် ရလဒ်များအား ဝေမျှပြီး စိစစ်အတည်ပြုခြင်းတို့တွင် ဒေသခံကျေးရွာသားများနှင့် ပွင့်လင်းလွတ်လပ်သော ဆွေးနွေးတိုင်ပင်မှုများကို ပြုလုပ်ပေး ရမည်။

## အချက်အလက်ပိုင်ဆိုင်သူ

ဓလေ့ထုံးတမ်းအရစီမံခန့်ခွဲနေသည့်မြေယာများအကြောင်း ကောက်ယူရရှိလာသည့် အချက်အလက်များအား မှတ်တမ်းပြုစုခြင်းဆောင်ရွက်ခဲ့သည့် ကျေးရွာလူထုမှသာ ထိန်းချုပ်ပိုင်ဆိုင်ခွင့် ရသင့်ပါသည်။ တန်ဖိုးကြီးမားသည့် သစ်တောများအကြောင်းနှင့် ပြင်ပပုဂ္ဂိုလ်များအား ဆွဲဆောင်မိခြင်းကြောင့် မြေသိမ်းဆည်းမှုအန္တရာယ် ကြီးမားလာစေမည့် အချက်အလက်များကို အများပြည်သူသို့ချပြခြင်းအား ဒေသခံတို့မှ လုပ်ချင်ကြမည်မဟုတ်ပေ။ မျိုးသုဉ်းပျောက်ကွယ်လု နီးပါးဖြစ်သည့် သားရိုင်းတိရိစ္ဆာန်များ မိမိတို့ဒေသတွင်ရှိနေပါသည်ဟု သားသတ်မုဆိုးများ သို့မဟုတ် ပြင်ပပုဂ္ဂိုလ်များမှ စိတ်ဝင်စားလာစေရန် ထုတ်ဖော်ကြော်ငြာမှုမျိုးကိုလည်း လုပ်ချင်ကြမည်မဟုတ်ပေ။ ထို့ကြောင့် မှတ်တမ်းပြုစုခြင်းကို ကူညီပံ့ပိုးပေးမည့် CSO များအနေဖြင့် သတင်းအချက်အလက်များအား မည်သို့မျှဝေမည်၊ မည်သို့အသုံးပြုမည်တို့ကို သက်ဆိုင်ရာကျေးရွာများနှင့် အစကနဦးကတည်းကပင် ဆွေးနွေးညှိနှိုင်းထားသင့်ပါသည်။ မည်သည့်အချက်အလက်များ

ကို မျှဝေနိုင်သည်၊ မည်သူတို့နှင့် မျှဝေနိုင်သည်၊ မည်သည့်အတွက်ကြောင့် မျှဝေရသည်တို့ကို ဒေသခံလူထုထံမှ သဘော တူညီချက်ရယူထားပြီးဖြစ်ရမည်။ (အခန်း ၄ ရှိ ဆုံးရှုံးနိုင်ခြေများအား စီမံခန့်ခွဲမှုအပိုင်းကို ကြည့်ပါ)

## အရည်အသွေးပြည့်မီသည့် အချက်အလက်များ ရရှိရေး အခြေခံစည်းမျဉ်းများ




### ရှုထောင့်သုံးဘက်မှ ချိန်ထိုးသုံးသပ်ခြင်း

ရရှိလာသည့်အချက်အလက်များ၏မှန်ကန်တိကျမှုကို စိစစ်အတည်ပြုနိုင်ရေးအတွက် သတင်းအချက်အလက်များ အား ရင်းမြစ်အမျိုးမျိုးနှင့် အသုံးချကိရိယာ အမျိုးမျိုးကို အသုံးပြု၍ စစ်ဆေးသင့် ပါသည်။ ဥပမာ - စိုက်ပျိုးရေးနှင့်ပတ်သက်၍ အုပ်စုဖွဲ့ ဆွေးနွေးမှုများ ရှိထားသည်ဆိုပါက ကွင်းဆင်းလေ့လာပြီး တွေ့ရှိရသည့် သီးနှံများနှင့် တိုက်ဆိုင်စစ်ဆေးမှုများကို ပြုလုပ်သင့်ပါသည်။ အထူးသဖြင့် ကျေးရွာအတွင်းရှိ ရင်းမြစ်များအား ရယူသုံးစွဲပိုင်ခွင့်နှင့်ပတ်သက်လာပါက လူချမ်းသာတစ်ဦးနှင့် ဆင်းရဲသားတို့အကြားတွင် မတူညီသော နားလည်လက်ခံထားမှုများ ရှိနေနိုင်သည်။ ထို့အပြင် အမျိုးသားနှင့် အမျိုးသမီးတို့အကြားတွင်လည်း ဦးစားပေးအကြောင်းအရာများနှင့် လိုအပ်ချက်တို့ တူညီနိုင်မည်မဟုတ်ပေ။ ပြဿနာရပ်များအပေါ် ကျေးရွာလူထု၏ အမြင်များနှင့် နားလည်လက်ခံထားမှုများ မတူညီကြသည့် သဘောထား ကွဲလွဲနေကြသည့် အခြေခံအကြောင်းတရားများကို ဖော်ထုတ်နိုင်ပါက အထောက်အကူရစေမည်ဖြစ်သည်။ ဤကဲ့သို့ မတူညီမှုများကြောင့် အဓိကကျသည့် ပြဿနာအကြောင်းရင်းများကို ဖော်ထုတ်နိုင်ရုံမက ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းမှုများကိုပါ ရရှိစေပါသည်။

## ဘက်လိုက်တတ်မှုများအား ကြိုတင်ရှောင်ရှားနိုင်ခြင်း

မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တိုင်းတွင် ဘက်လိုက်စဉ်းစားမိခြင်းမျိုး ရှိနေတတ်ကြသည်ပင်။ ဘက်လိုက်မိခြင်း ဆိုသည်မှာနယ်မြေ၊ အကြောင်းအရာ၊ ရှုထောင့်တစ်ခုတည်းအပေါ်တွင်သာ အလေးထားမိခြင်း သို့မဟုတ် စိတ်ဝင်စားမိခြင်းကြောင့် အခြားသောသတင်းအချက်အလက်များအား အာရုံမစိုက်မိခြင်း သို့မဟုတ် လစ်ဟာသွားခြင်းမျိုးကို ဆိုလိုပါသည်။ ထို့ကြောင့် ဘက်လိုက်မှုများ လျှော့ချနိုင်ရေးအတွက် ၎င်းတို့၏ ပေါ်ပေါက်တတ်မှုကို ကြိုတင်သိရှိထားနိုင်ရေးသည် အလွန်အရေးကြီးပေသည်။ ဘက်လိုက်မှုသည် သတင်းပေးသူများထံမှ ရောက်ရှိလာနိုင်သကဲ့သို့ ကူညီပံ့ပိုးသူများကိုယ်တိုင်ထံမှလည်း ပေါ်ပေါက်နိုင်ပါသည်။ ဘက်လိုက်မှုပုံစံ အမျိုးမျိုးရှိပါသည်။ ကျား/မ ခွဲခြား ဘက်လိုက်ခြင်း၊ ချမ်းသာကြွယ်ဝမှုအပေါ်ဘက်လိုက်ခြင်း၊ နေရာဒေသအပေါ် ဘက်လိုက်ခြင်း၊ အချိန်သတ်မှတ်မှု ဘက်လိုက်ခြင်း၊ မျှော်လင့်ချက်အလိုက် ဘက်လိုက်ခြင်း စသည်ဖြင့် အမျိုးစားများစွာရှိနိုင်ပါသည်။ အသုံးပြုသည့်နည်းလမ်း သို့မဟုတ် အသုံးချကိရိယာများ၊ သို့မဟုတ် မှတ်တမ်းပြုစုခြင်းလုပ်ဆောင်ခဲ့သည့်နေရာ (ဥပမာ - လမ်းမကြီးနံဘေးရှိ အိမ်ထောင်စုများကိုသာ တွေ့ဆုံမေးမြန်းသွားခြင်း) စသည်ဖြင့် မှတ်တမ်းပြုစုခြင်းဆောင်ရွက်ခဲ့ပုံနှင့်ဆက်စပ်၍လည်း ဘက်လိုက်မှုဖြစ်ပေါ်နိုင်ပါသည်။ သုတေသနပြုလုပ်ခဲ့သည့် ရာသီအချိန်သည်လည်း အချို့သော ရာသီအလိုက် အသုံးပြုနိုင်သည့်ရင်းမြစ်များနှင့် အချို့သူများ၏ သက်မွေးလုပ်ငန်းများအပေါ် သက်ရောက်မှု ရှိနေနိုင်သည်။ သို့မဟုတ် အချို့သောအုပ်စုများအတွက် မှတ်တမ်းပြုစုမှုလုပ်ငန်းစဉ်အတွက် အချိန်မပေးနိုင်ခြင်း သို့မဟုတ် အဝေးရောက်နေခြင်းတို့လည်း ရှိနိုင်ပါသည်။

ဘက်လိုက်တတ်မှုများအား စီမံခန့်ခွဲရာတွင် အဓိကလိုက်နာရမည့်အချက်တစ်ချက်ရှိပါသေးသည်။ အုပ်စုတစ်စု၏ ထင်မြင်ယူဆချက်များအား ကျေးရွာတစ်ခုလုံး၏ အခြေအနေ သို့မဟုတ် သဘောထားကို ကိုယ်စားပြုသည်ဟု လွဲမှားစွာ ကောက်ချက်ချမိခြင်းမပြုရပါ။ ထိုသို့မဖြစ်စေရေးအတွက်ကိုလည်း အားလုံး ပူးပေါင်းပါဝင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်နေဖို့လိုပါသည်။ ထို့အတွက် အသေးစိတ်သိရှိလိုပါက Inya Institute မှ ထုတ်ဝေခဲ့သော အခြေခံလက်စွဲ ၁၀ ကို ကြည့်ပါ။

## သုတေသနမေးခွန်းအား ဆွေးနွေးပွဲမေးခွန်းများအဖြစ် ပြောင်းလဲခြင်း

CSO နှင့် ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့် သူများအနေဖြင့် မည်သို့သော သတင်းအချက်အလက်များအား ကောက်ယူရမည်ကို "ရင်ထဲ အသည်းထဲကပင်" စွဲမြဲစွာ သိရှိထားဖို့လိုပါသည်။ ပြန်လည်တုန့်ပြန်မှုများ၏ အရည်အသွေးမှာ မေးခွန်းများအား မည်သည့်ပုံစံမျိုးဖြင့် မေးမြန်းသည်ဆိုသောအချက်ပေါ်တွင် များစွာမူတည်နေပေသည်။ ကူညီပံ့ပိုးသူများအနေဖြင့် သုတေသနမေးခွန်းရှည်ကြီးများအား လွယ်ကူရိုးစင်းသည့် မေးခွန်းတိုများ အဖြစ်သို့ ပြောင်းလဲမေးမြန်းနိုင်ရမည်။ အဆိုပါမေးခွန်းများကိုလည်း ဆွေးနွေးမှု သို့မဟုတ် တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ပတ်သက်နေသူများ၏ ဗဟုသုတ၊ ဘဝအတွေ့အကြုံတို့နှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်ထားရမည်။ ပြဿနာအတိအကျများကို ရည်ညွှန်းမေးမြန်းသည့်အခါတွင် တုန့်ပြန်ပြောဆိုရမည့်သူအနေဖြင့် လိုအပ်သော သတင်းအချက်အလက်များ ဖော်ထုတ်ပေးနိုင်ရေးအတွက် မည်သို့သော အသုံးချကိရိယာများအား အသုံးပြုသင့်သည်ကို ရွေးချယ်သုံးစွဲရေးမှာ ကူညီပံ့ပိုးမည့်သူ၏ တာဝန်သာဖြစ်သည်။

ဥပမာ "မြေယာအငြင်းပွားမှုများကို ဓလေ့ထုံးတမ်းစနစ်များတွင် မည်သို့ဖြေရှင်းပေးကြသနည်း"ကို သိရှိလိုသည်ဆိုပါက ပထမဦးဆုံးအနေဖြင့် မည်သို့သောအငြင်းပွားမှုမျိုးနှင့် မည်သည့်ရင်းမြစ်များအပေါ်တွင် (ရွှေ့ပြောင်းတောင်ယာကွက်များ၊ ဆည်ရေ၊ သစ်တော စသည်) ဖြစ်ပွားလေ့ရှိသည်ကို မေးမြန်းရပါမည်။ ထို့အပြင် မည်သူတို့အကြားတွင် (တစ်သီးပုဂ္ဂလအချင်းချင်း၊ အိမ်ထောင်စုအချင်းချင်း၊ ကျေးရွာအချင်းချင်း) ဖြစ်ပေါ်ခဲ့သည့်အငြင်းပွားမှုဖြစ်သည်ကိုလည်း လေ့လာထားရမည်။ ဆက်လက်၍ အငြင်းပွားမှုများ ဖြေရှင်းရာတွင် မည်သူတို့ပါဝင်ခဲ့ကြသည်ကို မေးမြန်းပါ (ရပ်မိရပ်ဖ၊ ရွာလူကြီး၊ နယ်ခံ တရားသူကြီး)။ အငြင်းပွားမှုများအား မည်သည့်လုပ်ငန်းစဉ်ဖြင့် ဖြေရှင်းခဲ့ကြသည်ကိုလည်း လေ့လာ စူးစမ်းရပါမည် (ကြားဝင်ဖြန်ဖြေမှု၊ ခုံရုံးဖွဲ့စစ်ဆေးခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးမှု)။ ထိုမျှသာမက အဆိုပါအငြင်းပွားမှုများ၏ နောက်ဆုံးရလဒ်များ

အကြောင်းကိုလည်း မေးမြန်းထားရမည် (ဒဏ်ကြေးတပ်ခြင်း၊ ကျေးရွာအတွင်းမှ ဖယ်ကြဉ်ထားခြင်း သို့မဟုတ် အငြင်းပွားမှုတွင် ပါဝင်ပတ်သက်သူတိုင်းအား ထမင်းထုပ်ကမ်း၍ ကျေအေးခြင်း)။

သုတေသနမေးခွန်းများ ပြုစုခြင်းနှင့် ၎င်းမေးခွန်းများအား အကြောင်းအရာအလိုက်ဆွေးနွေးမှုများအတွက် ထပ်မံအသေးစိတ်ခြင်းတို့ကို ဤလမ်းညွှန်စာအုပ်မှ ကူညီလမ်းပြပေးနိုင်ပါသည်။ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များ၏ ရှုထောင့်အသီးသီးအတွက် သုတေသနမေးခွန်းနမူနာများကို အခန်း ၅ တွင် ထည့်သွင်းဖော်ပြပေးထားပါသည်။ ထို့အပြင် အချို့သော မေးခွန်းများအား ဖြေကြားနိုင်ရန်အတွက် မြေပုံရေးဆွဲခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ လုပ်ငန်းခွင်အတွင်းသို့ လူကိုယ်တိုင်သွားရောက်ခြင်း စသည်ဖြင့် မည်သို့သော အသုံးချနည်းလမ်းများ အသုံးပြုရမည်ကိုလည်း ဖော်ပြပေးထားပါသည်။ သုတေသနမေးခွန်းများအား အကြောင်းအရာအတိအကျအလိုက် ဆွေးနွေးရန်အတွက် အသေးစိတ်မေးခွန်းများအဖြစ် မည်သို့ပြောင်းလဲရမည်ကိုမူ နမူနာများအဖြစ် နောက်ဆက်တွဲ ၄ တွင် အခြေခံမေးခွန်းစာရင်းဖြင့် ထည့်သွင်းပေးထားပါသည်။

လက်တွေ့လုပ်ငန်းဖြင့် လူထုပူးပေါင်းပါဝင်သည့် သုတေသနနည်းလမ်းများ အသုံးပြုခြင်း - ကြွယ်ဝ ချမ်းသာမှု အဆင့်အတန်းသတ်မှတ်ခြင်း၊ ရာသီပြပြက္ခဒိန်၊ မြေပုံကြမ်းနှင့် အခြားသောနည်းလမ်းများမှာ အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် ထင်သာမြင်သာရှိစေသဖြင့် အချက်အလက်ကောက်ယူခြင်းနှင့် ပြန်လည် တင်ပြမှုများ၌ ပါဝင်သူများအတွက် နားလည်လွယ်စေပါသည်။ သို့သော် အဆိုပါ အသုံးချကိရိယာများကို "ဇယားကွက်တွင် အမှတ်ခြစ်ပါ" ပုံစံမျိုးဖြင့် စာအုပ်ကြီးအတိုင်း ပုံသေအသုံးပြုခြင်းမျိုး မဖြစ်သင့်ပါ။ မည်သည့်အချက်အလက်များ လိုအပ်သည်ဆိုသော အချက်ပေါ် မူတည်၍ အသုံးတည့်မည့် နည်းလမ်းများ ရွေးချယ်သုံးစွဲရပါမည်။ လက်တွေ့သုံးစွဲခြင်းမပြုမီ ဤနည်းလမ်းများသည် အုပ်စုဖွဲ့ဆွေးနွေးမှုများအား မည်မျှ စုစည်းဦးဆောင်ပေးနိုင်မည်ကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။



## နေ့စဉ်လုပ်ငန်းများတွင် ပါဝင်ခြင်း

သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရွာသို့အရောက်သွား၊ မေးခွန်းများမေး၊ အဖြေများအား လိုက်လံရေးမှတ်လုပ်ရုံမျှမျိုး မဖြစ်သင့်ပေ။ ကူညီပံ့ပိုးမည့်သူသည် ထိုရွာသားမဟုတ်ပါက ရွာသားများ၏ နိစ္စဓူဝလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းဖြင့် အဆိုပါကျေးရွာ၏ ပကတိအခြေအနေနှင့် ရင်းနှီးကျွမ်းဝင်မှု ရရှိစေရေးကို အချိန်ယူလုပ်ဆောင်

သင့်ပါသည်။ အကယ်၍ အချိန်ပေးနိုင်မှုနည်းပါးခဲ့သည့်တိုင် ရွာသားများနှင့်အတူ ခြံထဲ လိုက်ဆင်းခြင်းမျိုး ပြုလုပ်သင့်ပါသည်။ သို့သော် ထိုသို့လိုက်ပါခြင်းအတွက်ကိုလည်း ဒေသခံရွာသားများမှ ကြည်ဖြူစွာခွင့်ပြုခြင်းမျိုးဖြစ်ရမည်။ စိတ်ကူးစိတ်သန်းများနှင့် နောက်ခံဇာတ်လမ်းများ ပေမျှပြောဆိုရန်အတွက် ညနေပိုင်းအချိန်များသည် အေးဆေးပွင့်လင်းစွာ ဆွေးနွေးနိုင်သော အချိန်ကောင်းပင်ဖြစ်သည်။ ထိုကဲ့သို့ ကျေးရွာသားများနှင့်အတူ အချိန်ဖြုန်းခြင်း၊ ရွာဓလေ့အတိုင်း နေထိုင်ခြင်းဖြင့် ယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှုတို့ တည်ဆောက်နိုင်သောကြောင့် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်များကို ပိုမိုအောင်မြင်စေပါသည်။

## သုတေသနလုပ်ငန်းများရှိ ကျင့်ဝတ်ပိုင်းဆိုင်ရာစည်းမျဉ်းများ

လူမှုသုတေသနလုပ်ငန်းများသည် ကျင့်ဝတ်ပိုင်းနှင့် နိုင်ငံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ပေါ်ပေါက်စေတတ်ပါသည်။ ထို့ကြောင့်လည်း သုတေသနလုပ်ငန်းလုပ်ကိုင်မှုအတွက် အဓိကကျသည့် အခြေခံစည်းမျဉ်းများနှင့် မိမိကိုယ်ကိုရင်းနှီးနေစေရေးအပြင် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အတွင်း "လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များ" ပြဋ္ဌာန်းထားရေးတို့ကိုအရေးယူဆောင်ရွက်သင့်ပါသည်။

<u>မိမိသဘောဆန္ဒအလျောက် ပူးပေါင်းပါဝင်ခြင်း -</u>

(အခန်း ၄ ရှိ နောင်ဖွဲ့မှုကင်း၍ ကြိုတင်ချပြ အသိပေးထားပြီး သဘောတူညီချက်ရယူမှုအပိုင်းကို ကြည့်ပါ)

<u>ထိခိုက်ဆုံးရှုံးမှု မရှိစေခြင်း -</u>

သုတေသနပညာရှင်များအနေဖြင့် မိမိစူးစမ်းလေ့လာနေသည့် အကြောင်းအရာများကို စိတ်ခံစားမှုအရသော်လည်းကောင်း သို့မဟုတ် ရုပ်ဝတ္ထုပိုင်းအရသော်လည်းကောင်း ထိခိုက်နစ်နာမှုများ မရှိစေရပါ။ (အခန်း ၄ ရှိ ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေများအား စီမံခန့်ခွဲမှုကို ကြည့်ပါ)

<u>အမည်ထုတ်ဖော်မှုမပြုခြင်း -</u>

သုတေသနတွေ့ရှိချက်များအား ပြန်လည်ပေမျှသည့်အခါတွင် သုတေသနပညာရှင် များသည် ကြိုတင်သဘောတူခွင့်ပြုချက်မရရှိထားပါက လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများအား အတိအကျ ရည်ညွှန်း ပြောဆိုခြင်းမျိုးကိုရှောင်ရှားရပါမည်။ ထို့အပြင် ပုဂ္ဂိုလ်ရေးနှင့်ဆိုင်သော အသေးစိတ်အချက်အလက်များ ကို ချန်လှပ်ထားခြင်းဖြင့် အမည်ထုတ်ဖော်မိခြင်းမျိုး မရှိတော့ပေ။

<u>လျှို့ဝှက်နိုင်မှု -</u>

လူတစ်ဦးတစ်ယောက်မှ ကိန်းဂဏန်းအချက်အလက်များ သို့မဟုတ် ၎င်း၏ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုသည့်အခါတွင် အထူးသဖြင့် ထိရှလွယ်သည့် အကြောင်းအရာများဖြစ်နေပါက မည်သူမှ ထုတ်ဖော်ပြောကြားသည်ဆိုသော အချက်အား လျှို့ဝှက်ထားနိုင်ရေးကို မဖြစ်မနေ ဂရုထား ဆောင်ရွက်ရမည်။ သတင်းအချက်အလက် ထုတ်ဖော်ပြောကြားသူကို သုတေသနပညာရှင်ကသာလျှင် သိထားခြင်းမျိုး ဖြစ်ရပါမည်။ ဤကဲ့သို့ လျှို့ဝှက်ထားမည်ဆိုသော အခြေခံစည်းမျဉ်းအကြောင်းကိုလည်း တွေ့ဆုံမေးမြန်းမှုများနှင့် အုပ်စုဖွဲ့ ဆွေးနွေးမှုများ မပြုလုပ်မီကပင် ပါဝင်ပတ်သက်နေသူများအား ကြိုတင် အသိပေးထားရမည်။

<u>ဘက်လိုက်မှုကင်းခြင်း -</u>

မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အတွင်း မည်သည့်ဘက်မှ မလိုက်ဘဲ ကြားနေဝါဒကျင့်သုံးနိုင်ရေးသည်လည်း အရေးကြီးသော အချက်ပင်ဖြစ်သည်။ ကူညီပံ့ပိုးသူများအနေဖြင့် အကျိုးသက်ဆိုင်သူများအား ပေဖန်ခြင်း သို့မဟုတ် ဝင်ရောက်ဆုံးဖြတ်ခြင်း မပြုဘဲ ရှုထောင့်ပေါင်းစုံကို လက်ခံနားဆင်ပေးရမည်။

## ၃ – ၂ ရိုးရာမြေလုပ်ပိုင်ခွင့်၏ အခြေခံအယူအဆများ

မြန်မာနိုင်ငံအတွင်းရှိ ဒေသအများအပြား အထူးသဖြင့် မိမိနေထိုင်ရာဒေသရှိ ရေမြေတောတောင်တို့နှင့် မျိုးရိုးစဉ်ဆက်အလိုက် ဆက်နွယ်မှုများ အခိုင်အမာရှိထားကြသည့် ဒေသများတွင် ဓလေ့ထုံးတမ်းများကို ကျင့်သုံးလျှက်ပင်ရှိသည်။ နိုင်ငံအနှံ့အပြား အထူးသဖြင့် တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ရာဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနေကြဆဲဖြစ်သည်။ ဒေသခံဂေဟစနစ်၊ နယ်မြေအပိုင်းအခြား၊ သယံဇာတရင်းမြစ်များရယူသုံးစွဲနိုင်မှု၊ တိုင်းရင်းသားမျိုးနွယ်စု၊ လူမှုအဖွဲ့အစည်းများတည်ရှိမှု၊ လူဦးရေထူထပ်မှုအနေအထားတို့အပြင် ဈေးကွက်ပေါင်းစည်းနိုင်မှုအခြေအနေ စသည့်အချက်များအပေါ် မူတည်၍ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များကို မြန်မာနိုင်ငံတွင် ပုံစံအမျိုးမျိုးဖြင့် ကျင့်သုံးလျှက်ရှိကြသည်။

မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်ကို ကြိုတင်ပြင်ဆင်ခြင်းနှင့် လက်တွေ့ဆောင်ရွက်ခြင်းတို့အတွက် စွဲမြဲစွာ မှတ်သားထားရမည့် အခြေခံသဘောတရားများကို အောက်ပါအတိုင်း ဖော်ပြပေးလိုပါသည်။

ရိုးရာမြေလုပ်ပိုင်ခွင့်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

မြေယာနှင့် သဘာဝသယံဇာတများအား စီမံခန့်ခွဲမှုနှင့် ခွဲဝေချထားပေးမှုတို့တွင် ဒေသတွင်းရှိ စည်းမျဉ်းများနှင့် အဖွဲ့အစည်းများက အဓိကအခန်းကဏ္ဍမှ ပါဝင်ပတ်သက်နေဆဲဖြစ်သော နယ်မြေဒေသများကို ရည်ညွှန်းပါသည်။ ရိုးရာမြေလုပ်ပိုင်ခွင့်ဆိုသည်မှာ စည်းမျဉ်း၊ စည်းကမ်းများ အစုအဝေးပင်ဖြစ်ပြီး ဒေသခံ လူထုကိုယ်တိုင်ကပင် ၎င်းတို့နေထိုင်ရာမြေနှင့် သဘာဝသယံဇာတများအား ရေရှည်တည်တံ့စွာ စီမံခန့်ခွဲနိုင်ရေးအတွက် သမိုင်းကြောင်းတစ်လျှောက် သတ်မှတ်ပြဌာန်းလာခဲ့ကြခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရမှ တရားဝင်ပြဌာန်းထားသည့် ဥပဒေများတွင် အဆိုပါ စည်းမျဉ်းများကို ထည့်သွင်းထားခြင်းမရှိသော်ငြား လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ တရားဝင်ဖြစ်တည်မှုကို သမိုင်းကြောင်းချီ၍ လက်ခံကျင့်သုံးလာခဲ့ကြသည်။ တရားဝင်ပြဌာန်းထားသည့် ဥပဒေ မဟုတ်သော်လည်း ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများသည် ဒေသခံလူထုအမြင်တွင်မူ တရားဝင်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ စည်းမျဉ်းများကို ကောင်းစွာသိရှိလက်ခံထားကြဆဲ၊ ကျင့်သုံးနေကြဆဲ၊ ဒေသအများစုတွင် ပတ်ဝန်းကျင်ကျေးရွာများကပါ လိုက်နာနေကြဆဲဖြစ်သောကြောင့်ဖြစ်သည်။ အစုအဖွဲ့တည်ရှိမှု နယ်နိမိတ်သတ်မှတ်ချက်များနှင့် အချို့သော သယံဇာတရင်းမြစ်များအား ထုတ်ယူသုံးစွဲနိုင်ခွင့်တို့ကိုလည်း သိရှိလက်ခံပြီး အသိအမှတ်ပြုထားကြသည်။

## မြေယာသည် ရှုထောင့်ပေါင်းစုံအား လွှမ်းခြုံထားသည်


မြေယာဟုဆိုရာတွင် စပါး၊ ငွေပေါ်သီးနံ သို့မဟုတ် ဥယျာဉ်ခြံများ စိုက်ပျိုးရာမြေတစ်ခုတည်းအား ရည်ညွှန်းသတ်မှတ်ထားခြင်းမဟုတ်ပေ။ သစ်တော၊ စားကျက်မြေ၊ မြစ်ချောင်းများ၊ စမ်းချောင်းများနှင့် ရေထွက်များလည်း ပါဝင်နေသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောထွက်ပစ္စည်းများ၊ ကုန်းတွင်းပိုင်း ရေလုပ်ငန်းနှင့် အခြားသော သဘာဝသယံဇာတများအပေါ် မှီခိုအားထားနေရသည့် ဒေသခံလူထုများအတွက် မြေသည် အဖိုးတန်သော အရင်းအနှီးတစ်ခုပင်ဖြစ်သည်။ မြေသည် ရုပ်ဝတ္ထုပစ္စည်းတစ်ခု သို့မဟုတ် သက်မွေးဝမ်းကျောင်းအတွက် စီးပွားရေးပိုင်ဆိုင်မှုတစ်ခုသက်သက်လည်း မဟုတ်ပါ။ ဒေသခံတို့၏ ဘိုးဘွားအစဉ်အဆက်က ရှင်သန်နေထိုင်လာခဲ့ကြသည့် အရပ်ဒေသဟုလည်း အမှတ်သညာပြုထားရသည့် လက္ခဏာတစ်ရပ်လည်းဖြစ်သည်။ ထို့အပြင် မြေဆိုသည်မှာ ယဉ်ကျေးမှု၊ အချုပ်အခြာအာဏာနှင့် အမျိုးသားရေး လက္ခဏာတို့ကိုလည်း ဖော်ကျူးထားသည့်အမွေအနှစ်တစ်ရပ် ဖြစ်သည်။ သေဆုံးသူများအား မြှုပ်နှံရာနေရာနှင့် ဘာသာရေးဆိုင်ရာ သစ်တောမြေများဆိုလျှင်လည်း တိုင်းရင်းသားမျိုးနွယ်စုများအတွက် ကြီးမားနက်ရှိုင်းသည့် ကိုးကွယ်ယုံကြည်မှု

ဆိုင်ရာ ဆက်နွယ်မှုများ ရှိနေပါသည်။ အဆိုပါမြေများသည် ဓလေ့ထုံးတမ်းဥပဒေများနှင့်လည်း ယှက်နွယ်နေသည်ဖြစ်ရာ အခွင့်အရေးရယူခံစားသူများအဖို့ ကာကွယ်စောင့်ရှောက်ရေးကိုပါ တာဝန်ယူရတော့မည်ဖြစ်သည်။

## လုပ်ပိုင်ခွင့်နှင့် မတူကွဲပြားသည့် အခွင့်အရေးများ

မြေနှင့် အခြားသော သဘာဝသယံဇာတများ[3] အတွက် လူတစ်ဦး သို့မဟုတ် ကျေးရွာတစ်ခု၏ အခွင့်အရေးသည် ၎င်းတို့ရယူသုံးစွဲမည့် သဘာဝသယံဇာတ လုပ်ပိုင်ခွင့်ကို သတ်မှတ်ပေးပါသည်။ ထိုသို့ သတ်မှတ်ရာတွင် အခွင့်အရေးသာမက အခြားသူများအားထိခိုက်ပျက်စီးစေမည့် နည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲခြင်း မပြုရဟူသော လိုက်နာရမည့်စည်းကမ်းများလည်း ပါဝင်နေပေသည်။

တရားဝင်ဖြစ်စေ သို့မဟုတ် ထုံးတမ်းဓလေ့အရဖြစ်စေ လုပ်ပိုင်ခွင့်ဆိုသည်မှာ တစ်စုံတစ်ခုသော ရင်းမြစ်နှင့် ပတ်သက်သည့် အခွင့်အရေးအမျိုးအစား အများအပြားကိုစုစည်းထားသည့် "စုဖွဲ့ဖြစ်တည်နေသည့် အခွင့်အရေးများ" ကို ရည်ညွှန်းခြင်းဖြစ်သည်။



ပုံ ၃ - စုဖွဲ့ဖြစ်တည်နေသော အခွင့်အရေးများ

အခွင့်အရေးအမျိုးအစားများကို အောက်ပါအတိုင်း ခွဲခြားရှုမြင်သင့်ပါသည်

- ဝင်ရောက်သုံးစွဲခွင့် - (ဥပမာ အထွတ်အမြတ်ထားသည့် သစ်တောနယ်မြေတစ်ခုသို့ ဝင်ရောက်ခွင့်၊ မြေကွက်တစ်ခုအား ထွန်ယက်စိုက်ပျိုးခွင့်၊ ကျွဲနွားအုပ်များကို စားကျက်မြေတွင် လွှတ်ကျောင်းခွင့် စသည်)
- သယံဇာတရင်းမြစ်တစ်ခုကို ထုတ်ယူသုံးစွဲခွင့် - ဥပမာ သစ်တောအတွင်းမှ သစ်ဥသစ်ဖုများ သို့မဟုတ် လောင်စာထင်း ထုတ်ယူခွင့်၊ စိုက်ပျိုးထားသည့်မြေအား ရိတ်သိမ်းခွင့်၊ မြစ်ချောင်း အတွင်း ငါးဖမ်းခွင့်)
- စီမံခန့်ခွဲခွင့် - မြေကွက်တစ်ခုအား အသုံးချပုံနှင့်ပတ်သက်၍ စီမံခန့်ခွဲနိုင်သည့်အခွင့်အရေး (ဥပမာ မည်သည့်သီးနှံ/အပင်စိုက်မည်၊ မည်သို့စိုက်မည် စသည်တို့အား စိတ်ကြိုက်ဆုံးဖြတ် ပိုင်ခွင့်)နှင့် မြေယာပြုပြင်မှုလုပ်ငန်းများ လုပ်ပိုင်ခွင့် (လှေကားထစ်စိုက်ပျိုးခြင်း၊ ကွန်တိုမျဉ်းအလိုက် စိုက်ပျိုးခြင်း၊ ရေတွင်းတူးခြင်း၊ ဆည်ရေသွယ်မြောင်း ဖောက်ခြင်းစသည်)
- တားဆီးပိတ်ပင်ပိုင်ခွင့် - ဝင်ရောက်ခွင့်ကို မည်သူမှသာရရှိသင့်သည်ဟု ဆုံးဖြတ်ပိုင်ခွင့် (ဥပမာ ဤမြေအတွင်းသို့ အခြားသောကျေးရွာသားများ မဝင်ရောက်နိုင်စေရန် ခြံစည်းရိုးခတ်ထားခြင်း သို့မဟုတ် ခြံနီးနားချင်းများနှင့် ဆွေမျိုးများအား ဝင်ရောက်ခွင့်ပေးထားခြင်း)နှင့် ထိုအခွင့်အရေးများအား လွှဲပြောင်းပေးမည့်နည်းလမ်းကို ဆုံးဖြတ်ပိုင်ခွင့် (သားသမီးများအား အမွေခွဲပေးမှုကို မည်သို့ဆောင်ရွက်ရမည်ဟူ၍ ဆုံးဖြတ်ပိုင်ခွင့်)
- လုပ်ပိုင်ခွင့်လွှဲပြောင်းပေးပိုင်ခွင့် - ရရှိထားသည့်အခွင့်အရေးများအား ပြန်လည်ရောင်းချခြင်းနှင့် ငှားရမ်းခြင်း (လုပ်ပိုင်ခွင့်လွှဲပြောင်းပေးခြင်း)

---

3 "သယံဇာတရင်းမြစ်" ဟူသော ဝေါဟာရမှာ ထိုအမိပ္ပါယ်မျှလောက်ဖြင့် ရိုးစင်းလွယ်ကူနေသည်မဟုတ်ပေ။ တစ်ခုတည်းသောအရာဝတ္ထု (ဥပမာ သစ်ပင်တစ်ပင်) ကပင် တစ်ချိန်တည်း၌ ရင်းမြစ်အမျိုးမျိုး (လောင်စာထင်း၊ ဆေးဖက်ဝင် အရွက် သို့မဟုတ် အသီး၊ တိရိစ္ဆာန်အစာ၊ သစ်မာ) ဖြစ်နိုင်ပေသည်။




## ဓလေ့ထုံးတမ်းစနစ်များမှ မတူညီသည့် အခွင့်အရေးပိုင်ဆိုင်သူ အမျိုးအစားများ

လူအမျိုးမျိုးတွင် အခွင့်အရေး အဆင့်အတန်းအမျိုးမျိုး ရှိနေနိုင်သည် (အောက်ဖော်ပြပါပုံကိုကြည့်ပါ)။ ရောင်းချပိုင်ခွင့်အပါအဝင် အခွင့်အရေးအားလုံး ခံစားခွင့်ရရှိထားပါက "အလုံးစုံ ပိုင်ဆိုင်သူ" မှသည် "လက်ရှိပိုင်ဆိုင်သူ"၊ "လုပ်ပိုင်ခွင့်ရှိသူ"၊ "သုံးစွဲခွင့်ရှိသူ"နှင့် "ဝင်ရောက်ခွင့်ရှိသူ"ဟူ၍ မြေနှင့်ပတ်သက် ဆက်စပ်နေသည့် အခွင့်အရေးအဆင့်အတန်းအပေါ် မူတည်ကာ အင်္ဂလိပ်ဘာသာတွင် ဝေါဟာရများ ဖွင့်ဆိုထားသည်။ ဖော်ပြပါနည်းပညာအခေါ်အဝေါ်အားလုံးကို အလွတ်ကျက်မှတ်ထားရန်မလိုသော်ငြား စုဖွဲ့ဖြစ်တည်မှု အခွင့်အရေးများ မတူညီနိုင်ကြသည့်အပြင် လုပ်ပိုင်ခွင့် "အဆင့်အတန်းများ" သည်လည်း ကွဲပြားတတ်ကြကြောင်းကို သိရှိထားရပါမည်။

| | အလုံးစုံ ပိုင်ဆိုင်သူ | လက်ရှိ ပိုင်ဆိုင်သူ | လုပ်ပိုင်ခွင့် ရရှိထားသူ | အသုံးပြုခွင့် ရရှိထားသူ | ဝင်ရောက်ခွင့် ရရှိထားသူ |
|---|---|---|---|---|---|
| ဝင်ရောက်ခွင့် | X | X | X | X | X |
| ထုတ်ယူသုံးစွဲခွင့် | X | X | X | X | |
| စီမံခန့်ခွဲပိုင်ခွင့် | X | X | X | | |
| တားဆီးပိုင်ခွင့် | X | X | | | |
| လွှဲပြောင်းပေးပိုင်ခွင့် | X | | | | |

ပုံ ၄ - အဆင့်အတန်းအလိုက် စုဖွဲ့ဖြစ်တည်နေသည့် အခွင့်အရေးများ

ရင်းမြစ် - *Ostrom and Schlager (1996: 133)*

## လုပ်ပိုင်ခွင့်နှင့် စီမံခန့်ခွဲမှုပုံစံ အမျိုးမျိုး

မြေနှင့် အခြားသော သဘာဝသယံဇာတရင်းမြစ်များအတွက် လုပ်ပိုင်ခွင့် အမျိုးအစားအုပ်စုများ မတူညီကြပေ။ အောက်တွင်ဖော်ပြထားသည့် စီမံခန့်ခွဲမှုပုံစံအမျိုးအစားများသည် စုဖွဲ့ဖြစ်တည်နေသည့် အခွင့်အရေးများ (အထက်တွင်ဖော်ပြထားသည့်အတိုင်း သုံးစွဲသူအား ပေးအပ်ထားသည့်အခွင့်အရေးများ) အား မည်သို့စီမံခန့်ခွဲကြသည်ကို ရှင်းလင်းပေးထားပါသည် -

- <u>ပုဂ္ဂလိကပိုင်</u>

  တစ်သီးပုဂ္ဂလ (လက်တွေ့တွင်မူ အိမ်ထောင်စုအလိုက် ပေးအပ်ထားလေ့ရှိသည်) သို့မဟုတ် ကုမ္ပဏီကဲ့သို့ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိထားသူများတွင်သာ အခွင့်အရေးရှိသည်၊

- <u>ပြည်သူပိုင် / နိုင်ငံတော်ပိုင်</u>

  နိုင်ငံတော်မှပိုင်ဆိုင်ပြီး သယံဇာတရင်းမြစ်များအား ထိန်းချုပ်ခြင်းကို အများ ပြည်သူမှ ကြီးကြပ်ဆောင်ရွက်သည်၊

- <u>ဘုံပိုင်</u>[4]

  အခွင့်အရေးများကို လူတစ်စုကသာ ပူးတွဲပိုင်ဆိုင်သည်၊ မျှဝေသုံးစွဲကြသည်။ များသောအားဖြင့် သစ်တောများ၊ စားကျက်မြေ၊ ရေပိုင်နက်နှင့် ရေလုပ်ငန်းတို့တွင် တွေ့ရသည်။[5] ဝင်ရောက်ခွင့်များ ချထားပေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်မှုစည်းမျဉ်းများအပါအဝင် စီမံခန့်ခွဲရေးအဖွဲ့အစည်းများကို ရင်းမြစ်များထုတ်ယူသုံးစွဲသည့် ကျေးရွာ လူထုများကိုယ်တိုင်က ဖော်ဆောင်ကြီးကြပ်ရသည်။ ထို့အပြင် စောင့်ကြည့်လေ့လာရေး၊ ကြီးကြပ်ကွပ်ကဲရေး နှင့် ပဋိပက္ခဖြေရှင်းရေးတို့အတွက် လိုအပ်သည့် ယန္တရားများကိုလည်း ဖော်ဆောင်ပေးရပါမည်။[6]

- <u>လွတ်လပ်စွာထုတ်ယူသုံးစွဲခွင့်</u>

  အခွင့်အရေး တိကျစွာသတ်မှတ်ထားခြင်း သို့မဟုတ် တစ်စုံတစ်ဦးမှ ထိန်းသိမ်းကြီးကြပ်ခြင်းမျိုး မရှိပေ။ သုံးစွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ချမှတ်ဖော်ဆောင်နိုင်သော အခွင့်အာဏာ သို့မဟုတ် တရားဝင်လုပ်ပိုင်ခွင့်မျိုး မည်သူ့တွင်မျှ (နိုင်ငံတော်မှသော်လည်းကောင်း ဒေသခံ သုံးစွဲသူ များမှသော်လည်းကောင်း) မရှိထားဘဲ လစ်လပ်နေသောအနေအထားပင်ဖြစ်သည်။ သို့သော် ဤအချက်ကို အများပိုင်နှင့် ရောထွေးစဉ်းစားခြင်းမပြုသင့်ပါ။

---

[4] "အများပိုင် ရင်းမြစ်များ အစုအဖွဲ့U" ဆိုသည်မှာ စီမံခန့်ခွဲအုပ်ချုပ်ရမည့် ရင်းမြစ်များကို ရည်ညွှန်းခြင်းဖြစ်ပြီး "အများပြည်သူမှပိုင်ဆိုင်သည့် ရင်းမြစ်များ" ကမူ အဆိုပါရင်းမြစ်များအား စီမံအုပ်ချုပ်နေသည့် စနစ်များကို ရည်ညွှန်းပါသည်။

[5] ဖော်ပြပါ သဘာဝသယံဇာတရင်းမြစ်များသည် အများပိုင်ရင်းမြစ်များအစုအဖွဲ့ပင်ဖြစ်သည်။ အများပိုင်ရင်းမြစ်များ အစုအဖွဲ့ဆိုသည်မှာ ဝေမျှသုံးစွဲကြသည့် အလေ့အထပေါ်မူတည်၍ အုပ်စုအမျိုးအစား ခွဲခြားသတ်မှတ်ထားခြင်းသာဖြစ်သည်။ တစ်စုံတစ်ဦး သို့မဟုတ် အစုအဖွဲ့တစ်ခုမှ ထုတ်ယူသုံးစွဲခြင်းကြောင့် အခြားသူများအတွက် ရင်းမြစ်များလျော့ပါးသွားနိုင်ပေသည်။ ပင်လယ်ပြင်မှငါးများကို ဥပမာအဖြစ်ပေးလိုပါသည်။ ပင်လယ်ပြင်တွင်း ငါးဖမ်းခြင်းကို တားမြစ်ရေးမှာ ငွေကုန်ကြေးကျများပြီး လွယ်ကူမည်မဟုတ်ပေ။ သို့သော် ထိုသို့ဖမ်းယူခြင်းကြောင့် အခြားသူများအတွက် ငါးသယံဇာတများ လျော့ပါးသွားနိုင်ပေသည်။ ဤအခေါ်အဝေါ်ကို အများပိုင်ပစ္စည်းများနှင့် ရောထွေးမသွားသင့်ပါ။ အများပိုင်ရင်းမြစ်များအစုအဖွဲ့ကို နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် သို့မဟုတ် ဒေသခံအာဏာပိုင်များအဆင့်မှ သော်လည်းကောင်း၊ ဒေသခံလူထုအစုအဖွဲ့များမှသော်လည်းကောင်း၊ တစ်သီးပုဂ္ဂလ သို့မဟုတ် ကော်ပိုရေးရှင်းများမှသော်လည်းကောင်း စီမံခန့်ခွဲနိုင်ကြသကဲ့သို့ သို့မဟုတ်ပါကလည်း မည်သူမဆိုလွတ်လပ်စွာထုတ်ယူသုံးစွဲနိုင်သည့် ရင်းမြစ်များအဖြစ်လည်း ထားရှိနိုင်ပါသည်။

[6] Ostrom, 1990

- ပဋ္ဋမနည်းလမ်း

  တစ်ရပ်အနေဖြင့် အများပိုင်ရင်းမြစ်များအား စီမံခန့်ခွဲမှုနယ်ပယ်တွင် ၁၉၉၀ ပြည့်နှစ်များ နောက်ပိုင်းတွင် ခေတ်စားလာသည်မှာ ပူးတွဲစီမံခန့်ခွဲမှု ဖြစ်သည်။ ပင်ရောက်သုံးစွဲခွင့် စနစ်များနှင့် စည်းမျဉ်း များကို ရေးဆွဲပြုစုမည့် သယံဇာတထုတ်ယူသုံးစွဲသူ ဒေသခံများနှင့် နိုင်ငံတော်အစိုးရတို့အကြား မိတ်ဖက်ဖွဲ့စည်းဖော်ဆောင်မှုပင်ဖြစ်သည်။ ဒေသခံတို့ ရေးဆွဲပြုစုထားသည့်စနစ်များ သက်ဝင်ပီပြင်လာရေးအတွက် ဥပဒေကြောင်းဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို အစိုးရမှလိုအပ်သလိုပံ့ပိုးပေးသည်။ သို့သော် ကမ္ဘာအဝှမ်းရှိ ဖော်ဆောင်ခဲ့မှု အတွေ့အကြုံများအရ ဤနည်းလမ်းသည် အခြေအနေအားလုံးတွင် အဆင်ပြေစေမည့် နတ်ဆေးတစ်လက်တော့ မဟုတ်ပေ။

"လုပ်ပိုင်ခွင့်" နှင့်ပတ်သက်၍ အမျိုးအစားအုပ်စုများကို ထိုကဲ့သို့ခွဲခြားနိုင်ပါသည်ဟု သီဝရီအရဆိုနိုင်သော်ငြား လက်တွေ့တွင်မူ ၎င်းတို့သည် တစ်ခုနှင့်တစ်ခုရောယှက်နေပြီး အချိန်ကာလအလိုက်လည်း ပြောင်းလဲတတ်ကြပါသည်။ ဥပမာပြရလျှင် သစ်တောမြေသည် "အမြဲတမ်းသစ်တောမြေ" သတ်မှတ်ချက် အရ နိုင်ငံတော်ပိုင်ဖြစ်သော်လည်း ရွှေ့ပြောင်းတောင်ယာစနစ် ကျင့်သုံးနေသူများ၊ လောင်စာထင်းခုတ်ယူသူ ဒေသခံများကမူ အများပိုင်ပစ္စည်းတစ်ခုအဖြစ် ရှုမြင်တတ်ကြသည်။ အဆိုပါနယ်မြေများအတွင်း မှာပင် ပုဂ္ဂလိကပိုင်အဖြစ် တောင်းဆိုလျှောက်ထားမှုများလည်း ရှိနေနိုင်သည်။ ဥပမာ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးသည့်ဒေသများတွင် မြေကွက်တစ်ခုအား ခုတ်ထွင်ရှင်းလင်းပြီး ပထမဆုံးအဖြစ် နှစ်(၃၀)ခန့် စိုက်ပျိုးလုပ်ကိုင်လာသည့် မိသားစုတစ်စုသည် အလှည့်ကျအနားပေး လုပ်ထားမှု စက်ဝန်းအဆုံးတွင် အဆိုပါမြေကွက်၌ ပြန်လည်စိုက်ပျိုးခွင့်ကို တောင်းခံနိုင်သည်။ ရွှေ့ပြောင်းတောင်ယာမြေများအား လေ့ကားထစ်စိုက်ခင်းများအဖြစ် ပြောင်းလဲလိုက်ခြင်းကိုလည်း နမူနာများအဖြစ် မှတ်ယူနိုင်ပါသည်။ လှေကားထစ်စိုက်ခင်းဖြစ်လာရန် ရင်းနှီးမြှုပ်နှံထားရသည့်လုပ်အားကို ထည့်သွင်းတွက်ချက်ပြီးလျှင် ပုဂ္ဂလိကပိုင်အဖြစ် မှတ်ယူလာကြခြင်းဖြစ်သည်။

နောက်ထပ်ဥပမာတစ်ခုမှာ မြေပမာဏအမြောက်အမြားကို ထိန်းချုပ်ထားသည့် လူမျိုးစု သို့မဟုတ် မျိုးနွယ်စု ခေါင်းဆောင်တစ်ဦးသည် ရွာသားများအား အသုံးပြုခွင့်များ ပြန်လည်ချထားပေးနိုင်သည်။ ဓလေ့ထုံးတမ်းများအရ ထိုမြေများသည် ခေါင်းဆောင်၏ "ပိုင်ဆိုင်မှု" မဟုတ်ဘဲ လူမျိုးစု သို့မဟုတ် မျိုးနွယ်စုတစ်ခုလုံးကသာ ပိုင်ဆိုင်သည်။ ခေါင်းဆောင်အနေဖြင့် လူမျိုးစု သို့မဟုတ် မျိုးနွယ်စုအားလုံး၏ကိုယ်စား စီမံခန့်ခွဲ ပိုင်ခွင့်ကိုသာ ရရှိထားခြင်းဖြစ်သည်။ မည်သို့ဆိုစေ ကမ္ဘာတစ်ဝှမ်းရှိ ဒေသများတွင် ပုဂ္ဂလိကပိုင်အဖြစ် ယေဘုယျသတ်မှတ်ထားကြခြင်းနှင့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ဖိအားများကြောင့် လူမျိုးစုတစ်ရပ်လုံးနှင့် သက်ဆိုင်သည်ဟူသော အယူအဆများလည်း မေးမှိန်သွားခဲ့ပြီး ခေါင်းဆောင်ကိုယ်တိုင်ကလည်း "၎င်း၏ တစ်သီးပုဂ္ဂလပိုင်ဆိုင်မှုများ" အဖြစ် ထင်မှတ်လာကာ မည်သူ့ကိုမဆို လက်ညှိုးထိုး ရောင်းချလာကြသည်ပင်။

## ရိုးရာမြေလုပ်ပိုင်ခွင့်ရှိ စီမံခန့်ခွဲမှု၏ အခန်းကဏ္ဍ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်းပင် အခွင့်အရေးများကို တစ်ဦးချင်း၊ အိမ်ထောင်စုအလိုက်၊ မျိုးနွယ်စုအလိုက်၊ ဒေသခံကျေးရွာအလိုက် သို့မဟုတ် တိုင်းရင်းသားလူမျိုးစုအလိုက် ရယူပိုင်ဆိုင်ထားနိုင်သည်။ ရိုးရာဓလေ့အရတာဝန်ရှိသူများ (ဥပမာအားဖြင့် ရိုးရာခေါင်းဆောင်များ)သည် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်ကို သုံးစွဲသူများနှင့်အတူတကွ ဖော်ဆောင်ကျင့်သုံးတတ်ကြသည်။

ထိန်းချုပ်ခြင်းနှင့် စီမံခန့်ခွဲမှုတွင် အောက်ပါလုပ်ငန်းစဉ်များ ပါဝင်ပါသည်

- စည်းမျဉ်းများနှင့် လုပ်ငန်းဆောင်ရွက်ပိုင်ခွင့်များသတ်မှတ်ခြင်း၊ မြေနှင့် သဘာဝသယံဇာတများ ဒေသတွင်း

ထုတ်ယူသုံးစွဲမှုများအား ကြီးကြပ်ခြင်း (ဥပမာ အိမ်ထောင်စုတစ်စုလျှင် တစ်နှစ်စာ သစ်ထုတ်ယူနိုင်သည့်ပမာဏ သတ်မှတ်ခြင်း သို့မဟုတ် သစ်ခုတ်ယူခြင်း သို့မဟုတ် အမဲလိုက် ခြင်းတို့ကို ခွင့်ပြုသည့်ကာလ သို့မဟုတ် တားမြစ်သည့်ကာလ သတ်မှတ်ခြင်း၊ သို့မဟုတ် သစ်တောမြေအား အမြဲတမ်းဥယျာဉ်ခြံ သို့မဟုတ် လေ့ခါး ထစ်စိုက်ခင်းအဖြစ် ပြောင်းလဲခွင့်ပြုခြင်း)တို့ဖြစ်သည်။ စည်းမျဉ်းများနှင့် လုပ်ငန်းဆောင်ရွက်ပိုင်ခွင့်များအား ပြင်ဆင်နိုင်စွမ်းသည်လည်း အပါအဝင်ဖြစ်သည်။

- စည်းမျဉ်းမလိုက်နာသူများအား ပြစ်ဒဏ်ပေးခြင်း (ဥပမာ - ခွင့်ပြုထားသည့်ကာလပြင်ပတွင် သစ်ပင်ခုတ်လှဲသူအား ဒဏ်ရိုက်ခြင်း)
- တစ်စုံတစ်ခုသော ရင်းမြစ်များအား ဝင်ရောက်သုံးစွဲခွင့်ကို တစ်စုံတစ်ဦး သို့မဟုတ် မိသားစု များအား ခွင့်ပြုခြင်း သို့မဟုတ် ပိတ်ပင်ထားခြင်း (ဥပမာ - ကျေးရွာအတွင်းသို့ မကြာသေးမီ ကမှ ပြောင်းရွှေ့အခြေချလာသူအား မြေယာပေါ်တွင် စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုခြင်း သို့မဟုတ် အနီးအနားကျေးရွာများမှ ကျွဲနွားအုပ်များဖြင့် ဝင်ရောက်ခြင်းကို တားမြစ်ပိတ်ပင်ခြင်း)
- အခွင့်အရေးတစ်ခုအား လွှဲပြောင်းပေးနိုင်သည့်နည်းလမ်းများ သတ်မှတ်ခြင်း (အမွေဆက်ခံမှု၊ ပြန်လည်ရောင်းချခြင်း စသည်တို့အတွက် စံသတ်မှတ်ချက်များ)

မြေကွက်တစ်ခုတည်း၌ပင် စီမံခန့်ခွဲပိုင်ခွင့် အဆင့်အတန်းအမျိုးမျိုး ရှိနေနိုင်ပါသေးသည်။ ဥပမာ "စီမံခန့်ခွဲပိုင်ခွင့်" ၏ တစ်စိတ်တစ်ဒေသအဖြစ် စိုက်ပျိုးလုပ်ကိုင်နေသည့်မိသားစုသည် မည်သည့်သီးနှံအား စိုက်ပျိုးမည်၊ အလှည့်ကျအနားပေးစနစ်ကို မည်သည့်ပုံစံဖြင့် ထားရှိမည်တို့ကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ သို့သော် အခြားသူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခု (ကျေးရွာ ရပ်မိရပ်ဖကော်မတီ သို့မဟုတ် မျိုးနွယ်စုခေါင်းဆောင်)မှလည်း ထိုမြေပေါ်တွင်ပင် ဝင်ရောက်စီမံခန့်ခွဲ ပိုင်ခွင့် ရှိနေပြန်သည်။ ဥပမာ ပြရလျှင် သစ်ပင်ခုတ်ထွင်မှု၊ လုပ်မြေထားရှိမှုနှင့် တောင်ယာမီးရှို့မှုတို့အတွက် အချိန်သတ်မှတ်ချက်စသည်တို့ အပေါ်တွင် စည်းမျဉ်းစည်းကမ်းများကို ဝင်ရောက်သတ်မှတ်ပေးနိုင်သည့် အခွင့်အာဏာမျိုး ရရှိထားခြင်း ဖြစ်သည်။ နိုင်ငံတော်အစိုးရမှလည်း သစ်ပင်ကြီးများခုတ်ထွင်မှုကို ဝင်ရောက်ကြီးကြပ်ပြီး အခွန်အခ ကောက်ခံခြင်းတို့လည်း ပြုလုပ်နိုင်သည်။

ရိုးရာမြေလုပ်ပိုင်ခွင့်အား တရားဝင်အသိအမှတ်ပြုရေးကို စဉ်းစားသုံးသပ်ရာတွင် အထက်ပါအချက်များ အားလုံးကို အရေးတကြီး ထည့်သွင်းထားရပေမည်။ မှတ်တမ်းပြုစုခြင်းဆောင်ရွက်သည့်အခါတွင် မည်သည့် စည်းမျဉ်းများ/စံသတ်မှတ်ချက်များ၊ အခွင့်အရေးများနှင့် လုပ်ငန်းစဉ်များအား ကာကွယ်ထားလိုသည်၊ အသိအမှတ်ပြုခံရလိုသည်တို့ကို ကူညီပံ့ပိုးသူများနှင့် ဒေသခံ ကျေးရွာလူထုကိုယ်တိုင်တို့မှ မဖြစ်မနေ စဉ်းစားရွေးချယ်ထားရပေမည်။



## ရိုးရာမြေလုပ်ပိုင်ခွင့်အောက်ရှိ လုပ်ပိုင်ခွင့် အစီအမံအမျိုးမျိုး

မြေအသုံးချမှုပုံစံတစ်ခုချင်းစီတွင် ၎င်းနှင့်ဆက်စပ်နေသည့် လုပ်ပိုင်ခွင့်တို့ရှိနေပြီး အသုံးချမှုနှင့် စီမံခန့်ခွဲမှုတို့အတွက် စည်းမျဉ်းများလည်း ပါဝင်သည်။ ဓလေ့ထုံးတမ်းစနစ်ဆိုသည်မှာ အစုအဖွဲ့ပိုင်မြေပါဝင်မှု သက်သက်ကိုသာ ရည်ညွှန်းထားခြင်း မဟုတ်ပေ။ အစုအဖွဲ့ပိုင်မြေ (ကျေးရွာအဆင့်၊ မျိုးနွယ်စုအဆင့် သို့မဟုတ် လူမျိုးစုတစ်စုလုံးအဆင့်)သာမက တစ်သီးပုဂ္ဂလ သို့မဟုတ် အိမ်ထောင်စုအလိုက် ပိုင်ဆိုင်လုပ်ကိုင်နေကြသော မြေကွက်များလည်း ရောနှောပါဝင်နေတတ်ကြသည်ကို ဖြစ်ရပ်အများအပြားတွင် တွေ့ရှိရသည်။ သစ်တောနှင့် ရွှေ့ပြောင်းတောင်ယာဧရိယာတို့ကဲ့သို့ အစုအဖွဲ့ပိုင် မြေများအပြင် ဥယျာဉ်ခြံ၊ လေ့ခါးထစ်စပါးစိုက်ခင်းတို့သည် ဓလေ့ထုံးတမ်းစနစ် တစ်ခုတည်းအောက်တွင် တည်ရှိနေကြသည်။

ကမ္ဘာပေါ်ရှိ ဓလေ့ထုံးတမ်းစနစ်အများစုသည် တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုအလိုက် မြေယာပိုင်ဆိုင်လုပ်ကိုင်မှုအပေါ်အခြေခံထားကြပြီး ဖြည့်စွက်ချက်အနေဖြင့် လက်ခံနိုင်လောက်သောအသုံးပြုမှု၊ ရရှိထားသည့်အခွင့်အရေးများအား ဝေမျှခြင်းနှင့်လွှဲပြောင်းခြင်းတို့အတွက် ကျေးရွာအဆင့် စည်းမျဉ်းများ ထည့်သွင်းထားတတ်ကြသည်။ ဥပမာ ရွှေ့ပြောင်းတောင်ယာ ဧရိယာများကို အများပိုင်အဖြစ် သတ်မှတ် ထားလေ့ရှိကြသော်လည်း ထိုအထဲမှ အချို့သော မြေကွက်များတွင် အိမ်ထောင်စုအလိုက် ပုဂ္ဂလိကပိုင်ဆိုင်မှုများ ရှိနေနိုင်ပြန်သည်။ သို့သော် ထိုပုဂ္ဂလိကပိုင်မြေအပေါ်မှာပင် လုပ်ပိုင်ခွင့်ရရှိထားသူသည် အသုံးပြုမှုနှင့် စီမံခန့်ခွဲမှု (ဥပမာ - တောင်ယာမီးရှို့ခြင်းကို မည်သည့်နေရာအား မည်သည့်အချိန်တွင် ခွင့်ပြုသည်)၊ လွှဲပြောင်းပေးမှု (ဥပမာ - ပြင်ပပုဂ္ဂိုလ်များအား မြေရောင်းခွင့်မရှိ)နှင့် တစ်ခါတရံတွင် မျှဝေသုံးစွဲခြင်း (ဥပမာ - အိမ်ထောင်စုတစ်ခုသည် ၎င်းတို့မစိုက်ပျိုးနိုင်၍ ပိုလျှံနေသည့်မြေကို အခမဲ့ ငှားရမ်းပေးရမည်)ဟူသော ကျေးရွာစည်းမျဉ်းများကို လိုက်နာရပေမည်။

ဤကဲ့သို့ ဖြစ်ရပ်များတွင် အစိုးရမှကျင့်သုံးနေသည့် စနစ်များအရ ပုဂ္ဂလိကပိုင်ဆိုင်မှုလက်မှတ် ထုတ်ပေးခြင်းနှင့် အနောက်နိုင်ငံများ၏ "ပုဂ္ဂလိကပိုင်ဆိုင်မှု"ဆိုသော အယူအဆများသည် ကန့်သတ်ချက်များ ရှိနေသဖြင့် ကျေးရွာအဆင့် "ပိုင်ဆိုင်မှု" စည်းမျဉ်းသတ်မှတ်ချက်အားလုံးကို လွှမ်းခြုံမိနိုင်မည်မဟုတ်ပေ။

## ရိုးရာမဟုတ်သောနှင့် ရိုးရာမြေလုပ်ပိုင်ခွင့်တို့ ပူးတွဲတည်ရှိမှုများ

အချို့ဒေသများတွင်မူ ဒေသခံများသည် ရိုးရာဓလေ့အရနှင့် ရိုးရာဓလေ့အရမဟုတ်သော လုပ်ပိုင်ခွင့် နှစ်မျိုးလုံးအား လက်ခံကျင့်သုံးနေကြသည်ကိုလည်း တွေ့ရှိရသည်။ မြန်မာနိုင်ငံ၏အနေအထားအရ သုံးသပ်ကြည့်လျှင် လယ်ယာမြေ ဥပဒေအရ အသိအမှတ်ပြုထားသည့် ပုံစံ (၇)၊ သစ်တော ဥပဒေအရ အသိအမှတ်ပြုထားသည့် သစ်တောမြေများနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ ခွင့်ပြုပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတို့သည် ရိုးရာဓလေ့အရမဟုတ်သော လုပ်ပိုင်ခွင့်များပင် ဖြစ်သည်။ သို့သော် လက်တွေ့တွင်မူ ဥပဒေကြောင်းအရ ပိုင်ဆိုင်လုပ်ပိုင်ခွင့်နှင့် စီရင်ဆုံးဖြတ်မှုများ ပူးတွဲတည်ရှိနေခြင်းနှင့် ရောယှက်နေခြင်းတို့ကြောင့် ဓလေ့ထုံးတမ်း ကျင့်သုံးသည့် မြေနှင့် ဥပဒေအရ အသိအမှတ်ပြုထားသည့် မြေတို့ကို ရှင်းရှင်းလင်းလင်းခွဲခြားရန် မလွယ်ကူပါ။ ဥပမာ မြေကွက်တစ်ခု

<u>ရိုးရာမြေလုပ်ပိုင်ခွင့် ဆိုသည်မှာ</u>

- ဓလေ့ထုံးတမ်းဥပဒေသည် တရားဝင် အသိအမှတ်ပြုခံရရေးအတွက် သက်တမ်း ကြာရှင့်နေရန် မလိုပေ။
- ဓလေ့ထုံးတမ်းဆိုသည်မှာ တစ်သမတ်တည်း ရှိနေသည်မဟုတ်။ လူဦးရေဖြန့်ကျက် တည်ရှိမှု၊ လူမှုရေး၊ စီးပွားရေး၊ နည်းပညာနှင့် နိုင်ငံရေး အနေအထားတို့အပေါ်မူတည်၍ တိုးတက်ပြောင်းလဲနေတတ်သည်။
- ရိုးရာမြေလုပ်ပိုင်ခွင့်ဆိုသည်မှာ ကျေးရွာပိုင်မြေများကိုသာ ရည်ညွှန်းသည်မဟုတ်။ လူမျိုးစုများ၊ အိမ်ထောင်စုများနှင့် တစ်သီးပုဂ္ဂလတို့မှ ပိုင်ဆိုင်လုပ်ကိုင်နေသည့်မြေများလည်း ပါဝင်သည်။

သည် ဓလေ့ထုံးတမ်း အစီအမံများ အောက်တွင် အသုံးပြု၊ စီမံခန့်ခွဲလျှက်ရှိရာ ဒေသခံများ၏ အမြင်တွင် ဓလေ့ထုံးတမ်း လုပ်ပိုင်ခွင့်ကျင့်သုံးနေသည့်မြေဟု မှတ်ယူထားကြသကဲ့သို့ နိုင်ငံတော်အစိုးရ အနေဖြင့်မူ တည်ဆဲဥပဒေများအရ ဓလေ့ထုံးတမ်းအရ မဟုတ်သည့်မြေဟု သတ်မှတ်ထားနိုင်ပြန်သည်။ မြေလပ်များမှာလည်း ဥပဒေကြောင်းအရ အဓိပ္ပါယ်ခွဲခြားသတ်မှတ်ရန် ခက်ခဲနေပြန်သည်။ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးသူများက အသုံးပြု၊ စီမံခန့်ခွဲလျှက်ရှိသဖြင့် ဓလေ့ထုံးတမ်းစည်းမျဉ်းများအောက်ကို ရောက်ရှိနေသကဲ့သို့ တစ်ချိန်တည်းမှာပင် VFV ဥပဒေအရ "မြေလွတ်"ဟု အမျိုးအစား သတ်မှတ် ထားပြန်သဖြင့် ဓလေ့ထုံးတမ်းအရ အသုံးပြုနေသည့်မြေမဟုတ်ဟု အဓိပ္ပါယ် သက်ရောက်နေပြန်သည်။ မြေယာကဏ္ဍ ပြု ပြင် ပြောင်းလဲရေးအတွက် ကြုံတွေ့လာရမည့် အဓိကစိန်ခေါ်မှုမှာ ဓလေ့ထုံးတမ်းအခွင့်အရေးများအား ဥပဒေကြောင်းအရ တရားဝင်အသိ အမှတ်ပြုရေးပင်ဖြစ်သည်။



## ရိုးရာမြေလုပ်ပိုင်ခွင့်အတွင်း ပြောင်းလဲလာမှုများ

မတူညီသော လုပ်ပိုင်ခွင့်အစီအမံများအရ မြေယာကို မည်သို့အသုံးပြုနိုင်သည်၊ စီမံခန့်ခွဲနိုင်သည်၊ ပြောင်းလဲနိုင်သည် သို့မဟုတ် ရောင်းချနိုင်သည် ဆိုသော အစုအဖွဲ့အတွင်း စည်းမျဉ်းသတ်မှတ်ချက်များကို ဓလေ့ထုံးတမ်းစနစ်များတွင် အတိအလင်း ပြဋ္ဌာန်းထားလေ့ရှိသည်။ ဓလေ့ထုံးတမ်းမြေနှင့် အခြားသော သယံဇာတရင်းမြစ်များအား စီမံအုပ်ချုပ်နေသည့် အဆိုပါအစုအဖွဲ့အတွင်း စည်းမျဉ်းသတ်မှတ်ချက်များသည် ဒေသအနေအထားအလိုက် စွဲမြဲစွာတည်ရှိတတ်ကြပြီး ဒေသခံတို့၏ အသိပညာ၊ ဓလေ့ထုံးစံတို့နှင့် အံဝင်ခွင်ကျဖြစ်စေရန် ရေးဆွဲပြုစုထားကြခြင်းဖြစ်သည်။ သို့သော် ယဉ်ကျေးမှု၊ လူမှုရေး၊ နည်းပညာနှင့် စီးပွားရေးပြောင်းလဲမှုများနှင့် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲနိုင်စွမ်းလည်း ရှိနေပါသည်။ ဤအချက်ကို ထောက်ခြင်းအားဖြင့် ဓလေ့ထုံးတမ်းစည်းမျဉ်းများအား အသိအမှတ်ပြုခံရနိုင်ရေးအတွက် တည်ရှိမှုသက်တမ်းအလွန် ကြာမြင့်နေရန် မလိုပေ။ ကာလအပိုင်းအခြားအလိုက် ဒေသအခြေအနေများ ပြောင်းလဲနေတတ်ကြသည်ဖြစ်ရာ ရိုးရာမြေ လုပ်ပိုင်ခွင့် အလေ့အထများအား ပြန်လည်ချိန်ညှိခြင်းကိုလည်း မဖြစ်မနေ ဆောင်ရွက်ရပါလိမ့်မည်။

ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် မြေယာ မှတ်ပုံတင်ရေးကို အလေးအနက်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များ၊ ဒေသခံများအား ရိုက်ခတ်လာသည့် လူမှုရေးကဏ္ဍ ပြောင်းလဲလာမှုများကြောင့် ပြင်ပပုဂ္ဂိုလ်များအား မြေထုတ်ရောင်းခြင်းကို ကန့်သတ်ထားသည့် စည်းမျဉ်းများ သည်လည်း လျော့ရဲလာခဲ့ကြသည်။ ထို့ အပြင် အစုအဖွဲ့ပိုင်အဖြစ် သတ်မှတ် ထားကြသည့်မြေများမှာလည်း ဈေးကွက်ဝင် နှစ်ရှည်သီးနှံများ စိုက်ပျိုးရန် နှင့် လေ့ခါးထစ်စပါးစိုက်ခင်းများအတွက် မိသားစုအလိုက် တောင်းဆိုလုပ်ကိုင်လာမှုများကြောင့် ပုဂ္ဂလိကပိုင်များအဖြစ် သို့ တစ်ဖြည်းဖြည်း ပြောင်းလဲလာမည့် လက္ခဏာများကိုလည်း အမြောက်အမြား တွေ့ရှိနေရသည်။

## မြန်မာနိုင်ငံအတွင်းမှ ရိုးရာမြေလုပ်ပိုင်ခွင့်အမျိုးမျိုး

နိုင်ငံအတွင်းရှိ ယဉ်ကျေးမှုမျိုးစုံ တည်ရှိမှု ထူးခြားချက်ကြောင့် မြန်မာနိုင်ငံရှိ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များမှာ အလွန်ပင် မတူကွဲပြားပြီး အမျိုးစားစုံလင်လှသည်။ ကရင်၊ ကယား၊ နာဂ၊ ကချင်၊ ချင်း၊ ပအိုဝ်း၊ ရှမ်း၊ တအောင်း၊ ရခိုင်၊ မွန်နှင့် အခြားသော တိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏ ဓလေ့ထုံးတမ်း စနစ်အသီးသီးကို မှတ်တမ်းပြုစုထားကြပြီး ရိုးရာ မြေလုပ်ပိုင်ခွင့် အသိအမှတ်ပြုခံရရေးအတွက်ကို စည်း ရုံး တောင်းဆိုလျှက်ရှိနေသည်။ ဖော်ပြပါ တိုင်းရင်းသားလူမျိုး အုပ်စုများအတွင်းမှာပင် ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်ကို ကိုယ် ပိုင်ပုံစံများဖြင့် ကျင့်သုံးနေကြဆဲ တိုင်းရင်းသားလူမျိုးစုငယ်များ အများအပြားရှိနေကြပြန်သေးသည်။ သို့ဖြစ်ရာ ဓလေ့ထုံးတမ်းစနစ် ပုံစံမျိုးစုံတည်ရှိနေမှုကို ထိန်းသိမ်းဆောင်ရွက်ရမည့် မြန်မာနိုင်ငံအဖို့ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်အား အသိအမှတ်ပြုရေးမှာ လွယ်ကူမည်မဟုတ်ပေ။ မည်သို့ဆိုစေ ရိုးရာမြေလုပ် ပိုင်ခွင့်များအား မှတ်တမ်းပြုစုရခြင်း၏ အဓိကရည် ရွယ်ချက်တစ်ခုမှာ အထက်ပါ မေးခွန်းကိုပင် ဖြေကြားပေးနိုင်ရန်နှင့် အမျိုးမျိုးသော ဓလေ့ထုံးတမ်းစနစ်များအကြား ဘုံတူညီသည့် အဓိကရှုထောင့်များကို ဖော်ထုတ်ပေးနိုင်ရေးပင်ဖြစ်သည်။

ဤအခြေအနေရောက်သည့်အခါတွင်မူ မှတ်တမ်းပြုစုပြီးသမျှအနေအထားအပေါ် မူတည်၍ ရိုးရာမြေလုပ်ပိုင်ခွင့် နှင့် ပတ်သက်သည့် ဘုံတူညီသော ရှုထောင့်အချို့ကို ဖော်ထုတ်နိုင်လောက်ပြီဖြစ်သည်။ တူညီချက်အချို့မှာ -



- မြေယာကို ကျေးရွာအတွင်း၌နေထိုင်သည့် ရွာသူရွာသားများက အသုံးပြုကြသည်။ အကယ်၍ တစ်စုံတစ်ဦးသည် ကျေးရွာအတွင်းမှပြောင်း ရွှေ့သွားသည်ဆိုပါက ယခင်က ၎င်းပိုင်ဆိုင်ခဲ့သည့် မြေကို ကျေးရွာအတွင်းမှ အခြားသူတစ်ဦး ပုံမှန်အားဖြင့် ဆွေမျိုးရင်းချာတစ်ဦးက ရယူအသုံး ပြုနိုင်ပြီဖြစ်သည်။ ဤနည်းအားဖြင့် အနီးပတ်ဝန်း ကျင်တွင် ပိုင်ရှင်မရှိ သော မြေယာပိုင်ဆိုင်ထားမှု တိုးပွားလာခြင်းကို တား ဆီးကာကွယ်ပေးပါသည်။
- မြေရောင်းချခြင်းကို ခွင့်ပြုပေးထားသည့် ဓလေ့ထုံးတမ်းစနစ်များတွင် မြေဝယ်ယူမည့်သူ အဖြစ် ဆွေမျိုးရင်းချာများကို ဦးစားပေးရန် သတ်မှတ်ထားသည်။ ဝယ်ယူမည့်ဆွေမျိုးများမရှိပါက ကျေးရွာအတွင်းမှပုဂ္ဂိုလ်များ၊ ကျေးရွာအတွင်းမှ ဝယ်မည့်သူမရှိသောအခါမှသာလျှင် ကျေးရွာပြင်ပ မှ ပုဂ္ဂိုလ်များအား ရောင်းချနိုင်မည်ဖြစ်သည်။
- ဉစ္စာပစ္စည်း ပိုင်ဆိုင်ခွင့်နှင့် အဆိုပါအခွင့် အရေးများအား လက်ခံကျင့်သုံးပြီး စီမံခန့်ခွဲလျှက် ရှိသည့် နောက်ခံသမိုင်း ကြောင်း၊ လူမှုရေး၊ စီးပွား ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အနေအထားတို့၏ ကိုက်ညီမှုကသာလျှင် မြေယာလုပ်ပိုင်ခွင့် ခိုင်မာ လုံခြုံမှုကို သတ်မှတ်ပေးပါသည်။



# မှတ်တမ်းပြုစုခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်းအဆင့်

မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် ကြိုတင်ပြင်ဆင်ခြင်းသည်အလွန်အရေးကြီးပါသည်။ ရရှိခဲ့သောသင်ခန်းစာများအရကြိုတင်ပြင်ဆင်မှုသည်အလွန်အသုံးဝင်လှပြီး ထိုအဆင့်ကို ချန်ထားခဲ့၍မရပါ။

## ကြိုတင်ပြင်ဆင်ခြင်းအဆင့်ရှိ အဓိကလုပ်ငန်းစဉ်များအား သုံးသပ်ချက်

မှတ်တမ်းပြုစုခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်းအဆင့်ရှိ အဓိကကျသော လုပ်ငန်းစဉ်များ၏ အနှစ်ချုပ်ကို အောက်တွင်ဖော်ပြပေးထားပါသည်။ လုပ်ငန်းစဉ်တစ်ခုချင်းစီ၏ အသေးစိတ်များကို ဤသင်ခန်းစာ၏ နောက်ပိုင်းတွင် အကျယ်တဝင့် ဖော်ပြပေးထားပါသည်။

**လုပ်ငန်းစဉ် (၁) - CSO ကူညီပံ့ပိုးသူများအား လေ့ကျင့်သင်ကြားပေးခြင်း**

CSO ကူညီပံ့ပိုးသူများအား လေ့ကျင့်သင်တန်းပေးထားခြင်းဖြင့် ၎င်းတို့သည် ရပ်ရွာအတွင်းမှ ကူညီပံ့ပိုးသူများနှင့်တွဲဖက်၍ "ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်း" ကို ဆောင်ရွက်နိုင်လာကြမည်ဖြစ်သည်။ CSO ကူညီပံ့ပိုးသူများအတွက် ဤသင်တန်းအား မည်သည့်အချိန်တွင် စီစဉ်ပေးရမည်ကို သိရှိနိုင်ရန်အတွက် MRLG နှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများအား ဆက်သွယ်ပါ။

**လုပ်ငန်းစဉ် (၂) - ဦးတည်ရည်ရွယ်ထားသည့် နယ်မြေနှင့်ပတ်သက်၍ ရှိရင်းစွဲ အချက်အလက်များ စုဆောင်း၊ လေ့လာခြင်း**

မှတ်တမ်းပြုစုခြင်း သွားရောက်ဆောင်ရွက်လိုသည့်ဒေသ၏ အနေအထားနှင့် နယ်မြေအခြေအနေတို့ကို သိရှိနိုင်ရန်အတွက် ရှိရင်းစွဲသတင်းအချက်အလက်များအား သုံးသပ်စိစစ်ပါ။ မြေပုံများ၊ အသုံးဝင်နိုင်မည့် ရင်းမြစ်များ ရှာဖွေထားပါ။ ထို့အပြင် အဆိုပါဒေသမှ အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းပါ။

**လုပ်ငန်းစဉ် (၃) - မှတ်တမ်းပြုစုရေးဆိုင်ရာ ရည်ရွယ်ချက်များအား ရှင်းလင်းတိကျစွာ သတ်မှတ်ခြင်း**

ရိုးရာမြေလုပ်ပိုင်ခွင့်ကို မှတ်တမ်းပြုစုခြင်းအား မည်သည့်အတွက်ကြောင့် ဆောင်ရွက်ရသည်၊ မည်ကဲ့သို့သော အောင်မြင်မှုမျိုး ရရှိလိုသည်တို့ကို စဉ်းစားဖော်ထုတ်ပါ။ နောက်ဆုံးရလဒ်အဖြစ် ရရှိလိုသည့်အရာ၊ မိမိရည်ရွယ်ချက် ပြည့်မီအောင်မြင်ရေးအတွက် မည်သည့်သတင်းအချက်အလက်များအား မှတ်တမ်းပြုစုရမည်တို့ကိုလည်း ထည့်သွင်းစဉ်းစားထားရမည်။

**လုပ်ငန်းစဉ် (၄) - မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် ပါဝင်မည့်သူများအား ဖော်ထုတ်သတ်မှတ်ခြင်း**

အကျိုးသက်ဆိုင်သူများအား စိစစ်သုံးသပ်ခြင်းကို ဆောင်ရွက်ပါ။ မှတ်တမ်းပြုစုခြင်းဆောင်ရွက်နိုင်ရန်အတွက် မည်သူ့ထံမှ ခွင့်ပြုချက်တောင်းခံရမည်နည်း။ တွေ့ဆုံညှိနှိုင်းမှုလုပ်ငန်းစဉ်နှင့် စီမံကိန်း ရေးဆွဲခြင်းဆိုင်ရာ တွေ့ဆုံညှိနှိုင်းမှုများတွင် မည်သူတို့ ပါဝင်သင့်သနည်းကိုလည်း ကြိုတင်တွက်ဆထားရမည်။

**လုပ်ငန်းစဉ် (၅) - ရပ်ရွာလူထုနှင့် ဆွေးနွေးညှိနှိုင်းပွဲများ ကျင်းပပြုလုပ်ခြင်း**

မှတ်တမ်းပြုစုခြင်းရည်ရွယ်ချက်များကို နယ်ခံလူထုမှ သဘောပေါက်နားလည်နိုင်ပါစေ။ မှတ်တမ်းပြုစုမှု ဆောင်ရွက်သည့်အခါ ကြုံတွေ့လာနိုင်သည့် အခက်အခဲများ၊ ၎င်းတို့အား မည်သို့လျှော့ချသွားနိုင်မည်တို့ကို သုံးသပ်ပါ။ ရပ်ရွာလူထုထံမှ ကြိုတင်ချပြ၊ အသိပေးထားသဖြင့် လွတ်လပ်သောဆန္ဒအလျောက် သဘောတူလက်ခံမှု (FPIC) ရယူထားပါ ကျေးရွာအတွင်းရှိ မှတ်တမ်းပြုစုခြင်းဆောင်ရွက်မည့် နယ်မြေများ ရွေးချယ်ပါ။ ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့်သူများအား ဖော်ထုတ်သတ်မှတ်ပါ။

**လုပ်ငန်းစဉ် (၆) - ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့်သူများအား သင်တန်းပေးခြင်းနှင့် ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းဆိုင်ရာ လေ့လာမှုများအား ဒီဇိုင်းရေးဆွဲခြင်း**

မှတ်တမ်းပြုစုခြင်းဆိုင်ရာ ရည်ရွယ်ချက်များအား ပြန်လည်သုံးသပ်ပါ။ မှတ်တမ်းပြုစုမည့် ရိုးရာမြေလုပ်ပိုင်ခွင့်၏ အရေးအပါဆုံး ကဏ္ဍများအား ဖော်ထုတ်သတ်မှတ်ပါ ကဏ္ဍတစ်ခုချင်းစီတွင် အသုံးပြုသွားမည့် နည်းလမ်းများနှင့် အသုံးချကိရိယာများကို ရွေးချယ်ပါ။ ရိုးရာမြေလုပ်ပိုင်ခွင့်၏ ကဏ္ဍတစ်ခုချင်းစီအတွက် တွေ့ဆုံဆွေးနွေးရမည့်သူများကို ဖော်ထုတ်သတ်မှတ်ပါ လုပ်ငန်းအဆင့်များအတွက် အချိန်ပြမျဉ်းတစ်ခု ပြင်ဆင်ရေးဆွဲပါ။

**လုပ်ငန်းစဉ် (၇) - မှတ်တမ်းပြုစုခြင်းဆိုင်ရာ ဒီဇိုင်းရေးဆွဲထားမှုကို ရပ်ရွာအတွင်းမှ အကျိုးသက်ဆိုင်သူများအားချပြပြီး အကြံဉာဏ်ရယူခြင်း**

ပုံ ၇ - ကြိုတင်ပြင်ဆင်ခြင်းအဆင့်ရှိ လုပ်ငန်းစဉ်နှင့် လုပ်ငန်းအဆင့်များ

## လုပ်ငန်းစဉ် (၁)
## CSO ကူညီပံ့ပိုးသူများအား လေ့ကျင့်သင်ကြားပေးခြင်း

CSO ကူညီပံ့ပိုးသူများအနေဖြင့် ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုရာတွင် ၎င်းတို့၏ ရည်ရွယ်ချက်များ၊ ဒေသအခြေအနေတို့နှင့် ကိုက်ညီမှုရှိစေရန် ပြောင်းလွယ်ပြင်လွယ်ရှိသည့် မူဘောင်များကို ဤလမ်းညွှန်စာအုပ်တွင် ထည့်သွင်းဖော်ပြပေးထားပါသည်။ ထို့အတွက် သီးသန့်လေ့ကျင့်ပေးခြင်းများကိုမူ ဆောင်ရွက် ပေးရပါမည်။ အသေးစိတ်အချက်အလက်များအတွက် အခန်း (၅) သင်တန်းပေးခြင်းကို ကြည့်ပါ။

## လုပ်ငန်းစဉ် (၂)
## ဦးတည်ရည်ရွယ်ထားသည့် နယ်မြေနှင့်ပတ်သက်၍ ရှိရင်းစွဲအချက်အလက်များ စုဆောင်းခြင်း

ဦးတည်ရည်ရွယ်ထားသည့် နယ်မြေအတွင်းရှိ မြေယာလုပ်ပိုင်ခွင့်၊ ရိုးရာဓလေ့စီမံခန့်ခွဲမှုစနစ်များနှင့် ဆက်စပ်နေသည့် နောက်ခံသမိုင်းအချက်အလက်များကို စီမံကိန်းပြင်ဆင်ရေးဆွဲသည့် လုပ်ငန်းအဆင့်အတွင်း ကောက်ယူစုဆောင်းရပါမည်။ အစီရင်ခံစာများနှင့် သတင်းဆောင်းပါးများမှလည်း မြေအသုံးချမှု၊ အငြင်းပွားမှုများနှင့် နောက်ခံရာဇဝင်များအတွက် သတင်းအချက်အလက်များ ရရှိနိုင်ပါသည်။

ဆက်စပ်နေသည့် မူဝါဒများနှင့် ဥပဒေများအကြောင်း သိရှိနိုင်ရေးအတွက်ကိုလည်း အဆိုပါနယ်မြေဒေသရှိ အုပ်ချုပ်ရေး လုပ်ငန်းစဉ်များကို လေ့လာရပါမည်။ အဆိုပါဒေသတွင် အုပ်ချုပ်ရေးပိုင်းနှင့် ပတ်သက်၍ အဓိက တာဝန်ရှိသူမှာ မည်သူနည်း။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) သို့မဟုတ် ပြည်ထောင်စုအစိုးရမှထုတ်ပေးထားသော မြေယာ လုပ်ပိုင်ခွင့်လက်မှတ်များ ရရှိထားကြပါသလား။ ထိုဒေသတွင် မည်သည့်မြေယာမူဝါဒများအား ရေးဆွဲပြုစုထားသနည်း။

အဆိုပါဒေသတွင် ယခင်က လုပ်ငန်းများလုပ်ကိုင်ခဲ့ဖူးသည်ဆိုပါက ဆောင်ရွက်ခဲ့ပြီးသည့် စီမံကိန်းများအား ပြန်လည် သုံးသပ်ပြီးလျှင် မြေယာလုပ်ပိုင်ခွင့်၊ သယံဇာတထုတ်ယူသုံးစွဲမှုတို့နှင့်ဆက်စပ်သည့် သတင်းအချက်အလက်များအား ပြန်လည်ရှာဖွေရပါမည်။ ထိုဒေသအတွင်းရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့်လည်း အဖိုးတန်သည့်အကြံဉာဏ်များနှင့် ပုံနှိပ်ထုတ်ဝေခြင်းမပြုရသေးသည့် အချက်အလက်များ ရရှိလာနိုင်ပါသည်။ ထိုကဲ့သို့ ပဏာမသတင်းအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းစဉ်အားဖြင့် အကျိုးသက်ဆိုင်သူများအား အကဲဖြတ်ဆန်းစစ်ခြင်း၊ FPIC အစီအစဉ်ရေးဆွဲမှုနှင့် ဆုံးရှုံးနိုင်ခြေများ အကဲဖြတ်ဆန်းစစ်ခြင်းတို့အတွက် အထောက်အကူဖြစ်လာစေနိုင်သည်။


အင်တာနက်ပေါ်မှရရှိနိုင်သည့် မြေပုံများဆိုင်ရာ ရင်းမြစ်များအနေဖြင့် Google Earth မှ ဂြိုဟ်တု မြေပုံများ (အောက်တွင်ဖော်ပြထားသည့် ပုံ ၈ ကို ကြည့်ပါ)၊ Global Forest Watch တွင် ပြသထားသည့် သစ်တောဖုံးလွှမ်းမှုဧရိယာ ပြောင်းလဲသွားပုံများနှင့် မြန်မာနိုင်ငံ သတင်းအချက်အလက် စီမံခန့်ခွဲမှုအဖွဲ့ (MIMU) မှ GIS ရင်းမြစ်အမြောက်အမြားတို့ကို ရယူသုံးစွဲနိုင်ပါသည်။ မိမိဦးတည်ထားသည့် ရပ်ရွာဒေသအား ရှာဖွေလိုပါက ၎င်းနှင့်အနီးစပ်ဆုံးမြို့နယ်အားဖြင့်လည်းကောင်း၊ လမ်းများ၊ ကျေးရွာများအားဖြင့်လည်းကောင်း ရှာဖွေနိုင်ပါသည်။ ထို့အပြင် စမတ်ဖုန်းများတွင် GPS တည်နေရာရှာဖွေမှု နည်းပညာများနှင့် Google Map ကဲ့သို့ ဝင်ရောက်အသုံးပြုနိုင်သည့်စနစ်များကို ထည့်သွင်းထားပြီးဖြစ်ရာ[7] မိမိရောက်ရှိနေသည့် နေရာကို မြေပုံပေါ်တွင်မှတ်သားထားနိုင်သည့် "ပင်အပ်ထောက်၍ အမှတ်အသားပြုခြင်း(drop a pin)" ကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မိမိအလိုရှိသည့်မြေပုံကို Google Map တွင် ရှာဖွေ၍ ပရိုဂျက်တာဖြင့် ပိတ်ကားပေါ်တွင်ထိုးပြ

[7] ဤသို့လုပ်ဆောင်နိုင်ရန်အတွက် "တည်နေရာရှာဖွေမှု(location)"ဟူသောခလုတ်ကို ဖွင့်ထားပေးရမည့်အပြင် အင်တာနက်ချိတ်ဆက် မှုလည်း လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရန်မဖြစ်နိုင်ပါက အမှန်တစ်ကယ်အသုံးပြုနိုင်သည့် GPS စက်တစ်လုံး လိုအပ်ပါလိမ့်မည်။

ခြင်း သို့မဟုတ် စက္ကူရွက်အကြီး သို့မဟုတ် ဗီနိုင်းစအကြီးပေါ်တွင် ကြိုတင်ပုံနှိပ်ထားခြင်းတို့ဖြင့်လည်း မြေပုံညွှန်းရေးဆွဲမှုကာလအတွင်း ကျေးရွာလူထုများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သည့်အခါတွင် အထောက်အကူဖြစ်စေပါသည်။

စာတမ်းများရှာဖွေရန် - MYLAFF: mylaff.org, Burma Library: www.ibiblio.org/obl

မြေပုံများ ရှာဖွေရန် - Google Earth, MIMU: http://www.themimu.info,
Global Forest Watch http://www.globalforestwatch.org/




ပုံ ၅ - ရပ်ရွာလူထုများနှင့် ဆွေးနွေးပွဲများတွင် အထောက်အကူဖြစ်စေရန်အတွက် Google Earth မှ မြေပုံများကို ပရိုဂျက်တာဖြင့် ပိတ်ကားပေါ်တွင် ထိုးပြထားခြင်း သို့မဟုတ် ပုံနှိပ်ထုတ်ထားခြင်းတို့ ပြုလုပ်နိုင်ပါသည်။



ပုံ ၆ - စမတ်ဖုန်းများအတွင်းရှိ Google Map နည်းပညာသည် မိမိရောက်ရှိနေသည့် တည်နေရာအား Google Earth အပါအဝင် မြေပုံပေါ်တွင် ရှာဖွေနိုင်ရန်အတွက် "ပင်အပ်ထောက်၍ အမှတ်အသားပြုခြင်း" ကို ဆောင်ရွက်နိုင်ပါသည်။

## လုပ်ငန်းစဉ် (၃)
## မှတ်တမ်းပြုစုရေးဆိုင်ရာ ရည်ရွယ်ချက်များအား ရှင်းလင်းတိကျစွာ သတ်မှတ်ခြင်း

ရိုးရာမြေလုပ်ပိုင်မှုစနစ်များအား မှတ်တမ်းပြုစုရခြင်းအတွက် အကြောင်းပြချက်များစွာရှိပါသည်။ စုဆောင်းကောက်ယူမည့် သတင်းအချက်အလက်အမျိုးအစား၊ မှတ်တမ်းပြုစုသည့်နည်းလမ်းများ စသည်တို့သည် မိမိသတ်မှတ်ထားသည့် ရည်ရွယ်ချက်များနှင့် ဆက်စပ်နေရမည်။ ရိုးရာဓလေ့အရ မြေလုပ်ပိုင်ခွင့်အား လက်တွေ့လုပ်ငန်းများဖြင့် သုတေသနပြုနည်းစနစ်များဖြင့် မှတ်တမ်းပြုစုမှုများကြောင့် အောက်ဖော်ပြပါ ရည်ရွယ်ချက်များအား အတိုင်းအတာတစ်ခုအထိ ပြည့်မီစေမည်ဖြစ်သည် -

- ရပ်ရွာလူထုအတွင်းနှင့် ရိုးရာစနစ်များတွင် ပြုပြင်ပြောင်းလဲရမည့်အရာများကို ဖော်ထုတ်သတ်မှတ်နိုင်ခြင်း၊
- လက်ရှိရင်ဆိုင်နေရသော သို့မဟုတ် နောင်တစ်ချိန်ပေါ်ပေါက်လာနိုင်သည့် မြေယာသိမ်းဆည်းမှုများမှ ကာကွယ်ပေးထားနိုင်ခြင်း၊
- ရိုးရာမြေလုပ်ပိုင်ခွင့်အား အသိအမှတ်ပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများအပါအဝင် အစိုးရ၏မူဝါဒနှင့် အလေ့အကျင့်များအား လွှမ်းမိုးနိုင်စေမည့် သက်သေအထောက်အထားများ ပံ့ပိုးပေးနိုင်ခြင်း၊
- ရိုးရာမြေလုပ်ပိုင်ခွင့်အား တရားဝင်အသိအမှတ်ပြုခံရရေးအတွက် အချိန်ကာလအလိုက် ကျင်းပပြုလုပ်သည့် အစိုးရ၏ လုပ်ငန်းအစီအစဉ်များတွင် အခြားသောအကျိုးစီးပွားများနှင့်အပြိုင် မိမိတို့၏ မြေယာလုပ်ပိုင်ခွင့်များကို ထိရောက်စွာ အရေးဆိုတင်ပြနိုင်ရေးအတွက် ရပ်ရွာလူထုကိုယ်တိုင်မှ ကြိုတင်ပြင်ဆင်ပြီးသား ဖြစ်စေမည့် လေ့လာသင်ယူမှု လုပ်ငန်းစဉ်တစ်ခုကို ဖန်တီးပေးနိုင်ခြင်း၊
- မျိုးရိုးစဉ်ဆက်အလိုက် လက်ဆင့်ကမ်းသယ်ဆောင်လာသည့် ဓလေ့ထုံးတမ်းအရ အသိပညာ ဗဟုသုတများ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းထားနိုင်ခြင်း။

ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်ကြောင့် အထက်ဖော်ပြပါ ရည်ရွယ်ချက်များ တစ်ခုချင်းစီအတွက်ကို အထောက်အကူပြုနေမည်သာဖြစ်သည်။ သို့ရာတွင် တိကျရှင်းလင်းသော ရည်ရွယ်ချက်များ သတ်မှတ်ထားနိုင်မှသာလျှင် ကောက်ယူစုဆောင်းမည့် သတင်းအချက်အလက် အမျိုးအစားများအနက် မည်သည်တို့ကို ဦးစားပေးရမည်၊ မည်မျှအတိုင်းအတာအထိ အသေးစိတ် ကောက်ယူရမည်၊ ဦးတည်ထားသည့်အုပ်စု သို့မဟုတ် ပရိသတ်အတွက် အဓိကပြဿနာများနှင့် သတင်းစကားများပေးပို့ နိုင်ရန်အတွက် အချက်အလက်များအား မည်သို့စုစည်းရမည်တို့ကို ဆုံးဖြတ်သတ်မှတ်နိုင်ပါမည်။ ထို့အပြင် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အတွင်း အချိန်စီမံခန့်ခွဲမှုနှင့် အလျော့အတင်းလုပ်ရမည့်ကိစ္စရပ်များအတွက်ကိုလည်း ညှိနှိုင်းဆောင်ရွက်နိုင်ပေမည်။

ရပ်ရွာလူထုအား အသိအမြင်ဖွင့်ပေးခြင်းမှတစ်ဆင့် လုပ်တတ်ကိုင်တတ်ရှိလာစေခြင်းအပြင် ဤလမ်းညွှန်စာအုပ်သည် အဓိကရည်ရွယ်ချက်သုံးခုအတွက်ကိုလည်း အထူးအသုံးတည့်ပေမည် -

a) ဥပဒေနှင့် မူဝါဒများအတွက် အထောက်အထားအခြေပြု စည်းရုံးတောင်းဆိုမှုများ
b) မြေသိမ်းဆည်းခံရမှုများအား ဖြေရှင်းပေးနိုင်ခြင်း သို့မဟုတ် နောင်ဖြစ်ပေါ်လာမည့် မြေယာသိမ်းဆည်းမှုများအား ကြိုတင်ကာကွယ်ထားနိုင်ခြင်း
c) ရပ်ရွာလူထု၏ မြေယာနှင့်သယံဇာတ စီမံခန့်ခွဲမှုအား ခိုင်မာအားကောင်းစေခြင်း

အဓိကအကျဆုံး ရည်ရွယ်ချက်တစ်ခုကို ရွေးချယ်နိုင်လျှင် အကောင်းဆုံးပင်ဖြစ်သည်။ မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်တစ်ခုအတွင်း ရည်ရွယ်ချက် နှစ်ခု သို့မဟုတ် သုံးခုကို တစ်ပြိုင်တည်းဖြေရှင်းနိုင်ရန် ကြိုးပမ်းမည်ဆိုပါက အလွန်ကျယ်ပြန့်လွန်းပြီး ရှုပ်ထွေးသွားတတ်သဖြင့် မိမိအလိုရှိသည့် ရည်ရွယ်ချက်များ တစ်ခုမျှ မပြည့်စုံခြင်းမျိုး ကြုံတွေ့ရနိုင်ပါသည်။

## ဥပဒေနှင့် မူဝါဒများအတွက် အထောက်အထားအခြေပြု စည်းရုံးတောင်းဆိုမှုများ




ပုံ ၇ - အောင်မြင်သော စည်းရုံးတောင်းဆိုမှုတွင် ပါဝင်သည့် အဓိကကျသော ကဏ္ဍများ

ရိုးရာမြေလုပ်ပိုင်ခွင့်အား ပိုမိုအသိအမှတ်ပြုလာရေးအတွက် စည်းရုံးတောင်းဆိုမှုများ ပြုလုပ်ရာတွင် အသုံးပြုနိုင်ရန်အတွက် စီစဉ်ပံ့ပိုးမှုများအဖြစ် ဆက်စပ်မှုရှိပြီး ခိုင်မာတိကျသော သတင်းအချက် အလက်များကိုလည်း မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ် ဖြင့် စုဆောင်း ကောက်ယူပေးနိုင်ပါသည်။

ပုံ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းပင် အောင်မြင်သည့် စည်းရုံးတောင်းဆိုမှုများ ဖြစ်လာစေရေးအတွက် အဓိကကျသည့် ကဏ္ဍသုံးရပ်ရှိပါသည် -

- မှန်ကန်သည့်ဦးတည်အုပ်စုအား ဖော်ထုတ်သတ်မှတ်ခြင်း
- မှန်ကန်သည့် သတင်းစကားများအား ပြုစုတင်ဆက်ခြင်း
- ဦးတည်အုပ်စုမှ 'အမှန်တစ်ကယ်ကြားသိ' သည်အထိ မိမိပေးပို့သည့် သတင်းစကားအား ပြန်ကြားဆက်သွယ်ခြင်း

### မူဝါဒ သို့မဟုတ် ဥပဒေရေးဆွဲမှုများ

နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့တွင် မြေယာ၊ မြေယာနှင့်ဆက်စပ်နေသည့် မူဂါဒများနှင့် ဥပဒေများ ရေးဆွဲမှုတွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် ရိုးရာမြေလုပ်ပိုင်ခွင့်ကို မြန်မာနိုင်ငံတွင် မှတ်တမ်းပြုစုလျှက်ရှိသည့် တိုင်းရင်းသားအစုအဖွဲ့ (ဥပမာ - တအာင်း၊ မွန်၊ ကချင်နှင့် ကယားအဖွဲ့များ) အမြောက်အမြားရှိနေပါသည်။ ရိုးရာမြေလုပ်ပိုင်ခွင့်ကို မှတ်တမ်းပြုစုခြင်းအားဖြင့် ရိုးရာမြေလုပ်ပိုင်ခွင့်၏ အဓိကအစိတ်အပိုင်းများ၊ လက်တွေ့မြေပြင်တွင် ကျင့်သုံးရာ၌ မတူကွဲပြားမှုများနှင့် ပြဿနာများကို မူဂါဒနှင့် ဥပဒေတို့တွင် ပီပြင်စွာထည့်သွင်းပေးလာနိုင်မည်ဖြစ်သည်။ အောက်ပါအချက်များအပါအဝင် ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်အား တရားဝင် အသိအမှတ်ပြုခံရရေးအတွက် လိုအပ်သော သတင်းအချက်အလက်များကို မှတ်တမ်းပြုစုရာတွင် လစ်လပ်မှုမရှိစေရန် ကောက်ယူရမည်ဖြစ်သည်။ ဒေသခံလူထုအနေဖြင့် ၎င်းတို့၏ သက်မွေးဂမ်းကျောင်းလုပ်ငန်းများ၊ ယဉ်ကျေးမှုနှင့် ဂိသေသလက္ခဏာများအတွက် မည်သို့သော အခွင့်အရေးများနှင့် စံတန်ဖိုးများအား အဓိကကာကွယ်ထားလိုသနည်း။ မည်သို့သော အဖွဲ့အစည်းမျိုးကို အသိအမှတ်ပြုရမည်နည်း။ မည်သို့သော လုပ်ပိုင်ခွင့်များကို အပ်နှင်းထားသင့်သနည်း။ မည်သို့သော ရိုးရာဓလေ့အရ အငြင်းပွားမှုဖြေရှင်းနည်းစနစ်မျိုးအား အသိအမှတ်ပြုသင့်သနည်း။

အချက်အလက်များအား ဆန်းစစ်သုံးသပ်ရာတွင် မှတ်တမ်းပြုစုထားသည့်စနစ်ကို ဥပဒေကြောင်းအရ မည်သို့ အသိအမှတ်ပြုသင့်သည်ဆိုသော နည်းပညာပိုင်းအကဲဖြတ်ချက်သည်လည်း ပါဝင်ပေသည်။ ဥပဒေကြောင်းအရအသိအမှတ်ပြုနိုင်မည့် အခွင့်အလမ်းအမျိုးမျိုး (ထိုအဆင့်မရောက်မီ ကြားကာလတွင် ကာကွယ်ပေးမှုလုပ်ငန်းစဉ်များ အပါအဝင်)နှင့် မြေယာလုပ်ပိုင်ခွင့်အား တရားဝင်သတ်မှတ်ခြင်းကြောင့် ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ်များအား သုံးသပ်ခြင်းလည်း အပါအဝင်ဖြစ်သည်။ မူဝါဒနှင့် ဥပဒေရေးဆွဲရာတွင် အားလုံးအကျုံးဝင်ပြီး ပူးပေါင်းပါဝင်မှုလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ခြင်းကြောင့် အသုံးဝင်ရုံမက အားလုံးအတွက် အကျိုးဖြစ်စေသည်ဟု သက်သေပြနိုင်ရေးအတွက် ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းကို အခွင့်အလမ်းတစ်ခုဟုလည်း မှတ်ယူနိုင်ပါသည်။ ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုမှုရလဒ်များကို အစိုးရအဖွဲ့အစည်းများနှင့် အခြားသော အကျိုးသက်ဆိုင်သူများအား ချပြနိုင်ရန်အတွက် ကျေးရွာလူထုအသီးသီးနှင့် ညှိနှိုင်းဆွေးနွေးမှုများ ကျင်းပပြီးလျှင် ရေးဆွဲနေသည့် မူဝါဒ သို့မဟုတ် ဥပဒေအတွက် အကြံဉာဏ်များ ပေးအပ်ပါ။



## ရိုးရာမြေလုပ်ပိုင်ခွင့်များ အသိအမှတ်ပြုခံရရေးအတွက် စည်းရုံးတောင်းဆိုမှုများ

မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်သည် ရိုးရာမြေလုပ်ပိုင်ခွင့်အား တရားဝင် အသိအမှတ်ပြုခံရရေးအတွက် အထောက်အထားအခြေပြု စည်းရုံးတောင်းဆိုမှု လုပ်ငန်းစဉ်တစ်ရပ်ဟုလည်း မှတ်ယူနိုင်ပါသည်။ မှတ်တမ်းပြုစုထားသော အချက် အလက်များသည် ရိုးရာမြေလုပ်ပိုင်ခွင့်အား မည်သည့်အတွက်ကြောင့် အသိအမှတ် ပြုသင့်သည်ဆိုသော အချက်အတွက် အထောက်အထားများပင် ဖြစ်သည်။ အားလုံးကိုလွှမ်းခြုံထားပြီး ပူးပေါင်းပါဝင်ကြသည့် မှတ်တမ်းပြုစုမှုလုပ်ငန်းစဉ်ဖြစ်ပါက ရိုးရာမြေလုပ်ပိုင်ခွင့် အသိအမှတ်ပြုခံရရေး စည်းရုံးတောင်းဆိုမှုအတွက် အောက်ခြေမှပံ့ပိုးမှု ခိုင်မာစေနိုင်ပြီး နိုင်ငံရေးအရ ထောက်ခံမှုကိုလည်း ခိုင်မာ အားကောင်းစေပါသည်။ ထို့အပြင် ကျေးရွာလူထုနှင့် ကျေးရွာခေါင်းဆောင်များကိုလည်း ၎င်းတို့၏ ရိုးရာဓလေ့အရ စီမံခန့်ခွဲလာသည့် မြေယာများအား ကာကွယ်နိုင်ရန်အတွက် မည်သို့စည်းရုံးတောင်းဆိုရမည်ကိုလည်း ပြင်ဆင်ထားပေးရာ ရောက်ပါသည်။ ရိုးရာမြေလုပ်ပိုင်ခွင့်အား မည်သည့်အတွက်ကြောင့် ကာကွယ်ပေးရမည်နှင့် အမျိုးမျိုးသော မြေယာပိုင်ဆိုင်ခွင့်များအတွက် အထောက်အကူဖြစ်စေရန် မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်အား မည်သို့ ပြင်ဆင်ထားရမည်တို့နှင့်ပတ်သက်သည့် ချေပချက်များကို အောက်ပါဇယား ၃ တွင် ထည့်သွင်းဖော်ပြပေးထားပါသည်။

အဆိုပါ စည်းရုံးတောင်းဆိုမှုအချက်များအား သက်သေထူနိုင်ရန်အတွက် အခြေခံအချက်အလက်များနှင့် ကိန်းဂဏန်းများကို အထောက်အထားများနှင့်တကွ တည်ဆောက်ထားရပါမည်။

ဇယား ၃ - ရိုးရာမြေလုပ်ပိုင်ခွင့် အသိအမှတ်ပြုခံရရေးအတွက် ပေးလေ့ရှိသည့် ချေပချက်များ

| ရိုးရာမြေလုပ်ပိုင်ခွင့်အား ထိန်းသိမ်းကာကွယ်ရခြင်းနှင့်ပတ်သက်၍ ချေပချက်များ | မြေယာပိုင်ဆိုင်ခွင့်ကိုအထောက်အကူပြုနိုင်ရန် မည်သည့်သတင်းအချက်အလက်များကို အဓိကထား ကောက်ယူရမည် |
|---|---|
| ဒေသခံလူထုနှင့် ၎င်းတို့နေထိုင်သည့် မြေတို့အကြား သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ စည်းနှောင်မှုများရှိနေခြင်း ကြောင့် ယဉ်ကျေးမှုဆိုင်ရာဂိသေသ ဖြစ်သည့် ရိုးရာမြေလုပ် ပိုင်ခွင့်များကို အသိအမှတ်ပြု ပေးရပါမည်။ အဆိုပါပိုင်ဆိုင်ခွင့်များအတွက် မှီငြမ်းစာတမ်းအဖြစ် UNDRIP နှင့် ဌာနေ တိုင်းရင်းသားများ၏ အခွင့်အရေးတို့ကို လေ့လာနိုင်ပါသည်။ (အခန်း ၂ ၊ အပိုင်း ၂-၄ ကို ကြည့်ပါ)။ | ဖော်ပြပါမြေယာပိုင်ဆိုင်ခွင့်များကို သက်သေထူနိုင်ရန် အတွက် ရိုးရာမြေလုပ်ပိုင်ခွင့်၏ ယဉ်ကျေးမှုဆိုင်ရာ ရှုထောင့်များကို မှတ်တမ်းတင်ရပါမည်။ ပွဲတော်များ၊ အက၊ ဂီတ၊ ပုံပြင်များ၊ ဓလေ့ထုံးတမ်းဆိုင်ရာ သမိုင်းကြောင်းများ အပါအဝင် ယဉ်ကျေးမှုဓလေ့များ နှင့် ဘာသာရေးဆိုင်ရာ အထွတ်အမြတ်နေရာများ အား ဆက်လက်တည်တံ့နေစေရေးအတွက်ကိုလည်း ရိုးရာမြေလုပ်ပိုင်ခွင့်ကို ထိန်းသိမ်းထားရပါမည်။ |
| ရိုးရာဓလေ့အတိုင်းနေထိုင်လာကြသည့် ရပ်ရွာလူထုများသည် ၎င်းတို့ဂန်းကျင်ရှိ သယံဇာတများကို ကောင်းမွန်နိုင်နင်းစွာ စီမံခန့်ခွဲနိုင်ကြသည်။ လုပ်ကွက်ငယ် တောင်သူလယ်သမားများဆိုလျှင်လည်း သယံဇာတရင်းမြစ်များကို အကျိုးရှိထိရောက် စွာ သုံးစွဲနိုင်ကြသဖြင့် ဂမ်းစာအတွက်ကိုသာမက ပြန်လည်ရောင်းချနိုင်ရေးအတွက်ကိုပါ သီးနှံအမျိုးမျိုး ထုတ်လုပ်နိုင်စွမ်း ရှိကြသည်။ ဂေဟစနစ်နှင့် ကိုက်ညီသည့် စိုက်ပျိုးမှုနည်းလမ်းများကို အသုံးပြုစိုက်ပျိုးကြသည့် လုပ်ကွက်ငယ် တောင်သူ လယ်သမားများသည် စားနပ်ရိက္ခာဖူလုံမှုအတွက် အရေးပါရုံသာမက ရေရှည်တည်တံ့သည့် ကမ္ဘာ့စားနပ်ရိက္ခာစနစ်၏ အနာဂါတ်ဟုလည်း ရည်ညွှန်းနိုင်ပါသည်ဟု အစားအစာရယူသုံးစွဲပိုင်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်မှ ပြောကြားသွားခဲ့သည်။ ရိုးရာမြေလုပ်ပိုင်ခွင့်အား အသိအမှတ်ပြုခြင်းဆိုသည်မှာ ကျေးလက်ဒေသ သက်မွေးဂမ်းကျောင်းမှုများအတွက် မရှိမဖြစ်လိုအပ်သည့် ရွှေ့ပြောင်းတောင်ယာနှင့် ကျေးရွာပိုင်သစ်တောများ သုံးစွဲပိုင်ခွင့်အား လုံခြုံခိုင်မာစေခြင်းပင်ဖြစ်သည်။ ရိုးရာဓလေ့အတိုင်း စိုက်ပျိုးသည့်စနစ်များနှင့်အတူ ကျင့်သုံးလာကြသည့် ရိုးရာမြေအသုံးချမှု စနစ်များသည် ကျန်းမာရေး နှင့်ညီညွတ်သည့် သီးနှံအမျိုးမျိုးကိုသာမက စီးပွားဖြစ်စိုက်ပျိုးရေးထွက်ကုန်များကိုလည်း ထုတ်လုပ်ပေးပါသည်။ | ရိုးရာမြေအသုံးချစနစ်သည် ထုတ်လုပ်မှုတိုးတက်စေသည့် စိုက်ပျိုးရေးနည်းစနစ်များ ဖြစ်လာစေရေးအား မည်သို့ပံ့ပိုးပေးသည်ကို သိရှိနိုင်ရန်အတွက် အပိုင်း ၆ တွင် ဖော်ပြထားသော သက်မွေးဂမ်းကျောင်းကဏ္ဍဆိုင်ရာ အကြောင်းအရာများကို အချိန်ယူ၍ မှတ်တမ်းပြုစုရမည်။ မြေအသုံးချမှုပုံစံ တစ်ခုချင်းစီသည် ကျေးရွာလူထု၏ သက်မွေးဂမ်းကျောင်းအတွက် အထောက်အပံ့ဖြစ်နေသည့် အတိုင်းအတာ။ ထုတ်လုပ်ရောင်းချနေကြသည့် သီးနှံများ။ ဂမ်းစာအတွက် စိုက်ပျိုးနေသည့်သီးနှံများ။ သက်မွေးဂမ်းကျောင်း/စားနပ်ရိက္ခာ လုံခြုံမှုနှင့် ရိုးရာမြေအသုံးချမှုတို့အကြား ဆက်နွယ်ချက်များ။ |

| | |
|---|---|
| ဒေသခံရပ်ရွာလူထုတို့သည် ၎င်းတို့၏ သယံဇာတရင်းမြစ်များ ရေရှည်တည်တံ့ရေးအတွက်ကို ပီပီပြင်ပြင် စီမံခန့်ခွဲနိုင်ကြပါသည်။ ရိုးရာမြေလုပ်ပိုင်ခွင့်များတွင် ရေထိန်းတောများ၊ ကန်၊ ချောင်းနံဘေးမှ သစ်တောများအား ကာကွယ်ပေးထားသည့် စည်းမျဉ်းစည်းကမ်းများလည်းပါဝင်သည်။ ရိုးရာအမဲလိုက်ခွင့်တွင်လည်း သားပေါက်ရာသီတွင် အမဲလိုက်ခွင့်မပြုခြင်း၊ အချို့ တိရိစ္ဆာန်မျိုးစိတ်များအား ဖမ်းဆီးခွင့်တားမြစ်ခြင်း သို့မဟုတ် အချို့သောနယ်မြေများတွင် အမဲလိုက်ခွင့် မပြုခြင်းစသည်တို့ကို ထည့်သွင်းပြဌာန်းပေးထားသည်။ ရွှေ့ပြောင်းတောင်ယာနှင့် မိရိုးဖလာ စိုက်ပျိုးရေး အလေ့အထများသည် မြေဆီလွှာ၏ ဩဇာဓါတ်ကို ထိန်းသိမ်းပေးထားကြသည်။ ထို့အပြင် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့် ဓါတ်မြေဩဇာများ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အင်းဆက်ပိုးသတ်ဆေးတို့ကို အသုံးမပြုဘဲ ပိုးမွှားနှင့်ပေါင်းပင်များကို ထိန်းချုပ်ပေးနိုင်စွမ်းလည်း ရှိကြသည်။ | ရေရှည်တည်တံ့သည့် မြေအသုံးချမှုအလေ့အထများအား မှတ်တမ်းတင်နိုင်ရေးအတွက် အပိုင်း ၆ တွင် ဖော်ပြထားသည့် မြေအသုံးချမှုစီမံခန့်ခွဲခြင်းကဏ္ဍကို အဓိကထားဆောင်ရွက်ပါ။ ရေချိုငါးလုပ်ငန်း၊ ရေ၊ တောရိုင်းတိရိစ္ဆာန်နှင့် သစ်တောစသည့် သဘာဝသယံဇာတများအား မည်သို့စီမံခန့်ခွဲကြသည်၊ ထိုသို့စီမံခန့်ခွဲမှုကြောင့် အဆိုပါသယံဇာတများ ပုံမှန်ကြွယ်ဝနေရေးအပေါ် မည်သို့ သက်ရောက်မှုရှိသည်တို့ကို မှတ်တမ်းပြုစုပါ။ သစ်တောဖုံးလွှမ်းမှု၊ တောကောင်ကြီးများ မြင်တွေ့ရမှုအနေအထား၊ ရေချိုငါးလုပ်ငန်းအခြေအနေ။ ရိုးရာမြေအသုံးချမှုစနစ် ကျင့်သုံးနေသည့် ဒေသများနှင့် မကျင့်သုံးသည့် ဒေသများအကြား သစ်တောထူထပ်မှုနှင့် အခြားသယံဇာတများ တည်တံ့နေမှုတို့ကို နှိုင်းယှဉ်သုံးသပ်ကြည့်ပါ။ |
| ရိုးရာဓလေ့ထုံးတမ်းများ ကျင့်သုံးလျှက်ရှိသည့် ရပ်ရွာလူထုများသည် သယံဇာတများ ခွဲဝေသုံးစွဲမှုကိုလည်း အညီအမျှပင် ကျင့်သုံးတတ်ကြသည်။ သာတူညီမျှမှုကို အလေးထားတတ်သည့် ဓလေ့များဖြစ်ခြင်းကြောင့် ရိုးရာမြေအသုံးချမှုစနစ်များကို ဆင်းရဲမွဲတေမှုပပျောက်ရေးအတွက်ကိုလည်း စောဒကတစ်ခုအဖြစ် အသုံးပြုနိုင်ပေသည်။ ရွှေ့ပြောင်းတောင်ယာများကို ရိုးရာဓလေ့အတိုင်း စီမံသုံးစွဲနေကြသည့် ဒေသများတွင် မုဆိုးမအပါအဝင် ဘေးဖြစ်လွယ်သည့် မိသားစုများအတွက် မြေကွက်များကို မဲစနစ်ဖြင့် နှစ်စဉ်ချထားပေးတတ်ကြသည်။ | ရိုးရာမြေလုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် ဆင်းရဲနိုင်ခြေရှိသူများအတွက် ပံ့ပိုးကူညီမှုတို့ကို မှတ်တမ်းတင်နိုင်ရန် အပိုင်း ၆ တွင် ဖော်ပြထားသောသက်မွေးဝမ်းကျောင်းဆိုင်ရာ ကဏ္ဍများအား မှတ်တမ်းပြုစုခြင်းကို အချိန်ပေးဆောင်ရွက်ပါ။ ရပ်ရွာအတွင်းမှ ထိခိုက်ခံရလွယ်သူများကို ရှာဖွေဖော်ထုတ်ပါ။ ၎င်းတို့နှင့်တွေ့ဆုံပြီးလျှင် ရိုးရာမြေအသုံးချမှုစနစ်ကြောင့် ၎င်းတို့၏ ဘေးဖြစ်လွယ်မှုအား တိုးမြင့်စေသည် သို့မဟုတ် လျော့ကျစေသည်တို့ကို ဆွေးနွေးမေးမြန်းပါ။ သီးနှံအထွက် ဆုတ်ယုတ်မှု သို့မဟုတ် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေတို့ ကြုံတွေ့ရသည့်အခါ ဆင်းရဲနွမ်းပါးမှု မကြုံရစေရန် ရိုးရာမြေအသုံးချမှု စနစ်က မည်သို့ ပံ့ပိုးကူညီပေးပုံ။ သယံဇာတခွဲဝေမှုတွင် ရိုးရာမြေအသုံးချမှုစနစ်မှ မည်မျှလွှမ်းမိုးထားသည်ကို သိရှိနိုင်ရန်အတွက် အပိုင်း ၆ တွင် ဖော်ပြထားသည့် အသုံးပြုပိုင်ခွင့်ကဏ္ဍရှိ မြေယာနှင့်သယံဇာတ သုံးစွဲပိုင်ခွင့် အမျိုးအစားများအကြောင်းကို ဆွေးနွေးပါ။ |

မူဂါဒအတွင်း ထည့်သွင်းနိုင်ရေးနှင့် စည်းရုံးတောင်းဆိုမှုများ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ရိုးရာမြေလုပ်ပိုင်ခွင့်များအား မှတ်တမ်းပြုစုပြီးဖြစ်သည့် သာဓကများရှိပါသည်။ ၎င်းတို့အနက် တိုင်းရင်းသားလူထု ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(ECDF)မှ ထုတ်ဝေခဲ့သည့် "ကျွန်ုပ်တို့၏ ရိုးရာမြေပိုင်ဆိုင်မှုများ၊ မြန်မာနိုင်ငံအတွင်းရှိ ရပ်ရွာအခြေပြု ရေရှည်တည်တံ့သည့် သဘာဝ သယံဇာတ စီမံခန့်ခွဲမှု"[8] နှင့် ကယားပြည်နယ်မှ မြေယာအခွင့်အရေး လှုပ်ရှားမှုကွန်ယက်(KEAN)၏ အစီရင်ခံစာဖြစ်သည့် "ကျွန်ုပ်တို့၏ ရိုးရာဓလေ့အရ မြေအသုံးချမှု စီမံခန့်ခွဲသည့်စနစ်"[9] တို့လည်း အပါအဝင်ဖြစ်သည်။

## မြေယာသိမ်းဆည်းခံရမှုများအား ဖြေရှင်းခြင်း သို့မဟုတ် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် မြေယာသိမ်းဆည်းမှုများအား ကြိုတင်ကာကွယ်ခြင်း



မြေယာသိမ်းဆည်းမှုများအား တားမြစ်ကန့်ကွက်နိုင်ရန်အတွက် ရိုးရာမြေလုပ်ပိုင်ခွင့်များအား မှတ်တမ်းပြုစုခြင်းကို အဖွဲ့အစည်းအများအပြားက ဆောင်ရွက်လျက်ရှိသည်။ မကြာသေးမီကမှ ခွင့်ပြုပေးလိုက်သည့် စီမံကိန်းလုပ်ငန်းတစ်ခုသို့ မြေနေရာချထားပေးခြင်းကို တုန့်ပြန်သည့်အနေဖြင့် အဆိုပါချထားပေးသည့် မြေနေရာများသည် ဒေသခံလူထုများမှ ရယူ လုပ်ကိုင်နေသောမြေများဖြစ်ကြောင်း သက်သေထူနိုင်ရန်အတွက် မှတ်တမ်းပြုစုခြင်းကို ဆောင်ရွက်ကြသည်မျိုးလည်း ရှိတတ်ပါသည်။ သာဓကများအနေဖြင့် စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းကြီးများအား လုပ်ပိုင်ခွင့်ပြုခြင်း၊ သို့မဟုတ် လမ်းဖောက် လုပ်ရန် သို့မဟုတ် ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရန် အစိုးရမှ သိမ်းယူခြင်း၊ သို့မဟုတ် တောရိုင်းတိရိစ္ဆာန်များအတွက် ဘေးမဲ့တောအဖြစ် တည်ထောင်သတ်မှတ်ခြင်းတို့ဖြစ်သည်။

---

8 http://www.ecdfburma.org/images/our%20customary%20land%20-%20eng_for%20web%201.pdf ကို ကြည့်ပါ။

9 https://www.facebook.com/Kayah-Earthrights-Action-Network-KEAN-723924817710920/ ကို ကြည့်ပါ။

အချို့သောအဖွဲ့အစည်းများကမူ အနာဂါတ်တွင်ပေါ် ပေါက်လာနိုင်သည့် မြေယာသိမ်းဆည်းမှုများမှ ကာကွယ်ထားနိုင်ရန်အတွက် ရိုးရာမြေလုပ်ပိုင်ခွင့်များကို မှတ်တမ်းပြုစုလျှက်ရှိကြသည်။ လမ်းများဖောက်လုပ်သည့်အခါတွင် မြေဈေးကစားမှုများ ပူးတွဲပါဝင်လာတတ်သဖြင့် လမ်းတစ်လျှောက်ရှိ ဒေသခံများ၏ မြေယာသုံးစွဲပိုင်ခွင့်များအား မှတ်တမ်းပြုစုထားခြင်းသည် အလွန်အသုံးဝင်ပေသည်။

မြေယာသိမ်းဆည်းမှုများမှကာကွယ်ရန် သို့မဟုတ် ကန့်ကွက်ရန်အတွက် မြေယာလုပ်ပိုင်ခွင့်များကို မှတ်တမ်းပြုစုခြင်းသည် မူဝါဒရေးဆွဲမှုများတွင် စည်းရုံးတောင်းဆိုနိုင်ရန်အတွက် ရိုးရာမြေလုပ်ပိုင်ခွင့် များအား မှတ်တမ်းပြုစုခြင်းနှင့်တော့ တူညီနိုင်မည်မဟုတ်ပေ။ ဤကဲ့သို့အခြေအနေမျိုးတွင် မှန်ကန်တိကျသည့်မြေပုံများ ရေးဆွဲပြုစုခြင်းကို အဓိကထား လုပ်ဆောင်သင့်ပါသည်။ သို့မှသာ မည်သည့် ဧရိယာများတွင် မြေယာလုပ်ပိုင်ခွင့်များပိုင်ဆိုင်ထားသည်၊ မည်သည့်ဧရိယာများသည် လုပ်ပိုင်ခွင့်ချထား ပေးမှုအတွင်း ကျရောက်နေသည်တို့ကို ရှင်းလင်းပြတ်သားစွာ သိမြင်နိုင်ပေမည်။ ထိုအချိန်မျိုးတွင် ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များ၏ အခြားသော ဂုဏ်ပုဒ်များအား မှတ်တမ်းတင်ခြင်းအတွက် အချိန်ကုန်မခံသင့်ဘဲ ဒေသခံကျေးရွာများ၏ နောက်ခံသမိုင်းကြောင်း၊ မြေယာအသုံးပြုမှု၊ မြေယာအပြောင်းပွားမှုများနှင့် ဆက်စပ် နေသည့် သတင်းအချက်အလက်များကို ဦးစားပေးကောက်ယူရပါမည်။

မြေယာသိမ်းဆည်းမှုများအား တားမြစ်ကန့်ကွက်ရန်ရည်ရွယ်ထားသည့် မှတ်တမ်းပြုစုမှုများတွင် ဥပဒေကြောင်းနှင့်ညီညွတ်သည့် မည်သို့သောမြေယာလုပ်ပိုင်ခွင့်များ ရယူနိုင်မည်ကို အလေးထား စဉ်းစားပြီးလျှင် အဆိုပါလုပ်ပိုင်ခွင့်များ ရယူနိုင်ရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုလည်း စုဆောင်းမှတ်သားထားရမည်။ ထို့အပြင် စေ့စပ်ညှိနှိုင်းရေး နည်းဗျူဟာများနှင့် ရည်မှန်းချက်များအကြောင်းကို ဆွေးနွေးတိုင်ပင်ရာတွင်လည်း မြေယာပြန်လည်ရရှိရေးအတွက် ကြိုးပမ်းမည်လော သို့မဟုတ် ထိုက်သင့်သည့်လျော်ကြေးရရှိရေး ဆောင်ရွက်မည်လောဟူ၍ ကူညီပံ့ပိုးပေးရမည့် လုပ်ငန်းများကိုလည်း ထည့်သွင်းထားသင့်ပါသည်။

## ရပ်ရွာလူထု၏ မြေယာနှင့် သယံဇာတ စီမံခန့်ခွဲမှုများအား ခိုင်မာအားကောင်းစေခြင်း

သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေး သို့မဟုတ် သက်မွေးဝမ်းကျောင်းလုပ်ငန်း စီမံကိန်းများ၏ တစ်စိတ်တစ်ဒေသအဖြစ် ရပ်ရွာအခြေပြု သဘာဝသယံဇာတများ စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်လာရေးအတွက်ကိုလည်း ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းကို အခြေခံလုပ်ငန်းစဉ်အဖြစ် အသုံးပြုနိုင်ပါသည်။

ထိုကဲ့သို့စီမံကိန်းများသည် စည်းရုံးတောင်းဆိုမှု သို့မဟုတ် မြေယာသိမ်းဆည်းခံရမှုတို့အတွက် ဆောင်ရွက်သည့် စီမံကိန်းများနှင့် မတူညီကြပေ။ ဤစီမံကိန်းများတွင်မူ ရပ်ရွာလူထု အနေဖြင့် ၎င်းတို့ ၏ သယံဇာတများအား စီမံခန့်ခွဲမှုများ ပိုမိုကောင်း မွန်လာရေးနှင့် ဆုံး ဖြတ်ချက်များချမှတ်နိုင်ရေးတို့ကို ဦးစားပေးရည်ရွယ်ထားသောကြောင့် ဖြစ်သည်။ သယံဇာတများအား စီမံအုပ်ချုပ်မှုအတွက် သတ်မှတ်ထား သည့် စည်းမျဉ်းစည်းကမ်းများ၊ ဖော်ဆောင်ကျင့်သုံးနေကြသည့် အဖွဲ့ အစည်းများနှင့် ၎င်းတို့အား ပိုမိုကောင်း မွန်လာစေနိုင်သည့်နည်းလမ်းများကို မှတ်တမ်းပြုစုခြင်းသည် ဤစီမံကိန်းတွင် ပါဝင်နေသည်။ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်မှ ပေါ်ထွက်လာမည့် ရပ်ရွာလူထု၏အကြံပြုချက်များကို အစိုးရထံသို့ ပေးပို့နိုင်ပါသည်။ ထိုသို့ မှတ်တမ်းပြုစုခြင်းအားဖြင့် သယံ ဇာတရင်းမြစ်များနှင့်ပတ် သက်သည့် ရယူသုံးစွဲ ပိုင်ခွင့်များအား ခိုင်မာစေနိုင်သည့်အပြင် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် သယံဇာတထုတ်ဖော်မှုများအား ကာကွယ်ထားနိုင်ရေးအတွက် ရပ်ရွာလူထုအား ကြိုတင်ပြင်ဆင်ထားပေးပြီးသားဖြစ်နိုင် ပါသည်။ သို့သော် ဤစီမံကိန်း၏ ထူးခြားချက်မှာ ဒေသတွင်းအဆင့်၌ အမူအကျင့်ပြောင်းလဲမှုများအား အဓိကထား မှတ် တမ်းပြုစုခြင်းပင်ဖြစ်သည်။ ရပ်ရွာလူထုအတွက် ရေရှည်တည်တံ့မည့်သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပံ့ပိုးပေးနေစဉ်မှာ ပင် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ပေးထားနိုင်မည့်



နှစ်ရှည်စီမံကိန်းများ၊ ပူးတွဲစီမံခန့်ခွဲမှုများ သို့မဟုတ် အကျိုးရလဒ်များမျှဝေခံစားနိုင်ရေး အစီအမံများ၏ ကဏ္ဍတစ်ရပ်အဖြစ် ဆောင်ရွက်ကြသည်မျိုးလည်း တွေ့ရှိရပါသည်။ သယံဇာတစီမံအုပ်ချုပ်မှု၏ ပြောင်းလဲလာမှုများအား ရှာဖွေဖော်ထုတ်ခြင်းနှင့် အဆိုပါပြောင်းလဲမှုများအားလက်တွေ့ဖော် ဆောင်နိုင်ရေးအတွက် အနာဂတ်လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ခြင်းတို့သည်လည်း အသုံးပြုသည့်နည်းလမ်းများ ကွဲပြားခြားနားချက်တွင် အပါအဝင်ဖြစ်သည်။ ဤသို့ဆောင်ရွက်မှုများကြောင့် သယံဇာတ စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေရေးအတွက် ကျေးရွာအဆင့် စီမံခန့်ခွဲရေးကော်မတီအသစ်များ တည်ထောင်ဖွဲ့စည်းခြင်း သို့မဟုတ် တည်ရှိဆဲကော်မတီများ သို့မဟုတ် အဖွဲ့အစည်းများအား ခိုင်မာအားကောင်းစေခြင်းတို့ကိုလည်း ဖြစ်ပေါ်စေပါသည်။

ရပ်ရွာလူထု၏ ရိုးရာဓလေ့အရ မြေယာနှင့်သယံဇာတစီမံခန့်ခွဲမှုများ အားကောင်းလာစေရေးကို ဦးတည် ကြိုးပမ်းသည့်အနေဖြင့် ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခဲ့သည့်နမူနာတစ်ရပ်အဖြစ် "ကျွန်ုပ်တို့ ပိုင်ဆိုင်သည့် သဘာဝ သယံဇာတများကို ကျွန်ုပ်တို့သာ စီမံခန့်ခွဲမည် - ဒေသခံတို့၏ ဖြေရှင်းနည်းများနှင့် ရပ်ရွာလူထုမှဦးဆောင်သည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့၏ အရေးပါအရာရောက်ပုံတို့ကို ဖော်ညွှန်းလျှက်ရှိသည့် ကမိုးသွေးမှ ကရင်ဌာနေတိုင်းရင်းသားများ"[10] ဟူသော စာအုပ်ကို ရည်ညွှန်းလိုပါသည်။

10 http://www.burmapartnership.org/wp-content/uploads/2016/03/Book_We-Will-Manage-Our-Own-Natural-Resources.pdf ကို ကြည့်ပါ။

## မှတ်တမ်းပြုစုခြင်းဆိုင်ရာ ရည်ရွယ်ချက်များအား ရှင်းလင်းတိကျစေခြင်း သုံးသပ်ချက်

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်းပင် ဤလမ်းညွှန်စာအုပ်သည် မူဝါဒရေးရာ စည်းရုံးတောင်းဆိုမှု၊ မြေယာသိမ်းဆည်းခံရမှုအတွက် အကာအကွယ်တစ်ရပ်တို့အဖြစ် အသုံးဝင်ရုံသာမက ရပ်ရွာလူထု ပူးပေါင်းပါဝင်သည့် မြေယာအသုံးပြုမှု စီမံကိန်းရေးဆွဲခြင်း၏ ပထမခြေလှမ်းတစ်ခုအဖြစ်လည်း မှတ်ယူနိုင်ပါသည်။ ရပ်ရွာလူထုပူးပေါင်းပါဝင်သည့် မြေယာအသုံးပြုမှု စီမံကိန်းရေးဆွဲခြင်းနှင့် ပတ်သက်သော လမ်းညွှန်ချက် အမြောက်အမြားရှိပြီး ၎င်းတို့သည်လည်း အသုံးတည့်သည့် ရင်းမြစ်များပင်ဖြစ်သည်။ အဆိုပါလမ်းညွှန်ချက် စာအုပ်အချို့ကို ဤစာအုပ်၏အဆုံးတွင် 'နောက်ဆက်တွဲ ၁ - အသုံးဝင်နိုင်သော ရင်းမြစ်များ' အဖြစ် စာရင်းပြုစု၍ ဖော်ပြပေးထားပါသည်။

ဇယား ၄ - ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းတွင် ရည်ရွယ်ချက်နှင့် အဓိကလုပ်ဆောင်ချက်များ ကွဲပြားကြပုံကို ပြသနေသည့် ဥပမာများ

| | ဥပဒေနှင့် မူဝါဒအတွက် အထောက်အထား အခြေပြု စည်းရုံး တောင်းဆိုမှုများ | မြေယာသိမ်းဆည်းခံရမှု များအား ဖြေရှင်းခြင်း (သို့) အနာဂါတ်တွင် ကြုံတွေ့လာမည့် မြေယာသိမ်း ဆည်းမှုများအား ကြိုတင် ကာကွယ်ခြင်း | ကျေးရွာလူထု၏ မြေယာနှင့် သယံဇာတ စီမံခန့်ခွဲမှု များအား ခိုင်မာအား ကောင်းစေခြင်း |
|---|---|---|---|
| မည်သည်တို့ကို မှတ်တမ်းပြုစုရမည် | လက်တွေ့မြေပြင်ရှိ ပကတိအခြေအနေနှင့် အလေ့အထများကို မှတ်တမ်းပြုစုပါ။ သို့မှသာ မြေပြင်အခြေအနေအပေါ် မူတည်၍ မူဝါဒ/ဥပဒေထဲတွင် ပြောင်းလဲမှုများ ထည့်သွင်းနိုင်ပေမည်။ ခိုင်မာသော ရိုးရာမြေ လုပ်ပိုင်ခွင့်အသိအမှတ်ပြုခံရရေးအတွက် ထည့်သွင်းစဉ်းစားရမည့် ထူးခြားပြဿနာများကို မီးမောင်း ထိုးပြပါ။ | ပြင်ပမြိမ်းခြောက်မှုမှ လွတ်ကင်းသည့် မြေယာပိုင်ဆိုင်ခွင့်လျှောက်ထားမှုကို အတိအလင်း ဖော်ပြနိုင်ရန် အတွက် မြေပြင်ရှိပကတိအခြေအနေ များကို မှတ်တမ်းပြုစုပါ။ ရိုးရာမြေများ၏ သမိုင်းကြောင်း၊ လက်ရှိအသုံးပြုနေမှုနှင့် အသက်မွေးဝမ်းကြောင်းတို့ ပါဝင်ပါမည် | ဒေသခံလူထုအနေဖြင့် လိုအပ်သောပြောင်းလဲမှုများပြုလုပ်နိုင်ရန်အတွက် မြေပြင်ရှိပကတိအခြေအနေများနှင့် သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲမှုများကို မှတ်တမ်းပြုစုပါ |
| မည်သည်တို့ကို ဦးစားပေးရမည် | စည်းရုံးတောင်းဆိုမှုအတွက် သတင်းအချက်အလက်များ၊ အခြေခံအချက်အလက်များ နှင့် ကိန်းဂဏန်းများအား မှတ်သားထားရေးကို ဦးစားပေး လုပ်ဆောင်ပါ။ | မြေယာပိုင်ဆိုင်ခွင့် လျှောက်ထားမှုများနှင့် အငြင်းပွားမှု ဖြေရှင်းခြင်းတို့ကို ဦးစားပေး လုပ် ဆောင်ပါ။ | လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် ကျေးရွာလူထုအတွင်းမှ ပူးပေါင်းဆောင်ရွက်မှုများကို ဦးစားပေး လုပ်ဆောင်ပါ။ |

| | | | |
|---|---|---|---|
| မည်သည့် အသုံးချ နည်းလမ်းများ အသုံးပြုရမည် | | မြေယာပိုင်ဆိုင်ခွင့် လျှောက်ထားမှုများအား အတိအလင်းဖော်ပြနိုင်ရေးအတွက် မှန်ကန်တိကျသည့် ဒစ်ဂျစ်တယ်စနစ်သုံးမြေပုံများသည်အသုံးဝင်ပါသည်။ | |
| အကျိုးရလဒ် | အစိုးရ၊ မီဒီယာ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဝေမျှပေးနိုင်မည့် အစီရင်ခံစာ၊ ဓါတ်ပုံ၊ ဗီဒီယို သို့မဟုတ် အခြားသောစည်းရုံးတောင်းဆိုမှုဆိုင်ရာ ပစ္စည်းများအား ဖန်တီးပါ။ | မြေယာပိုင်ဆိုင်ခွင့် လျှောက်ထားမှုများအတွက်အထောက်အကူဖြစ်စေမည့် အစီရင်ခံစာ၊ ဓါတ်ပုံ၊ ဗီဒီယို သို့မဟုတ် အခြားသော စည်းရုံးတောင်းဆိုမှုဆိုင်ရာ ပစ္စည်းများအား ဖန်တီးပါ။ | ဒေသခံလူထုမှ သဘောတူအတည်ပြုထားသည့် ကျေးရွာအဆင့်မြေအသုံးချမှု အစီအစဉ် |
| ဦးတည် ရည်ရွယ်ထားသည့် ပရိသတ် | မူဂါဒချမှတ်သူများ၊ နိုင်ငံတော်အဆင့်စည်းရုံးတောင်းဆိုမှု တွင် ပါဝင်သည့် အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ယက်များ | ကုမ္ပဏီများ၊ နိုင်ငံရေးသမားများ၊ တရားရုံးများ၊ ဒေသခံအာဏာပိုင်များ | ဒေသခံလူထု |

## လုပ်ငန်းစဉ် (၄)
## မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် ပါဝင်မည့်သူများအား ဖော်ထုတ်သတ်မှတ်ခြင်း

မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်များပါဝင်ကြမည်၊ ၎င်းတို့၏ အခန်းကဏ္ဍများမှာ မည်သို့ဖြစ်သည်တို့ကို ဖော်ထုတ်သတ်မှတ်ရေးသည် ကြိုတင်ပြင်ဆင်မှု အဆင့်၏ အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ လုပ်ငန်းများတွင် မည်သူတို့ပါဝင်မည်၊ ဤကိစ္စတွင် မည်သူတို့စိတ်ပါဝင်စားကြသည်ကို သတ်မှတ်ဖော်ထုတ်သည့် ဤလုပ်ငန်းစဉ်ကို "အကျိုးသက်ဆိုင်သူများအား စိစစ်သုံးသပ်ခြင်း" ဟုလည်း ညွှန်းဆိုနိုင်ပါသည်။

မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်၏ အမျိုးမျိုးသောလုပ်ငန်းအဆင့်များတွင် လူပုဂ္ဂိုလ်အမျိုးမျိုး ပါဝင်ဖို့လိုသည်။ အဆိုပါလုပ်ငန်းများမှာ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံမှ တရားဝင်ခွင့်ပြုချက် တောင်းခံခြင်း (လိုအပ်လျှင်)၊ ရပ်ရွာအတွင်းမှ ကိုယ်စားလှယ်များနှင့် ပဏာမ ချပြညှိနှိုင်းဆွေးနွေးမှုများ စီစဉ်ကျင်းပခြင်း၊ မြေယာလုပ်ပိုင်ခွင့်စနစ်များအား မှတ်တမ်းပြုစုမှု စတင်ခြင်းတို့မှသည် ရရှိလာသည့်သတင်းအချက်အလက် များအား စုစည်းခြင်း၊ သုတေသနလုပ်ငန်းစဉ်၏ နောက်ဆုံးရလဒ်များအား ရပ်ရွာအတွင်း သုံးသပ်မှုနှင့် ပြင်ပပုဂ္ဂိုလ်များသို့ စည်းရုံးတောင်းဆိုမှုများအတွက် ဝေမျှခြင်းနှင့် အသုံးပြုခြင်း စသည့် အဆုံးသတ်လုပ်ငန်း အဆင့်များအထိ ပါဝင်နေပါသည်။




စီမံကိန်းရေးဆွဲမှု ပဏာမအဆင့်တွင် အောက်ပါအချက်များကို အရေးတကြီး ထည့်သွင်းစဉ်းစားထားရမည် -

- မှတ်တမ်းပြုစုခြင်းလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက်ကို မည်သူ့ဆီမှ တောင်းခံရမည်နည်း
- ကျေးရွာအတွင်း ချပြညှိနှိုင်းမှုအစည်းအဝေးများတွင် မည်သူတို့ပါဝင်သင့်သနည်း
- သုတေသနလုပ်ငန်းစဉ်အား ဒီဇိုင်းရေးဆွဲရာတွင် မည်သူတို့ပါဝင်သင့်သနည်း

ရပ်ရွာလူထု၊ အခြားသော အကျိုးသက်ဆိုင်သူများနှင့် ပဏာမချပြဆွေးနွေးမှုနှင့် စီမံကိန်းရေးဆွဲမှုဆိုင်ရာ အစည်းအဝေးများကျင်းပသည့်အခါတွင်လည်း အောက်ပါလုပ်ငန်းအဆင့်များ၌ မည်သူတို့ ပါဝင်သင့်သည်ကို တိတိကျကျ ဖော်ထုတ်သတ်မှတ်နိုင်ပါလိမ့်မည်။ ဥပမာ - ကျေးရွာအတွင်းမှ နယ်မြေတစ်ခုကို ပူးတွဲရွေးချယ်ပြီးပြီဆိုပါက သုတေသနလုပ်ငန်းများအား ကူညီပံ့ပိုးပေးမည့်၊ ပေါင်းစပ်ညှိနှိုင်းပေးမည့် ဒေသခံလူထု/ကျေးရွာအတွင်းမှအဓိကပုဂ္ဂိုလ်များကို မဖြစ်မနေ ဖော်ထုတ်သတ်မှတ်ပေးရပါမည်။ ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့်သူများကိုလည်း ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် အသုံးပြုမည့် နည်းလမ်းများအား သင်တန်းပေးလေ့ကျင့်ထားခြင်းဖြင့် ၎င်းတို့၏အခန်းကဏ္ဍများ နှင့် မျှော်မှန်းချက်များ ရှင်းလင်းပြတ်သားနေမည်ဖြစ်သည် (သင်တန်းပေးခြင်းနှင့်ပတ်သက်သည့် အခန်း ၅ ကို ကြည့်ပါ)။

ထို့အပြင် ဦးတည်အုပ်စုဆွေးနွေးမှုများ၊ တွေ့ဆုံမေးမြန်းမှုများနှင့် အလွတ်သဘောဆွေးနွေးမှုများမှ တစ်ဆင့် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် ရပ်ရွာလူထုအတွင်းမှ မည်သည့်အုပ်စုများနှင့် တစ်သီးပုဂ္ဂလများ ပါဝင်သင့်သည် ကိုလည်း ဖော်ထုတ်သတ်မှတ်ထားရပါမည်။ အသေးစိတ်ကို အခန်း ၆ တွင် ဖော်ပြပေးထားပါသည်။

သက်ဆိုင်ရာရပ်ရွာလူထုသာမကဘဲ အခြားပုဂ္ဂိုလ်များဖြစ်သည့် အစိုးရပိုင်းမှ သို့မဟုတ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ(EAOs)နှင့် အနီးအနားကျေးရွာများမှ ကိုယ်စားလှယ်များသည်လည်း ပါဝင်သင့်ပါသည်။ ၎င်းတို့၏ ပါဝင်ပတ်သက်မှုများသည် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်များအပေါ် လုံးလုံးလျားလျားမူတည်နေပါသည် (ရည်ရွယ်ချက်များအား ရှင်းလင်းပြတ်သားစွာ ချမှတ်ခြင်းနှင့် ပတ်သက်၍ ပြီးခဲ့သည့်လုပ်ငန်းအဆင့်ကို ကြည့်ပါ)။

## အစိုးရပိုင်းမှ ပါဝင်ပတ်သက်မှု

သက်ဆိုင်ရာ ဌာနဆိုင်ရာများ (စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးမြေများစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ သစ်တောဦးစီးဌာန စသည်)၊ ရွေးချယ်တင်မြှောက်ခံထားရသည့် ကိုယ်စားလှယ်များ၊ ရိုးရာဓလေ့အရ ခေါင်းဆောင်များ၊ EAO များနှင့် ၎င်းတို့အတွင်းမှ သက်ဆိုင်ရာဌာနများနှင့် အခြား လက်နက်ကိုင်အဖွဲ့ အစည်းများအား လိုအပ်ပါက မည်သို့ချဉ်းကပ်ရမည်ကို အကျိုးသက်ဆိုင်သူများအား ဆန်းစစ်သုံးသပ်ထားခြင်းက အထောက်အကူပြုပါလိမ့်မည်။ မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်၏ လုပ်ငန်းအဆင့်အသီးသီးတွင် အဆိုပါအဖွဲ့ အစည်းများ၏ ပါဝင်ပတ်သက်မှုများကို သုတေသနလုပ်ငန်းအစီအစဉ်ထဲတွင် တိတိကျကျ သတ်မှတ်ထားသင့်ပါသည်။ မည်သူတို့ပါဝင်သင့်သည်ဟူသော ဆုံးဖြတ်ချက်များကိုလည်း သက်ဆိုင်ရာ ရပ်ရွာလူထုအား ချပြညှိနှိုင်းသည့်အခါတွင် ပြုလုပ်သင့်ပြီး စီမံကိန်းရေးဆွဲမှု ကနဦးအဆင့် အစည်းအဝေးများတွင် ထည့်သွင်းဆွေးနွေးထားရမည်။

မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အတွင်း သက်ဆိုင်ရာဌာနအသီးသီးမှ ဝန်ထမ်းများ ပါဝင်နေခြင်းဖြင့် မှတ်တမ်းပြုစုမှုလုပ်ငန်းနှင့် ရလဒ်များအား အစိုးရနှင့်ချိတ်ဆက်တင်ပြမှုများအတွက် လိုအပ်သော ကူညီပံ့ပိုးမှုများ ရရှိနိုင်သည့်အပြင် ရိုးရာဓလေ့အရစီမံခန့်ခွဲသည့်စနစ်များကိုလည်း ဝန်ထမ်းများမှ ပိုမိုသဘောပေါက်နားလည် နိုင်စေပါသည်။ မှတ်တမ်းပြုစုခြင်း၏ ရည်ရွယ်ချက်မှာ မြေယာဆိုင်ရာ မူဝါဒများနှင့် ဥပဒေများအား လွှမ်းမိုးနိုင်ရန်ဆိုပါက မူဝါဒနှင့်ဥပဒေရေးဆွဲမှုများတွင် ထည့်သွင်းနိုင်ရန်အတွက် မည်သည့် သတင်းအချက်အလက်များအား မည်သည့်ပုံစံမျိုးဖြင့်ပေးပို့ရမည်ကို သိရှိနိုင်ရန် သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အမြင်ချင်း ဆွေးနွေးဖလှယ်ထားခြင်းက အသုံးဝင်ပါလိမ့်မည်။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းတစ်ခုအနေဖြင့် စီမံကိန်းရေးဆွဲသည့်အဆင့်မှာပင် မှတ်တမ်း ပြုစုခြင်းလုပ်ငန်းစဉ်အကြောင်းကို သက်ဆိုင်ရာ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းထားခြင်းနှင့် မှတ်တမ်းပြုစုမှုရလဒ်များအား ရပ်ရွာလူထုမှ ချပြမျှဝေသည့်အခါတွင်လည်း အစိုးရဝန်ထမ်းများအား ဖိတ်ကြားတက်ရောက်စေခြင်းဖြစ်သည်။ ကျေးရွာအတွင်း မှတ်တမ်းပြုစုမှုလုပ်ငန်း ဆောင်ရွက်သည့်အခါတွင် ဆက်စပ်ဌာနမှတာဝန်ရှိသူများနှင့် ဒေသန္တရအာဏာပိုင်များအား ပါဝင်စေခြင်းကိုလည်း အခြားနည်းလမ်းတစ်ခုအဖြစ် အသုံးချနိုင်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ရိုးရာမြေ လုပ်ပိုင်ခွင့်များအား အစိုးရပိုင်းမှ ပိုမိုသိမြင်လာပြီး နားလည်သဘောပေါက်မှုကို မြင့်မားစေသည်ဟု အချို့သော NGO များက ရှုမြင်ထားကြသကဲ့သို့ ဆက်စပ်ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အခြားသော အာဏာပိုင်အဖွဲ့ အစည်းများ တောက်လျှောက်ပါဝင်နေခြင်းကြောင့် ဒေသခံလူထုအနေဖြင့် သတင်းအချက်အလက်များ လွတ်လပ်စွာ မျှဝေနိုင်မှုနှင့် ဒေသအခြေအနေအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်မှုတို့ကို ပိတ်ပင်ရာရောက်သည်ဟုလည်း အချို့က သုံးသပ်ထားကြသည်။ ထို့ကြောင့် အစည်းအဝေးများတွင် အစိုးရဝန်ထမ်းများအား မည်သည့်အချိန်တွင် ပါဝင်စေသင့်သည်၊ မည်သည့် အတိုင်းအတာအထိ ပါဝင်စေသင့်သည်တို့ကို အဓိကထား စဉ်းစားသင့်ပေသည်။ အထူးသဖြင့် အုပ်ချုပ်မှုအဖွဲ့ အစည်း နှစ်ရပ်ရှိသည့်ဒေသများတွင် အစိုးရဘက်မှ ပါဝင်ပတ်သက်မှုအတွက် ဆုံးဖြတ်ချက်ချမှတ်ရေးမှာ ပို၍သိမ်မွေ့နက်နဲတတ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသခံလူထုနှင့် ကြိုတင်ညှိနှိုင်း ဆွေးနွေးမှုများကို မဖြစ်မနေ ဆောင်ရွက်ထားရပါမည်။

> မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်၏ အမျိုးမျိုးသော လုပ်ငန်းအဆင့်များတွင် မည်သို့သော ပုဂ္ဂိုလ်များ ပါဝင်သင့်သည်ကို ဖော်ထုတ်သတ်မှတ်ရေးနှင့် စီမံကိန်းရေးဆွဲရေးတို့အတွက် စာမျက်နှာ ၅၇ ရှိ နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားသော ဖြည့်စွက်ပုံစံကို အထောက်အကူအဖြစ် အသုံးပြုနိုင်ပါသည်။

## လုပ်ငန်းစဉ် (၅)
## ရပ်ရွာလူထုနှင့် ဆွေးနွေးညှိနှိုင်းပွဲများ ကျင်းပပြုလုပ်ခြင်း

မှတ်တမ်းပြုစုခြင်းလုပ်ငန်း ဆောင်ရွက်မည့်ဒေသအပေါ် မူတည်၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတွက် လုပ်ငန်းစဉ် (၄) တွင် ဆွေးနွေးခဲ့သည့်အတိုင်း မြို့နယ် နှင့်/သို့မဟုတ် ကျေးရွာအုပ်စုအဆင့်ရှိ သက်ဆိုင်ရာ အာဏာပိုင်များထံမှ တရားဝင်ခွင့်ပြုချက်ကို ရှေးဦးစွာ ရယူထားရပါမည်။



အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များဦးစီးသော ဒေသခံများနှင့် ဆွေးနွေးပွဲ

နောက်တစ်ဆင့်အနေဖြင့် လုပ်ငန်းစဉ်(၄)တွင် ဆွေးနွေးခဲ့သည့်အတိုင်းပင် ရပ်ရွာအတွင်းမှ အဓိကပုဂ္ဂိုလ်များ၊ အခြားသော အကျိုးသက်ဆိုင်သူများနှင့် ကျေးရွာအတွင်းချပြဆွေးနွေးမှုများကို ဆောင်ရွက်ရပါမည်။ ပဏာမဆွေးနွေးမှုများအတွက် သုတေသနလုပ်ငန်း ဆောင်ရွက်လိုသည့် ကျေးရွာအသီးသီးမှ ကိုယ်စားလှယ်များအပါအဝင် ဒေသအတွင်းမှ ရပ်မိရပ်ဖများအား တွေ့ဆုံတိုင်ပင်ရမည်။ အဆိုပါကျေးရွာ အပြင် အနီးအနားကျေးရွာမှ ရိုးရာဓလေ့အရ ခေါင်းဆောင်များသာမက အရပ်ဘက်လူမှုအဖွဲ့အစည်းများကိုပါ ထည့်သွင်းဖိတ်ကြားရပါမည်။ ဤအဆင့်တွင် အစိုးရပိုင်းမှလည်း ပါဝင်သင့်သည်ဟု ယူဆပါက မည်သည့်ဌာနအားဖိတ်ကြားမည်ကိုလည်း စဉ်းစားသုံးသပ်ရပါမည်။ မတူညီသောအုပ်စုများအား သီးသန့်တွေ့ဆုံမှုများ ပြုလုပ်နိုင်သကဲ့သို့ ၎င်းတို့အားလုံးကို တစ်ပြိုင်နက်တွေ့ဆုံမှုများလည်း ပြုလုပ်နိုင်ပါသည်။

ရပ်ရွာလူထုများအတွက် ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုရေးသည် မည်သည့်အတွက်ကြောင့် အရေးကြီးရသည်ကို ရှင်းလင်းပြောကြားပေးနိုင်ရန် နောက်ခံသတင်းအချက်အလက်များကို ပြောကြားပေးခြင်းဖြင့် လုပ်ငန်းစဉ်ကို စတင်နိုင်ပါပြီ။ ဤလမ်းညွှန်စာအုပ်၏ အခန်း(၂)တွင် ဖော်ပြထားခဲ့သည့် လက်ရှိဥပဒေမူဘောင်များအရ ရိုးရာမြေလုပ်ပိုင်ခွင့်အပေါ် ရှုမြင်ပုံနှင့် ဥပဒေကြောင်းအရ အကာအကွယ် ပေးထားမှုများအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ ရိုးရာမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်သည့် ခြုံငုံသုံးသပ်ချက်များကို ပဏာမမိတ်ဆက်တင်ပြပေးခြင်းက အသုံးဝင်ပါလိမ့်မည်။

ရိုးရာမြေလုပ်ပိုင်ခွင့်မှတ်တမ်းပြုစုခြင်းတွင် မည်သည့်ကဏ္ဍများပါဝင်နေသည်ကို အကောင်းဆုံး ရှင်းပြနိုင်သည့်နည်းလမ်းမှာ ဤလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ဖူးသည့်ကျေးရွာမှ ပုဂ္ဂိုလ်များအား ဖိတ်ကြား တက်ရောက်စေပြီး ဤလုပ်ငန်းစဉ်မှ မည်သည့်အကျိုးရလဒ်များအားရရှိခဲ့သည်ဆိုသော ၎င်းတို့၏ ကိုယ်ပိုင် အတွေ့အကြုံများကို ပြောပြစေခြင်းပင်ဖြစ်သည်။

ကနဦး ဆွေးနွေးညှိနှိုင်းမှု တွေ့ဆုံဆွေးနွေးမှု(များ)တွင် အောက်ပါတို့ကို ဦးတည်ရည်ရွယ်ထားသင့်ပါသည် -

• မှတ်တမ်းပြုစုခြင်းဆိုင်ရာ ရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ ဘုံသဘောတူညီချက်များ ရယူပါ (လုပ်ငန်းစဉ် (၂) ကို ကြည့်ပါ)။

• မှတ်တမ်းပြုစုခြင်းကြောင့် ပေါ်ပေါက်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများ (ဥပမာ - အငြင်းပွားမှုများ) အကြောင်း နှင့် ၎င်းတို့အား မည်သို့လျှော့ချပေးနိုင်မည် သို့မဟုတ် ထိခိုက်မှုလျော့ပါးစေနိုင်မည် စသည်တို့ကို ဆွေးနွေး ညှိနှိုင်းပါ။


• မှတ်တမ်းပြုစုခြင်းဆောင်ရွက်မှုအတွက် ဒေသခံလူထုထံမှ နောင်ဖွဲ့မှုကင်း၍ ကြိုတင်ချပြအသိပေးထားသည့် သဘောတူညီချက် (FPIC) မည်သို့ရယူမည်ကို သဘောတူညီချက်ရယူထားပါ။

• မြေယာလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုရေးအတွက် ကျေးရွာအတွင်းမှ နယ်မြေများ သတ်မှတ်ခြင်း၊ ကျေးရွာအတွင်း မှ ကူညီပံ့ပိုးမည့်သူများ ရွေးချယ်ခြင်းတို့အတွက် သဘောတူညီချက်များ ရယူထားပါ။

## ပေါ်ပေါက်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများနှင့် ၎င်းတို့အား မည်သို့လျှော့ချနိုင်မည် သို့မဟုတ် ထိခိုက်မှုလျော့ပါးစေနိုင်မည်တို့ကို ကြိုတင်ဆန်းစစ်ထားပါ


ရိုးရာမြေလုပ်ပိုင်ခွင့်အားမှတ်တမ်းပြုစုခြင်းကြောင့် သက်ဆိုင်ရာရပ်ရွာအတွင်း ကြုံတွေ့လာနိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေများ၊ ပေါ်ပေါက်လာနိုင်သည့်ပြဿနာများအား မည်သို့ဖြေရှင်းသင့်သည်ကို ရပ်ရွာ လူထုနှင့် ပဏာမတွေ့ဆုံညှိနှိုင်းမှုများ၊ စီမံကိန်းရေးဆွဲမှု အစည်းအဝေးများ ကျင်းပနေသည့်အခါတွင် မဖြစ်မနေ ထည့်သွင်းဆွေးနွေးရမည်။

ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းအတွက် ပြင်ဆင်ရာတွင် ပထမဦးဆုံးလုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်များအနက်တစ်ခုမှာ ဘေးအန္တရာယ်ဖြစ်နိုင်ခြေ အကဲဖြတ်ဆန်းစစ်ချက်ကို ရပ်ရွာကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ဘေးအန္တရာယ်ဖြစ်နိုင်ခြေ အကဲဖြတ်ဆန်းစစ်ချက်ဆိုသည်မှာ ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်း ဆောင်ရွက်သည့် အချိန်အတွင်း သို့မဟုတ် လုပ်ငန်းစဉ်မှ ရလဒ်များဖြင့် ထုတ်လုပ်ဖန်တီးထားသော မြေပုံများနှင့် စာရွက်စာတမ်းများရှိ အချက်အလက်များနှင့်ပတ်သက်၍ ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ်များကို ဖော်ထုတ်သတ်မှတ်နိုင်စေမည့် လုပ်ငန်းတစ်မျိုးပင်ဖြစ်သည်။ ဖော်ထုတ် သတ်မှတ်ပြီးသည့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ တစ်ခုချင်းစီအတွက်ကိုလည်း အဆိုပါအန္တရာယ် ဖြစ်နိုင်ခြေ များကြောင့် နောက်ဆက်တွဲခံစားရမည့် ဆိုးကျိုးများ၏ ပြင်းထန်မှုပမာဏနှင့် ပေါ်ပေါက်လာနိုင်သည့် အတိုင်းအတာတို့အား ကြိုတင်ဆန်းစစ်ခြင်းကိုလည်း မဖြစ်မနေ ဆောင်ရွက်ထားရပါမည်။




ပုံ ၈ - ဘေးအန္တရာယ် ဖြစ်နိုင်ခြေများအား အကဲ ဖြတ်ဆန်းစစ်ရာတွင် အဓိကကျသည့် သတ်မှတ် ချက်များ

ဘေးအန္တရာယ်ဖြစ်နိုင်ခြေ အကဲဖြတ်ဆန်းစစ်ချက် ကြိုတင်ဆောင်ရွက်ထားခြင်းကြောင့် အဆိုပါ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများအား လျှော့ချခြင်း သို့မဟုတ် ထိခိုက်မှုလျော့ပါးစေခြင်းတို့ကို ရပ်ရွာလူထုများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ပေမည်။ ကြုံတွေ့လာနိုင်သည့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် ၎င်းတို့အား မည်သို့လျှော့ချနိုင်မည် သို့မဟုတ် ထိခိုက်မှုလျော့ပါးစေနိုင်မည်တို့ကို အောက်တွင် နမူနာများ ဖော်ပြပေးထားပါသည်။




## အငြင်းပွားမှုများ ပေါ်ပေါက်လာနိုင်မှု

ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းကြောင့် ကြုံတွေ့လာရနိုင်သည့် ဘေးအန္တရာယ်များတွင် အကြီးမားဆုံးတစ်ခုမှာ အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်ခြင်း သို့မဟုတ် ပိုမိုပြင်းထန်လာနိုင်ခြင်းပင် ဖြစ်သည်။ ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းကြောင့် အငြင်းပွားမှုပုံစံအမျိုးမျိုးကို အစပျိုးစေသည်၊ ပေါ်ပေါက်စေသည် သို့မဟုတ် တိုးပွားလာစေသည်။ ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုရာတွင် တာဝန်ယူမှုတာဝန်ခံမှုပြည့်ဝလိုသည်ဆိုပါက ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုများအား ကြိုတင်ဖော်ထုတ် ထားရေးနှင့် ၎င်းတို့အား လျှော့ချပေးနိုင်မည့် သို့မဟုတ် ထိခိုက်မှု လျော့ပါးသက်သာစေနိုင်မည့် အစီအမံ သို့မဟုတ် နည်းဗျူဟာတို့ကို ကြိုတင်ရေးဆွဲသတ်မှတ်ထားရေးကို မဖြစ်မနေဆောင်ရွက်ရပါမည်။

မြေယာနှင့်ပတ်သက်သည့် အငြင်းပွားမှုများသည် ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းကို ဆောင်ရွက်ဖြစ်စေသော တွန်းအားတစ်ရပ်ပင်ဖြစ်ပြီး မှတ်တမ်းပြုစုမှုလုပ်ငန်းစဉ်ကိုယ်တိုင်ကိုက အငြင်းပွားမှုများအား ဖြေရှင်းပေးနိုင်မည့် နည်းလမ်းတစ်ရပ် ဖြစ်လာနိုင်ပေသည်။ သို့သော် မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ အပြိုင်အဆိုင် ကြိုးပမ်းမှုများကို ပေါ်ပေါက်လာစေနိုင်သည်မို့ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်သည် ရှိရင်းစွဲ အငြင်းပွားမှုများအား ပိုမိုတင်းမာလာစေနိုင်သည့်အပြင် နောက်ထပ် အသစ်များကိုလည်း ပေါ်ပေါက်လာစေနိုင်ပါသည်။ အငြင်းပွားမှုများ ထပ်မံပေါ်ပေါက်လာနိုင်ခြေမှာ မှတ်တမ်းပြုစုမှုလုပ်ငန်းစဉ်အတွင်း ဖြစ်နိုင်သကဲ့သို့ စုဆောင်းထွက်ပေါ်လာသည့် သတင်းအချက်အလက်များနှင့် မြေပုံများအား ဒေသခံလူထု၊ CSO များနှင့် အခြားသော အကျိုးသက်ဆိုင်သူများအကြား မည်သို့မျှဝေသည်၊ မည်သို့သုံးစွဲသည် စသည့်အချက်များနှင့်

ပတ်သက်၍ သဘောထားကွဲလွဲမှုများကြောင့် လုပ်ငန်းစဉ်ပြီးဆုံးသွားသည့်အခါတွင်လည်း အငြင်းပွားမှုအသစ်များ ထပ်မံပေါ်ထွက်လာနိုင်ပါသေးသည်။

သဘောတူသတ်မှတ်ထားသည့် မှတ်တမ်းပြုစုခြင်းဆိုင်ရာ ရည်ရွယ်ချက်များအပေါ် မူတည်၍ အထူးသဖြင့် မြေယာသိမ်းဆည်းခံရမှုများအား ကန့်ကွက်တားမြစ်ရန်၊ အနာဂါတ်တွင် မြေယာမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရန် သို့မဟုတ် မြေယာစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေရန်စသည့် ရည်ရွယ်ချက်များ ပါဝင်မှသာလျှင် မြေယာအငြင်းပွားမှုများအား ဖြေရှင်းခြင်းက ပိုမိုသင့်လျော်ပါလိမ့်မည်။ အချို့ကိစ္စရပ်များတွင်မူ မြေယာအငြင်းပွားမှုများအား ဖြေရှင်းနိုင်ရန်ကြိုးစားခြင်းထက် တစ်ဘက်ဘက်အား ဘက်လိုက်ခြင်းမပြုဘဲ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်သည် ပေါ်ပေါက်နေသည့် အငြင်းပွားမှုများအား မှတ်တမ်းတင်နိုင်ရေးကိုသာ ဦးစားပေးဆောင်ရွက်သင့်ပါသည်။ မြေယာနှင့်ပတ်သက်သည့် အငြင်းပွားမှုများကို ဖြေလျှော့ပေးရမည့် အန္တရာယ်ဖြစ်နိုင်ခြေများသာမဟုတ်ဘဲ ရှိရင်းစွဲ ရိုးရာဓလေ့အရ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ ယန္တရားများ၏ လက်တွေ့ဖြေရှင်းဆောင်ရွက်ပုံများနှင့် ထင်ရှားကောင်းမွန်သည့် ဖြေရှင်းမှုများရှိ ဆုံးဖြတ်ပိုင်ခွင့်အာဏာ ခွဲဝေသုံးစွဲမှုစနစ်တို့ကို မှတ်တမ်းပြုစုခြင်းအတွက် သတင်းအချက်အလက်များရရှိနိုင်သည့် အဓိကနယ်ပယ်များပင်ဖြစ်သည်။ ထို့အပြင် ရိုးရာဓလေ့စနစ်နှင့် အစိုးရအုပ်ချုပ်မှုစနစ်များ အားနည်းသည့် အခါမျိုးတွင်မူ ဖြေရှင်းရန်မလွယ်ကူတတ်ကြောင်းကို သက်သေပြနိုင်သည့် အငြင်းပွားမှုများလည်း တွေ့ရှိ မှတ်သားနိုင်ပေမည်။

## <u>အငြင်းပွားမှုများအား ထိခိုက်မှုလျော့ပါးစေနိုင်မည့် နည်းဗျူဟာတစ်ရပ် ရေးဆွဲခြင်း</u>

အငြင်းပွားမှုများအား ကိုင်တွယ်ဖြေရှင်းရာတွင် အရေးအကြီးဆုံးသောအချက်မှာ ရိုးရာမြေလုပ်ပိုင်ခွင့်များအား မှတ်တမ်းပြုစုခြင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် ရှင်းလင်းတိကျပြီး အားလုံးနှင့် ဝေမျှထားသည့် ရည်မှန်းချက်များ ထားရှိရေးနှင့် ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်နားလည်နိုင်ရေးတို့ပင် ဖြစ်သည်။ အငြင်းပွားမှုများပေါ်ပေါက်လာသည့် အခါတွင်လည်း ပါဝင်ပတ်သက်နေသူများ အားလုံးကို အဆိုပါရည်မှန်းချက်များအား ပြန်ပြောင်းပြောပြပေးခြင်းဖြင့် နားလည်မှု လွဲမှားခြင်းနှင့် အငြင်းပွားမှုများကို လျှော့ချပေးနိုင်ပါလိမ့်မည်။

- ရည်ရွယ်ချက်များ ရှင်းလင်းပြတ်သားနေပါစေ။ ဖော်ထုတ်ရရှိလာသည့် သတင်းအချက်အလက်များနှင့် မြေပုံများအား မည်သို့အသုံးပြုမည်နည်း၊ မည်သူမှအသုံးပြုမည်နည်း။
- မည်သို့သော အငြင်းပွားမှုများ တည်ရှိနေသည် သို့မဟုတ် ပေါ်ပေါက်လာနိုင်သည်နှင့် ၎င်းတို့အားမည်သို့ ကိုင်တွယ်ဖြေရှင်းရမည်တို့ကို ရပ်ရွာအတွင်းမှ ရှေ့မီနောက်မီပုဂ္ဂိုလ်များနှင့် ကြိုတင်တိုင်ပင်ပါ။
- မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ် အကြောင်းကို အနီးအနားကျေးရွာများသို့လည်း အသိပေး အကြောင်းကြားထားပါ။ ပထမဦးဆုံး စီစဉ်ကျင်းပသည့် သတင်းအချက်အလက်မျှဝေမှု အစည်းအဝေးနှင့် ရပ်ရွာလူထုပူးပေါင်းပါဝင်သည့် မြေပုံရေးဆွဲမှုကဏ္ဍများသို့ အနီးအနား ကျေးရွာများမှ ကိုယ်စားလှယ်များကို ဖိတ်ကြားပေးပါ။
- နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုများကို မြေပုံပေါ်တွင်မည်သို့မှတ်သားထားမည်ဆိုသည့် အချက်နှင့်ပတ်သက်၍ ရှင်းလင်းတိကျသော အစီအစဉ်များ ရှိထားရမည်။
- အငြင်းပွားမှုများအား ဖြေရှင်းပေးနိုင်ရန် ကြိုးပမ်းမည်လော။ မှတ်တမ်းပြုစုခြင်း၏ ရည်ရွယ်ချက်ကိုယ်တိုင်ကပင် မြေသိမ်းခံရမှုအား ကန့်ကွက်ရေးအတွက်ဖြစ်သည်၊ မြေယာများကို နောင်တစ်ချိန်တွင် မှတ်ပုံတင်ထားလိုသည် သို့မဟုတ် ကျေးရွာအတွင်း မြေယာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်လိုသည်ဆိုပါက ဤအချက်မှာ မရှိမဖြစ် အလွန်အရေးကြီးပေသည်။ မြေယာအငြင်းပွားမှုများအား ဖြေရှင်းပေးရေးကို ရည်ရွယ်ချက်အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်ထားပါက ဖြစ်နိုင်လျှင် တည်ရှိနေဆဲ ရိုးရာဓလေ့အရ အငြင်းပွားမှုများအား ဖြေရှင်းသည့်ယန္တရားများနှင့် ကျေးရွာအတွင်းရှိ အသိအမှတ်ပြုထားသည့် အဖွဲ့အစည်းများနှင့်ပူးပေါင်း ဆောင်

ရှက်ရပါမည်။ အငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်းစဉ်ကိုလည်း ကျေးရွာအတွင်းမှ ခံသမာဓိထားရှိသည့်စနစ်များ၏ အထောက်အထားအဖြစ် မှတ်တမ်းပြုစုထားရပါမည်။

အန္တရာယ်ဖြစ်နိုင်ခြေ အကဲဖြတ်ဆန်းစစ်ချက်နှင့် အငြင်းပွားမှုများ၏ ထိခိုက်မှုလျော့ပါးရေး နည်းဗျူဟာများ ရေးဆွဲဆောင်ရွက်သည့်အခါတွင် မိမိ၏ရည်ရွယ်ချက်များက မည်မျှလွှမ်းမိုးနိုင်မည်၊ မည်သို့သော အန္တရာယ်များ ပေါ်ပေါက်လာနိုင်သည်၊ မည်သို့သော ထိခိုက်နိုင်ခြေလျော့ပါးရေး လုပ်ငန်းစဉ်များသည် မိမိ ရည်မှန်းချက်ပန်းတိုင်များနှင့် အကိုက်ညီဆုံးဖြစ်မည်တို့ကို ထည့်သွင်းစဉ်းစားထားရပါမည်။

## ဥပဒေနှင့် မူဝါဒများအတွက် အထောက်အထား အခြေပြု စည်းရုံးတောင်းဆိုမှုများ

အကယ်၍ ဥပဒေနှင့် မူဝါဒများတွင် ရိုးရာမြေလုပ်ပိုင်ခွင့်အင်္ဂါရပ်များကို ထည့်သွင်းနိုင်ရန် ရည်ရွယ်ထားသည်ဆိုပါက အငြင်းပွားမှု ပေါ်ပေါက်လာနိုင်ခြေများကို အောက်ပါအတိုင်း စီမံထိန်းချုပ်ထားနိုင်ပါသည်။

- မြေယာအငြင်းပွားမှုများကို ဖြေရှင်းပေးခြင်း သို့မဟုတ် တစ်ဘက်ဘက်တွင် ရပ်တည်ပေးခြင်း တို့ထက် ပေါ်ပေါက်နေသည့် အနေအထားအတိုင်း မှတ်တမ်းရေးသားထားခြင်း
- မည်သည့်ဇရိယာအား မည်သူမှပိုင်ဆိုင်လုပ်ကိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်သတ်မှတ်ပေးခြင်းထက် မြေပုံများအသုံးပြု၍ ဆွေးနွေးညှိနှိုင်းမှုများစတင်နိုင်ရန် ပံ့ပိုးကူညီခြင်း
- မြေပုံများရေးဆွဲပြုစုသည့်အခါတွင် မြေယာလုပ်ပိုင်ခွင့်တောင်းဆိုသူ တစ်ဦးထက်ပိုနေသော နေရာများ၊ နယ်နိမိတ်သတ်မှတ်မှု မသေချာသောနေရာများအတွက် ဒေသခံများအား "မှန်ကန်တိကျသော" နယ်နိမိတ်သတ်မှတ်မျဉ်းများ ရေးဆွဲပေးရန် ဖိအားပေးခြင်းထက် ပကတိအနေအထားအတိုင်းကိုသာ မှတ်တမ်းရေးသားပြုစုခြင်း
- မြေပုံရေးဆွဲသည့်အခါတွင် တွေ့ရှိခဲ့ရသည့် အငြင်းပွားမှုများနှင့်ပတ်သက်၍ ၎င်းတို့အား မည်သို့ ဖြေရှင်းပေးခဲ့သည် (သို့မဟုတ် မဖြေရှင်းပေးနိုင်သည်တို့ကို) မှတ်တမ်းပြုစုခြင်း

မြေယာအငြင်းပွားမှုတစ်ခု၏ ရှုထောင့်အမျိုးမျိုးအား မှတ်တမ်းပြုစုရေးကို ဦးတည်လုပ်ဆောင်သည့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေကြောင့် ထိခိုက်မှုလျော့ပါးသက်သာစေရေးနည်းဗျူဟာ ရှိထားသည့်တိုင် အဆိုပါ အငြင်းပွားမှုနှင့်ပတ်သက်၍ ဒေသခံများအား ဖွင့်ဟဆွေးနွေးစေခြင်းဖြင့် ရင်ဆိုင်နေရသည့် ပြဿနာများအား ဆွေးနွေးပွဲတွင် အစဖော် ထည့်သွင်းပေးခြင်းကိုလည်း ဆောင်ရွက်နိုင်ပါသည်။ နယ်နိမိတ်သတ်မှတ်ချက်နှင့် ပတ်သက်၍ အိမ်ထောင်စုနှစ်ခုအကြား သို့မဟုတ် ကျေးရွာနှစ်ခုအကြား အငြင်းပွားနေသည့်အခါမျိုးတွင် ပြဿနာပိုမိုကြီးထွားလာမည်ကို စိုးရိမ်သောကြောင့် တစ်ဘက်နှင့်တစ်ဘက် မကြေလည်မှုများအား ထုတ်မပြောမိစေရန် ရှောင်လွှဲတတ်ကြသည်။ ထိုအချိန်မျိုးတွင် မှတ်တမ်းပြုစုခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်း များကြောင့်လည်း အငြင်းပွားမှုများ ပိုမိုဆိုးရွားလာတတ်သဖြင့် အငြင်းပွားမှုကြောင့် ထိခိုက်မှု လျော့ပါးသက်သာစေရေး နည်းဗျူဟာများ ရှိထားဖို့လိုပေသည်။

## မြေယာသိမ်းဆည်းခံရမှုများအား ဖြေရှင်းခြင်း သို့မဟုတ် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် မြေယာသိမ်းဆည်းမှုအား ကြိုတင်ကာကွယ်ခြင်း

လက်ရှိရင်ဆိုင်နေရသည့် မြေယာပဋိပက္ခများအား ဖြေရှင်းနိုင်ရန် သို့မဟုတ် အနာဂါတ်တွင် ကြုံတွေ့လာရနိုင်သည့် မြေယာသိမ်းဆည်းမှုများမှ ကာကွယ်နိုင်ရေးတို့အတွက် အဖွဲ့အစည်းအများစုသည် ရိုးရာမြေလုပ်ပိုင်ခွင့်များကို မှတ်တမ်းပြုစုထားလိုကြသည်။ ဤဖြစ်ရပ်မျိုးတွင် မြေယာလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုလိုသော ဆန္ဒများသည် အငြင်းပွားမှု

သို့မဟုတ် အငြင်းပွားမှုဖြစ်ပေါ်လာနိုင်ခြေတို့အပေါ်တွင် အခြေခံပေါ်ပေါက်လာခြင်းဖြစ်သည်။ ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းကြောင့် မြေယာပဋိပက္ခများအား ဖြေရှင်းနိုင်ခြင်း သို့မဟုတ် ပြေလည်စေခြင်း ရှိမရှိ ဆိုသည်မှာ ရင်ဆိုင်နေရသည့် မြေယာပဋိပက္ခများ၏ သဘောသဘာဝအပေါ် မူတည်နေသည့်အပြင် အလေးအနက်ထား စဉ်းစားချင့်ချိန်ဖို့လည်း အထူး လိုအပ်ပါသည်။

ဘေးအန္တရာယ်ဖြစ်နိုင်ခြေကြောင့် ထိခိုက်ခံရမှုလျော့ပါးသက်သာစေရေး နည်းဗျူဟာများတွင် ထည့်သွင်းစဉ်းစား ရမည့် အချက်များမှာ -

- မှတ်တမ်းပြုစုခြင်းလုပ်ငန်းကို ပံ့ပိုးကူညီပေးမည့် အဖွဲ့အစည်းများသည် စေ့စပ်ညှိနှိုင်းရေး၊ ကြားဝင်ဖြန်ဖြေပေးရေးနှင့် စည်းရုံးတောင်းဆိုမှုဆိုင်ရာ စွမ်းရည်များ၊ နည်းဗျူဟာများ ရှိထားရပါမည်။ အချို့သော အခြေအနေများတွင် ပဋိပက္ခညှိနှိုင်းဖြန်ဖြေမှုအတွက် ပြင်ပမှ ကြားခံပုဂ္ဂိုလ်များအား ဝင်ရောက်ကူညီစေခြင်း ကိုလည်း ဆောင်ရွက်ရလေ့ရှိသည်။
- အနာဂါတ်တွင်ကြုံတွေ့လာနိုင်သည့် မြေယာသိမ်းဆည်းမှု သို့မဟုတ် မြေဈေးကစားမှုများကို ကာကွယ်နိုင်ရန်အတွက် မြေပုံရေးဆွဲခြင်းဆောင်ရွက်သည့်အခြေအနေများတွင်မူ နယ်မြေရွေးချယ် သတ်မှတ်ရာတွင် စုစည်းညီညွတ်မှုအားကောင်းပြီး ဦးဆောင်မှုကောင်းမွန်သည့် ရပ်ရွာဒေသများကို ဦးစားပေး ရွေးချယ်သင့်ပါသည်။

## ဒေသခံလူထု၏ မြေယာနှင့် သယံဇာတစီမံခန့်ခွဲမှု နိုင်မာအားကောင်းလာရေး

သဘာဝသယံဇာတ စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေရေး သို့မဟုတ် ဒေသအတွင်းရှိ မြေယာအားလုံးအတွက် သို့မဟုတ် တစ်စိတ်တစ်ဒေသအတွက် မြေယာအသုံးချမှုအစီအမံများ ရေးဆွဲပြုစုရန် ရည်ရွယ်ထားသည်ဆိုပါက မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်ကို လက်ရှိတွင် မည်သို့သောအငြင်းပွားမှုများ ကြုံတွေ့နေရသည်၊ ၎င်းတို့အား မည်သို့ ဖြေရှင်းနိုင်မည်၊ ဖြေရှင်းရာတွင်လည်း မည်သူတို့ပါဝင်သင့်သည်တို့ကို နားလည်သဘောပေါက်နိုင်ရန် ဆောင်ရွက်သည့်နည်းလမ်းတစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။ ရပ်ရွာဒေသအတွင်း၌သော်လည်းကောင်း ကျေးရွာအချင်းချင်းကြား၌သော်လည်းကောင်း ပေါ်ပေါက်နေသည့် အငြင်းပွားမှုများအား ညှိနှိုင်းဖြန်ဖြေရာတွင် ရိုးရာဓလေ့အရကျင့်သုံးသည့် စနစ်များသည်သာ သင့်လျော်ပေသည်။ မြေယာအသုံးချမှု စီမံကိန်းရေးဆွဲခြင်းမှာလည်း မြေယာသိမ်းဆည်းမှုများနှင့် ဆက်စပ်ဖြေရှင်းဖို့လိုပါသည်။ စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ် ဆောင်ရွက်သည့်အခါတွင်မူ ရိုးရာဓလေ့အရ သို့မဟုတ် ရပ်ရွာလူထုမှ နားလည်လက်ခံထားသည့် မြေယာအသုံးချမှု၊ ဇုန်သတ်မှတ်ခြင်းတို့နှင့် အစိုးရပိုင်းမှ ကျင့်သုံးဖော်ဆောင်လျှက်ရှိသည့် မြေယာအသုံးချမှု၊ ဇုန်သတ်မှတ်ခြင်းတို့အကြား စေ့စပ်ညှိနှိုင်းဖို့ လိုအပ်လာနိုင်ပါသည်။

## အရေးကြီးသတင်းအချက်အလက်များအား အများပြည်သူသို့ ချပြပေးခြင်းကြောင့် ပြင်ပပုဂ္ဂိုလ်များမှ အကျိုးစီးပွားများ ဝင်ရောက်ရယူလာနိုင်ခြင်း

ယဉ်ကျေးမှုဆိုင်ရာ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ သို့မဟုတ် ဂေဟာစနစ်/ဇီဝမျိုးကွဲစနစ်ဆိုင်ရာ တန်ဖိုးများဖြင့် ပြည့်နက်နေသည့် ဧရိယာများအား မြေပုံရေးဆွဲထားခြင်းဖြင့် ရိုးရာဓလေ့အရ စီမံခန့်ခွဲနေသည့်မြေများအား ပြင်ပပုဂ္ဂိုလ်များဝင်ရောက်သိမ်းယူခြင်းမှ ကာကွယ်ရာတွင် အသုံးဝင်နိုင်သည်ဆိုသော်ငြား မြေပုံရေးဆွဲထားခြင်းကြောင့်ပင် အဆိုပါဒေသများ အကြောင်းကို ပြင်ပပုဂ္ဂိုလ်များမှ အလွယ်တကူသတိထားမိခြင်း မျိုးလည်းဖြစ်သွားနိုင်ပါသည်။ ဥပမာ တန်ဖိုးမြင့်မားသည့် သယံဇာတများအကြောင်းကို ပြင်ပအဖွဲ့အစည်းများ သိရှိသွားသည့်အခါတွင် ရင်းနှီးမြှုပ်နှံရန် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ရန် စိတ်ဝင်စားလာနိုင်ခြင်းမျိုး ဖြစ်သည်။

## ရိုးရာဓလေ့အရ စည်းမျဉ်းများနှင့် အလေ့အကျင့်များအား တရားဝင်သတ်မှတ်ခြင်းနှင့် “ပုံသေထားရှိခြင်း” တို့ကြောင့် ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်များ

ရိုးရာမြေလုပ်ပိုင်ခွင့်အား မြေပုံရေးဆွဲပြုစုခြင်း၊ မြေယာအသုံးပြုမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ရပ်ရွာအတွင်း စည်းကမ်းသတ်မှတ်ချက်များအား စာဖြင့်ရေးသားမှတ်တမ်းတင်ခြင်းတို့ကြောင့် “ပုံသေထားရှိသည့်” သဘောမျိုးသက်ရောက်သွားနိုင်ရာ ရိုးရာဓလေ့အရ ကျင့်သုံးလျှက်ရှိသည့် စနစ်များအား နောင်တစ်ချိန်တွင် ပြောင်းလဲရန် သို့မဟုတ် တိုးတက်ပြင်ဆင်ရန် ခက်ခဲမှုများကို ပေါ်ပေါက်လာစေနိုင်ပါသည်။ ပြောင်းလဲ နေတတ်သည့် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ရိုးရာဓလေ့အရ သတ်မှတ်ထားသည့် စည်းကမ်းများနှင့် အလေ့အထများသည် ပြောင်းလွယ်ပြင်လွယ်အနေအထားမျိုးတွင်သာ ရှိသင့်ပြီး ပြောင်းလဲလာမည့် အခြေအနေများနှင့် အလိုက်သင့်ပြုပြင်နိုင်နေဖို့လိုပါသည်။

ရိုးရာမြေလုပ်ပိုင်ခွင့်များအား တရားဝင်သတ်မှတ်ပေးခြင်းကြောင့် အကျိုးဆက်အနေဖြင့် ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်များသည် အစိုးရထံတွင် မြေယာမှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်လက်မှတ် လျှောက်ထားသည့်အချိန်တွင် ပိုမိုကြီးမားလာနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ရိုးရာမြေလုပ်ပိုင်ခွင့် စနစ်များအား မြေယာစီမံအုပ်ချုပ်မှုစနစ်အတွင်း စံသတ်မှတ်ချက်အဖြစ် ထည့်သွင်းရမည်ဖြစ်သောကြောင့် ဖြစ်သည်။ မြေလုပ်ပိုင်ခွင့်များအား တရားဝင်သတ်မှတ်ပြီးသည့်အခါ အဆိုပါသတ်မှတ်ချက်များ ရိုးစင်းလွယ်ကူသွားပြီး အစိုးရ၏အုပ်ချုပ်ရေးယန္တယားများတွင် ထည့်သွင်း၍ အလွယ်တကူ စီမံခန့်ခွဲနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရိုးရာမြေလုပ်ပိုင်ခွင့်အား တရားဝင် အသိအမှတ်ပြုခံရရေးအတွက် စည်းရုံးတောင်းဆိုရေးကို ကြိုးပမ်းလျှက်ရှိသော အဖွဲ့များအနေဖြင့်လည်း နိုင်ငံအတွင်းတွင် ပုံစံအမျိုးမျိုးဖြင့် တည်ရှိနေသည့် ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များအား အသိအမှတ်ပြုနိုင်ရန် အလိုက်သင့်ကျင့်သုံးနိုင်သည့် စနစ်တစ်ခု ရှိထားရေးသည် အလွန်အရေးပါနေကြောင်းကို သိမြင်လက်ခံထားကြသည်။



## ယခင်က ဖယ်ကြဉ်ခံထားရခဲ့ပြီး ယခုအခါ ဇာတိမြေသို့ ပြန်လာလိုသူများအား လျစ်လျူရှုထားမိနိုင်သည့် အန္တရာယ်

အဓမ္မဖိအားပေး၍ ပြောင်းရွှေ့ခံထားရသူများနှင့် ပြန်လည်နေရာချထားပေးခြင်းခံရသူများမှာ နိုင်ငံအနှံ့တွင် ရှိနေကြပါသည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် မိမိနေရပ်ကို စွန့်ခွာထွက်ပြေးခဲ့ရသူများ၊ ဒုက္ခသည်များမှာ မြန်မာနိုင်ငံအတွင်းတွင် ၂၀၀,၀၀၀ ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။

ဖိအားပေးပြောင်းရွှေ့ခံခဲ့ရသည့် ရပ်ရွာလူထုများနှင့် လုပ်ငန်းပူးတွဲဆောင်ရွက်မည်ဆိုပါက ထိုဒေသ၏ နောက်ခံ

သမိုင်းကြောင်းနှင့် ယခင်က မည်သည့်အရပ်ဒေသတွင် နေထိုင်ခဲ့ဖူးကြသည်ကို အချိန်ယူဆွေးနွေးပါ။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ ကျေးရွာများမှာ ပြန်လည်နေရာချထားပေးခြင်းခံခဲ့ရသည့် ကျေးရွာများဖြစ်ပြီး ၎င်းတို့မူလနေထိုင်ခဲ့သည့် အရပ်ဒေသမှ လယ်ယာမြေများနှင့် သစ်တောများသို့ ပြန်လည်ပြောင်းရွှေ့နေကြသော ဖြစ်စဉ်များကိုလည်း လေ့လာတွေ့ရှိရပါသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းနှင့် ထိုင်းနိုင်ငံနယ်စပ်ကို ဖြတ်ကျော်ပြောင်းရွှေ့နေထိုင်နေကြသော လူထောင်ပေါင်းများစွာသည် ၎င်းတို့၏နယ်မြေအေးချမ်းသည့်အခါတွင် ဇာတိမြေသို့ ပြန်လည်အခြေချလိုကြပေမည်။

## ယဉ်ကျေးမှုအရ အထွတ်အမြတ်ထားသည့် နယ်မြေများရှိ ရိုးရာဓလေ့အရ မြေယာလုပ်ပိုင်ခွင့်များအား လျစ်လျူရှုထားမိနိုင်ခြင်း

ရိုးရာမြေလုပ်ပိုင်ခွင့်အား မြေပုံရေးဆွဲပြုစုရာတွင် ဒေသခံလူထုမှ ပုံမှန်စီမံခန့်ခွဲလျက်ရှိသည့် နယ်မြေများကိုသာ အဓိကထား ဦးတည်ဆောင်ရွက်လေ့ရှိကြပြီး တိုက်ရိုက်စီမံခန့်ခွဲနေခြင်း မရှိသော်ငြား ယဉ်ကျေးမှုဓလေ့အရ သီးခြားသတ်မှတ်ထားသည့် နယ်မြေများကိုမူ လျစ်လျူရှုထားမိတတ်ကြသည်။ ဥပမာအားဖြင့် တောင်တစ်လုံးရှိမြေများအပေါ်တွင် အနီးအနားကျေးရွာများမှ လက်ရှိတွင် ပုံမှန်အသုံးပြုနေသော်ငြား ထိုနယ်မြေကို အခြားသူများကပါ ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် တန်ဖိုးထား လက်ခံထားကြခြင်းမျိုးဖြစ်သည်။ အခြားသာဓကတစ်ခုအဖြစ် မြစ်ဆုံဒေသသည် ကချင်တစ်မျိုးသားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ရာ စီမံကိန်းလုပ်ငန်းကြီးများအတွက် ဒေသခံလူထု၏ သဘောတူညီချက် တောင်းခံရာတွင် စီမံကိန်းဒေသ၏ အနီးအနားကျေးရွာများမှ သဘောတူထောက်ခံရုံဖြင့် လုံလောက်မည် မဟုတ်ဘဲ ကချင်တစ်မျိုးသားလုံးထံမှ ကျယ်ကျယ်ပြန့်ပြန့် သဘောတူထောက်ခံမှုမျိုးရရှိမှသာ အဆင်ပြေနိုင်မည်ဟု ကချင်အရေး လှုပ်ရှားနေသူများက တောင်းဆိုထားကြသည်။

ဇယား ၅ - ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေများနှင့် ၎င်းတို့အား လျှော့ချပေးနိုင်မည့် သို့မဟုတ် ထိခိုက်မှုလျော့ပါးစေနိုင်မည့် ဥပမာများ

| ပေါ်ပေါက်နိုင်သည့် အန္တရာယ် ဖြစ်နိုင်ခြေများ | အန္တရာယ်ဖြစ်နိုင်ခြေများအား လျှော့ချခြင်း သို့မဟုတ် ထိခိုက်မှုလျော့ပါးစေနိုင်သည့် ဥပမာများ |
|---|---|
| ကျေးရွာများအကြား နယ်နိမိတ် အငြင်းပွားမှု | ကျေးရွာအတွင်း အကြိုညှိနှိုင်းဆွေးနွေးပွဲများနှင့် ကျေးရွာမြေပုံရေးဆွဲခြင်းလုပ်ငန်းစဉ်များတွင် အနီးအနားကျေးရွာများမှ ပါဝင်ဆောင်ရွက်နိုင်ရန် ဖိတ်ကြားပေးပါ။<br>ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုရခြင်း၏ ရည်ရွယ်ချက်များအတွက် ရှင်းလင်းတိကျပြီး အားလုံးနှင့်ဂေမှုထားသည့် မျှော်မှန်းချက်များ ရှိထားရမည့်အပြင် ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်နားလည်ထားရမည်။<br>မည်သည့်နယ်မြေအား မည်သူမှပိုင်ဆိုင်ခွင့်ရှိသည်ဟု အလွတ်သဘော သတ်မှတ်ခြင်းထက် မြေပုံများအသုံးပြု၍ ဆွေးနွေးတိုင်ပင်ပါ။<br>မြေပုံများရေးဆွဲသည့်အခါ ပိုင်ဆိုင်မှုများ ရောထွေးနေခြင်းနှင့် နယ်နိမိတ် မပြတ်သားခြင်းတို့ ကြုံတွေ့ရသည့်အခါ ကျေးရွာသားများအား "မှန်ကန်သော" သတ်မှတ်မျဉ်းများ ရေးဆွဲ ပေးရန်ဖိအားပေးခြင်းမပြုဘဲ အဆိုပါပြဿနာများကို ပီပီပြင်ပြင်သာ မှတ်တမ်းတင်ထားပါ။<br>အငြင်းပွားမှုများအား မည်သို့ကိုင်တွယ်ဖြေရှင်းသည့်သည်ကို ကျေးရွာအတွင်းမှ သက်ဆိုင်ရာကိုယ်စားလှယ်များနှင့် ကြိုတင်ဆွေးနွေးထားပါ။ |

| | |
|---|---|
| ကျေးရွာအတွင်း လူမျိုးစုများအကြား အငြင်းပွားမှုများ | မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်တွင် လူမျိုးစုအသီးသီးမှ ကိုယ်စားလှယ်များ အလုံအလောက် ပါဝင်နေပါစေ။<br>မှတ်တမ်းပြုစုခြင်းလုပ်ငန်းအတွက် လူမျိုးစုအသီးသီးထံမှ သဘောတူ ခွင့်ပြုချက်များ ရယူထားပါ။<br>ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုရခြင်း၏ ရည်ရွယ်ချက်များအတွက် ရှင်းလင်း တိကျပြီး အားလုံးနှင့်ဝေမျှထားသည့် မျှော်မှန်းချက်များ ရှိထားရမည့်အပြင် ကျယ် ကျယ်ပြန့်ပြန့် သဘောပေါက်နားလည်ထားရမည်။<br>လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် လူမျိုးစုအသီးသီးနှင့် ယုံကြည်မှု တည်ဆောက် ထားနိုင်ရေးကို အထူးကြိုးပမ်းဖော်ဆောင်ထားပါ။<br>အငြင်းပွားမှုများအား မည်သို့ကိုင်တွယ်ဖြေရှင်းသည့်သည်ကို ကျေးရွာအတွင်းမှ လူ မျိုးစုအသီးသီးကို ကိုယ်စားပြုနိုင်သည့် ဩဇာလွှမ်းမိုးနိုင်သူများနှင့် ကြိုတင်ဆွေးနွေးထားပါ။ |
| ဒေသခံများနှင့် ကုမ္ပဏီတို့အကြား အငြင်းပွားမှု | ကျေးရွာလူထုမှ ပူးပေါင်းစုစည်းမှုနှင့် ခေါင်းဆောင်မှု အားကောင်းသော နေရာဒေသ များကို ရွေးချယ်ပါ။<br>ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုရခြင်း၏ ရည်ရွယ်ချက်များအတွက် ရှင်း လင်းတိကျပြီး အားလုံးနှင့်ဝေမျှထားသည့် မျှော်မှန်းချက်များ ရှိထားရမည့်အပြင် ကျယ် ကျယ်ပြန့်ပြန့် သဘောပေါက်နားလည်ထားရမည်။ ကျေးရွာလူထု၏ ရည်မှန်းချက်ကိုယ် တိုင်ကပင် မြေပြန်ရရှိလိုခြင်းလော သို့မဟုတ် ထိုက်တန်သည့်လျော်ကြေးငွေ ရယူလိုခြင်း လော။ မှတ်တမ်းပြုစုခြင်းလုပ်ငန်းမှတစ်ဆင့် မည်သည့်အောင်မြင်မှုမျိုးရရှိနိုင်မည်၊ မည်သည့် အန္တရာယ်များ ကြုံတွေ့ရနိုင်သည် ကို တိုင်ပင်ဆွေးနွေးထားပါ။ လက်တွေ့မဖြစ်နိုင်သည့် မျှော်လင့်ချက်များ မပေးမိဖို့ သတိချပ်ပါ။<br>မှတ်တမ်းပြုစုခြင်းလုပ်ငန်းအား ကူညီပံ့ပိုးရာတွင် စေ့စပ်ညှိနှိုင်းခြင်း၊ ကြားဝင်ဖြန် ဖြေခြင်းနှင့် စည်းရုံးတောင်းဆိုမှုဆိုင်ရာ စွမ်းရည်များနှင့် နည်းဗျူဟာများ ထည့်သွင်းလုပ် ဆောင်ပါ။ ကြားဝင်ဖြန်ဖြေမှုတွင် ပြင်ပပုဂ္ဂိုလ်များအား မဖြစ်မနေ ဖိတ်ခေါ်ပံ့ပိုးခိုင်းရသည့် အဖြစ်မျိုးလည်း ရှိနိုင်ပါသည်။ |
| မက်မောဖွယ် သယံဇာတများ ရှိထားသည့် ဒေသ များအား မြေပုံညွှန်း ရေးဆွဲထားသဖြင့် ရင်းနှီးမြှုပ်နှံသူများ၊ ထိန်းသိမ်းလိုသူများ မှလည်း သိရှိသွားနိုင်သည် | သတင်းအချက်အလက်များနှင့် မြေပုံများအား မည်သို့ဝေမျှမည်၊ မည်သို့ အသုံးပြု မည် တို့နှင့်ပတ်သက်၍ နားလည်မှုတည်ဆောက်ထားပါ။<br>အချက်အလက်များအား ကျေးရွာလူထုမှ အလေးအနက်ထားလာရေးအတွက် ရိုး စင်းသောနည်းလမ်းတစ်ခုမှာ ထိုအချက်အလက်များအား မည်သို့အသုံးပြုမည်ကို သဘော တူညီချက်တစ်ခု ရယူထားပြီး ရေးသားမှတ်တမ်းတင်ထားခြင်းပင်ဖြစ်သည်။ အထူးသဖြင့် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အတွင်း ကောက်ယူထားခဲ့သည့် အချက်အလက်များအပေါ် အခြေခံရေးဆွဲထားသည့်မြေပုံများသည် ထိရှလွယ်သဖြင့် ထိုကဲ့သို့ လုပ်ဆောင်ထားခြင်းက အလွန်အသုံးဝင်ပေသည်။ ကျေးရွာအတွင်းမှ ကိုယ်စားလှယ်များနှင့် မှတ်တမ်းပြုစုခြင်းလုပ် ငန်း လေ့ကျင့်သင်ကြားမှု အတောအတွင်း စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားရန်လိုပြီး စည်းရုံးတောင်းဆိုမှုများတွင် အသုံးပြုမည့် အချက်အလက်များနှင့်ပတ်သက်၍ မည်သည့် အချက်အလက်များအား အသုံးပြုလိုသည်ကို ကျေးရွာအတွင်းမှ ကိုယ်စားလှယ်များနှင့် ပုံမှန်တိုက်ဆိုင်စစ်ဆေးပါ။ (အခန်း ၇ ကိုလည်း ကြည့်ပါ)။ |

| | |
|---|---|
| မြေယာလုပ်ပိုင်ခွင့် / ရိုးရာဓလေ့ နည်းစနစ်များအား တရားဝင်ဖြစ်စေခြင်း သို့မဟုတ် 'ပြင်ဆင်ခြင်း' | စည်းမျဉ်းစည်းကမ်းများကိုလည်း ပုံသေတစ်သမတ်တည်းမဖြစ်စေရန်နှင့် ပြောင်းလဲပြင်လွယ်မဖြစ်ခြင်းမျိုး မဖြစ်စေရန်အတွက် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များအား မည်သို့ပြောင်းလဲနိုင်မည်ကို ဆွေးနွေးတိုင်ပင်ပြီး မှတ်တမ်းတင်ထားပါ။<br>အသုံးပြုမှုပုံစံအမျိုးမျိုးရှိသော၊ တွဲစပ်ပိုင်ဆိုင်သော၊ ရယူသုံးစွဲပိုင်ခွင့် အမျိုးမျိုးရှိသော မြေယာနှင့်သယံဇာတရင်းမြစ်များကို ဂရုထားဆောင်ရွက်ရပါမည်။ ထို့အပြင် မြေယာပိုင်ဆိုင်ခွင့်နှင့် မြေအသုံးပြုမှုပုံစံများ ရာသီအလိုက် ပြောင်းလဲတတ်ခြင်းများကိုလည်း မှတ်တမ်းတင်ထားပါ။ ပေါင်းပင်များအား ခုတ်ယူခြင်းနှင့် စားကျက်လွှတ်ကျောင်းခြင်းကဲ့သို့ သော မြေယာများအား ဆင့်ကဲသုံးစွဲနိုင်မှုအခွင့်အရေးများအကြောင်းကိုလည်း မေးမြန်းထားရမည်။ ရိုးရာဓလေ့များအရ မြေယာပိုင်ဆိုင်မှုနှင့် ရယူသုံးစွဲပိုင်ခွင့် အမျိုးအစားအသီးသီးကိုလည်း နားလည်သိကျွမ်းနိုင်စေရန် အချိန်ယူ၍ လေ့လာဆည်းပူးရမည်။ ဤကျေးရွာအတွင်းတွင် အခြားကျေးရွာများမှ လာရောက်၍ ပိုင်ဆိုင်ထားမှုများ သို့မဟုတ် သယံဇာတရင်းမြစ်များအား ထုတ်ယူသုံးစွဲနိုင်သည့်အခွင့်အရေးများ သတ်မှတ်ထားခြင်းရှိမရှိကိုလည်း ရွာသားများအား မေးမြန်းထားပါ။ ကျေးရွာများအကြား တွဲဖက်ပိုင်ဆိုင်မှုများ ရှိထားကြပါသလား။<br>မြေပုံရေးဆွဲသည့်အခါတွင်လည်း မြေအသုံးပြုမှုနှင့် မြေလုပ်ပိုင်ခွင့်တို့ကို ရှင်းလင်းပြတ်သားစွာ ခွဲခြားသတ်မှတ်ထားပါ။ |
| ယခင်က ရပ်ရွာအတွင်းမှ ဖယ်ကြဉ်ခံခဲ့ရပြီး ဇာတိမြေသို့ ပြန်လာလိုသူများကို ချန်လှပ်ထားမိခြင်း | ကျေးရွာ၏နောက်ခံရာဇဝင်နှင့် ယခင်က ၎င်းတို့သည် မည်သည့်ဒေသတွင် နေထိုင်ခဲ့ကြသည်တို့ကို အချိန်ယူဆွေးနွေးပါ။<br>ကျေးရွာမှ ယခုလက်ရှိအသုံးပြုနေသည့် မြေယာများကိုသာ မှတ်တမ်းတင်ထားရုံသာမက နောင်အနာဂတ်တွင် ၎င်းတို့ပြန်လည်အသုံးပြုလာနိုင်သည့် ရိုးရာဓလေ့အရ စီမံခန့်ခွဲလျက်ရှိသည့်မြေများကိုလည်း မှတ်တမ်းပြုစုပါ။ |
| ယဉ်ကျေးမှုအရ ထိန်းသိမ်းထားသည့် နေရာများရှိ ရိုးရာဓလေ့အရ မြေယာပိုင်ဆိုင်မှုများအား လျစ်လျူရှုမိခြင်း | တိုက်ရိုက်အသုံးပြုနေခြင်းမရှိသော်လည်း ရပ်ရွာလူထုတစ်စု သို့မဟုတ် ရပ်ရွာလူထုများမှ ယဉ်ကျေးမှုဓလေ့အရ ပိုင်ဆိုင်သုံးစွဲခွင့်သတ်မှတ်ထားသော နယ်မြေများ (ဥပမာ - တောင်များ)သည်လည်း မှတ်တမ်းပြုစုသည့်အထဲတွင် ပါဝင်နေရမည်။ |

## နှောင့်ဖွဲ့မှုကင်း၍ ကြိုတင်ချပြ အသိပေးထားပြီး သဘောတူညီချက်ရယူသည့် (FPIC) လုပ်ငန်းစဉ်

မှတ်တမ်းပြုစုခြင်းလုပ်ငန်းများ စတင်ခြင်းမပြုမီ ကျေးရွာ လူထုထံမှ နှောင့်ဖွဲ့မှုကင်း၍ ကြိုတင်ချပြ အသိပေးထားပြီး သဘောတူညီချက် (FPIC) ရယူထားခြင်းသည် အလွန်အရေးကြီးသည်ဆိုသော်ငြား FPIC ၏ ဆိုလိုရင်းအဓိပ္ပါယ်ကို မည်သို့နားလည်ထားသနည်း။ သဘောတူညီချက်ကို မည်သို့ ရယူမည်နည်း။

ရှေးဦးစွာ ကျေးရွာလူထုအနေဖြင့် FPIC အား မည်သို့ ပေးအပ်နိုင်သည်ကို ထည့်သွင်းစဉ်းစားရပါမည်။ ကျေးရွာ

လူထုအတွင်း ဆုံးဖြတ်ချက်များ ချမှတ်ခြင်းအတွက် သင့်လျော်သည့်လမ်းကြောင်းများမှာ အဘယ်နည်း။ ဖြစ်ရပ် အများစုတွင် ဆုံးဖြတ်ချက်များကို ကျေးရွာအစည်းအဝေး များတွင် ချမှတ်လေ့ရှိသည်။ ထိုသို့သောအစည်းအဝေးများတွင် ဒေသအတွင်းရှိ ကျေးရွာအသီးသီးမှ ၎င်းတို့ သက်ဆိုင်ရာကျေးရွာများအလိုက်ကိုယ်စားပြု၍ဆုံးဖြတ်ချက် ချမှတ်နိုင်သူများ ပါဝင်တက်ရောက်လေ့ရှိသည်။

ရပ်ရွာလူထုအား ချပြဆွေးနွေးခြင်းဖြင့် FPIC ရယူရာတွင် အောက်ပါအချက်တို့ကို ထည့်သွင်းစဉ်းစားရမည် -

**နှောင်ဖွဲ့မှုကင်းသည်ဆိုသည်မှာ**
အတင်းအကျပ် တိုက်တွန်းထားမှုမရှိခြင်းကိုဆိုသည်။

**ကြိုတင်ချပြထားသည်ဆိုသည်မှာ**
ကျေးရွာလူထုအနေဖြင့် ထောက်ခံခြင်း သို့မဟုတ် ကန့်ကွက်ခြင်းမပြုမီ ကြိုတင်စဉ်းစားနိုင်ရန် အချိန်ပေးထားခြင်း ကို ဆိုလိုသည်။

**အသိပေးထားသည်ဆိုသည်မှာ**
အန္တရာယ်ဖြစ်နိုင်ခြေနှင့် ကောင်းကျိုး၊ ဆိုးကျိုးများအပါအဝင် ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် လုံလောက်သော သတင်းအချက်အလက်များ ပံ့ပိုးပေးထားခြင်းဖြစ်သည်။

**သဘောတူညီချက်ဆိုသည်မှာ**
"လက်မခံပါ" ဟု ငြင်းဆန်နိုင်စွမ်း ရှိခြင်းဖြစ်သည်။

နှောင်ဖွဲ့မှုကင်းခြင်း

အစည်းအဝေးပွဲများတွင် မည်သူတို့တက်ရောက်နေသည်၊ လုပ်ငန်းစဉ်တွင် မည်သူတို့ ပါဝင်နေသည် စသည့်အချက်များအပေါ် မူတည်၍ အခြားသူများမှာ ၎င်းတို့၏စိုးရိမ်ပူပန်မှုများကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုရန် သို့မဟုတ် အတိအလင်းကန့်ကွက်ရန် လွတ်လပ်မှုမရှိလှပေ။ ယုံကြည်စိတ်ချရသည့် ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် လုံခြုံစိတ်ချရသည့် ဝန်းကျင်တစ်ခုကို ဖန်တီးပေးနိုင်သကဲ့သို့ ဒေသခံတို့၏ စိုးရိမ်ပူပန်မှုများ အား အစည်းအဝေးပြင်ပတွင် ပြောဆိုခွင့်ပေးခြင်းတို့ဖြင့်လည်း ဖြေလျှော့ပေးနိုင်ပါသည်။ မိမိဆောင်ရွက်သည့် လုပ်ငန်းစဉ် များနှင့်ပတ်သက်၍ ဝေဖန်ခြင်း၊ စိုးရိမ်ပူပန်မှုများဖော်ပြခြင်းတို့သည် စိတ်အနှောက်အယှက်ဖြစ်ရသော်လည်း ဒေသခံများသည် ရိုးသားပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုရန် ဝန်မလေးတတ်ကြကြောင်းကို အပေါင်းလက္ခဏာဆောင်သည့် အမှုအရာ တစ်ရပ်အဖြစ် မှတ်ယူနိုင်ပါသည်။

ကြိုတင်ချပြထားခြင်း

ပူးပေါင်းပါဝင်ရန် သဘောတူညီခြင်းမပြုမီ ဒေသခံများအတွက် ဆွေးနွေး တိုင်ပင်ရန် အချိန်မည်မျှပေးထားသင့်သနည်း။ စီမံကိန်းရေးဆွဲမှုလုပ်ငန်းစဉ်တွင် တရားဝင် အသိအမှတ်ပြုခံထားရသည့် ကိုယ်စားလှယ်တော်များ ပါဝင်လာစေခြင်းဖြင့် လုံလောက်သောအချိန်အတိုင်း အတာတစ်ခု ရရှိစေနိုင်ပြီး ဆုံးဖြတ်ချက်မချမီ လုပ်ငန်းစဉ်အကြောင်းကို စဉ်းစား ချင့်ချိန်နိုင်ပေမည်။

အသိပေးထားခြင်း

ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းကြောင့် မည်သည့်အကျိုးကျေးဇူးများကို ရရှိလာမည်နည်း။ မှတ်တမ်းပြုစုခြင်းကြောင့် အန္တရာယ်ဖြစ်နိုင်ခြေ သို့မဟုတ် ဆိုးကျိုးများ ဖြစ်လာနိုင်သနည်း။ ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်များအကြောင်းကို ဒေသခံကိုယ်စားလှယ်များနှင့် စီမံကိန်းရေးဆွဲသည့် လုပ်ငန်းအဆင့်တွင် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ပူးပေါင်းပါဝင်ကြသူများအနေဖြင့် မှတ်တမ်းပြုစုခြင်းနှင့်ပတ်သက်သည့် သတင်းအချက် အလက်များအားလုံး ရရှိနိုင်သည်ဖြစ်ရာ သိရှိနားလည်ပြီး ဆုံးဖြတ်ချက်ချ မှတ်နိုင်ခြင်းကို ဖြစ်စေပါသည်။

သဘောတူညီချက်

ငြင်းဆန်နိုင်ခွင့်လည်း ရှိသည်ဆိုမှသာလျှင် သဘောတူညီချက်ကို ပေးအပ်နိုင်ပေမည်။ တစ်ခါတရံတွင် ရပ်ရွာလူထုသည် ၎င်းတို့အနေဖြင့် 'ငြင်းဆန်ပိုင်ခွင့်' မရှိဟု၍ နားလည်ခံစားထားတတ်ကြသည်။ မိမိအဖွဲ့အစည်းနှင့် ရပ်ရွာလူထုတို့အကြား ယုံကြည်မှုနည်းပါးနေလျှင် ဒေသခံတို့သည် ပွင့်ပွင့်လင်းလင်း ငြင်းဆန်ကန့်ကွက်လိုခြင်း မရှိတတ်

ကြပေ။ အကယ် ၍ အစိုးရပိုင်းမှပါဝင်ပတ်သက်နေပြီး ဤလုပ်ငန်းစဉ်ကိုလည်း ပံ့ပိုးလျက်ရှိသည်ဆိုပါက မည်သူကမျှ ငြင်းပယ်လိုကြမည်မဟုတ်ပေ။ ထို့ကြောင့် ပါဝင်နေ ကြသူများအဖို့ ၎င်းတို့၏စိုးရိမ်ပူပန်မှုများကို ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုနိုင်ခြင်း ရှိ၊ မရှိ သို့မဟုတ် ပူးပေါင်းပါဝင်ရန် ငြင်းပယ်နိုင် ခြင်း ရှိ မရှိတို့ကို အလေးထား စဉ်းစားပေးရပါမည်။ 'သဘောမတူပါ' ဆိုသည်ကို ဖော်ပြနိုင်သည့် နည်း လမ်းများ အမြောက်အမြား ရှိနေသော်ငြား ထိုအသံ များကို ကြားသိရန် သို့ မဟုတ် အဓိပ္ပါယ်ကောက်ယူနိုင်ရန် လွယ်ကူမည် မဟုတ်ပေ။ ထို့ကြောင့် ဤအသံများအား တိုက်ရိုက် 'ကြားသိ' နိုင်စေရန် အတွက် ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။

## ကျေးရွာအတွင်း နယ်မြေရွေးချယ်ခြင်းနှင့် ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့်သူများအား ဖော်ထုတ်သတ်မှတ်ခြင်း

ပုံမှန်အားဖြင့်ဆိုလျှင် ရပ်ရွာလူထုမှ ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းကို တောင်းခံလာသည်နှင့် တစ်ပြိုင်နက် ကျေးရွာအတွင်း နယ်မြေရွေးချယ်ခြင်းကို တစ်ဆက်တည်းဆောင်ရွက်လေ့ရှိသည်။ နီးစပ်ရာ ကျေးရွာများကို ဦးစားပေးရွေးချယ်မည်ဆိုပါက လုပ်ငန်းစဉ်ထိရောက်အောင်မြင်မှုကို ပိုမိုကောင်းမွန်စေရုံသာမက ကျေးရွာအချင်းချင်းအကြား ဝေမျှခြင်းနှင့် အပြန်အလှန်သင်ယူခြင်းတို့ကိုလည်း အားကောင်းလာစေနိုင်ပါသည်။

မြေယာလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းအတွက် တိုက်ရိုက်ဖိတ်ခေါ်သည့်အခါမျိုးတွင် တုန့်ပြန်ခြင်းမရှိခဲ့ပါက ကျေးရွာအတွင်းနယ်မြေရွေးချယ်ခြင်းကို စီမံကိန်းရေးဆွဲပြင်ဆင်ခြင်းအဆင့်ရှိ ညှိနှိုင်းဆွေးနွေးပွဲများတွင် ပြုလုပ်ရပါမည်။ အကျိုးသက်ဆိုင်သူများအား လေ့လာဆန်းစစ်ခြင်းနှင့် FPIC လုပ်ငန်းစဉ်အတွင်း ဖော်ထုတ်သတ်မှတ်ခဲ့သော ရပ်ရွာအတွင်းမှ သက်ဆိုင်ရာ ရပ်မိရပ်ဖများနှင့် တွေ့ဆုံညှိနှိုင်းမှုများကိုလည်း ရည်ရွယ်ချက်များအား ဘုံသဘောပေါက်နားလည်မှုအပေါ်တွင် အခြေခံဆောင်ရွက်ရပါမည်။

ရပ်ရွာများအားရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ ဒေသခံခေါင်းဆောင်ပိုင်းများနှင့် လက်တွဲဆောင်ရွက်ခြင်းတို့ကြောင့် မှတ်တမ်းပြုစုမှုလုပ်ငန်းအတွက် ကူညီပံ့ပိုးမှုများ ရရှိလာနိုင်သည့်အပြင် ရွေးချယ်မခံရသည့် ရပ်ရွာဒေသများ၏ မကျေနပ်ချက်များကိုလည်း ပြေလျော့သွားစေနိုင်ပါသည်။ ထို့အပြင် ရွေးချယ်သတ်မှတ်ထားသော ဧရိယာများသည် ရိုးရာမြေလုပ်ပိုင်ခွင့်အတွက် စည်းရုံးတောင်းဆိုမှုများလုပ်ဆောင်ရာတွင် အကောင်းဆုံးသာဓကများပင်ဖြစ်သည်၊ မူဝါဒနှင့် ဥပဒေရေးဆွဲမှုအတွက်ကိုလည်း အကောင်းဆုံးနမူနာများပင်ဖြစ်သည်ဟု ဒေသခံခေါင်းဆောင်များက သဘောတူလက်ခံထားပါက ရရှိလာသည့်ရလဒ်များသည်လည်း အသိအမှတ်ပြုခံရမှု ပိုမိုခိုင်မာလာစေပါသည်။

မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်ကြောင့် မိမိတို့ကိုယ်ပိုင် မြေယာလုပ်ပိုင်ခွင့်များအား လျစ်လျူရှုထားခံရနိုင်သည်ဟု စိုးရိမ်ပူပန်နေတတ်ကြသည့် အနီးအနားကျေးရွာများသည်လည်း နယ်မြေရွေးချယ်သတ်မှတ်ရာတွင် ရှင်းလင်းပြတ်သားပြီး ပွင့်လင်းမြင်သာမှုရှိခြင်းကြောင့် လုပ်ငန်းစဉ်တွင်လည်း ပါဝင်ကူညီလာနိုင်ကြပေမည်။ ရိုးရာမြေလုပ်ပိုင်ခွင့်မှတ်တမ်းပြုစု

### ထည့်သွင်းစဉ်းစားရမည့်အချက်များ

- မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရန်အတွက် မည်သူတို့က သဘောတူခွင့်ပြုချက်ပေးနိုင်သနည်း။ ကျေးရွာလူထုကိုယ်စား ရွာလူကြီးမှ သဘောတူခွင့်ပြုချက် ပေးနိုင်သလား။ သို့မဟုတ် ဒေသခံအများအပြား ပါဝင်လာစေရန်အတွက် ချပြဆွေးနွေးမှုများ ဆောင်ရွက်ရန် လိုအပ်ပါသလား။
- မှတ်တမ်းပြုစုခြင်း လုပ်ငန်းအား စီမံကိန်းရေးဆွဲခြင်းနှင့် ဒီဇိုင်းရေးဆွဲခြင်းတို့အတွက် ဆွေးနွေးမှုများတွင် မည်သူတို့ ပါဝင်သင့်သနည်း။
- မိမိဆောင်ရွက်မည့် လုပ်ငန်းသဘာဝအတွက် သဘောတူခွင့်ပြုချက်ဆိုသည်မှာ မည်သည့် ပုံစံမျိုး ဖြစ်နိုင်သနည်း။
- ပါဝင်သူများအနေဖြင့်လည်း ၎င်းတို့၏ စိုးရိမ်ပူပန်မှုများအား ထုတ်ဖော်ပြောဆိုခြင်း၊ ပြောင်းလဲမှုများအား တောင်းဆိုခြင်း သို့မဟုတ် ပူးပေါင်းပါဝင်မှုအတွက်ငြင်းဆန်ခြင်းတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့် ရှိပါသလား။

> ဖြစ်နိုင်မည်ဆိုပါက အောက်ပါအချက်များနှင့် ပြည့်စုံသည့် ကျေးရွာအုပ်စုများကို ရွေးချယ်ရပါမည် -
>
> - ထိထိရောက်ရောက်ဦးဆောင်နိုင်ပြီး အများက ကြည်ညိုလေးစားသည့် ခေါင်းဆောင်ရှိသော ကျေးရွာများ
> - ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းကို စိတ်ပါဝင်စားသည့်ကျေးရွာများ
> - ကျေးရွာအတွင်း သို့မဟုတ် အနီးအနား ကျေးရွာများနှင့် အငြင်းပွားမှုများအား အေးချမ်းစွာ ဖြေရှင်းပေးနိုင်ရေးကို ဦးဆောင်ကြိုးပမ်းနေသည့်ကျေးရွာများ

သည့် ကျေးရွာ၏ အနီးအနားကျေးရွာများသည်လည်း ၎င်းတို့ကျေးရွာများတွင် ရိုးရာမြေလုပ်ပိုင်ခွင့်များအား မှတ်တမ်းပြုစုလိုလာကြသည်ကို မကြာခဏ ကြုံတွေ့ရသည်ဟု ရိုးရာမြေလုပ်ပိုင်ခွင့်မှတ်တမ်းပြုစုခြင်းကို စတင်ဆောင်ရွက်လျက်ရှိသည့် CSO များက ထုတ်ဖော်ပြောဆိုကြသည်။

မိမိနှင့်ပူးပေါင်းလုပ်ကိုင်နိုင်သည့်၊ မှတ်တမ်းပြုစုခြင်းဆိုင်ရာ ရည်ရွယ်ချက်များအား ကူညီသတ်မှတ်ပေးနိုင်သည့်၊ အငြင်းပွားမှုကြောင့် ထိခိုက်ခံရမှုများလျော့ပါးစေရေး နည်းဗျူဟာများ ပူးပေါင်းရေးဆွဲပေးနိုင်မည့်၊ နယ်မြေရွေးချယ်သတ်မှတ်မှုအား သဘောတူလက်ခံသည့်၊ လူမှုရေးအရ ကိုယ်စားပြုမှုခိုင်မာသည့်ပုဂ္ဂိုလ်များရှိသောဒေသများတွင် ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းများ ဆောင်ရွက်ရသည်မှာ အလွယ်ကူဆုံး ပင်ဖြစ်သည်။ လူမှုအဖွဲ့အစည်းများ အားနည်းသည့် သို့မဟုတ် အချင်းချင်း မသင့်မမြတ်ဖြစ်နေကြသည့် နယ်မြေများတွင်မူ အထောက်ပံ့ပိုးမှုများအား ရရှိနိုင်မည် မဟုတ်သည့်အပြင် ဒေသခံလူထုအနေဖြင့်လည်း မှတ်တမ်းပြုစုမှုလုပ်ငန်းစဉ်နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကြီးမားနေနိုင်သည်။

မြေယာပဋိပက္ခပေါ်ပေါက်မှုနည်းပါးသည့် ဒေသများတွင်လည်း မှတ်တမ်းပြုစုရ လွယ်ကူနိုင်သည်။ သို့သော် မြေယာပဋိပက္ခများ ရှိနေခြင်းကြောင့်လည်း ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုရန် တွန်းအားတစ်ရပ် ဖြစ်လာနိုင်သည့်အပြင်



မြေယာနှင့်ပတ်သက်သည့် ပဋိပက္ခများပေါ်ပေါက်နေသည့် ဒေသများသည် ရိုးရာမြေ လုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းအတွက် ဗျူဟာမြောက်သည့် ဧရိယာများပင် ဖြစ်သည်။

ကျေးရွာအတွင်းနယ်မြေများ သတ်မှတ်ရွေးချယ်ပြီးသည်နှင့်တစ်ပြိုင်နက် မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်အား ဝိုင်းဝန်းကူညီမည့်၊ ညှိနှိုင်းဆောင်ရွက်ပေးမည့် ကျေးရွာအသီးသီးမှ ရပ်ရွာအတွင်း ကူညီပံ့ပိုးပေးမည့်သူများအား ရွေးချယ်သတ်မှတ်ရပါမည်။ ကျေးရွာအတွင်းတွင် တိုင်းရင်းသားလူမျိုးစု တစ်ခုထက်ပိုမို နေထိုင်ကြသည်ဆိုပါက ဖြစ်နိုင်လျှင် တိုင်းရင်းသားလူမျိုးစုအသီးသီး၏ ကိုယ်စားလှယ်များ အလုံအလောက် ပါဝင်နေစေရန် ကြိုးပမ်းဖော်ဆောင်ရပါမည်။

## လုပ်ငန်းစဉ် (၆)
## ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့်သူများအား သင်တန်းပေးခြင်းနှင့် ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းဆိုင်ရာ လေ့လာမှုများအား ဒီဇိုင်းရေးဆွဲခြင်း

မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အတွက် လမ်းညွှန်ဦးဆောင်မှုကို တာဝန်ခံဆောင်ရွက်နေသည့် NGO/CSO များကသာ ဦးဆောင်သွားကြမည်ဆိုသော်ငြား ရပ်ရွာအတွင်းကူညီပံ့ပိုးသူများအတွက်ကိုလည်း မြေယာလုပ်ပိုင်ခွင့်ပြဿနာများ၊ မှတ်တမ်းပြုစုမှုနည်းလမ်းများနှင့် ပတ်သက်၍ လေ့ကျင့်ပေးထားရပါမည်။ သို့မှသာ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်များ စီမံကိန်းရေးဆွဲခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်မှုများတွင် ဝင်ရောက်ပံ့ပိုးပေးနိုင်မည်ပေမည်။ ဤသို့ဆောင်ရွက်ခြင်းသည် ပူးပေါင်းပါဝင်သူများအနေဖြင့် ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းအား ဒီဇိုင်းမူကြမ်းရေးဆွဲမှုလုပ်ဆောင်နေစဉ်တွင် "လက်တွေ့လုပ်ဆောင်ရင်း လေ့လာသင်ယူနိုင်သည့်" လက်တွေ့ကျသော သင်တန်းမျိုးပင်ဖြစ်သည်။ ရပ်ရွာအတွင်း ကူညီပံ့ပိုးသူများအား သင်တန်းပေးလေ့ကျင့်ပေးခြင်းနှင့်ပတ်သက်၍ လမ်းညွှန်ချက်များကို အခန်း (၅) - သင်တန်းပေးခြင်းတွင် ကြည့်နိုင်ပါသည်။

## လုပ်ငန်းစဉ် (၇)
## မှတ်တမ်းပြုစုခြင်းဆိုင်ရာ ဒီဇိုင်းရေးဆွဲထားမှုကို ရပ်ရွာအတွင်းမှ အကျိုးသက်ဆိုင်သူများအား ချပြပြီး အကြံဉာဏ်ရယူခြင်း


လေ့ကျင့်ပေးထားသည့် ကူညီပံ့ပိုးသူများသည် အကျိုးသက်ဆိုင်သူများ ဆန်းစစ်သုံးသပ်ချက်နှင့် ကျေးရွာအတွင်း ချပြဆွေးနွေးမှု လုပ်ငန်းစဉ်များ၌ ဖော်ထုတ်သတ်မှတ်ခဲ့ပြီးသည့် ရှာခံပုဂ္ဂိုလ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပြင် ဓလေ့ထုံးတမ်းအရ ယဉ်ကျေးမှုအရနှင့် အစိုးရပိုင်းမှ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် စီစဉ်ကျင်းပပေးရမည်။ မှတ်တမ်းပြုစုရခြင်း၏ ရည်ရွယ်ချက်များ၊ ဖြေရှင်းပေးရမည့်အဓိကအကြောင်းအရာများ၊ ပါဝင်သင့်သည့် အကျိုးသက်ဆိုင်သူများနှင့် အသုံးပြုမည့်နည်းလမ်းများကိုလည်း ရှင်းလင်းပြောကြားပေးရမည်။ အစည်းအဝေး ကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် ဒေသခံအများအပြားနှင့် အခြားသော အရေးပါသည့်အကျိုးသက်ဆိုင်သူများ ပိုမိုပါဝင်လာစေရေးပင်ဖြစ်ပြီး သို့မှသာလျှင် မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်နှင့် ထွက်ပေါ်လာမည့် အကျိုးရလဒ်များအား အလေးအနက်ထားလာနိုင်ကြမည်ဖြစ်သည်။ အစည်းအဝေးတစ်ခုထဲဖြင့်ပင် ဤရည်ရွယ်ချက်များ ပြည့်မီနိုင်သကဲ့သို့ မတူညီသောအုပ်စုများနှင့် စည်းဝေးတွေ့ဆုံခြင်းများကို အကြိမ်ကြိမ်ပြုလုပ်ရခြင်းမျိုးလည်း ရှိနိုင်ပါသည်။



# သင်တန်းပေးခြင်း


ဤကဏ္ဍတွင် လမ်းညွှန်စာအုပ် "လုပ်ရှားသက်ဝင်" လာစေရေးကို အထူးအလေးထား၍ ဖော်ပြပေးထားပါသည်။ လှုပ်ရှားသက်ဝင်လာခြင်းဆိုသည်မှာ မြေယာနှင့်သယံဇာတများ ရယူသုံးစွဲပိုင်ခွင့်တို့ကို မှတ်တမ်းပြုစုထားရှိလိုသည့် ရည်ရွယ်ချက်တူညီသော ရပ်ရွာလူထုများအနေဖြင့် ဤလမ်းညွှန်စာအုပ်အား လက်တွေ့လိုက်နာကျင့်သုံးလာကြခြင်း၊ လက်တွေ့ဖော်ဆောင်မှု အတွေ့အကြုံများအပေါ်အခြေခံ၍ ဤလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသောနည်းလမ်းများကို ပိုမိုကောင်းမွန်စေရေးအတွက် အချင်းချင်း လေ့လာသင်ယူလိုစိတ် ပေါ်ပေါက်လာခြင်းတို့ကို ရည်ညွှန်းပါသည်။

သင်တန်းများ၊ "လက်တွေ့ဖော်ဆောင်မှုများမှသင်ယူခြင်း"လုပ်ငန်းစဉ်များအားဖြင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ရန်နှင့် မြှင့်တင်ပေးနိုင်ရေးတို့အတွက် ဤလမ်းညွှန်စာအုပ်အား ပြုစုထားခြင်းဖြစ်ပါသည်။ ထိုသို့မြှင့်တင်ပေးနိုင်ရေးအတွက်ကိုလည်း သင်တန်းအမျိုးအစား (၃)ခုကို ရည်ရွယ်ပြင်ဆင်ထားပါသည်။





ပုံ (၉) - ရိုးရာဓလေ့ မြေယာလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းဆိုင်ရာသင်တန်းများ

သင်တန်းတွင် လေ့လာသင်ယူခြင်းဖြင့် လုပ်ဆောင်နိုင်သည့် မတူညီသည့် သင်ရိုးများဖြင့် အဆင့်ဆင့်တိုင်းတွင် အောက်ပါအတိုင်း လေ့လာသင်ယူနိုင်မည်ဖြစ်ပါသည်။




ပုံ (၁၀) - ရိုးရာမြေလုပ်ပိုင်ခွင့်များ မှတ်တမ်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ

## ၅ - ၁ မှတ်တမ်းပြုစုမှုဆိုင်ရာ "ကျွမ်းကျင်ပုဂ္ဂိုလ်များ"အဖြစ် ပဏာမ လေ့ကျင့်သင်ကြားပေးခြင်း




ရိုးရာမြေလုပ်ပိုင်ခွင့်များ မှတ်တမ်းပြုစုခြင်းနှင့်ပတ်သက်၍ ယခင်က အတွေ့အကြုံအနည်းငယ်ရှိထားပြီး စိတ်ပါဝင်စားသူများအတွက် ဤလမ်းညွှန်စာအုပ်နှင့်ပတ်သက်သည့် ပထမဦးဆုံးသင်တန်းကို MRLG မှ ဦးဆောင်ပို့ချပေးပါမည်။

ထိုကဲ့သို့ သင်တန်းစီစဉ်ပေးရခြင်းမှာ မှတ်တမ်းပြုစုခြင်းဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်အစုအဖွဲ့ ပေါ်ပေါက်လာစေရန်နှင့် ၎င်းတို့မှတစ်ဆင့် နိုင်ငံအပ္ပမ်းရှိ ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့် သူများအား ဘာသာစကားအမျိုးမျိုးဖြင့် ထပ်ဆင့်သင်ကြားပေးနိုင်ရန် ရည်ရွယ်ပါသည်။ လုပ်ငန်းစဉ်အတွင်းမှ အခက်အခဲရှိလာနိုင်သည့် အောက်ပါကိစ္စရပ်များအတွက် လိုအပ်သော ပံ့ပိုးမှုနှင့် လမ်းညွှန်မှုများကို ၎င်းတို့ထံ ဆက်သွယ်တောင်းခံနိုင်မည်ဖြစ်သည် -

- ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုရေးအတွက် ပြင်ဆင်ရေးဆွဲမှု လုပ်ငန်းအဆင့်များနှင့်စပ်လျဉ်း၍ ရပ်ရွာလူထုများနှင့် ဆွေးနွေးညှိနှိုင်းခြင်း

- ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့်သူများအား သင်တန်းပေးခြင်း
- မှတ်တမ်းပြုစုခြင်းအတွက် ဒီဇိုင်းရေးဆွဲခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း
- တွေ့ရှိချက်များအား စိစစ်သုံးသပ်ခြင်းနှင့် ရေးသားပြုစုခြင်း
- မှတ်တမ်းပြုစုခြင်းနောက်ပိုင်း ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် စီမံကိန်းရေးဆွဲခြင်း

သီတင်းပါတ်နှစ်ပါတ် (လက်တွေ့ကွင်းဆင်းလုပ်ငန်းများ အပါအဝင်) ကြာမြင့်မည့် ပဏာမသင်တန်းပေးခြင်းအပြီးတွင် သင်တန်းသားများသည် ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းအတွက် "ကျွမ်းကျင်ပုဂ္ဂိုလ်များ" ဖြစ်လာကြပေမည်။ ၎င်းတို့သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံလာကြမည်ဖြစ်သည် -

- လမ်းညွှန်စာအုပ်ပါ အကြောင်းအရာများအား ကျွမ်းကျင်နိုင်နင်းလာမည်။
- မြေယာနှင့် သယံဇာတ သုံးစွဲပိုင်ခွင့်ဆိုင်ရာ ပြဿနာများ၊ အဓိကကျသည့် တွေးခေါ်ယူဆချက်များ၊ ရပ်ရွာလူထုပူးပေါင်းပါဝင်သည့် သုတေသနလုပ်ငန်း(PAR)နှင့် ကူညီပံ့ပိုးမှုနည်းလမ်းများကို သဘောပေါက် နားလည်လာမည်။
- မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အကြောင်းကို အခြားသူများအား ရှင်းပြပြောဆိုနိုင်မည်။
- သတင်းအချက်အလက်အမျိုးမျိုးအား ကောက်ယူသည့်နည်းလမ်းများနှင့် အသုံးချကိရိယာများ အပါအဝင် ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းဆိုင်ရာ ကဏ္ဍအသီးသီးနှင့် ရင်းနှီးကျွမ်းဝင်လာမည်။
- မှတ်တမ်းပြုစုခြင်း၏ ရေးဆွဲပြင်ဆင်မှုနှင့် ဒီဇိုင်းရေးဆွဲမှု လုပ်ငန်းစဉ်၏ အမျိုးမျိုးသော လုပ်ငန်းအဆင့်များကို သဘောပေါက်နားလည်ပြီး လက်တွေ့ကျင့်သုံးနိုင်လာမည်။ ထို့အပြင် အဆိုပါအချက်များကိုလည်း အခြားသူများအား သင့်လျော်သည့် ပံ့ပိုးကူညီမှုနည်းလမ်းများ အသုံးပြု၍ ရှင်းလင်းပြောဆိုနိုင်လာမည်။
- ဖော်ထုတ်တွေ့ရှိချက်များအား စိစစ်သုံးသပ်ခြင်းနှင့် အနာဂတ်တွင် ဆောင်ရွက်ရဖွယ်ရှိသည့် လုပ်ငန်းများ ဖော်ထုတ်သတ်မှတ်ခြင်းတို့အတွက် ရပ်ရွာလူထုအား ပံ့ပိုးကူညီ ရာတွင် မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိလာမည်။
- စုဆောင်းရရှိသည့် သတင်းအချက်အလက်များအား မည်သို့စုစည်းမည်၊ ထွက်ပေါ်လာသည့် ရလဒ်များအား မည်သို့ရေးသားပြုစုရမည်တို့အတွက် လိုအပ်သော လမ်းညွှန်မှုများ ပံ့ပိုးပေးနိုင်လာမည်။
- CSO နှင့် ရပ်ရွာအတွင်း ပံ့ပိုးကူညီသူများအား မှတ်တမ်းပြုစုမှုလုပ်ငန်းစဉ်အတွင်းရှိ လုပ်ငန်းအဆင့်အားလုံးကို သင်ကြားပေးခြင်းနှင့် လမ်းညွှန်ကြီးကြပ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်လာမည်။

မှတ်တမ်းပြုစုခြင်းဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များသည် အရွယ်ရောက်သူများအတွက် လေ့လာသင်ယူရေး နည်းစနစ်ဆိုင်ရာ အခြေခံစည်းမျဉ်းများ၊ သင်တန်းပေးခြင်း၊ ပံ့ပိုးကူညီမှုနည်းလမ်းများနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိထားရပါမည်။ အချို့အခြေအနေများတွင် "ကျွမ်းကျင်ပုဂ္ဂိုလ်" ကိုယ်တိုင်ကပင် "CSO ပံ့ပိုးကူညီသူ"အဖြစ် ဆောင်ရွက်ရသည်မျိုးလည်း ရှိတတ်သည်။ အချို့အခြေအနေများတွင်မူ "ကျွမ်းကျင်ပုဂ္ဂိုလ်"သည် မှတ်တမ်းပြုစုမှုရေးဆွဲပြင်ဆင်ခြင်း၏ အရေးကြီးကဏ္ဍများတွင် ဒေသခံ CSO ပံ့ပိုးကူညီသူအား ထောက်ကူပေးရလေ့ရှိသည်။

## ၅ - ၂ ဒေသခံ CSO များမှ မှတ်တမ်းပြုစုရေး ပံ့ပိုးကူညီသူများအား လေ့ကျင့်သင်ကြားပေးခြင်း


ဤသင်တန်းကို မှတ်တမ်းပြုစုခြင်းဆိုင်ရာ "ကျွမ်းကျင်ပုဂ္ဂိုလ်များ"မှ ပို့ချပေးပါလိမ့်မည်။ ဤသင်တန်း၏ ရည်ရွယ်ချက်မှာ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ် ကဏ္ဍတစ်ခုလုံးတွင် ရပ်ရွာအတွင်းမှ ပံ့ပိုးကူညီသူများအား လမ်းညွှန်ကြီးကြပ်ပေးနိုင်ရန်အတွက် CSO ကူညီပံ့ပိုးသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်ဖြစ်သည်။ ဤသင်တန်း၏ သင်ယူလေ့လာမှုဆိုင်ရာ ရည်ရွယ်ချက်များမှာ အထက်တွင်ဖော်ပြခဲ့သည့် "ကျွမ်းကျင်ပုဂ္ဂိုလ်များ"အတွက် ပံ့ပိုးပေးခဲ့သည့် သင်တန်းနှင့် အတူတူပင်ဖြစ်သည်။

## ၅ - ၃ ရပ်ရွာအတွင်း ကူညီပံ့ပိုးပေးမည့်သူများအား လေ့ကျင့်သင်ကြားပေးခြင်း

ရှေးဦးစွာ ပွင့်လင်းမြင်သာသည့် သတ်မှတ်ချက်များဖြင့် ကျေးရွာအသီးသီးမှ ရပ်ရွာအတွင်း ကူညီပံ့ပိုးပေးမည့်သူများကို ရွေးချယ်ရမည်။ ရပ်ရွာအတွင်း ကူညီပံ့ပိုးပေးမည့်သူများသည် ရိုးရာမြေအသုံးချမှု စနစ်များအား မှတ်တမ်းပြုစုခြင်းအပေါ် စိတ်ပါဝင်စားမှုရှိရပါမည်။ ၎င်းတို့မှာ ကျေးရွာအတွင်း ဘက်လိုက်မှုကင်းပြီး ရပ်ရွာလူထုမှ ယုံကြည်ကိုးစားသူများလည်း ဖြစ်သင့်ပါသည်။ ထို့အပြင် ရပ်ရွာလူထုအား လှုံ့ဆော် နိုင်သူ၊ မှတ်တမ်းပြုစုခြင်းလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းလာစေရန် စည်းရုံးဆွဲဆောင်နိုင်သူ၊ ကူညီပံ့ပိုးသူအဖြစ် "ပါရမီဓါတ်ခံ" ရှိထားသူများ ဖြစ်သင့်သည်။

PAR လုပ်ငန်းစဉ်အတွင်း CSO ဝန်ထမ်းများနှင့် ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့်သူများအကြား ဆက်သွယ် ဆောင်ရွက်နိုင်သည့်နည်းလမ်းများ အမြောက်အမြားရှိပါသည်။ အချို့သော မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်များအတွက် ကူညီပံ့ပိုးမည့်သူများအဖြစ် ရပ်ရွာလူထုအတွင်းမှ ဒေသခံများကိုရွေးချယ်ပြီး မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်များ၊ နည်းလမ်းများနှင့် ရင်းနှီးကျွမ်းဝင်ပြီးသား NGO ဝန်ထမ်းများနှင့် တွဲဖက်လုပ်ကိုင်စေနိုင် ပါသည် (အောက်ဖော်ပြပါပုံရှိ နည်းလမ်း(က)ကို ကြည့်ပါ)။ အချို့သော အခြေအနေများတွင်မူ ရပ်ရွာလူထုအတွင်းမှ ဒေသခံများအား မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာပြဿနာများ၊ မှတ်တမ်းပြုစုသည့်နည်းလမ်းများ  လေ့ကျင့်သင်ကြားပေးခြင်းတွင် ပို၍အချိန်ယူလေ့ရှိသည်။ ဤနည်းအားဖြင့် လုပ်ငန်းစဉ်တစ်ခုလုံးကို ၎င်းတို့မှ ဦးဆောင်လုပ်ကိုင်နိုင်ကြပြီး NGO ဝန်ထမ်းများကမူ ပံ့ပိုးပေးသည့်အခန်းကဏ္ဍအတွက်သာ တာဝန်ယူပေးကြသည်။ ရလဒ်များ မှတ်တမ်းတင်ခြင်း၊ စည်းရုံးတောင်းဆိုမှုနှင့် အစီရင်ခံစာရေးသားခြင်းတို့တွင် ဝင်ရောက်ကူညီပေးကြသည်။ (အောက်ဖော်ပြပါပုံရှိ နည်းလမ်း (ခ)ကို ကြည့်ပါ)။

ရပ်ရွာအတွင်းမှ ပံ့ပိုးကူညီမည့်သူများအနေဖြင့် တိုးချဲ့သင်တန်းအစီအစဉ်အတွက် သီတင်း ၂ - ၃ ပါတ်မျှ အချိန်မပေးနိုင်သည့်အခါမျိုးတွင် နည်းလမ်း(က)ကို အသုံးပြုသင့်ပါသည်။ ရပ်ရွာအတွင်းမှ ပံ့ပိုးကူညီမည့် သူများအနေဖြင့် သင်တန်းတက်ရောက်ရန်စိတ်ဝင်စားပြီး အချိန်ပေးနိုင်သည့်အပြင် သုတေသန လုပ်ငန်းစဉ်ကို သင်ယူလေ့လာပြီး ဦးဆောင်လိုသည့်စွမ်းရည်များ ရှိနေသည့်အခါမျိုးတွင်မူ နည်းလမ်း(ခ)က ပို၍သင့်လျော်ပါသည်။




ပုံ (၁၁) - ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့်သူများအတွက် မတူညီသော လုပ်ငန်းဆောင်ရွက်ပုံနှင့် သင်တန်းပေးမည့်ပုံစံများ

ရွေးချယ်ထားသည့်ကျေးရွာတစ်ခုချင်းစီမှ ကူညီပံ့ပိုးမည့်သူ တစ်ဦးသို့မဟုတ် နှစ်ဦးအပြင် အဆိုပါကျေးရွာအတွင်း၌ ၎င်းတို့နှင့်အတူပူးပေါင်းလုပ်ဆောင်မည့် CSO ကူညီပံ့ပိုးသူများသည် ဤသင်တန်းကို တက်ရောက်သင့်ပါသည်။ သင်တန်းနှင့်ပတ်သက်၍ ပံ့ပိုးပေးနိုင်ရန်အတွက် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပိုမိုအတွေ့အကြုံရှိသည့် အခြားသော CSO များမှ မှတ်တမ်းပြုစုခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များလည်း တက်ရောက်သင့်ပါသည်။ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အား ဒီဇိုင်းရေးဆွဲခြင်းတွင် ပါဝင်ကူညီရန်နှင့် မိမိတို့၏ ဗဟုသုတများကို ဝေမျှပေးနိုင်ရန်တို့အတွက် ရိုးရာဓလေ့ခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် အခြားကျွမ်းကျင်ပညာရှင်များကိုလည်း ဖိတ်ကြားသင့်ပါသည်။

မှတ်တမ်းပြုစုခြင်း ဆောင်ရွက်မည့်နေရာနှင့် ရပ်ရွာအတွင်းမှ ကူညီပံ့ပိုးပေးမည့်သူများအား ရွေးချယ်သတ်မှတ်ပြီးသည့်အခါ "ရပ်ရွာအတွင်း ကူညီပံ့ပိုးပေးသူများ"သင်တန်းကို ဒေသခံ CSO ကူညီပံ့ပိုးသူများမှ စီစဉ်ပြုလုပ်ပေးပါမည်။ လိုအပ်ပါက "မှတ်တမ်းပြုစုခြင်းဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များ" ထံမှ အကူအညီများ တောင်းခံရယူနိုင်ပါသည်။

ရပ်ရွာအတွင်းကူညီပံ့ပိုးမည့်သူများအတွက် ယခုကဲ့သို့လေ့ကျင့်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များမှာ -

- မှတ်တမ်းပြုစုရမည့် ရိုးရာမြေလုပ်ပိုင်ခွင့်များ၏ အဓိကကဏ္ဍများ၊ ရပ်ရွာလူထုမှ ပူးပေါင်းပါဝင်သည့် သုတေသနလုပ်ငန်းနည်းလမ်းများအကြောင်း သိရှိနားလည်စေရန်၊
- PAR လုပ်ငန်းစဉ်ဖြင့် မှတ်တမ်းပြုစုခြင်းဆောင်ရွက်ရာတွင် ကူညီပံ့ပိုးမှုဆိုင်ရာ အခြေခံစည်းမျဉ်းများ၊ နည်းလမ်းများ၊ အသုံးချကိရိယာများနှင့် ရင်းနှီးကျွမ်းဝင်စေရန်၊
- အချက်အလက်များ ပိုင်ဆိုင်မှုနှင့်သက်ဆိုင်သည့် အဆုံးသတ်လုပ်ငန်းအဆင့်များ၊ ဖော်ထုတ်တွေ့ရှိချက်များကို ကြိုတင်ညှိနှိုင်းသတ်မှတ်ထားသည့် ရည်ရွယ်ချက်များနှင့်အညီ ရေးသားပြုစုခြင်း၊ မျှဝေခြင်း စသည်တို့အပါအဝင် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ် တစ်ခုလုံးရှိ လုပ်ငန်းအဆင့်များကို သဘောပေါက်နားလည်စေရန်။
- သုတေသနလုပ်ငန်းအား ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ လက်တွေ့ဖော်ဆောင်မှုအတွက် အချိန်ပြမျဉ်းရေးဆွဲခြင်း၊ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းများနှင့် အသုံးချကိရိယာများနှင့် ရင်းနှီးကျွမ်းဝင်စေရန်တို့ဖြစ်သည်။

ရိုးရာမြေလုပ်ပိုင်ခွင့်မှတ်တမ်းပြုစုခြင်းအား မည်သည့်အတွက်ကြောင့် စိတ်ဝင်စားရသည်ကို သင်တန်းတက်

ရောက်လာကြသူအချင်းချင်း အပြန်အလှန်ဆွေးနွေးခြင်းအား သင်တန်းအစပိုင်း၌ ပြုလုပ်ရပါမည်။ ဤလုပ်ငန်းစဉ်တွင် ပါဝင်ဖြစ်လာစေသည့် မည်သို့သော အတွေ့အကြုံများ ရှိထားကြသနည်း။ ဤသင်တန်းမှ မည်သည့်အကြောင်းအရာများ မျှော်လင့်ထားကြသနည်း။

ဒုတိယအဆင့်အနေဖြင့် သင်တန်းနည်းပြသည် အခန်း (၂) နှင့် (၃) တွင် ဖော်ပြထားသည့် သတင်းအချက် အလက်များအပါအဝင် မြန်မာနိုင်ငံရှိ ဓလေ့ထုံးတမ်းအရ မြေလုပ်ပိုင်ခွင့်များ၏ လက်ရှိအနေအထားအကြောင်း သုံးသပ်ချက်ကို ရှင်းပြပေးရမည်။

တတိယအဆင့်တွင်မူ သင်တန်းနည်းပြသည် အခန်း (၆)တွင် ဖော်ပြထားသည့် ရိုးရာမြေလုပ်ပိုင်ခွင့်၏ ရှုထောင့် တစ်ခုချင်းစီအကြောင်းကို ဆွေးနွေးခြင်းဖြင့် ကူညီပံ့ပိုးသူများအား ဦးဆောင်သွားရမည်။ ရှေးဦးစွာ သင်တန်းနည်းပြသည် သဘောထားအမြင်များနှင့် သာဓကများကို ဆွေးနွေးဖော်ပြပြီး ကူညီပံ့ပိုးသူများကလည်း ၎င်းတို့ရွေးချယ်ထားသည့်ကျေး ရွာများမှ ဥပမာများဖြင့် ပြန်လည်ဆွေးနွေးရမည်။ ရှုထောင့်အသီးသီးအား အသေးစိတ်ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ခိုင်လုံတိကျသည့် ဥပမာများဖြင့် ပြန်လည်ချိတ်ဆက်ခြင်းတို့အားဖြင့် ပံ့ပိုးကူညီသူများအနေနှင့် ရိုးရာမြေလုပ်ပိုင်ခွင့်အကြောင်းကို စုစုစည်း စည်းနှင့် စနစ်တကျ နည်းလမ်းများဖြင့် တွေးတောပြောဆိုနိုင်လာမည်ဖြစ်သည်။

အခြေခံသဘောတရားများအား လွှမ်းခြုံပြီးသွားသည့်အခါတွင်မူ စတုတ္ထအဆင့်အနေဖြင့် မှတ်တမ်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်ကို အဖွဲ့လိုက် အတူတကွရေးဆွဲကြရမည်။ ဒေသခံကျေးရွာလူထုနှင့် သဘောတူညီချက်ရရှိထားပြီးဖြစ် သည့် ရည်ရွယ်ချက်များအား ပြန်လည်သုံးသပ်ခြင်း၊ ရိုးရာမြေလုပ်ပိုင်ခွင့်၏ မည်သည့် အစိတ်အပိုင်းအား ဦးစားပေးအဖြစ် မှတ်တမ်းပြုစုကြမည်ကို ဖော်ထုတ်သတ်မှတ်ခြင်းတို့သည်လည်း ဤအဆင့်တွင်ပါဝင်သည်။ မှတ်တမ်းပြုစုခြင်းလုပ်ငန်း အတွက် အသုံးပြုနိုင်မည့်အချိန်ကာလကို အဖွဲ့လိုက် ဆွေးနွေးတွက်ထုတ်ကြပြီးလျှင် ရည်ရွယ်ချက်များပြည့်မီရေးအတွက် အလိုအပ်ဆုံးသော မေးခွန်းများနှင့် ကဏ္ဍများကို ဦးစားပေးအဆင့်များ သတ်မှတ်စီစဉ်ပေးရမည်။ ရိုးရာမြေလုပ်ပိုင်ခွင့်၏ သက်ဆိုင်ရာကဏ္ဍအလိုက် မည်သူကဆွေး နွေးမည်၊ မည်သို့သောပံ့ပိုးမှုနည်းလမ်းများ အသုံးပြုကြမည်ကို အဖွဲ့လိုက် တိုင်ပင်ပြီး သတ်မှတ်ရမည်။



ထိုကဲ့သို့ "မှတ်တမ်းပြုစုခြင်းလုပ်ငန်း စဉ်အား အစီအစဉ်ရေးဆွဲခြင်း"အား ဤ လမ်းညွှန်စာအုပ်အတွင်းရှိ ရင်းမြစ်များနှင့် မည် သို့ချိတ်ဆက်အသုံးပြုရမည်တို့ကို အောက် တွင် အသေးစိတ် ဆက်လက်ဖော်ပြပေးထား ပါသည်။

မှတ်တမ်းပြုစုခြင်းလုပ်ငန်းအစီအစဉ် ရေးဆွဲခြင်း ပထမအဆင့်အနေဖြင့် ရိုးရာမြေ လုပ်ပိုင်ခွင့်၏ ရှုထောင့်တစ်ခုချင်းအလိုက် ဆန်းစစ်ပြီးလျှင် ကျေးရွာတစ်ခုချင်း၌ မှတ်တမ်း ပြုစုသွားမည့်မေးခွန်းများနှင့် အကြောင်းအရာခေါင်းစဉ်များကို အသေးစိတ်ရေးဆွဲထားခြင်းဖြစ်သည်။ ကြိုတင် ပြင်ဆင် သည့်အဆင့်တွင် သတ်မှတ်ထားခဲ့သည့် ဦးတည်ချက်များအပေါ် မူတည်၍ အချို့သောရှုထောင့်များကိုမူ အချိန်ယူ၍ မေးမြန်းဆွေးနွေးရမည်၊ အချို့ကိုမူ အသေး စိတ်မေးမြန်းနေရန် မလိုပေ။ အချို့ရှုထောင့်များဆိုလျှင် ဒေသအခြေ အနေနှင့် ဆီလျော်မှုပင် ရှိ မည်မဟုတ်ပေ။ ဥပမာပြရလျှင် အချို့ကျေးရွာများတွင် ပဋိပက္ခဖြေရှင်းမှုများအတွက် ဓလေ့ထုံးတမ်းစနစ် များကို အသုံးမပြုကြတော့ခြင်း သို့မဟုတ် မြေယာနှင့်ဆက်စပ်နေသည့် ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေး အခမ်းအနား

များကို ဆက်လက်မကျင်းပကြတော့ခြင်း စသည်တို့ ဖြစ်သည်။

ရိုးရာမြေလုပ်ပိုင်ခွင့်၏ ရှုထောင့်အသီးသီးအား ဆွေးနွေးတိုင်ပင်ပြီးသည့်အခါတွင်မှ CSO နှင့် ရပ်ရွာအတွင်း ကူညီပံ့ပိုးသူများသည် ရိုးရာမြေလုပ်ပိုင်ခွင့်၏ ရှုထောင့်တစ်ခုချင်းစီအတွက် မည်သည့်သတင်း အချက်အလက်များအား မှတ်တမ်းပြုစုရမည်ကို ရှင်းလင်းပြတ်သားစွာ သဘောပေါက်နားလည်ကြမည်ဖြစ်သည်။ အဆိုပါ ခေါင်းစီးအကြောင်းအရာများ နှင့် သုတေသနမေးခွန်းများကို အပိုင်း ၆-၂ တွင် ရှင်းလင်းတင်ဆက်ထားပါသည်။ ထို့နောက်တွင် ကူညီပံ့ပိုးသူများသည် လုပ်ငန်းစဉ်တွင် မည်သူတို့ပါဝင်သင့်သည်ကို အပိုင်း ၆-၃ တွင် သတ်မှတ်ထားသည့် အဖွဲ့များအား ကိုးကားမှီငြမ်း၍ ဖော်ထုတ်သတ်မှတ်ရပါမည်။ အဖွဲ့များအဖြစ် ကျွမ်းကျင်ပညာရှင်များ၊ ဘေးဒုက္ခခံစားလွယ်သူများနှင့် အမျိုးသမီးများအား ထည့်သွင်းဖော်ပြပေးထားပါသည်။ အုပ်စုဖွဲ့ဆွေးနွေးမှုများ၊ မြေပုံ ရေးဆွဲခြင်း၊ တွေ့ဆုံမေးမြန်းမှုများ၊ ကွင်းဆင်းလေ့လာမှု စသည်တို့ အပါအဝင် အပိုင်း ၆-၃ တွင် ဖော်ပြထားသည့်နည်းလမ်းများ အသုံးပြု၍ လိုအပ်သော သတင်းအချက်အလက်များအား မည်သို့ကောက်ယူရမည်ကိုလည်း ကူညီပံ့ပိုးသူများမှ ဆုံးဖြတ်ရွေးချယ်ရပါမည်။


မည်သည့်သတင်းအချက်အလက် များအား ကောက်ယူမည်၊ မည်သူနှင့်ကောက် ယူမည်၊ မည်သို့ ကောက်ယူမည် စသည်တို့ကို သိရှိပြီးဖြစ်သည့်အခါတွင် ကူညီပံ့ပိုးသူများသည် ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများတွင် ပံ့ပိုးပေးနိုင်ရန် အတွက် မေးခွန်းများကို ကြိုတင်ချရေးထားရပါမည်။ အပိုင်း ၆-၂ တွင် အကြံပြုတင်ပြထားသည့်မေးခွန်းများသည် ယေဘုယျ ဆန်လွန်းသဖြင့် အဖွဲ့လိုက်ဆွေးနွေးမှုများတွင် ထုတ်ဖော်မေးမြန်းရန်နှင့် အဖြေတစ်ခုရရှိရန်တို့အတွက် မဖြစ်နိုင်ပါ။ ထို့ကြောင့် ကူညီပံ့ပိုးသူများအနေဖြင့် တိုင်ပင်ဆွေးနွေးမှုများ ပိုမိုလွယ်ကူစေရန်အတွက် အဆိုပါမေးခွန်းများအား အသေးစိတ် အဆင့်အထိ စိစစ်သွားရန်နှင့် တိကျသည့်မေးခွန်းများအဖြစ်ပြောင်းလဲရေးကို မမေ့သင့်ပါ။ ပံ့ပိုးသူများအသုံးပြုနိုင်မည့် မေးခွန်းများကို အခြေခံမေးခွန်းများစာရင်းအဖြစ် နောက်ဆက်တွဲတွင် ထည့်သွင်းပေးထားပါသည်။ ပံ့ပိုးသူများအနေဖြင့် အဆိုပါ အခြေခံ မေးခွန်းစာရင်းအား ဖတ်ရှုလေ့လာပြီးလျှင် မိမိအခြေအနေနှင့် ကိုက်ညီသည့်မေးခွန်းများရွေးချယ်ခြင်း၊ ဒေသအနေ အထားနှင့် ကိုက်ညီစေရန်ပြုပြင်ခြင်းနှင့် လိုအပ်ပါက နောက်ထပ်မေးခွန်းများ ထပ်မံဖြည့်စွက်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။

သင်တန်းအဆုံးသတ်ပိုင်းတွင်မှ ပံ့ပိုးသူများသည် ကျေးရွာတစ်ခုချင်းစီတွင် ဆောင်ရွက်မည့် နေ့စဉ်လုပ်ငန်းများ နှင့် ထိုလုပ်ငန်းများအလိုက် တာဝန်ပေးအပ်ထားသည့် ပံ့ပိုးသူများ၏ လုပ်ငန်းတာဝန်များကိုပါ ဖော်ပြထားသော မှတ်တမ်း ပြုစုခြင်းလုပ်ငန်းစဉ်အတွက် အချိန်ဇယားသတ်မှတ်ချက်ကို ရေးဆွဲရပါမည်။ ကျေးရွာအစည်းအဝေးများ၊ ဦးတည်အုပ်စု အလိုက် ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများအပါအဝင် လုပ်ငန်းအဆင့် တစ်ခုချင်းစီကိုလည်း ချရေးထားရပါမည်။ ဒေသခံရွာသားများ မည်သည့်အချိန်မျိုးတွင် အားလပ်လေ့ရှိကြသည်ကိုလည်း ထည့်သွင်းစဉ်းစားထားရမည်။ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အား စတင်၍ အကောင်အထည်ဖော်သည့်အခါတွင် မမျှော်မှန်းထားသော နှောင့်နှေးကြန့်ကြာမှုများနှင့် မမျှော်လင့်ထားသည့် အခွင့်အလမ်းများကြောင့် အချိန်ဇယားသတ်မှတ်ချက်များ ပြောင်းလဲရနိုင်သည်ကိုလည်း ကြိုတင် မျှော်လင့်ထားရပါမည်။ ထို့ကြောင့် အချိန်ဇယားကို အရှင်ထားပြီးစတင်မည်ဆိုပါက ပိုမိုလွယ်ကူနိုင်ပြီး အရေးကြီးသတင်း အချက်အလက်များအား အမိအရကောက်ယူနေစဉ် အချိန်ဇယားကိုလည်း လိုအပ်သလို ပြင်ဆင်သွားနိုင်မည်ဖြစ်သည်။

အချိန်ရမည်ဆိုပါက ပံ့ပိုးကူညီရေးအဖွဲ့သည် ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းကို ဆောင်ရွက်ခဲ့ဖူးသည့် ဒေသသို့ သွားရောက်လည်ပတ်ပြီး ပြီးစီးခဲ့သည့်လုပ်ငန်းစဉ်အကြောင်းကို လေ့လာသင့်ပါသည်။ ထိုဒေသများ၌ မှတ်တမ်း ပြုစု ခြင်းနှင့်ပတ်သက်၍ ပံ့ပိုးကူညီသူများမှ ကြုံတွေ့ခဲ့ရသည်များကို သင်တန်းတွင် ထည့်သွင်းသင်ကြားပေးခြင်းဖြင့် ဦးတည်ချက်များနှင့် စိန်ခေါ်မှုများကို ပိုမိုနားလည်သိမြင် လာကြမည်ဖြစ်သည်။ ရိုးရာမြေလုပ်ပိုင်ခွင့်ကိုမှတ်တမ်းပြုစုခြင်းဆောင်ရွက်ခဲ့ကြသည့် ကျေးရွာများမှ ဒေသခံ များအနေဖြင့်လည်း ၎င်းတို့၏အတွေ့အကြုံများကို ပြန်လည်ဝေမျှနိုင်ရုံမက မြေယာနှင့်သယံဇာတစီမံခန့်ခွဲမှု စနစ်အပြင် မှတ်တမ်းပြုစုခြင်းကို မည်သည့်အတွက်ကြောင့် ဆောင်ရွက်သင့်သည်တို့ကိုလည်း ဝင်ရောက် ရှင်းပြနိုင်သည့် အခွင့်အလမ်းများ ပေါ်ပေါက်စေပါသည်။

## နည်းလမ်း(ခ)အား ရွေးချယ်ပါက လေ့ကျင့်သင်ကြားပေးရမည့်အစီအစဉ်

အခြားရပ်ရွာတစ်ခု၌ မှတ်တမ်းပြုစုမှုလုပ်ငန်းဆောင်ရွက်ရာတွင် လေ့လာသူသင်တန်းသားအဖြစ် သီတင်း ၁-၂ ပါတ်ခန့် ကွင်းဆင်းလုပ်ငန်းများ ထပ်မံဆောင်ရွက်ရသည့်အချက်မှလွဲ၍ နည်းလမ်း(က)၏ လုပ်ငန်းစဉ်များနှင့် အတူတူ ပင်ဖြစ်သည်။ ဤနည်းလမ်းကို ရွေးချယ်မည်ဆိုပါက ဒေသခံ CSO နှင့် ချိတ်ဆက်ညှိနှိုင်းမှု၊ စီမံကိန်းရေးဆွဲမှုများ ပီပီပြင်ပြင် ဆောင်ရွက်ထားဖို့လိုပါသည်။ ထို့ပြင် အစီရင်ခံတင်ပြမှုနှင့် ဂေမှုမှုကဏ္ဍတို့တွင်လည်း လိုအပ်သော ကူညီပံ့ပိုးမှုများ ဖြည့် ဆည်းပေးရပါမည်။






# ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်း

အခန်း (၃) တွင် တင်ပြခဲ့သည့်အတိုင်းပင် ထုံးတမ်းဓလေ့အရ စီမံခန့်ခွဲမှုစနစ်များဆိုသည်မှာ မြေနှင့် သဘာဝ သယံဇာတများအား စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း များပင်ဖြစ်သည်။ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဖွဲ့စည်းတည်ဆောက်မှုများ အတူတကွထည့်သွင်း ပေါင်းစည်းထားခြင်းဖြင့်လည်း အဆိုပါစနစ်များကို သက်ဝင်ပီပြင်စေပါသည်။ ထုံးတမ်းဓလေ့အရ စီမံခန့်ခွဲမှုစနစ်များမှာ ရှုပ်ထွေးပြီး ကွဲပြားမှုများစွာရှိနေတတ်သဖြင့် ထုံးတမ်းဓလေ့ စနစ်တစ်ခု၏ ရှုထောင့်တစ်ခုတည်းအား လေ့လာနိုင်ရေးအတွက်ကိုပင် လပေါင်းများစွာအချိန်ယူရသည်မျိုးလည်း ရှိတတ်ပါသည်။ ထို့ကြောင့် ရိုးရာမြေလုပ်ပိုင်ခွင့်၏ မည်သည့်ကဏ္ဍအား မှတ်တမ်းပြုစုလိုသည်၊ မိမိရည်ရွယ်ချက်များ ပြည့်မီနိုင်ရေးအတွက် အသေးစိတ်အချက်အလက်များ မည်မျှအထိလိုအပ်မည်တို့ကို ကြိုတင်စဉ်းစားဆုံးဖြတ်နိုင်ရေးက အရေးကြီးပေသည်။

ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များ၏ အဓိကအစိတ်အပိုင်းများနှင့် မည်သည့်ကဏ္ဍအား ဦးစားပေးရွေးချယ်ရမည်တို့ကို ဤသင်ခန်းစာတွင် ရှင်းလင်းဖော်ပြပေးထားပါသည်။ ထို့အပြင် မတူညီသည့် ကဏ္ဍများအတွက် မှတ်တမ်းပြုစုရာတွင် အသုံးပြုသင့်သည့်နည်းလမ်းများကိုလည်း အကြံပြုတင်ပြပေးထားပါသည်။ ရပ်ရွာဒေသတစ်ခုတွင် ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုမှု မည်သို့ဆောင်ရွက်ရမည်ကို စီမံကိန်းအသေးစိတ် ရေးဆွဲနိုင်ရေးအတွက် CSO ကူညီပံ့ပိုးမည့်သူများနှင့် ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့်သူများအား လေ့ကျင့်သင်တန်းပေးရာတွင်လည်း ဤသင်ခန်းစာကို အသုံးပြုနိုင်ပါသည်။ ထို့အပြင် မှတ်တမ်းပြုစုမှုလုပ်ငန်းကို လက်တွေ့ဆောင်ရွက်နေသည့်အခါတွင်လည်း လမ်းညွှန်ချက်တစ်ရပ်အဖြစ် အသုံးပြုနိုင်ပါသည်။

## ၆ – ၁ ရိုးရာမြေလုပ်ပိုင်ခွင့်၏ အဓိကအစိတ်အပိုင်းများအား မိတ်ဆက်တင်ပြခြင်း




မှတ်တမ်းပြုစုမှုလုပ်ငန်းစဉ်အတွက် အထောက်အကူဖြစ်စေရန် "ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်" အား အဓိက အစိတ်အပိုင်း ခုနစ်ခုအဖြစ် အောက်ပါအတိုင်း ခွဲခြားသတ်မှတ်ထားပါသည် -




ပုံ (၁၂) - ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်း၏ အဓိက အစိတ်အပိုင်းများ

မှတ်တမ်းပြုစုခြင်း ပံ့ပိုးပေးမည့်သူများအတွက် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် အထောက်အကူဖြစ်စေရန်နှင့် “ရိုးရာမြေလုပ်ပိုင်ခွင့်”အရ ပြဿနာအများအပြားကို ဖြေရှင်းပေးနိုင်ကြောင်း နားလည်သိရှိနိုင်စေရန် “ပါဝင်သည့်အစိတ်အပိုင်းများ” ဟူ၍ ခွဲခြားဖန်တီးပေးထားပါသည်။ သို့သော် အဆိုပါ အစိတ်အပိုင်းများမှာ တစ်ခုနှင့်တစ်ခုရောယှက်နေတတ်သည်မှာလည်း သိသာထင်ရှားပါသည်။ ၎င်းတို့သည် “တစ်ခုချင်းသီးသန့် ရပ်တည်နေကြသည်” မဟုတ်ပါ။ တစ်ခုနှင့်တစ်ခုနီးကပ်စွာဆက်နွယ်လျက်ရှိပြီး အပြန်အလှန် မှီတည်နေကြသည်။ ထို့ကြောင့် ဦးတည်အုပ်စုအလိုက်ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများတွင် အစိတ်အပိုင်းတစ်ခုစီအား သီးသန့်ခွဲခြားပြီး ဖြေရှင်းနေရန်မလိုပေ။ ဥပမာ လမ်းဖောက်လုပ်မှုလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေအပေါ်တွင် မှီခိုစားသောက်နေရသူ များလာသည်နှင့်အမျှ လူတို့၏ မြေယာအသုံးချပုံများသည်လည်း ပြောင်းလဲလာပေမည်။ ဤဖြစ်ရပ်မျိုးတွင် မြေယာအသုံးပြုပုံများကို လေ့လာစူးစမ်းသင့်သကဲ့သို့ ၎င်းတို့၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း ထည့်သွင်းစူးစမ်းသင့်ပေသည်။

## အဓိကအစိတ်အပိုင်းများအား အနှစ်ချုပ်သုံးသပ်ချက်

### နောက်ခံရာဇဝင်

အတိတ်မှအကြောင်းအရာများကို သိရှိနားလည်ထားခြင်းအားဖြင့် လက်ရှိ ပစ္စုပ္ပန်ကာလကို ပိုမိုသိမြင်နိုင်သည့်အပြင် အနာဂါတ်တွင်ဖြစ်လာနိုင်ခြေများကိုလည်း အကဲဖြတ် သုံးသပ်ထားနိုင်ပေမည်။ မှတ်တမ်းပြုစုမှု လုပ်ငန်းစဉ်အား ကျေးရွာတည်ထောင်ခဲ့သည့် ရာဇဝင်ဖြင့် စတင်ခြင်းအားဖြင့် ရိုးရာမြေလုပ်ပိုင်ခွင့်၏ အခြားသော အစိတ်အပိုင်းများနှင့်ပတ်သက်သည့် ပြောင်းလဲမှုများကိုပါ ပိုမိုနားလည်နိုင်လာပေမည်။ ဒေသခံလူထုအပေါ်တွင် မည်သည့် အထင်ကရဖြစ်ရပ်များ ကျရောက်ခဲ့သနည်း။ အချိန်ကာလကြာညောင်းလာသည့်အလျောက် မည်သို့သော အထင်ကရပြောင်းလဲမှုများ ပေါ်ပေါက်ခဲ့သနည်း။

### မြေအသုံးချမှုနှင့် စီမံခန့်ခွဲမှု

မြေအသုံးပြုမှုဆိုသည်မှာ ရပ်ရွာလူထုမှ မည်သည့်မြေအမျိုးစားများအား (ဥပမာအားဖြင့် လယ်ယာမြေ၊ အိမ်ရာမြေ၊ စားကျက်မြေ၊ သစ်တောမြေ၊ ရေကန်များနှင့် မြစ်ချောင်းများ) ရယူအသုံးပြုနေကြသည်ကို ရည်ညွှန်းပါသည်။ ထို့အပြင် သစ်ပင်များ (သစ်ထုတ်ယူရန် သို့မဟုတ် ထင်းလောင်စာရယူရန်)၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ တောရိုင်းတိရိစ္ဆာန်များ၊ ငါးနှင့်ရေထွက်ပစ္စည်း စသည်ဖြင့် ကျေးရွာသားများ မှီခိုစားသောက်နေရသည့် မြေနှင့်ဆက်စပ်နေသော သဘာဝသယံဇာတရင်းမြစ်များကိုလည်း မြေအသုံးပြုမှုဟုပင် ရည်ညွှန်းပါသည်။ မြေအမျိုးအစား တစ်ခုအား အသုံးချပုံအမြောက်အမြား ရှိနေနိုင်ပါသည်။

မြေအသုံးပြုခြင်း စီမံခန့်ခွဲမှုဆိုသည်မှာ မြေရယူပိုင်ခွင့်၊ အသုံးပြုပိုင်ခွင့်နှင့် အဆိုပါမြေပေါ်ရှိ သယံဇာတများအား ထုတ်ယူပိုင်ခွင့်တို့နှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ရည်ညွှန်းပါသည်။ ဓလေ့ထုံးတမ်းစနစ်များတွင် မြေအသုံးပြုမှုအမျိုးအစားတစ်ခုချင်းအတွက် မည်သို့အသုံးပြု ရမည်နှင့် မည်သို့စီမံခန့်ခွဲရမည်တို့ကို စည်းမျဉ်းစည်းကမ်းများ တိတိကျကျ ပြဌာန်းပေးထားသည်။ ဥပမာ မည်သည့်အပင်များကို မည်သည့်နေရာ၊ မည်သည့်အချိန်တွင် မည်သူမှစိုက်ပျိုးနိုင်သည်၊ မည်သည့်နယ်မြေများကမူ မွေးမြူထားသည့်တိရိစ္ဆာန်များအား လွှတ်ကျောင်းရန် အတွက်ဖြစ်သည်၊ သစ်တောအတွင်းမှ မည်သည့်ပစ္စည်းများကို ကောက်ယူနိုင်သည် စသည်ဖြင့် တိကျရှင်းလင်းစွာ သတ်မှတ်ပေးထားသည်။ မြေအသုံးချမှုအမျိုးအစားတစ်ခုချင်းစီအတွက် အဆိုပါ ရင်းမြစ်များကို မည်သူမှ မည်သည့်အချိန်တွင် အသုံးပြုနိုင်သည်ကိုလည်း စည်းကမ်းများ သတ်မှတ်ပေးထားသည်။

ရင်းမြစ်များ လုပ်ပိုင်ခွင့်နှင့် လွှဲပြောင်းပေးပိုင်ခွင့်

မြေနှင့်သဘာဝသယံဇာတများအား လူတစ်ဦး၊ မိသားစုတစ်စု သို့မဟုတ် ရပ်ရွာဒေသမှ ရယူသုံးစွဲနိုင်သည့် အခွင့်အရေးများအားဖြင့် ရင်းမြစ်များ လုပ်ပိုင်ခွင့်ဖြင့် တိုင်းတာသတ်မှတ်ပေးထားသည်။ ရင်းမြစ်များ လုပ်ပိုင်ခွင့်ကို သတ်မှတ်ရာတွင် သဘာဝသယံဇာတများအား မည်သူမှ တရားဝင်ရယူသုံးစွဲနိုင်သည် ဆိုသော နည်းလမ်းများအားလုံး ထည့်သွင်းပေးထားသည်။ လုပ်ပိုင်ခွင့်ဆိုသည်မှာ အခွင့်အရေးများအစုအဝေးပင် ဖြစ်သည် (အသုံးပြုခွင့်၊ ထုတ်ယူသုံးစွဲခွင့်၊ စီမံခန့် ခွဲပိုင်ခွင့်၊ တားဆီးပိတ်ပင်ပိုင်ခွင့်နှင့် ပိုင်ဆိုင်မှုလွှဲပြောင်းပေးခြင်းတို့အပါအဝင်) သို့သော် အခြားသူများအား အကျိုးထိခိုက်စေမည့်နည်းလမ်းများဖြင့် ရင်းမြစ်များအား ထုတ်ယူသုံးစွဲခြင်း မပြုရဟူသော ကန့်သတ်ချက်များလည်း ပါဝင်နေသည်။[11]

အခန်း (၃-၂) တွင် ဖော်ပြခဲ့သည့်အတိုင်းပင် ရင်းမြစ်လုပ်ပိုင်ခွင့်စနစ်များအား အမျိုးအစားအုပ်စု သုံးမျိုးဖြင့် ခွဲခြားသတ်မှတ်နိုင်ပါသည် -

- လူထု/နိုင်ငံတော်ပိုင် - နိုင်ငံတော်မှပိုင်ဆိုင်ပြီး သယံဇာတရင်းမြစ်များအား ထိန်းချုပ်ခြင်းကို အများပြည်သူမှကြီးကြပ်ဆောင်ရွက်သည်။
- ပုဂ္ဂလိကပိုင် - တစ်ဦးချင်း သို့မဟုတ် ကုမ္ပဏီကဲ့သို့ ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်ရှိသူများမှ ပိုင်ဆိုင်ထားသည်။
- ဘုံပိုင် - လူစုတစ်စုမှ ပူးတွဲပိုင်ဆိုင်ထားသည် (အထူးသဖြင့် သစ်တောများ၊ စားကျက်မြေ၊ ရေပိုင်နက်နှင့် ရေလုပ်ငန်း)။ ရင်းမြစ်များကို ထုတ်ယူသုံးစွဲကြသည့် ဒေသခံများက စီမံခန့်ခွဲရေး အဖွဲ့အစည်းများကို ၎င်းတို့ကိုယ်တိုင် ဖွဲ့စည်းဆောင်ရွက်ကြသည်။
- လွတ်လပ်စွာရယူသုံးစွဲခွင့် - အခွင့်အရေး တိကျစွာသတ်မှတ်ထားခြင်းမရှိ သို့မဟုတ် တစ်စုံတစ်ဦးမှ ထိန်းသိမ်းကြီးကြပ်ခြင်းမရှိပေ။ အများပိုင်နှင့် ရောထွေးစဉ်းစားခြင်း မပြုသင့်ပါ။
- ပဉ္စမအမျိုးအစားမှာ ပူးတွဲစီမံခန့်ခွဲမှုဖြစ်သည်။ အစိုးရနှင့် ရင်းမြစ်သုံးစွဲသူ ဒေသခံများအကြား မိတ်ဖက်ဖွဲ့စည်း ဆောင်ရွက်ခြင်းမျိုးဖြစ်သည်။

အထက်ဖော်ပြပါ "လုပ်ပိုင်ခွင့်"ဆိုင်ရာ အဓိကအမျိုးအစားများကို သဘောတရားအရ ခွဲခြားနိုင်သည် ဆိုသော်ငြား လက်တွေ့တွင်မူ တစ်ခုနှင့်တစ်ခုရောယှက်နေပြီး အချိန်နှင့်အမျှလည်း ပြောင်းလဲနေနိုင် ပါသည်။ လုပ်ပိုင်ခွင့်များအား မှတ်တမ်းပြုစုရာတွင် မည်သည့်မြေနှင့် ရင်းမြစ်များကို မည်သူမှ မည်သည့် လုပ်ပိုင်ခွင့် စနစ်များအရ "ရယူပိုင်ဆိုင်"ထားသည်ဆိုသော အချက်ကို ဖော်ထုတ်သတ်မှတ်ဖို့လိုပါသည်။

လူတစ်ဦး သို့မဟုတ် အုပ်စုတစ်စု၏ မြေ၊ ရင်းမြစ်များနှင့်ပတ်သက်သည့် အခွင့်အရေးများအား အခြားသော လူတစ်ဦး သို့မဟုတ် အုပ်စုတစ်စုအား လွှဲပြောင်းပေးအပ်ခြင်းကို လွှဲပြောင်းမှုဟု ရည်ညွှန်းပါ သည်။ အမွေပေးခြင်း ("မင်္ဂလာ"လက်ဖွဲ့အဖြစ် ပေးအပ်ခြင်းအပါအဝင်)၊ ရောင်းချခြင်း သို့မဟုတ် လှူဒါန်းခြင်း တို့ကဲ့သို့ အမြဲတမ်းအတွက် လွှဲပြောင်းပေးခြင်း သာမက အခကြေးငွေဖြင့် အငှားချထားခြင်း/ထွက်ရှိသီးနှံ မျှဝေခံစားခြင်း သို့မဟုတ် အခမဲ့ငှားရမ်းခြင်းတို့ကဲ့သို့ ယာယီအဖြစ် လွှဲပြောင်းပေးခြင်းသည်လည်း အကျုံးဝင်

11 Bruce 1998a: 1; FAO 2002: 10

ပါသည်။ အနောက်တိုင်းအယူအဆများ၏ လွှမ်းမိုးမှုများကြောင့် လုပ်ပိုင်ခွင့်ကို ပိုင်ဆိုင်မှုနှင့် ဥစ္စာပစ္စည်းဟု သဘောပေါက်လက်ခံမိတတ်ကြသည်။ သို့သော် အဆိုပါအယူအဆများမှာ ကမ္ဘာအဝှမ်းရှိ ဒေသအများအပြားတွင် ကွဲပြားခြားနားလျက် ရှိနေသည်။ မည်သည့်အခွင့်အရေးများအား ဒေသခံလူထုမှ အသိအမှတ်ပြုခံရမှုရရှိလိုသည်ကို ပိုမိုရှင်းလင်းတိကျစွာ သိမြင်လာနိုင်ရေးအတွက် ဤအယူအဆများနှင့်ပတ်သက်သည့် ခံစားချက်များကို မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အတွင်း ဖော်ထုတ်မှတ်တမ်းတင်နိုင်ရေးမှာ အလွန်အရေးကြီးပေသည်။

<u>အဖွဲ့အစည်းများ</u>

ဤအယူအဆသည် အဓိကနယ်ပယ်ကဏ္ဍနှစ်ရပ်အား ရည်ညွှန်းပါသည် - ၁) မြေ၊ သဘာဝသယံဇာတတို့နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သော အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလများ။ ၂) မြေ၊ သယံဇာတရင်းမြစ်များအား အသုံးပြုခြင်းနှင့် စီမံအုပ်ချုပ်မှုတို့အတွက် သတ်မှတ်ထားသော စံနှုန်းများ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ (ဆုံးဖြတ်ချက်များအား မည်သို့ချမှတ်ရမည်ဆိုသော စည်းကမ်းသတ်မှတ်ချက်များအပါအဝင်)။ ထိုကဲ့သို့ အဖွဲ့အစည်းများအား စူးစမ်းလေ့လာခြင်းဖြင့် အမှန်တစ်ကယ် ဆုံးဖြတ်ချက်ချမှတ်သူများမှာ မည်သူတို့ဖြစ်သည်၊ ဓလေ့ထုံးတမ်း စည်းကမ်းသတ်မှတ်ချက် များ၊ အဖွဲ့အစည်းများနှင့် အစိုးရတို့အကြား လုပ်ငန်းပိုင်း ဆက်စပ်နေမှုများ မည်သို့ရှိနေသည်တို့ကို ဖော်ထုတ်သိရှိနိုင်ပေမည်။

<u>သက်မွေးဝမ်းကျောင်းလုပ်ငန်းများ</u>

သက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုသည်မှာ "အသက်ရှင်သန် နေထိုင်မှုအတွက် လိုအပ်သော စွမ်းဆောင်နိုင်မှု၊ ပုံသေပိုင်ပစ္စည်းများ (သိုလှောင်ထားရှိမှု၊ ရင်းမြစ်များ၊ ပိုင်ဆိုင်ခွင့်များနှင့် ရယူသုံးစွဲပိုင်ခွင့်)နှင့် လုပ်ငန်းများ ပေါင်းစပ်ဖွဲ့စည်းထားခြင်း ဖြစ်သည်။ အသက်မွေးမှုသည် ရေရှည်တည်တံ့သည့်အပြင် ဖိစီးမှုများနှင့် ထိတ်လန့်တုန်လှုပ်ဖွယ်များမှ ပြန်လည်နာလံထူနိုင်၊ လိုက်လျောညီထွေနေနိုင်ရုံသာမက စွမ်းဆောင်နိုင်မှုနှင့် ပုံသေပိုင်ပစ္စည်းများကိုလည်း ထိန်းထားနိုင်စွမ်းရှိသည်။ ထို့အပြင် နောင်လာမည့်မျိုးဆက်သစ်များအတွက်ကိုလည်း ရေရှည်တည်တံ့မည့် အသက်မွေးမှုအခွင့်အလမ်းများကိုပါ ပံ့ပိုးနိုင်စွမ်းလည်းရှိသည်"။[12] ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များအား မှတ်တမ်းပြုစုသည့်အခါတွင် ဒေသခံလူထုများအနေဖြင့် ၎င်းတို့၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် မြေနှင့်သဘာဝသယံဇာတတို့အပေါ် မည်သို့မှီခိုနေကြသည်ကို ဤအစိတ်အပိုင်းအားဖြင့် စူးစမ်းလေ့လာနိုင်ပါသည်။ မည်သည်တို့ကို ရောင်းချကြသည် (ငွေကြေးအားဖြင့် ဝင်ငွေ)၊ မည်သည်တို့ကိုမူ မိသားစုဝမ်းစာအတွက် စားသောက်အသုံးပြုကြသည်ကိုလည်း ဤအစိတ်အပိုင်းထဲတွင်ပင် ထည့်သွင်းလွှမ်းခြုံပေးထားသည်။ နောက်ဆုံးဖော်ပြခဲ့သည့် အချက်မှာ အလွန်အရေးကြီးပေသည်။ "တစ်နေ့တာဝင်ငွေ တစ်ဒေါ်လာအောက်သို့ ရောက်ရှိနေသော ဆင်းရဲမွဲတေမှုမျဉ်း"စသည့် ဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်းများ အသုံးပြုတတ်ကြသည့် စီးပွားရေးပညာရှင်များနှင့် မူဝါဒချမှတ်သူ များသည် ဤအချက်ကို လျစ်လျူရှုထားတတ်ကြသည်။ အကျိုးဆက်အနေဖြင့် ဝမ်းစာဖူလုံမှုကို အဓိကထားသည့် အိမ်ထောင်စုများသည် အလွန်ဆင်းရဲပြီး ဘေးဒုက္ခခံစားရလွယ်သည်ဟု ယူဆမိတတ်ကြသည်။ လက်တွေ့တွင်မူ အဆိုပါအိမ်ထောင်စု အများစု၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် လုံခြုံခိုင်မာပြီး ရေရှည်တည်တံ့နေပါသည်။ စည်းရုံးတောင်းဆိုမှုလုပ်ငန်းများအတွက် ဤအချက်ကို အမြဲအရမှတ်တမ်းတင်ထားရမည်။

---

12 Chambers and Conway (1992: 7)

**ပဋိပက္ခဖြေရှင်းနည်းများ**

သဘာဝသယံဇာတဆိုင်ရာ ပဋိပက္ခများဆိုသည်မှာ မြေ၊ သဘာဝသယံဇာတများအား ရယူခွင့်၊ ထိန်းချုပ်ခွင့်၊ အသုံးပြုခွင့်တို့အတွက် အငြင်းပွားမှုများပင်ဖြစ်သည်။ ပဋိပက္ခဆိုသည်မှာ လူ့အဖွဲ့အစည်းတိုင်းတွင်ရှိတတ်ကြပြီး ၎င်းတို့အား မည်သို့ဖြေရှင်းရမည်ဆိုသော ကိုယ်ပိုင်ဖြေရှင်းနည်းများလည်း ရှိထားတတ်ကြသည်ပင်။[13] ပဋိပက္ခများ၏ အခြေခံအကြောင်းအရင်း (အကျိုးစီးပွားများ အပြိုင်ရယူလိုမှုနှင့် မည်သို့သော အကျိုး စီးပွားများဖြစ်သည်၊ အခွင့်အရေးများ သို့မဟုတ် ထိန်းချုပ်ပိုင်ခွင့်တို့အတွက် အပြိုင်ကြိုးပမ်းမှုများ)နှင့် ၎င်း ပဋိပက္ခများအား ဓလေ့ထုံးတမ်းဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် အစိုးရအဖွဲ့အစည်းများ သို့မဟုတ် နှစ်မျိုး စလုံးဖြင့် မည်သို့ ဖြေရှင်းကြသည်ကို သိရှိနိုင်ရန် ဤအစိတ်အပိုင်းအားဖြင့် စူးစမ်းဖော်ထုတ်နိုင်ပါသည်။

**ယဉ်ကျေးမှုဆိုင်ရာ စံတန်ဖိုးများ**

မြေယာဆိုသည်မှာ စီးပွားရေးအရ ပိုင်ဆိုင်မှုတစ်ခုသက်သက်သာ မဟုတ်ပါ။ ယဉ်ကျေးမှုဓလေ့အရနှင့် ကိုယ်စားပြုလက္ခဏာတစ်ရပ်အဖြစ် စံတန်ဖိုးများလည်း ရှိနေနိုင်ပါသည်။ မြေယာအား မည်သို့တန်ဖိုးထား သတ်မှတ်ကြသည်ဆိုသော အခြားအချက်အလက်များ ကိုလည်း ဤအစိတ်အပိုင်းအားဖြင့် ဖော်ထုတ်၍မှတ်တမ်းတင်ထားနိုင်ပေသည်။


ဤကဲ့သို့ အစိတ်အပိုင်းများအား ခွဲခြားလေ့လာခြင်းဖြင့် ရိုးရာဓလေ့အရ မြေယာလုပ်ပိုင်ခွင့်စနစ်များ၏ ရှုထောင့်အသီးသီးကို သဘောပေါက်နားလည်စေသည်မှန်သော်ငြား လက်တွေ့တွင်မူ အဆိုပါအစိတ်အပိုင်းများမှာ သီးသန့်ကွဲပြားနေခြင်း သို့မဟုတ် တစ်ခုတည်းရပ်တည်နေခြင်းမျိုး ရှိနိုင်မည်မဟုတ်ပေ။ ၎င်းတို့အကြားတွင် တစ်ခုနှင့်တစ်ခုဖုံးလွှမ်းနေပြီး ဆက်နွယ်နေလျှက်ရှိသည်။ ဆွေးနွေးညှိနှိုင်းမှုများတွင် ပေါ်ထွက်လာမည့် ပြဿနာများ သို့မဟုတ် ခေါင်းစဉ်အကြောင်းအရာများသည် အစိတ်အပိုင်းတစ်ခု သို့မဟုတ် အခြားတစ်ခုနှင့် သီးသန့်သက်ဆိုင်နေခြင်းမျိုး တွေ့ရခဲပါသည်။ ဥပမာ လမ်းဖောက်လုပ်မှုမှရရှိသည့် ဝင်ငွေအပေါ်တွင် မှီခိုစားသောက်နေရသူ များပြားလာခြင်းက ဒေသခံများ၏ မြေအသုံးပြုမှုနည်းလမ်းများ ပြောင်းလဲခြင်းအတွက် အဓိကတွန်းအားတစ်ရပ် ဖြစ်လာနိုင်ပေသည်။ ဤဖြစ်ရပ်မျိုးတွင် သက်မွေးလုပ်ငန်းများကိုသာမက မြေအသုံးချပုံများကိုပါ စူးစမ်းလေ့လာသင့်သည်။ ဦးတည်အုပ်စုအလိုက် ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများတွင် အစိတ်အပိုင်းတစ်ခုချင်းအား ဆွေးနွေးပွဲတစ်ခုချင်းအလိုက် ဖြေရှင်းနေစရာမလိုပေ။ (လက်တွေ့တွင်လည်း ထိုသို့ သီးသန့်ခွဲထုတ်ပြီး ဆွေးနွေးနိုင်မည်မဟုတ်ပေ)။

ထို့အပြင် အစိတ်အပိုင်းအားလုံးကို မှတ်တမ်းပြုစုရန် လိုအပ်မည်မဟုတ်ပေ။ လုပ်ငန်းစဉ် တစ်ခုလုံးအား နိုင်နိုင်နင်းနင်း စီမံခန့်ခွဲနိုင်ရေးအတွက် မိမိရည်မှန်းချက်နှင့် အကိုက်ညီဆုံးဖြစ်မည့် အစိတ်အပိုင်းအား ဦးစားပေးရွေးချယ်ရပေမည်။ ဤသို့ရွေးချယ်ခြင်းကို မှတ်တမ်းပြုစုခြင်းလုပ်ငန်း စီမံကိန်းရေးဆွဲခြင်း အဆင့်တွင် အထူးသဖြင့် အခန်း (၄) နှင့် (၅) တွင် ဆွေးနွေးတင်ပြခဲ့သည့်အတိုင်း ရပ်ရွာအဆင့်တွင် ကူညီပံ့ပိုးမည့်သူများအား လေ့ကျင့်သင်တန်းပေးသည့်အချိန်တွင် ဆောင်ရွက်ရပါမည်။

13 Chauveau & Mathieu (1998: 243)

## ရိုးရာမြေလုပ်ပိုင်ခွင့်မှ အဓိကအစိတ်အပိုင်းများ

မှတ်တမ်းပြုစုခြင်းလုပ်ငန်းများအားလုံးတွင် ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များ၏ အဓိကအစိတ်အပိုင်းသုံးခုကို ထည့်သွင်းထားသင့်ပေသည်။ ၎င်းတို့မှာ မြေအသုံးပြုမှုနှင့်စီမံခန့်ခွဲမှု၊ လုပ်ပိုင်ခွင့်နှင့် လွှဲပြောင်းပေးပိုင်ခွင့်နှင့် အဖွဲ့အစည်းများ ဖြစ်သည်။ ထိုအစိတ်အပိုင်းသုံးခုမှာ တစ်ခုစီသီးခြားတည်ရှိနေခြင်းမျိုးမဟုတ်ပေ။ အဆိုပါ အစိတ်အပိုင်းသုံးခု နီးနီးကပ်ကပ်ဆက်နွယ်နေကြပုံကို အောက်ဖော်ပြပါ ပုံ ၁၅ တွင် ရှင်းလင်းတင်ပြပေးထားပါသည်။




ပုံ ၁၅ - မြေအသုံးချမှု၊ လုပ်ပိုင်ခွင့်နှင့် အဖွဲ့အစည်းများတို့ ပါဝင်သည့် ရိုးရာမြေလုပ်ပိုင်ခွင့်၏ အဓိကအစိတ်အပိုင်းများ

ပုံ ၁၅ တွင် ပြထားသည့်အတိုင်းပင် မြေယာစီမံခန့်ခွဲအုပ်ချုပ်မှုသည် မြေအသုံးချမှု၊ လုပ်ပိုင်ခွင့်နှင့် အဖွဲ့အစည်းဟူသော အစိတ်အပိုင်းများ၏ဆုံမှတ်တွင် တည်ရှိနေကြောင်းတွေ့ရပေမည်။ အဆိုပါ အစိတ်အပိုင်းသုံးခုများအကြား ဆက်စပ်ယှက်နွယ်နေမှုများစွာရှိနေခြင်းကြောင့် ၎င်းအစိတ်အပိုင်းများကို တစ်ခုချင်းအားသီးခြားခွဲထုတ်၍ စူးစမ်းလေ့လာရန်မဖြစ်နိုင်ကြောင်းကိုလည်း ညွှန်းဆိုနေပေသည်။ ထိုအစိတ်အပိုင်းသုံးခုအနက် မည်သည့်ခေါင်းစဉ်အောက်တွင်မဆို ပြုလုပ်သည့် ဦးတည်အုပ်စုအလိုက် ဆွေးနွေးမှုများမှာလည်း အကြောင်းအရာတစ်ခုနှင့်တစ်ခု ရှောင်လွှဲရန်မဖြစ်နိုင်ပေ။ မြေအသုံးချမှုအကြောင်း ဆွေးနွေးသည့်အခါတွင် မြေအမျိုးအစားအလိုက် အသုံးပြုပုံအသီးသီး၊ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုတို့နှင့် ပတ်သက်သည့်စည်းမျဉ်းစည်းကမ်းများကိုလည်း စူးစမ်းလေ့လာသင့်ပေသည်။ လုပ်ပိုင်ခွင့်အား စူးစမ်းလေ့လာသည့်အခါ မတူညီသောလူအုပ်စုများအတွက် ရယူသုံးစွဲပိုင်ခွင့်နှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများအပြင် မြေယာလွှဲပြောင်းခွင့် (ရောင်းချခြင်း၊ အမွေပေးခြင်း စသည်)တို့အတွက် စည်းကမ်း သတ်မှတ်ချက်များကိုပါ ထည့်သွင်းလေ့လာရပါမည်။

အဆိုပါအစိတ်အပိုင်းသုံးခုသည် အချင်းချင်းမှီတည်ရောယှက်နေကြသည်ဆိုသော်ငြား မြေအသုံးချမှုနှင့် လုပ်ပိုင်ခွင့်စသည်တို့အကြား အယူအဆများကို ခွဲခြမ်းသုံးသပ်သင့်ပါသည်။ မြေအသုံးချမှု မြေပုံရေးဆွဲ ခြင်းနှင့် လုပ်ပိုင်ခွင့်ပြမြေပုံရေးဆွဲခြင်းတို့ကိုမူ မရောထွေးသင့်ပေ။

## ၆ – ၂ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များ၏ အစိကအစိတ်အပိုင်းများအား မှတ်တမ်းပြုစုခြင်း

အထက်တွင်ဖော်ပြခဲ့သည့် ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များ၏ အဓိကအစိတ်အပိုင်းများအား မှတ်တမ်းပြုစုခြင်း မည်သို့ဆောင်ရွက်ရမည်ကို ဤသင်ခန်းစာတွင် လမ်းညွှန်ချက်များ ထည့်သွင်းပေးထားပါသည်။ အစိတ်အပိုင်း တစ်ခုချင်းစီအတွက် မေးခွန်းများမှာ သီးသန့်အစုများအဖြစ် တည်ရှိနေသော်လည်း ဆက်နွယ်မှုများ ဖော်ထုတ်ပေးရမည့် ရောယှက်နေသော ခေါင်းစီးအကြောင်းအရာများ ရှိနေပါသေးသည်။ မိမိစူးစမ်းလေ့လာရန် ပြင်ဆင်ထားသည့် အစိတ်အပိုင်းများတွင်လည်း ၎င်းတို့ကို ပေါင်းစပ်ထည့်သွင်းပေးရပါမည် (အောက်ဖော်ပြပါ စာစု (က) ကို ကြည့်ပါ)။

စာစု (က) - အစိတ်အပိုင်းတစ်ခုချင်းစီတွင် ပေါင်းစပ်ထည့်သွင်းရမည့် ရောယှက်နေသည့် အကြောင်းအရာများ

စူးစမ်းလေ့လာရန် ပြင်ဆင်လျက်ရှိသည့် မှတ်တမ်းပြုစုမှုအစိတ်အပိုင်းအားလုံးတွင် ထည့်သွင်းဖြေရှင်းပေးရမည့် ရောယှက်နေသည့်ပြဿနာရပ်များကို မေးခွန်းများအဖြစ် အောက်တွင်ဖော်ပြပေးထားပါသည်။

- အဆိုပါ အစိတ်အပိုင်းများသည် အချိန်ကာလအလျောက် မည်သို့ပြောင်းလဲလာကြသနည်း။

ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုရာတွင် အချိန်ကာလတစ်ခုတွင် တည်ရှိနေဆဲဖြစ်သော ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်ကိုသာ မှတ်တမ်းပြုစုနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်၏ အစိတ်အပိုင်းတစ်ခုချင်းစီအတွက် ၎င်းတို့၏ အတိတ်မှအနေအထားနှင့် အချိန်ကာလအလိုက် မည်သို့ပြောင်းလဲခဲ့ကြသည်ကို မေးမြန်းပါ။

- မည်သည့်ကဏ္ဍများသည် အလုပ်ဖြစ်ပြီး ဆက်လက်ထိန်းသိမ်းထားသင့်သနည်း။ အနာဂတ်တွင် မည်သည့်အရာများကို ပြောင်းလဲပေးသင့်သနည်း။

ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များသည် အခြေအနေပေါ် မူတည်၍ ပြုပြင်ပြောင်းလဲနိုင်ပါသည်။ လက်ရှိ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များသည် ဒေသခံလူထုမှ ဆက်လက်ထိန်းသိမ်းထားလိုသည့် စနစ်များ ဖြစ်ချင်မှဖြစ်ပေမည်။ ထို့ကြောင့် ဦးတည်အုပ်စုအလိုက် ဆွေးနွေးပွဲများအပြီးတွင် ပါဝင်ကြသူများအား ၎င်းတို့အနေဖြင့် ၎င်းတို့၏မြေလုပ်ပိုင်ခွင့်စနစ်များကို အနာဂတ်တွင် မည်သို့ မြင်တွေ့လိုသည်ကို ပုံမှန်မေးမြန်းပြီး မှတ်သားထားရပါမည်။

- အစိတ်အပိုင်းတစ်ခုချင်းစီတွင် အမျိုးသားနှင့် အမျိုးသမီးတို့အကြား ကွဲပြားခြားနားချက်များ ရှိနေပါသလား။

အမျိုးသားနှင့် အမျိုးသမီးများအတွက် သတင်းအချက်အလက်များသည် အစိတ်အပိုင်းတစ်ခုတိုင်းတွင် ရှိနေနိုင်ပါသည်။ ရိုးရာမြေလုပ်ပိုင်ခွင့်ထဲတွင် ကျား/မခွင့်တူညီမျှမှုဆိုင်ရာ အကဲဖြတ် ဆန်းစစ်မှုကို အမျိုးသမီးသီးသန့် အုပ်စုဖွဲ့ဆွေးနွေးမှုများတွင်သာမက မှတ်တမ်းပြုစုခြင်းလုပ်ငန်း အားလုံးတွင် ပေါင်းစပ်ထည့်သွင်းထားရပါမည်။

ကျား/မတန်းတူညီမျှမှု ထည့်သွင်းစဉ်းစားခြင်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို အခန်း ၆ တွင် လေ့လာနိုင်ပါသည်။

## ကျေးရွာနှင့်ပတ်သက်သည့် အခြေခံသတင်းအချက်အလက်များ

ကျေးရွာနှင့်ပတ်သက်သည့် အခြေခံသတင်းအချက်အလက်များ ရယူထားခြင်းဖြင့် နောက်ထပ် ကျန်ရှိနေသေးသည့် ရိုးရာမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုလည်း ဒေသအခြေအနေနှင့်ကိုက်ညီစေပါသည်။ ဤအချက်မှာ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များ၏ အစိတ် အပိုင်းတစ်ခုမဟုတ်သဖြင့် အထက်တွင်ဖော်ပြခဲ့သော အပိုင်း(၁)တွင် ထည့်သွင်းထားရန်မလိုပါ။ သို့သော် ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အတွက်ကိုမူ အရေးပါသည့် ကနဦး လုပ်ငန်းစဉ်တစ်ခု ဖြစ်သောကြောင့် သတင်းအချက်အလက်များအတွက် သီးခြားအုပ်စုတစ်ခုအဖြစ် စူးစမ်းလေ့လာသင့်ပါသည်။ ဤကဲ့သို့ သတင်းအချက်အလက်များကို လုပ်ငန်းပြင်ဆင်ခြင်းအဆင့်၌ အချို့အဂက် ရရှိနိုင်ပြီး ကျေးရွာခေါင်းဆောင်များ သို့မဟုတ် အုပ်ချုပ်ရေးမှူးများအား မေးမြန်းမှတ်သားနိုင်ပါသည်။ အိမ်ထောင်စုများနှင့် မြေယာဆိုင်ရာ အုပ်ချုပ်မှုမှတ်တမ်းများမှ အချက်အလက်များသည် မှန်ကန်တိကျမှုမရှိနိုင်သော်ငြား မှတ်တမ်းများထိန်းသိမ်းထားခြင်းရှိမရှိ ဆန်းစစ်ကြည့်ပါ။

တည်နေရာဆိုင်ရာ စီမံအုပ်ချုပ်မှုအပိုင်း အချက်အလက်များ - ကျေးရွာအမည်။ အနီးဂန်းကျင်မှ ကျေးရွာများ၏ အမည်။ ကျေးရွာတည်ရှိနေသည့် ကျေးရွာအုပ်စုနှင့် ခရိုင်အမည်။

လူဦးရေအခြေပြ သတင်းအချက်အလက်များ - လူဦးရေအခြေပြ သတင်းအချက်အလက်များအား ကောက်ယူထားခြင်းဖြင့် ကျေးရွာအတွင်း မည်သူတို့နေထိုင်ကြသည်၊ လူဦးရေအနေအထားသည် မြေလုပ်ပိုင်ခွင့်အပေါ် မည်မျှလွှမ်းမိုးထားသည်တို့ကို သိရှိနားလည်စေပါသည်။ ဥပမာအားဖြင့် လုပ်ကိုင်ခွင့်ချထားပေးသည့်မြေများ၊ စက်ရုံများ သို့မဟုတ် အခြားသော စီမံကိန်းကြီးများတွင် အလုပ်လုပ်ကိုင်ရန်အတွက် ဤနယ်မြေအတွင်းသို့ ရွှေ့ပြောင်းအခြေချလာကြသူ များပြားသဖြင့် လူဦးရေတိုးပွားလာခြင်း။ သို့မဟုတ် သတ္တုတွင်းများ၊ မြို့ပြများနှင့် အခြားတိုင်းပြည်များတွင် အလုပ်လုပ်ကိုင်ရန် ကျေးရွာအတွင်းမှ လူငယ်လူရွယ်များ ထွက်ခွာသွားကြခြင်း။

သတ်မှတ်ထားသည့်ဒေသတွင် အိမ်ထောင်စုမည်မျှ နေထိုင်လျက်ရှိသနည်း။

အမျိုးသားမည်မျှ အမျိုးသမီး မည်မျှ နေထိုင်လျက်ရှိသနည်း။

အချိန်ကာလအလိုက် လူဦးရေပမာဏပြောင်းလဲမှုများ။ တိုးပွားလာခြင်းလော။ လျော့ပါးသွားခြင်းလော။ မည်သည့်အတွက်ကြောင့်နည်း။

လေ့လာရန် - ရွာသားများ၏ သက်တမ်းအတွင်း ကျေးရွာတွင် ပေါ်ပေါက်ခဲ့သည့် အထင်ကရ ပြောင်းလဲမှုများမှာ အဘယ်နည်း။ မြေအသုံးချမှုများ မည်သို့ပြောင်းလဲခဲ့သနည်း။ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များ မည်သို့ပြောင်းလဲခဲ့သနည်း။

မည်သူတို့နှင့် ပူးပေါင်းလုပ်ဆောင်ရမည် - သက်ကြီး ရွယ်အိုများနှင့် လူငယ်များအား အုပ်စုတစ်ခုအတွင်း အတူထည့်သွင်း၍ ဆွေးနွေးခိုင်းရမည်။

အသုံးချကိရိယာများ - ကျေးရွာနောက်ခံရာဇဝင်၏အချိန်ပြမျဉ်း၊ အတိတ်မှအနေအထား သို့မဟုတ် မြေအသုံးချခြင်းပြောင်းလဲမှုဆိုင်ရာ မြေပုံကြမ်းများအသုံးပြု၍ ဦးတည်အုပ်စုအလိုက် ဆွေးနွေးမှုများ။ အမျိုးသား၊ အမျိုးသမီး ရပ်မိရပ်ဖများအား တွေ့ဆုံမေးမြန်းမှုများ။

ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ သတင်းအချက်အလက်များ - ဤဒေသတွင် မည်သည့် တိုင်းရင်းသားလူမျိုးစုများ နေထိုင်လျက်ရှိသနည်း။ ဒေသအတွင်းရှိလူဦးရေ၏ ရာခိုင်နှုန်းမည်မျှမှာ အခြားတိုင်းရင်းသားများ ဖြစ်ကြသနည်း။ ဒေသခံများသည် မည်သည့်ဘာသာကို ကိုးကွယ်ယုံကြည်ကြသနည်း။

အခြေခံအဆောက်အဦများ - အခြေခံအဆောက်အဦဆိုင်ရာ သတင်းအချက်အလက်များ ရှိထားပါက ဒေသခံတို့၏ ရှင်သန်ဖြစ်တည်မှုနှင့် သယံဇာတရင်းမြစ်များအကြောင်းကို ပြည့်ပြည့်ဂဂသိရှိနိုင်ပေမည်။ ဒေသအတွင်းတွင် မည်သို့


သော အများပိုင်အဆောက်အအုံများ ရှိထားသနည်း။ စာသင်ကျောင်း၊ ကျန်းမာရေးဆေးပေးခန်း၊ အစိုးရရုံး စသည်တို့ ရှိပါသလား။ ရေသွင်းစိုက်ပျိုးသော စိုက်ခင်းများ ရှိပါသလား။ ကျေးရွာအတွင်းနှင့် ပြင်ပသို့ ဒေသခံများ မည်သို့ခရီးသွား ကြသနည်း။ လမ်းဖောက်လုပ်ထားမှုအခြေအနေ။

## ဒေသ၏ နောက်ခံရာဇဝင်

လက်ရှိအခြေအနေကို သိမြင်နိုင်ရုံသာမက အနာဂတ်ကာလတွင်ဖြစ်ပေါ်လာနိုင်သည့် အနေအထားများနှင့် ပြောင်းလဲမှုများကိုပါ ကြိုတင်ခန့်မှန်းနိုင်စေခြင်းကြောင့် ဒေသ၏နောက်ခံရာဇဝင်ကို မှတ်တမ်းပြုစုထားနိုင်ရေးသည် အလွန်အရေးကြီးပေသည်။ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ် စတင်စဉ်ကပင် နောက်ခံရာဇဝင်ကို မေးမြန်းထားသင့်ကြောင်း တိုက်တွန်းလိုပါသည်။ သို့မှသာ မှတ်တမ်းပြုစုရေးအဖွဲ့အနေဖြင့် လက်ရှိအနေအထားများအပေါ် နက်နက်ရှိုင်းရှိုင်း သုံးသပ်ရှုမြင်နိုင်စေပါမည်။ ထို့အပြင် မြေ၊ သယံဇာတရင်းမြစ်များအား ခွဲဝေချထားပေးမှုမညီမျှခြင်းများ၊ ရယူသုံးစွဲပိုင်ခွင့်နှင့် ပတ်သက်၍ အုပ်စုတစ်ခုနှင့်တစ်ခု မတူညီကြပုံများ၏ နောက်ခံအကြောင်းတရားများကို နားလည်သိမြင်လာပေမည်။


## မည်သို့ဆောင်ရွက်ရမည်နည်း

ကျေးရွာ၏ရာဇဝင်အကြောင်း ဆွေးနွေးနိုင်ရန်အတွက် သက်ကြီးရွယ်အိုများနှင့် လူငယ်လူရွယ်များကို အတူတကွ စုစည်းပါ။ ကျေးရွာ၏သမိုင်းကြောင်းအတွင်း ထူးခြားဖြစ်ရပ်များနှင့်ပတ်သက်၍ အချိန်ပြမျဉ်းတစ်ခု ရေးဆွဲပါ။ ရွာသားများ အနေဖြင့် ဖြစ်ရပ်အသီးသီးအတွက် ခုနှစ်သက္ကရာဇ်အတိအကျကိုမူ မှတ်မိနိုင်ကြမည်မဟုတ်ပေ။ ထို့ကြောင့် အချိန်ကာလကို ယေဘုယျတိုင်းတာနိုင်ရန်အတွက် ရာဇဝင်သမိုင်းအတွင်းမှ အထင်ကရဖြစ်ရပ်များကို ရည်ညွှန်းကိုးကားချက်များအဖြစ် ကူညီပံ့ပိုးသူမှ ထောက်ပြပြောဆို ပေးရပါသည်။ မြန်မာနိုင်ငံအတွင်းမှ ထူးခြားဖြစ်ရပ်နမူနာများအဖြစ် ဒုတိယကမ္ဘာစစ်အတွင်း ဤနယ်မြေ အုပ်ချုပ်သူများ ပြောင်းလဲသွားသည့်သာဓက၊ ဒေသအတွင်းမှ သိသာထင်ရှားသည့် လက်နက်ကိုင်တိုက်ပွဲများ၊ ဂါးသီးများ အစုလိုက်အပြုံလိုက် သီးပွင့်သည့်အချိန်နှင့် ထင်ရှားသည့် နိုင်ငံရေးပြောင်းလဲမှုတို့ကို အသုံးပြုနိုင်ပါသည်။ ကျေးရွာအတွင်းမှ သက်ရှိဖြစ်ရပ်များဖြင့်လည်း အချိန်ကိုတိုင်းတာပြနိုင်ပါသည်။ ဥပမာ - ဆွေးနွေးပွဲပါဝင်သူများ၏ သားသမီးများ မွေးဖွားခဲ့သည့်အချိန်၊ ၎င်းတို့ငယ်စဉ်ကအချိန် သို့မဟုတ် ယခင်မျိုးဆက်များအားရည်ညွှန်းပြီး ပြောဆိုခြင်း (၎င်းတို့၏မိဘများလက်ထက် သို့မဟုတ် ဘိုးဘွားများ လက်ထက်)။ အချိန်ပြမျဉ်းများအား တူညီရာခေါင်းစဉ်အလိုက် စုစည်းနိုင်ပါသည် သို့မဟုတ် အကြောင်းအရာတစ်ခုချင်းစီကို အရောင်များဖြင့် ခွဲခြားသတ်မှတ်နိုင်ပါသည်။



ဦးတည်အုပ်စုဆွေးနွေးမှုများတွင် အောက်ပါပြဿနာများကို လွတ်လပ်ပွင့်လင်းပြီး ပျော့ပြောင်းညင်သာစွာ ထည့်သွင်းဆွေးနွေးနိုင်ပါသည် -

- ဒေသအတွင်း အခြေချနေထိုင်လာသူများနှင့် ပြောင်းရွှေ့ဝင်ရောက်လာသူများ၏ ရာဇဝင် (ကနဦး အခြေချသူများ၊ ဒေသအတွင်း ဝင်ရောက်လာသူများ၊ ဒေသအတွင်းမှ ပြောင်းရွှေ့ထွက်ခွာသွားသူများ၊ ပြင်ပပုဂ္ဂိုလ်များ အစုအဝေးဖြင့် လာရောက်အခြေချကြသည့်အခါ အချိန်ကာလအပေါ် မူတည်၍ မြေယာများကို မည်သို့ရယူပိုင်ဆိုင်သွားကြသနည်း)
- ဒေသအပေါ် ရိုက်ခတ်လာခဲ့သည့် နိုင်ငံရေးထူးခြားဖြစ်ရပ်များ၊ ပဋိပက္ခများနှင့် အစိုးရ ပေါ်လစီများ
- သက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သိသာစွာရိုက်ခတ်ခဲ့သည့် အထင်ကရဖြစ်ရပ်များ (ဥပမာ - လမ်းသစ်များဖောက်လုပ်မှု၊ စီးပွားဖြစ်လွယ်သည့်သီးနှံများ စတင်ဝင်ရောက်လာမှု၊ စိုက်ပျိုးရေးသီးနှံဈေးကွက် အရှုံးပေါ်ခြင်း၊ သစ်တောကြိုးဝိုင်းနယ်မြေသတ်မှတ်မှု၊ စက်ရုံတည်ခြင်း၊ မြေယာသိမ်းဆည်းခံရမှုစသည်)
- ကျေးရွာအတွင်း ဒေသန္တရအာဏာပိုင်များ၏ နိုင်ငံရေးနှင့်အုပ်ချုပ်မှုဆိုင်ရာ ပြောင်းလဲမှုများ၊ မြေနှင့်သဘာဝသယံဇာတ စီမံခန့်ခွဲလျှက်ရှိသည့် အဖွဲ့အစည်းများအတွင်း ပြောင်းလဲမှုများ။
- စိုက်ပျိုးရေးနည်းပညာများနှင့်ပတ်သက်သည့် အထင်ကရကာလများနှင့် ဖြစ်ရပ်များ (နည်းပညာအသစ်များ၊ သီးနှံအသစ်များနှင့် မြေအသုံးပြုမှုအလေ့အထအသစ်များ စတင် ဝင်ရောက်လာခြင်း၊ ဈေးကွက်သို့ပေါက်ရောက်နိုင်မှု)
- ရိုးရာမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်သည့် အထင်ကရဖြစ်ရပ်များနှင့် ပြောင်းလဲမှုများ (ဥပမာ - ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှု၏ ပြောင်းလဲလာမှုများ၊ ကျေးရွာနယ်နိမိတ် ပြောင်းလဲမှုများ၊ မြေအသုံးချမှုပုံစံ ပြောင်းလဲလာပုံ၊ မြေနှင့်သယံဇာတရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် စည်းမျဉ်းစည်းကမ်းများ ပြောင်းလဲလာပုံ စသည်)
- ဒေသအတွင်း လူဦးရေပမာဏ ပြောင်းလဲလာမှုပုံစံကို ဆန်းစစ်နိုင်ရန်အတွက် ဖြစ်နိုင်မည်ဆိုပါက နေထိုင်သည့်အိမ်ထောင်စုအရေအတွက် အချိန်ကာလအလိုက် ပြောင်းလဲလာကြပုံကိုလည်း ထည့်သွင်းမေးမြန်းသင့်ပါသည်။ လူဦးရေ တိုးလာသလား။ လျော့သွားသလား။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။




ပုံ ၁၆ - သယံဇာတရင်းမြစ်ရယူသုံးစွဲနိုင်မှု ပြောင်းလဲသွားပုံများဆိုင်ရာ သတင်းအချက်အလက်များကို စုစည်းဖော်ပြထားသည့် အချိန်ပြမျဉ်းနမူနာ




ပုံ (၁၃) - အချိန်ကာလအလိုက်ပြောင်းလဲလာသော မြေအသုံးချမှုပုံစံများကိုပြသထားသည့် မြေကွက်ပုံနမူနာ
(source: E. Le Gal, N. Molinier – Analysis diagnosis, region of Wolayta/Damot Gale. CNEARC 2009)

## မြေအသုံးချမှုနှင့် မြေယာစီမံခန့်ခွဲမှု

### လေ့လာရန်

မြေကို မည်သို့အသုံးပြုနေကြသနည်း။ မြေအသုံးချမှုအမျိုးအစား တစ်ခုချင်းစီ၏ မြေအသုံးချမှု နှင့် သဘာဝသယံဇာတအသီးသီးထုတ်ယူမှုများအတွက် ကျေးရွာသားများ၏ အလေ့အထများ။ သယံဇာတရင်းမြစ်အသီးသီး၏ လက်ရှိအနေအထားနှင့် ပြောင်းလဲလာမှု ရာဇဝင်။

### အဖွဲ့အစည်းများ

အစိတ်အပိုင်းနှင့် တွဲစပ်လုပ်ဆောင်ရန် - မြေအသုံးချမှုတစ်ခုချင်းစီအတွက် ခွဲဝေချထားပေးခြင်း၊ အသုံးပြုမှုနှင့် စီမံခန့်ခွဲမှုတို့၏ ဒေသခံတို့မှ စည်းကမ်းသတ်မှတ်ချက်များ။ မြေအသုံးချမှုအမျိုးအစားများနှင့် သယံဇာတရင်းမြစ်များအား မည်သို့စီမံခန့်ခွဲနေကြသနည်း။

### မည်သူတို့နှင့် ပူးပေါင်းလုပ်ဆောင်ရမည်

ကျေးရွာခေါင်းဆောင်များ၊ သယံဇာတထုတ်ယူသုံးစွဲမှု ကျွမ်းကျင်ပညာရှင်များ၊ အမျိုးသား၊ အမျိုးသမီးများ (ဤအုပ်စုများအတွက် ရှင်းလင်းချက်ကို အပိုင်း ၆-၄ တွင် လေ့လာနိုင်ပါသည်)

### အသုံးချကိရိယာများ

မြေပုံကြမ်း၊ ဂြိုလ်တုမြေပုံများ၊ စကေးအတိုင်းအတာပြ မြေပုံများ၊ ကွင်းဆင်း လေ့လာမှုများ၊ ရာသီပြ ပြက္ခဒိန်၊ တွေ့ဆုံမေးမြန်းမှုများ

ဦးတည်အုပ်စုဆွေးနွေးပွဲတစ်ခုဖြင့်စတင်ပါ။ ဤဒေသအတွင်း မည်သို့သော မြေအသုံးချမှုပုံစံများ ရှိနေသည်ကို မေးမြန်းပြီးလျှင် အဆိုပါပုံစံအသီးသီးအတွက် မြေပုံကြမ်းတစ်ခု စုပေါင်းရေးဆွဲပါ။ စကေးအတိုင်းအတာပြမြေပုံတစ်ခုရေးဆွဲမည်ဆိုလျှင် အဆိုပါဒေသအားရိုက်ကူးထားသည့် Google Earth ဓါတ်ပုံများကို ရိုက်နှိပ်ထားသောဗီနိုင်းပိုစတာသည် အလွန်အသုံးဝင်ပြီး စာရွက်အကြည်ဖြင့် ထပ်၍ ကူးယူရေးဆွဲနိုင်ပါသည်။ ယခင်ရေးဆွဲခဲ့သည့် မြေပုံကြမ်းများ (မြေပုံရေးဆွဲခြင်းလုပ်ငန်းစဉ်အတွက် အပိုင်း ၆-၅ ကို ကြည့်ပါ)တွင် ပြင်ဆင်ခြင်း၊ ထပ်ဖြည့်ခြင်းတို့ကို ဦးတည်အုပ်စုတိုင်းတွင် ဆောင်ရွက်ခိုင်းပါ။

မြေပုံရေးဆွဲရာတွင်ပုံကြမ်းကိုတိုက်ရိုက်ရေးဆွဲခြင်းသည်တစ်ခါတစ်ရံအခက်အခဲရှိနိုင်ပါသည်။ မြေပြင်တွင် ကျေးရွာရှိအရင်းအမြစ်အချို့ကိုအသုံးပြုပြီးရေးဆွဲခြင်းမှစလျှင် အများပိုမိုပါဝင်နိုင်ပြီးပိုမိုအဆင်ပြေစေနိုင်ပါသည်။



မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ဦးတည်အုပ်စုတစ်ခုပြောင်းသွားတိုင်း မြေပုံကြမ်းများကို အကြိမ်ကြိမ် ပြန်လည်ရေးဆွဲရနိုင်သည်ဖြစ်ရာ သတင်းအချက်အလက်များ၏ မှန်ကန်တိကျမှုသည်လည်း ပိုမိုခိုင်မာလာနိုင်ပါသည်။ မြေအသုံးချမှုပုံစံ အမျိုးမျိုးရှိနေတတ်သဖြင့် အမိအရ မှတ်တမ်းတင်ထားနိုင် ရပါမည်။ (မြေကွက်တစ်ခုတည်း၌ပင် အသုံးချမှုပုံစံ အမျိုးမျိုးရှိနေတတ်သည်)

မြေအသုံးချမှုပုံစံအမျိုးအစားများ၏ စာရင်းအကြမ်းကို ရပ်ရွာအတွင်းကူညီပံ့ပိုးပေးမည့်သူများအား လေ့ကျင့်သင်ကြားပေးစဉ်ကပင် ရေးဆွဲပြုစုထားမည်ဆိုပါက မေးခွန်းများကြိုတင်ပြင်ဆင်ရာနှင့် ဦးတည်အုပ်စုများ နှင့်အတူ မြေပုံကြမ်းရေးဆွဲရာတို့တွင် အထောက်အကူဖြစ်စေပါသည်။ မြေအသုံးချမှုပုံစံအမျိုးမျိုးတို့တွင် ဆည်ရေသောက်လယ်၊ မိုးကောင်းသောက်လယ်၊ ဥယျာဉ်၊ ခြံ၊ ရွှေ့ပြောင်းတောင်ယာ၊ ရေထိန်းတော၊ တောအုပ်၊ ထင်းရှူးတော၊ ဓနိတော၊ ဂါးတော၊ ဘာသာရေးအထွတ် အမြတ်ထားသည့်နယ်မြေ၊ စားကျက်မြေ၊ ကျောက်သားဆန်သည့်မြေ၊ ပျားတော၊ ရပ်ရွာလူထု အပန်းဖြေသည့်နေရာ၊ ရေကန်၊ ရေအိုင်၊ မြစ်၊ စမ်းချောင်း၊ ငါးမွေးကန်၊ ဘုံစားအင်း၊ ငါးမဖမ်းရဇုန် စသည်တို့ ပါဝင်ပေသည်။

## မြေအသုံးချမှု

မြေအသုံးချမှုအမျိုးအစားတစ်ခုချင်းစီအလိုက် ဆွေးနွေးပါ။ အမျိုးအစားတစ်ခုချင်းစီအတွက် အောက်ပါအတိုင်း မေးမြန်းပါ -

- ဤမြေအား အသုံးချသည့်ပုံစံအမျိုးမျိုးကို ပြောပြပါ။
- စိုက်ပျိုး၍ရနိုင်သည့်မြေအမျိုးအစားဖြစ်ပါက တစ်နှစ်တာရာသီများအတွင်း မည်သည့် သီးနှံ များကို စိုက်ပျိုးကြသနည်း။
- မည်သည့်ထွက်ကုန်များ (သစ်၊ လောင်စာထင်း၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း၊ တိရိစ္ဆာန်များ၊ ကျောက်၊ ဆည်ရေဖောက်လုပ်သွယ်တန်းခြင်း)ကို ထုတ်ယူသုံးစွဲပါသနည်း။
- မြေအသုံးချမှုပုံစံအမျိုးမျိုးအတွက် ရယူသုံးစွဲပိုင်ခွင့်နှင့် အသုံးပြုခွင့်များအတွက် သတ်မှတ် ထားသည့် စည်းမျဉ်းစည်းကမ်းများမှာ အဘယ်နည်း။ မည်သူများမှ ရယူသုံးစွဲခွင့်ရှိသနည်း။ ထိုအတွက် ဆုံးဖြတ်ချက်များ မည်သို့ချမှတ်ကြသနည်း။
- NTFP များနှင့် အခြားသောသယံဇာတများ ထုတ်ယူသုံးစွဲခွင့်အတွက် စည်းမျဉ်းစည်းကမ်းများကို မည်သို့ သတ်မှတ်ထားသနည်း။ အဆိုပါစည်းမျဉ်းများသည် အချိန်ကာလအလိုက် ပြောင်းလဲလာခဲ့ကြပါသလား။
- မည်သည့်သယံဇာတရင်းမြစ်များ ပေါ်ကြွယ်ပြီး မည်သည်တို့ ရှားပါးသနည်း။
- မြေအမျိုးအစားနှင့် သယံဇာတအမျိုးမျိုးကို မည်သူတို့က ထုတ်ယူသုံးစွဲနေကြပါသနည်း။ မည်သူတို့ကကော ထုတ်ယူသုံးစွဲခြင်း မပြုကြသနည်း။ အဘယ့်ကြောင့်နည်း။

ဓလေ့ထုံးတမ်းစနစ်နှင့် ဒေသအခြေအနေအပေါ် မူတည်၍ အချို့သော မြေအသုံးချမှုပုံစံများကို အခြားပုံစံများထက် ပိုမိုဦးစားပေးပြီးမှတ်တမ်းပြုစုရခြင်းမျိုး ရှိတတ်ပါသည်။ ပြည်ထောင်စုအစိုးရ၏ လက်ရှိ ဥပဒေမူဘောင်များတွင် ရွှေ့ပြောင်း တောင်ယာဒေသများအား အသိအမှတ်ပြုပေးထားခြင်းမရှိသဖြင့် ရွှေ့ပြောင်း တောင်ယာဓလေ့များနှင့် အလုပ်ကျအနား ပေးသည့်စက်ဝန်းအတွင်း ထိုမြေများပေါ်ရှိ အသုံးချပုံစံ အမျိုးမျိုးကို အထူးအလေးထား၍ မှတ်တမ်းပြုစုသင့်ပါသည်။

လက်ရှိဥပဒေသတ်မှတ်ချက်များအရ သစ်တောအသုံးပြုမှုအများစုကို အသိအမှတ်ပြုထားခြင်း မရှိသဖြင့် သစ်တော များအား ဒေသခံလူထုမှ စီမံခန့်ခွဲမှုများကိုလည်း လေ့လာမှတ်သားသင့်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြေဧရိယာစုစုပေါင်း ၏ ၃၀% ခန့်ကို သစ်တောနယ်မြေအဖြစ် အမျိုးအစားသတ်မှတ်ထားပြီး MONREC မှ ကြီးကြပ်စီမံလျက်ရှိသည်။ ဒေသခံလူထု မှ ရယူသုံးစွဲမှုများကို အစုအဖွဲ့ပိုင် သစ်တော ထူထောင်ခွင့်လက်မှတ်အားဖြင့် အသိအမှတ်ပြုခံရမှု လျော့ကျထားနိုင်ပါသည်။ အချို့ဒေသများတွင် ၎င်းတို့မှ ရိုးရာဓလေ့အတိုင်း စီမံခန့်ခွဲလျက်ရှိသည့် သစ်တောများ၌ လုပ်ပိုင်ခွင့်များ လုံခြုံခိုင်မာရေး အတွက် အဆိုပါအသိအမှတ်ပြုလက်မှတ်သည် အသုံးဝင်သည့် နည်းလမ်းတစ်ခုပင်ဖြစ်သည်ဟုဆိုကြသည်။ ရိုးရာဓလေ့ အတိုင်းသစ်တောစီမံခန့်ခွဲမှုများကို အသိအမှတ်ပြုထားခြင်းမရှိသောကြောင့် သစ်တောစီမံခန့်ခွဲမှု အကြောင်းကို အဖွဲ့လိုက် ဆွေးနွေးမှုများတွင် ထည့်သွင်းပေးသင့်ပါသည်။

## မြေစီမံခန့်ခွဲမှု

မြေအသုံးချမှုအမျိုးအစား တစ်ခုချင်းစီအတွက် မြေကို မည်သို့ခွဲဝေချထားပေးသည်၊ မည်သို့စီမံခန့်ခွဲလျှက်ရှိသည်၊ စီမံခန့်ခွဲမှုအတွက် မည်သို့သော စည်းမျဉ်း စည်းကမ်းများ သတ်မှတ်ထားသည်ကို ဆွေးနွေးပါ။ ဖြစ်နိုင်မည်ဆိုပါက ခိုင်လုံတိကျသည့် သာဓကများ မေးမြန်းရယူပါ။

အောက်ပါမေးခွန်းများကိုလည်း ထည့်သွင်းအသုံးပြုနိုင်ပါသည် -

- အုပ်စုအဖွဲ့များ၏ နယ်နိမိတ်များကို ရှင်းလင်း တိကျစွာ သတ်မှတ်ထားပါသလား။ မြေ၊ ၎င်းနှင့် ဆက်စပ်နေသော သယံဇာတရင်းမြစ်များကို မည်သူမှ ရယူအသုံးပြုခွင့်ရှိသည် သို့မဟုတ် မရှိပါဟူသော သတ်မှတ်ချက်များကကော ရှင်းလင်းတိကျမှု ရှိပါသလား။
- စည်းမျဉ်းစည်းကမ်းများအား လကဒ်တွေ့ဖော်ဆောင်မှုကော ရှိပါသလား။ မည်သို့ ဖော်ဆောင်ကြသနည်း။ လက်တွေ့ဖော်ဆောင်မှု(စောင့်ကြည့်စစ်ဆေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း) တွင် မည်သူတို့ ပါဝင်ကြသနည်း။
- ဤမြေအသုံးချမှုအမျိုးအစားအတွက် သတ်မှတ်ထားသောစည်းမျဉ်းတစ်ခုကို တစ်စုံတစ်ဦးမှ ချိုးဖောက်ခဲ့ပါက မည်သို့ အရေးယူကြသနည်း။ စည်းကမ်းချိုးဖောက်မှု အသီးသီးအလိုက်/ ပမာဏအလိုက် မည်သို့သော ပြစ်ဒဏ်များ သတ်မှတ်ထားသနည်း။ အမှန်တစ်ကယ်ကော ဖြစ်ပေါ်ခဲ့ဖူးပါသလား။
- စည်းမျဉ်းစည်းကမ်းများကကော ပြောင်းလဲခဲ့ဖူးပါသလား။ စည်းမျဉ်းများကို မည်သို့ ပြောင်းလဲနိုင်ပါသလဲ။ မည်သူတို့ ပါဝင်ပတ်သက်နေပါသလဲ။ (နမူနာပေးပါ)
- အငြင်းပွားမှုတစ်ခု ပေါ်ပေါက်ခဲ့ပါက မည်သို့ဖြေရှင်းပေးပါသနည်း။ နမူနာဖြစ်ရပ်များ။

တစ်နှစ်တာကာလအတွင်း သစ်တောအား စီမံခန့်ခွဲမှု သို့မဟုတ် ရွှေ့ပြောင်းတောင်ယာအား နှစ်ကာလ ကြာရှည်စွာ စီမံခန့်ခွဲမှုများအတွက် လုပ်ငန်းအဆင့်များကို ရာသီပြ ပြက္ခဒိန်တွင် လေ့လာနိုင်ပါသည်။

အကယ်၍ မိမိ၏ရည်ရွယ်ချက်သည် ဒေသခံလူထု၏ မြေနှင့် သယံဇာတရင်းမြစ်များ စီမံခန့်ခွဲမှုအား ပိုမိုကောင်းမွန်စေလိုသည် သို့မဟုတ် ရိုးရာမြေလုပ်ပိုင်ခွင့် အသိအမှတ်ပြုခံရမှု ပိုမိုပီပြင်လာစေရေးအတွက် အထောက်အထားများ ကောက် ယူစုဆောင်းလိုသည်ဆိုပါက အဆိုပါ ရင်းမြစ်စီမံခန့်ခွဲမှု စည်းမျဉ်းများအား မှတ်တမ်းတင်ခြင်းကို အချိန်ယူဆောင်ရွက်ရပါမည်။ ဒေသခံလူထုအားလုံးမှ စည်းမျဉ်းမူကြမ်းများအကြောင်း ဆွေးနွေးခြင်းနှင့် ပြင်ဆင်ခြင်းတို့တွင် ပါဝင်ခွင့်ရရှိစေရေးကို သေချာစေရန် ဆောင်ရွက်ထားရပါမည်။ ဒေသခံတို့အနေဖြင့် စည်းမျဉ်းအသစ်များ သို့ မဟုတ် မြေအသုံးချမှု ပုံစံအသစ်များ ထပ်မံထည့်သွင်းခြင်း ပြုမပြု (ဥပမာ - ကာကွယ်ထိန်းသိမ်းရမည့် သစ်တောဧရိယာ၊ သို့မဟုတ် အမဲ


<u>ရင်းမြစ်စီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းများ</u> -

ရင်းမြစ်များစီမံခန့်ခွဲမှုအတွက် ဒေသတွင်း စည်းမျဉ်းများ ရေးသားရာတွင် ရင်းမြစ်များ အသုံးချခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့ ဖိတ်ခေါ် ပါဝင်စေပါက ပိုမိုကောင်းမွန်ပါသည်။ သစ်တောများ၊ ပရဆေးပင်များ၊ ရွှေ့ပြောင်း တောင်ယာများနှင့် ပညာရှင်ဆိုင်ရာ ဗဟုသုတများလိုအပ်သည့် အခြားရင်းမြစ်များအတွက် စည်းမျဉ်းများရေးဆွဲခြင်းကို အဆိုပါအဖွဲ့များအား တာဝန်ပေးထားနိုင်ပါသည်။

စည်းမျဉ်းများအကြောင်း ဆွေးနွေးသည့်အခါ စည်းမျဉ်းတစ်ခုချင်းစီအတွက် အကြောင်းပြချက်များကို အဖွဲ့အား မေးမြန်းပါ။ စည်းမျဉ်းတစ်ခုချင်းစီအတွက် စေ့ဆော်မှုများနှင့် ရည်မှန်းချက်ပန်းတိုင်များဖြင့် ဆွေးနွေးမှုများကို ဦးဆောင်ပေးပါ။ သို့မှသာ အဆိုပါစည်းမျဉ်းများအား ဖန်တီးခြင်းနှင့် ပိုမိုခိုင်မာစေခြင်းတို့၏ ရည်ရွယ်ချက်များကို လူတိုင်း ရှင်းလင်းတိကျစွာ သဘောပေါက် နားလည်လာကြမည်။

အဆိုပါစည်းမျဉ်းများကို နောင်အခါတွင် ပြင်ဆင်လိုပါက မည်သို့လုပ်ဆောင်ရမည်ဆိုသော လုပ်ငန်းစဉ်များကိုလည်း စည်းမျဉ်းများတွင် ထည့်သွင်းထားကြောင်း သေချာနေရမည်။

မလိုက်ရနယ်မြေ)ကို ဂင်ရောက်ဆုံးဖြတ်ပိုင်ခွင့် ရှိနေစေရမည်။ ဤဖြစ်ရပ်မျိုးတွင် အခြားသော ရွေးချယ်ပိုင်ခွင့်များအကြောင်း ဆွေးနွေးတိုင်ပင်မှုများ အစပျိုးနိုင်ရေးအတွက် သစ်တောများတွင် မည်သည့်တို့အား ခွင့်ပြုထားသည်၊ မည်သည့်တို့ကိုမူ ခွင့်ပြုမထားပါ စသည်တို့နှင့်ပတ်သက်သော အသေးစိတ်မေးခွန်းများကို မေးမြန်းပေးရပါမည်။



ပုံ (၁၄) - တောင်သူလယ်သမားနှင့် မြေယာလုပ်သားများ သမဂ္ဂ (FLU) မှ ဆောင်ရွက်ခဲ့သည့် ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်မှ မြေအသုံးချမှုပြမြေပုံ

## ရင်းမြစ်များ လုပ်ပိုင်ခွင့်နှင့် လွှဲပြောင်းပေးပိုင်ခွင့်

ဤအစိတ်အပိုင်းအတွက်ကိုမူ အခြားအဖွဲ့များနှင့် ယခင်ကတည်းကရေးဆွဲခဲ့ပြီးသော မြေအသုံးချမှုဆိုင်ရာ မြေပုံကြမ်းများအား အသုံးပြု၍ ဦးတည်အုပ်စုအလိုက်ဆွေးနွေးပွဲများပြုလုပ်ပါ။ ကျေးရွာအတွင်း မတူညီသော လုပ်ပိုင်ခွင့်ပုံစံများကို ပြသနေသည့် နောက်ထပ်မြေပုံတစ်ခုရေးဆွဲပြီး မြေအသုံးချမှုပြမြေပုံနှင့် နှိုင်းယှဉ်သုံးသပ်နိုင်ပါသည်။

မြေအသုံးချမှုအမျိုးအစားများအနက် အဓိကကျသောအမျိုးအစားတစ်ခုချင်းစီအတွက်ကို အောက်ပါအတိုင်း မေးမြန်းနိုင်ပါသည်။

- ဤမြေအသုံးချမှုအမျိုးအစားတွင် မည်သို့သောလုပ်ပိုင်ခွင့်များ ရှိပါသလဲ။ ပြည်သူပိုင်လား နိုင်ငံတော်ပိုင်လား။ ပုဂ္ဂလိကပိုင်လား။ ဘုံပိုင်လား။ လွတ်လပ်စွာရယူသုံးစွဲနိုင်တဲ့ အမျိုးအစားလား။ ပူးတွဲစီမံခန့်ခွဲမှုလား။[14]
- ဤမြေအသုံးချမှုအမျိုးအစားတွင် မတူညီသော သယံဇာတရင်းမြစ်များအတွက် မတူညီသော အခွင့်အရေးတွေက ဘာတွေလဲ။

14 ဤအချက်မှာ တစ်ခါတစ်ရံတွင် ရောထွေးနေနိုင်ပါသည်။ ဥပမာ - တရားဝင်သတ်မှတ်ချက်များအရ သစ်တောသည် နိုင်ငံတော်ပိုင်ဖြစ်သော်လည်း ထိုသစ်တောထဲတွင် ရိုးရာမြေလုပ်ပိုင်ခွင့်အရ အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကပိုင် သို့မဟုတ် ဘုံပိုင်မြေကွက်များ ပါဝင်နေနိုင်သည်။

- ဘယ်သူတွေက အဲဒီအခွင့်အရေးတွေကို ခံစားခွင့်ရှိပါသလဲ။
- ဤမြေအသုံးချမှုအမျိုးအစားအတွက် ပိုင်ဆိုင်မှုကိုဖော်ညွှန်းနိုင်သည့် စာရွက်စာတမ်းများ ရှိထားပါသလား (အစိုးရမှထုတ်ပေးထားသည့် လျှောက်လွှာပုံစံများ၊ အခွန်ပေးဆောင် ထားသည့် ဖြတ်ပိုင်းများ၊ အခြားမှတ်တမ်းများ)
- ဒီမြေအသုံးချမှုအမျိုးအစားကို မပိုင်ပေမယ့် ရယူသုံးစွဲနိုင်တဲ့သူတွေရှိပါသလား။ သူတို့က ဘာတွေကို ရယူသုံးစွဲနိုင်ကြပါသလဲ။
- အခွင့်အရေးခံစားခွင့်နဲ့ အခွင့်အရေးကို လွှဲပြောင်းပေးပိုင်ခွင့်နဲ့ပတ်သက်ပြီး စည်းမျဉ်း စည်းကမ်းတွေ သတ်မှတ်ထားတာမျိုးရှိပါသလား။ အဲဒီစည်းမျဉ်းတွေကကော ပြောင်းလဲမှုတွေ ရှိခဲ့ဖူးပါသလား။ ရှိခဲ့ရင်ကော ဘယ်လိုပြောင်းလာကြသလဲ။

ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုသည့်အခါတွင် ပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေးများကိုသာမက ရယူသုံးစွဲမှုဆိုင်ရာ အခွင့်အရေးများကိုပါ မှတ်တမ်းတင်ရပါမည်။ ရယူသုံးစွဲမှုဆိုင်ရာ အခွင့်အရေးများကို များသောအားဖြင့် ကျေးရွာအတွင်းမှ ဆင်းရဲနွမ်းပါးသူများက သုံးစွဲလေ့ရှိကြသည်။ မြေယာကို "ပိုင်ဆိုင်ခြင်း" မရှိသည့်တိုင် ထိုမြေအား ဂင်ရောက်အသုံးပြုခွင့် ရှိနေနိုင်သေးသည်။ ဥပမာ - အခြားသူများမှ ပိုင်ဆိုင်ထားသည့် သစ်တောနှင့် ရွှေ့ပြောင်းတောင်ယာလုပ်မြေအတွင်း အလေ့ကျ ပေါက်ရောက်နေသည့် အသီးအရွက်များ ဂင်ရောက်ခူးဆွတ်ခြင်းကို ခွင့်ပြုပေးထားတတ်ကြသည်။ မြေမပိုင်သူများအနေဖြင့် အခြားသူတစ်ဦးတစ်ယောက်၏ မြေပေါ်တွင် နှစ်တိုသီးနှံတစ်ခုခုကို တစ်ရာသီစာ အခမဲ့ သို့မဟုတ် ငှားရမ်းခပေး၍ ဂင်ရောက်စိုက်ပျိုးနိုင်သည်။

> လေ့လာရန် -
>
> လုပ်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ - ဓလေ့ထုံးတမ်းစနစ်များတွင် မြေ၊ ရင်းမြစ်များဆိုင်ရာ အခွင့်အရေး များအား မည်သို့သတ်မှတ် ပြဌာန်းပေးထားသနည်း။ မည်သူတို့ သည် အခွင့်အရေး ခံစားခွင့်ရှိပါသနည်း။ တစ်ဦးချင်း အလိုက်၊ အိမ်ထောင်စုအလိုက်၊ မိသားစု အလိုက်၊ ကျေးရွာအလိုက်၊ မျိုးနွယ်စုအလိုက်၊ လူမျိုးစုအလိုက်နှင့် ဘိုးဘေးစဉ်ဆက်အလိုက် ဆက်ခံမှုများကို စုံစမ်းမေးမြန်းပါ။ ကျေးရွာအတွင်းမှ မည်သူမဆို ထုတ်ယူသုံးစွဲနိုင်သည့် ရင်းမြစ်များအား သတ်မှတ်ပေးထားခြင်းရှိပါသလား။ အခြားကျေးရွာများနှင့်လည်း ဝေမျှသုံးစွဲ နိုင်ကြောင်း ပြဌာန်းသတ်မှတ်ပေးထားသည့် ရင်းမြစ်များ (ရေ၊ သစ်တော၊ စားကျက်မြေ) ရှိ ထားပါသလား။
>
> အခွင့်အရေး ရယူပိုင်ခွင့်နှင့် လွှဲပြောင်းပိုင်ခွင့် - မြေ၊ သယံဇာတရင်းမြစ်များအား ရယူသုံးစွဲပိုင်ခွင့်ကို မည်သို့ရယူကြသနည်း။ အမွေလွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်း အစရှိ သည့် မြေရယူပိုင်ဆိုင်နိုင်သော နည်းလမ်းများ နှင့် စည်းကမ်းသတ်မှတ်ချက်များကို မေးမြန်း ပါ။
>
> မည်သူတို့နှင့် ပူးပေါင်းလုပ်ဆောင်ရမည် - ဘေးဖြစ်လွယ်သည့်အုပ်စုများတွင် ပါဂင် သူများနှင့် ဦးတည် အုပ်စုအလိုက် ဆွေးနွေးပွဲများ၊ အိမ်ထောင်စုအလိုက် တွေ့ဆုံမေးမြန်းမှုများ။
>
> အသုံးချကိရိယာများ - မြေပုံကြမ်း၊ ဂြိုလ်တုမြေပုံများ၊ စကေးအတိုင်းအတာပြ မြေပုံများ အသုံးပြု၍ ဦးတည်အုပ်စုဆွေးနွေးပွဲများ ကျင်းပခြင်း

## လွှဲပြောင်းပေးပိုင်ခွင့်

အခွင့်အရေးအား လွှဲပြောင်းပေးကမ်းခြင်းနှင့် အခွင့်အရေးများ ခံစားပိုင်ခွင့်တို့ကိုလည်း ထည့်သွင်း ဆွေးနွေးသင့်ပါသည်။ မြေယာအတွက် ပိုင်ဆိုင်သူပြောင်းလဲခြင်းနှင့်ပတ်သက်၍ "ပိုင်ဆိုင်မှု" အမျိုးအစားအလိုက် မတူညီသောစည်းကမ်းသတ်မှတ်ချက်များ ရှိနေတတ်ပါသည်။ အမွေလွှဲပြောင်း ပေးခြင်းနှင့်ပတ်သက်၍ မည်သည့်စည်းကမ်းများသတ်မှတ်ထားပါသနည်း။ အမွေဆက်ခံပိုင်ခွင့်တွင် အမျိုးသားနှင့် အမျိုးသမီးတို့အကြား ကွဲပြားမှုများရှိနေပါသလား။ မြေယာရောင်းချမှု အတွက် မည်သည့်စည်းမျဉ်းများ သတ်မှတ်ထားပါသနည်း။ မတူညီသော မြေနှင့်သယံဇာတရင်းမြစ်အမျိုးအစားများအတွက် မတူညီသော စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားပါသလား။

ဤအချက်သည် အမွေလွှဲပြောင်းပေးခြင်း ("မင်္ဂလာ"လက်ဖွဲ့အဖြစ်ပေးကမ်းခြင်းလည်း ပါဝင်သည်)၊ ရောင်းချခြင်း၊ လှူဒါန်းပေးကမ်းခြင်းတို့ကဲ့သို့ အမြဲတမ်းအဖြစ်လွှဲပြောင်းပေးခြင်းများ နှင့် အငှားချ ထားပေးခြင်း/သီးနှံခွဲယူခြင်း သို့မဟုတ် အခမဲ့ငှားရမ်းခြင်းတို့ကဲ့သို့ ယာယီလွှဲပြောင်းပေးခြင်းများ ကိုပါ လွှမ်းခြုံထားပါသည်။

## အဖွဲ့အစည်းများ


"အဖွဲ့အစည်း"အစိတ်အပိုင်းအောက်တွင် အဓိကစူးစမ်းလေ့လာသင့်သည့် အကြောင်းအရာများမှာ - မြေနှင့်သဘာဝသယံဇာတများ စီမံခန့်ခွဲမှုအတွက် အဓိကကျသည့် ဆုံးဖြတ်ချက်ချမှတ်သူများမှာ မည်သူတို့ဖြစ်ကြသနည်း။ မည်သည့်အကြောင်းအရာများပေါ်တွင် အဆုံးအဖြတ်ပေးနိုင်ကြသနည်း။ ဆုံးဖြတ်ချက်များကို မည်သို့ချမှတ်ကြသနည်း။ အာဏာပိုင်ပုဂ္ဂိုလ်အသီးသီးအကြား ဆက်စပ်မှုများ မည်သို့ရှိနေကြသနည်း။ အစိတ်အပိုင်းများအား စူးစမ်းလေ့လာမှုများတစ်ခုနှင့်တစ်ခု ရောယှက်ခြင်း မရှိစေရန်အတွက် "မြေအသုံးချမှုနှင့်စီမံခန့်ခွဲမှု" အစိတ်အပိုင်းအောက်တွင် သီးခြားလေ့လာရမည့် မြေအသုံးချမှုနှင့်စီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းများ၊ "လုပ်ပိုင်ခွင့်" အစိတ်အပိုင်းအောက်တွင် သီးခြား လေ့လာရမည့် လုပ်ပိုင်ခွင့်နှင့် ပတ်သက်သောစည်းမျဉ်းများကို "အဖွဲ့အစည်း"အစိတ်အပိုင်းအောက်၌ မှတ်တမ်းပြုစုခြင်းကို ရှောင်ကြဉ်ရပါမည်။

## ဆက်လက်ဆောင်ရွက်ရန်

ဦးတည်အုပ်စုအလိုက်ဆွေးနွေးပွဲတစ်ခု စတင်ပါ။ မြေ၊ သဘာဝသယံဇာတများ စီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသောအဖွဲ့အစည်းများအား သတ်မှတ်ဖော်ထုတ်ထားသည့် လူမှုအခြေအနေပြ မြေပုံတစ်ခု ရေးဆွဲပါ။ အဖွဲ့အစည်းများသည်လူမျိုးစုခေါင်းဆောင်များ၊ စာပေနှင့်ယဉ်ကျေးမှု ကော်မတီများအဖြစ်ဖြင့် ရိုးရာဓလေ့ထုံးတမ်းစနစ်အတွင်း ရှိနှင့်ပြီးသားဖြစ်နေနိုင်ပါသည်။ ၎င်းတို့သည် ဘာသာရေးအသင်းအဖွဲ့ သို့မဟုတ် ဘာသာရေးမဟုတ်သောအဖွဲ့အစည်းများ၊ ဘုရားရှိခိုးကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ လူငယ်အဖွဲ့၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် ကွန်ယက်များအဖြစ် တည်ရှိနေနိုင်ပါသည်။ ထို့အပြင် ဒေသခံအာဏာပိုင်အဖွဲ့အစည်းများ သို့မဟုတ် အစိုးရဘက်မှ သက်ဆိုင်ရာဦးစီးဌာနဝန်ထမ်းများ သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလည်း ဖြစ်နေနိုင်ပါသည်။ (အောက်ပါပုံကိုကြည့်ပါ။)

အောက်ပါအတိုင်းလည်း မေးမြန်းနိုင်ပါသည် -

1. အဲဒီအဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍတွေက ဘာတွေလဲ။ ဘယ်လိုမြေနဲ့ သယံဇာတ ရင်းမြစ်တွေကို သူတို့က စီမံခန့်ခွဲနေကြတာလဲ။
2. အဲဒီအဖွဲ့အစည်းတွေရဲ့ အာဏာသက်ရောက်မှုအနေအထားနဲ့ လွှမ်းမိုးနိုင်မှု အတိုင်းအတာကို ပြောပြပါ။
3. အဲဒီအဖွဲ့အစည်းတွေ တစ်ခုနဲ့တစ်ခု ဘယ်လိုမျိုး ချိတ်ဆက်ဆောင်ရွက်ကြပါသလဲ။




ပုံ (၁၅) - လူမှုရေးအခြေပြမြေပုံ နမူနာ

ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ အဖွဲ့အစည်းများအကြောင်း အဓိကထားလေ့လာနေခြင်းဖြစ်သောကြောင့် အောက်ပါ မေးခွန်းများကိုလည်း မေးမြန်းနိုင်ပါသည် -

- ဘယ်အဖွဲ့အစည်းတွေက ခိုင်မာကြသလဲ။ အရင်တုန်းက ခိုင်မာခဲ့ဖူးပြီး အခုအချိန်မှာ အားပျော့သွားတဲ့ ဒါမှ မဟုတ် ပြိုကွဲသွားတဲ့ အဖွဲ့အစည်းတွေကော ရှိပါသလား။
- ရိုးရာဓလေ့ စည်းမျဉ်းများနဲ့ ဆုံးဖြတ်ချက် ချမှတ်မှု လုပ်ငန်းစဉ်တွေကို ပြောင်းလဲပြင်ဆင် လို့ရတဲ့ နည်းလမ်း များ ရှိပါသလား။
- ရိုးရာဓလေ့ အဖွဲ့အစည်းများနဲ့ အစိုးရ အဖွဲ့အစည်းတွေအကြား ဆက်နွယ်မှုကကော ဘယ်လိုလဲ။
- အုပ်ချုပ်မှုစနစ်နှစ်မျိုးရှိတဲ့ ဒေသတွေမှာ ရိုးရာဓလေ့ အဖွဲ့အစည်းများနဲ့ အစိုးရအဖွဲ့အစည်းတို့ အကြားက ဆက်နွယ်မှုကကော ဘယ်လိုလဲ။

ယေဘုယျဆန်ဆန်ပြောဆိုဆွေးနွေးခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် ခိုင်မာတိကျသည့် ဥပမာများကို မေးမြန်း ဖော်ထုတ်ပါ။

## ရိုးရာဓလေ့အရ ပဋိပက္ခဖြေရှင်းနည်းများ

ကျေးရွာအတွင်းရှိ ပဋိပက္ခအမျိုးမျိုးနှင့်ပတ်သက်၍ ဦးတည်အုပ်စုအလိုက်ဆွေးနွေးပွဲများ ကျင်းပပါ။ အောက်ပါ အတိုင်း မေးမြန်းနိုင်ပါသည် -

- ကျေးရွာအတွင်းတွင် မြေ သို့မဟုတ် သယံဇာတရင်းမြစ်များနှင့်ပတ်သက်၍ မည်သို့သော ပဋိပက္ခများ ပေါ်ပေါက်ခဲ့ပါသနည်း။
- ပဋိပက္ခများကို မည်ကဲ့သို့ဖြေရှင်းကြသနည်း။ ပဋိပက္ခ ဖြေရှင်းရာတွင် မည်သူတို့ ပါဝင် ပတ်သက်နေကြသနည်း။
- ရိုးရာဓလေ့စနစ်တွင် ပဋိပက္ခဖြေရှင်းနည်း ရှိထားပါသလား။ ဘယ်သူတွေပါလဲ။ ရိုးရာဓလေ့စနစ်မှာ ပဋိပက္ခ တစ်ခုကိုဖြေရှင်းတဲ့ လုပ်ငန်းအဆင့်တွေက ဘာတွေလဲ။
- ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်မှာ ပြဌာန်းထားတဲ့ စည်းမျဉ်းတစ်ခုကို တစ်စုံတစ်ယောက်က ချိုးဖောက်ခဲ့ရင် ဖြစ်လာမယ့်နောက်ဆက်တွဲတွေက ဘာတွေလဲ။
- ပဋိပက္ခဖြေရှင်းတဲ့နေရာမှာ ရိုးရာဓလေ့စနစ်နဲ့ အစိုးရအုပ်ချုပ်ရေးပိုင်း ဒါမှမဟုတ် တရားစီရင်ရေးစနစ်တို့ ကြားက ဆက်နွယ်မှုတွေက ဘာတွေလဲ။ ဘယ်လိုကိစ္စမျိုးတွေအတွက် ရိုးရာဓလေ့စနစ်ကို အသုံးပြုကြပြီး ဘယ်လိုကိစ္စမျိုးတွေအတွက်ကိုတော့ အစိုးရစနစ်ကို အသုံးပြုကြပါသလဲ။
- အောင်မြင်အောင် မဖြေရှင်းပေးနိုင်ခဲ့တဲ့ ပဋိပက္ခမျိုးကော ရှိပါသလား။ ဒီလိုအခြေအနေမျိုးတွေကိုကော တိုးတက်အောင် ဘယ်လိုလုပ်ရင်ရမလဲ။

လူမှုအသိုင်းအဝိုင်းတစ်ခုအတွင်းမှ မြေ၊ သယံဇာတရင်းမြစ်တို့နှင့် ပတ်သက်သော ပဋိပက္ခအမျိုးအစားများအား မည်သို့ မှတ်တမ်းတင်ရမည်ကို အောက်ပါဇယားကွက်တွင် နမူနာပြသပေးထားပါသည်။ ပဋိပက္ခ အမျိုးအစားများအား မှတ်တမ်းတင်ခြင်း၊ ပဋိပက္ခအမျိုးအစား တစ်ခုချင်းစီအတွက် လက်ရှိ ရိုးရာဓလေ့အရ ဖြေရှင်းမှုနည်းလမ်းများသည် ထိရောက်မှု ရှိ မရှိကို ပြန်လည်သုံးသပ်ခြင်းအားဖြင့် ဖြေရှင်းရေးလုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်လာစေမည့် နည်းလမ်းများအကြောင်း ဆွေးနွေးမှုကို ဦးတည်စေပါသည်။

လေ့လာရန် -

ကျေးရွာအတွင်းတွင် မြေ၊ သယံဇာတရင်းမြစ်များနှင့်ပတ်သက်၍ မည်သို့သော ပဋိပက္ခများ ပေါ်ပေါက်ခဲ့ဖူးသနည်း။ အဆိုပါ ပဋိပက္ခများအား ရွာသားများမှ မည်သို့ ဖြေရှင်းခဲ့ကြသနည်း။ ပဋိပက္ခများအား ရိုးရာဓလေ့စနစ်ဖြင့် မည်သို့ဖြေရှင်းခဲ့ကြသနည်း။ မည်သို့သော ပဋိပက္ခများကို ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်အရ မဖြေရှင်းနိုင်သနည်း သို့မဟုတ် မဖြေရှင်းသင့်သနည်း။

မည်သူတို့နှင့် ပူးပေါင်းလုပ်ဆောင်ရမည် - အငြင်းပွားမှုများအား ရိုးရာဓလေ့နည်းလမ်းအားဖြင့် ဖြေရှင်းရာတွင် ပါဝင်ပတ်သက်သူများ၊ အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ ဖြစ်ရပ်အလိုက် ဆန်းစစ်လေ့လာမှုတွင် ပါဝင်ပတ်သက်နေသူများ။

အသုံးချကိရိယာများ - ဦးတည်အုပ်စုအလိုက် ဆွေးနွေးမှုများ၊ တွေ့ဆုံမေးမြန်းမှုများ။

| ပဋိပက္ခ အမျိုးအစား | တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စု များအကြား | ကျေးရွာများ အကြား | တိုင်းရင်းသား လူမျိုးစုများ အကြား | ကျေးရွာနှင့် ကုမ္ပဏီ အကြား | ကျေးရွာနှင့် အစိုးရအကြား |
|---|---|---|---|---|---|
| ရေရယူ သုံးစွဲမှု | ရေစီး အထက်ပိုင်းနှင့် အောက်ပိုင်း / ရေခိုးယူမှု | ရေစီး အထက်ပိုင်းနှင့် အောက်ပိုင်း | ရေစီး အထက်ပိုင်းနှင့် အောက်ပိုင်း | ရေထု ညစ်ညမ်းမှု | ဆည်ဆောက်ခြင်း သို့မဟုတ် ရေအားလျှပ်စစ် |
| သစ်တော | | နယ်နိမိတ် ဆိုင်ရာ သဘောထား ကွဲလွဲချက်များ | | ကုမ္ပဏီမှ စည်းကမ်းမဲ့ | ရပ်ရွာဒေသပိုင် သစ်တော ဇရိယာအတွင်း လုပ်ပိုင်ခွင့် ချထားပေးခြင်း သို့မဟုတ် တားမြစ်နယ်မြေ ထူထောင်ခြင်း |
| ရွှေ့ပြောင်း တောင်ယာ | မြေ သို့မဟုတ် အခြား မိသားစုပိုင် လုပ်မြေအား ရှင်းလင်းခြင်း | နယ်နိမိတ် ဆိုင်ရာ သဘောထား ကွဲလွဲချက်များ | | ရွှေ့ပြောင်း တောင်ယာ နယ်မြေတွင် စိုက်ပျိုးရေး စီမံကိန်းများ ခွင့်ပြုပေးခြင်း | |
| ရေလုပ်ငန်း | ပတ်ဝန်းကျင် ထိခိုက်စေသည့် ငါးဖမ်းနည်းများ အသုံးပြုခြင်း | | | | ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခွင့်အား လေလံတင် ရောင်းချခြင်း |

## သက်မွေးဝမ်းကျောင်း လုပ်ငန်းများ

သက်မွေးဝမ်းကျောင်းလုပ်ငန်းများအား မှတ်တမ်းပြုစုခြင်းဖြင့် အောက်ဖော်ပြပါ အဓိကရှုထောင့် နှစ်ခုကို ပိုမိုနားလည်စေပါသည် -

လေ့လာရန် -

ကျေးရွာအတွင်းတွင် မြေ၊ သယံဇာတရင်းမြစ်များနှင့်ပတ်သက်၍ မည်သို့သော ပဋိပက္ခများ ပေါ်ပေါက်ခဲ့ဖူးသနည်း။ အဆိုပါ ပဋိပက္ခများအား ရွာသားများမှ မည်သို့ ဖြေရှင်းခဲ့ကြသနည်း။ ပဋိပက္ခများအား ရိုးရာဓလေ့စနစ်ဖြင့် မည်သို့ဖြေရှင လေ့လာရန် -

ရိုးရာဓလေ့စနစ်အရပင်ဖြစ်စေ လူတို့သည် ၎င်းတို့၏ သက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် မြေနှင့် သယံဇာတရင်းမြစ်များအပေါ် မည်သို့မှီခိုနေကြသနည်း။ မြေနှင့် စားနပ်ရိက္ခာ ဖူလုံမှုတို့အကြား မည်သို့ဆက်နွယ်နေသနည်း။ ရိုးရာဓလေ့စနစ်တွင် မညီမျှမှု/ညီမျှမှု အတိုင်းအတာ မည်သို့ရှိသနည်း။ ဆင်းရဲနွမ်းပါးသူများနှင့် ဘေးဒုက္ခခံစားရလွယ်သူများအတွက် လူမှုအဖွဲ့အစည်းဆိုင်ရာ လွှမ်းခြုံကာကွယ်ပေးနိုင်မှုအား ရိုးရာဓလေ့စနစ်မှ မည်သို့ပံ့ပိုး ပေးနိုင်မည်နည်း။

မည်သူတို့နှင့် ပူးပေါင်းလုပ်ဆောင်ရမည် - ကြွယ်ဝချမ်းသာမှုအဆင့်အတန်း သတ်မှတ်ချက်အရ ဖော်ထုတ်ထားခဲ့သည့် ပစ္စည်းဥစ္စာတောင့်တင်းသူများ၊ မြေမဲ့/ဆင်းရဲနွမ်းပါး/ဘေးဒုက္ခခံစားလွယ်သူများ၊ မကြာသေးမီကမှ တုန်လှုပ်ဖွယ်အဆင်မပြေမှုတစ်ခုခု (ကျန်းမာရေးပြဿနာ၊ သီးနှံအတွက်ဆုတ်ယုတ်ခြင်း၊ မြေပြိုခြင်း/ရေကြီးခြင်း/သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း) တို့နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသူများ။

အသုံးချကိရိယာများ - ကျေးရွာအတွင်း စူးစမ်းလေ့လာခြင်း။ ခေါင်းဆောင်များနှင့်တွေ့ဆုံခြင်း၊ ဦးတည်အုပ်စုအလိုက် ဆွေးနွေးပွဲများနှင့် အထက်တွင်ဖော်ပြခဲ့သည့် အုပ်စုများအနက် တစ်ခုချင်းအား တွေ့ဆုံမေးမြန်းမှုများတွင် အိမ်ထောင်စုအလိုက် စီးပွားရေးဝင်ငွေဆိုင်ရာ မြေပုံရေးဆွဲခြင်းနည်းလမ်းကိုအသုံးပြု၍ ကြွယ်ဝချမ်းသာမှုအဆင့်အတန်း ဖော်ထုတ်သတ်မှတ်ခြင်း။

## ရိုးရာမြေလုပ်ပိုင်ခွင့်အောက်ရှိ သယံဇာတရင်းမြစ်များသည် ၎င်းတို့၏ သက်မွေးမှုလုပ်ငန်းများအတွက် အထောက်အကူပြုလျှက်ရှိသည်

ရိုးရာမြေလုပ်ပိုင်ခွင့်အား အသိအမှတ်ပြုခံရရေးအတွက် စည်းရုံးတောင်းဆိုမှုများဆောင်ရွက်ရာတွင် သက်မွေးလုပ်ငန်းများတွင် ရိုးရာမြေလုပ်ပိုင်ခွင့်၏ အထူးသဖြင့် သစ်တောများနှင့် ရွှေ့ပြောင်း တောင်ယာတို့၏အရေးပါပုံကို တင်ပြခြင်းသည် အကောင်းဆုံးသော သတင်းစကားတစ်ခုပင် ဖြစ်သည်။ သစ်၊ ကြိမ်၊ ဝါး၊ သစ်တောထွက် သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ၊ ဆေးဖက်ဝင် အပင်များအပါအဝင် သစ်တောထွက်ပစ္စည်းများ၏တန်ဖိုးကို တွက်ချက်မှတ်တမ်းတင်ထားခြင်းအားဖြင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သစ်တောအား ရယူသုံးစွဲနိုင်ခွင့်၏ အရေးပါပုံကို ထိရောက်စွာ ဖော်ညွှန်း နိုင်မည်ဖြစ်သည်။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးနေသည့် မြေများသည် အိမ်ထောင်စုများအတွက် အရေးပါသည့် အစားအစာအမျိုးမျိုးကို ထုတ်လုပ်ပေးပါသည်။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့် မြေများအတွက် လုပ်ပိုင်ခွင့် လုံခြုံခိုင်မာမှုမရှိပါက အထက်တွင်ဖော်ပြခဲ့သော သီးနှံများအား ရယူသုံးစွဲနိုင်ခွင့် သည်လည်း လုံခြုံသေချာတော့မည်မဟုတ်ပေ။ အစိုးရ၏ အမြဲတမ်းလယ်ယာဖော်ဆောင်ရေး စီမံကိန်းများအရ မြှင့်တင်ပေးလျှက်ရှိသည့် ငွေဖြစ်လွယ်သော သီးနှံများမှာလည်း

ရွှေ့ပြောင်းတောင်ယာ သီးနှံများအတွက် အစားထိုးမှုတစ်ခု မဖြစ်သင့်ပေ။

ထို့အပြင် စားနပ်ရိက္ခာဖူလုံရေးနှင့် အဟာရပြည့်မီမှုတို့အတွက် ရိုးရာမြေလုပ်ပိုင်ခွင့်၏ အရေးပါပုံကိုလည်း မှတ်တမ်းပြုစုနိုင်ပေသည်။ ကျေးရွာအတွင်းတွင် ဤတစ်နှစ်စာအတွက် စားနပ်ရိက္ခာ မလုံလောက်သည့် မိသားစုမည်မျှရှိသနည်း။ တစ်စုံတစ်ယောက်သည် သီးနှံအထွက် ဆုတ်ယုတ် မှုနှင့် ကြုံတွေ့ရပါက ပံ့ပိုးကူညီမှုကို မည်သို့ရယူကြသနည်း။ အမျိုးအစားစုံလင်ပြီး အဟာရ ပြည့်ဝသည့် အစားအစာများကို မည်သို့ရရှိကြသနည်း။

မြေအသုံးချမှု အုပ်စုအမျိုးအစားများနှင့် မြေအသုံးချမှုအမျိုးအစားတစ်ခုချင်းနှင့် ဆက်စပ်နေသည့် ထုတ်လုပ်မှုဆိုင်ရာ အသုံးပြုမှုများ (စိုက်ပျိုးသည့်သီးနှံ၊ ထုတ်ယူသည့် သစ်တောထွက်ပစ္စည်းများ၊ စားကျက်မြေ)ကို ကျေးရွာလူထုနှင့် ဆွေးနွေးဖော်ထုတ်ပြီးသည့်အခါတွင် သက်မွေးဝမ်းကျောင်းလုပ်ငန်း အစိတ်အပိုင်းကို ပြီးစီးအောင်ဆောင်ရွက်ရပါမည်။ မြေလုပ်ပိုင်ခွင့်နှင့် ထုတ်ယူသုံးစွဲမှုဆိုင်ရာ အချက်အလက်များ (ဥပမာ - လေ့ကားထစ်စပါးစိုက်ခင်းပိုင်ဆိုင်သည့် အိမ်ထောင်စုအမျိုးအစား၊ ရွှေ့ပြောင်း တောင်ယာမြေအသုံးပြုနေသည့် အိမ်ထောင်စုအမျိုးအစား၊ လှ့က်ခြံပိုင်ဆိုင်မှု ပျမ်းမျှပမာဏ စသည်) သည်လည်း ဤအစိတ်အပိုင်းအတွက် အထူးအသုံးဝင်ပေသည်။


## ဆက်လက်လုပ်ဆောင်ရန်

သက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် မြေ၊ သစ်တောနှင့် အခြားသော သယံဇာတရင်းမြစ်များ လုပ်ပိုင်ခွင့် ခိုင်မာရေး၏ အရေးကြီးပုံကို သက်သေပြနိုင်ရေးအတွက် မြေအသုံးချမှုအမျိုးအစား တစ်ခုချင်းအလိုက် ရပ်ရွာဒေသမှ အသုံးပြုလျက်ရှိသည့် သီးနှံများနှင့် အခြားသော သယံဇာတ ရင်းမြစ်များစာရင်းကို အုပ်စုဖွဲ့ဆွေးနွေးမှုများအတွင်း ပြုစုရပါမည်။ အဆိုပါသီးနှံစာရင်းနှင့် ကျေးရွာ မြေပုံတို့ကို ယှဉ်တွဲသုံးသပ်ခြင်းအားဖြင့် နယ်မြေအသီးသီးသည် ဒေသ၏ စည်ပင်ဝပြောမှုအတွက် အကျိုးပြုနေကြပုံကို ရှင်းလင်းထင်ရှားစွာ မြင်တွေ့ရမည်ဖြစ်သည်။

ရပ်ရွာခေါင်းဆောင်များနှင့် တွဲဖက်၍လည်း ဒေသအတွင်း ကြွယ်ဝမှုအဆင့်အတန်း ခွဲခြားသတ်မှတ်ခြင်းကိုလည်း ဆောင်ရွက်ပါ။ ထိုသို့အဆင့်အတန်းသတ်မှတ်နိုင်ရေးအတွက် "ချမ်းသာကြွယ်ဝ"၊ "အလယ် အလတ်" နှင့် "ဆင်းရဲနွမ်းပါး" တို့အတွက် သတ်မှတ်ချက်အဆင့်အတန်းများကိုလည်း ဖော်ထုတ်ထားရပါမည်။ ပုံမှန်အားဖြင့် ထိုသို့အဆင့်အတန်း သတ်မှတ်မှုကို ပိုင်ဆိုင်သည့်မြေပမာဏ၊ မွေးမြူထားသည့် တိရိစ္ဆာန်အရေအတွက်နှင့် သက်မွေးလုပ်ငန်းအမျိုးအစား (ဥပမာ - နေ့စား စိုက်ပျိုးရေးလုပ်သား) စသည့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတို့ဖြင့် ခွဲခြားလေ့ရှိသည်။ (ကြွယ်ဝမှု အဆင့်အတန်း ခွဲခြားသတ်မှတ်ခြင်း နမူနာကို နောက်ဆက်တွဲတွင် လေ့လာကြည့်ပါ)

ကြွယ်ဝမှုအဆင့်အတန်း ခွဲခြားသတ်မှတ်ခြင်းကို ဆောင်ရွက်ပြီးသည့်အခါတွင် အိမ်ထောင်စု၏ စီးပွားရေးအခြေပြမြေပုံကို ကြွယ်ဝမှုအဆင့်အုပ်စု အမျိုးအစားတစ်ခုချင်းအလိုက် ဖော်ထုတ်ခဲ့သည့် အိမ်ထောင်စုများနှင့် ပူးပေါင်းရေးဆွဲခြင်းဖြင့် စားနပ်ရိက္ခာနှင့် ဝင်ငွေရရှိရေးတို့အတွက် ရိုးရာမြေ လုပ်ပိုင်ခွင့်အောက်ရှိ သယံဇာတရင်းမြစ်များအပေါ် မည်မျှမှီခိုအားထားနေရသည်ကို သိသာစေမည် ဖြစ်သည်။

သယံဇာတရင်းမြစ်တစ်ခု၏ သီးသန့်အရေးပါပုံကို ဖော်ထုတ်ပြလိုသည်ဆိုပါက အိမ်ထောင်စုများ အတွက် စီးပွားရေးအရ အမှန်တစ်ကယ်အကျိုးပြုနေသည့်ကိန်းဂဏန်းများအား ကောက်ယူ စုဆောင်းရပါမည်။ (ဥပမာ - ဆင်းရဲနွမ်းပါးသည့် မိသားစုများအနေဖြင့် သစ်တောအတွင်းမှ သစ်ဥသစ်ဖုများ ရှာဖွေရောင်းချခြင်းကြောင့် အပိုဝင်ငွေ သုံးသိန်းကျပ်ခန့် ပျမ်းမျှရရှိနေသည် သို့မဟုတ် ရွှေ့ပြောင်း တောင်ယာတစ်ကွက် စိုက်ပျိုးခြင်းဖြင့် မိသားစုဝမ်းစာကို ငါးလမှ ဆယ်လ အထိ ဖူလုံနိုင်စေသည်)




ပုံ (၁၆) - အိမ်ထောင်စုအလိုက် စီးပွားရေး အခြေပြု မြေပုံ

*ရင်းမြစ် - http://www.slideshare.net/imranahmad131/pra-tools-imran-ahmad-sajid*

## ရိုးရာဓလေ့စနစ်မှ လူမှုရေးအရ ခွင့်တူညီမှုမှုအား အကျိုးပြုနေပုံနှင့် ဘေးဖြစ်လွယ်မှုအား လျှော့ချပေးနိုင်ပုံ

အချို့သော ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များသည် ရပ်ရွာအတွင်းရှိ ဒေသခံများအကြား ခွင့်တူညီမျှမှု/တန်းတူညီမျှမှု တို့ကို အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းပေးနိုင်ရန် စီစဉ်ရေးဆွဲထားခြင်း ဖြစ်သည်။ ရိုးရာမြေလုပ်ပိုင်ခွင့်၏ ဤရှုထောင့်အား မှတ်တမ်းပြုစုထားခြင်းဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် ဘေးဒုက္ခ ခံစားရလွယ်သူများအတွက် အခြေခံလိုအပ်ချက်များကို ရိုးရာမြေလုပ်ပိုင်ခွင့်မှ ဖြည့်ဆည်းပေးနိုင်သည် ဟူသော စောဒကဖြင့် ရိုးရာမြေလုပ်ပိုင်ခွင့် အသိအမှတ်ပြုခံရရေးအတွက် စည်းရုံးတောင်းဆိုမှုများ ပိုမိုထိရောက်လာနိုင်ပါသည်။

ကြွယ်ဝချမ်းသာမှုများကို တိုးပွားစေပြီးလက်ဝါးကြီးအုပ်မှုများကိုလည်း အချို့သော ရိုးရာဓလေ့စနစ်များတွင် ကာကွယ်ပေးထားသည်။ ဥပမာအားဖြင့် အချို့သောနာဂမျိုးနွယ်စုများသည် သီးနှံအထွက်ကောင်းသူများ သို့မဟုတ် ပိုမိုကြွယ်ဝသူများအနေဖြင့် ရပ်ရွာလူထုအတွက် စားသောက်ပွဲများ ဖန်တီးပေးခြင်းဖြင့် ၎င်းတို့၏ ချမ်းသာကြွယ်ဝမှုကို ဒေသတွင်ပြန်လည်သုံးစွဲရန် စည်းကမ်းများသတ်မှတ်ပေးထားသည်။ မိသားစု သို့မဟုတ် အိမ်ထောင်စုတစ်ခုတည်းမှ မြေပမာဏ အမြောက်အမြား ရယူပိုင်ဆိုင်ခြင်းမရှိစေရန် အတွက်ကိုလည်း မြေယာပိုင်ဆိုင်မှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များဖြင့် ကာကွယ်ပေးထား တတ်ကြသည်။ မြေယာပိုင်ဆိုင်ခြင်းမရှိကြသည့် အိမ်ထောင်စုများအတွက်ကိုလည်း တစ်နှစ်တာ စိုက်ပျိုးလုပ်ကိုင်ခွင့်ပေးထားသည့် စည်းမျဉ်းများကိုလည်း ချမှတ်ထားတတ်ကြသည်။ ရိုးရာမြေလုပ်ပိုင်ခွင့်၏ ဤရှုထောင့်အား

မှတ်တမ်းပြုစုမည် ဆိုပါက ရပ်ရွာဒေသအတွင်း မည်သို့သော မညီမျှမှုများရှိနေသည်ကို မေးမြန်းစုံစမ်းရပါမည်။ အများနှင့် ယှဉ်လျှင် ဆင်းရဲနွမ်းပါးသည်ဟု မည်သို့သတ်မှတ်နိုင်မည်နည်း။ အများနှင့်ယှဉ်လျှင် ချမ်းသာကြွယ်ဝသည်ဟု မည်သို့သတ်မှတ်နိုင်မည်နည်း။ အဆိုပါမေးခွန်းများအား ဖြေကြားနိုင်ရန်အတွက် ကြွယ်ဝမှုအဆင့်အတန်း ခွဲခြားသတ်မှတ်ခြင်းသည် အသုံးတည့်မည့် နည်းလမ်းတစ်ခုပင် ဖြစ်သည်။

မိသားစုများအနေဖြင့် သီးနှံအထွက် ဆုတ်ယုတ်မှုများကြုံလာသည့်အခါ၊ ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေတစ်ခု ရင်ဆိုင်ရသည့်အခါ သို့မဟုတ် မိသားစုအတွင်းမှ တစ်ဦးဦး သေဆုံးသွားသည့်အခါမျိုးတွင် မိမိတို့၏ လိုအပ်ချက်များကို တင်ပြတောင်းဆိုနိုင်သည့် အခွင့်အလမ်းများ ရှိထားခြင်းကြောင့် ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များသည် လူမှုရေးဆိုင်ရာ အာမခံချက်များကိုလည်း ပံ့ပိုးနိုင်စွမ်းရှိပါသည်။ ဥပမာ နာဂမျိုးနွယ်စုတစ်ခုဖြစ်သည့် မကူရီမျိုးနွယ်စုတွင် တစ်စုံတစ်ဦးသည် သီးနှံအထွက်ဆုတ်ယုတ်သဖြင့် ဂမ်းစာမဖူလုံမှုမျိုး ကြုံတွေ့လာရပါက ဂမ်းစာဖူလုံနေသည့် မိသားစုသည် ၎င်းတို့ထုတ်ရောင်းမည့် သီးနှံပမာဏအတွင်းမှ ထက်ဝက်ကို ဒုက္ခရောက်နေသည့်မိသားစုထံ လှူဒါန်းပေးရသည်။ ရိုးရာမြေ လုပ်ပိုင်ခွင့်၏ ဤရှုထောင့်ကို မှတ်တမ်းပြုစုမည်ဆိုပါက တစ်စုံတစ်ယောက်သည် အရေးပေါ်အခြေအနေတစ်ခု ကြုံလာသည့်အခါ သို့မဟုတ် အဆင်မပြေမှုများ ရှိလာသည့်အခါတွင် ပြင်ပအကူအညီများ မည်သို့ ရယူတတ်ကြသည်ကို မေးမြန်းရပါမည်။

အဆင့်အတန်းမညီမျှမှု ကြီးမားသည့် ဒေသများအနေဖြင့်လည်း ရပ်ရွာအတွင်းမှ ဆင်းရဲနွမ်းပါးသူများအား ပိုမိုစောင့်ရှောက်နိုင်ရန်အတွက် မည်သို့လုပ်ဆောင်သင့်သည်ကို ဆွေးနွေးရာတွင် ဤသတင်းအချက်အလက်များကို အသုံးပြုနိုင်ပါသည်။ ဆင်းရဲနွမ်းပါးသူများအတွက် ၎င်းတို့၏ အခြေခံလုပ်ဆောင်ချက်များကို မည်သို့ဖြည့်ဆည်းပေးမည်နည်း။ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ဘေးဒုက္ခခံစားရလွယ်သည့် အုပ်စုများ အပါအဝင် ဒေသခံအများစုမှ ခံစားနိုင်ရေးအတွက်ကို ရပ်ရွာဒေသအနေဖြင့် မည်သို့သေချာခိုင်မာစေမည်နည်း။ လူအများ အဆင်မပြေမှုနှင့်ကြုံကြိုက်သည့်အခါမျိုးတွင် ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်မှ ကူညီပံ့ပိုးခြင်းမပြုနိုင်ခဲ့သော နည်းလမ်းများအား မှတ်တမ်းပြုစုထားခြင်းဖြင့် ရပ်ရွာဒေသအတွင်း လူမှုရေးအာမခံချက်များ မည်သို့ခိုင်မာစေမည်၊ ဒေသခံတို့ကိုလည်း အခက်အခဲများကြုံတွေ့ရသဖြင့် ကြွေးသံသရာအတွင်း နစ်မြုပ်ခြင်းတို့ မဖြစ်စေရန် မည်သို့ကာကွယ်ပေးနိုင်မည်တို့နှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်မှုများ ပေါ်ပေါက်စေမည်ဖြစ်သည်။

## မြေယာကဏ္ဍရှိ ယဉ်ကျေးမှုဆိုင်ရာ ဆက်နွယ်မှုများ

### စားသောက်ပွဲများ၊ ပွဲတော်များ၊ ဇာတ်လမ်းပုံပြင်များ၊ ပန်းချီ၊ အက၊ တေးသီချင်း

လေ့လာရန် -

ရိုးရာမြေအသုံးချမှုစနစ်နှင့် ဆက်နွယ်နေသော ယဉ်ကျေးမှုအလေ့အထများမှာ အဘယ်နည်း။ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ဂုဏ်ဒြပ်တို့ကို ထိန်းသိမ်းခြင်းနှင့် မြေတို့ မည်သို့ ဆက်စပ်နေသနည်း။

မည်သူတို့နှင့် ပူးပေါင်းလုပ်ဆောင်ရမည် - ဘာသာရေးခေါင်းဆောင်များ၊ ဂီတပညာရှင်များ၊ ပန်းချီပညာရှင်များ၊ လက်ယက္ကန်းပညာရှင်များ၊ လက်မှုပညာရှင်များ၊ သက်ကြီးရွယ်အိုများ။

အသုံးချကိရိယာများ - ပွဲတော်များပြ ပြက္ခဒိန်၊ ဦးတည်အုပ်စုအလိုက် ဆွေးနွေးပွဲများ၊ သက်ကြီးရွယ်အိုများအား တွေ့ဆုံမေးမြန်းမှုများ၊ ရိုးရာဓလေ့အရ ဘာသာရေးခေါင်းဆောင် များအား တွေ့ဆုံမေးမြန်းမှုများ၊ သီချင်းနှင့် အကဖျော်ဖြေမှုများ၏ ဓါတ်ပုံ၊ ဗီဒီယိုမှတ်တမ်း၊ အသံမှတ်တမ်းများ၊ စိုက်ပျိုးချိန်/ရိတ်သိမ်းချိန်/မင်္ဂလာပွဲနှင့် အခြားသော မြေစီမံခန့်ခွဲမှု အခမ်းအနားများတွင် သီဆိုလေ့ရှိသည့် တေးသီချင်းများ။

ရိုးရာမြေလုပ်ပိုင်ခွင့်၏ ယဉ်ကျေးမှုဆိုင်ရာ လွှမ်းခြုံနယ်ပယ်များကို မှတ်တမ်းပြုစုထားခြင်းဖြင့် ဓလေ့ထုံးတမ်းအတိုင်း စီမံခန့်ခွဲလျှက်ရှိသည့် စနစ်များအား ထိန်းသိမ်းထားနိုင်မည့် အလေ့အကျင့်များ၊ စံတန်ဖိုးများကို ပိုမိုခိုင်မာစေပါသည်။ စားသောက်ပွဲများနှင့် ပွဲတော်များသည် စိုက်ပျိုးရေးရာသီနှင့် များသောအားဖြင့် စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များနှင့် ချိတ်ဆက်နေလေ့ရှိသည်။ ရိုးရာအကများသည်လည်း ထွန်ယက်စိုက်ပျိုးသည့် အမူအရာများမှ ပေါက်ဖွားလာခြင်းပင်ဖြစ်သည်။ တေးသီချင်းများဆိုလျှင်လည်း စပါးသီးနှံများဂုတ်မှုန်ကူးခြင်း၊ ရွှေ့ပြောင်းတောင်ယာများသို့ လုပ်ငန်းခွင် ဝင်ရောက်ခြင်းနှင့် သီးနှံအဖျက်ပိုးမွှားများအား မောင်းထုတ်ခြင်းတို့ကို ဖော်ကျူးလေ့ရှိကြသည်။

တောင်ပေါ်ဒေသလူမှုအသိုင်းအဝိုင်း တော်တော်များ၏ စိတ်သဘောထားများသည် သူတို့၏ ကျေးရွာ သို့မဟုတ် ပိုင်နက် စသည်တို့ကို စဉ်းစားသည့်အခါ မြေယာ၊ လူသား၊ ဘာသာအယူဝါဒစသည်တို့နှင့် ချိတ်ဆက်ကာ ကျယ်ကျယ်ပြန့်ပြန့် တွေးတောစဉ်းစားကြသည်။ ထို့အတွက်ကြောင့် ပြည့်စုံကျယ်ပြန့်နက်ရှိုင်းသည့် ပတ်သက်ဆက်နွယ်မှုနှင့် ယုံကြည်ကိုးကွယ်မှုများ၏ နေရာဒေသများကိုထိန်းသိမ်းရန် ပို၍ အရေးကြီးပါသည်။ ထိုသို့ပတ်သတ်ဆက်နွယ်မှုများကို အလေးထားရန် ပျက်ကွက်ပါက ဒေသခံတို့၏လူမှုအသိုက်အဝန်းနှင့် ကိုယ်ကျင့်တရားများကို ပေါင်းစည်းချည်နှောင်သည်များကို ချိုးဖျက်ရာရောက်မည်ဖြစ်သကဲ့သို့ လူမှုရေးပြဿနာများကိုလည်း ဖန်တီးရာရောက်ပေလိမ့်မည်။



မိုကန်လူမျိုးစုများ၏ မိုးရာသီမတိုင်ခင် နှစ်စဉ် နတ်များအား ပူဇော်ပုံ

ဥပမာအားဖြင့် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်မှ အချို့သော ကျေးရွာများတွင် ကျောက်တုံးတစ်တုံး ရှိနေတတ်ပြီး ထိုကျောက်တုံးတွင် နတ်နေထိုင်သည်ဟု ယုံကြည်ကြသည်။

သို့သော် ထိုကျောက်တုံးအား ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ ထားရှိခြင်းမရှိခဲ့သည့်အတွက် နောက်ပိုင်းတွင် သတ္တုကုမ္ပဏီတစ်ခုအား လမ်းခင်းရန် ရောင်းချသောအခါ ပါသွားခဲ့သည်။ ထို့အကြောင်းအရာသည် ၄င်း ကျေးရွာသူ ကျေးရွာသားများအတွက် များစွာ ပူပင်သောက ရောက်စေခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် မိမိနေထိုင်သော ကျောက်တုံးပျက်စီးခံရသောနတ်သည် ကျေးရွာကို ခြောက်လှန့်နေတော့မည်ဟု ယုံကြည်ကြသောကြောင့် ဖြစ်သည်။

ထုံးတမ်းဓလေ့အရ ကိုးကွယ်ယုကြည်မှုများမှာလည်း မြေ၊ ရေကန်၊ သစ်တောတို့နှင့် စည်းနှောင်ဖြစ်တည်လာလေ့ရှိကြသည်။ အထွတ်အမြတ်ထားသည့် ရေကန်များ၊ ဘာသာအရေးဆိုင်ရာ အခမ်းအနားများအတွက် အသုံးပြုလေ့ရှိသည့် သစ်တောအတွင်းမှ ခုတ်ထွင်ရှင်းလင်းထားသည့် နေရာများ၊ ဂူများနှင့် တောင်ထွတ်များသည် ဘာသာရေးအရ အထွတ်အမြတ်ထားသည့်နေရာများပင်ဖြစ်ပြီး ရိုးရာဓလေ့ စနစ်အတိုင်း အသုံးပြုနိုင်ရန် လိုက်နာရမည့်စည်းမျဉ်းများကိုလည်း သတ်မှတ်ပေးထားသည်။

လုပ်ပိုင်ခွင့်တွင် ပါဝင်ဆက်စပ်နေသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ရပ်ရွာအသီးသီးမှ အတူစုစည်း၍ ကျင်းပတတ်ကြသည်။ ရိုးရာမြေကိုကာကွယ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ပိုမိုခိုင်မာရေးအတွက်ကိုလည်း ထိုဓလေ့များနှင့်ပင် ချိတ်ဆက်ရပါမည်။ သီချင်း၊ အက၊ ပုံပြင်နှင့် ပန်းချီတို့မှတစ်ဆင့် ရိုးရာယဉ်ကျေးမှုဗဟုသုတများကို မျိုးဆက်သစ်လူငယ်များသို့ လွှဲပြောင်းပေးနိုင်သည့်အပြင် နစ်ရှည်ပဋိပက္ခများနှင့် နေရပ်ရွှေ့ပြောင်းခံရမှုများကြောင့် လျော့ရဲသွားခဲ့ရသည့် ရိုးရာဓလေ့စနစ်များကိုလည်း ပိုမိုအားကောင်းလာစေနိုင်ပါသည်။

## ၆ – ၃ ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်း၏ လုပ်ငန်းအဆင့်များ

ကြိုတင်ပြင်ဆင်မှုကာလပြီးမြောက်သွားသည့်အခါ (အခန်း (၄) ကို ကြည့်ပါ)နှင့် မှတ်တမ်းပြုစုခြင်း လုပ်ငန်းအစီအစဉ်ရေးဆွဲပြီးသည့်အခါတို့တွင် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်ကို စတင်အကောင်အထည်ဖော်နိုင်ရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းအဆင့်များကို လိုက်နာဆောင်ရွက်ရပါမည်။

1. မှတ်တမ်းပြုစုခြင်း လုပ်ငန်းအစီအစဉ်နှင့် အချိန်ကာလသတ်မှတ်ချက်တို့ကို အသိပေး တင်ပြနိုင်ရန်အတွက် သင့်လျော်သော ဒေသန္တရအာဏာပိုင်များအပါအဝင် ကျေးရွာ ခေါင်းဆောင်များနှင့် တွေ့ဆုံပါ။ ထိုကဲ့သို့ ခေါင်းဆောင်များနှင့် တွေ့ဆုံထားခြင်းဖြင့် ရပ်ရွာအတွင်း ကူညီပံ့ပိုးသူများအဖို့ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ် စတင်နိုင်ရန်အတွက် ဒေသခံလူထုအား ချပြဆွေးနွေးမှုအစီအစဉ်များအတွက် အထောက်အကူဖြစ်စေပါသည်။ ထို့အပြင် ကျေးရွာနှင့်ပတ်သက်သည့် အခြေခံသတင်းအချက်အလက်များကိုလည်း ကောက်ယူနိုင်မည့် အခွင့်အလမ်းများ ရရှိစေပါသည်။

2. မှတ်တမ်းပြုစုခြင်းအစီအစဉ်ကို ချပြနိုင်ရန်အတွက် လူထုတွေ့ဆုံပွဲတစ်ခု စီစဉ်ပါ။ မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်နှင့် ဒေသခံပြည်သူတို့ မည်သို့ပါဝင်နိုင်မည်ဆိုသည့် အကြောင်းများကို အဓိကထားရှင်းပြပါ။ နောက်လာမည့်ရက်များတွင် ကျင်းပပြုလုပ်မည့် ဦးတည်အုပ်စုအလိုက် ဆွေးနွေးပွဲများအကြောင်း အသိပေးထားပါ။

3. ကျေးရွာလူထုနှင့် ပထမဆုံးတွေ့ဆုံပွဲ သို့မဟုတ် ပထမပွဲပြီးစီးသွားသည်နှင့်တစ်ပြိုင်နက် ကျေးရွာနှင့်ပတ်သက်သည့် မြေပုံကြမ်းများရေးဆွဲနိုင်ရန် ဒေသခံရွာသားများအား အုပ်စုငယ်များအဖြစ်ခွဲထုတ်ပေးပါ။ မြေပုံရေးဆွဲမှုများအတွက် အကြိမ်ကြိမ်လေ့ကျင့်ပေးဖို့ လိုပါလိမ့်မည်။ ကျေးရွာအတွင်း အဓိကမြေအသုံးချမှု အမျိုးအစားများ၊ မြေယာအငြင်းပွားမှုများ၊ စိုးရိမ်ပူပန်မှုများနှင့် အရေးပါသည့် ဓလေ့ထုံးတမ်းအလေ့အကျင့်များအား ဆွေးနွေးမှုများတွင် ကူညီပံ့ပိုးနိုင်ရေးအတွက် ရေးဆွဲထားသည့်မြေပုံကြမ်းများကို အသုံးပြုရပါမည်။ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တစ်လျှောက်တွင် သတင်းအချက်အလက်အသစ်များ ထပ်မံဖြည့်စွက်နိုင်ရေးအတွက် မြေပုံကြမ်းများကို သုံးလေးရက်တစ်ကြိမ်ခန့် အသစ်ရေးဆွဲပါ။

4. ကျေးရွာရာဇဝင်အကြောင်း ဆွေးနွေးနိုင်ရန်အတွက် လူငယ်ပိုင်းမှ သက်ကြီးရွယ်အိုများအထိ အသက်အရွယ် မျိုးစုံ ပါဝင်သော အုပ်စုငယ်တစ်ခု ဖွဲ့စည်းပါ။ ကျေးရွာရာဇဝင်ကို နားလည်သဘောပေါက်ထားမှသာလျှင် မှတ်တမ်းပြုစုခြင်း၏ ကျန်လုပ်ငန်းစဉ်များအတွက် နောက်ခံ အခြေအနေကို သိနားလည်နိုင်မည်ဖြစ်သည်။ ဆွေးနွေးမှုတစ်ခုအတွင်း လူငယ်နှင့်လူကြီး နှစ်ဖွဲ့လုံးပါဝင်သည့်အတွက် ရှင်သန်နေထိုင်မှုနှင့် မြေအသုံးချမှုများ ဆယ်စုနှစ်များအတွင်း မည်သို့ ပြောင်းလဲခဲ့ကြသည်ဆိုသော ဗဟုသုတများကို မျိုးဆက်သစ်တို့အား လက်ဆင့်ကမ်းပေးနိုင်မည့် အခွင့်အလမ်းများကိုလည်း ပေါ်ပေါက်စေပါသည်။

5. ရိုးရာမြေလုပ်ပိုင်ခွင့်၏ ရှုထောင့်အမျိုးမျိုးအပေါ် ဆွေးနွေးညှိနှိုင်းမှုများကို မိမိ၏ဦးတည်ချက်၊ မှတ်တမ်းပြုစုခြင်းလုပ်ငန်းအစီအစဉ်အတိုင်း ပြုလုပ်ပါ။ သစ်တောကဲ့သို့ အချို့သော မြေ အသုံးချမှုအမျိုးအစားများအတွက်ကိုမူ သီးသန့်အဖွဲ့အလိုက်ဆွေးနွေးမှုများ လိုအပ်ပေမည်။

6. အဖွဲ့လိုက်ဆွေးနွေးမှုများ မလုပ်ဖြစ်ပါကလည်း တွေ့ဆုံမေးမြန်းမှုများ၊ နေအိမ်များသို့ သွားရောက်လည်ပတ်ခြင်းနှင့် နိစ္စဓူဝလုပ်ငန်းများတွင် ပါဝင်ခြင်း၊ ရွာအတွင်း၌ လှည့်လည်လမ်းလျှောက်ပြီး အထင်ကရနေရာများအား စူးစမ်းလေ့လာခြင်းတို့ လုပ်ဆောင်ပါ။ ဤနည်းအားဖြင့် မေးခွန်းမေးမြန်းခြင်း၊ ဓါတ်ပုံရိုက်ခြင်းနှင့် အလွတ်သဘောဆွေးနွေးခြင်းတို့အတွက် အခွင့်အလမ်းများ ရရှိလာပေမည်။

7. CSO နှင့် ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့်သူများသည်လည်း နေ့စဉ်တွေ့ဆုံပြီး အတွေ့အကြုံများ ဝေမျှနေရပါမည်။ သို့မှသာ မိမိတို့လေ့လာသင်ယူခဲ့သည်များကို ဝေမျှခြင်း၊ အငြင်းပွားဖွယ် အချက်အလက်များအား တိုက်ဆိုင်စစ်ဆေးခြင်း၊ မသေချာသော အချက်အလက်များအား အတည်ပြုရှင်းလင်းခြင်း၊ မှတ်တမ်းတင်ထားရန် လိုအပ်နေသေးသည့် အကြောင်းအရာများအား ဖော်ထုတ်ခြင်းနှင့် လိုအပ်ပါက မှတ်တမ်းပြုစုခြင်းလုပ်ငန်းအချိန်ဇယားကို ပြန်လည်ပြင်ဆင်ခြင်းတို့ လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။

8. မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အဆုံးတွင် ရရှိလာသည့်ရလဒ်များအား ပြန်လည်ဝေမျှပေးနိုင်ရန်အတွက် ကျေးရွာလူထုအစည်းအဝေးကို နောက်တစ်ကြိမ်စီစဉ်ပါ။ ဆွေးနွေးဖက်အုပ်စု အသီးသီးတွင် ပါဝင်ခဲ့သူများအနေဖြင့် ၎င်းတို့ဆွေးနွေးခဲ့ကြသည့်အထဲမှ အဓိကကျသည့် အချက်များကို ကျေးရွာလူထုသို့ မျှဝေပေးနိုင်ကြပေမည်။ ကျေးရွာသားများအနေဖြင့်လည်း သတင်းအချက်အလက်များအား စိစစ်အတည်ပြုခြင်း၊ လစ်ဟာနေသော အချက်အလက်များအား ဖြည့်စွက်ပေးခြင်း၊ အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည့် လမ်းကြောင်းများအား သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးခြင်းတို့ကို အဆိုပါ တွေ့ဆုံပွဲတွင် ပြုလုပ်နိုင်ကြပေမည်။



## ၆ – ၄ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် မည်သူတို့ ပါဝင်သင့်သနည်း

ပြီးခဲ့သည့်သင်ခန်းစာတွင်တင်ပြခဲ့သော ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းနှင့် အစိတ် အပိုင်းတစ်ခုချင်းစီအား ဆွေးနွေးခြင်းတို့တွင် မည်သူတို့ပါဝင်သင့်သည်ကို ဖော်ထုတ်သတ်မှတ်ပါ။ ရပ်ရွာခေါင်းဆောင်များနှင့် အကြောင်းအရာအလိုက် ကျွမ်းကျင်သူများကို ထည့်သွင်းထားပါ။ ထို့ပြင် ရှုထောင့်ပေါင်းစုံမှ သုံးသပ်နိုင်ရန်အတွက် အမျိုးသမီးများ၊ လူငယ်များနှင့် သက်ကြီးရွယ်အိုတို့လည်း ပါဝင်နေရမည်။ တကူးတကန့်ဖိတ်ခေါ်ခြင်းမပြုပါက မပါဝင်နိုင်ကြမည့် ဘေးဒုက္ခခံစားလွယ်သည့် အုပ်စုများကိုလည်း ဖော်ထုတ်ထားရပါမည်။

### ကျေးရွာခေါင်းဆောင်များ

ကျေးရွာအတွင်း၌ ခေါင်းဆောင်ပိုင်းတွင်ရပ်တည်နေကြသူများသည် အဖွဲ့အစည်းများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင် နေရာတစ်ခုရှိထားကြသူများဖြစ်ရာ ရိုးရာမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ အထူးကျွမ်းကျင်မှုများ ရှိတတ်ကြသည်။ ထို့ကြောင့် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများအကြောင်း၊ မြေယာပိုင်ဆိုင်မှုနှင့် လွှဲပြောင်းပေးခြင်း၊ ခုံသမာဓိနည်းဖြင့်ဆုံးဖြတ်ခြင်းတို့အတွက် ၎င်းတို့ကို ချဉ်းကပ်မေးမြန်းရပါမည်။ ရွာမိရွာဖများဆိုလျှင်လည်း ခေါင်းဆောင်ပိုင်းတွင်ပါဝင်နေကြပြီး ကျေးရွာ၏ရာဇဝင်၊ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်နှင့် မြေအသုံးချမှုစနစ်များ အချိန်ကာလအလိုက် မည်သို့ပြောင်းလဲခဲ့ကြသည် ဆိုသောအချက်များအတွက် အရေးကြီးသည့် သတင်းရင်းမြစ်များပင် ဖြစ်သည်။ ကျေးရွာခေါင်းဆောင်များအဖြစ် နမူနာပြရလျှင် ရွာမိရွာဖများ၊ ရွာသူကြီး၊ စာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များ၊ ဘာသာရေးခေါင်းဆောင်များပင် ဖြစ်သည်။ ဖြစ်နိုင်မည်ဆိုလျှင် ဆက်စပ်ဌာနများမှ ဝန်ထမ်းများကိုလည်း တွေ့ဆုံမေးမြန်းသင့်သည်။

### မတူကွဲပြားသည့် ရှုမြင်ပုံများနှင့် အထူးကျွမ်းကျင်မှု ဗဟုသုတများ

အချို့သူများသည် မြေအသုံးချမှုတစ်ခု သို့မဟုတ် သယံဇာတအမျိုးအစားတစ်ခုနှင့်ပတ်သက်၍ အထူးကျွမ်းကျင်သည့် ဗဟုသုတများ ရှိနေတတ်ကြသည်။ ထို့ကြောင့် အဆိုပါမြေအသုံးချမှုအတွက် သတင်းအချက်အလက်များကို ဖော်ပြပါ ကျွမ်းကျင်သူများထံမှသာ ရယူသင့်သည်။ မြေယာစီမံခန့်ခွဲမှုနှင့် ရိုးရာဓလေ့အရအဖွဲ့အစည်းများတွင် အမျိုးသမီးနှင့် အမျိုးသားတို့မှာ မတူညီသည့်ကဏ္ဍများ ရှိထားကြသဖြင့် ၎င်းတို့အားလုံး၏ မတူညီသည့်ကျွမ်းကျင်မှုဗဟုသုတများကို မှတ်တမ်းပြုစုထားနိုင်ရပါမည်။ အချို့သူများက သစ်စေ့များနှင့်ပတ်သက်၍ အထူးကျွမ်းကျင်တတ်ကြသည်။ နွားကျောင်းသားများသည် ကျွဲ၊ နွား တိရစ္ဆာန်များကို အုပ်စုဖွဲ့ပြီးထိန်းကျောင်းနေကြသူများဖြစ်ရာ ကျွဲနွားလွှတ်ကျောင်းခြင်းနှင့် စားကျက်မြေကိစ္စတို့ကို ၎င်းတို့အား မေးမြန်းရပါမည်။ မုဆိုးများဆိုလျှင်လည်း သယံဇာတရင်းမြစ်များနှင့်ပတ်သက်၍ ကျွမ်းကျင်ကြသူများဖြစ်ရာ တောရိုင်းတိရိစ္ဆာန်များ၊ အမဲလိုက်ခြင်း၊ သစ်တောများနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို အပြည့်အစုံပေးနိုင်ကြသည်။

သက်ကြီးရွယ်အိုများနှင့် လူငယ်များတွင်လည်း အချင်းချင်းဝေမျှပေးနိုင်မည့် ကျွမ်းကျင်မှုများ ရှိထားကြသည်။ သက်ကြီးရွယ်အိုများသည် သမိုင်းရာဇဝင်နှင့်ပတ်သက်သည့် အကြောင်းအရာ များကို ပြောကြားနိုင်ကြပြီး ၎င်းတို့သည် ဘေးဒုက္ခခံစားရလွယ်သူများအစုအဖွဲ့တွင် ပါဝင်နေတတ် ကြသည်။ လူငယ်များကမူ ကျေးရွာအတွင်းမှအခြားသူများထက်စာလျှင် ကျောင်းပညာရေးကို ပိုမို ရရှိထားတတ်ကြသည်။ ထို့ကြောင့်လည်း အနာဂါတ်အတွက် ၎င်းတို့၏မျှော်မှန်းချက်များမှာ မိဘ ဘိုးဘွားများနှင့် ကွဲပြားခြားနားလေ့ရှိသည်။

## ဘေးဒုက္ခခံစားရလွယ်သူများ/ထိခိုက်လွယ်သူများအဖွဲ့

ကျေးရွာတိုင်းရှိ ရိုးရာမြေလုပ်ပိုင်ခွင့်နှင့် မြေအသုံးချမှုများ၏ လုပ်ငန်းဆောင်ရွက်မှုများအား ပိုမိုကျယ်ပြန့်စွာနားလည်သဘောပေါက်စေရန်အတွက် ဘေးဒုက္ခခံစားရလွယ်သူများပါဝင်သည့် အဖွဲ့များကိုလည်း ထည့်သွင်းထားသင့်ပါသည်။ လူထုပူးပေါင်းပါဝင်သည့် သုတေသနလုပ်ငန်းစဉ်တစ်ခုသည် ကျေးရွာခေါင်းဆောင်များနှင့် ဒေသခံများအတွင်းမှ ပညာတတ်လူတန်းစားများ ပါဝင်ရုံမျှဖြင့် ပြည့်စုံမည် မဟုတ်ပေ။ ဘေးဒုက္ခခံစားလွယ်သူများသည် စည်းဝေးတွေ့ဆုံပွဲများသို့ ပုံမှန်တက်ရောက်နိုင်ခြင်းမရှိကြပေ။ အချိန်မပေးနိုင်ခြင်း၊ သုတေသနအဖွဲ့မှအသုံးပြုနေသည့် ဘာသာစကားများနှင့် ထိတွေ့မှုအားနည်းခြင်း၊ မိမိကိုယ်ကိုမိမိ ပညာရှင်ဟုမသတ်မှတ်ထားခြင်း သို့မဟုတ် နိုင်ငံရေးတွင်မပါဝင်သင့်ဟုခံယူထားခြင်း စသည့်အချက်များကြောင့် ၎င်းတို့၏ပူးပေါင်းပါဝင်မှုများမှာ ကန့်သတ်ချက်တို့ရှိနေဆဲပင်။ စီးပွားရေး သို့မဟုတ် လူမှုရေးအနေအထားများကြောင့်လည်း ဘေးဒုက္ခခံစားရလွယ်သူများအုပ်စုအတွင်းသို့ ကျရောက်နေကြသူများလည်း ရှိသည်။ ဒေသတွင်း လွှမ်းမိုးလျက်ရှိသည့် မျိုးနွယ်စုအတွင်းမှ မဟုတ်လျှင်၊ လိုက်နာ ကျင့်သုံးလျက်ရှိသည့် ဓလေ့ထုံးစံများမတူညီလျှင် သို့မဟုတ် အသုံးပြုသည့်ဘာသာစကား မတူညီခြင်းကြောင့် ဝင်ရောက်ဆွေးနွေးလိုခြင်းမရှိလျှင်လည်း ဘေးဒုက္ခခံစားရလွယ်စေပါသည်။ မိမိနေအိမ်ပြင်ပသို့အလွယ်တကူ ထွက်ခွာနိုင်ခြင်းမရှိသည့် သက်ကြီးရွယ်အိုများ၊ အိမ်တွင်းမှုကိစ္စများဖြင့် လုံးပန်းနေရခြင်းကြောင့် အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် မပါဝင်နိုင်ကြသည့် အမျိုးသမီးများ၊ တိုင်းရင်းသား မျိုးနွယ်စုငယ်များမှ တိုင်းရင်းသားများ၊ မကြာသေးမီကမှပြောင်းရွှေ့အခြေချလာကြသူများနှင့် ဆင်းရဲနွမ်းပါးသူများသည် ဘေးဒုက္ခခံစားရလွယ်သူများပင်ဖြစ်သည်။ နေရပ်မှဖိအားပေးရွှေ့ပြောင်းခံရသူများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ဒုက္ခသည်များသည်လည်း ဤအုပ်စုအတွင်းမှပင်ဖြစ်သည်။

ဘေးဒုက္ခခံစားရလွယ်သူများသည် ၎င်းတို့ကသာဝေမျှခြင်းမပြုပါက မည်သို့မျှမရရှိနိုင်မည့် အရေးပါသည့် သတင်းအချက်အလက်များ အထူးသဖြင့် သက်မွေးလုပ်ငန်းများနှင့် တန်းတူညီမျှမှုအကြောင်းတို့ကို ပံ့ပိုးပေးနိုင်ကြသည်။ ထို့ကြောင့် မှတ်တမ်းပြုစုမှုလုပ်ငန်းစဉ်တွင် ၎င်းတို့အား ထည့်သွင်းထားခြင်းဖြင့် ကျေးရွာအတွင်းမှ ရိုးရာမြေလုပ်ပိုင်ခွင့်အကြောင်းကို ပိုမိုစေ့စေ့စုံစုံ သိမြင်နိုင်သည့်အပြင် ဆက်လက်ဆောင်ရွက်မည့် စည်းရုံးတောင်းဆိုမှုများနှင့် မြေအသုံးချမှုစီမံကိန်း ရေးဆွဲခြင်းတို့အတွက်ကိုလည်း အထောက်အကူဖြစ်စေပါသည်။

ဘေးဒုက္ခခံစားရလွယ်သည့် အဖွဲ့များအား ဖော်ထုတ်နိုင်ရေးနှင့် အားလုံးပါဝင်သည့်လုပ်ငန်းစဉ် ဖြစ်လာစေရေးအတွက် စီးပွားရေး၊ လူမှုရေးနှင့် ဓလေ့ထုံးတမ်းများကြောင့် ဖယ်ကြဉ်ခံထားရသည့်သူများအား ထည့်သွင်းစဉ်းစားပါ။


- ကျေးရွာအတွင်းတွင် အခြားသူများထက်ပိုမိုဆင်းရဲသူများအား ဖော်ထုတ်နိုင်ရန်အတွက် ကြွယ်ဝမှုအဆင့်အတန်း ခွဲခြားသတ်မှတ်ခြင်းကို ဆောင်ရွက်ပါ။ ပြည့်စုံသူများထံတွင်ရှိပြီး ဆင်းရဲနွမ်းပါးသူများတွင်မရှိတတ်သော ပစ္စည်းဥစ္စာများမှာ အဘယ်နည်း။
- ကျေးရွာအတွင်း မြေယာခွဲဝေချထားမှု အနေအထား မည်သို့ရှိသနည်း။ မြေနည်းနည်းပဲ ရတာလား။ ဒါမှမဟုတ် မြေညံ့ညံ့တွေပဲ ရတာလား။
- ရွာထဲကို မကြာသေးခင်ကမှ ပြောင်းရွှေ့အခြေချလာတဲ့သူတွေ ရှိသလား။ သူတို့ကော ဘယ်လိုရပိုင်ခွင့်မျိုးတွေရထားလဲ။
- ဒေသတွင်း ရွှေ့ပြောင်းခံထားရတဲ့သူတွေ ရွာထဲမှာ နေနေကြတာ ရှိသလား။ ဒီရွာထဲက ရွှေ့ပြောင်းခံထားရလို့ တစ်ခြားနေရာတွေမှာ ရောက်နေတဲ့သူတွေကော ရှိသလား။
- ဒီရွာထဲက အများစုဖြစ်တဲ့ မျိုးနွယ်စုအတွင်းကမဟုတ်တဲ့ အခြားမျိုးနွယ်စုဝင်တွေကော ဒီရွာမှာ နေကြပါ

သလား။ လူမျိုးစုငယ် ဒါမှမဟုတ် မျိုးနွယ်ငယ်တွေကော ဒီရွာမှာရှိကြလား။ ဒီရွာသားအများစုရဲ့ မျိုးနွယ်စုထဲက မဟုတ်လို့ သယံဇာတရင်းမြစ်ပိုင်ဆိုင်ခွင့်၊ ဆုံးဖြတ်ချက် ချမှတ်ခွင့်နဲ့ အငြင်းပွားမှုဖြေရှင်းရေးတို့မှာ သက်ရောက်မှုတွေရှိနေပါသလား။

- ဒီရွာသားအများစုရဲ့ မျိုးနွယ်စုဘာသာစကားနဲ့မတူတဲ့ ဒါမှမဟုတ် ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုရေး ကူညီပံ့ပိုးသူတွေ ပြောတဲ့ဘာသာစကားနဲ့မတူတဲ့ အခြားဘာသာစကား ပြောတဲ့သူတွေ ဒီရွာမှာ ရှိပါသလား။ အုပ်စုဖွဲ့ဆွေးနွေးမှုတွေ၊ တွေ့ဆုံမေးမြန်းမှုတွေကို တစ်ခြားဘာသာစကားနဲ့ သီးသန့်လုပ်ပေးဖို့ လိုပါသလား။
- ကျေးရွာလူထုအစည်းအဝေး ဒါမှမဟုတ် အုပ်စုဖွဲ့ဆွေးနွေးမှုတွေကို မတက်ရောက်နိုင်တဲ့ သက်ကြီးရွယ်အို ဒါမှမဟုတ် မသန်စွမ်းပုဂ္ဂိုလ်တွေ ရှိပါသလား။
- အခြားနေရာတွေမှာ တစ်နှစ်ပတ်လုံး ဒါမှမဟုတ် အချိန်အပိုင်းအခြားတစ်ခု အလုပ်သွားလုပ်နေတဲ့သူတွေ ရှိပါသလား။ ဘာအလုပ်တွေ လုပ်နေကြတာလဲ။ ဘယ်မှာလုပ်တာလဲ။ သူတို့မပါရင် ဘယ်လိုသတင်းအချက်အလက်မျိုးတွေ လွတ်သွားနိုင်လဲ။ ဒီလုပ်ငန်းစဉ်မှာ သူတို့တွေပါဝင်လာအောင် ဘယ်လိုလုပ်ရင်ရမလဲ။

## ကျား/မ ခွင့်တူညီမျှမှုဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ

တစ်ခါတရံတွင် အမျိုးသမီးများကိုလည်း ဘေးဒုက္ခခံစားရလွယ်သူများအုပ်စုအတွင်းသို့ သတ်မှတ် ထည့်သွင်းတတ်ကြသည်။ အထူးသဖြင့် မုဆိုးမ၊ အိမ်ထောင်မရှိသူ သို့မဟုတ် တစ်ခုလပ်၊ လင်ယောကျ်ား၏ ညှဉ်းပန်းနှိပ်စက်မှုကိုခံနေရသည့် အမျိုးသမီးများနှင့် ရွာပြင်တွင် အလုပ်လုပ်နေ ရသည့် အမျိုးသမီးများသည် ဘေးအန္တရာယ်နှင့်ကြုံတွေ့ရလွယ်လေ့ရှိသည်။



ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်အတွင်း အမျိုးသားနှင့် အမျိုးသမီးတို့၏ အခန်းကဏ္ဍနှင့် အခွင့်အရေးများအကြောင်းကို မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားပေးရပါမည်။ အမျိုးသမီးများ၌ သီးခြားအသိပညာများ ရှိနေတတ်ကြသဖြင့် ၎င်းတို့ပူးပေါင်းပါဝင်လာစေရန် စွမ်းဆောင်နိုင်ခြင်း မရှိပါက ထိုအချက်များကို လက်လွှတ်ဆုံးရှုံးရမည်ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများအား တက်ကြွစွာ ပါဝင်ဆွေးနွေးကြသူများအဖြစ်လည်းကောင်း၊ ၎င်းတို့၏ကိုယ်ပိုင်အခွင့်အရေးများအတွက် ကျွမ်းကျင်သူများအဖြစ်လည်းကောင်း ပါဝင်ထည့်သွင်းနိုင်ရန်အတွက် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်ကို ကြိုတင်၍ ဒီဇိုင်းရေးဆွဲထားရပါမည်။

မြေယာပိုင်ဆိုင်ခွင့်နှင့် အမွေဆက်ခံခွင့်တို့အား စဉ်းစားသုံးသပ်ရာတွင် ရိုးရာမြေလုပ်ပိုင်ခွင့်မှ အမျိုးသမီးများ၏ အခန်းကဏ္ဍကို မဖြစ်မနေလေ့လာရပေမည်။ ရိုးရာဓလေ့နှင့် မြေယာအငြင်းပွားမှု များအား ဥပဒေကြောင်းအရဖြေရှင်းပေးသည့် ယန္တရားများတွင် အမျိုးသမီးများအနေဖြင့် တရားမျှတမှုအား မည်မျှရယူအသုံးပြုနိုင်သည်ဆိုသောအချက်ကိုလည်း အထူးအလေးထား၍ မှတ်တမ်းတင်သင့်ပေသည်။ မြေယာပိုင်ဆိုင်ခွင့်နှင့်ရယူအသုံးပြုပိုင်ခွင့်တို့အား မှတ်တမ်းပြုစုရာတွင် ဟင်းသီးဟင်းရွက် သို့မဟုတ် အလေ့ကျပေါက်ပင်များအား ဝင်ရောက်ခူးဆွတ်ခွင့်ကဲ့သို့သော ဆင့်ပွားအခွင့်အရေးများကိုလည်း အမိအရ မှတ်တမ်းတင်ထားရပါမည်။ အထူးသဖြင့် အမျိုးသမီးများသည် ရယူအသုံးပြုပိုင်ခွင့်ကို သုံးစွဲရလေ့ရှိသည်။ မြေလုပ်ပိုင်ခွင့်အား တရားဝင်သတ်မှတ်လိုက်သည့်အခါ သီးသန့်ပုဂ္ဂလိကပိုင်အဖြစ် ပိုင်ရှင်အတွက်ကိုသာ အသာပေးသတ်မှတ်လိုက်ခြင်းကြောင့် အဆိုပါ ရယူအသုံးပြုပိုင်ခွင့်များမှာ လျော့ပါးသွားသည် သို့မဟုတ် ပယ်ဖျက်ခံလိုက်ရသည်။ သယံဇာတရင်းမြစ်များကို ရယူအသုံးပြုပိုင်ခွင့်မှာ အမျိုးသမီးများနှင့် ဆင်းရဲနွမ်းပါး သူများအတွက် အရေးပါနေဆဲဖြစ်ရာ ထိုအခွင့်အရေးများဆက်လက်တည်တံ့နေစေရန်အတွက် ရိုးရာမြေလုပ်ပိုင်ခွင့်၏ ဤရှုထောင့်များကို မှတ်တမ်းတင်နိုင်ရန် အထူးဂရုပြု ဆောင်ရွက်ရပါမည်။

မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်လာနိုင်ရေးအတွက်ဆိုပါက ၎င်းတို့၏ ဗဟုသုတများနှင့် ထင်မြင်ချက်များကို လွတ်လပ်စွာမျှဝေပေးနိုင်မည့် ဝန်းကျင်တစ်ခုကို မဖြစ်မနေ ဖန်တီးပေးထားရပါမည်။ ဥပမာ - ကျေးရွာလူထုအနေဖြင့် ဆုံးဖြတ်ချက်များချမှတ်နိုင်ရန်အတွက် ရွာလုံးကျွတ် အစည်းအဝေး ကျင်းပသည့်အခါတွင် တစ်အိမ်တစ်ယောက်နှုန်းတက်ရောက်ကြရန် ဖိတ်ခေါ်လေ့ရှိသည်။ အိမ်ထောင်စုတိုင်း ပါဝင်ခွင့်ရသည်ဆိုသော်ငြား လူမှုရေးနှင့် ယဉ်ကျေးမှု ဓလေ့များအရ ထိုအစည်းအဝေးများတွင် အမျိုးသားများကသာ လွှမ်းမိုးနေမည်သာဖြစ်သည်။ ထိုသို့ ဖြစ်ရပ်မျိုးတွင် အမျိုးသမီးအစုအဖွဲ့နှင့် လူငယ်အစုအဖွဲ့တို့ကိုလည်း အစည်းအဝေးတက်ရောက်ရန် သီးသန့်ဖိတ်ကြားပေးရမည်။

ကျား/မ ရောနှောနေသည့်အုပ်စုအတွင်းတွင် အမျိုးသမီးများအနေဖြင့် လွတ်လပ်ပွင့်လင်းစွာ ပြောဆိုဆွေးနွေးနိုင်သော ယဉ်ကျေးမှုဓလေ့မျိုးရှိသကဲ့သို့ အမျိုးသမီးသီးသန့် အုပ်စုဖွဲ့ဆွေးနွေးမှု မဖြစ်မနေ လုပ်ဆောင်ရသည့် ဓလေ့မျိုးလည်း ရှိပါသည်။ ဓလေ့ထုံးတမ်းစနစ်များတွင် အမျိုးသမီးများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသည့်အပြင် ၎င်းတို့ကိုယ်တိုင်သည် သယံဇာတရင်းမြစ်များနှင့် ပတ်သက်၍ ကျွမ်းကျင်ကြသူများလည်းဖြစ်ရာ မည်သည့်အခြေအနေမျိုးတွင်မဆို အမျိုးသမီးသီးသန့် အုပ်စုဖွဲ့ဆွေးနွေးမှုများကို စီစဉ်ပေးသင့်ပြီး တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုများ ကိုလည်းပြုလုပ်သင့်ပါသည်။ ဖြစ်နိုင်မည်ဆိုလျှင် ထိုကဲ့သို့အုပ်စုဖွဲ့ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများတွင် အမျိုးသမီးဦးဆောင်လျှက်ရှိသည့် အိမ်ထောင်စုများကို ထည့်သွင်းရပါမည်။ အကယ်၍ ပဏာမအဆင့် မြေပုံရေးဆွဲမှုများတွင် အမျိုးသားအရေတွက် များနေခဲ့သည်ဆိုပါက မြေပုံကြမ်းနှင့် ဂြိုလ်တုမြေပုံရေးဆွဲခြင်းတို့ကို အမျိုးသမီး သီးသန့် အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် ဆောင်ရွက်ရပါမည်။ သုတေသနလုပ်ငန်းများအတွက် စည်းဝေးတွေ့ဆုံမှုများ စီစဉ်ရာတွင်လည်း အမျိုးသားကော အမျိုးသမီးများပါ အားလပ်နိုင်မည့်အချိန်မျိုးကို ရွေးချယ်ပြုလုပ်သင့်ပါသည်။

မှတ်တမ်းပြုစုမှုလုပ်ငန်းစဉ်တစ်လျှောက်လုံးရှိ စည်းဝေးတွေ့ဆုံမှုများနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် အမျိုးသားမည်မျှ၊ အမျိုးသမီးမည်မျှ တက်ရောက်ကြသည်ကို မှတ်သားထားပါ။ အမျိုးသား၊ အမျိုးသမီးနှစ်မျိုးလုံးပါဝင်သော ဦးတည်

ချက်အလိုက် အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် မည်သူတို့သည် တက်ကြွစွာပါဝင်ကြပြီး မည်သူတို့ကမူ အပြည့်အဝပါဝင်ခြင်းမရှိကြသည်ကိုလည်း မှတ်သားထားရပါမည်။ အများနှင့်ရောနှောဆွေးနွေးသည့်အခါတွင် တက်ကြွစွာပါဝင်ကြခြင်းမရှိသူများအတွက် သီးခြားအုပ်စုအဖွဲ့များ (အမျိုးသမီး၊ လူငယ်၊ သက်ကြီးရွယ်အို၊ အခြားဘာသာစကားများဖြင့်ဆိုလျှင် တက်ကြွစွာပါဝင်ဆွေးနွေးတတ်သူများ)အဖြစ် စီစဉ်တွေ့ဆုံသင့်ပါသည်။

## ခေါင်းစီးအကြောင်းအရာအလိုက် မေးခွန်းများ

ရိုးရာမြေလုပ်ပိုင်ခွင့်ရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍကို စေ့ငုနိုင်ရန်အတွက် စူးစမ်းမေးမြန်းသင့်သည့် ဆက်စပ်မေးခွန်းနစ်ခုရှိပါသည်။ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်၏ မည်သည့်ရှုထောင့်များသည် အမျိုးသမီးများအား ပိုမို၍ဘေးအန္တရာယ်ဖြစ်လွယ်စေပါသနည်း။ မည်သည့်ရှုထောင့်များသည် အမျိုးသမီး များ၏ ဘေးဒုက္ခခံစားရလွယ်မှုကို လျော့ချပေးနိုင်သနည်း။

တွေ့ဆုံမေးမြန်းမှု သို့မဟုတ် အုပ်စုဖွဲ့ဆွေးနွေးမှုများတွင်ဆိုပါက အထက်ပါမေးခွန်းများသည် ကျယ်ပြန့်လွန်းသဖြင့် တိုက်ရိုက်မေးမြန်းခြင်းမပြုသင့်ပေ။ မေးခွန်းများကို အစိတ်အပိုင်းငယ်များ အဖြစ် အောက်ပါအတိုင်း ခွဲခြားမေးမြန်းရပါမည်

- ဓလေ့ထုံးတမ်းစနစ်တွင် အမျိုးသမီးများ အမွေဆက်ခံခွင့်နှင့်ပတ်သက်၍ မည်သည့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးထားသနည်း။ အမွေအဖြစ် မြေခွဲပေးခံရသည့် အမျိုးသမီးအရေအတွက် ဤရွာတွင် ရှိသနည်း။ မည်သည့်အခြေအနေမျိုးတွင် အမွေအဖြစ် မြေရရှိခဲ့ကြသနည်း။
- အမျိုးသမီးတွေရဲ့ မြေယာပိုင်ဆိုင်ခွင့်အတွက် ဘယ်လိုစည်းမျဉ်းတွေ သတ်မှတ်ထားသလဲ။ ကျေးရွာအတွင်း အမျိုးသမီးအရေအတွက်ဘယ်လောက်က မြေပိုင်ကြပါသလဲ။ ဘယ်လိုအခြေအနေမျိုးတွေမှာ မြေပိုင်ကြလဲ။
- အမျိုးသမီးတွေအတွက် တိုက်ရိုက်ပိုင်ဆိုင်မှုမရှိပေမယ့် မြေနဲ့ သယံဇာတရင်းမြစ်တွေကို ရယူသုံးစွဲပိုင်ခွင့် ရှိပါသလား။ ဥပမာ - မိသားစုဝင်တစ်ဦးရဲ့မြေပေါ်မှာ စိုက်ပျိုးလုပ်ကိုင်ခွင့်။
- ကျေးရွာအတွင်းမှာ အမျိုးသမီးတွေက ဘယ်လိုခေါင်းဆောင်မှုကဏ္ဍမျိုး ရယူထားကြလဲ။ ဦးဆောင်မှုကဏ္ဍကို အမျိုးသမီးတွေ ရယူခွင့်မရှိစေတဲ့ အတားအဆီးတွေက ဘာတွေလဲ။
- အငြင်းပွားမှုတွေကို ဓလေ့ထုံးတမ်းစနစ်အရ ဖြေရှင်းတဲ့နေရာမှာ အမျိုးသားနဲ့ အမျိုးသမီး တွေရဲ့ကြားမှာ အခန်းကဏ္ဍတွေ ဒါမှမဟုတ် အခွင့်အရေးတွေကို ခွဲခြားထားပါသလား။
- ဓလေ့ထုံးတမ်းစနစ်အရ ဆုံးဖြတ်ချက်ချမှတ်တဲ့နေရာမှာ အမျိုးသမီးတွေရဲ့အခန်းကဏ္ဍက ဘာတွေလဲ။ ကျေးရွာအစည်းအဝေးတွေကိုကော အမျိုးသမီးတွေ တက်ရောက်ပါဝင်ကြ ပါသလား။

> • အမျိုးသမီးများအား "အမျိုးသမီးများအတွက် အခက်အခဲများ" ကိုသာ မေးမြန်းခြင်းမပြုပါနှင့်။ အမျိုးသမီးများသည် ၎င်းတို့၏အခန်းကဏ္ဍ တစ်ခုတည်းအတွက်ကို သာမကဘဲ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များ၏ ရှုထောင့်အသီးသီးအတွက် သတင်းအချက်အလက်များနှင့် သုံးသပ်ချက်များကို ဝင်ရောက်ပြောဆိုခွင့်ရှိရပါမည်။
>
> • စူးစမ်းလေ့လာနေသည့် ရိုးရာမြေလုပ်ပိုင်ခွင့်၏ အစိတ်အပိုင်းအသီးသီးတွင် ကျား/မ တန်းတူညီမျှမှုကို ပေါင်းစပ်ထည့်သွင်းထားသည့် မေးခွန်းများမေးမြန်းပါ။ အမျိုးသမီးသီးသန့် အုပ်စုဖွဲ့ဆွေးနွေးမှုတစ်ခုတည်းဖြင့် လိုအပ်သောအကြောင်းအရာများအားလုံး လွှမ်းခြုံနိုင်မည်မဟုတ်ပေ။

မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် အမျိုးသမီးများပါဝင်မှုကို သေချာစေလိုပါက -

- အစည်းအဝေးများကို အမျိုးသမီးများတက်ရောက်နိုင်မည့်အချိန်များတွင်သာ ရွေးချယ် ပြုလုပ်ပါ။
- အမျိုးသမီးသီးသန့် အကြောင်းအရာအလိုက် အုပ်စုဖွဲ့ဆွေးနွေးမှုများ စီစဉ်ကျင်းပါ။
- နယ်မြေအတွင်း၌ ခေါင်းဆောင်ကဏ္ဍမှပါဝင်နေသည့် အမျိုးသမီးများအား တွေ့ဆုံ မေးမြန်းပါ။
- မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်၏ အားလုံးပါဝင်နိုင်မှုအား စောင့်ကြည့်လေ့လာရန်နှင့် အကဲဖြတ်ဆန်းစစ်နိုင်ရန်အတွက် ကျေးရွာလူထုတွေ့ဆုံပွဲနှင့် ဦးတည်ချက်အလိုက် တွေ့ဆုံ ဆွေးနွေးမှုတိုင်းတွင် အမျိုးသားမည်မျှ၊ အမျိုးသမီးမည်မျှ တက်ရောက်ကြသည်ကို မှတ်တမ်းတင်ထားပါ။

## ၆ – ၅ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များအား မှတ်တမ်းပြုစုခြင်းအတွက် နည်းလမ်းများနှင့် အသုံးချကိရိယာများ

ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းအတွက် အသုံးပြုရမည့် နည်းလမ်းများနှင့် ၎င်းတို့အား ထိထိရောက်ရောက် မည်သို့အသုံးပြုရမည်ဆိုသော အကြံပြုချက်များကို အောက်ပါကဏ္ဍတွင် ဖော်ပြပေးထားပါသည်။

### မြေပုံရေးဆွဲခြင်း

ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုရာတွင် မြေပုံများသည် မရှိမဖြစ်လိုအပ်သည့် အသုံးချကိရိယာတစ်ခုပင် ဖြစ်သည်။ မြေယာအကြောင်း အုပ်စုဖွဲ့ဆွေးနွေးမှုများအား ပိုင်းဝန်းပံ့ပိုးရာတွင်လည်း မြေပုံရေးဆွဲ ခြင်းသည် အသုံးဝင်သည့် နည်းလမ်းတစ်ခုပင်ဖြစ်သည်။ ထို့အပြင် ရပ်ရွာဒေသအတွင်းမှ မြေယာပိုင်ဆိုင်မှုများအား အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အား ဆက်သွယ်ပြန်ကြားမှုများတွင် တိကျစွာညွှန်းဆိုနိုင်သဖြင့် ထိရောက်သည့် ကိရိယာတစ်ခုလည်း ဖြစ်သည်။



ဒေသခံတို့၏ မြေယာအခွင့်အရေး တောင်းဆိုမှုများတွင် ဒေသခံလူထုပါဝင်သည့် မြေပုံရေးဆွဲခြင်းနည်းကို ကမ္ဘာအဝှမ်းတွင် ဆယ်စုနှစ်ပေါင်းများစွာ အသုံးပြုခဲ့ပြီးဖြစ်သည်။ လူထုပူးပေါင်းပါဝင်သည့် မြေပုံရေးဆွဲခြင်းဆိုင်ရာ ပုံစံ (၃)မျိုးနှင့် မိမိ၏ လုပ်ငန်းအခြေအနေအပေါ်မူတည်၍ ရွေးချယ်သင့်သည့် နည်းလမ်းတို့ကို ဤကဏ္ဍတွင် ဖော်ပြပေးသွားပါမည်။ ထို့အပြင်

ပုံကြမ်းနှင့် စကေးအတိုင်းအတာပြ မြေပုံများအသုံးပြုထားသည့် မြေပုံရေးဆွဲခြင်းလုပ်ငန်းစဉ်ကိုလည်း အကြံပြု တင်ပြပေးထားပါသည်။ မြေပုံအမျိုးအစားတစ်ခုချင်းစီအလိုက် ဖန်တီးရေးဆွဲခြင်း၏ နည်းပညာဆိုင်ရာ လုပ်ငန်းအဆင့်များ အသေးစိတ်ကို ဖော်ကျူးထားသည့် အခြားသော လမ်းညွှန်စာအုပ် များကိုလည်း ဤကဏ္ဍအဆုံးတွင် စာရင်းပြုစုပြီး ဖော်ပြထားပေးပါသည်။

မည်သို့သော မြေပုံရေးဆွဲမှုနည်းလမ်းများ အသုံးပြု ရမည်ကို ဆုံးဖြတ်နိုင်ရန်အတွက် အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ -

- ဘာကြောင့် မြေပုံရေးဆွဲချင်ရတာလဲ။
- ဒီမြေပုံကို ဘယ်သူ့ကို ပြချင်တာလဲ။
- ဒီမြေပုံထဲမှာ ဘယ်လိုသတင်းအချက်အလက်တွေ ပါသင့်သလဲ။

မြေပုံရေးဆွဲခြင်းအတွက်အကြံပြုချက်များ

ရိုးရာမြေလုပ်ပိုင်ခွင့်၏ ရှုထောင့်များကို အထူးသဖြင့် မြေအသုံးချမှုနှင့် မြေယာပိုင်ဆိုင် ခွင့်တို့ကို အတိအကျရှည်ညွှန်းလိုသည့်အခါတွင် မြေပုံများသည် အလွန်ထိရောက်ပေသည်။

ရိုးရာမြေလုပ်ပိုင်ခွင့်ကို ဒေသခံရွာသားများ သာမက ပြင်ပပုဂ္ဂိုလ်များပါ ပိုမိုနားလည်သဘောပေါက်နိုင်ရေးအတွက် လူထုပါဝင် ရေးဆွဲသည့်မြေပုံများကို အသုံးပြုလေ့ရှိသည်။ မြေပုံများသည် ထိုဦးတည်ချက်များအတွက်ပင်ဖြစ်ပြီး အဆုံးသတ်ရလဒ်များ မဟုတ်ပေ။ မြေပုံရေးဆွဲမှုကိုသာ ဦးစားပေးစဉ်းစားထားပြီး အဆုံးသတ်ရည်မှန်းချက်များကို မပြည့်မီနိုင်ပါက ဒေသခံလူထုအတွက်ကိုလည်း အသိအမြင်ဖွင့်ပေးနိုင်မည် မဟုတ်ပေ။

မြေပုံကြမ်းရေးဆွဲမည့် ပထမဆုံးသော လူထုတွေ့ဆုံပွဲသို့တက်ရောက်ရန် အနီးအနားကျေးရွာများမှ ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားပါ။ ကျေးရွာမြေပုံအား အတည်ပြုစိစစ်ရာတွင် အနီးဝန်းကျင်မှ ကျေးရွာများသည်လည်း ပါဝင်သင့်ပါသည်။

အထက်ပါမေးခွန်းများအား ဖြေဆိုမှုအပေါ် မူတည်၍ မြေပုံရေးဆွဲမှုနည်းလမ်းများကို ရွေးချယ်ပါ။ မြေပုံကြမ်း၊ စကေးအတိုင်းအတာပြမြေပုံ၊ 3D မြေပုံနှင့် GPS အမှတ်အသား ကောက်ယူခြင်းတို့သည် ဒေသခံလူထု ပူးပေါင်းပါဝင်သည့် အသုံးအများဆုံးနည်းလမ်းများပင်ဖြစ်ပြီး ၎င်းတို့တစ်ခုချင်းစီသည် သက်ဆိုင်ရာအခြေအနေများအလိုက် အသုံးဝင်ကြသည်ချည်းသာဖြစ်သည်။ နည်းလမ်းတစ်ခုချင်းစီ၏ အားသာချက်၊ အားနည်းချက်များကို ဤကဏ္ဍအဆုံးတွင် ဇယားကွက်ဖြင့်နှိုင်းယှဉ်သုံးသပ်ပြထားပါသည်။ မိမိ၏ရည်မှန်းချက်ပန်းတိုင်၊ နည်းပညာကျွမ်းကျင်မှု ရရှိသည့် အချိန်အတိုင်းအတာနှင့် မြေပုံများအပေါ် ရွာသားများ၏ လက်ခံမှုတို့အပေါ် မူတည်၍ အဆင်ပြေမည့် နည်းလမ်းများကို ရွေးချယ်အသုံးပြုပါ။

မြေပုံရေးဆွဲခြင်းအတွက် မည်သည့်နည်းလမ်းကိုရွေးချယ်သည်ဖြစ်စေ ဒေသခံရွာသားများနှင့် ပူးပေါင်း၍ မြေပုံကြမ်း ရေးဆွဲခြင်းဖြင့် စတင်ရပါမည်။ မြေပုံရေးဆွဲခြင်းအားဖြင့် ဒေသခံရွာသားများအဖို့ ၎င်းတို့၏မြေကို နေရာဒေသအလိုက် မည်သို့ပြသရမည်ကို စဉ်းစားတွေးခေါ်နိုင်စေပါသည်။ မတူညီသောအုပ်စုများနှင့် မြေပုံကြမ်း ရေးဆွဲခြင်းအားဖြင့်လည်း အချောသတ်မြေပုံအဆင့်များတွင် ၎င်းတို့သိရှိထားသမျှကို ထည့်သွင်းလာနိုင်စေမည်။ ဒေသခံကျေးရွာ၏မြေပိုင်နက်အတွက် ယေဘုယျနယ်နိမိတ်များ၊ အထင်ကရ အမှတ်အသားများ၊ မြေအသုံးချမှုအမျိုးအစားများကို ဖော်ထုတ်နိုင်လာပြီး ထပ်မံရေးဆွဲမည့် မြေပုံများအတွက်ကိုလည်း အချက်အလက်များ ပြည့်စုံစေပါသည်။

### အချက်အလက်များ ပိုင်ဆိုင်ခွင့်

မြေပုံများအပါအဝင် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တစ်လျှောက်လုံးမှ ပေါ်ထွက်လာသည့် အချက်အလက်အားလုံးကို ဒေသခံကျေးရွာကသာလျှင် ပိုင်ဆိုင်ခွင့်ရှိပါသည်။ မြေပုံများအား မည်သို့ အသုံးပြုမည်၊ မြေပုံများအား မည်သူတို့ကို ပြသမည် စသည့်ဆုံးဖြတ်ချက်များကို ဒေသခံကျေးရွာကသာ လျှင် ချမှတ်ရပါမည်။

မြေပုံများရေးဆွဲထားခြင်းဖြင့် ရိုးရာဓလေ့အရစီမံခန့်ခွဲနေသည့်မြေများ သိမ်းဆည်းခံရခြင်းမှ ကာကွယ်နိုင်ပေသည်။ သို့သော် ထိုသို့ရေးဆွဲထားသောကြောင့်လည်း အဆိုပါမြေများ ပို၍အန္တရာယ် ကြုံတွေ့လာရနိုင်သည်။ အဖိုးတန်သည့် သဘာဝသယံဇာတများကို မြေပုံများတွင်မှတ်တမ်းတင်ထား သည်ဆိုပါက ဒေသပြင်ပမှပုဂ္ဂိုလ်များအား လက်ယပ် ခေါ်သကဲ့သို့ဖြစ်လာနိုင်ပါသည်။ မြေပုံရေးဆွဲထား ခြင်းမရှိပါကလည်း မြေယာသိမ်းဆည်းခံရမှုနှင့် ပိုမိုကြုံတွေ့ရဖွယ် ရှိနေပြန်သည်။ မြေပုံရေးဆွဲထား ခြင်းမရှိသောဒေသများတွင် ရိုးရာမြေလုပ်ပိုင်ခွင့်မရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုအတွက် အသုံးပြု၍ရနိုင်သေး သည်ဟု အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့က ယူဆလာနိုင်သောကြောင့်ဖြစ်သည်။

မြေပုံရေးဆွဲခြင်းကြောင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများနှင့် အန္တရာယ်များအကြောင်းကို မှတ်တမ်းပြုစုခြင်း ကြိုတင်ပြင်ဆင်သည့်အဆင့်မှာကတည်းကပင် ပွင့်ပွင့်လင်းလင်း ရှင်းပြထားသင့် သည်။

မြေပုံများအား မည်သို့အသုံးပြုကြမည်ဆိုသည့် အချက်နှင့်ပတ်သက်၍ နှစ်ဘက်သဘောတူညီ မှု တစ်ရပ်ကိုလည်း မှတ်တမ်းပြုစုခြင်းအတွက် သင်တန်းပေးနေစဉ်အတောအတွင်း ကျေးရွာကိုယ်စား လှယ်များနှင့် ဆွေးနွေးရယူထား ရပါမည်။ မြေပုံရေးဆွဲမှု လုပ်ငန်းစဉ်များတွင် ချိတ်ဆွဲပြသထားရန်အတွက် ထိုကဲ့သို့ သဘောတူသတ်မှတ်ထားခဲ့ကြသည့် စည်းကမ်းချက်များကို ချရေးထားသင့်ပါသည်။ ထို့အပြင် မြေပုံမိတ္တူပွားများပေါ်တွင်လည်း အဆိုပါ စည်းကမ်းများကို ရေးသားထားသင့်ပါသည်။

ဥပမာ သုတေသနလုပ်ငန်းနှင့် စည်းရုံးတောင်းဆိုမှုတို့အတွက် အဓိကထားဆောင်ရွက်ခဲ့သည့် မှတ်တမ်းပြုစုခြင်းဆိုပါက "ဤမြေပုံများသည် သုတေသနလုပ်ငန်းအတွက်သာဖြစ်ပြီး ဥပဒေကြောင်း အရ တရားဝင်မြေယာမှတ်ပုံတင်ခြင်းအတွက် အသုံးမပြုရ" ဟူသော စည်းကမ်းများကို ထည့်သွင်းရေး သားထားရပါမည်။

မှတ်တမ်းပြုစုခြင်းလုပ်ငန်းအား ကူညီပံ့ပိုးနေကြသည့် NGO အဖွဲ့များသည် ဒေသခံလူထုနှင့် ကြိုတင်၍ သဘောတူညီထားသည့် ရည်မှန်းချက်များပြည့်မီရန်အတွက် စည်းရုံးတောင်းဆိုမှုလုပ်ငန်း များတွင် မြေပုံများအား အသုံးပြု နိုင်သည်ဟူ၍လည်း စည်းကမ်းချက်သတ်မှတ်ထားနိုင်သည်။ စည်းရုံး တောင်းဆိုမှုလုပ်ငန်းများအတွက် ရရှိလာသည့် အခွင့်အရေးများ အသုံးပြုခြင်းအတွက် ခွင့်ပြုချက်တောင်း ခံခြင်းထက် မြေပုံများအား မည်သို့အသုံးပြုရမည်ဆိုသည့် အခြေခံလမ်းညွှန်ချက်များအား သဘောတူညီ ချက် ရယူထားခြင်းက ပို၍သင့်လျော်ပါသည်။

မြေပုံများကို တစ်စုံတရာသောအဖွဲ့များနှင့် ဝေမျှခြင်းမပြုလိုသည့်ကျေးရွာများလည်း ရှိနေနိုင် ပေသည်။ တန်ဖိုးရှိသည့် သဘာဝသယံဇာတများ၏ တည်နေရာကဲ့သို့ သတင်းအချက်အလက်များကို လျှို့ဝှက်ထားလိုကြပေမည်။ မြေပုံများအပါအဝင် ရရှိလာသည့်အချက်အလက်များအနက် မည်သည်တို့ ကို မျှဝေမည်။ မည်သည်တို့ကိုမူ မမျှဝေပါ ဟူသောအချက်များနှင့်ပတ်သက်၍ ကျေးရွာကိုယ်စားလှယ်များ နှင့် တိုင်ပင်ဆွေးနွေး၍ သဘောတူညီချက်များ ရယူထားခြင်းကို မှတ်တမ်းပြုစုခြင်းလုပ်ငန်းအဆုံးတွင် ဆောင်ရွက်ရပါမည်။

## မြေပုံရေးဆွဲခြင်း လုပ်ငန်းစဉ်အတွက် အကြံပြုချက်

ပထမဦးဆုံးပြုလုပ်သည့် ကျေးရွာအစည်းအဝေးတွင် သို့မဟုတ် ပထမအစည်းအဝေးအပြီးတွင် ဆွေးနွေးဖက်အုပ်စုများနှင့်အတူ မြေပုံကြမ်းများရေးဆွဲပါ။ သို့မှသာ ကူညီပံ့ပိုးသူများအတွက် ဒေသခံကျေးရွာ၏ မြေနှင့်ပတ်သက်၍ ခြုံငုံသုံးသပ်နိုင်မည့်အပြင် နောက်ပိုင်းတွင်ပြုလုပ်မည့် အုပ်စုဖွဲ့ ဆွေးနွေးမှုများအတွက်ကိုလည်း မိုငြမ်းစရာအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ အခြားဆွေးနွေးဖက်အုပ်စုများနှင့်လည်း မြေပုံကြမ်းများကို ဆက်လက်ရေးဆွဲနေခြင်းဖြင့် သတင်းအချက်အလက်များ ထပ်ဖြည့်နိုင်၊ မြေပုံအား ထပ်မံမွမ်းမံနိုင်မည် ဖြစ်သည်။ မြေပုံကြမ်းများတွင် နယ်နိမိတ်များ၊ မြေအသုံးချမှုအမျိုးအစားများ၊ အထင်ကရ အမှတ်အသားများ ပြည့်စုံစွာ ဖြည့်စွက်ပြီးသည့်အခါတွင် ရပ်ရွာခေါင်းဆောင်များအား ဖိတ်ကြားပြီးလျှင် ရွာမြေအား Google Earth ဂြိုလ်တုပုံများအသုံးပြု၍ စကေးအတိုင်းအတာပြမြေပုံ ရေးဆွဲပါ (အောက်တွင်ဖော်ပြထားသည့် လုပ်ငန်းအဆင့် ၄ ကို ကြည့်ပါ)။ ထို့နောက် ကျေးရွာလူထု အစည်းအဝေးတွင် မြေပုံကြမ်းနှင့် စကေးအတိုင်းအတာပြ မြေပုံတို့ကိုချပြပြီး စိစစ်အတည်ပြုပါ။ စကေးအတိုင်းအတာပြမြေပုံနှင့် မြေပုံကြမ်းတို့ကို ဗီနိုင်းစဖြင့်ပုံနှိပ်ပြီးလျှင် အများမြင်သာသည့် နေရာတွင် ပြသပေးထားရမည်။

တိကျမှန်ကန်သည့်မြေပုံတစ်ခုကို အချိန်တိုအတွင်း ဖန်တီးရေးဆွဲနိုင်ရန် ဤလုပ်ငန်းစဉ်အား ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး GIS နည်းပညာများနှင့် မြေပုံရေးဆွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်တို့လည်း များများစားစားမလိုအပ်တော့ပေ။ စကေးအတိုင်းအတာပြမြေပုံ ရေးဆွဲရန်အတွက်ကိုမူ Google Earth ကို အသုံးပြုတတ်သူ အထူးသဖြင့် Arc GIS သို့မဟုတ် QGIS ဆော့ဖ်ဝဲများအသုံးပြု၍ စကေးအတိုင်းအတာပြမြေပုံကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲပေးနိုင်မည့် ပညာရှင်များ လိုအပ်ပေသည်။

မရေရာသည့် နယ်နိမိတ်များအတွက် ပိုမိုတိကျစေရန် GPS အမှတ်အသားများ ထပ်မံဖြည့်စွက်ခြင်းဖြင့်လည်း ဤလုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်စေနိုင်ပါသည်။ စကေးအတိုင်းအတာပြမြေပုံများအား 3D မြေပုံများဖြင့် အစားထိုးခြင်းကိုလည်း ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် ရက်အနည်းငယ် ထပ်မံကြာမြင့်နိုင်သော်ငြား (စီမံကိန်းဧရိယာအကျယ်အဝန်းနှင့် မြေပြင်အနေ အထားတို့အပေါ် မူတည်၍ ၃ - ၁၅ ရက်ခန့် ကြာမြင့်နိုင်သည်) ဒေသခံကျေးရွာသားများအတွက်ကိုမူ မြေပုံကြည့်သည့်အတွေ့အကြုံ နည်းပါးသည့်တိုင် အလွယ်တကူ သဘောပေါက်နားလည်စေပါသည်။

## လုပ်ငန်းအဆင့် (၁)
## ကြိုတင်ပြင်ဆင်ခြင်း

မြေယာအငြင်းပွားမှုများ သို့မဟုတ် အတိတ်မှ သင်ခန်းစာဆိုးများကြောင့် အချို့ကျေးရွာများသည် မြေပုံရေးဆွဲခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်တတ်ကြသည်။ ထိရောက်အောင်မြင်သော မြေပုံရေးဆွဲမှုဆိုရာတွင် စာရွက်ပေါ်၌ချရေးဆွဲခြင်း မပြုမီ သို့မဟုတ် GPS အမှတ်အသားများအား မှတ်တမ်းရေးသွင်းခြင်းမပြုမီ မြေပြင်တွင်လုပ်ဆောင်ရမည့်လုပ်ငန်းများ ပါဝင်နေပါသည်။ အဆိုပါ လိုအပ်ချက်အများစုကိုလည်း မှတ်တမ်းပြုစုခြင်းလုပ်ငန်း ကြိုတင်ပြင်ဆင်သည့်အဆင့်မှာပင် ပြီးစီးထားနိုင်ပြီး ရပ်ရွာအတွင်းကူညီပံ့ပိုးပေးမည့်သူများအား လေ့ကျင့်သင်ကြားပေးစဉ်အတွင်း ပြန်လည်သုံးသပ်ခြင်းနှင့် မွမ်းမံခြင်းတို့ ဆောင်ရွက်ရပါမည်။

- မြေပုံပေါ်တွင် မျဉ်းကြောင်းတစ်ကြောင်းမဆွဲမီကတည်းကပင် မြေပုံရေးဆွဲခြင်း၏ ရည်ရွယ်ချက်များအကြောင်းကို ဒေသခံရွာသားများနှင့်အကြားတွင် အပြန်အလှန်နားလည်မှုများ ရှိထားရမည်။ မြေပုံရေးဆွဲခြင်းဆိုသည်မှာ မှတ်တမ်းပြုစုခြင်း၏ ဦးတည်ချက်များအားလုံး ပြည့်မီရေးအတွက်ကို ရည်ရွယ်ထားခြင်းဖြစ်သဖြင့် ကြိုတင်ပြင်ဆင်သည့်အဆင့်မှာပင် ဤအချက်ကိုဖြည့်ဆည်းထားနိုင်ပါသည်။

- မြေယာအငြင်းပွားမှုများနှင့် ကျေးရွာအတွင်းရှိ ဩဇာအာဏာရှိသူများ၏အနေအထားတို့ကို ကြိုတင်နားလည်ထားရပါမည်။ ဒေသအခြေအနေကို သိရှိထားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်သည့်အဆင့်မှ အကျိုးသက်ဆိုင်သူများ စိစစ်သုံးသပ်ချက်နှင့် ဆုံးရှုံးနိုင်ခြေ အကဲဖြတ်ဆန်းစစ်ချက်တို့က အထောက်အကူပြုပါလိမ့်မည်။
- မြေပုံရေးဆွဲခြင်းကြောင့် ပေါ်ပေါက်လာနိုင်သည့် ပဋိပက္ခများနှင့် ဆုံးရှုံးနိုင်ခြေများအား စီမံနိုင်ရေးအတွက်ကို နည်းဗျူဟာတစ်ရပ်ရေးဆွဲထားပါ။ ထိုကဲ့သို့ ပေါ်ပေါက်လာဖွယ်ရှိသည့် ဆုံးရှုံးနိုင်ခြေများအား မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ကို လူထုတွေ့ဆုံမှုများနှင့် ရပ်ရွာအတွင်း ကူညီပံ့ပိုးမည့်သူများအား လေ့ကျင့်သင်ကြားပေးနေစဉ်အတွင်း ညှိနှိုင်း၍ သဘောတူညီချက် ရယူထားပါ။ မြေပုံပေါ်တွင် မြေပိုင်ဆိုင်မှုအမှတ်အသားများ တစ်ခုနှင့်တစ်ခု ထပ်နေခြင်း သို့မဟုတ် မြေယာအငြင်းပွားမှုများအတွက် ရိုးရာခေါင်းဆောင်များ သို့မဟုတ် အစိုးရအာဏာပိုင်များနှင့် ပူးပေါင်းဖြေရှင်းခြင်းတို့ကို မှတ်တမ်းတင်ထားရမည်ဟု ဆိုလိုခြင်းဖြစ်သည်။
- မြေပုံများကို ကျေးရွာလူထုကသာပိုင်ဆိုင်ပြီး ထိုမြေပုံများအား မည်သို့အသုံးပြုမည်၊ မည်သူတို့နှင့် မျှဝေသုံးစွဲမည်တို့ကိုလည်း ကျေးရွာမှသာ ဆုံးဖြတ်ခွင့်ရှိကြောင်း ရှင်းပြထားပါ။ မြေပုံများအား မည်သို့အသုံးပြုမည်နှင့် ပတ်သက်သော သဘောတူညီချက်များကိုလည်း တွေ့ဆုံ ဆွေးနွေးမှုများအတွင်းနှင့် ရပ်ရွာအတွင်းကူညီပံ့ပိုးမည့်သူများအား လေ့ကျင့်သင်တန်းပေး နေစဉ်အတွင်း ရယူထားရပါမည်။ (အချက်အလက်များပိုင်ဆိုင်မှုအကြောင်းကို အထက်တွင်ဖော်ပြခဲ့သည့် စာစုတွင် ကြည့်ပါ)

## လုပ်ငန်းအဆင့် (၂)
## မြေပြင်ပေါ်တွင် မြေပုံကြမ်းရေးဆွဲခြင်း

မှတ်တမ်းပြုစုခြင်း ကနဦးအစပိုင်း ကျေးရွာအစည်းအဝေးတွင် မြေပုံကို စာရွက်ပေါ်တွင်ရေးဆွဲခြင်းမပြုခင် ဖြစ်နိုင်လျှင် ဦးစွာမြေပြင်ပေါ်တွင်ပုံကြမ်းရေးဆွဲနိုင်ပါသည်။ ထိုကဲ့သို့မြေပုံကြမ်း ပုံဖော်ရာတွင် ကျေးရွာတွင်း လက်လှမ်းမီသော အရင်းအမြစ်များ ဥပမာ သဲ၊ ရွှံ၊ ကျောက်တုံး၊ ကျောက်စရစ်၊ သစ်ရွက်နှင့် ကောက်ရိုး ကဲ့သို့သောပစ္စည်းများအားအသုံးပြု ပုံဖော်ရေးဆွဲနိုင်ပါသည်။ ထိုကဲ့သို့ရေးဆွဲခြင်းသည် ကျေးရွာသူ၊ ကျေးရွာသားများ အတွက်ပိုမိုလွယ်ကူပြီး၊ ပူးပေါင်းပါဝင်မှုရှိသော မြေပုံကို ၎င်းတို့ကိုယ်တိုင်ရေးဆွဲနိုင်ပေမည်။ ထို့မှတဆင့် စက္ကူပေါ်တွင် ကူးဆွဲခြင်းဖြင့်ပိုမိုပြည့်စုံသော မြေပုံတစ်ခု ရလာနိုင်ပါသည်။



မြေပုံရေးဆွဲသောအခါတွင်လည်း ပထမဦးစွာ အထင်ကရဖြစ်သော အမှတ်အသားများ၊ အဆောက်အဦးများနှင့် လမ်းမကြီးများကို စတင်ရေးဆွဲခြင်းဖြင့် စသင့်ပါသည်။ ထို့အပြင်မည်ကဲ့သို့သော အထင်ကရ အမှတ်အသားများသည် နယ်နမိတ်ကဲ့သို့ ဖြစ်နေသနည်းကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထိုကဲ့သို့အထင်ကရထင်ရှားသော အမှတ်အသားများရေးဆွဲပြီးနောက်ပိုင်းတွင် ကွဲပြားခြားနားသော မြေအသုံးချမှုပုံစံများ၊ ရွှေ့ပြောင်းတောင်ယာစနစ် စိုက်ပျိုးသော နေရာများအား အမှတ်အသားပြုလုပ်ရေးဆွဲခြင်း၊ ဥယျာဉ်ခြံမြေများ၊ ကျေးရွာမှ ကာကွယ်ထားသောသစ်တောနယ်မြေများနှင့် လယ်မြေများနှင့် အခြားသော မြေအသုံးချမှုများကို မှတ်တမ်းတင်ရေးဆွဲနိုင်ပါသည်။ ထိုသို့ရေးဆွဲခြင်းဖြင့် မည်သည့်နေရာများတွင် မည်ကဲ့သို့သော မြေအသုံးချမှုများကို ကျင်သုံးနေသနည်းနှင့် မြေအသုံးချမှုများ အဘယ့်ကြောင့်ပြောင်းလဲခဲ့သနည်းစသော အချက်အလက်များလည်း ရရှိလာနိုင်ပါမည်။

## လုပ်ငန်းအဆင့် (၃)
## မြေပုံကြမ်းရေးဆွဲခြင်း



မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်စတင်ချိန်ကတည်းကပင် မြေပုံကြမ်းများကို ကျေးရွာအစည်းအဝေး၌ ရေးဆွဲပါ။ အစည်းအဝေးတွင် ရေးဆွဲရန်မဖြစ်နိုင်ပါကလည်း လူအချို့ရွေးချယ်၍ အဖွဲ့ငယ်များဖွဲ့ပြီး အစည်းအဝေးအပြီးတွင် ရေးဆွဲပါ။ ကျေးရွာအစည်းအဝေးတွင်တက်ရောက်ခဲ့ကြသူများကို အုပ်စုငယ်များအဖြစ်ဖွဲ့ပေးပြီး မာကာပင်များ(Markers)နှင့် စက္ကူစာရွက်ကြီးများပေးထားပါ။ ပြီးလျှင် ၎င်းတို့၏ကျေးရွာမြေကို မြေပုံများအဖြစ် အစမ်းရေးဆွဲလေ့ကျင့်ခိုင်းပါ။

မြေပုံကြမ်းရေးဆွဲရာတွင် မြေပြင်ပေါ်ရှိ အထင်ကရအမှတ်အသားများနှင့် စတင်ရပါမည်။ ရေကန်၊ စမ်းချောင်း စသည့် ရေအရင်းအမြစ်များကဲ့သို့ ရုပ်ပိုင်းဆိုင်ရာထင်ရှားသည့် သွင်ပြင်လက္ခဏာများ စတင်ရေးဆွဲပါ။ ထို့နောက် နေအိမ်များ၊ လမ်းများ စသည့် အခြေခံအဆောက်အဦများ ဆက်လက် ရေးဆွဲပါ။ နယ်နိမိတ်သတ်မှတ်ရာတွင် မည်သည့်မြေပြင်အမှတ်အသား သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာများကို အသုံးပြုကြသနည်း။ မြေပြင်ပေါ်ရှိ အထင်ကရအမှတ်အသားများ ရေးဆွဲပြီးသည့်အခါတွင် ရွှေ့ပြောင်းတောင်ယာအတွက် အသုံးပြုသည့်မြေကွက်များ၊ ဥယျာဉ်ခြံများ၊ ကျေးရွာမှကာကွယ်ပေးထားသည့်သစ်တောများနှင့် စပါးစိုက်ခင်းများကဲ့သို့ မတူညီသည့် မြေအသုံးချမှုပုံစံများအပြင် အခြားသော မြေအသုံးချမှု ပုံစံ

များကို ရေးဆွဲခိုင်းပါ။ အဆိုပါ မြေအသုံးချမှုပုံစံအမျိုးမျိုးကို မည်သည့်နေရာများတွင် ကျင့်သုံးနေကြသနည်း။ အချိန်ကာလ အလိုက် မြေအသုံးချမှုပုံစံများ မည်သို့ပြောင်းလဲခဲ့ကြသနည်း။

အုပ်စုငယ်များဖွဲ့ရာတွင်လည်း အမျိုးသမီးများသာပါဝင်သည့် အဖွဲ့ငယ်များဖြစ်စေရန် အုပ်စုခွဲပေး ရပါမည်။ အမျိုးသားအဖွဲ့နှင့် အမျိုးသမီးအဖွဲ့များ နှစ်ခုစလုံးရှိနေပါက ၎င်းတို့ရေးဆွဲထားသည့် မြေပုံ ကြမ်းများကို နှိုင်းယှဉ်ခိုင်းပါ။ အဖွဲ့တစ်ဖွဲ့မှ အခြားအဖွဲ့တစ်ဖွဲ့ထက် မည်သို့သောနေရာများကို အသေးစိတ်ရေးဆွဲထား ကြသနည်း။ အမျိုးသားများနှင့် အမျိုးသမီးများသည် ၎င်းတို့၏အလုပ်ချိန် များကို မည်သို့အသုံးပြုကြသည်၊ မည်သည့်သယံဇာတရင်းမြစ်များနှင့် ပိုပြီးရင်းနှီး ကျွမ်းဝင်ကြသည်တို့ကို မတူညီသော မြေပုံကြမ်းများက မည်သို့ဖော်ညွှန်းနေပါသနည်း။

## လုပ်ငန်းအဆင့် (၃)
## မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် မြေပုံကြမ်းများအား မွမ်းမံပြင်ဆင်သွားပါ

အမျိုးမျိုးသော မြေအသုံးချမှုပုံစံများ၊ အမျိုးမျိုးသော မြေယာပိုင်ဆိုင်ခွင့်များ အပါအဝင် အကြောင်းအရာ အသီးသီး အတွက် ဆွေးနွေးမှုများအား ပံ့ပိုးရာတွင် မြေပုံများသည် အသုံးဝင်လှသည်။ အဆိုပါ အကြောင်းအရာများအတွက် ဆွေးနွေးမှု များအား ကူညီပံ့ပိုးရာတွင် အကြမ်းရေးဆွဲထားပြီးဖြစ်သည့် မြေပုံတစ်ခုကို အသင့်ဆောင်ထားပါ။ သို့မှသာ ဆွေးနွေးမှုများ တွင် ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။ ဆွေးနွေးပွဲတွင်ပါဝင်ကြသူများကိုလည်း ၎င်းတို့ကိုယ်ပိုင် မြေပုံကြမ်းများ ရေးဆွဲ ခိုင်းပါ သို့မဟုတ် အသင့်ရှိထားပြီးသားမြေပုံကြမ်းတွင် ထပ်မံဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ခိုင်းပါ။ ဥပမာ - မြေ အသုံးချမှုပုံစံများဖော်ပြထားသော မြေပုံပေါ်တွင် သားရိုင်းတိရိစ္ဆာန်များ ရှိနိုင်သည့်နေရာများကို မုဆိုးတစ်ဦးက ထပ်မံဖြည့် စွက်ပေးနိုင်သည်။

ပဏာမမြေပုံကြမ်းများတွင် သတင်းအချက်အလက်များထပ်မံဖြည့်စွက်ခြင်း၊ အမှန်ပြင်ပေးခြင်းတို့ကို ပြုလုပ်သွား မည်ဖြစ်ရာ မြေပုံကြမ်းများသည် မှတ်တမ်းပြုစုသည့်ကာလ တစ်လျှောက်လုံးတွင် ပို၍ပို၍ ပီပြင်လာမည်ဖြစ်သည်။ နောက် ဆုံးအဆင့်မြေပုံကြမ်းများအပေါ်တွင် သတင်းအချက်အလက်အသစ်များ ဖြည့်စွက်နိုင်ရန်အတွက် မြေပုံကြမ်းမူကွဲအသစ်များ ကို ထပ်မံရေးဆွဲပါ။

မြေပုံကြမ်းများရေးဆွဲခြင်းကြောင့် ရရှိလာမည့်အားသာချက်တစ်ခုမှာ ရွာခံလူများအနေဖြင့် ကျေးရွာမြေပုံများကို လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ၎င်းတို့ကိုယ်တိုင် စိတ်တိုင်းကျရေးဆွဲနိုင်ကြခြင်း ဖြစ်သည်။ မြေပုံကြမ်းများရေးဆွဲခြင်း အတွက် ကူညီပံ့ပိုးသူထံမှ မြေပုံရေးဆွဲခြင်းဆိုင်ရာ နည်းပညာ ဗဟုသုတ အများကြီးတောင်းခံနေစရာမလိုသည့်အပြင် ပါဝင် သူများအနေဖြင့်လည်း မြေပုံကြည့်တတ်ရန် သီးခြားကျွမ်းကျင်မှုများ မလိုအပ်ပေ။ မြေပုံရေးဆွဲခြင်းစတင်နိုင်မည့် အကောင်း ဆုံး နည်းလမ်းလည်းဖြစ်သည်။

အုပ်စုဖွဲ့ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများတွင် မြေပုံကြမ်းများအား ထပ်ခါထပ်ခါ ရေးဆွဲနေရခြင်းကြောင့် ရွာသားများအနေဖြင့်လည်း ၎င်းတို့သိရှိထားသမျှကို မြေပုံတွင် ထပ်မံဖြည့်စွက်နိုင်ခြင်းဖြစ်သည်။ ထို့အပြင် မြေပုံရေးဆွဲရ ခြင်းကြောင့် ရွာသားများ မြေပုံနှင့် ပိုမိုရင်းနှီးလာကြသည်။ မြေပုံအသုံးပြုလေ့ ပြုထမရှိသည့် ကျေးရွာများတွင် မြေပုံကြမ်း များရေးဆွဲရခြင်းကြောင့် အချောသတ် မြေပုံကြမ်း ထွက်ရှိလာသည့်အခါနှင့် စကေးအတိုင်းအတာပြမြေပုံများ ထွက်ပေါ်လာ သည့်အခါများတွင် ရွာသားများက နားလည်ပြီး အသုံးပြုနိုင်ကြမည်ဖြစ်သည်။

## လုပ်ငန်းအဆင့် (၄)
## Google Earth ဂြိုလ်တုဓါတ်ပုံများ အသုံးပြု၍ စကေးအတိုင်းအတာပြ မြေပုံရေးဆွဲပါ

မြေပုံကြမ်းများကို အကြိမ်ကြိမ်ရေးဆွဲပြီးသည့်အခါတွင်မှ ထပ်မံဖြည့်စွက်စရာ၊ ပြင်ဆင်စရာ ကြီးကြီးမားမား ရှိတော့မည်မဟုတ်ပေ။ မြေပုံကြမ်းများတည်ငြိမ်လာသည့်အခါတွင်မှ စကေးအတိုင်းအတာပြ မြေပုံရေးဆွဲရန် အချိန်ကျပါပြီ။

ကျေးရွာ၏မြေနေရာကိုပြသထားသည့် Google Earth ဂြိုလ်တုဓါတ်ပုံကို ဗီနိုင်းစပေါ်တွင် ပုံကြီးချဲ့၍ ပုံနှိပ်ပါ။ ကျေးရွာသို့ ကွင်းဆင်းခြင်းမပြုမီ ပြင်ဆင်သည့်အဆင့်ကတည်းကပင် ပုံနှိပ်ခြင်းကို ဆောင်ရွက်ထားရမည်။

စကေးအတိုင်းအတာပြ မြေပုံရေးဆွဲရန်အတွက် ရပ်ရွာခေါင်းဆောင်များအပါအဝင် ဒေသခံရွာသားများကို ဖိတ်ခေါ်စုစည်းပါ။ ဂြိုလ်တုမြေပုံပေါ်တွင် ကျေးရွာ၏နေရာကို ရှာဖွေခိုင်းပါ။ ထို့နောက် မြေပြင်ပေါ်မှ အထင်ကရအမှတ်အသားများကို ဓါတ်ပုံပေါ်တွင် ဖော်ပြခိုင်းပါ။ ပထဝီအနေအထားပြ မြေပုံဖြစ်ပါက ကျေးရွာများတည်နေရာကို ဂြိုလ်တုဓါတ်ပုံပေါ်တွင် အလွယ်တကူ ရှာတွေ့နိုင်ပါသည်။

ကောက်ကြောင်းထပ်ဆွဲသည့် စာရွက်အကြည်ကို ဂြိုလ်တုဓါတ်ပုံအပေါ်တွင် ထပ်၍ကပ်ထားပြီး ရေးဆွဲနေချိန်တွင် မရွေ့လျားစေရန် စက္ကူစာရွက်နှင့်ဓါတ်ပုံကို တိပ်ဖြင့်ကပ်ထားပါ။ လမ်းများနှင့် မြစ်ချောင်းများကို စာရွက်ပေါ်တွင် ကောက်ကြောင်းထပ်၍ ရေးဆွဲပါ။ ကျေးရွာနယ်နိမိတ်များကိုလည်း ရေးဆွဲပါ။ မြေယာအငြင်းပွားမှုကြောင့် နယ်နိမိတ်မျဉ်းတည်နေရာနှင့်ပတ်သက်၍ မသေချာမှုများရှိသည့် နေရာများအား အစက်ချမျဉ်းဖြင့်သာ တေးမှတ်ရေးဆွဲပါ။ ထို့နောက်တွင်မှသာ မြေအသုံးချမှုပုံစံအမျိုးမျိုးကို ဆက်လက်ရေးဆွဲပါ။

## လုပ်ငန်းအဆင့် (၅) – စိစစ်အတည်ပြုခြင်း

မြေပုံများအား စိစစ်အတည်ပြုရန်၊ ရွာသားများအနေဖြင့် ထိုမြေပုံများအား ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်နိုင်ရန်တို့အတွက် မြေပုံကြမ်းများနှင့် စကေးအတိုင်းအတာပြ မြေပုံများအား နောက်ဆုံးကျင်းပပြုလုပ်သည့် ကျေးရွာလူထုအစည်းအဝေးတွင် ချပြပေးရမည်။

မြေပုံများရေးဆွဲခြင်းနှင့် စိစစ်အတည်ပြုခြင်းတို့တွင် အနီးအနားကျေးရွာများကိုလည်း ဖိတ်ခေါ်ထည့်သွင်းပေးပါ။ ကြိုတင်ပြင်ဆင်ခြင်းအဆင့်မှာကတည်းကပင် မှတ်တမ်းပြုစုခြင်းလုပ်ငန်း အစီအစဉ်များကို အနီးအနားကျေးရွာများအား အသိပေးထားရမည်။ လူထုသို့ချပြဆွေးနွေးမှုများနှင့် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အစပိုင်းရှိ ပထမဦးဆုံးပြုလုပ်သည့် ကျေးရွာလူထုအစည်းအဝေးတို့သို့လည်း ပတ်ဝန်းကျင်ကျေးရွာများမှ ကိုယ်စားလှယ်များအား ဖိတ်ကြားတက်ရောက်ခိုင်းပါ။ အဆိုပါ ကိုယ်စားလှယ်များသည် မြေပုံကြမ်းများရေးဆွဲရာတွင်လည်း ပါဝင်နိုင်ကြသည့်အပြင် နယ်နိမိတ်များအတွက်လည်း သဘောတူပြီးသားဖြစ်သွားပေမည်။ မြေပုံကြမ်းနှင့် စကေးအတိုင်းအတာပြ မြေပုံများအား ပြန်လည်သုံးသပ်သည့်အခါတွင်လည်း အနီးအနားကျေးရွာများမှ ကိုယ်စားလှယ်များကို ဖိတ်ကြားသင့်ပါသည်။ ကျေးရွာခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြသည့်ပွဲများတွင် သို့မဟုတ် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အဆုံး၌ ကျင်းပပြုလုပ်သည့် ကျေးရွာလူထုနှင့် စိစစ်အတည်ပြုသည့်ပွဲမျိုးတွင် ထိုကဲ့သို့ ဖိတ်ခေါ်တက်ရောက်စေသင့်ပါသည်။

## လုပ်ငန်းအဆင့် (၆) – မြေပုံများအား မျှဝေခြင်း

နောက်ဆုံးအချောသတ်အဆင့်ရေးဆွဲပြီးသည့် မြေပုံကြမ်းကို ဓါတ်ပုံရိုက်ယူထားပြီး ဗီနိုင်းစပေါ်တွင် ပုံနှိပ်ထားပါ။ သို့မှသာ ပျက်စီးနိုင်တော့မည်မဟုတ်ပေ။ ထိုဗီနိုင်းမြေပုံကိုလည်း ကျေးရွာအတွင်းရှိ အများမြင်သာသည့်နေရာတွင် ချိတ်ဆွဲပြသထားရမည်။


ဒစ်ဂျစ်တယ်မှတ်တမ်းတစ်ခုအဖြစ် ထိန်းသိမ်းထားနိုင်ရေးအတွက် GIS သင်တန်းတက်ရောက်ထားသည့် CSO ကူညီပံ့ပိုးသူသည် စကေးအတိုင်းအတာပြမြေပုံများအား ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းထားရမည်။ စကေးအတိုင်းအတာပြမြေပုံကို ဗီနိုင်းစပေါ်တွင်ပုံနှိပ်ပြီးလျှင် မြေပုံကြမ်းဗီနိုင်းနှင့်အတူ အများမြင်သာသည့် နေရာတွင် ချိတ်ဆွဲပေးထားရမည်။

## မြေပုံရေးဆွဲခြင်းနှင့် နယ်မြေပိုင်းခြားများမှ ရရှိလာသော သင်ခန်းစာများ

တိကျသောနယ်နမိတ်မရှိခြင်းနှင့် နယ်နမိတ်များသတ်မှတ်ခြင်းကြောင့် အငြင်းပွားဖွယ်များကို မှတ်တမ်းတင်ရန် ကြိုတင်ပြင်ဆင်သည့် အဆင့်တွင်လည်းကောင်း၊ မှတ်တမ်းတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်တွင်လည်းကောင်း ကြုံတွေ့နိုင်ပါသည်။ မှတ်တမ်းပြုစုရန်ရွေးချယ်ထားသော ဒေသတွင်းတွင် မတူညီသောတိုင်းရင်းသားလူမျိုးများ အတူတကွနေထိုင်နိုင်ကြပြီး မတူညီသော မြေယာစီမံခန့်ခွဲမှု၊ မြေယာအပေါ်တွင်သိမြင်နားလည်မှုများလည်း မတူညီကြသည်ကို တွေ့မြင်နိုင်ပါသည်။ ဥပမာ အုပ်စုတစ်စုမှ အများပိုင်စနစ်ဖြင့် အသုံးပြုခြင်းကိုလက်ခံကျင့် သုံးနေချိန် တွင် အခြားတစ်စုမှာလည်း တစ်ဦးချင်းပိုင်စနစ် ကျင့်သုံးနေသည်လည်း ရှိနိုင်ပါသည်။

ဤကိစ္စရပ်များသည်ဖြေရှင်းရန်ခက်ခဲသောကြောင့် အချိန်ကာလတိုတိုအတွင်း ဒေသခံများ၊ အုပ်စုခေါင်းဆောင်များ အစည်းအဝေးများပြုလုပ်ခြင်း၊ ဒေသခံများနှင့်အတူတကွ လမ်းလျှောက်ကြည့်ရှုခြင်းများဖြင့် ဖြေရှင်းခြင်းမှာ အမြဲတမ်းအတွက် သင့်လျော်သောဖြေရှင်းနည်းဖြစ်မည်မထင်ပါ။ ထို့ကြောင့် အချိန်ယူဆွေးနွေး ညှိနှိုင်းမှုများ၊ သင့်လျော်သော ကြားဝင်ညှိနှိုင်းမှုများကိုသာ မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် ဆောင်ရွက်နိုင်ပေမည်။

- မှတ်တမ်းတင်ခြင်းဆောင်ရွက်သောအခါ မြေပုံရေးဆွဲခြင်းသည် ဖြစ်ရိုးဖြစ်စဉ် လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုမဟုတ်ပါ။ နယ်နမိတ်ဆိုင်ရာ မြေပုံရေးဆွဲတော့မည်ဆိုလျှင် မြေပုံဇရိယာတွင်းနှင့် ပြင်ပအပိုင်းအခြားများလည်း ပါဝင်လာပေမည်။ ထိုကဲ့သို့သော မြေပုံအမျိုးအစားများ ရေးဆွဲလျှင် ပိုင်းခြားသတ်မှတ်ခြင်း နယ်နမိတ်သတ်မှတ်ခြင်းကိုသေချာစွာ ဂရုတစိုက် ဆောင်ရွက်သင့်ပါသည်။ ဆောင်ရွက်ရသော ရည်ရွယ်ချက်ကို ရှင်းလင်းတိကျစွာ နားလည်သဘောပေါက်ရန် လိုအပ်ပါပေမယ်။
- ပထမအဆင့်အနေဖြင့် ကြုံတွေ့လာနိုင်သာ ပဋိပက္ခ အငြင်းပွားမှုများအား ကြိုတင်ခန့်မှန်း နားလည်ထားရန် လိုအပ်ပါသည်။ ကြိုတင်ပြင်ဆင်ခြင်း အဆင့်တွင် လေ့လာနိုင်ပါသည်။
- နယ်နိမိတ်ကို ညွှန်ပြသည်ဖြစ်စေ/မဖြစ်သည်ဖြစ်စေ နယ်နိမိတ်ကိစ္စများကို ရှင်းလင်းစွာဖော်ပြထားဖို့ လိုပါသည်။
- တစ်ခါတစ်ရံ ဒေသခံများ၏နယ်နမိတ်ရေးဆွဲသတ်မှတ်ခြင်းသည် အခြားသော ကျေးရွာများ အသုံးပြုသော မြေယာနှင့် ပိုင်ဆိုင်မှုများအား ဖယ်ထုတ်ခြင်းကဲ့သို့ ဖြစ်စေသောကြောင့် ပိုမိုရှုပ်ထွေးသော အခြေအနေများ ဖြစ်လာနိုင်ကြောင်း သိရှိထားရပေမယ်။
- ဒုတိယအနေနဲ့ မြေပုံအတွက် "ယူနစ်" သတ်မှတ်ရန်လိုသည်။ ဥပမာအားဖြင့် ကျေးရွာအတွင်း မြေပုံရေးဆွဲလျှင် ယူနစ်သည်အမြဲတမ်း ပါဝင်ရမည်ဟုဆိုလိုခြင်းမဟုတ်ပါ။ သို့သော် တစ်ခါတစ်လေ ထည့်သွင်းရေးဆွဲခြင်းအားဖြင့် ပိုင်ဆိုင်မှုအကျယ်အဝန်းနှင့် ရေထိန်းတောများကဲ့သို့သော အရင်းအမြစ်များကို မည်သူတို့မှ မျှဝေသုံးစွဲနေကြောင်းကို ကောင်းစွာသိရှိရန် အထောက်အကူ ပြုစေနိုင်ပါသည်။ ကျေးရွာများ သဘာဝအရင်းအမြစ်ကို မျှဝေအသုံးပြုနေသည့် မြေပုံကို အောက်တွင်လေ့လာနိုင်ပါသည်။




ပုံ (၁၇) - ဒေသခံများ၏ အရင်းအမြစ်မျှဝေသုံးစွဲမှုပြ မြေပုံ

ဇယား ၆ - ပုံမှန်အသုံးပြုလေ့ရှိသည့် လူထုပူးပေါင်းပါဝင်သော မြေပုံရေးဆွဲမှု အမျိုးအစားများ

| အမျိုးအစား | အားသာချက်များ | အားနည်းချက်များ |
|---|---|---|
| မြေပုံကြမ်း စာရွက်ပေါ်တွင် လက်ဖြင့် ရေးဆွဲထားသည့် မြေပုံ | ပြောင်းလွယ်ပြင်လွယ်ရှိပြီး မြေနှင့် သယံဇာတရင်းမြစ်များ အသုံးပြုမှု၊ ပိုင်ဆိုင်မှုတို့နှင့် ပတ်သက်သည့် ရွာသားများ၏ ထင်မြင်ယူဆချက်များကို ထင်ဟပ်နိုင်စွမ်းရှိခြင်း။<br>ဆွေးနွေးချိန်တစ်ချိန်တည်းအတွင်းမှာပင် အဖွဲ့အသီးသီးမှ ရေးဆွဲနိုင်ခြင်း။ ထပ်မံ ဖြည့်စွက်နိုင်ခြင်း။<br>သာမန်အားဖြင့် ရေးဆွဲရလွယ်ကူခြင်း။ မြေပုံရေးဆွဲခြင်းအတွေ့အကြုံနည်းသူများအတွက် ရေးဆွဲရလွယ်ကူပြီး နားလည်လွယ်ခြင်း။<br>ကုန်ကျစရိတ်သက်သာပြီး လေ့ကျင့်ခြင်းနှင့် နည်းပညာလိုအပ်ချက် နည်းပါးခြင်း။ | မြေပုံများတွင် GIS ဆော့ဖ်ဝဲ အသုံးပြု၍ မြေပြင်ညွှန်းဆိုမှုများထည့်သွင်းခြင်းနှင့် အစ်ဂျစ်တယ်စနစ်ပြောင်းလဲခြင်းတို့ မပြုလုပ်နိုင်။ မြေပြင်ညွှန်းဆိုမှုမပါရှိပါက အခြားသော မြေပုံဆိုင်ရာ အချက်အလက်များ (သစ်တောဖုံးလွှမ်းမှု ပြောင်းလဲလာခြင်း၊ အစိုးရ၏ မြေယာစီမံခန့်ခွဲမှု အုပ်စုအမျိုးအစားများ စသည်)တို့နှင့် GIS ဆော့ဖ်ဝဲ အသုံးပြု၍ နှိုင်းယှဉ်သုံးသပ်ခြင်း မပြုနိုင်။ အစိုးရထံ မြေယာပိုင်ဆိုင်ခွင့် လျှောက်ထားမှုများအတွက် အထောက်အထား မခိုင်လုံ။ စကေးအတိုင်း အတာဖြင့် ရေးဆွဲထားခြင်း မဟုတ်။ ဧရိယာနှင့် အကွာအဝေးတို့ မတိုင်းတာနိုင်။ |

| | | |
|---|---|---|
| စကေး<br>အတိုင်းအတာပြမြေပုံ<br>Google Earth<br>ဂြိုလ်တုဓါတ်ပုံ<br>အပေါ်တွင်<br>ကောက်ကြောင်းစက္ကူဖြင့်<br>ထပ်၍ ရေးဆွဲထားသော<br>မြေပုံ | လေ့ကျင့်သင်ကြားပေးထားသော ကူညီပံ့ပိုးသူတစ်ဦးနှင့် ဆွေးနွေးဖက်အုပ်စုတို့ နေ့တစ်ပိုင်းအတွင်း ရေးဆွဲနိုင်။<br>မြေပုံအားရိုက်ကူးထားသည့်ဓါတ်ပုံကို မြေပြင်ညွှန်းဆိုမှုများနှင့် ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းခြင်းတို့ကို GIS ဆော့ဖ်ဝဲ သုံး၍ ပြုလုပ်နိုင်။<br>မြေပုံအား ဆန်းစစ်သုံးသပ်ရာတွင် GIS ဆော့ဖ်ဝဲကို အသုံးပြုနိုင်။<br>အလွှာအများအပြား ရေးဆွဲနိုင်ပြီး တစ်ခုပေါ်တစ်ခု ထပ်ထားခြင်းဖြင့် နှိုင်းယှဉ်နိုင်သည်။ (ဥပမာ - မြေအသုံးချမှုပုံစံ၊ မြေပိုင်ဆိုင်မှု၊ မြေအသုံးချမှု ပြောင်းလဲလာပုံ)<br>ပိုမိုခိုင်မာသည့်အပြင် မြေပုံများနှင့် အလုပ်လုပ်နေကြ အစိုးရဂန်ထမ်းများအဖို့ ရင်းနှီး ကျွမ်းဂင်ပြီးဖြစ်။<br>စကေးအတိုင်းအတာဖြင့် ရေးဆွဲထားသော မြေပုံဖြစ်သည်။ နယ်နိမိတ်များ၊ ဧရိယာနှင့် အကွာအဝေးတို့ကို တိုင်းတာနိုင်။ | မြေပုံရေးဆွဲခြင်းကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်သူအရေအတွက် ကန့်သတ်ချက်ရှိနေ။ (အဖွဲ့ အသီးသီးအတွက် မှုကွဲအမျိုးမျိုး မသုံးထားလျှင်)<br>မြေပုံဖတ်သည့်အလေ့အကျင့်မရှိသည့် ရွာသားများအတွက် နားလည်ရန် မလွယ်ကူ။<br>စကေးအတိုင်းအတာပြမြေပုံများ အဆင်သင့်ရှိထားဖို့လို။ ဒေသ၏ အနေအထားကို Google Earth ဓါတ်ပုံများဖြင့် အသေးစိတ် ဖော်ပြထားသည့်မြေပုံများအား မြန်မာနိုင်ငံအတွင်း အသုံးပြုနိုင်သည်။ အစိုးရ/သစ်တောဌာနတွင် အဆိုပါမြေပုံမျိုး ထိန်းသိမ်းထားတတ်ပါသည်။ |
| 3D မြေပုံ<br>ကဒ်ထူဘုတ်ပြားအပေါ်တွင်<br>မြေပြင်အနေအထားအတိုင်း<br>လှီးဖြတ် တည်ဆောက်<br>ထားပြီး<br>မြေမျက်နှာပြင် အနိမ့်အမြင့်<br>များကို ပြသနိုင်ရန်အတွက်<br>အလွှာများဖြင့်<br>ပြသထားသည့်<br>စကေးအတိုင်းအတာ<br>နှင့်အညီ<br>ဖန်တီးထားသည့်<br>3D ပုံစံငယ်မြေပုံ | မြေပုံနှင့်အထိအတွေ့မရှိသူများပင် 3D မြေပုံများကို အလွယ်တကူ ကြည့်ရှုနားလည်နိုင်။<br>3D မြေပုံ တည်ဆောက်မှုလုပ်ငန်းစဉ်အားဖြင့် ရပ်ရွာလူထုပူးပေါင်းပါဂင်မှုကို မြှင့်တင်ပေးနိုင်ရုံသာမက ဆွေးနွေးညှိနှိုင်းမှုများကိုလည်း အစပျိုးပေးနိုင်။<br>3D မြေပုံအား ရိုက်ကူးထားသည့် ဓါတ်ပုံကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲပေးနိုင်။<br>3D မြေပုံကို ကျေးရွာအတွင်း ပြသထားနိုင်သည့်အပြင် မြေအသုံးချမှု စီမံကိန်းများရေးဆွဲရာတွင် ကြိမ်ဖန်များစွာ အသုံးပြုနိုင်။ | 3D မြေပုံဖန်တီးရာတွင် မြေပုံကြမ်း ရေးဆွဲခြင်း ဂြိုလ်တုဓါတ်ပုံအသုံးပြုခြင်းတို့ထက် အချိန်ပိုယူရသည်။ နေရာဒေသအား အသေးစိတ်ဖော်ပြမှုနှင့် ဧရိယာအနေအထားအပေါ် မူတည်၍ 3D မြေပုံတစ်ခုဖန်တီးခြင်းအတွက် (၃) ရက်မှ (၁၀) ရက်အထိ အချိန်ကြာနိုင်။ နေရာဒေသ အသေးစိတ်ဖော်ပြထားသည့် မြေပုံတစ်ခုဖြစ်ရန်အတွက် ကွန်တိုအလွှာများ လှီးထုတ်ထားဖို့လို<br>အချိန်နှင့် သင်တန်းပေးလေ့ကျင့်မှုများလို အပ်သောကြောင့် အမြောက်အမြားဖန်တီးနိုင်ဖို့ မလွယ်ကူ |

| | | |
|---|---|---|
| ပထဝီမြေမျက်နှာပြင် အချက်အလက်များဖြင့် ပုံဖော်သည့်စနစ် (GIS) GPS ကိရိယာများဖြင့် ကောက်ယူထားသည့် တည်နေရာများ အမှတ်အသားများကို ArcGIS သို့မဟုတ် QGIS ဆော့ဖ်ဝဲများဖြင့် ကွန်ပျူတာတွင် ရေးဆွဲထားသော GIS မြေပုံများ | အမှတ်အသားများနှင့် နယ်နိမိတ်များအား GPS ကိရိယာဖြင့် မှတ်တမ်းတင်ထားခြင်းဖြင့် နေရာဒေသဆိုင်ရာ အချက်အလက်များ တိကျခိုင်မာပြီး ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲပေးနိုင်။<br>အထင်ကရအမှတ်အသား (စမ်းချောင်း၊ တောင်ကြော စသည်) မရှိထားသည့် နယ်နိမိတ်များအတွက်ကိုလည်း GPS ကိရိယာကိုင်၍ လမ်းလျှောက်တိုင်းတာပြီး မှတ်တမ်းတင်ခြင်းဖြင့် အတိအကျသိရှိနိုင်။<br>မတူညီသောဧရိယာများတွင် GIS အချက်အလက်များ ကောက်ယူခြင်းဖြင့် မြေအသုံးချမှုများကို စူးစမ်းလေ့လာနိုင်သကဲ့သို့ တွေ့ဆုံမေးမြန်းမှုများလည်း ပြုလုပ်နိုင်။ GPS အသုံးပြုနည်းကို ရွာသားများအား သင်ကြားပေးထားနိုင်ပြီး နယ်နိမိတ်များကို ၎င်းတို့ကိုယ်တိုင် တိုင်းတာ မှတ်တမ်းတင်နိုင်။<br>မြေပုံနှင့်အထိအတွေ့နည်းသော ရွာသားများအတွက်ကိုလည်း စကေးပြမြေပုံကို ပြသခြင်းထက် ၎င်းတို့ကိုယ်တိုင် နယ်နိမိတ်မျဉ်းများအပေါ် လမ်းလျှောက်တိုင်းတာထားရသဖြင့် မိမိကိုယ်ကို ယုံကြည်မှု ပိုမိုမြင့်မားလာနိုင်။<br>GIS ဖြင့် ဖန်တီးထုတ်လုပ်ထားသည့် မြေပုံများတွင် လုပ်ပိုင်ခွင့်ရှိခြင်း၊ မှန်ကန်တိကျခြင်းစသည့် သဘောတရားများ ပါဝင်နေသောကြောင့် စည်းရုံးတောင်းဆိုမှုများအတွက် အသုံးဝင်။<br>နောင်တစ်ချိန်အသုံးပြုနိုင်ရန်နှင့် မှီငြမ်းအဖြစ် အသုံးပြုနိုင်ရန်အတွက် မြေပုံများကို ပုံနှိပ်ပြီး ရွာသားများထံပေးခဲ့နိုင်။ | မြေပုံများရေးဆွဲဖန်တီးရန်နှင့် နောင်တစ်ချိန် အသုံးပြုမှုများအတွက် မြေပုံများအား ထပ်မံပြင်ဆင်ခြင်းတို့ ဆက်လက်ဆောင်ရွက်နေရန် ဤနည်းလမ်းကို အသုံးပြုမည်ဆိုပါက နည်းပညာပိုင်း လေ့ကျင့်သင်ကြားပေးမှုများ လိုအပ်နေ။<br>နယ်နိမိတ်မျဉ်းများတစ်လျှောက် လမ်းလျှောက်တိုင်းတာရေးမှာ အချိန်ကုန်ပြီး တစ်နစ်ပတ်လုံးတွင် အချိန်မရွေးတိုင်းတာနိုင်ခြင်းမျိုး မဟုတ်ပေ။<br>အချက်အလက်များသည် GPS ကိရိယာ သို့မဟုတ် ကွန်ပျူတာထဲတွင်သာရှိနေပြီး NGO အဖွဲ့များတွင် နည်းပညာကျွမ်းကျင်သူ ဝန်ထမ်းများ သို့မဟုတ် လေ့ကျင့်သင်ကြားပေးထားသူများ မရှိပါက အသုံးပြုနိုင်မည် မဟုတ်။ |

မြေပုံရေးဆွဲခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက

လူထုပူးပေါင်းပါဝင်သည့် မြေပုံရေးဆွဲခြင်းဆိုင်ရာ အလေ့အထကောင်းများအတွက် မိုငြမ်းကိုးကားနိုင်သည့် အစီရင်ခံစာတမ်း၊ IFAD https://www.ifad.org/documents/10180/d1383979-4976-4c8e-ba5d-53419e37cbcc

3D မြေပုံရေးဆွဲခြင်းအတွက် - Rambaldi, G. နှင့် J. Callosa-Tarr (2002) တို့၏ လူထုပူးပေါင်းပါဝင်သည့် 3D မော်ဒယ်လ်ပုံထုတ်ခြင်း - လမ်းညွှန်ချက်များနှင့် အသုံးချနည်းလမ်းများ။

USAID လူထုပူးပေါင်းပါဝင်သည့် မြေပုံရေးဆွဲခြင်းဆိုင်ရာ လက်စွဲစာအုပ်

## ဦးတည်အုပ်စုအလိုက် ဆွေးနွေးမှုများ

အုပ်စုဖွဲ့ဆွေးနွေးမှုများသည် ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်း၏ အဓိကမဏ္ဍိုင်ပင်ဖြစ်သည်။ အုပ်စုဖွဲ့ဆွေးနွေးမှုများကြောင့် ကျေးရွာသားများအနေဖြင့် ၎င်းတို့၏ လက်ရှိအခြေအနေနှင့် အနာဂတ်မျှော်မှန်းချက်များကို အတူတကွ စုစည်းတွေ့ဆုံပြီး သုံးသပ်နိုင်သော အခွင့်အလမ်းများကို ဖန်တီးပေးပါသည်။ အပြန်အလှန်ဆွေးနွေးမှုများကြောင့် ရိုးရာမြေလုပ်ပိုင်ခွင့် ရှုထောင့်အသီးသီး၏ တန်ဖိုးများကို နီးနှောတိုင်ပင်နိုင်ကြသဖြင့် ရိုးရာမြေလုပ်ပိုင်ခွင့်ကို ပိုမိုနိုင်မာအားကောင်းစေပါသည်။ သက်ကြီးရွယ်အိုများနှင့် လူငယ်တို့ကို တစ်အုပ်စုထဲတွင် ထည့်သွင်းဆွေးနွေးနိုင်းခြင်းဖြင့် ရိုးရာဓလေ့ဆိုင်ရာ ဗဟုသုတများအပြင် ကျေးရွာ၏နောက်ခံရာဇဝင်နှင့် ဆက်စပ်နေသော ပုံပြင်များကိုလည်း လက်ဆင့်ကမ်းမျှဝေပေးနိုင်သည်။

ဦးတည်အုပ်စုအလိုက်ဆွေးနွေးမှုဆိုသည်မှာ ကူညီပံ့ပိုးသူတစ်ဦးနှင့် ဆွေးနွေးဖက်များ (၄-၁၅ ဦး ပါဝင်နိုင်သည်ဆိုသော်ငြား အရေအတွက် ၈-၁၀ ဦးသည် အကောင်းဆုံးအနေအထားဖြစ်သည်) ပါဝင်သော စနစ်တကျပြင်ဆင် တည်ဆောက်ထားသည့် ဆွေးနွေးမှုပုံစံတစ်မျိုးပင်ဖြစ်သည်။ ပါဝင်ကြသည့် ဆွေးနွေးဖက်များမှာလည်း သုတေသနမေးခွန်း များနှင့် ဆက်စပ်၍ ကြိုတင်သတ်မှတ်ရွေးချယ်ထားသောသူများပင် ဖြစ်သည်။

ဦးတည်အုပ်စုအလိုက် ဆွေးနွေးပွဲတစ်ခုကို ကြိုတင်ပြင်ဆင်ရာတွင် ရိုးရာမြေလုပ်ပိုင်ခွင့်၏ မည်သည့်ရှုထောင့်အားဆွေးနွေးတိုင်ပင်ကြမည်ကို သတ်မှတ်ထားရပါမည်။ သုတေသနပိုင်းဆိုင်ရာ ကျယ်ပြန့်သည့်မေးခွန်းများအား သတ်မှတ်ခေါင်းစဉ်တစ်ခုအောက်သို့ ဆွဲခေါ်သွားရန်၊ ခိုင်မာတိကျသည့် မေးခွန်းများ အသုံးပြုမေးမြန်းနိုင်ရန် မည်သို့လုပ်ဆောင်ရမည်ကို သိရှိနိုင်ရန်အတွက် အခြေခံမေးခွန်းများစာရင်းကို ပြန်လည်သုံးသပ်ဖို့လိုပါသည်။ ဆွေးနွေးပွဲအား ပံ့ပိုးကူညီနိုင်ရန် မည်သည့်ကိရိယာများ အသုံးပြုမည်ကိုလည်း ဆုံးဖြတ်ရွေးချယ်ပါ။ များသောအားဖြင့် အသုံးပြုလေ့ ရှိကြသည်များမှာ မြေပုံကြမ်းရေးဆွဲခြင်း၊ အချိန်ပြမျဉ်းရေးဆွဲခြင်း၊ လူမှုရေးနှင့် အဖွဲ့အစည်းဆိုင်ရာ ဆက်နွယ်မှုများအား မြေပုံရေးဆွဲခြင်းတို့ ဖြစ်သည်။ မေးခွန်းများအား ကြေညက်စွာ သဘောပေါက် နားလည်ထားရမည့်အပြင် ဆွေးနွေးမှုသည် စကားဝိုင်းတစ်ခုသာဖြစ်ပြီး ကူညီပံ့ပိုးသူမှ တိုက်ရိုက် မေးမြန်းနေခြင်းမျိုးထက် အဖွဲ့ဝင်အချင်းချင်းမှ ၎င်းတို့သိရှိထားသည့်ဖာတ်လမ်းများအား ထုတ်ဖော်ပြောဆိုခြင်း၊ တစ်ဦး၏အဖြေကိုအခြားတစ်ဦးမှ ဝင်ရောက်ဆွေးနွေးခြင်းနှင့် လိုအပ်သည့်အချိန်များ၌ သက်ဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းတို့ ပြုလုပ်ရပါမည်။

အုပ်စုဖွဲ့ဆွေးနွေးနေစဉ်အတွင်း ဆွေးနွေးဖက်များသည် တစ်ဦး၏ပြောပြချက်ကို အတည်ပြုခြင်း သို့မဟုတ် ထပ်မံဖြည့်စွက်ပေးခြင်းတို့ဖြင့် မှန်ကန်တိကျသော သတင်းအချက်အလက်များကိုသာ မှတ်တမ်းတင်နိုင်ရမည်။ အကယ်၍ ရွာသားများသည် စာရေးတတ်ဖတ်တတ်သည်ဆိုပါက ၎င်းတို့၏ဆွေးနွေးချက်များကို ရောင်စုံကဒ်ပြားများ သို့မဟုတ် စက္ကူစာရွက်ကြီးပေါ်တွင် ချရေးပေးထားခြင်းဖြင့် မှတ်သားထားသည့် ဆွေးနွေးချက်များကိုမြင်တွေ့နိုင်သောကြောင့် အချက်

အလက်များ မှန်ကန်မှုရှိမရှိကို တိုက်ဆိုင်စစ်ဆေးနိုင်သော နည်းလမ်းတစ်ခုအဖြစ်လည်း အသုံးပြုနိုင်ပါသည်။

ဆွေးနွေးမှုများအား ကူညီပံ့ပိုးရာတွင်လည်း ရိုးရာမြေလုပ်ပိုင်ခွင့်အကြောင်းကိုသာ သုံးသပ်ဆွေးနွေးပေးကြရန် တိုက်တွန်းအားပေးပါ။ စည်းမျဉ်းစည်းကမ်းများအကြောင်း ဆွေးနွေးသည့်အခါ တွင်လည်း ထိုစည်းမျဉ်းများ၏ ရည်ရွယ်ချက်၊ သက်မွေးလုပ်ငန်းများနှင့် သယံဇာတရင်းမြစ်များအပေါ်တွင် မည်သို့ သက်ရောက်မှုရှိသည် စသည်တို့ကို မေးမြန်းစူးစမ်းပါ။ ရိုးရာမြေလုပ်ပိုင်ခွင့်နှင့် ထိုစနစ်မှ ရှုထောင့်အသီးသီး၏ တန်ဖိုးများအား ပြန်လည်ဆင်ခြင်သုံးသပ်မှုများ တိုးတက်လာစေရေးအတွက် "ဘာဖြစ်လို့လဲ" ဟူသော မေးခွန်းမျိုး မကြာခဏ မေးမြန်းပါ။

မည်သည့်အရာများကို ဆက်လက်ထိန်းသိမ်းထားသင့်သည်၊ မည်သည့်အရာများကိုမူ နောင်တစ်ချိန်တွင် ပြောင်းလဲပြင်ဆင်သင့်သည် သို့မဟုတ် တိုးမြှင့်သင့်သည် စသည့်မေးခွန်းများ မေးမြန်းခြင်းဖြင့် ဆွေးနွေးမှုတိုင်းအား အဆုံးသတ်ပါ။ ရွာသားများ မျှော်မှန်းထားသည့် အနာဂါတ် ရည်မှန်းချက်များ ပြည့်မီရေးအတွက် မည်သည့်အချက်များကို ပြင်ဆင်ဖို့ လိုအပ်မည်နည်း။

## တစ်ဦးချင်းအလိုက် တွေ့ဆုံမေးမြန်းမှုများ

တစ်ဦးချင်းအလိုက် တွေ့ဆုံမေးမြန်းမှုများသည် သီးသီးသန့်သန့်ဖြစ်သဖြင့် ထိရှလွယ်သောပြဿနာများအား ဖြေရှင်းရာတွင် အသုံးဝင်သည့်နည်းလမ်းပင်ဖြစ်သည်။ အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် မိမိ၏ အခြေအနေနှင့် ထင်မြင်ယူဆချက်များ ဝင်ရောက်ပြောဆိုရန် ဝန်လေးနေတတ်သည့် ဘေးဒုက္ခ ခံစားရလွယ်သူများအတွက်ကိုလည်း တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုက အသုံးတည့်လှသည်။ အိမ်ထောင်စုအလိုက်နှင့် တစ်ဦးချင်းအလိုက်အား ၎င်းတို့၏ပကတိအခြေအနေကို တွေ့ဆုံမေးမြန်းခြင်းဖြင့် ယေဘုယျ စည်းကမ်းသတ်မှတ်ချက်များ၏ အသေးစိတ်အခြေအနေကို သိရှိနိုင်သည့်အပြင် အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် မထွက်ပေါ်ခဲ့သည့် သတင်းအချက်အလက်များကိုလည်း ရရှိစေပါသည်။

အကြောင်းအရာ တစ်စုံတစ်ခုနှင့်ပတ်သက်၍ အထူးကျွမ်းကျင်သူများ သို့မဟုတ် ရပ်ရွာအတွင်း၌ အရေးပါသည့်နေရာတစ်နေရာ ရယူထားသူများသည် အဓိကသတင်းပံ့ပိုးသူများပင်ဖြစ်သည်။ ၎င်းတို့တွင် ရိုးရာမြေလုပ်ပိုင်ခွင့်၏ ရှုထောင့်အချို့နှင့် ပတ်သက်၍ ဝေမျှပေးလိုသည့် အသိပညာ ဗဟုသုတများ အပြည့်အဝပိုင်ဆိုင်ထားကြသည်။ ထိုသို့သောကျွမ်းကျင်ပုဂ္ဂိုလ်များ၊ ရပ်ရွာခေါင်းဆောင်များ၊ ဘာသာရေး ခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်တွင် နေရာတစ်ခုဖြင့် ရပ်တည်နေကြသူများအား မည်သို့ဖော်ထုတ်သတ်မှတ်ရမည်ကို အပိုင်း ၆-၃ တွင် ဖော်ပြပေးထားပါသည်။ ၎င်းတို့နှင့် တွေ့ဆုံမေးမြန်းမှုကို သီးသန့်ပြုလုပ်နေစရာမလိုပေ။ ပုံမှန်အားဖြင့် အဆိုပါပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းနေသည်ကို ရွာသားများသိရှိသွားလျှင် လာရောက်စုရုံး၍ နားထောင်လေ့ရှိသည်။ ဤနည်းအားဖြင့် ကျေးရွာခေါင်းဆောင်များနှင့် ပညာရှင်များ အဖို့ မြေ၊ လုပ်ပိုင်ခွင့်၊ ထုံးတမ်းဓလေ့တို့နှင့်ပတ်သက်သည့် ဗဟုသုတများကို မျှဝေပေးနိုင်မည့် အခွင့်အရေးများကိုလည်း ရရှိစေပါသည်။

ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်အောက်တွင် ဖြစ်ရပ်အလိုက် လေ့လာဆန်းစစ်မှုတစ်ရပ် လုပ်ဆောင်ရမည့် ထူးခြားအခြေအနေ သို့မဟုတ် ဘဝအတွေ့အကြုံများ ပိုင်ဆိုင်ထားကြသူများရှိနိုင်ပါသည်။ ထိုသူများသည် ဘေးဒုက္ခခံစားရလွယ်သူများ အစုအဖွဲ့မှဖြစ်နိုင်ပြီး ၎င်းတို့၏အခြေအနေကို လူအများကြား ထုတ်ဖော်ပြောဆိုလိုခြင်း ရှိကြမည်မဟုတ်ပေ။ အကူအညီ လိုအပ်နေချိန်တွင် ဓလေ့ထုံးတမ်းစနစ်များက မည်သို့ ထောက်ကူလျက်ရှိသည်၊ ကူညီပံ့ပိုးမှုစနစ်များ အားကောင်းလာစေရန် မည်ကဲ့သို့ လုပ်ဆောင်သင့်သည်တို့ကို သိရှိနိုင်ရန်အတွက်ကိုလည်း မြေယာမဲ့များ သို့မဟုတ် ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေ ကြုံတွေ့ခဲ့ရသူများအား မေးမြန်းစူးစမ်းခြင်းဖြင့် သိရှိနိုင်ပါသည်။ ကျေးရွာအခြေအနေနှင့်ပတ်သက်၍လည်း ပြင်ပပုဂ္ဂိုလ်များ၏အမြင်ကို သိရှိနိုင်ရန်အတွက် ကျေးရွာအတွင်းသို့ မကြာသေးမီကမှ ပြောင်းရွှေ့အခြေချလာသူများကို မေးမြန်းနိုင်ပြီး ၎င်းတို့၏ ယခင်အတွေ့အကြုံများဖြင့် ချိန်ထိုးသုံးသပ်နိုင်ပါသည်။

တွေ့ဆုံမေးမြန်းမှုများ မစတင်မီကပင် မေးမြန်းသူအဖို့ မိမိမေးမြန်းမည့်အကြောင်းအရာများကို ကြိုတင်သိရှိထားပြီး ဖြစ်သည့်အပြင် မိမိသိရှိလိုသည့်အကြောင်းအရာများ လွှမ်းခြုံမိစေရန် မည်သို့မေးမြန်းဆွေးနွေးရမည်ကို ပြင်ဆင်ထားပြီးဖြစ်သောကြောင့် တွေ့ဆုံမေးမြန်းမှုများအား "ကြိုတင်စီစဉ်ပြင်ဆင်ထားမှုများ"ဟုလည်း ခေါ် ဆိုနိုင်ပါသည်။ တွေ့ဆုံမေးမြန်းမှုများကို အတတ်နိုင်ဆုံး စကားပိုင်းပုံစံမျိုးဖြင့်သာ ပြုလုပ်သင့်သည်။

တွေ့ဆုံမေးမြန်းမှုတစ်ခုအတွက် ကြိုတင်ပြင်ဆင်ရာတွင် ရိုးရာမြေလုပ်ပိုင်ခွင့်၏ မည်သည့်ရှုထောင့်များအား ဆွေးနွေးမေးမြန်းလိုသည်ကို အရင်ဆုံးဖြတ်ရပါမည်။ ထို့နောက် သုတေသနလုပ်ငန်းဆိုင်ရာ ယေဘုယျဆန်ပြီး အဓိပ္ပါယ်ကျယ်ပြန့်သည့်မေးခွန်းများကို အပြန်အလှန်ပြောဆိုဆွေးနွေးမှု ပုံစံသို့ မည်သို့ပြောင်းလဲနိုင်ကြောင်းကို လေ့လာရန်အတွက် အခြေခံမေးခွန်းများစာရင်းကို ပြန်လည် သုံးသပ်ပါ။ စစ်ကြောမေးမြန်းမှုမျိုးမဟုတ်ဘဲ အပြန်အလှန်ဆွေးနွေးမှုပုံစံမျိုး ဖန်တီးနိုင်ရန်အတွက် မေးခွန်းများကို ကြေညက်ထားဖို့လိုပါသည်။ အကယ်၍ မိမိတွေ့ဆုံနေသည့်ပုဂ္ဂိုလ်မှ စိတ်ဝင်စားဖွယ်အကြောင်းအရာတစ်ခုကို ထုတ်ပြောလာသည်ဆိုပါက စကားစကို နောက်ထပ်ခေါင်းစဉ်တစ်ခုသို့ ပြောင်းသွားခြင်းမပြုဘဲ ပြောလက်စကိုသာ မေးခွန်းများထပ်မံမေးမြန်းခြင်းဖြင့် အချက်အလက်များ ပိုမိုရရှိနိုင်ရန်ကြိုးစားပါ။ တွေ့ဆုံမေးမြန်းခံရသူမှ အရေးကြီးသည်ဟု ၎င်းယူဆထားသော အကြောင်းအရာများကို လွတ်လပ်စွာ ပြောဆိုခွင့်ပြုထားရမည်။

တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုများအတွက် လမ်းညွှန်ချက်များအကြောင်းကို ထပ်မံသိရှိလိုပါက နောက်ဆက်တွဲ ၄ ကို ကြည့်ပါ။

## အိမ်ထောင်စုအလိုက် တွေ့ဆုံမေးမြန်းမှုများ



အိမ်ထောင်စုအလိုက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ နှင့် မြေအသုံးချမှုများအားတွေ့ဆုံမေးမြန်းခြင်း

မှတ်တမ်းပြုစုရေးအဖွဲ့မှ အိမ်တိုင်ရာရောက် လည်ပတ်ခဲ့ကြသည့် မိသားစုများအတွင်းမှ အချို့သည် အိမ်ထောင်စုအလိုက် တွေ့ဆုံမေးမြန်းမှုများတွင် ပါဝင်လာကြပေမည်။ ဆင်းရဲနွမ်းပါးသူ သို့မဟုတ် အခြားသော ဘေးဒုက္ခခံစားရလွယ်သူများသည် အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် ပွင့်ပွင့်လင်းလင်း ပါဝင်ပြောဆိုရန် တွန့်ဆုတ်နေမည် သို့မဟုတ် အဆိုပါ အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် မပါဝင်နိုင်ဆိုပါက အိမ်ထောင်စုအလိုက် တွေ့ဆုံမေးမြန်းမှုများသည် ၎င်းတို့နှင့်ပြောဆိုနိုင်ရန်အတွက်

အထိရောက်ဆုံး နည်းလမ်းတစ်ခုပင်ဖြစ်သည်။ မတူညီသော အိမ်ထောင်စုများအကြား မြေအသုံးချမှုပုံစံ၊ မြေယာပိုင်ဆိုင်မှု၊ ရယူသုံးစွဲပိုင်ခွင့်တို့ ခြားနားမှုများအပါအဝင် ၎င်းတို့၏သက်မွေးလုပ်ငန်းများကို အိမ်ထောင်စုအလိုက် တွေ့ဆုံမေးမြန်းမှုများအားဖြင့် ရှင်းလင်းစွာ သဘောပေါက် နားလည်နိုင်ပါသည်။

ရှေးဦးစွာ အုပ်စုဖွဲ့ဆွေးနွေးမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကြွယ်ဝမှုအဆင့်အတန်းသတ်မှတ်ခြင်းကို ဆောင်ရွက်ပါ။ ထို့နောက် ကြွယ်ဝမှုအုပ်စုတစ်ခုချင်းစီမှ တွေ့ဆုံမေးမြန်းသင့်သည့် အိမ်ထောင်စုများကို ဖော်ထုတ်သတ်မှတ်ပါ။ တွေ့ဆုံမေးမြန်းရာတွင် အိမ်ထောင်စုများအနေဖြင့် မည်သည့် သယံဇာတရင်းမြစ်များအား ရယူသုံးစွဲခွင့်ရှိသည်ကို ဆွေးနွေးပါ။ မည်သို့သော မြေအသုံးချမှုပုံစံကို ၎င်းတို့ ပိုင်ဆိုင်သနည်း သို့မဟုတ် ရယူသုံးစွဲနိုင်သနည်း။ ထိုမြေများမှ မည်သည့်သီးနှံ သို့မဟုတ် သယံဇာတရင်းမြစ်များ ရယူသုံးစွဲကြသနည်း။ လုပ်အားခဝင်ငွေ ရနိုင်သည့်နည်းလမ်းများ ရှိကြပါသလား။ ရရှိလာသည့်သီးနှံများကို ဝင်ငွေအတွက် ပြန်လည်ရောင်းချကြပါသလား။ ထို့နောက် အိမ်ထောင်စုအလိုက် အသုံးစရိတ်များအကြောင်း ဆက်လက်ဆွေးနွေးပါ။ တစ်နှစ်တာအတွင်း စားနပ်ရိက္ခာများ ဝယ်ယူရခြင်းမျိုး ရှိပါသလား။ ကျောင်းထားပေးခြင်း သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ငွေကြေးသုံးစွဲရခြင်းမျိုး ရှိပါသလား။ မည်သည့် အခြားအသုံးစရိတ်များ ရှိပါသေးသလဲ။

## လက်တွေ့ကွင်းဆင်း စူးစမ်းလေ့လာခြင်း

ရွာသားများအနေဖြင့် ၎င်းတို့၏ဝန်းကျင်ကို နှံ့နှံ့စပ်စပ်သိထားကြသည်ဖြစ်ရာ ကူညီပံ့ပိုးသူများသည် မိမိတို့လိုအပ်သည့် သတင်းအချက်အလက်များကို အုပ်စုဖွဲ့ဆွေးနွေးမှုများ သို့မဟုတ် တွေ့ဆုံမေးမြန်းမှုများမှတစ်ဆင့် ရရှိခဲ့ပြီးဖြစ်သည်ဟု မှတ်ယူထားတတ်ကြသည်။ သို့သော် အုပ်စုဖွဲ့ ဆွေးနွေးမှုများသည် ယေဘုယျအခြေအနေနှင့်ပတ်သက်သော သတင်းအချက်အလက်မျှကိုသာ ဖော်ထုတ်ပေးတတ်ကြသည်။ ရွာသားများအား ရွာအတွင်း၊ စိုက်ခင်းအတွင်းမှာပင် အလွတ်သဘော ပြောဆိုခြင်းအားဖြင့်သာ ၎င်းတို့၏ဇာတ်လမ်းများအတွက် သတင်းပိုစုံပြီး သုတေသနလုပ်ငန်းလည်း ပိုမိုပီပြင်လာမည်ဖြစ်ပါသည်။



ကျေးရွာအနှံ့ လမ်းလျှောက်ပြီးလျှင် စိုက်ပျိုးသီးနှံများ၊ ရွာသားများ၏ လုပ်ငန်းဆောင်တာများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို စူးစမ်းလေ့လာပါ။ မတူညီသော မြေအသုံးချမှုပုံစံများနှင့် အရေးပါသော အထင်ကရ အမှတ်အသားများကို ဓါတ်ပုံရိုက်ယူထားပါ။ လှည့်လည်လေ့လာနေစဉ်အတွင်း ခေတ္တရပ်ပြီး လမ်းတွင်တွေ့သည့်ရွာသားများနှင့် စကားပြောကြည့်ပါ။ ၎င်းတို့၏လုပ်ငန်းဆောင်တာ များကို မေးမြန်းလေ့လာပါ။ ရွာသားများသည် အလွတ်သဘော ဝန်းကျင်များတွင် မတူညီသည့် သတင်းအချက်အလက်များကို ထုတ်ပြောတတ်ကြသည်။ မြေကိုမည်သို့ စီမံခန့်ခွဲနေကြသည်ကိုလည်း ကိုယ်တိုင်တိုက်ရိုက်မြင်တွေ့ရသည့်အခါ နားလည်ရပိုလွယ်စေပါသည်။ မိမိမျက်စိရှေ့တွင် မြင်တွေ့နေရသည့် မြေယာရှုခင်းများအကြောင်းကို မေးခွန်းမြောက်များစွာ မေးမြန်းစူးစမ်းနိုင်ပါသည်။

ရပ်ရွာအတွင်း ကူညီပံ့ပိုးသူများ၊ ရွာသားများနှင့်အတူ ကျေးရွာအတွင်းမှ အရေးပါသည့်နေရာများသို့ အတူတကွ လျှောက်သွားကြပြီးလျှင် ဓါတ်ပုံများရိုက်ယူပါ။ ထိုနေရာများတွင် နေထိုင်နေကြသူများအား တွေ့ဆုံမေးမြန်းပါ၊ အုပ်စုဖွဲ့ ဆွေးနွေးမှုများ ပြုလုပ်ပါ။ အချို့သူများမှာ စိုက်ခင်းအတွင်း၌ အလုပ်ရှုပ်နေခြင်းကြောင့် အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် ပါဝင်နိုင်ကြမည်မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့အလုပ်လုပ်နေသည့်နေရာများသို့ သွားရောက်မေးမြန်းခြင်းဖြင့် အများစု၏ထင်မြင်ယူဆချက်များကို ပါဝင်ထည့်သွင်းပေးနိုင်မည်ဖြစ်သည်။

## ၆ - ၆ ရုပ်/သံ အချက်အလက်များ

ရိုးရာမြေလုပ်ပိုင်ခွင့်၊ မြေယာစီမံခန့်ခွဲမှု၊ ယဉ်ကျေးမှုအရနှင့် နောက်ခံသမိုင်းကြောင်းအရ အရေးပါသည့် နေရာများကို ဓါတ်ပုံရိုက်ယူထားပါ။ ရွာသားများကိုလည်း ရိုးရာမြေလုပ်ပိုင်ခွင့်၏ အရေးပါသည်ဟု ယူဆထားသည့်အရာများကို ၎င်းတို့ကိုယ်တိုင် ဓါတ်ပုံရိုက်ကူးနိုင်ရေးအတွက် တန်ဖိုးသိပ်မကြီးသည့် ကင်မရာများ ဝယ်ပေးထားပါ။ ထိုကဲ့သို့ ဓါတ်ပုံကိုယ်တိုင်ရိုက်ကူးခြင်းဖြင့် လူထုပူးပေါင်းပါဝင်သည့် နည်းလမ်းများကြောင့် ရွာသားများအနေဖြင့်လည်း ရိုးရာမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်သည့် ၎င်းတို့၏ နားလည်ခံစားချက်များကို မြင်သာထင်သာရှိပြီး ဖန်တီးမှုပြည့်ဝစွာဖြင့် တင်ပြနိုင်လာကြသည်။ ထိုဓါတ်ပုံများကိုပုံနှိပ်၍ ကျေးရွာအတွင်း ချိတ်ဆွဲပြသထားပေးခြင်းဖြင့် ဆွေးနွေးပြောဆိုမှုများ အစပြု ဖော်ထုတ်ပေးနိုင်ပါသည်။ ရိုးရာဓလေ့တို့၏အနှစ်သာရကို စိတ်ဝင်စားဖွယ်နှင့် နားလည်လွယ်သော ပုံစံမျိုးဖြင့် ဖော်ညွှန်းနေကြသည်ဖြစ်ရာ အဆိုပါဓါတ်ပုံများကို စည်းရုံးတောင်းဆိုမှုလုပ်ငန်းများတွင်လည်း အသုံးပြုနိုင်ပါသည်။

နယ်နိမိတ်အမှတ်အသားများ၊ စိုက်ပျိုးရေး အလေ့အထများ၊ အထွတ်အမြတ်ထားသည့်နေရာများ၊ ကျေးရွာ၏နောက်ခံရာဇဝင်အတွင်းမှ အထင်ကရအမှတ်အသားများ (သင်္ချိုင်းနေရာများ၊ ကမ္ဗည်း ကျောက်တိုင်များ စသည်)ကို ဓါတ်ပုံဖြင့် မှတ်တမ်းတင်ထားနိုင်ပေသည်။ စိုက်ပျိုးမြေနေရာများနှင့် သစ်တောများအတွင်းရှိ မြေအသုံးချပုံများအား ရိုက်ကူးထားသည့် ဓါတ်ပုံများကို မြေယာစီမံခန့်ခွဲမှု အလေ့အထများဆိုင်ရာ သတင်းအချက်အလက်များနှင့်တွဲဖက်၍ ဖော်ပြထားနိုင်သည်။ သမိုင်းအထောက်အထား နေရာများ၏ ဓါတ်ပုံများကိုလည်း ရာဇဝင်မှတ်တမ်းများနှင့် ပူးတွဲထိန်းသိမ်းထားနိုင်ပါသည်။ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် ဘာသာရေးနေရာများကိုလည်း ၎င်းတို့၏ ရိုးရာပုံပြင်များနှင့် ယှဉ်တွဲထားနိုင်ပါသည်။

တွေ့ဆုံမေးမြန်းမှုများ၊ သီချင်းနှင့် အကတို့ကဲ့သို့ ရိုးရာဓလေ့ဖျော်ဖြေတင်ဆက်မှုများအား မှတ်တမ်းတင်ရန်အတွက်ကိုမူ ဗီဒီယိုရိုက်ကူးခြင်းအား အသုံးပြုနိုင်ပေသည်။ တွေ့ဆုံမေးမြန်းမှုများနှင့် သီချင်း များကိုမူ အသံဖမ်းယူထားပြီးလျှင် ရေဒီယိုမှတစ်ဆင့် ထုတ်လွှင့်ပေးနိုင်မည်ဆိုပါက ကျေးလက်ဒေသများတွင် သတင်းအချက်အလက်များအား အထိရောက်ဆုံး ဖြန့်ဝေပေးနိုင်မည့် နည်းလမ်း တစ်ခုပင်ဖြစ်သည်။

## ၆ – ၇ မှတ်တမ်းပြုစုထိန်းသိမ်းထားခြင်း

စည်းဝေးတွေ့ဆုံပွဲနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုတိုင်းတွင် ဆွေးနွေးခဲ့သည့် အဓိကအချက်များကို မှတ်တမ်းတင်နိုင်ရန် အတွက် မှတ်တမ်းရေးသားသူတစ်ဦးကို တာဝန်ပေးထားသင့်သည်။ မှတ်တမ်းရေးသားရသည့်အလုပ်မှာ လွယ်ကူသည် တော့ မဟုတ်ပေ။ နားထောင်မှုစွမ်းရည်၊ စူးစမ်းလေ့လာမှုစွမ်းရည်၊ မှတ်ဉာဏ်၊ အဓိကအချက်အလက်များအား ဦးစားပေး အစီအစဉ် စီစဉ်နိုင်စွမ်းတို့ လိုအပ်သည့်အပြင် ပြောဆိုဆွေးနွေးခဲ့သည့် အကြောင်းအရာများအား မူလအဓိပ္ပါယ် ကြွင်းကျန် ခဲ့ခြင်းမရှိစေဘဲ အမြန်လိုက်ရေးပြီး မှတ်တမ်းတင်နိုင်ဖို့လည်း လိုပါသည်။ မှတ်စုများကို အမြန်လိုက်လံမှတ်သားရသဖြင့် လက်ရေးများ မလှပသည့်အပြင် တစ်ခါတရံတွင် ဂါကျများမှာလည်း ပီပြင်မှုမရှိကြပေ။ သို့ဖြစ်ရာ စိစစ်အတည်ပြုခြင်းနှင့် လစ်ဟာနေသော သတင်းအချက်အလက်များ ထပ်မံဖြည့်စွက်နိုင်ရေးတို့အတွက် အစည်းအဝေး သို့မဟုတ် အုပ်စုဖွဲ့ဆွေးနွေး မှုများ ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ရေးပြီးသား မှတ်စုများကို လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ပြန်လည်ဖတ်ရှုရပါမည်။

မှတ်စုများ လိုက်လံရေးမှတ်ရာတွင်လည်း ပြောဆိုဆွေးနွေးသွားသည်များကို မိမိထင်မြင်ချက်များဖြင့် အဓိပ္ပါယ်ဖော် ယူပြီး အနှစ်ချုပ်ခြင်းမျိုးထက် ပြောဆိုသွားသည့်အတိုင်း အတိအကျကိုသာ ရေးမှတ်ထားပါ။ အခြေအနေနှင့်ပတ်သက်ပြီး ပိုမိုသိရှိလာသည်နှင့်အမျှ မိမိ၏ထင်မြင်ချက်များ ပြောင်းလဲသွားနိုင်သည်ဖြစ်ရာ ယခင်ကမည်သို့ ပြောဆိုသွားသည်ကို တိကျ စွာရေးမှတ်ထားသော မှတ်စုများသည် ပြန်လည်သုံးသပ်ရန်အတွက် အထောက်အကူဖြစ်လာပါလိမ့်မည်။ လူတို့ပြောဆို ဆွေးနွေးသမျှကို မှတ်တမ်းတင်ထားခြင်းဖြင့် အရေးကြီးသောပြောဆိုချက်များကို အဆုံးသတ်အစီရင်ခံစာ၌ "အကိုးအကား" အဖြစ် အသုံးပြုနိုင်ပေသည်။ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်များအား ရွာသားများမှ မည်သို့သဘောပေါက်နားလည်ထားသည်ကို ထိုအချက်များက သက်သေအထောက်အထားများပင်ဖြစ်သည်။

မည်သို့ဆိုစေ ထုတ်ဖော်ပြောဆိုခြင်းမပြုသော အကြောင်းအရာများသည် အရေးကြီးသည့် သတင်းအချက်အလက် များ ဖြစ်နိုင်သည်ကို မမေ့သင့်ပါ။ တစ်စုံတစ်ခုသောအကြောင်းအရာနှင့်ပတ်သက်၍ ချန်လှပ်ထားခြင်း သို့မဟုတ် တစ်စုံ တစ်ဦးမှ အစဖော်လာသည့် အကြောင်းအရာတစ်ခုကို စကားလမ်းကြောင်းလွှဲသွားခြင်းတို့သည် လက်ရှိအခြေအနေနှင့် ဆက်စပ်နေနိုင်သောကြောင့် ထိုသို့အကြောင်းအရာမျိုးကို လိုက်လံရေးမှတ်ထားရပါမည်။ တစ်ခါတရံတွင် စကားလုံးများထက် ခန္ဓာကိုယ်အမူအရာများဖြင့် ပိုမိုဆက်သွယ်တတ်ကြရာ နားထောင်ကောင်းသူတစ်ယောက် ဖြစ်ရုံသာမကဘဲ စူးစမ်းလေ့လာ သူကောင်းတစ်ယောက်ဖြစ်ဖို့လည်း လိုပါသည်။ ရွာသားများ ပြောဆိုဆွေးနွေးနေသော အကြောင်းအရာများထက် ကျော်လွန် ၍ မိမိသတိပြုမိလိုက်သည့် အခြေအနေများကိုလည်း ရေးမှတ်ထားနိုင်ရပါမည်။

အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် အချိန်အတော်ကြာအောင် ဆွေးနွေးငြင်းခုံနေရသော သို့မဟုတ် နိဂုံးမချုပ်နိုင်သည့် သို့မဟုတ် သဘောတူညီချက် မတည်ဆောက်နိုင်သည့် အကြောင်းအရာ ခေါင်းစဉ်များကိုလည်း ရေးမှတ်ထားပါ။ သို့မှသာ မည်သည့်အကြောင်းအရာများအား အသေးစိတ် ထပ်မံဆွေးနွေးရန် လိုအပ်မည်ကို မှတ်တမ်းတင်ထားနိုင်မည်ဖြစ်သည်။ ထို့အပြင် ဦးဆောင်ပြောဆိုသူမှ တိကျသေချာစွာ ပြောဆိုနိုင်ခြင်းမရှိသော သို့မဟုတ် အခြားသူများမှ သဘောတူထောက်ခံ ခြင်း မရှိသော အကြောင်းအရာများကိုလည်း မှတ်သားထားရပါမည်။ သို့မှသာ မှတ်တမ်းပြုစုရေး အဖွဲ့အနေဖြင့် မည်သည့် အချက်အလက်များသည် ယုံကြည်စိတ်ချရသည်၊ မည်သည့်အချက်များကမူ အခြားရင်းမြစ်များနှင့် တိုက်ဆိုင်စစ်ဆေး ရဦးမည်တို့ကို အလွယ်တကူဆန်းစစ်နိုင်မည်ဖြစ်သည်။

မှတ်စုရေးသားသူသည် ကျေးရွာအစည်းအဝေးများ၊ အုပ်စုဖွဲ့ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများတွင် မည် သူတို့ တက်ရောက်သည်ဆိုသော အခြေခံအချက်အလက်များကို မဖြစ်မနေ ရေးမှတ်ထားရပါမည်။ တက်ရောက်သူအရေ အတွက်၊ အမျိုးသားနှင့် အမျိုးသမီးအရေအတွက်၊ ခေါင်းဆောင်ပိုင်းရာထူးများမှ ပါဝင်ခြင်း ရှိမရှိနှင့် ဘေးဒုက္ခခံစားရလွယ်သည့် အဖွဲ့များမှ ဟုတ် မဟုတ် စသည့် အချက်အလက်များလည်း အပါအဝင်ဖြစ်သည်။

ကျေးရွာအစည်းအဝေးများ၊ အုပ်စုဖွဲ့ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများတွင် ဖန်တီးရေးဆွဲခဲ့သည့် မြေပုံကြမ်းများ၊ စက္ကူစာရွက်ကြီးများ သို့မဟုတ် ပိုစတာများ၏ ဓါတ်ပုံများကို အသင့်ဆောင်ထားပါ။ မြေပုံကြမ်းနှင့် အခြားသောပစ္စည်းပစ္စယများကို ရွာသားများထံတွင် ထားရစ်ခဲ့နိုင်ပြီး ဓါတ်ပုံများကိုမူ အကိုးအကားများအဖြစ် ကူညီပံ့ပိုးသူများက ထိန်းသိမ်းထားရပါမည်။ မိမိအဖွဲ့အတွင်းမှ တစ်ဦးဦးကိုလည်း ဓါတ်ပုံရိုက်ကူးရန် တာဝန်ပေးအပ်ထားရမည်။

## ၆ – ၈ အချက်အလက်များ စုစည်းခြင်း

ကူညီပံ့ပိုးသူများအဖွဲ့သည် တစ်နေ့တာအတွင်း မိမိတို့ လေ့လာသင်ယူခဲ့ရသည်များကို အချင်းချင်း ဆွေးနွေးရန်နှင့် ပြန်လည်သုံးသပ်နိုင်ရေးတို့အတွက် ရွာတွင်နေထိုင်စဉ်ကာလအတွင်း ညနေတိုင်း ဆုံဆည်းသင့်ပါသည်။ ကောက်ယူရန်ကျန်ရှိနေသေးသည့် သို့မဟုတ် တိုက်ဆိုင်စစ်ဆေးရမည့် သတင်းအချက်အလက်များအကြောင်းကို ဆွေးနွေးတိုင်ပင်ရမည်။ မတူညီသောရင်းမြစ်များထံမှ ရရှိလာသည့် သတင်းအချက်အလက်များ ကွဲလွဲနေသည့်အခါမျိုးတွင် မေးခွန်းထုတ်စရာများ ပေါ်ပေါက်လာနိုင်ပေသည်။ သတင်းအချက်အလက်များ မျှဝေခြင်းကို ပုံမှန်သာဆောင်ရွက်သွားမည်ဆိုပါက ထိုကဲ့သို့ ကွဲလွဲမှုများကို ဖော်ထုတ်နိုင်ပြီး မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အတွင်း ရှင်းလင်းသွားနိုင်မည် ဖြစ်သည်။

တစ်နေ့တာအတွင်း ကောက်ယူရရှိခဲ့သည့် သတင်းအချက်အလက်များကိုလည်း ဖြစ်နိုင်လျှင် ကွန်ပျူတာအတွင်း နေ့စဉ်ရိုက်သွင်းပြီး ခေါင်းစဉ်အလိုက် စာတမ်းတစ်ခုအဖြစ် စုစည်းသိမ်းဆည်းထားရပါမည်။ ကွင်းဆင်းတွေ့ဆုံမှုများတွင် ကောက်ယူရရှိခဲ့သည့် သတင်းအချက်အလက်များကို တစ်ခုတည်းသောစာတမ်းအဖြစ် စုစည်းဖော်ပြနိုင်ရန်အတွက် သီးသန့်ပြုစုထားသည့် ပုံသေပုံစံ/ဖောင်ပုံစံကို နောက်ဆက်တွဲ ၄ တွင် ဖော်ပြပေးထားပါသည်။ ကျေးရွာအတွင်းနေထိုင်နေစဉ် ကူညီပံ့ပိုးသူများ ဆုံဆည်းကြသည့် ညနေတိုင်းတွင် တစ်နေ့တာ လက်ရေးဖြင့် လိုက်လံရေးသားထားသည့်မှတ်စုများကို ပုံသေပုံစံ/ဖောင်ပုံစံအတွင်းသို့ ရိုက်သွင်းထားရပါမည်။ ဤနည်းစဉ်အတိုင်း ပုံမှန်ကျင့်သုံးသွားပါက တစ်နေ့တာကောက်ယူခဲ့သည့် သတင်းအချက်အလက်များကို ဆွေးနွေးတိုင်ပင်ခြင်း၊ သုံးသပ်ခြင်းနှင့် တူရာအစုအလိုက်စုစည်းခြင်းတို့ သေချာစေမည်ဖြစ်သည်။ ထို့အပြင် လက်တွေ့ကွင်းဆင်း ကောက်ယူထားခဲ့သည့် မှတ်စုများကိုလည်း တစ်ခုတည်းသောစာတမ်းအဖြစ် နေ့ရက်အပိုင်းအခြားအလိုက် စုစည်းထားနိုင်ပါသည်။ သတင်းအချက်အလက်များကို နေ့ရက်အပိုင်းအခြားအလိုက် ဤနည်းအတိုင်း စုစည်းသွားနိုင်ခြင်းကြောင့် အချက်အလက်များအား အစီရင်ခံစာတစ်စောင်အဖြစ် ပြောင်းလဲနိုင်ရေးအတွက် ပြင်ဆင်မှုကောင်းတစ်ရပ်ပင်ဖြစ်သည်။ ကူညီပံ့ပိုးကြသူများသည် တစ်နေကုန်အလုပ်လုပ်ထားရသဖြင့် ပင်ပမ်းကောင်း ပင်ပမ်းနေပါမည်။ သို့သော် ကောက်ယူရရှိခဲ့သည့် သတင်းအချက်အလက်များအား ပြန်လည်သုံးသပ်ခြင်း၊ မှတ်စုများအား ပုံသေပုံစံအတွင်း ရိုက်သွင်းနိုင်ရန်တို့အတွက် တစ်ညနေလျှင် တစ်နာရီခန့်အချိန်ပေးသွားခြင်းသည် နောက်ပိုင်းတွင် အချိန်အများကြီး သက်သာနိုင်မည့်အပြင် ခေါင်းခဲစရာကိစ္စများ လျော့ပါးသွားပါလိမ့်မည်။

## ၆ – ၉ သတင်းအချက်အလက်များအား စိစစ်အတည်ပြုခြင်း

ရရှိထားသည့်သတင်းအချက်အလက်များကို မတူညီသော အုပ်စုများအကြား၊ တစ်သီးပုဂ္ဂလတို့ အကြား အပြန်အလှန်ဆွေးနွေးမှုများမှတစ်ဆင့် တိုက်ဆိုင်စစ်ဆေးနိုင်ရမည်။ အချက်အလက်များအား စိစစ်အတည်ပြုခြင်း၊ မှန်ကန်တိကျမှုမရှိသော အချက်အလက်များအား ပြန်လည်ပြင်ဆင်ခြင်းနှင့်/သို့မဟုတ် လစ်ဟာနေသော အချက်လက်များအားဖြည့်စွက်ခြင်းတို့အတွက် မှတ်တမ်းပြုစုမှု ရလဒ်များကို ပြန်လည်တင်ပြပေးမည့် ဒေသခံလူထုနှင့် နောက်ဆုံးတွေ့ဆုံပွဲသည် လက်လွှတ်မခံသင့်သည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။



# တွေ့ရှိချက်များအား ဆက်သွယ်ပြန်ကြားခြင်း၊ ဒေသခံလူထုအား ထိတွေ့ဆက်ဆံခြင်းနှင့် စပေါင်းလုပ်ဆောင်မှုလုပ်ငန်းများ

## ၇ – ၁ သတင်းအချက်အလက်များအား စုစည်းရေးသားခြင်း

မှတ်တမ်းပြုစုခြင်းမှ ထွက်ရှိလာသည့်"ရလဒ်များ"အား စုစည်းရေးသားရသည့်အလုပ်သည် လွယ်ကူသည် မဟုတ်ပေ။ ထို့ကြောင့်လည်း သတင်းအချက်အလက်များအား လုပ်ငန်းစဉ်တစ်ခုလုံးပြီးဆုံးချိန်မှသာ စုစည်းခြင်းမျိုးမပြုလုပ်ဘဲ လက်တွေ့ကွင်းဆင်းနေစဉ်အတွင်း အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းတင်ခြင်း၊ စုစည်းခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် စည်းစနစ်ကျကျလုပ်ဆောင်ထားဖို့ အရေးကြီးပါသည်။ အခန်း ၆၊ အပိုင်း ၈ တွင် ဖော်ပြထားသည့်အတိုင်းပင် ကူညီပံ့ပိုးရေးအဖွဲ့သည် လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်နေသည့် ကာလအတွင်းတွင် တွေ့ရှိချက်များအား ဝေမျှရန်နှင့် ဆွေးနွေးတိုင်ပင်နိုင်ရန်တို့အတွက် ညနေတိုင်း တွေ့ဆုံနေကြဖို့လိုပါသည်။ အကယ်၍ ကူညီပံ့ပိုးသူများသည် လက်ပ်တော့ ကွန်ပျူတာ အသုံးပြုနိုင်သည်ဆိုပါက လက်တွေ့မြေပြင်တွင် နေ့စဉ်တွေ့ရှိသမျှအချက်များကို ကွန်ပျူတာအတွင်း ရိုက်သွင်း

ထားရန်နှင့် နောက်ဆက်တွဲ ၅ တွင် ပံ့ပိုးပေးထားသည့်ပုံစံဘောင်အတွင်းသို့လည်း သတင်းအချက်အလက်များထည့်သွင်းထားသင့်ပါသည်။ အဆိုပါ ပုံစံဘောင်များအတွင်းသို့ သတင်းအချက်အလက်များအား အားလပ်ချိန်များအတွင်း ထည့်သွင်းထားခြင်းဖြင့် မှတ်စုစာအုပ်အတွင်း မှတ်သားထားသမျှ အချက်အလက်များကို စာတမ်းတစ်ခုအတွင်းမှာပင် ခေါင်းစဉ်အကြောင်းအရာအလိုက်နှင့် အစိတ်အပိုင်းများအလိုက် စုစည်းထားပြီးသားဖြစ်သောကြောင့် လိုအပ်သည့်အခါ လွယ်ကူစွာ ထုတ်ယူနိုင်မည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ထားခြင်းကြောင့် လုပ်ငန်းစဉ်အပြီးတွင် စုစည်းရေးသားရသည့်အခါ၌လည်း ပိုမိုလွယ်ကူစေပါသည်။


မှတ်တမ်းပြုစုခြင်းဆိုင်ရာ ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားသည့်အခါ ပထမဆုံး ထပ်မံလုပ်ဆောင်ရမည့်အလုပ်မှာ ရရှိထားသည့်သတင်းအချက်အလက်များအားလုံးကို လက်တွေ့ကွင်းဆင်း ဆောင်ရွက်မှု ပင်မအစီရင်ခံစာအတွင်းသို့ ထည့်သွင်းရန်ဖြစ်သည်။ ထိုအစီရင်ခံစာသည် ကျေးရွာအတွင်းရှိ မှတ်တမ်းပြုစုပြီးသည့် ရိုးရာမြေလုပ်ပိုင်ခွင့်၏ အဓိကအစိတ်အပိုင်းများအားလုံးကို အလေးထား ဖော်ပြပေးထားသည်။ ကွင်းဆင်းဆောင်ရွက်မှုဆိုင်ရာ ပထမဆုံး အစီရင်ခံစာတွင် ကွင်းဆင်းဆောင်ရွက်မှုအတွင်း ဆွေးနွေးဖြစ်ခဲ့သည့် အကြောင်းအရာများ၏ သတင်းအချက်အလက်အားလုံး ပါဝင်နေနိုင်ပြီး များသောအားဖြင့် သရုပ်ဖော် ရေးသားချက်မျိုးဖြစ်သည်။

ကွင်းဆင်းဆောင်ရွက်မှုဆိုင်ရာ ပင်မအစီရင်ခံစာ စုစည်းရေးသားမှုအတွက် နမူနာပုံစံ သို့မဟုတ် မူကြမ်းဖော်ပြချက်ကို နောက်ဆက်တွဲ ၅ တွင် ပြသပေးထားပါသည်။ ထိုအထဲတွင် ဦးတည်ချက်၊ မှတ်တမ်းပြုစုခြင်း ဆောင်ရွက်ခဲ့သည့် နည်းလမ်းများ၊ မှတ်တမ်းပြုစုခဲ့သည့် ရိုးရာမြေလုပ်ပိုင်ခွင့်၏ အဓိကအစိတ်အပိုင်း တစ်ခုချင်းစီနှင့် ဒေသခံကျေးရွာလူထုမှ အနာဂတ်တွင် ဖြစ်စေချင်သည့်အရာများအတွက် အကြံပြုချက်တို့ကို အပိုင်းလိုက် ထည့်သွင်းပေးထားပါသည်။

ကွင်းဆင်းဆောင်ရွက်မှုဆိုင်ရာ ပင်မအစီရင်ခံစာ ရေးသားပြီးပါက အခြားသော အတိုချုပ်အစီရင်ခံစာများ သို့မဟုတ် သရုပ်ဖော်ရေးသားချက်ထက် သုံးသပ်ချက်များ ပိုမိုပါဝင်သည့် စာတမ်းများရေးသားပြုစုရာတွင် ဤအစီရင်ခံစာကို အခြေခံကိုးကားချက်အဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့အပြင် တိကျသည့် အကြံပြုချက်များနှင့် စည်းရုံးတောင်းဆိုမှုဆိုင်ရာ သတင်းစကားများ ထည့်သွင်းထားပြီး ဦးတည်သတ်မှတ်ထားသည့် ပရိသတ်အတွက် သီးသန့်ရေးသားထားသည့် မူဝါဒ သုံးသပ်ချက်များ သို့မဟုတ် ကျေးရွာအခြေပြု မှတ်တမ်းများကဲ့သို့ အခြားသောစာတမ်းများ ထုတ်လုပ်ရာတွင်လည်း ဤအစီရင်ခံစာက ထောက်ကူပေးပါလိမ့်မည်။

အစီရင်ခံစာ၊ ကျေးရွာအခြေပြုမှတ်တမ်း၊ နမူနာဖြစ်ရပ်၊ မူဝါဒသုံးသပ်ချက် သို့မဟုတ် မည်သည့်စာတမ်း အမျိုးအစားဖြစ်စေ မည်သူတို့အား ရည်ရွယ်ထားသည်၊ မည်သည့်ရည်ရွယ်ချက်ကြောင့်ဖြစ်သည် စသည့်အချက်များ အပေါ်မူတည်၍ ထည့်သွင်းမည့်သတင်းအချက်အလက်ပမာဏနှင့် အမျိုးအစားတို့ကို စဉ်းစားရွေးချယ်ရမည် (အောက်ဖော်ပြပါ ဇယားကွက်နှင့် ပုံကို ကြည့်ပါ)။ မည်သည့်အမျိုးအစား အတွက်ကိုမဆို တွေ့ရှိချက်များအား အထောက်အကူဖြစ်စေမည့် သက်သေအထောက်အထားများ အသေးစိတ် ပါရှိသင့်သည်။ သို့မှသာ မှန်ကန်သည့်အချက်အလက်များနှင့် ထင်မြင်ယူဆချက်တို့ကို ခွဲခြားသိမြင်နိုင်မည်ဖြစ်သည်။ သက်သေအထောက်အထား ပုံစံအမျိုးမျိုးကိုလည်း ပံ့ပိုးပေးနိုင်ပါသည်။ ဥပမာ -

- ကိန်းဂဏန်းများ (အရေအတွက်ပြ အချက်အလက်များ)
- နမူနာများ
- တိုက်ရိုက်ပြောစကား "ကိုးကားချက်များ"
- မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အတွင်း ရေးဆွဲခဲ့သည့် မြေပုံများ
- ဓါတ်ပုံများ




ပုံ (၁၈) - သတင်းအချက်အလက် စီးဆင်းမှု

ဇယား ၇ - တွေ့ရှိချက်များအား ဆက်သွယ်ပြန်ကြားမှု နည်းလမ်းနမူနာများ

| ထွက်ရှိမှု ရလဒ် | သတင်းအချက်အလက် အမျိုးအစား | အဓိကပရိသတ်နှင့် ရည်ရွယ်ချက် |
|---|---|---|
| လက်တွေ့ကွင်းဆင်း ဆောင်ရွက်မှု ပင်မအစီရင်ခံစာ | • ကျေးရွာအတွင်းမှ မှတ်တမ်းပြုစုထားပြီးဖြစ်သော ရိုးရာမြေလုပ်ပိုင်ခွင့်၏ အဓိက အစိတ်အပိုင်းများ<br>• များသောအားဖြင့် သရုပ်ဖော် ရေးသားမှုပုံစံမျိုးဖြစ်<br>• စာမျက်နှာများစွာပါဝင်သည့် အစီရင်ခံစာအရှည်ဖြစ်နိုင် | • ကူညီပံ့ပိုးရေးအဖွဲ့အတွက် မှီငြမ်းစာအုပ်အဖြစ် ဒေသခံကျေးရွာလူထုမှ အဖွဲ့အစည်းအတွင်း သိမ်းဆည်းထားနိုင်မည့် စာတမ်း<br>• အဓိကရလဒ်များအား စုစည်းမှုများဖြစ်သည်။ အခြားသော အနှစ်ချုပ် နှင့် ဦးတည်ပြစ်မှတ်ထား ထုတ်ဝေသည့် စာတမ်းများအတွက် အထောက်အကူအဖြစ် အသုံးပြုနိုင် |

| | | |
|---|---|---|
| အကျဉ်းချုပ် အစီရင်ခံစာ သို့မဟုတ် နမူနာဖြစ်ရပ် | • ရိုးရာမြေလုပ်ပိုင်ခွင့်၏ တစ်စုံတစ်ခုသော ရှုထောင့် သို့မဟုတ် မြေအသုံးချမှုအခြေအနေ တစ်ခုအကြောင်းကို မီးမောင်းထိုးပြထားမှု။ ဥပမာ ကျေးရွာအတွင်း လိုက်နာရမည့် စည်းမျဉ်းများ၊ ပဋိပက္ခဖြေရှင်းမှု ယန္တရား။<br>• နမူနာဖြစ်ရပ်အနေဖြင့် ရိုးရာမြေလုပ်ပိုင်ခွင့်၏ စိတ်ဝင်စားဖွယ် ရှုထောင့်တစ်ခု၊ မြေအသုံးချမှု ပြောင်းလဲလာပုံ သို့မဟုတ် မြေသိမ်းဆည်းခံရမှု တစ်ခုနှင့် ကျေးရွာအား သက်ရောက်လာမှုတို့ကို အလေးထား ဖော်ပြထားခြင်း။<br>• နမူနာဖြစ်ရပ်များမှ ရရှိလာသည့် အတွေ့အကြုံများနှင့် သင်ခန်းစာများအား မျှဝေပေးခြင်းဖြစ်ပြီး သက်ဆိုင်ရာ ကျေးရွာအနေအထားထက် ကျော်လွန်နေနိုင်သည်။<br>• ရည်ရွယ်ချက်နှင့် ပရိသတ်အပေါ်မူတည်၍အကျိုးအကြောင်းအပြည့်အစုံ ဖော်ပြချက် သို့မဟုတ် သုံးသပ်ချက်ဖြစ်နိုင်။ | • ဒေသခံလူထုအတွင်း၌သာ သိမ်းဆည်းထားရန် (ဥပမာ - ကျေးရွာအတွင်း လိုက်နာရန် စည်းမျဉ်းများ)<br>• ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်၏ တစ်စုံတစ်ခုသော ရှုထောင့်အား ပိုမိုပြင်စွာ ဖော်ညွှန်းနိုင်ရေး၊ ဆက်လက် ဆွေးနွေးတိုင်ပင်ရမည့် မြေအသုံးချမှုပုံစံ ပြောင်းလဲလာခြင်း သို့မဟုတ် မြေယာသိမ်းဆည်းခံရမှုများအတွက် အထောက်အထားများ |
| ကျေးရွာအခြေပြ မှတ်တမ်း သို့မဟုတ် နမူနာဖြစ်ရပ် | • ကျေးရွာအတွင်းရှိ ရိုးရာမြေလုပ်ပိုင်ခွင့်စနစ်အကြောင်း လျှပ်တစ်ပြက် ဖော်ပြချက်<br>• များသောအားဖြင့် သရုပ်ဖော်ရေးသားမှု ပုံစံမျိုးဖြစ်<br>• စာမျက်နှာ ၁-၂ မျက်နှာခန့် ပါဝင်နိုင် | • ဒေသခံလူထုအတွင်း၌သာ သိမ်းဆည်းထားရန်<br>• အနီးပတ်ဝန်းကျင်မှ ကျေးရွာများ<br>• ဒေသခံအာဏာပိုင်များ၊ CSO များနှင့် ပြင်ပမှ စိတ်ဝင်စားသည့်အဖွဲ့အစည်းများ |
| မူဝါဒ သုံးသပ်ချက် | • မူဝါဒ၊ ဥပဒေနှင့် လက်တွေ့ဖော်ဆောင်မှုများ ပြောင်းလဲပြင်ဆင်နိုင်ရေးအတွက် အဓိက အကြံပြုချက်များ ပါဝင်နေ | • ဒေသခံနှင့် နိုင်ငံတော်အဆင့် အာဏာပိုင်အဖွဲ့အစည်းများ<br>• မူဝါဒရေးဆွဲသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များ<br>• မီဒီယာများနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း |
| ပိုစတာ၊ ဗီဒီယို၊ မာလ်တီမီဒီယာ | • အဓိက သတင်းစကားများ သယ်ဆောင်ပေးပို့နိုင်ရေးအတွက် ဖတ်လမ်းပုံစံ တင်ဆက်မှုများဖြစ် | • အသိအမြင် ဖွင့်ပေးနိုင်ရေးအတွက် အများ ပြည်သူထံ ဖြန့်ဖြူးပေးခြင်း |

ထည့်သွင်းစဉ်းစားရမည့် မေးခွန်းများ -

- စာတမ်း သို့မဟုတ် ဖန်တီးထုတ်လုပ်မှုရဲ့ ရည်ရွယ်ချက်က ဘာလဲ။ အဲဒီရည်ရွယ်ချက်ကကော ကိုယ့်ပန်းတိုင် ပြည့်မီရေးကို ဘယ်လို အထောက်အကူပြုမှာလဲ။
- ထုတ်လုပ်မှုများမှတစ်ဆင့် သယ်ဆောင်ပေးသွားမည့် အဓိကသတင်းစကားများအတွက် ဦးတည်ရည်ရွယ်ထားတဲ့ ပရိသတ်က ဘယ်သူတွေလဲ။
- အဆိုပါသတင်းစကားအား သယ်ဆောင်ပေးပို့မှုအတွက် အကောင်းဆုံး မီဒီယာကြားခံနယ်က ဘယ်ဟာ ဖြစ်နိုင်မလဲ။
- ဘယ်လိုပုံစံမျိုးနဲ့ ဖန်တီးထုတ်လုပ်မှာလဲ။ အခြားသူတွေဆီက အကူအညီတောင်းဖို့ လိုအပ်မလား။ မိမိ ပြောဆိုလိုသည့် သတင်းစကားများ ပိုမိုကောင်းမွန်လာစေရေးနှင့် မိမိဦးတည်ပရိသတ်ဆီသို့ ရောက်ရှိနိုင်ရေးအတွက် အခြား ကျေးရွာများ၊ အုပ်စုများ သို့မဟုတ် အဖွဲ့အစည်းများနှင့် မိတ်ဖက်ဖွဲ့စည်းခြင်းက ပိုပြီး ဗျူဟာမြောက်နိုင်မလား။

အသေးစိတ် သတင်းအချက်အလက်များနှင့် လမ်းညွှန်ချက်များအတွက်

Inya Institute ၏ "လူမှုသုတေသန နည်းနိဿယ လက်စွဲ မိတ်ဆက်" (အလယ်အလတ်အဆင့် 19 - ပံ့ပိုးအချက်အလက် အသေးစိတ်၊ အလယ်အလတ်အဆင့် ၂၀ - အစီရင်ခံစာတစ်စောင် ရေးသားခြင်းနှင့် အလယ်အလတ်အဆင့် ၂၁ - မူဂါဒနှင့် စည်းရုံးတောင်းဆိုမှုဆိုင်ရာ သုံးသပ်ချက် ရေးသားနည်း)



## ၇ - ၂ ရရှိလာသည့်ရလဒ်များကို ကျေးရွာလူထုအား တင်ပြခြင်း၊ ဖြန့်ဖြူးခြင်းနှင့် လက်တွေ့လုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း

မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ် ပြီးဆုံးသွားသည်နှင့် မှတ်တမ်းတင်နိုင်ခဲ့သော အဓိကရလဒ်များကို ဒေသခံ ကျေးရွာလူထုအား ပြန်လည်တင်ပြနိုင်ရေးအတွက် ကျေးရွာအစည်းအဝေး ခေါ်ယူပါ။ ကျေးရွာလူထုအတွက် မည်သည့် စာတမ်းများ ပြင်ဆင်ထားသင့်သည်ကို အဓိကရလဒ်များတင်ပြဆွေးနွေးခဲ့သည့် ယခင် အစည်းအဝေးမှာကတည်းကပင် ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီချက် ရယူထားသင့်သည်။ အစီရင်ခံစာနှင့်/သို့မဟုတ် ကျေးရွာအခြေပြုမှတ်တမ်းတို့ကို သာမက ကျေးရွာအတွင်း လိုက်နာရန်စည်းကမ်းချက်များအား ပုံနှိပ်ဖော်ပြထားသည့်ပိုစတာများအပြင် မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်အတွင်း ရေးဆွဲထားသည့် မြေပုံများကိုလည်း အဆိုပါအစည်းအဝေးသို့ ယူဆောင်သွားရပါမည်။ စာရွက်စာတမ်းများ နှင့် မြေပုံများအားလုံးသည်လည်း ကျေးရွာတွင် အသုံးပြုနေသည့် ဒေသခံဘာသာစကားများဖြင့်သာ ဖြစ်ရပါမည်။

ထိုအစည်းအဝေးတွင် ရွာသားများသည် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်၏ အဓိကရလဒ်များအပေါ်တွင် ထပ်မံ၍ ပြန်လည်သုံးသပ်နိုင်သေးသော်ငြား ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များနှင့် မှတ်တမ်းပြုစုထားမှုများကို စည်းရုံး တောင်းဆိုမှုအတွက် ဖြန့်ဖြူးခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းများအကြောင်းကိုသာ အဓိကထားဆွေးနွေးညှိနှိုင်းသင့် ပါသည်။ ထိုသို့ဆွေးနွေးရာတွင်လည်း ပြီးခဲ့သည့်အပိုင်းတွင် တင်ပြခဲ့သည့်အတိုင်းပင် အဓိကရည်မှန်းချက်နှင့် သတင်း စကားများ မည်သို့ဖြစ်သည်၊ မည်သည့် ပရိသတ်အား ဦးတည်ထားသည် ဆိုသော အချက်များအပါအဝင် မည်သည့်ထုတ် ကုန် သို့မဟုတ် စာရွက်စာတမ်းများ ပြင်ဆင်ထားသင့်သည်တို့ကို ထည့်သွင်းစဉ်းစားရပါမည်။ ပထမလုပ်ငန်းဆင့်အဖြစ် မှတ် တမ်းပြုစုမှုလုပ်ငန်းစဉ်မှ မည်သည့် "ရလဒ်များ"အား ဒေသခံအာဏာပိုင်အဖွဲ့အစည်းများသို့ဝေမျှမည်၊ မည်သည့်ပုံစံဖြင့် ဝေမျှမည်တို့ကို ဒေသခံကျေးရွာသားများကိုယ်တိုင်မှသာ ဆုံးဖြတ်ရပါမည်။

### အချက်အလက်များ ပိုင်ဆိုင်မှု

ဒေသခံလူထုအနေဖြင့် သတင်းအချက်အလက်များကို အချို့ပရိသတ်များနှင့် မျှဝေလိုသော်လည်း အခြားသူများ နှင့်မူ မမျှဝေလိုကြပေ။ အထူးသဖြင့် အုပ်ချုပ်မှုစနစ်နှစ်မျိုးရှိသည့်ဒေသများတွင် ဤအချက်ကို မဖြစ်မနေ ဆွေးနွေးညှိနှိုင်း ဖို့ လိုပါသည်။ အချက်အလက်များ အထူးသဖြင့်မြေပုံများအား မည်သူတို့နှင့်မျှဝေသင့်သည်ကို မှတ်တမ်းပြုစုခြင်းဆိုင်ရာ သင်တန်းပေးနေချိန်တွင် ဆွေးနွေးတိုင်ပင်ထားပြီး နောက်ဆုံးအဆင့် ကျေးရွာအစည်းအဝေးတွင် အတည်ပြုချက် ရယူ ထားသင့်သည်။

ကျေးရွာတစ်ခု သို့မဟုတ် တစ်သီးပုဂ္ဂလတစ်ဦးအား အမည်ထုတ်ဖော်ပြောဆိုခြင်းသည် ၎င်းတို့အား အန္တရာယ် ကျရောက်စေနိုင်ပါသည်။ စည်းရုံးတောင်းဆိုမှုကိစ္စရပ်များတွင် ထိရှလွယ်သည့် သတင်းအချက်အလက်များ အသုံးမပြုမီ ပေါ်ပေါက်လာနိုင်သည့် ဆုံးရှုံးမှုများနှင့် အကျိုးကျေးဇူးများကို ချပြဆွေးနွေးထားပြီး သက်ဆိုင်ရာ ကျေးရွာလူထု သို့မဟုတ် လူပုဂ္ဂိုလ်ထံမှ သဘောတူညီချက် တောင်းခံရပါမည်။

အချက်အလက်များအား ဒေသခံလူထုမှသာပိုင်ဆိုင်ကြောင်းကို အသိအမှတ်ပြုနိုင်ရေးအတွက် အလွယ်ကူဆုံး နည်းလမ်းတစ်ခုမှာ အချက်အလက်များအား မည်သို့အသုံးပြုသွားမည်ဆိုသော သဘောတူညီချက်အား ချရေးထားခြင်းပင် ဖြစ်သည်။ အထူးသဖြင့် ဤအချက်မှာ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အတွင်း ကောက်ယူစုဆောင်းရာတွင် ထိရှအလွယ်ဆုံးဖြစ် သည့် မြေပုံများအတွက် အထူးပင်အသုံးဝင်ပါသည်။ မြေပုံများအား မည်သို့အသုံးပြုရမည်နှင့်ပတ်သက်သော သဘောတူညီ ချက်ကို နမူနာအဖြစ်ပြသပေးထားသည့် အခန်း ၆၊ အပိုင်း ၅ ကို ရည်ညွှန်းကိုးကားနိုင်ပါသည်။ စည်းရုံးတောင်းဆိုမှု

အတွက်ကိုလည်း မည်သည့်သတင်းအချက်အလက်များအား အသုံးပြုခွင့်ပေးနိုင်မည်ကို ကျေးရွာသားများနှင့် ဆွေးနွေးတိုင်ပင်ပါ။

မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အား ကူညီပံ့ပိုးပေးနေသည့် CSO များ သို့မဟုတ် NGO များအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲနှင့် မူဂါဒသုံးသပ်ချက် တစ်ခုချင်းစီတိုင်းအတွက် အချက်အလက်များသုံးစွဲခွင့် တောင်းခံနေရမည်ဟု မဆိုလိုပါ။ သဘောတူသတ်မှတ်ထားသည့် ဦးတည်ချက်များထက် ပိုမိုထိရောက်မည့် စည်းရုံးတောင်းဆိုမှု အတွက်ဆိုပါက သဘောတူသတ်မှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ အချက်အလက်များအား သုံးစွဲခွင့်ကို NGO နှင့် ဒေသခံလူထုတို့အကြား သဘောတူညီချက်ရယူထားနိုင်ပါသည်။ ဥပမာဆိုရလျှင် မူဂါဒနှင့် ဥပဒေများတွင် ရိုးရာမြေလုပ်ပိုင်ခွင့်အား တရားဝင်အသိအမှတ်ပြုခံရမှု ရရှိလိုကြောင်းကို နောက်ဆုံးအကြိမ်ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင်မှ ဒေသခံလူထုက သဘောတူခွင့်ပြုခြင်းမျိုးဖြစ်သည်။ ထိုအခါကြမှသာ NGO အနေဖြင့် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်မှ ရရှိလာသည့် အချက်အလက်များကို အဆိုပါရည်ရွယ်ချက်အတွက် စည်းရုံးတောင်းဆိုရာတွင် ထည့်သွင်းအသုံးပြုနိုင်မည် ဖြစ်သည်။

အချက်အလက်အသုံးပြုမှုနှင့်ပတ်သက်၍ သဘောတူညီမှုတစ်ခု တည်ဆောက်သည့်အခါတွင် အောက်ပါမေးခွန်းများကို ထည့်သွင်းစဉ်းစားပါ -

1. စည်းရုံးတောင်းဆိုမှုပြုလုပ်သည့်အခါတွင် ကျေးရွာအမည်ကို ထုတ်ဖော်ပြောဆိုမှာလား။ သို့မဟုတ် အမည်အတိအကျနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ထုတ်ဖော်ပြောကြားခြင်းမပြုဘဲ ယေဘုယျနယ်မြေတစ်ခုအဖြစ်သာ ရည်ညွှန်းမှာလား။
2. စည်းရုံးတောင်းဆိုမှုတွင် အသုံးပြုမည့်အရာများ၌ လူပုဂ္ဂိုလ်များကို အမည်နှင့်တကွ ထုတ်ဖော်ပြောဆိုမှာလား။ စည်းရုံးတောင်းဆိုမှုတွင် အသုံးပြုမည့်အရာများ၌ လူပုဂ္ဂိုလ်များကို ဓါတ်ပုံနှင့်တကွ ဖော်ပြမှာလား။
3. မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အတွင်း ရေးဆွဲခဲ့သော မြေပုံများကို နောက်ပိုင်းတွင် မည်သို့အသုံးချသွားမည်နည်း။ မြေပုံများကို မြေယာမှတ်ပုံတင်မှုလုပ်ငန်းတွေမှာ အသုံးပြုသွားမှာလား။ ဒါမှမဟုတ် သုတေသနလုပ်ငန်းနဲ့ ဆွေးနွေးမှုသက်သက်အတွက်ပဲလား။ မြေပုံတွေထဲမှာ ကြိုတင်ကာကွယ်ထားရမယ့် ထိရှလွယ်တဲ့ သတင်းအချက်အလက်တွေ ပါဝင်နေသလား။

## ၇ - ၃ လက်တွေ့လုပ်ငန်းဖော်ဆောင်မှု

အချို့သောလက်တွေ့လုပ်ငန်းများသည် မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်ပြင်ပမှ ပုဂ္ဂိုလ်များ (အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ၊ အခြားကျေးရွာများ၊ မီဒီယာ)နှင့် ဆက်သွယ်ဆောင်ရွက်ရေးကို အဓိကထားလုပ်ဆောင်ရတတ်သည်။ အခြားသော လုပ်ငန်းများကမူ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသည့် ကျေးရွာလူထုများအတွင်းမှ ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို အားပြုထားသည်။

အကယ်၍ ရိုးရာမြေလုပ်ပိုင်ခွင့်များကို မှတ်တမ်းပြုစုထားသည့် ကျေးရွာအများအပြားရှိသည်ဆိုပါက ထိုကျေးရွာများအချင်းချင်း ၎င်းတို့၏ရလဒ်များကို ပြန်လည်ဝေမျှနိုင်ရန်အတွက် တွေ့ဆုံပွဲတစ်ခု စီစဉ်ပေးရပါမည်။ ထို့အပြင် မှတ်တမ်းပြုစုမှုများကို ဝေမျှပေးနိုင်ရန်အတွက် အခြားသော ဆက်စပ်အုပ်စုများ (အရပ်ဘက် လူမှုအဖွဲ့အစည်း၊ မီဒီယာ၊ အစိုးရ၊ အခြားကျေးရွာများမှ ကိုယ်စားလှယ်များ)ကိုလည်း ဖိတ်ကြားသင့်ပါသည်။ သတင်းအချက်အလက်များအား စိစစ်အတည်ပြုခြင်း၊ အသိအမြင်ဖွင့်ပေးခြင်းနှင့် ရှေ့ဆက်လုပ်မည့်လုပ်ငန်းစဉ်များအကြောင်းကို ပိုမိုများပြားသည့်အဖွဲ့ဝင်များနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့အတွက် ဤအစည်းအဝေးကို အသုံးပြုနိုင်ပါသည်။

## စည်းရုံးတောင်းဆိုမှု

ကွန်ယက်ချိတ်ဆက်ခြင်း - မြေနှင့်သယံဇာတ စီမံခန့်ခွဲမှုစနစ်များအကြောင်း ရှင်းလင်းပြောကြားခြင်းနှင့် ကျေးရွာများ ကိုယ်စား စည်းရုံးတောင်းဆိုခြင်းတို့ကို နယ်မြေခံအဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံတော်အဆင့် အစည်းအဝေးပွဲများ၊ ချပြ ဆွေးနွေးပွဲများတွင် ကျေးရွာသားများကိုယ်တိုင် ရှင်းလင်းပြောဆိုနိုင်ကြသည်။ ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်းကို စိတ်ပါဝင်စားသည့် NGO ဝန်ထမ်းများနှင့် အခြားသော ကျေးရွာ ကိုယ်စားလှယ်များအတွက် သင်တန်းများစီစဉ်ပေးခြင်း သည် သက်ဆိုင်ရာကျေးရွာလူထုအတွက်မှ ၎င်းတို့၏ လုပ်ငန်းကျွမ်းကျင်မှုများကို ပြန်လည်ဝေမျှနိုင်ကြပြီး စည်းရုံးတောင်းဆိုမှု အတွက် မိတ်ဖက်ဖွဲ့စည်းတည်ဆောက်ခြင်းကိုလည်း ပံ့ပိုးပေးရာရောက်ပါသည်။

မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်မှတစ်ဆင့် ရရှိလာသည့် အသိပညာများနှင့် အရှိန်အဟုန်တို့ကြောင့် ဒေသခံ ကျေးရွာ သားများအနေဖြင့် ရိုးရာမြေလုပ်ပိုင်ခွင့် အသိအမှတ်ပြုခံရရေးကို နိုင်ငံရေးစင်မြင့်ထက်တွင် ပိုမိုနိုင်မာစွာ ရပ်တည်နေသည် ကို တွေ့မြင်လိုလာကြသည်။ ဥပမာအားဖြင့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့မှ လွှတ်တော်ကိုယ်စား လှယ်များအား စည်းရုံးတောင်းဆိုခြင်း၊ ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တို့တွင် ပါဝင် လိုခြင်းတို့ဖြစ်သည်။

မူဝါဒနှင့် ဥပဒေများတွင် ထည့်သွင်းခြင်း - တည်ရှိနေဆဲဥပဒေများအား ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ဥပဒေ အသစ်များ ရေးဆွဲခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ဝေမျှခြင်းတို့တွင် မှတ်တမ်းပြုစုမှုရလဒ်များကို အခြေခံသွင်းအား စုများအဖြစ် အသုံးပြုနိုင်ပါသည်။ အခြားတစ်ဖက်တွင်လည်း EAO များသည် မြေယာမူဝါဒ အသစ်များကို ရေးဆွဲလျှက်ရှိရာ ထိုမူဝါဒအချို့သည် အများပိုင်မြေ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးအတွက်ကို ဒေသခံကျေးရွာများမှ ဦးစီး ဆောင်ရွက်ခဲ့သည့် ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုထားမှုများအား အခြေခံထားကြသည်။ အချို့ဒေသများတွင်မှ မြေသိမ်း ဆည်းခံရမှုများမှ ကာကွယ်နိုင်ရေးအတွက် ဤကဲ့သို့ မှတ်တမ်းပြုစုခြင်းကို ဗျူဟာတစ်ရပ်အဖြစ် အသုံးပြုတတ်ကြသည်။

## မြေလုပ်ပိုင်ခွင့်အား ကာကွယ်နိုင်ရေး

အများပြည်သူ၏ အသိအမြင်ပွင့်လင်းလာစေရေးတွင် မှတ်တမ်းပြုစုထားသည့် မြေသိမ်းဆည်းခံရမှုဆိုင်ရာ နမူနာ ဖြစ်ရပ်များကို အသုံးပြုနိုင်ပေသည်။ မြေသိမ်းဆည်းခံရမှုအားဖြေရှင်းရာတွင် သတင်းစာရှင်းလင်းပွဲများနှင့် မီဒီယာချိတ် ဆက်ထားမှုများကိုလည်း ဖိအားတစ်ရပ်အဖြစ် ပေါင်းစပ်အသုံးပြုနိုင်ပါသည်။

အခြေအနေပေးသည့်အပြင် လိုအပ်မည်ဆိုပါက တရားရုံးတွင်တရားစွဲဆိုနိုင်ရေးကိုလည်း ထည့်သွင်းစဉ်းစားထား ရပါမည်။ မြေသိမ်းခံရမှုများအတွက် ဥပဒေဆိုင်ရာအကြံဉာဏ်များ ပံ့ပိုးပေးနိုင်သည့် အခမဲ့ရှေ့နေများနှင့် NGO များ ရှိကြ ပါသည်။

## ဒေသခံအစုအဖွဲ့မှ မြေအသုံးချမှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း

မှတ်တမ်းပြုစုခြင်းရလဒ်များအပေါ်တွင် အခြေခံ၍ မည်သည့်ပြောင်းလဲမှုများပိုင်ဆိုင်လိုကြသည်ကို ဒေသခံ လူထု အတွင်း ဆွေးနွေးပွဲများ ဖန်တီးပေးရပါမည်။ ဆွေးနွေးပွဲများ ထိုသို့စီစဉ်ရာတွင်လည်း အဆိုပါပြောင်းလဲမှုများ ပေါ်ပေါက် လာရေးအတွက် လိုအပ်သည့်လုပ်ငန်းများ တာဝန်ယူဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်များအား တာဝန်ပေးအပ်ထားရမည်။



# နောက်ဆက်တွဲ ဖော်ပြချက်များ

## နောက်ဆက်တွဲ ၁ အသုံးဝင်နိုင်သော ရင်းမြစ်များ

မြေပုံရေးဆွဲခြင်းဆိုင်ရာ လမ်းညွှန်များ -

- မြေပုံရေးဆွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအမျိုးမျိုး၏ အားနည်းချက်၊ အားသာချက်များ သုံးသပ်ချက်အတွက် IFAD မှ ပြုစုထာစသည့် လူထုပူးပေါင်းပါဝင်မှုဖြင့် မြေပုံရေးဆွဲခြင်း အလေ့အထကောင်းများကို လေ့လာကြည့်ပါ။ https://www.ifad.org/documents/10180/d1383979-4976-4c8e-ba5d-53419e37cbcc

- မိမိရေးဆွဲသော မြေပုံများသည် ပဋိပက္ခဖြစ်နိုင်ခြေများကို အလေးထားစဉ်းစားထားဖို့ လိုပါသည်။ ထိုအတွက် ကိန်းဘရစ်ချ်တက္ကသိုလ်၊ CDA ပူးပေါင်းလေ့လာမှုစီမံကိန်းမှ Goddard, N. နှင့် M. Lempke 2013 တို့ ပူးတွဲရေးသားထားသော "မြေယာလုပ်ပိုင်ခွင့်နှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်တို့တွင် ဆုံးရှုံးထိခိုက်မှု မရှိစေရ။ ပဋိပက္ခဖြစ်လွယ်သည့် မြေယာစီမံကိန်းများအား ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း"ကို လေ့လာကြည့်ပါ။ http://cdacollaborative.org/publication/do-no-harm-in-land-tenure-and-property-rights-designing-and-implementing-conflict-sensitive-land-programs/

- လူထုပူးပေါင်းပါဝင်မှုဖြင့် မြေပုံရေးဆွဲခြင်းနှင့်ပတ်သက်၍ အင်တာနက်ပေါ်မှ အခမဲ့သင်တန်းအကြောင်း သိရှိလိုပါက နယ်သာလန်နှင့် IFAD (အီတလီ) (ISBN: 978-92-9081-446-7) CTA မှ တင်ဆက်လျက်ရှိသည့် "လူထုပူးပေါင်းပါဝင်မှုဖြင့် ဒေသအလိုက်ဖော်ပြချက်များဆိုင်ရာ သတင်းအချက်အလက်များအား စီမံခန့်ခွဲမှုနှင့် ဆက်သွယ်ပြန်ကြားမှု သင်တန်းအစီအစဉ်" ကို လေ့လာကြည့်ပါ။ http://pgis-tk-en.cta.int/

- 3D မြေပုံရေးဆွဲမှုများအတွက် Rambaldi, G. နှင့် J. Callosa-Tarr တို့ ပူးပေါင်းရေးသားထားသည့် "လူထုပူးပေါင်းပါဝင်သည့် 3D မြေပုံရေးဆွဲမှုအတွက် မော်ဒယ်လ်ပုံစံထိုင်ခြင်း - လမ်းညွှန်စည်းမျဉ်းများနှင့် လက်တွေ့လုပ်ဆောင်မှုများ" ကို လေ့လာကြည့်ပါ။ http://www.iapad.org/wp-content/uploads/2015/07/p3dm_arcbc.pdf

- မြန်မာနိုင်ငံရှိ ဒေသခံလူထုဦးဆောင်မှုဖြင့် ကျေးရွာအုပ်စုအဆင့် သယံဇာတရင်းမြစ်များ မှတ်တမ်းပြုစုခြင်း - CSO များအတွက် လမ်းညွှန် 2016။ USAID မှ ထုတ်ဝေထားခြင်းဖြစ်ပြီး အင်္ဂလိပ်၊ မြန်မာဘာသာတို့ဖြင့် ရယူနိုင်ပါသည်။

- "မြန်မာနိုင်ငံရှိ ကျေးရွာလူထုအဆင့် မြေအသုံးချမှုနှင့် လုပ်ပိုင်ခွင့်များအား အကဲဖြတ်ဆန်းစစ်ခြင်း - ကွင်းဆင်း၍ အချက်အလက်ကောက်ယူကြမည့်သူများအတွက် လမ်းညွှန်ချက် (၂၀၁၆)"။ USAID မှ ပြုစုထုတ်ဝေထားခြင်းဖြစ်ပြီး မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရရှိနိုင်ပါသည်။

### အခြားသော လက်စွဲစာအုပ်များ -

- မြေယာလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်းနှင့် ဒေသခံလူထုအနေဖြင့် ၎င်းတို့၏ မြေယာ လုပ်ကိုင်ပိုင်ဆိုင်ခွင့် ကာကွယ်ရေးအတွက် အထောက်အကူဖြစ်စေမည့် နည်းဗျူဟာများ ရေးဆွဲပြုစုရေးဆိုင်ရာ လမ်းညွှန်ချက်အတွက် NAMATI အဖွဲ့မှ Knight, R. J. နှင့် Vogelsang, M. Brinkhurst. 2016 တို့ ရေးသားပြုစုထားသည့် "ဒေသခံလူထု၏ မြေယာကာကွယ်နိုင်ရေး ကူညီပံ့ပိုးသူများအတွက် လမ်းညွှန်ချက်" ကို ကြည့်ပါ။
https://namati.org/resources/community-land-protection-facilitators-guide/

- လူမှုသိပ္ပံ သုတေသနလုပ်ငန်း အသုံးချကိရိယာများနှင့်ပတ်သက်သည့် ရင်းမြစ်များအတွက် Inya Institute မှ ရေးသားထုတ်ဝေသည့် "လူမှုသုတေသန နည်းနိဿယ မိတ်ဆက် (၂၀၁၅)" ကို ကြည့်ပါ။ အင်္ဂလိပ်၊ မြန်မာ ဘာသာတို့ဖြင့် ရယူနိုင်ပါသည်။ http://www.lift-fund.org/introduction-social-research-methods-english-and-myanmar. အခြားသော သင်တန်းပေးခြင်းဆိုင်ရာ အကြောင်းအရာများကိုလည်း အောက်ပါလိပ်စာတွင် ဝင်ရောက်လေ့လာကြည့်ပါ။
http://www.inyainstitute.org/wpcontent/uploads/2014/03/TrainingModule_english.pdf

- အနှောင်အဖွဲ့ကင်း၍၊ ကြိုတင်၊ ချပြအသိပေးထားပြီး၊ သဘောတူညီချက်ရယူမှုလုပ်ငန်းများအား မည်သို့ ဆောင်ရွက်ရမည်ကို Oxfam Australia မှ ထုတ်ဝေထားသည့် လမ်းညွှန်ချက်များနှင့် ဆရာကိုင်လက်စွဲတို့ကို လေ့လာကြည့်ပါ။
https://www.oxfam.org.au/what-we-do/mining/free-prior-and-informed-consent/

- နိုင်ငံတော်အဆင့် စားနပ်ရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များနှင့်အညီ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများရှိ လုပ်ပိုင်ခွင့်စီမံခန့်ခွဲရာတွင် လိုက်နာကျင့်သုံးသင့်သည့် လမ်းညွှန်ချက်များအား အကောင်အထည်ဖော်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် လမ်းညွှန်ချက်များအတွက် FAO ၏ "အများပြည်သူ၏ လုပ်ပိုင်ခွင့်အခွင့်အရေးများအား စီမံအုပ်ချုပ်မှု" ကို ကြည့်ပါ။

- လူ့အခွင့်အရေး အထူးသဖြင့် ဌာနေတိုင်းရင်းသားများ၏ စုပေါင်းပိုင်ဆိုင်မှု အခွင့်အရေးများ ချိုးဖောက်ခံရမှုများကို မှတ်တမ်းပြုစုခြင်းနှင့် စုဆောင်းကောက်ယူထားသည့် အချက်အလက်များအား စည်းရုံးတောင်းဆိုမှုအတွက် အသုံးချပုံ

တို့အတွက် အဆင့်အလိုက် ညွှန်ကြားချက်များကို AIPP မှ ထုတ်ဝေခဲ့သည့် လက်စွဲစာအုပ်အား လေ့လာကြည့်ပါ။ http://aippnet.org/indigenous-peoples-human-rights-defenders-field-handbook-on-human-rights-documentation-and-advocacy/

- ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေငြာစာတမ်း (UNDRIP) နှင့် ပတ်သက်၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်လိုပါက AIPP မှ ထုတ်ဝေထားသော မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြုစုထားသည့် စာရွက်စာတမ်းများကို ကြည့်ပါ။ http://aippnet.org/rights-updated-training-manual-on-the-undrip-volume-2/
- ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးချိုးဖောက်ခံရမှုနှင့် ပြဿနာများအကြောင်းကို မီဒီယာသမားများသိရှိလာစေရန်၊ ဌာနေတိုင်းရင်းသားများ၏ စိုးရိမ်ပူပန်မှုများကို မီဒီယာသမားများမှ သတင်းရေးသားလာကြစေရန် မည်သို့ ဆွဲဆောင်တိုက်တွန်းသင့်သည်ဟူသော လက်တွေ့လမ်းညွှန်များအကြောင်းကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖတ်ရှုနိုင်သည့်နေရာ - http://aippnet.org/practical-guide-for-media-practitioners-on-indigenous-peoples-issues-in-asia-new-publication/

စာတမ်းများ ရှာဖွေရမည့်နေရာ -

MYLAFF: mylaff.org

Burma Library: www.ibiblio.org/obl

မြေပုံများ ရှာဖွေရမည့်နေရာ -

Google Earth

MIMU: http://www.themimu.info

## နောက်ဆက်တွဲ ၂ အကျိုးသက်ဆိုင်သူများ စိစစ်သုံးသပ်ချက်

### ကြိုတင်ပြင်ဆင်မှုအဆင့်

FPIC ၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် မှတ်တမ်းပြုစုခြင်းအစီအစဉ်တို့အတွက် ညှိနှိုင်းအစည်းအဝေး

ဖိတ်ကြားပါ -

ကူညီပံ့ပိုးမည့်သူများအား လေ့ကျင့်သင်ကြားပေးခြင်း

ဖိတ်ကြားပါ -

### မှတ်တမ်းပြုစုခြင်းအဆင့်

ပထမအကြိမ် ကျေးရွာအစည်းအဝေး

ဖိတ်ကြားပါ -

မှတ်တမ်းပြုစုခြင်းဆိုင်ရာ အကြောင်းအရာခေါင်းစဉ်များ

ကျေးရွာ နယ်နိမိတ်များ

ဖိတ်ကြားပါ -

ရိုးရာမြေလုပ်ပိုင်ခွင့် မှတ်တမ်းပြုစုခြင်း

ဖိတ်ကြားပါ -
စိစစ်အတည်ပြုခြင်းဆိုင်ရာ ကျေးရွာအစည်းအဝေး
ဖိတ်ကြားပါ -

ဆက်သွယ်ပြန်ကြားမှုနှင့် စည်းရုံးတောင်းဆိုမှု အဆင့်
သုတေသနလုပ်ငန်းရလဒ်များအား အခြားကျေးရွာများနှင့် ဝေမျှပေးနိုင်ရေး အစည်းအဝေး
ဖိတ်ကြားပါ -
အစီရင်ခံစာ ထုတ်ပြန်တင်ဆက်ခြင်း
ဖိတ်ကြားပါ -
အကျိုးသက်ဆိုင်သူများအား ချပြဆွေးနွေးခြင်း
ဖိတ်ကြားပါ -

## နောက်ဆက်တွဲ ၃ အကျိုးသက်ဆိုင်သူများ စိစစ်သုံးသပ်ချက်

ဒေသခံကျေးရွာ၏ အဓိက ပြဿနာများ

ဤကျေးရွာအတွင်းတွင် မှတ်တမ်းပြုစုရမည့် အရေးအကြီးဆုံးအရာများမှာ အဘယ်နည်း။ မှတ်တမ်းပြုစုသင့်သည့် မြေယာပဋိပက္ခများ ရှိပါသလား။ မှတ်တမ်းပြုစုသင့်သည့် ရိုးရာမြေလုပ်ပိုင်ခွင့်ဆိုင်ရာ ထူးခြားဖြစ်ရပ်များ ရှိနေပါသလား။

ကျေးရွာ၏ အခြေခံ သတင်းအချက်အလက်များ
မည်သူမှ -
မည်သို့ -

ဒေသ၏ နောက်ခံသမိုင်း
မည်သူမှ -
မည်သို့ -

မြေအသုံးချမှုနှင့် မြေစီမံခန့်ခွဲမှု
မည်သူမှ -
မည်သို့ -

သယံဇာတရင်းမြစ်များ လုပ်ပိုင်ခွင့်နှင့် လွှဲပြောင်းပေးပိုင်ခွင့်
မည်သူမှ -
မည်သို့ -

အဖွဲ့အစည်းများ
မည်သူမှ -
မည်သို့ -

ခုံသမာဓိနည်းဖြင့်ဆုံးဖြတ်ခြင်း / ပဋိပက္ခ စီမံခန့်ခွဲဖြေရှင်းပေးမှု
မည်သူမှ -
မည်သို့ -



သက်မွေးဝမ်းကျောင်းလုပ်ငန်းများ
မည်သူမှ -
မည်သို့ -

မြေယာတွင်ပါဝင်နေသည့် ယဉ်ကျေးမှုဆိုင်ရာ ရှုထောင့်များ -
ကိုးကွယ်ယုံကြည်မှု၊ နောက်ခံရာဇဝင်၊ ဂီတ၊ ပန်းချီ၊ အက၊ ပွဲတော်များ
မည်သူမှ -
မည်သို့ -

## နောက်ဆက်တွဲ ၄ အခြေခံမေးခွန်းများစာရင်း

ပြည့်စုံစွာ ပြုစုပေးထားသည့် အခြေခံမေးခွန်းများစာရင်း ဖြစ်ပါသည်။ မှတ်တမ်းပြုစုမည့်အဖွဲ့အနေဖြင့် မိမိတို့၏ ဦးတည်ချက်များနှင့် အဆီလျော်ဆုံးမေးခွန်းများအား ရွေးချယ်အသုံးပြုနိုင်ပါသည်။

### အဓိကပြဿနာများ

ကျေးရွာမှာ မှတ်တမ်းတင်သင့်သည့် ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်သော အရေးအကြီးဆုံး အပိုင်းက ဘာလဲ။

- မြေယာကိစ္စနှင့်ပတ်သက်၍ အငြင်းပွားမှုများရှိပါသလား။ ရှိပါက မည်ကဲ့သို့အငြင်းပွားနေသည်ကို ဖော်ပြပါ။
- လက်နက်ကိုင်ပဋိပက္ခကြောင့် ကျေးရွာကို ထိခိုက်မှုရှိခဲ့ဖူးသလား။ ရှိပါက ဖော်ပြပေးပါ။
- ကျေးရွာတွင် ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အထူးမှတ်သားသင့်သော (သို့) ထူးခြားသော ဓလေ့တစ်ခုခုရှိပါသလား။

### ယေဘုယျအချက်အလက်များ

ကျေးရွာတွင် လက်ရှိလူဦးရေ ဘယ်လောက်ရှိပါသလဲ။
မည်သည့်မျိုးနွယ်စုများ နေထိုင်နေပါသလဲ။ မျိုးနွယ်စုတစ်စုတွင် အိမ်ထောင်စုမည်မျှရှိပါသလဲ။
လူမျိုးစု (များ)၊ မျိုးနွယ်စု/မျိုးစု

| လူမျိုးစု (များ) | မျိုးနွယ်စု/မျိုးစု | အိမ်ထောင်စု အရေအတွက် | လူဦးရေ |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| စုစုပေါင်း | | | |

မည့်သည့်ဘာသာကို ကိုးကွယ်ကြပါသလဲ။ ဘာသာတစ်မျိုးတွင် အိမ်ထောင်စုမည်မျှရှိပါသလဲ။

ယခင်က လူဦးရေဘယ်လောက်ရှိပါသလဲ။ (လွန်ခဲ့သော ၁၀ နှစ်၊ ၅၀ နှစ်)

ကျေးရွာထဲကို ဘယ်သူတွေ လာရောက်ရွှေ့ပြောင်းနေထိုင်နေကြသလဲ။

| ရွှေ့ပြောင်းလာသူအမျိုးအစား | လူဦးရေ | လာရောက်နေထိုင်ရသည့် အကြောင်းအရာ |
|---|---|---|
| စစ်ဘေးရှောင်ဒုက္ခသည်များ | | |
| ရွှေ့ပြောင်းအလုပ်သမားများ | | |
| ကျေးရွာသား/သူနှင့် အိမ်ထောင်ကျပြီး လာရောက်အခြေချနေထိုင်သူများ | | |

မည်သူတွေ ကျေးရွာမှ ထွက်သွားကြပါသလဲ။ ပဋိပက္ခကိုရှောင်တိမ်းရန်အတွက် ကျေးရွာမှ ထွက်သွားရခြင်း ရှိပါသလား။ ရှိပါက လူဦးရေ ဘယ်လောက်လဲ။ အလုပ်အကိုင်ရှာဖွေရန်အတွက် ကျေးရွာမှထွက်သွားရခြင်း ရှိပါသလား။ ဘယ်နေရာကို ထွက်သွားပြီး၊ မည်သည့်အလုပ်မျိုးကို လုပ်ကိုင်နေကြပါသလဲ။ ကျေးရွာမှထွက်သွားသည့် အချိန်ကာလမှာ တစ်နှစ်ပတ်လုံးလား (သို့) လပိုင်းလား။ တစ်နှစ်အတွင်းမှာ ဘယ်အချိန်(လ) တွေမှာ ထွက်သွားလေ့ရှိပါသလဲ။

ကျေးရွာမှာ မည်သည့် အခြေခံအဆောက်အအုံများ ရှိပါသလဲ။ စာသင်ကျောင်း၊ ကျန်းမာရေးဆေးပေးခန်း၊ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်း၊ အခြား....။

ကျေးရွာကို ဘယ်လိုလာရောက်ကြပါသလဲ။ မည့်သည့်ကျေးရွာမှလူများ လာရောက်လေ့ရှိပါသလဲ။ ကားလမ်း၊ မော်တော်ဆိုင်ကယ်လမ်း၊ ရာသီပိုင်းသာအသုံးပြု၍ရသောလမ်း၊ လမ်းလျှောက်လမ်း၊ ရေလမ်း။

ကျေးရွာတွင် အသုံးပြုနေကြသော စွမ်းအင်ကို မည်သည့်အရင်းအမြစ်မှရရှိပါသလဲ။

| | အသုံးပြုသော အိမ်ထောင်စုအရေအတွက် | စွမ်းအင်အတွက် မည်သူက အကုန်အကျခံရပါသလဲ။ စွမ်းအင် အရင်းအမြစ်တစ်ခုချင်းစီအတွက် ဘယ်နှစ်နှစ် အသုံးပြုကြပါသလဲ။ |
|---|---|---|
| ထင်း | | |
| ဆိုလာပြား | | |
| မီးစက် | | |
| ရေအားလျှပ်စစ် | | |

ကျေးရွာတွင် NGO (သို့) CSO စီမံကိန်းတစ်ခုခု ရှိပါသလား။ ရှိပါက မည်သည့်အဖွဲ့အစည်း၊ မည်သည့်စီမံကိန်းတွင် မည်သည့်လုပ်ငန်းကို လုပ်ကိုင်ကြပါသလဲ။

## ကျေးရွာသမိုင်းကြောင်း

ကျေးရွာသမိုင်းကြောင်း၏ အချိန်ပြမျဉ်းရေးဆွဲမည်ဆိုပါက အသုံးပြုနိုင်မည့် မေးခွန်းအချို့ ရှိပါသည်။ ဆွေးနွေးမှုများအတွင်း မှိုင်းမြင်းကိုးကားနိုင်ရန်အတွက် မြေပုံတစ်ခုကိုလည်း အရန်သင့် ဆောင်ထားရပါမည်။

ဤနေရာတွင် ကျေးရွာကို မည့်သည့်ခုနှစ်က စတင်တည်ထောင်ခဲ့ပါသလဲ။

လွန်ခဲ့သောတစ်ချိန်ချိန်က ကျေးရွာကို အခြားတစ်နေရာရာသို့ ပြောင်းရွှေ့ခဲ့ဖူးပါသလား။ ပြောင်းရွှေ့ခဲ့ရပါက ဘာကြောင့်လဲ။

အရင်ကကျေးရွာ၏ တည်နေရာနှင့် ဘာကြောင့် အခြားတစ်နေရာသို့ပြောင်းရွှေ့ခဲ့ရသည်ကို ဆွေးနွေးပါ။ (ဥပမာ - စစ်တပ်မှလာရောက်အခြေချပြီး အတင်းအဓမ္မခိုင်းစေမှုကြောင့် ပြောင်းရွှေ့ရခြင်း (သို့) မြေသိမ်းဆည်းခံရသောကြောင့် ပြောင်းရွှေ့ရခြင်း (သို့) သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် ပြောင်းရွှေ့ရခြင်း)

မည်သည့်အကြောင်းအရာက ကျေးရွာ၏လူဦးရေပြောင်းလဲမှုကို ဖြစ်စေပါသလဲ။ (ပဋိပက္ခ၊ အစာရေစာ ရှားပါးခြင်း၊ ကပ်ရောဂါဖြစ်ခြင်း၊ အတင်းအဓမ္မပြောင်းရွှေ့ခံရခြင်း)

ကျေးရွာတွင် မည့်သည့် နိုင်ငံရေးအရပြောင်းလဲမှု ကြီးကြီးမားမား ဖြစ်ပေါ်ခဲ့ပါသလဲ။ ဘယ်အချိန်တွင် ဖြစ်ပေါ်ခဲ့ပါသလဲ။

## လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် လွှဲပြောင်းပေးပိုင်ခွင့်

အသုံးပြုမည့်နည်းစနစ်များ - ပုံကြမ်းဆွဲခြင်း၊ ကောင်းကင်မြေပုံ အသုံးပြုခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ အိမ်ထောင်စု၏အရင်းအမြစ်ကိုဖော်ပြသော ပုံကြမ်းရေးဆွဲခြင်း

မည်သူကိုပါဝင်စေမှာလဲ - မတူညီသောလူအုပ်စုများ၊ အိမ်ထောင်စုများကို အင်တာဗျူးခြင်း

## လုပ်ပိုင်ခွင့်နှင့် ရယူသုံးစွဲပိုင်ခွင့်

မြေယာပိုင်ဆိုင်မှုအမျိုးအစား ဘယ်နှစ်မျိုးရှိပါသလဲ။

(တစ်ဦးချင်း၊ အိမ်ထောင်စုအလိုက်၊ မိသားစုအလိုက်၊ မျိုးနွယ်အလိုက်၊ မျိုးနွယ်စုအလိုက်၊ ကျေးရွာအလိုက်၊ ဘိုးဘွားတို့၏ပိုင်ဆိုင်မှုအရ၊ အခြား.....)

မြေယာနှင့် အခြားအရင်းအမြစ်များကို ပိုင်ဆိုင်မှုအမျိုးအစားအလိုက် မည်သူကပိုင်ဆိုင်ခွင့်ရှိသည် စသည်တို့အပေါ် ကွာခြားချက်ကိုဖော်ပြပါ။

မြေအသုံးချမှုတစ်ခုစီအတွက် ယခုကဲ့သို့ မေးမြန်းပါ -

ဒီမြေအသုံးချမှုပုံစံအမျိုးအစားအတွက် ဘယ်လိုပိုင်ဆိုင်မှုမျိုးတွေရှိထားသလဲ။

ဒီမြေအသုံးချမှုပုံစံအမျိုးအစားကို ဘယ်သူတွေ ပိုင်ဆိုင်ခွင့်လျှောက်ထားနိုင်ကြလဲ။

| မြေအသုံးချမှု ပုံစံအမျိုးအစား | မည်သူမှပိုင်ဆိုင်ခွင့်ရှိသည် | မည်သည့်ရင်းမြစ် | မည်ကဲ့သို့ လွှဲပြောင်း ပေးနိုင်သည် |
|---|---|---|---|
| သစ်တော - ဒေသခံလူထုမှ ကာကွယ်ပေးထားသည့် သစ်တောများ | မျိုးနွယ်စု သို့မဟုတ် ရပ်ရွာ ခေါင်းဆောင် | ဒေသခံလူထုမှ ကာကွယ် ပေးထားသည့် သစ်တော ဧရိယာ၊ သစ်တောရင်းမြစ် များနှင့် ပတ်သက်သည့် အငြင်းပွားမှုများအား ဖြေ ရှင်းပေးရန် တာဝန်ရှိ | အမွေပေးခြင်း |
| | ကျေးရွာအတွင်း နေထိုင် သည့် အိမ်ထောင်စုများ | သစ်၊ လောင်စာထင်း၊ သဘာဝ ပေါက်ပင်များ | ဒေသခံလူထုအဖြစ် ကျေး ရွာအတွင်း နေထိုင်လျှက်ရှိ သူ |
| | ဒေသခံလူထု | ကျေးရွာအတွင်းအဆောက် အဦများအတွက် သစ်နှင့် လောင်စာထင်း (ကျောင်း၊ အစည်းအဝေးခန်းမ၊ ဆေး ခန်း၊ စသည် ....) | ဒေသခံလူထုအဖြစ် ကျေး ရွာအတွင်း နေထိုင်လျှက်ရှိ သူ |
| | တစ်ဦးချင်း/အိမ်ထောင်စု | ကျေးရွာအတွက် အလုပ်အ ကျွေး ပြုခဲ့သည့် အတိုင်းအ တာပေါ် မူတည်၍ တစ်ဦး ချင်း သို့မဟုတ် အိမ်ထောင် စုအလိုက်အား သစ်တော ဧရိယာများကို ချထားပေး သည် | အမွေ ဆက်ခံရယူကြသည့် မျိုးဆက်သစ်များ |
| သစ်တော - ပုဂ္ဂလိကပိုင် သစ်တောကွက် | အိမ်ထောင်စု | အိမ်ထောင်စုမှ စိုက်ပျိုး၊ ရိတ်သိမ်း၊ ပြန်လည်စိုက်ပျိုး ကြသည်။ လောင်စာထင်း၊ သစ်၊ သဘာဝ သီးနှံများ | သစ်ပင်စိုက်ပျိုးခြင်းဖြင့် က နဦး ပိုင်ဆိုင်လုပ်ကိုင်ကြ သည်။ မူလစိုက်ပျိုးခဲ့သူ၏ မိသားစုဝင်များမှ အမွေ ဆက်ခံခြင်းဖြင့် လက်ဆင့် ကမ်းပိုင်ဆိုင်လာ ကြသည်။ တစ်ခါတရံတွင် ထုတ်ရောင်း ခြင်းမျိုးလည်း ရှိနိုင်။ |

| | | | |
|---|---|---|---|
| စားကျက်မြေ | ဒေသခံလူထု | အများပိုင် စားကျက်မြေကို ကျေးရွာအတွင်းရှိ အိမ်ထောင်စုများက အသုံးပြုကြသည် | ကျေးရွာအတွင်း နေထိုင်လျက်ရှိသူ |
| ဉယျာဉ်ခြံ | အိမ်ထောင်စု | သီးနှံများ | သစ်ပင်စိုက်ပျိုးခြင်းဖြင့် ကနဦး ပိုင်ဆိုင်လုပ်ကိုင်ကြသည်။ စိုက်ပျိုးမည့် နေရာအပေါ် မူတည်၍ ခွင့်ပြုချက်တောင်းခံ ရသည်။ မူလစိုက်ပျိုးခဲ့သူ၏ မိသားစုဝင်များမှ အမွေဆက်ခံခြင်းဖြင့် လက်ဆင့်ကမ်း ပိုင်ဆိုင်လာကြသည်။ တစ်ခါတရံတွင် ထုတ်ရောင်းခြင်းမျိုးလည်း ရှိနိုင်။ |

သစ်တော၊ ဉယျာဉ်ခြံနှင့် စားကျက်မြေတို့အတွက် ဥပမာများပေးပါ။ ဒေသခံလူထုမှ အသုံးပြုလျက်ရှိသည့် မြေအသုံးချမှုပုံစံများနှင့် ရင်းမြစ်များကိုလည်း ဖြည့်စွက်ပေးပါ။

မြေယာ သို့မဟုတ် ရင်းမြစ်တစ်ခုကို ဘယ်လိုနည်းလမ်းတွေနဲ့ ရယူခွင့်၊ အသုံးပြုခွင့်တွေ ရှိပါသလဲ။

တစ်စုံတစ်ဦး ပိုင်ဆိုင်ထားတဲ့မြေပေါ်မှာ အခြားသူတွေက ဟင်းသီးဟင်းရွက် ဖင်ခူးတာ၊ အမဲလိုက်တာမျိုး လုပ်လို့ရတဲ့ နေရာတွေ ရှိပါသလား။

ကျေးရွာအတွင်းမှ မည်သူမဆို ခူးယူသုံးစွဲနိုင်သော ရင်းမြစ်များ ရှိပါသလား။

## လွှဲပြောင်းပိုင်ခွင့်

တစ်စုံတစ်ယောက်သည် မြေယာကို မည်ကဲ့သို့ ပိုင်ဆိုင်ခွင့်ရလာသလဲ။ (အမွေဆက်ခံခြင်း၊ ဝယ်ယူခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ ငှားရမ်းခြင်း၊ လက်ဆောင်ရရှိခြင်း၊ အမွေစားအမွေခံရရှိခြင်း၊ အခြား.....)

မြေယာအသုံးချမှုပုံစံအလိုက် မြေယာပိုင်ဆိုင်ခွင့်ရရှိဖို့ စည်းမျဉ်းစည်းကမ်းတွေရှိပါသလား။

မြေယာကို ဘယ်လိုအမွေဆက်ခံကြသလဲ။ မိသားစုဝင်အကြားမှာ မြေယာကို ဘယ်လို ခွဲဝေကြသလဲ။

အမျိုးသမီးနဲ့ အမျိုးသားတွေအတွက် မြေယာကိုအမွေဆက်ခံပိုင်ခွင့်မှာ ကွာခြားချက်တွေ ဘာရှိလဲ။

တစ်စုံတစ်ယောက်ကမြေကိုရောင်းချလိုလျှင်၊ စည်းမျဉ်းစည်းကမ်းတွေ ဘာရှိလဲ။ ဘယ်သူတွေကို ရောင်းခွင့်ရှိလဲ။ ဘယ်သူတွေကို ရောင်းခွင့်မရှိဘူးလဲ။

ကျေးရွာပြင်ပမှလာပြီးနေထိုင်တဲ့သူတွေအတွက် မြေယာကိုပိုင်ဆိုင်ခွင့်ရဖို့ (သို့) အသုံးပြုခွင့်ရဖို့ ဘယ်လို စည်းမျဉ်းစည်းကမ်းတွေရှိလဲ။ သူတို့တွေ မြေကိုဂယ်ယူခွင့်ရှိကြသလား။ ရှိရင် ဘယ်လို အခြေအနေမျိုးမှာ ဂယ်ယူခွင့်ရှိကြသလဲ။

တစ်စုံတစ်ယောက်က ကျေးရွာကနေထွက်သွားရင်၊ သူပိုင်ဆိုင်ခဲ့ဖူးတဲ့မြေက ဘယ်လိုဖြစ်သွားလဲ။

တစ်ခြားတစ်ဦးကိုမြေငှားရမ်းဖို့ အတွက် စည်းမျဉ်းစည်းကမ်းတွေဘာရှိလဲ။

မြေကို ချေးငွေရရှိဖို့ အပေါင်ပစ္စည်းတစ်ခုအနေနဲ့ အသုံးပြုလို့ရလား။

## နယ်နိမိတ်အပိုင်းအခြားများ သတ်မှတ်ခြင်း

အနီးအနားကျေးရွာတွေက ဘာတွေလဲ။ ကျေးရွာပိုင်နက်နယ်နိမိတ်ကို ဘယ်သူက တာဝန်ခံပြီး သတ်မှတ်ပေးခဲ့တာလဲ။ ဘယ်တုန်းကလဲ။

ကျေးရွာအချင်းချင်းအကြား နယ်နိမိတ်သတ်မှတ်ချက်တွေကို ဘယ်လိုသတ်မှတ်ခဲ့ကြတာလဲ။

ကျေးရွာနယ်နိမိတ်တွေကို ပြင်ဆင်သတ်မှတ်တုန်းက ဘယ်သူတွေ ပါဝင်ခဲ့လဲ။

နယ်နိမိတ်သတ်မှတ်ချက်တွေက ရှင်းလင်းပြတ်သားမှုကော ရှိရဲ့လား။

နယ်နိမိတ်မျဉ်းတည်ရှိတဲ့နေရာနဲ့ပတ်သက်ပြီး ရွာသားတွေအကြားမှာ သဘောထားကွဲလွဲတာမျိုး ရှိသလား။

ကျေးရွာနယ်နိမိတ်မျဉ်းအပေါ်မှာ ရွာတိုင်းက ပိုင်းပြီးဝေမျှသုံးစွဲနေတဲ့ ဧရိယာတွေ ရှိသလား။

ကျေးရွာထဲမှာကော တစ်ဦးချင်းရဲ့မြေယာပိုင်ဆိုင်မှုတွေကို ဘယ်လိုသတ်မှတ်ကြသလဲ (ကျောက်တုံး၊ သစ်ပင်၊ တိုင်၊ ချုံ၊ စမ်းချောင်း၊ သီးနှံအပင်၊ အမှတ်အသားအနေနဲ့ စိုက်ထားတဲ့အပင်၊ အခြား)

## ရယူသုံးစွဲပိုင်ခွင့်

တစ်စုံတစ်ယောက်ဟာ မြေယာ(သို့)သဘာဝအရင်းအမြစ်တစ်ခုခုကို ပိုင်ဆိုင်ခြင်းမရှိဘဲ အသုံးပြုခွင့်ရနေကြတဲ့ နည်းလမ်းများ ဘာရှိလဲ။

မြေကိုငှားရမ်းအသုံးပြုနေရသူတစ်ဦးဟာ ငှားရမ်းထားတဲ့မြေပေါ်မှာ ဘာတွေလုပ်ကိုင်လို့ရလဲ။ ဘာတွေကို လုပ်လို့မရဘူးလဲ။

တစ်ခြားတစ်နေရာမှာမွေးဖွားပြီး၊ လက်ရှိကျေးရွာမှာ အခြေချနေထိုင်နေတဲ့သူတွေအတွက် မြေယာနဲ့ ပတ်သက်တဲ့ အခွင့်အရေးတွေ ဘာရှိလဲ။

## ဘေးဖြစ်လွယ်သည့် အုပ်စုများအတွက် မေးခွန်းများ

မြေယာပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ အမွေဆက်ခံခွင့်နဲ့ ဂယ်ယူခွင့်တွေမှာ အမျိုးသမီးနဲ့ အမျိုးသားတို့အကြား ကွာဟမှုရှိပါသလား။

မုဆိုးမတစ်ဦးသည် မည်သည့်မြေမျိုးကို ပိုင်ဆိုင်ခွင့်ရှိပါသလဲ။ မည်သည့်မြေမျိုးကို အသုံးပြုခွင့်ရှိပါသလဲ။ သူမရဲ့ သားသမီးတွေက မည်သည့်မြေမျိုးကို အမွေဆက်ခံခွင့်ရှိကြပါသလဲ။

မိဘမဲ့တစ်ဦးအတွက် မည်သည့်မြေမျိုးကို အသုံးပြုခွင့်ရှိသလဲ။ မည်သည့်မြေမျိုးကို အမွေဆက်ခံခွင့်ရှိသလဲ။

## အစိုးရမှ အသိအမှတ်ပြုထားသော ပိုင်ဆိုင်ခွင့်များ

ကျေးရွာမှာ မည်သည့်မြေယာမှတ်ပုံတင်အမျိုးအစားကို အသုံးပြုကြသလဲ။ လူဦးရေဘယ်လောက်က မြေယာမှတ်ပုံတင်ရှိကြသလဲ။ မည်သည့်မြေအမျိုးအစားတွေမှာ မှတ်ပုံတင်ရှိကြသလဲ။

| | အိမ်ထောင်စု ဦးရေ | မြေ အမျိုးအစား | မည်သည့်အချိန်တွင် စတင်ရရှိခဲ့ပါသလဲ။ လျှောက်လွှာတင်ခြင်း အဆင့်ဆင့်ကို ဖော်ပြပါ။ မည်သူတွေက မြေယာမှတ်ပုံတင်ကို မရရှိကြတာလဲ။ |
|---|---|---|---|
| ပုံစံ ၇ | | | |
| ပုံစံ ၁၀၅ | | | |
| ပြေစာ | | | |
| တိုင်းရင်းသား လက်နက်ကိုင်များမှ ထုတ်ပေးသော မြေယာမှတ်ပုံတင် | | | |

| | လူအရေအတွက် | ဧရိယာ (ဒေသအတိုင်းအတာဖြင့်) |
|---|---|---|
| အသိအမှတ်ပြုလက်မှတ် ရှိထား | | |
| အသိအမှတ်ပြုလက်မှတ် မရှိ | | |
| စုစုပေါင်း | | |

အစိုးရမှထုတ်ပေးသော မြေယာမှတ်ပုံတင်ရှိပါက မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်၊ မည်သူက ပါဝင်ဆောင်ရွက်ရသလဲ၊ အကျိုးကျေးဇူးအနေနဲ့ ဘာရှိလဲ၊ ပြဿနာတွေဘာရှိလဲ ဖော်ပြပေးပါ။

## အဖွဲ့အစည်းများ

အုပ်စုဖွဲ့ဆွေးနွေးမှုတစ်ခုဖြင့် စတင်ပါ။ လူမှုအခြေပြမြေပုံကိုအသုံးပြု၍ စတင်ဆွေးနွေးပါ။ ကျေးရွာမှာ ဘယ်လိုအသင်းအဖွဲ့တွေရှိသလဲ။ ကျေးရွာတွင် ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုနှင့်လပတ်သက်၍ အဓိက လူမှုရေး အခြေခံအဆောက်အုံ/အသင်းအဖွဲ့က ဘာလဲ။ အစိုးရရဲ့အုပ်ချုပ်မှုစနစ်ထဲက ဘယ်လိုအဖွဲ့အစည်းမျိုးတွေရှိလဲ။ လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းတွေနဲ့ ပတ်သက်တဲ့ ဘယ်လိုအဖွဲ့အစည်းမျိုးတွေရှိလဲ။ အဲဒီအဖွဲ့အစည်းတစ်ခုချင်းစီရဲ့ အခန်းကဏ္ဍက ဘယ်လိုရှိသလဲ။ မတူညီတဲ့အဖွဲ့အစည်းများအကြား တစ်ခုနဲ့တစ်ခု ဘယ်လို ပတ်သက်ဆက်ဆံနေကြသလဲ။

အသုံးချကိရိယာများ - venn diagram၊ ဦးတည်အုပ်စုအလိုက် ဆွေးနွေးမှု၊ ကြိုတင်စီမံပြင်ဆင်ထားသည့် တွေ့ဆုံမေးမြန်းမှုများ။

ပါဝင်သူများ - Venn diagram တွင် ဖော်ထုတ်ရရှိခဲ့သည့် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ထိခိုက်လွယ်သူများ (ဖြစ်နိုင်ပါက သီးသန့်အုပ်စုများ သို့မဟုတ် ခေါင်းဆောင်များနှင့် ခေါင်းဆောင်ပိုင်းမှ မဟုတ်သူများအား တစ်ဦးချင်း တွေ့ဆုံမေးမြန်းခြင်းတို့ ပြုလုပ်ပါ)

ဦးတည်အုပ်စုအလိုက် ဆွေးနွေးမှုများတွင် လူမှုအခြေပြမြေပုံများ ရေးဆွဲနေစဉ် သို့မဟုတ် လူမှုအခြေပြမြေပုံ အတွင်း၌ အဖွဲ့အစည်းများ ထည့်သွင်းပြီးနောက် ဆက်လက်ဆွေးနွေးသည့်အခါတွင် အောက်ပါမေးခွန်းများကို မေးမြန်း ဆွေးနွေးပါ။

ကျေးရွာထဲမှာ ဘယ်လိုအဖွဲ့အစည်းတွေရှိလဲ။ (ရိုးရာဓလေ့ကော်မတီများ / နိုင်ငံရေး အုပ်စုများ / ဘာသာရေးအဖွဲ့ များ / အမျိုးသမီးအဖွဲ့များ / လူငယ်အဖွဲ့များ / အစုအဖွဲ့ပိုင် သစ်တောတည်ထောင်သူများကဲ့သို့ သယံဇာတ ထုတ်ယူသုံးစွဲ သူများအဖွဲ့ / ဆည်မြောင်းဖောက်လုပ်သုံးစွဲသူများအဖွဲ့ / ရေလုပ်သား အဖွဲ့ / အခြား)

အဲဒီအထဲက ဘယ်အဖွဲ့အစည်းတွေက ကျေးရွာ/နယ်မြေ အများအပြားကို ချိတ်ဆက်ထားကြလဲ။ ကျေးရွာ/ နယ်မြေ အများအပြားကို ချိတ်ဆက်ထားတဲ့ ရိုးရာဓလေ့ အဖွဲ့အစည်းတွေကော ရှိပါသလား။

ကျေးရွာထဲမှာ ခေါင်းဆောင်တွေက ဘယ်သူတွေလဲ။ (ရွာသူကြီး / ဘာသာရေးခေါင်းဆောင်များ / ဒေသခံ အဖွဲ့အသီးသီးမှ ခေါင်းဆောင်များ / ဒေသအဆင့်အထက်ရှိ အဖွဲ့အစည်းများမှ ခေါင်းဆောင်များ)

ကျေးရွာမှာ ဆုံးဖြတ်ချက်တွေကို ဘယ်လိုချမှတ်လေ့ရှိပါသလဲ။ ဆုံးဖြတ်ချက်ချတဲ့အခါမှ ဘယ်သူတွေပါဝင် ဆုံးဖြတ်ကြသလဲ။

မြေယာနဲ့ပတ်သက်ပြီး ကျေးရွာမှာ ဆုံးဖြတ်ချက်တွေကိုဘယ်လိုချမှတ်လေ့ရှိသလဲ။ ဆုံးဖြတ်ချက်ချတဲ့အခါမှာ ဘယ်သူတွေပါဝင်ကြသလဲ။

ကျေးရွာသားတွေနဲ့တွေ့ဆုံပြီးမှ ဆုံးဖြတ်ချက်ချမှတ်နိုင်တာ ဘာရှိလဲ။

ဓလေ့ထုံးတမ်းနဲ့ပတ်သက်လို့ ဘယ်လိုအဖွဲ့အစည်း (ကော်မတီ) မျိုးတွေရှိနေသလဲ။ ဘယ်ဓလေ့ထုံးတမ်း အလေ့ အထတွေကို ခိုင်ခိုင်မာမာကျင့်သုံးနေကြသလဲ။ ယခင်က ခိုင်ခိုင်မာမာကျင့်သုံးခဲ့ပြီး၊ အခုလက်ရှိမှာတော့ အနည်းအကျဉ်း လောက်သာကျင့်သုံးတော့တဲ့ (သို့) လုံးဝမကျင့်သုံးတော့တဲ့ ဓလေ့ထုံးတမ်းတွေရှိပါသလား။

ကျေးရွာခေါင်းဆောင်တွေကို ဘယ်လိုရွေးချယ်ဖွဲ့စည်းပါသလဲ။ (ရွာလူကြီး၊ ကော်မတီများ၊ အခြားခေါင်းဆောင်များ) ဒီကျေးရွာခေါင်းဆောင်တွေဟာ သူတို့နေရာ(ရာထူး)မှာ ဘယ်လောက်ကြာကြာ တာဝန်ယူလို့ရပါသလဲ။ သူတို့တွေဟာ ကျေးရွာလူထုရဲ့ အကျိုးစီးပွားအတွက် မလုပ်ဆောင်နိုင်တဲ့အခါမှာ သူတို့ကို ရာထူးကဖယ်ရှားလို့ ရပါသလား။

ဓလေ့ထုံးတမ်းအဖွဲ့အစည်းနဲ့ အစိုးရအဖွဲ့အစည်းတို့အကြား ဘယ်လို ချိတ်ဆက်လုပ်ဆောင်ကြသလဲ။

အုပ်ချုပ်မှုစနစ်နှစ်မျိုးရှိတဲ့ ဒေသတွေမှာ ဓလေ့ထုံးတမ်းအဖွဲ့အစည်းနဲ့ အစိုးရအဖွဲ့အစည်းတို့အကြား ဘယ်လို ချိတ်ဆက်လုပ်ဆောင်ကြသလဲ။

## မြေအသုံးချမှု

လက်ရှိအသုံးပြုနေဆဲဖြစ်သော မြေအသုံးချမှုပုံစံများနှင့် ယခင်အသုံးချပုံစံများမှ ပြောင်းလဲလာမှုများ အကြောင်းကို ဆွေးနွေးပါ။ မြေအသုံးချမှုပုံစံအမျိုးမျိုးကနေ ဘယ်လိုထွက်ကုန်မျိုးတွေကို စိုက်ပျိုး ဒါမှမဟုတ် ခူးဆွတ်ကြလဲ။ မြေအသုံးချမှုပုံစံ

တစ်မျိုးချင်း (လှေကားထစ်စိုက်ခင်း၊ ဥယျာဉ်ခြံ၊ ရွှေ့ပြောင်းတောင်ယာ၊ သစ်တောအမျိုးအစားအမျိုးမျိုး) အလိုက် အသေးစိတ်ဆွေးနွေးပြီးလျှင်

၁) အဲဒီအသုံးချမှုပုံစံတွေကို ဘယ်လိုစီမံခန့်ခွဲကြလဲ။

၂) အဓိက ထွက်ကုန်များ (လောင်စာထင်း၊ စပါး၊ ဟင်းသီးဟင်းရွက်)။

၃) ဒီအသုံးချမှုပုံစံကို ဘယ်သူတွေက လုပ်ပိုင်ခွင့်ရှိလဲ။

၄) ဘယ်သူတွေက ရယူသုံးစွဲပိုင်ခွင့် (ခေတ္တငှားရမ်း၊ အခပေးငှားရမ်း၊ အမွေလိုက် စသည်) ရှိကြလဲ။

မြေအသုံးချမှုပုံစံအမျိုးအစားနှင့်ပတ်သက်သည့် အချက်အလက်များ၏ အကျဉ်းချုပ်ကို ဇယားကွက်အတွင်း ရေးသွင်းမှတ်သားထားနိုင်ပါသည်။

| မြေအသုံးချမှုပုံစံ | ပိုင်ဆိုင်မှုအမျိုးအစား | သီးနှံ၊ ထွက်ကုန် | | ဧရိယာ (ဒေသအတိုင်းတာ) |
|---|---|---|---|---|
| | | အိမ်စားရန် | စီးပွားဖြစ် | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| စုစုပေါင်းမြေဧရိယာ | | | | |

ဦးတည်အုပ်စုအလိုက် ဆွေးနွေးမှု - ကျေးရွာနယ်နိမိတ်အတွင်းရှိ မြေအသုံးချမှုပုံစံအမျိုးမျိုးအကြောင်း ယေဘုယျပြောဆိုခြင်းဖြင့် စတင်ပါ။ ဆွေးနွေးနေစဉ်အတွင်း လိုအပ်ပါက မှီငြမ်းနိုင်ရန်အတွက် မြေပုံတစ်ခု အသင့်ဆောင်ထားပါ။ မြေအသုံးချမှုပုံစံပြမြေပုံတစ်ခု ရေးဆွဲပါ။ သို့မဟုတ် ယခင်ပြုလုပ်ခဲ့သည့် မြေပုံရေးဆွဲမှုများမှ ရေးဆွဲပြီးသားမြေပုံတစ်ခုကို အသုံးပြုပါ။

- အဓိက မြေအသုံးချမှုပုံစံတွေက ဘာတွေလဲ။ (ဆည်ရေသောက်စပါး / မိုးကောင်းသောက်လယ် / တောင်ယာ / ဥယျာဉ်ခြံ / သစ်တောကွက် / စားကျက်မြေ / ဒေသခံလူထုမှ ကာကွယ်ပေးထားသည့် သစ်တော / အထွတ်အမြတ်ထားသည့် နေရာ)
- သူတို့ငယ်စဉ်တုန်းကနဲ့ ယခုလက်ရှိ မြေယာအသုံးပြုမှုဟာ ဘယ်လိုပြောင်းလဲသွားသလဲ။
- လွန်ခဲ့သော အနှစ် ၅၀ အတွင်း မြေအသုံးချမှုပုံစံမှာ ဘာတွေ သိသိသာသာပြောင်းလဲသွားလဲ။ လွန်ခဲ့သော ၁၀ နှစ်။ လွန်ခဲ့သော ၅ နှစ်။
- ယခုလက်ရှိမှာ မြေအသုံးပြုမှုတွေက ဘယ်လိုပြောင်းလဲသွားတာလဲ။

- နောင်မှာ ဘယ်လိုမြေအသုံးပြုမှုပုံစံကို မျှော်လင့်ပါသလဲ။ (လာမယ့် ၅ နှစ်မှာ၊ ၁၀ နှစ်မှာ၊ သင်ရဲ့သားသမီးတွေ ကြီးလာကြတဲ့အခါ…)
- ဘယ်လိုပြောင်းလဲမှုတွေက အရေးတကြီးလိုအပ်နေတယ်လို့ သင်ထင်ပါသလဲ။ ဘယ်လိုပြောင်းလဲမှုမျိုးကို သင် တွေ့မြင်ချင်ပါသလဲ။

မြေအသုံးချမှုပုံစံအမျိုးအစားတစ်ခုစီအတွက် အောက်ပါအတိုင်း မေးမြန်းပါ -

- ဘယ်သီးနှံတွေကို စိုက်ပျိုးသလဲ။
- ထွက်ကုန်ဘာတွေရရှိသလဲ။ (ထင်း၊ သစ်၊ မီးသွေး၊ ဝါး၊ သဘာဝသစ်ဥသစ်ဖုများ၊ ဆေးဘက်ဝင် အပင်များ…)
- ဘယ်သီးနှံထွက်ကုန်တွေက အိမ်သုံးအတွက်ပဲအသုံးပြုလဲ၊ ဘယ်သီးနှံထွက်ကုန်တွေက ရောင်းချဖို့လဲ။
- ရောင်းချခွင့်မရှိတဲ့ သီးနှံထွက်ကုန်တစ်ခုခု ရှိလား။
- မြေစီမံခန့်ခွဲမှုအတွက် စည်းကမ်းသတ်မှတ်ချက်တွေ ရှိပါသလား။
- ဒီမြေအမျိုးအစားကို အခြား အသုံးချမှုပုံစံတစ်မျိုးသို့ ပြောင်းလဲလိုက်တာမျိုး ရှိပါသလား။ ဘယ်လိုပုံစံမျိုးတွေက တိုးလာသလဲ။ ဘယ်ပုံစံတွေက လျော့သွားသလဲ။
- မြေအသုံးချမှုပုံစံကို တစ်မျိုးကနေ အခြားတစ်မျိုးပြောင်းလဲဖို့အတွက် ဘယ်လိုစည်းမျဉ်းတွေ သတ်မှတ်ထား သလဲ။
- ဒီမြေအသုံးချမှုပုံစံတွေကို ဘယ်သူတွေက ရယူလုပ်ပိုင်ခွင့်ရှိကြလဲ။
- ဒီလိုအသုံးချမှုပုံစံမျိုးကို ရယူ/အသုံးပြုနိုင်ခြင်းမရှိတဲ့သူတွေ ရွာထဲမှာ ရှိပါသလား။ ဒီလိုမြေအမျိုးအစားတွေကို ပြန်လည်ရောင်းချဖို့အတွက် ဘယ်လိုစည်းမျဉ်းမျိုးတွေ သတ်မှတ်ထားပါသလဲ။
- ဒီလိုမြေမျိုးကို ဘယ်သူတွေက ဝယ်လို့ရလဲ။ ဘယ်သူတွေက ရောင်းလို့ရလဲ။
- ဘယ်သူတွေကို ရောင်းပေးလို့ရလဲ။ ဒီမြေအမျိုးအစားကို ရောင်းပေးလို့မရတဲ့သူတွေကော ရှိပါသလား။
- ဒီမြေနဲ့ပတ်သက်လို့ ပိုင်ဆိုင်မှုအထောက်အထား တစ်စုံတစ်ရာရှိပါသလား။ (အစိုးရအသိအမှတ်ပြု လက်မှတ်၊ အခွန်ပြေစာ၊ အခြား…..)
- ကိုယ်ပိုင်အနေနဲ့ ပိုင်ဆိုင်ခွင့်မရှိထားတဲ့မြေပေါ်မှာ လူတွေက ရယူသုံးစွဲနိုင်တာမျိုး ရှိပါသလား။ မြေကို အငှားချ ပေးတာ၊ ခေတ္တစိုက်ပျိုးခွင့်ပေးလုပ်တာမျိုးတွေ လုပ်လို့ရလား။ ငှားယူထားသူအနေနဲ့ ဒီမြေကို အသုံးပြုမှုနဲ့ ပတ်သက်ပြီး စည်းကမ်းသတ်မှတ်ထားတာမျိုး ရှိပါသလား။
- အရင်ကနဲ့နှိုင်းယှဉ်ရင် သီးနှံထွက်ကုန်တွေရဲ့ အထွက်နှုန်းက အရင်အတိုင်းပဲလား၊ တိုးလား၊ လျော့လား။
- ဒီမြေယာအသုံးချမှုပုံစံကို စီမံခန့်ခွဲတဲ့အခါမှာ ဘာအခက်အခဲတွေရှိသလဲ။ ဖျက်ပိုးတွေရှိလား၊ မြေအရည် အသွေးနဲ့ ရေရှားပါးမှု ပြဿနာရှိသလား။ ရှိရင်ပြောပြပါ။
- နောင်မှာ ဒီမြေယာအသုံးချမှုပုံစံက ဘယ်လိုပြောင်းလဲသွားမယ်လို့ ထင်ပါသလဲ။

- သင့်ရဲ့သားသမီးတွေ ကြီးလာတဲ့အခါ ယခုမြေယာအသုံးချမှုဟာ ဘယ်လိုဖြစ်သွားမယ်လို့ ထင်ပါသလဲ။
- နောင်အနာဂတ်မှာ ဒီမြေယာအသုံးချမှုကို ဘယ်လိုတွေ့မြင်ချင်ပါသလဲ။ ဘယ်လိုဖြစ်လာမယ်လို့ မျှော်လင့်ထားပါသလဲ။
- သင်မျှော်လင့်သလိုဖြစ်လာစေဖို့ ဘာတွေကို ပြောင်းလဲဖို့ လိုအပ်မလဲ။

အချို့သော မြေအသုံးချမှုပုံစံများအတွက် သီးသန့်မေးခွန်းများရှိပါသည်။ အောက်ပါမေးခွန်းများသည် မြေအသုံးချမှုပုံစံ တစ်ခုချင်းစီအတွက် သီးသန့်မေးခွန်းများဖြစ်သည်။ မှတ်တမ်းပြုစုမည့်ဒေသရှိ မြေအသုံးချမှုပုံစံအပေါ် မူတည်၍ သင့်လျော်သောမေးခွန်းများကို ရွေးချယ်သုံးစွဲပါ။

## အမြဲတမ်းစိုက်ပျိုးမြေ

- ဆည်ရေသွယ်ယူမှုအတွက် ဆုံးဖြတ်ချက်တွေကို ဘယ်လိုချမှတ်ကြလဲ။ ဆည်ရေသွယ်တန်းမှုကို စီမံခန့်ခွဲပေးမယ့် ကော်မတီ ဒါမှမဟုတ် အဖွဲ့အစည်းတွေ ရှိပါသလား။
- ဆည်ရေသွယ်တန်းမှုနဲ့ပတ်သက်ပြီး ရိုးရာဓလေ့အရ ကော်မတီတွေ ရှိပါသလား။ ရှိတယ်ဆိုရင် ဘာတွေလဲ။

## စားကျက်မြေ

- ဒီဒေသမှာ ဘယ်လိုအိမ်မွေးတိရိစ္ဆာန်တွေကို မွေးမြူကြသလဲ။
- အိမ်မွေးတိရိစ္ဆာန်တွေကို ဘယ်နေရာမှာ လွှတ်ကျောင်းကြသလဲ။ သီးသန့်သတ်မှတ်ထားတဲ့ စားကျက်မြေ ရှိသလား။
- စားကျက်မြေကို တစ်နှစ်ပတ်လုံး အသုံးပြုသလား (သို့) ရာသီအလိုက်ပဲ အသုံးပြုသလား။ (ဥပမာ - လုပ်ထားတဲ့ရွှေ့ပြောင်းတောင်ယာမြေ၊ ရိတ်သိမ်းပြီးနောက်ပိုင်း စပါးခင်းတောင်ယာ....)
- စားကျက်မြေဟာ လူတိုင်းအသုံးပြုနိုင်တဲ့ ကျေးရွာပိုင်မြေလား။
- တစ်ခြားရွာသားတွေ လာရောက်အသုံးပြုခွင့်ရှိသလား။
- စားကျက်မြေပေါ်မှာ တိရိစ္ဆာန်ကောင်ရေကို ကန့်သတ်ထားတဲ့ စည်းကမ်းတွေရှိသလား။
- တိရိစ္ဆာန်အမျိုးအစားပေါ်မူတည်ပြီး ကန့်သတ်မှုတွေရှိသလား။
- တိရိစ္ဆာန်တွေကို ဘယ်သူတွေက တာဝန်ယူရသလဲ။ (အိမ်မှာရှိတဲ့အချိန်၊ လွှတ်ကျောင်းတဲ့အချိန်...)
- အကယ်၍ တိရိစ္ဆာန်တွေက စိုက်ပျိုးသီးနှံတွေကို ဝင်ရောက်ဖျက်ဆီးပါက ဘာဖြစ်သလဲ။ ဒဏ်ကြေး (သို့) ပြစ်ဒဏ်ပေးခြင်း ခံရသလား။ ဒီအကြောင်းအရာက ဒေသခံအချင်းချင်း ပဋိပက္ခဖြစ်စေတဲ့ အခြေခံ အကြောင်းတရားတွေလား။

| ဒေသအခေါ် | မြေပိုင်ဆိုင်မှု အမျိုးအစား | ဧရိယာ (ဒေသအတိုင်းအတာ) | အသုံးပြုနိုင်သည့် ကာလ |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| စားကျက်မြေစုစုပေါင်း ဧရိယာ | | | |

## ဥယျာဉ်ခြံများ
## အိမ်တွင်းစိုက်ပျိုးရေး
## စိုက်ပျိုးရေးစီးပွားလုပ်ငန်း

- ရိုးရာဓလေ့ကျင့်သုံးနေတဲ့မြေပေါ်မှာ ပုဂ္ဂလိကကုမ္ပဏီတွေရဲ့ စိုက်ပျိုးရေးစီမံကိန်းတွေ ရှိနေလား။
- သူတို့က ဒီမြေကို ဘယ်လိုပုံစံနဲ့ လုပ်ကိုင်ခွင့် ရသွားတာလဲ။
- အစိုးရဆီက မှတ်ပုံတင်ခွင့်ပြုချက်မျိုး သူတို့ဆီမှာ ရှိထားလား။
- ဒေသခံလူထုဆီက နှင့်/သို့မဟုတ် ဓလေ့ထုံးတမ်းစနစ်အရ ခွင့်ပြုချက်မျိုး ရထားလို့လား။
- အကယ်၍ ရိုးရာဓလေ့ကျင့်သုံးနေတဲ့မြေကို ကုမ္ပဏီတစ်ခုက အသုံးပြုချင်တယ်ဆိုရင် သုံးခွင့်ပြုမပြုဆိုတာနဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှိထားလား။ ခွင့်ပြုတယ်ဆိုရင်ကော ဘယ်လိုသတ်မှတ်ချက်မျိုးတွေ ရှိထားလဲ။ ဘယ်သူက ခွင့်ပြုပေးနိုင်လဲ။ မြေကို အသုံးပြုခွင့် ရှိမရှိဆိုပြီး သတ်မှတ်ထားတဲ့ အခြေအနေတွေ ရှိပါသလား။

## ရွှေ့ပြောင်းတောင်ယာ

- ရွှေ့ပြောင်းတောင်ယာကို ရွာထဲမှာ ဘယ်လို စီမံခန့်ခွဲကြလဲ။
- နှစ်စဉ်အလိုက် ရွှေ့ပြောင်းပြောင်းတောင်ယာအကွက်များကို ဘယ်လိုရွေးချယ်ကြသလဲ။ (ကျေးရွာအစည်းအဝေး၊ အိမ်ထောင်စုအချင်းချင်းအစည်းဝေး၊ တစ်ဦးချင်းဆုံးဖြတ်ချက်....)
- ဘယ်အခြေအနေကိုကြည့်ပြီး အကွက်ကိုရွေးချယ်ဆုံးဖြတ်သလဲ။ (ဥပမာ - နေကြာအရိုင်းပင်၊ မြက်ပင်ကို ကြည့်ပြီးဆုံးဖြတ်ခြင်း၊ နှစ်အလိုက်ဆုံးဖြတ်ခြင်း....)
- အိမ်ထောင်စုများရဲ့လုပ်ကိုင်မည့် မြေကွက်များကို ဘယ်လိုပုံစံရွေးချယ်ချထားပေးသလဲ။
- ရွှေ့ပြောင်းတောင်ယာ လုပ်ပိုင်ခွင့်ရရှိဖို့ ဘယ်လိုစည်းမျဉ်းတွေ သတ်မှတ်ထားလဲ။
- အိမ်ထောင်စုတွေအနေနဲ့ သူတို့ခုတ်ထွင်ရှင်းလင်းထားတဲ့ အကွက်တွေကို လုပ်ထားတဲ့အခါမှာကော ပိုင်ဆိုင်

ခွင့်ကို ဆက်လက်ထိန်းသိမ်းထားပါသလား။ ဒါမှမဟုတ် လုပ်မြေတွေကို ဒေသခံလူထုက ဘုံပိုင်အဖြစ်နဲ့ လုပ်ကိုင်ပိုင်ဆိုင်ကြတာလား။

- အိမ်ထောင်စုတွေက သူတို့ခုတ်ထွင်ရှင်းလင်းခဲ့ဖူးတဲ့ မြေကွက်ဆီကို ပြန်လှည့်လာတတ်ကြလား။ ခုတ်ထွင်ရှင်းလင်းထားခဲ့ဖူးတဲ့ မြေကွက်ကို အနားပေးထားတဲ့ကာလ ကျော်သွားရင်ကော ပိုင်ဆိုင်ခွင့် ဆက်ထိန်းထားတုန်းပဲလား။
- လုပ်မြေထဲက ထွက်ကုန်တွေကို ဘယ်သူတွေ ရယူသုံးစွဲပိုင်ခွင့်ရှိသလဲ။
- ရွှေ့ပြောင်းတောင်ယာမြေတွေထဲမှာ အထူးအခွင့်အရေးအနေနဲ့ မိသားစုအချို့က ရယူပိုင်ခွင့်ရှိတဲ့ သီးသန့်မြေကွက်တွေ ရှိနေပါသလား။ သူတို့က အဲဒီအခွင့်အရေးကို ဘယ်လိုရခဲ့ကြတာလဲ။
- ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခွင့်မရတဲ့မိသားစုတွေ ရှိပါသလား။ ရှိတယ်ဆိုရင် ဘာကြောင့်မို့လို့ မရခဲ့ကြတာလဲ။
- ရွှေ့ပြောင်းတောင်ယာအတွက် အသုံးပြုရသည့် လုပ်သားအင်အားဆိုင်ရာ (ခုတ်ထွင်ရှင်းလင်းခြင်း၊ စိုက်ပျိုးခြင်း၊ ပေါင်းလိုက်ခြင်း၊ ရိတ်သိမ်းခြင်း) ရာသီပြပြက္ခဒိန်တစ်ခုနှင့် သီးနှံအမျိုးအစား (လောင်စာထင်း၊ စပါး၊ ဟင်းသီးဟင်းရွက် စသည်) ရေးဆွဲပါ။
- ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှု စက်ဝန်းတစ်ခုအတွင်းရှိ လုပ်အားစိုက်ထုတ်ရမှုများ (ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် စသည်ဖြင့် စိုက်ပျိုးမှုအတွက် ထပ်မံခုတ်ထွင်ရှင်းလင်းရသည့် အချိန်အထိ)အတွက် ပြက္ခဒိန်တစ်ခု ရေးဆွဲဖော်ပြပါ။
- တောမီးအန္တရာယ်မှ ဘယ်လိုကာကွယ်တားဆီးကြသလဲ။ မီးတားလမ်း ထားရှိသလား။
- မြေအရည်အသွေးကို ဘယ်လိုထိန်းသိမ်းသလဲ။ မြေအရည်အသွေးကိုတက်စေတဲ့ အပင်တွေ (သို့) သစ်ပင် (သို့) မြေဆွေးမြေသြဇာ တစ်ခုခုကိုအသုံးပြုသလား။ မြေတိုက်စားမှုကို ကာကွယ်ဖို့ ဘယ်လိုပုံစံနဲ့ လုပ်ဆောင်ထားတာရှိသလဲ။
- အနာဂါတ်မှာကော ရွှေ့ပြောင်းတောင်ယာတွေဆက်ရှိနေဦးမှာလား။ ဘာကြောင့်ရှိနေဦးမှာလဲ။ ဘာကြောင့်မရှိတော့မှာလဲ။

## သစ်တောများ

- သစ်တောအမျိုးအစား ဘယ်နှစ်မျိုးရှိလဲ။ ဘာတွေလဲ။ (ကျေးရွာပိုင်သစ်တော၊ ထင်းစိုက်ခင်း၊ ရေထိန်းတော၊ သချိုင်းသစ်တော၊ အထွဋ်အမြတ်ထားတဲ့မြေနေရာ.....)
- ရေထိန်းတောရှိသလား။ ရှိပါက ရေကို ဘာအတွက်အသုံးပြုသလဲ။ (အိမ်သုံး၊ စိုက်ပျိုးရေးအတွက်၊ သဘာဝအတိုင်း......)
- ဘာသာရေးယုံကြည်မှုအရ ကာကွယ်ထိန်းသိမ်းထားတဲ့ သစ်တောရှိသလား။
- ဘယ်သစ်တောမျိုးတွေကို ဘယ်သူတွေက ပိုင်ဆိုင်ကြသလဲ။ အသုံးပြုကြသလဲ။
- ဘယ်သစ်တောတွေကို အိမ်ထောင်စုတွေက ပိုင်သလဲ။ ဘယ်သစ်တောတွေကို ကျေးရွာလူထုတွေက ပိုင်သလဲ။

သစ်တောအမျိုးအစားတစ်ခုချင်းစီအလိုက် အောက်ပါတို့ကိုမေးပါ။

- သစ်တောထွက်ပစ္စည်းတွေက ဘာလဲ။ (ထင်း၊ သစ်၊ ဝါး၊ သစ်ဥသစ်ဖု၊ ဆေးဘက်ဝင်အပင်များ...)
- ဘယ်သစ်တောထွက်ကုန်တွေက အိမ်သုံးအတွက်ပဲ အသုံးပြုလဲ၊ ဘယ်သစ်တောထွက်ကုန်တွေက ရောင်းချဖို့လဲ။
- ရောင်းချခွင့်မရှိတဲ့ သစ်တောထွက်ကုန်တစ်ခုခု ရှိလား။ (အစိုးရကသတ်မှတ်ထားတာနဲ့ ဓလေ့ထုံးတမ်းအရ သတ်မှတ်ထားတာ..)
- အရင်ကနဲ့နှိုင်းယှဉ်ရင် သစ်တောထွက်ကုန်တွေက အရင်အတိုင်းပဲလား၊ တိုးလား၊ လျော့လား။
- သစ်တောတွေကို စီမံခန့်ခွဲတဲ့အခါမှာ ဘာအခက်အခဲတွေရှိသလဲ။
- သစ်တောကနေ ဘာအကျိုးကျေးဇူးတွေရရှိသလဲ။ (သားရဲတိရစ္ဆာန်တွေအတွက် နေစရာပေးခြင်း၊ ရေအရင်းအမြစ်များကို ထိန်းသိမ်းပေးခြင်း၊ သီးနှံဖျက်ပိုးများကို စားသောက်တဲ့အကောင်များ ခိုအောင်းနိုင်ခြင်း၊ ပျားများရှိခြင်း.....)

| သစ်တော အမျိုးအစား | ဒေသ အခေါ်အဝေါ် | ပိုင်ဆိုင်မှု ပုံစံအမျိုးအစား | သစ် ထွက်ကုန်များ | သစ်မဟုတ်သော ထွက်ကုန်များ | ဧရိယာ (ဒေသ အတိုင်းအတာ) |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| စုစုပေါင်းသစ်တောမြေဧရိယာ | | | | | |

အစိုးရကသတ်မှတ်ထားသော သစ်တောအမျိုးအစားများ

- အစိုးရကသတ်မှတ်ထားတဲ့ သစ်တောဧရိယာတွေရှိသလား။
- အစိုးသစ်တောရှိတဲ့နေရာတွေကို မြေပုံပေါ်မှာ ထောက်ပြပါ။

| | ကေပေါင်း | တည်ထောင်ခဲ့သည့် ခုနှစ် | ဘယ်လိုစတင် တည်ထောင်ခဲ့ပါသလဲ။ ကြိုတင်အသိ ပေးမှုရှိခဲ့သလား။ ဘယ်သူက ခွင့်ပြုချက်ပေးခဲ့သလဲ။ |
|---|---|---|---|
| ကြိုးဝိုင်းသစ်တော | | | |
| ကြိုးပြင်ကာကွယ်တော | | | |
| အများပိုင်သစ်တော | | | |

ကျေးရွာက အစုအဖွဲ့ပိုင်သစ်တောအတွက် အစိုးရဆီမှာ လျှောက်ထားသလား။ အစိုးရဆီက အသိအမှတ်ပြု လက်မှတ် ရပြီးပြီလား။ အစုအဖွဲ့ပိုင်သစ်တောကို အသုံးပြုနေတဲ့ အဖွဲ့ဝင်တွေ ဘယ်နှစ်ယောက်ပါဝင်သလဲ။ အစုအဖွဲ့ပိုင်သစ်တောကော်မတီကို လူဘယ်နှစ်ယောက်နဲ့ ဖွဲ့စည်းထားသလဲ။ အစုအဖွဲ့ပိုင်သစ်တောအနေနဲ့ မှတ်ပုံတင်ဖို့ ဘာကြောင့် ဆုံးဖြတ်ခဲ့ကြတာလဲ။ အစုအဖွဲ့ပိုင် သစ်တောအပေါ်မှာ စိတ်ကျေနပ်ကြသလား။ အစုအဖွဲ့ပိုင်သစ်တောကို စီမံခန့်ခွဲဖို့နဲ့ ကာကွယ်ဖို့အတွက် စိန်ခေါ်မှုတွေ ဘာရှိလဲ။

ဓလေ့ထုံးတမ်းစနစ် ကျင့်သုံးနေတဲ့နေရာတွေမှာ သစ်ထုတ်လုပ်ရေးစီမံကိန်းတွေ ရှိနေပါသလား။

သစ်ထုတ်လုပ်ရေးလုပ်ငန်းတွေရှိနေပါက ဘယ်သူတွေ ပါဝင်ပတ်သက်နေသလဲ။ ဘယ်သူက ခွင့်ပြုပေးထားတာလဲ။ သစ်ထုတ်လုပ်မှုနဲ့ပတ်သက်ပြီး ပဋိပက္ခတွေကော ရှိနေပါသလား။

သစ်တောဧရိယာမှာ ပဋိပက္ခတွေ ရှိနေပါသလား။ ရှိတယ်ဆိုရင် အဲဒီပဋိပက္ခအကြောင်း ပြောပြပါ။ ဘယ်သူတွေ ပါဝင်နေသလဲ။ လက်ရှိ ဘာတွေဖြစ်နေပြီလဲ။ အဲဒီပဋိပက္ခကို ဖြေရှင်းနိုင်ဖို့ ဘယ်လိုတွေ ကြိုးစားခဲ့ကြသလဲ။

### အထွတ်အမြတ်ထားသည့်နေရာများ၊ ယဉ်ကျေးမှုနယ်မြေများနှင့် ထိန်းသိမ်းဧရိယာများ

- ယဉ်ကျေးမှုနဲ့ သက်ဆိုင်တဲ့နေရာ ဒါမှမဟုတ် အထွတ်အမြတ်ထားရာနေရာတွေကို ဘယ်လို ကာကွယ် ထိန်းသိမ်းနေကြသလဲ။ အဲဒီနေရာတွေကို ဘယ်လိုစည်းမျဉ်းစည်းကမ်းတွေနဲ့ ကာကွယ်နေကြလဲ။
- ဒေသခံတွေဟာ သူတို့ရဲ့ယဉ်ကျေးမှု ဒါမှမဟုတ် သမိုင်းကြောင်းနဲ့ပတ်သက်ပြီး အရေးပါတဲ့နေရာတွေကို ဘယ်လို စီမံခန့်ခွဲနေကြသလဲ။
- သချိုင်းနေရာတွေကို ဘယ်လိုစီမံခန့်ခွဲကြသလဲ။ ဘယ်လိုစည်းမျဉ်းတွေနဲ့ ကာကွယ်နေကြသလဲ။
- အဲဒီစည်းမျဉ်းတွေကို လိုက်နာအောင် ဘယ်လိုတွန်းအားပေးသလဲ။ ဘယ်သူတွေက ချမှတ်ခဲ့တာလဲ။ စည်းမျဉ်းကိုချိုးဖောက်ရင် ဘယ်လို ပြစ်ဒဏ်တွေ ချမှတ်လေ့ရှိပါသလဲ။

## ရေလုပ်ငန်း

- ဒေသခံတွေ ဘယ်နေရာမှာ ငါးဖမ်းကြလဲ။ ကန် / အိုင် / စမ်းချောင်း / မြစ် / သမုဒ္ဒရာ / ငါးမွေးကန်
- အဲဒီနေရာတွေမှာ ဘယ်သူတွေကို ငါးဖမ်းခွင့်ပေးထားလဲ။ နယ်ခံရွာသားများသာ / အနီးအနား ကျေးရွာများ / မည်သူမဆို
- ဒီရွာမှာ ငါးဖမ်းခွင့်ကို လေလံပြစ်တာ ရှိလား။ ရှိတယ်ဆိုရင် အဲဒီလိုငါးဖမ်းခွင့်ကို ဘယ်သူတွေက ဝယ်ယူတတ်ကြလဲ။
- ရေလုပ်သား အဖွဲ့အစည်း / အသင်း / သမဂ္ဂ ရှိပါသလား။ ရှိတယ်ဆိုရင် အဲဒီအဖွဲ့တွေက ဘာလုပ်ကြလဲ။
- လက်ရှိမှာ ဘယ်လိုငါးဖမ်းနည်းတွေကို အသုံးပြုကြလဲ။
- ငါးဖမ်းပိုက်များ - လှေပေါ်ကနေ ပိုက်ချတာမျိုးလား။ စမ်းချောင်းကိုပိတ်ပြီး ပိုက်ချတာမျိုးလား။ ပိုက်အပေါက်အရွယ်အစားကကော ဘယ်လောက်တွေကို သုံးကြလဲ။

### ပျက်စီးစေသော နည်းလမ်းများ

- ဆေးချခြင်း (ရိုးရာနည်းအရဖြစ်စေ ဓါတုပစ္စည်း သုံးစွဲ၍ဖြစ်စေ) / မိုင်းခွဲခြင်း / လျှပ်စစ်ဖြင့်ရှော့တိုက်ခြင်း / ထောင်ချောက်များ
- ဘယ်လိုငါးဖမ်းနည်းမျိုးကိုပဲ ခွင့်ပြုတယ်ဆိုပြီး စည်းကမ်းသတ်မှတ်ထားတာ ရှိပါသလား။ ဓလေ့ထုံးတမ်း စနစ်အရလား။ အစိုးရက သတ်မှတ်ချက်ကြောင့်လား။
- ငါးဖမ်းမှုအတွက် ဘယ်လိုစည်းကမ်းမျိုးတွေကို လူတွေလိုက်နာကြလဲ။
- မဖမ်းရလို့ သတ်မှတ်ထားတဲ့ ငါးမျိုးစိတ်တွေကော ရှိပါသလား။
- ငါးမဖမ်းရလို့ သတ်မှတ်ထားတဲ့ နယ်မြေတွေကော ရှိပါသလား။ ဘာကြောင့် ဖမ်းခွင့်မပေးရတာလဲ။
- ငါးဖမ်းလုပ်ငန်းရဲ့ ထုတ်လုပ်မှုပမာဏ တိုးတက်မှုဖြစ်စဉ်ကကော ဘယ်လိုရှိပါသလဲ။ ဖမ်းမိတဲ့ငါးတွေရဲ့ ပျမ်းမျှအရွယ်အစား ပြောင်းလဲသွားတာမျိုး ရှိပါသလား။ ဘာကြောင့် ဒီလိုမျိုး ပြောင်းသွားရတာလဲ။
- အနာဂတ်မျိုးဆက်သစ်တွေအတွက် ငါးသယံဇာတတွေ အလုံအလောက် ကျန်ရှိနေစေဖို့ ငါးလုပ်ငန်းကို ဘယ်လိုမျိုး စီမံခန့်ခွဲမှုတွေ လုပ်လို့ရနိုင်မလဲ။

## အမဲလိုက်ခြင်း

- ဒီကျေးရွာမှာ ဘာကြောင့် အမဲလိုက်လုပ်ငန်းကို လုပ်ကိုင်ကြသလဲ။ (ဂါသနာ၊ အစားအစာ၊ ဂင်ငွေ၊ ဓလေ့..)
- အစားအစာအတွက် ဘယ်လိုသားကောင်မျိုးကို အမဲလိုက်ကြလဲ။
- တိရိစ္ဆာန်ထွက်ပစ္စည်းတွေကို ရောင်းဖို့ ဘယ်လိုသားကောင်မျိုးကိုအမဲလိုက်ကြလဲ။
- ဘယ်သားကောင်တွေက သီးနှံတွေကိုဖျက်ဆီးသလဲ။
- အမဲလိုက်ခြင်းအတွက် ဓလေ့ထုံးတမ်းစည်းမျဉ်းစည်းကမ်းတွေ ဘာရှိလဲ။
- ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအရ အမဲမလိုက်ရန် ကန့်သတ်ထားတဲ့ တိရိစ္ဆာန်တွေရှိသလား။
- ယဉ်ကျေးမှုအရ အလေးထားခံရတဲ့ တိရစ္ဆာန်တွေရှိသလား။
- အမဲလိုက်ခြင်းကို ခွင့်မပြုတဲ့ရာသီအချိန် ရှိသလား။ သားပေါက်ရာသီ၊ မိတ်လိုက်ရာသီမှာ အမဲလိုက်ခွင့်ရှိသလား။
- အမဲမလိုက်ရ နယ်မြေရှိသလား။
- အမဲလိုက်ခြင်း စည်းမျဉ်းစည်းကမ်းများကိုမလိုက်နာပါက ဘယ်လိုအရေးယူဆောင်ရွက်ပါသလဲ။
- အချိန်ကာလပေါ်မူတည်ပြီး သားကောင်တွေရဲ့ အရေအတွက် ပြောင်းလဲမှုရှိတတ်သလား။ သင်ငယ်စဉ်ကနဲ့ ယခုလက်ရှိအချိန်နဲ့ ဘယ်လိုအပြောင်းအလဲတွေ တွေ့ရှိရသလဲ။
- ဘာကြောင့် သားကောင်တွေရဲ့အရေအတွက်တွေ ပြောင်းလဲသွားရတာလဲ။
- နောင်မျိုးဆက်တွေအတွက် သားကောင်တွေ ဒီနယ်မြေမှာကျန်ရှိစေဖို့(မျိုးမတုန်းဖို့) ဘာတွေလုပ်သင့်သလဲ။

### ရေ
### စိုက်ပျိုးရေးသုံးသွင်းရေ
### အိမ်သုံးရေ (လျှော်ဖွပ်ရန်၊ သောက်သုံးရန်၊ ချိုးရန်)

| | ရင်းမြစ် | အရည်အသွေး | ရယူဖို့ ခက်ခဲလား | နွေရာသီ အခြေအနေ | မိုးရာသီ အခြေအနေ | ဆောင်းရာသီ အခြေအနေ | မှတ်ချက်၊ ပြဿနာ.. |
|---|---|---|---|---|---|---|---|
| သောက်ရေ | | | | | | | |
| အိမ်သုံး | | | | | | | |
| စိုက်ပျိုးရေးသုံး | | | | | | | |
| လျှပ်စစ်ဓာတ်ထုတ်ခြင်း | | | | | | | |
| အခြား.. | | | | | | | |

- ဒေသခံတွေဟာ ရေအရင်းအမြစ်တွေကို ဘယ်လိုစီမံခန့်ခွဲနေကြသလဲ။ (စမ်းချောင်း၊ အိုင်၊ မြစ်ချောင်း)
- ရေအရင်းအမြစ်အနီးမှာ လူတွေ ဘာလုပ်လို့ရလဲ၊ ဘာလုပ်လို့ မရဘူးလဲ။
- ဒေသခံတွေဟာ ရေကို သန့်ရှင်းစေဖို့နဲ့ ပေါပေါများများရနိုင်ဖို့ ဘယ်လိုလုပ်ကြသလဲ။
- ရေရှားပါးတဲ့အချိန်၊ ခြောက်သွေ့တဲ့အချိန်မှာ ဒေသခံတွေ ရေကိုဘယ်လိုစီမံခန့်ခွဲကြသလဲ။
- ကျေးရွာအတွင်းမှ ရေအရင်းအမြစ်တစ်ခုကို အနီးအနားကျေးရွာမှလူများ ယခင်ကတည်းက ရယူသုံးစွဲလာခဲ့ကြတာဆိုရင်၊ မတူညီတဲ့ကျေးရွာအကြား ဘယ်လိုစီမံခန့်ခွဲကြသလဲ။
- ရေသုံးစွဲမှုနဲ့ပတ်သက်ပြီး ပဋိပက္ခတွေရှိသလား။ ရှိပါက၊ ဘယ်လိုဖြေရှင်းကြသလဲ။

## သက်မွေးလုပ်ငန်းများနှင့် ခွင့်တူညီမျှမှု

ကျေးရွာထဲမှာ အဓိက သက်မွေးဝမ်းကျောင်းလုပ်ငန်းက ဘာတွေလဲ။

စားနပ်ရိက္ခာ ဖူလုံမှု - ကျေးရွာမှာ စားနပ်ရိက္ခာလုံလုံလောက်လောက် မရနိုင်ခဲ့တဲ့အချိန်တွေ ရှိခဲ့ဖူးသလား။ ရှိခဲ့ဖူးပါက ဘယ်အချိန်တုန်းကလဲ၊ ဘယ်လောက်ကြာမြင့်လဲ။ ကျေးရွာထဲက လူတွေ (သို့) အိမ်ထောင်စုတွေ (သို့) အိမ်ထောင်စုရာခိုင်နှုန်း ဘယ်လောက် ဒုက္ခရောက်ခဲ့ကြပါသလဲ။

## ပစ္စည်းဥစ္စာကြွယ်ဝမှု အဆင့်အတန်းသတ်မှတ်ချက်

| | ချမ်းသာကြွယ်ဝသည့် အိမ်ထောင်စု | အလယ်အလတ်အဆင့် အိမ်ထောင်စု | ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စု |
|---|---|---|---|
| နေအိမ် | တိုက်ခံအိမ် | ပျဉ်ထောင်အိမ် | ဝါးအိမ် |
| မြေပိုင်ဆိုင်မှု | ဆည်ရေသောက် စပါးခင်း အများအပြားနှင့် ဥယျာဉ်ခြံ | ဆည်ရေသောက် စပါးခင်း အနည်းငယ်နှင့် တောင်ယာ | တောင်ယာ |
| စားနပ်ရိက္ခာ ဖူလုံမှု | တစ်နှစ်ပတ်လုံး အတွက် စားနပ်ရိက္ခာ အလုံအလောက် စိုက်ပျိုးထား | (၉)လစာအတွက် စားနပ်ရိက္ခာ အလုံအလောက် စိုက်ပျိုးထား | (၆)လစာအတွက် စားနပ်ရိက္ခာ အလုံအလောက် စိုက်ပျိုးထား |
| ဝင်ငွေရရှိမှု | မိသားစုဝင်တစ်ဦးသည် ကုန်သည်ဖြစ် | မိသားစုပိုင် အိမ်ဆိုင်တစ်လုံးရှိ | မိသားစုဝင်များသည် လမ်းဖောက်လုပ်ရေးတွင် အလုပ်လုပ်နေ |
| အိမ်ထောင်စု အရေအတွက် | 50 | 100 | 30 |

ပဋိပက္ခဖြေရှင်းရေး / ခုံသမာဓိနည်းဖြင့် ဆုံးဖြတ်ခြင်း

- ကျေးရွာမှာ မြေယာနဲ့ပတ်သက်လို့ (သို့) အခြားအရင်းအမြစ်တစ်ခုခုနဲ့ ပတ်သက်လို့ ပဋိပက္ခရှိသလား။
- ရှိပါက ပဋိပက္ခကို ဘယ်လိုဖြေရှင်းဆောင်ရွက်ကြသလဲ။ ပြဿနာဖြေရှင်းမှုမှာ ဘယ်သူတွေ ပါဝင်ကူညီဖြေရှင်း ကြသလဲ။
- ဓလေ့ထုံးတမ်းစဉ်လာမှာ ပဋိပက္ခကိုဖြေရှင်းနိုင်တဲ့ နည်းလမ်းတွေရှိသလား။ ရှိပါက ဘယ်သူတွေ ပါဝင်ကြသလဲ။ ဘယ်လိုအဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ကြသလဲ။
- ဓလေ့ထုံးတမ်းစည်းမျဉ်းတွေကို ချိုးဖောက်တဲ့အခါ၊ နောက်ဆက်တွဲအကျိုးဆက်တွေ ဘာတွေရှိသလဲ။ ဘယ်လိုအပြစ်ပေးအရေးယူမှု ရှိသလဲ။
- ဓလေ့ထုံးတမ်းစနစ်အရ ပဋိပက္ခဖြေရှင်းခြင်းနဲ့ အစိုးရရဲ့တရားစီရင်ရေးစနစ်အကြား ဘယ်လိုဆက်နွယ်မှုမျိုးတွေ ရှိသလဲ။
- ဘယ်လိုအခြေအနေမျိုးမှာ ဓလေ့ထုံးတမ်းတရားစီရင်ရေးစနစ်ကို အသုံးပြုပြီးတော့ ဘယ်လိုအခြေအနေမျိုးမှာ အစိုးရရဲ့တရားစီရင်ရေးစနစ်ကို အသုံးပြုသလဲ။
- ဘယ်လိုပဋိပက္ခမျိုးတွေကို ပြေလည်အောင် မဖြေရှင်းပေးနိုင်ခဲ့ဘူးလဲ။ အဲဒီလိုအခြေအနေမျိုးကို ပိုကောင်းလာဖို့ ဘယ်လိုလုပ်သင့်သလဲ။

အောက်ပါဇယားတွင် ပဋိပက္ခ နမူနာများကို ဖော်ပြပေးထားပါသည်။ ဒေသအခြေအနေနှင့်ကိုက်ညီသည့် ပဋိပက္ခ အမျိုးအစားများကို ပထမကော်လံတိုင်တွင် ထပ်မံဖြည့်စွက်ပါ။

| ပဋိပက္ခအမျိုးအစား | လူတစ်ဦးနှင့် တစ်ဦးအကြား | အိမ်ထောင်စု အချင်းချင်း | ကျေးရွာ အချင်းချင်း | မျိုးနွယ်စု အချင်းချင်း | ကျေးရွာနှင့် ကုမ္ပဏီ အကြား | ကျေးရွာနှင့် အစိုးရ အကြား |
|---|---|---|---|---|---|---|
| စိုက်ပျိုးရေ ရယူခြင်း | | | | | | |
| သစ်တော | | | | | | |
| ရွှေ့ပြောင်း တောင်ယာ | | | | | | |
| | | | | | | |

ဓလေ့ထုံးတမ်းစနစ်ကိုကျင့်သုံးတဲ့ မြေယာပေါ်မှာ မြေသိမ်းဆည်းမှုပြဿနာရှိသလား။ ရှိပါက၊ ဘယ်သူက သိမ်းသလဲ။ ဘယ်အချိန်တုန်းကလဲ။ ဖြစ်စဉ်ကို ပြောပြပေးပါ။ ဘယ်သူတွေ ပါဝင်ပတ်သက်ခဲ့သလဲ။ ပြဿနာကို ဘယ်လိုပုံစံနဲ့ ဖြေရှင်းဖို့ ကြိုးစားခဲ့ကြသလဲ။

မြေယာနဲ့ပတ်သက်ပြီး အစိုးရနဲ့ ပဋိပက္ခရှိသလား။ ရှိပါက ဖြစ်စဉ်ကိုပြောပြပေးပါ။ ဘယ်သူတွေ ပါဝင် ပတ်သက်ခဲ့ကြသလဲ။ ပြဿနာကို ဘယ်လိုပုံစံနဲ့ဖြေရှင်းဖို့ ကြိုးစားခဲ့ကြသလဲ။

## ယဉ်ကျေးမှု

| ပွဲတော်များ | ပွဲတော် အမည် | ကျင်းပသည့် အချိန် မည်သို့ကျင်းပကြသနည်း |
|---|---|---|
| | | |
| | | |
| | | |

သမိုင်းကြောင်းအရဖြစ်စေ ယဉ်ကျေးမှုအရဖြစ်စေ ဒေသခံလူထုရဲ့ ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုနဲ့ ဆက်စပ်နေတဲ့ နယ်မြေတွေရှိပါသလား။ ရှိတယ်ဆိုရင် အဲဒီနေရာတွေကို ဘယ်လိုကာကွယ်ထားလဲ။

ကိုးကွယ်ယုံကြည်မှုအရ ဒေသခံလူထုရဲ့ ဓလေ့ထုံးတမ်းအရမြေယာပိုင်ဆိုင်မှုနဲ့ ဆက်စပ်နေတဲ့ သီးသန့် နယ်မြေတွေ ရှိပါသလား။ ဘယ်နေရာမှာလဲ။ အဲဒီနယ်မြေတွေက ဒေသခံလူထုအတွက် ဘယ်လိုအရေးပါနေတာလဲ။

## နောက်ဆက်တွဲ ၅ အကျိုးသက်ဆိုင်သူများ စိစစ်သုံးသပ်ချက်

ကွင်းဆင်းဆောင်ရွက်မှု အစီရင်ခံစာ အပြည့်အစုံရေးသားရာတွင် ပါဝင်သင့်သည့် အကြောင်းအရာ နမူနာ

1. မှတ်တမ်းပြုစုခြင်း၏ ရည်ရွယ်ချက်များ
2. အသုံးပြုသည့်နည်းလမ်း
3. ကျေးရွာ၏ နောက်ခံသမိုင်းကြောင်းနှင့် ရာဇဝင်
4. မြေအသုံးပြုမှုနှင့် စီမံခန့်ခွဲမှု
5. လုပ်ပိုင်ခွင့်နှင့် လွှဲပြောင်းပေးပိုင်ခွင့်
6. သက်မွေးလုပ်ငန်းများ
7. ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ
8. ပဋိပက္ခဖြေရှင်းရေး
9. ယဉ်ကျေးမှုဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များ

အထောက်အထားအခြေပြု စည်းရုံးတောင်းဆိုမှုဆိုင်ရာ အစီရင်ခံစာ ရေးသားရာတွင် ပါဝင်သင့်သည့် အကြောင်းအရာ နမူနာ

1. မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အား အကျဉ်းချုပ်မိတ်ဆက်ခြင်း
2. မှတ်တမ်းပြုစုခြင်းမှ အဓိက တွေ့ရှိချက်များ
3. မူဝါဒ ချမှတ်သူများနှင့် အာဏာပိုင်များအတွက် အဓိက အကြံပြုတင်ပြချက်များ

မြေသိမ်းခံရမှုများအား ဖြေရှင်းရန်အတွက်ဆိုပါက ပါဝင်သင့်သည့် အကြောင်းအရာ နမူနာ

1. မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အား အကျဉ်းချုပ်မိတ်ဆက်ခြင်း
2. မြေသိမ်းဆည်းခံရမှုအပါအဝင် ဒေသအတွင်းရှိ မြေအသုံးပြုမှုနှင့် လုပ်ပိုင်ခွင့်များ၏ နောက်ခံရာဇဝင်
3. လက်ရှိရင်ဆိုင်နေရသော ပြဿနာများ - မည်သည့်မြေများ သိမ်းဆည်းခံခဲ့ရသနည်း။ မည်သူ၏ မည်သည့် အခွင့်အရေးများ ချိုးဖောက်ခံခဲ့ရသနည်း။
4. မြေသိမ်းဆည်းခံရမှုကြောင့် ဒေသခံလူထုအပေါ် မည်သို့သော အကျိုးသက်ရောက်မှုများ ရှိခဲ့သနည်း။
5. မြေယာပဋိပက္ခများ ဖြေရှင်းနိုင်ရေးအတွက် အကြံပြုတင်ပြချက်များ

ဒေသခံလူထုအတွက် မြေအသုံးပြုမှု စီမံကိန်းရေးဆွဲခြင်းအတွက်ဆိုပါက ပါဝင်သင့်သည့် အကြောင်းအရာ နမူနာ

1. မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်အား အကျဉ်းချုပ်မိတ်ဆက်ခြင်း
2. မြေအသုံးပြုမှုနှင့် စီမံခန့်ခွဲမှုတို့မှ အဓိက တွေ့ရှိချက်များ
3. သက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ခွင့်တူညီမျှမှုတို့ ရေရှည်တည်တံ့ရေးအတွက် ဖြေရှင်းဆောင် ရွက်ရမည့် ပြဿနာများ
4. သယံဇာတရင်းမြစ်များ စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေရေးအတွက် ဒေသခံလူထုမှ ဆောင်ရွက်သင့်သည့် လုပ်ငန်းများ

# မြန်မာနိုင်ငံရှိ ရိုးရာမြေလုပ်ပိုင်ခွင့်အား မှတ်တမ်းပြုစုခြင်း လမ်းညွှန်စာအုပ်

မဲခေါင်ဒေသ မြေယာစီမံအုပ်ချုပ်မှုစီမံကိန်း(**MRLGp**) သည် မဲခေါင်ဒေသ အတွင်း ကောင်းမွန်သည့် မြေယာမူဝါဒများနှင့် အလေ့အထကောင်းများ ပေါ်ထွက်လာရေးကို အထောက်အကူပေးနိုင်ရန် ရည်ရွယ်ထားပါသည်။ ထိုသို့လုပ်ဆောင်ရာတွင်လည်း နိုင်ငံအလိုက် ဦးစားပေးလုပ်ငန်းများဖြစ်သော ဆင်းရဲမွဲတေမှုလျှော့ချရေး၊ အဟာရပြည့်မီမှုမြှင့်တင်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကောင်းမွန်လာရေး စသည်တို့ကို လိုက်လျောညီထွေစွာ တုံ့ပြန်ပေးသွားနိုင်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် လုပ်ကွက်ငယ်တောင်သူ လယ်သမားများအား ထောက်ပံ့ကူညီပေးခြင်းအားဖြင့် ၎င်းတို့၏ မြေ အသုံးချမှုနှင့် စီမံခန့်ခွဲမှုတို့ လုံခြုံခိုင်မာလာစေသည့်အပြင် ဆုံးဖြတ်ချက် ကောင်းများလည်း ချမှတ်လာနိုင်ကြမည်ဖြစ်သည်။ MRLG သည် SDC နှင့် ဂျာမန် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၏ ပံ့ပိုးမှုဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့တွင် ၂၀၁၄ ခုနှစ် ဧပြီလမှ စတင်၍ လုပ်ငန်းများ လည်ပတ်လျက်ရှိပါသည်။ MRLG နှင့် ပတ်သက်၍ အသေးစိတ်ကို သိရှိလိုပါက www.mrlg.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဤစာအုပ်တွင် ရေးသားဖော်ပြထားသည့် ထင်မြင်ချက်၊ သဘောထားနှင့် ဘာသာပြန်ဆိုမှုများသည် စာရေးသူနှင့် အချက်အလက်ပံ့ပိုးသူများ၏ ကိုယ်ပိုင်အမြင်များသာဖြစ်ပါသည်။
SDC ၏ တရားဝင် သို့မဟုတ် တရားမဝင် ထင်မြင်ယူဆချက်များ သို့မဟုတ် ရပ်တည်မှုကို ကိုယ်စားပြုသည်ဟု မမှတ်ယူသင့်ပါ။

ငွေကြေးထောက်ပံ့သူ

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development and Cooperation SDC

လုပ်ငန်းအကောင်အထည်ဖော်သူ

LAND Equity

GRET
Professionals for Fair Development